www.burmeseclassic.com

လင်းယုန်မောင်မောင်

# ဟစ်တလာ


## သေ-မသေ?



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




မြေပုံအညွှန်း
ဟစ်တလာနောက်ဆုံးနေထိုင်သွားခဲ့သည့်
မြေအောက်ပုံးကျင်းနှင့် ဟစ်တလာ၏အလောင်း
မီးသင်္ဂြိုဟ်ခဲ့သော နေရာကို ပြသသည့်
ဆိုဗီယက်တို့၏မြေပုံကြမ်း။

လင်းယုန်မောင်မောင်

# ဟစ်တလာ
## သေ-မသေ?

သုခုမစာပေတိုက်
အမှတ် (၇)(ဖလ္လာ) ဗိုလ်မင်းခေါင်လမ်း၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

အနယ်နယ်အရပ်ရပ်မှ စာပေဆွေးနွေးပွဲများတွင်
ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသော
စာပေဝါသနာရှင် စာဖတ်ပရိသတ်များသို့ . . .

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ( ၁၀၅၇ / ၂၀၀၂) (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ( ၂၀၃ / ၂၀၀၃) ( ၃ )

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – ( ၁၉၇၄ ) မိုးသောက်စာပေ
ဒုတိယအကြိမ် – ( ၂၀၀၃ ) သုခုမစာပေတိုက်

( မေလ – ၂၀၀၃ )

အုပ်ရေ – ( ၁၀၀၀ )

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် ( ၀၂၉၀၉ ) ကျောက်စိမ်းအော့ဖ်စက်
၁၇၃၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဒေါ်သန်းကြည် ( ၀၇၆၈ ) ဝင်းရွှေစင်ပုံနှိပ်တိုက်
၂၆ ၊ ၉၇လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း ( ၀၉၁၀ ) ယုံကြည်ချက်စာပေ
၁၁၁ ၊ ၃ ထပ်(ညာ) ၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်**

ရွှေရေး

**မျက်နှာဖုံးပန်းချီ**

Graphic ၊ Mg Thein Win & Win Kyaw Moe
ဒီဇိုင်းဖွဲ့စည်းသည်။

**ကွန်ပျူတာစာစီ**

**စေမင်းစို့** ကွန်ပျူတာစာစီနှင့်ဒီဇိုင်းလုပ်ငန်း
၁၁၈၊ မြေညီထပ်၊ အနော်ရထာလမ်း၊ရန်ကုန်

**တန်ဖိုး**

၇၀၀ ကျပ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| | ဓါတ်ပုံအထောက်အထားများ | ၁၇ |
| ၁၊ | ပထမဆုံးတရားဝင်အသံလွှင့်ကြေငြာချက် | ၃၃ |
| ၂၊ | ပထမဆုံးနိုင်လုံသောဆန့်ကျင်ဘက်စကား | ၄၇ |
| ၃၊ | တစ်သက်မှာလေးခါသေခဲ့ရသူ | ၆၃ |
| ၄၊ | တစ်တလာအလောင်းဘယ်မှာလဲ | ၈၅ |
| ၅၊ | တစ်တလာနှင့်တူသောအလောင်း ၆လောင်း | ၁၁၁ |
| ၆၊ | ရေဇုပ်သဘော်ဖြင့် ထွက်ပြေးသလော | ၁၃၄ |
| ၇၊ | "တစ်တလာစာပေ"အထွေထွေ | ၁၆၅ |
| ၈၊ | တစ်တလာရုပ်ရှင်နှင့်တစ်တလာကပွဲ | ၁၈၆ |
| ၉၊ | ဦးထုပ်တစ်လုံး ဒေါ်လာ နှစ်ထောင် | ၂၀၆ |
| ၁၀၊ | တစ်တလာမသိသော–တစ်တလာအကြောင်း | ၂၃၀ |
| ၁၁၊ | တစ်တလာ၏နောက်ဆုံးအချိန့် | ၂၅၆ |
| ၁၂၊ | စကားပြောသော "သွား"များ | ၂၆၈ |
| ၁၃၊ | "သေ–မသေ" ပြဿနာများ | ၂၉၃ |


www.burmeseclassic.com

www.burmeseclassic.com

လင်းယုန်မောင်မောင်၏

အခြားစာအုပ်များ

၁။ အိုက်ခ်မန်း၏ ငရဲခန်း
၂။ ယနေ့ကမ္ဘာ
၃။ ကပ်စထရို
၄။ တစ်တလာ
၅။ သွေးစွန်းသောနေ့ရက်များ
၆။ တစ်တလာ၏ သေတမ်းစာ
၇။ ချေ–ဂွေဗားရား
၈။ အက်ဗ်ဘီအိုင် အတွင်းရေး
၉။ အက်ဗ်ဘီအိုင် မှုခင်းများ
၁၀။ တိုချိုမင်း
၁၁။ မှောက်မိုက်သောနေ့ရက်များ
၁၂။ တောင်ကုန်းအမှတ် ၁၉၂
၁၃။ ကေသုံးလုံး
၁၄။ ကြီး သုံးကြီး လုပ်ကြံရန် တစ်တလာအကြံ
၁၅။ နူရင်ဘတ် စစ်ခုံရုံးမှတ်တမ်းများ
၁၆။ တိုကျို စစ်ခုံရုံးမှတ်တမ်းများ
၁၇။ ကျွန်မချစ်သောစပိုင်

BURMESE CLASSIC .com

## စာရေးသူ၏အမှာ

ကျွန်တော်သည် ၁၉၇၄ ခုနှစ် လွန်ခဲ့သည့် ဇွန်လ
တွင်းက 'ကျွန်မချစ်သော စပိုင်' ဟူသောအမည်ဖြင့် ဘာသာ
စာအုပ် တစ်အုပ် ကို ရေးသားထုတ်ဝေခဲ့ပါသည်။ အဆိုပါ
အုပ်အတွက် နောက်ဆုံး စာဖေါင်ကို စာစီနေစဉ် ဇွဲပုံနှိပ်
တ်မှ စာစီ ရဲဘော်များက နောက်ဆုံး စာမျက်နှာ တစ်မျက်နှာ
တွက် စာလိုနေသဖြင့် စာအုပ်ကြော်ငြာ တစ်ခု ရေးပေးပါရန်
ြာလာကြပါသည်။ သို့ဖြင့် ကျွန်တော်သည် အဆိုပါ
ျွန်မချစ်သော စပိုင်' စာအုပ်၏ နောက်ဆုံးစာမျက်နှာတွင် '
စ်တလာ သေ-မသေ' စာအုပ်ကြော်ငြာ တစ်မျက်နှာဖြင့်
ည့်သွင်းဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်၏ စာအုပ်များ နှင့် ပတ်သက်သည့် ကြော်ငြာကိစ္စကို ရှင်းလင်းတင်ပြလိုပါသည်။ အမှန် စင်စစ် ကျွန်တော်သည် ကျွန်တော်ရေးသားထုတ်ဝေမည့် စာအုပ်များကို ကြိုတင်ကြော်ငြာရိုး ထုံးစံမရှိခဲ့ပါ။ အထူးသဖြင့် ကျွန်တော်ထုတ်ဝေခဲ့သည့် စာအုပ်များတွင် နောက်ထပ် ကျွန်တော် ရေးသားပြုစုမည့် စာအုပ်များကို ကြော်ငြာအဖြစ် ကြိုတင်၍ ထည့်သွင်းဖော်ပြခြင်း မရှိသလောက် ဖြစ်ခဲ့ပါသည်။

အမှန်အတိုင်း ထုတ်ဖော် ရေးသားရပါမူ ကျွန်တော်သည် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ရေးသားပြုစုရန် အာသာဆန္ဒရှိသည့်အလျောက် 'ဟစ်တလာ' 'ကပ်စထရို' 'ချေဂွေဗားရား' 'ဟိုချီမင်း' စသည့် အတ္ထုပ္ပတ္တိများကို ရေးသားပြုစုခဲ့ပြီးဖြစ်သည့်ပြင် 'မော်စီတုံး' 'ချူအင်လိုင်း' 'ရိုးဖဲလ်' 'ဇီဂေါ' 'ဗိုငုယင်ဇပ်' စသည့် ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုလည်း ဆက်လက် ရေးသားပြုစုရန် လိုအပ်သော စာအုပ်စာတမ်းများ အသင့်ရှာဖွေစုဆောင်းကာ အတော်အတန်လည်း ဖတ်ရှု လေ့လာပြီး ဖြစ်နေပါသည်။

သို့ပါသော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ယင်း အတ္ထုပ္ပတ္တိစာအုပ်များကို ရေးသားခြင်း မပြုနိုင် သေးရုံမျှမက ယင်းစာအုပ်များ ရေးသားပြုစုရန် စီစဉ်နေကြောင်းများကို ကျွန်တော်၏ စာအုပ်များတွင်လည်းကောင်း အခြားစာအုပ် စာစောင် မဂ္ဂဇင်းများတွင်လည်းကောင်း မည်သည့်အခါကမှ ကြော်ငြာများ ကြိုတင် ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ပါ။ ထိုသို့ ကျွန်တော်၏ နောက်ရေးမည့် စာအုပ်များ၊ နောက်ထွက်မည့် စာအုပ်များကို ကြိုတင် ကြော်ငြာခြင်းမပြုဘဲထားခဲ့သည်မှာလည်း အကြောင်းရှိပါသည်။ ပထမအကြောင်းမှာ လောလောဆယ်ရေးသားခြင်း မပြုနိုင်သေးသည့် စာအုပ်များကို ထိုသို့ကြော်ငြာများ ကြိုတင် ထည့်သွင်းဖော်ပြခြင်းသည် ကျွန်တော်၏ စာဖတ်ပရိသတ်များအား မျှော်လင့်ချက်ဖြင့် 'မက်လုံး'ပေးထားသကဲ့သို့ ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ဒုတိယအကြောင်းမှာ ထိုသို့ လောလောဆယ် ရေးသားခြင်း မပြုနိုင်သေးဘဲ စာအုပ်အမည်များကို 'တန်းစီ၍' ကြိုတင်ကြော်ငြာခြင်းဖြင့် 'ဤစာအုပ် ထိုစာအုပ်များ' ကို ကျွန်တော် လင်းယုန်မောင်မောင် ရေးသား ပြုစုရန် စီစဉ်ထားပြီးဖြစ်သောကြောင့် အခြားသူများ မရေးကြရန် 'စာပေလက်ဝါးကြီးအုပ်' သည့်အနေဖြင့် ဟန့်တားပိတ်ပင်ရာရောက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ရာ 'ကျွန်မချစ်သော စပိုင်' စာအုပ်၏ နောက်ဆုံး စာမျက်နှာတွင် မရှောင်မလွှဲသာဘဲ ကြော်ငြာတစ်မျက်နှာ ထည့်သွင်းရန် ဖြစ်လာ သောအခါ ကျွန်တော့်အတွက် အမြန်ဆုံးရေးနိုင်မည့် စာအုပ် တစ်အုပ်ကို အလောသုံးဆယ် စဉ်းစားရပါတော့သည်။ ကံအားလျော်စွာ ထိုအချိန်က ကျွန်တော်သည် 'ဟစ်တလာအတ္ထုပ္ပတ္တိ' စာအုပ်ကို ပြန်လည်ပုံနှိပ် ထုတ်ဝေရန် သက်ဆိုင်ရာသို့ နိုင်ငံရေးစာပေခွင့်ပြုချက်လျှောက်ထားခဲ့ပြီးဖြစ်နေရာ 'ဟစ်တလာ' အတ္ထုပ္ပတ္တိစာအုပ်ဖတ်ဘူးသူတိုင်း စိတ်ပါဝင် စားလိမ့်မည်ဟု ယူဆကာ ကာလ

www.burmeseclassic.com

အတန်ကြာကပင် ကျွန်တော့် ခေါင်းထဲတွင်ရှိနေခဲ့သော 'ဟစ်တလာသေ-မသေ' စာအုပ်ကို ကြော်ငြာအဖြစ် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

အမှန်စင်စစ် 'ဟစ်တလာ သေ-မသေ' ဟူသောအမည်ဖြင့် ဤစာအုပ်ကို ဤမျှလောက်မြန်မြန် ဆန်ဆန် ရေးသားနိုင်လိမ့်မည်ဟု မူလက ကျွန်တော် မထင်ခဲ့မိပါ။ ဤစာအုပ်ရေးသားရန်အတွက် လိုအပ်သည့် အထောက် အထား စာရွက်စာတမ်းများမှာ ကျွန်တော့်ထံတွင် အသင့်အတင့်သာ ရှိနေသေးသည်ဖြစ်ရာ နောက်ထပ် ရှာဖွေစုဆောင်းရဦးမည်ဖြစ်သဖြင့် ယခု ၁၉၇၄ခုနှစ် နိုဝင်ဘာလလောက်တွင်မှ ရေးသားနိုင်ပြီး ဒီဇင်ဘာလလောက်တွင်မှ ပုံနှိပ်ထုတ်ဝေနိုင်လိမ့်မည်ဟု အကြမ်းဖျင်း ခန့်မှန်းတွက်ဆထားခဲ့ပါသည်။

သို့သော် 'ဟစ်တလာ သေ-မသေ' စာအုပ်ကြော်ငြာပါရှိသည့် 'ကျွန်မချစ်သောစပိုင်' စာအုပ်ထွက်သွားပြီးနောက် တစ်ပတ်ခန့်အကြာတွင် ကျွန်တော့်အိမ်သို့ မမျှော်လင့်ဘဲ လူငယ်တစ်ယောက် ရောက်လာပါသည်။ ထိုလူငယ်က ကျွန်တော့် အား 'ဆရာ ဟစ်တလာသေ-မသေ စာအုပ်ရေးဘို့ စီစဉ်နေတယ်ဆိုတာသိရလို့ ကျွန်တော် စုဆောင်းထားတဲ့ စာရွက် စာတမ်းတွေကို ဆရာလိုသလို သုံးရအောင်လာပေးတာပါ' ဟုဆိုကာ ပြောပြောဆိုဆိုဖြင့် သူ့လက်ထဲတွင်ပါလာသော ဖိုင်တွဲကြီး သုံးခုကို ပေး၍ ပြန်သွားပါသည်။

ဤတွင် ကျွန်တော်သည် ထိုလူငယ်ပေးထားခဲ့သော ဖိုင်တွဲကြီး သုံးခုကို လှန်လှောကြည့်လိုက်ရာ ဟစ်တလာ-မာတင်ဘောမန်း၊ ဂိုးအားရင်း၊ ဟင်းမလားစသည့် နာဇီခေါင်းဆောင်များနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ သတင်းစာဖြတ်ပိုင်းများနှင့် အတိုအထွာ၊ စာရွက်စာတမ်းများကို အံ့သြစရာကောင်းလောက်အောင် 'တပြုံတခေါင်းကြီး' တွေ့ရပါတော့သည်။

ကျွန်တော်သည် နာဇီဂျာမနီနှင့် နာဇီခေါင်းဆောင်များ၏ အကြောင်းချင်းရာ စာအုပ်စာတမ်းများကို တတ်နိုင်သမျှရှာဖွေစုဆောင်း သိမ်းဆည်းခဲ့သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်ကဲ့သို့ ဒုတိယကမ္ဘာစစ် အတွင်းက နာဇီဂျာမနီနှင့် ပတ်သက်သည့် စာအုပ်စာတမ်း ဆောင်းပါး စသည်များကို စိတ်ပါဝင်စားစွာ ရှာဖွေစုဆောင်းထားသူအချို့ကိုလည်း တွေ့ခဲ့ဘူးပါသည်။ သို့သော် ကျွန်တော့်ထံသို့ ထိုနေ့က ထိုလူငယ်လေးထားခဲ့သည့် စာစောင်စာတမ်း ဆောင်းပါးစာတမ်း သတင်းစာဖြတ်ပိုင်းများလောက်စုံလင်များပြားသည့် စုဆောင်းသိမ်းဆည်းထားမှုမျိုးကို တစ်ခါမျှ မတွေ့ခဲ့ဘူးပါ။ နာဇီခေါင်းဆောင်များနှင့် ပတ်သက်လျှင် သတင်းစာထဲမှ အကြောင်းရေး သုံးကြောင်းလေးကြောင်းမျှသာရှိသည့် သတင်းပိုင်းအတိုကလေးများပါမကျန် ကပ်ကြေးဖြင့် ညှပ်၍ သေသပ်စွာ ဖိုင်တွဲထားသည်ကို အံ့သြချီးကျူးဘွယ်ရာ တွေ့နေရပါသည်။

နောက်ဆုံး၌ ကျွန်တော်သည် အဆိုပါ ဖိုင်တွဲကြီး သုံးတွဲကို အစအဆုံး လှန်လှော ကြည့်ပြီးသည့်နောက် 'ဟစ်တလာ သေ-မသေ' ဟူသော စာအုပ်ကို အမြန်ဆုံး

www.burmeseclassic.com

တက်သုတ်ရိုက်၍ ရေးသားရန် ဆုံးဖြတ်ချက်ချလိုက်မိ ပါတော့သည်။

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ကျွန်တော်သည် 'ဟစ်တလာ သေ-မသေ' ဟူသော စာအုပ်ကို ယခုမှ ရေးသားဖြစ်သော်လည်း ထိုသို့ရေးသားရန်အတွက် ကာလအတန်ကြာကပင် စိတ်ကူးဖဲရိုက်လာခဲ့မိပါသည်။ အထူးသဖြင့် နှစ်စဉ်နှစ်တိုင်း နတ်တော်လ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ စာပေဆွေးနွေးပွဲများအတွက် နယ်များသို့ ခရီးထွက်ရသည့်အခါတိုင်း ဤစာအုပ်ကို ရေးသားရန် တစ်နှစ်ထက် တစ်နှစ်ပို၍ ဆန္ဒပြင်းပြခဲ့မိပါသည်။

အကြောင်းကို ဆိုရလျှင် ကျွန်တော့်အား 'ဟစ်တလာ အတ္ထုပ္ပတ္တိ အပါအဝင် နာဇီခေါင်းဆောင်များ အကြောင်းကို အစဉ်တစိုက် ရေးသား လာခဲ့သည့် စာရေးဆရာ တစ်ယောက်အဖြစ် သိရှိထားကြသော အနယ်နယ် အရပ်ရပ်မှ စာပေပရိသတ် စာဖတ်သူများသည် စာဆိုတော်နေ့ စာပေဆွေးနွေးပွဲများတွင် ဤအချက်ကိုပင် မဏ္ဍိုင်ထား၍ မေးခွန်းများ မေးမြန်းလာကြသည်မှာ အမြဲတစေ နှစ်စဉ်နှစ်တိုင်းပင်ဖြစ်နေပါသည်။

'ဟစ်တလာ အတ္ထုပ္ပတ္တိကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးခဲ့ပါသလဲ' 'ဒီစာအုပ်မျိုးရေးတဲ့အခါမှာ ကိုးကားတဲ့ စာအုပ်တွေကို အကုန်လုံး ဖတ်ပြီးမှ ရေးတာလား' 'နောက်ထပ် နာဇီတွေအကြောင်း ဘာစာအုပ် ရေးဖို့ စီစဉ်ထားသလဲ' 'ဟစ်တလာ သေပြီဆိုတာ တကယ်ပဲလား' စသည် စသည်ဖြင့် ဟစ်တလာနှင့် ပတ်သက်၍လည်းကောင်း၊ နာဇီဂျာမနီနှင့် ပတ်သက်၍လည်းကောင်း၊ စိတ်ပါဝင်စားစွာဖြင့် မေးမြန်းခဲ့ကြပါသည်။ တစ်နေရာ (ချောက်မြို့)တွင်မူ 'ဟစ်တလာဟာ သူစီးတဲ့မော်တော်ကားကို ကိုယ်တိုင်မောင်းသလား၊ ဒရိုင်ဘာက မောင်းပေးသလား' ဟူသော မေးခွန်းမျိုး မေးမြန်းသည်ကိုပင် ကြုံခဲ့တွေ့ခဲ့ရပါသည်။

သို့ဖြစ်ရာ ဤ'ဟစ်တလာသေ-မသေ' စာအုပ်သည် အနယ်နယ် အရပ်ရပ်တွင် ထိုစဉ်က ထိုစာပေဆွေးနွေးပွဲများ၌ ထိုသို့ မေးမြန်းခဲ့ကြသည့် စာပေဝါသနာရှင်များ အပါအဝင် နာဇီဂျာမနီနှင့် ပတ်သက်၍ ကျွန်တော်ရေးသားခဲ့သမျှ စာအုပ်များကို မလွတ်တမ်းဖတ်ရှုခဲ့ကြသည့် ချစ်စွာသော စာဖတ်သူများအတွက် သီးသန့်ရည်ညွှန်း၍ ရေးသားလိုက်သည့် စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို ဤသို့ရေးသားထုတ်ဝေနိုင်ရန်အတွက် လိုအပ်သည့် စာအုပ်စာတမ်း အထောက်အထားများနှင့် ဓါတ်ပုံများပါမကျန် ရှာဖွေစုဆောင်းပေးခဲ့ကြသော မောင်သိန်း အောင် (နိုင်ငံခြားငွေဌာန)၊ ကိုစိန်ဝင်း(လူထု)၊ ကိုနေနွယ်(မြကန်သာစာပေ) နှင့် အဆိုတော်ကိုသန်းလှိုင်တို့ အားလည်း ကောင်း၊ ဤစာအုပ်တွင်ပါရှိသော ဟစ်တလာ၏ အလောင်းကို ခွဲစိပ်စစ်ဆေးသည့် အခန်း၌ ဆေးဘက်ဆိုင်ရာ အခေါ်အဝေါ် ဝေါဟာရ အသုံးအနှုန်းများကို မြန်မာဘာသာပြန်ဆိုရာ၌ ညွှန်ပြ ကူညီခဲ့သော စာရေးဆရာ ဒေါက်တာမောင်မောင်ညိုအား လည်း ကောင်း၊ ဤစာအုပ်ကို ဖျာပုံမြို့သို့ သွားရောက်ရေးသား ခဲ့စဉ်က အဖက်ဖက်မှ ကူညီစောင့်ရှောက်ခဲ့ကြသော ဖျာပုံ ဒေးဟီတ

www.burmeseclassic.com

ဆရာတော် ဦးညာဏိသရဘိဝံသ
ဦးမြတ်ကြွက်နှင့် ထွန်းသီရိရုပ်ရှင်ရုံ မန်နေဂျာ ဦးအုန်းကွ
အားလည်းကောင်း ဤစာအုပ်ပုံနှိပ်ရာတွင် ပါဝင် ကူညီခဲ့သေ
ဦးစံအောင်(အာမခံ)တို့ အားလည်းကောင်း၊ အထူးကျေးဇူးတ
ရှိကြောင်း ဖော်ပြအပ်ပါသည်။

အထူးသဖြင့် ဤစာအုပ်ကို ဤမျှအချက်အလက
အထောက်အထားများပြည့်စုံအောင် ရေးသားနိုင်ခဲ့သည်မှ
အထက်တွင် ဖော်ပြခဲ့သည့် မှတ်တမ်းဖိုင်တွဲကြီး သုံးခု
ပေးအပ်ကူညီခဲ့သော မောင်သိန်းအောင် (နိုင်ငံခြားငွေဌာန)
ကျေးဇူးပင်ဖြစ်ကြောင်း ထပ်လောင်း၍ ရိုးသားစွာ ဝန်ခံဖော်
အပ်ပါသည်။

လေးစားစွာဖြင့်
လင်းယုန်မောင်မောင်
၁၄- စက်တင်ဘာ ၁၉၆

## ဤစာအုပ်ရေးသားရာတွင် အကိုးအကား အထောက်အထားပြုခဲ့သော စာအုပ်စာတမ်းများ


Hitler : A Study in Tyranny - Alan Bullock.
The Rise and Fall of The Third Reich- Willam Shires.
The Last Days of Hilter - H.R. Trevor-Roper.
The Death of Adolf Hilter-Lev Bezemenski.
I Shared Hitler's Secrets-Heinrich Hoff mann.
The Mind of Hitler - Walter Langer.
Time, News Week and New Time Magazines.


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com








ဟစ်တလာကိုအလိုရှိသည်
'ဟစ်တလာမသေ' ဟူ၍ အတိအလင်းရေးသား
ဖော်ပြခဲ့သော"ရဲအဖွဲ့မှတ်တမ်း" မဂ္ဂဇင်းမှ မျက်နှာဖုံး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက်

ဟစ်တလာအား နျူရင်ဘတ်စစ်ခုံရုံးမှ ကြိုးစင်ပေါ်သို့ မရောက်အောင်ကြံဆောင်ကယ်တင်ခဲ့သည်ဆိုသော မာတင်ဘောမန် (ယာဘက်)အား သူ့ဆရာ ဟစ်တလာနှင့်အတူ ဤသို့ တွေ့မြင်နိုင်ကြသည်။



**OTTO ABETZ**

Fuehrer's aide admitted that Hitler escaped.

ဝန်ခံသူ

'ဟစ်တလာမသေဘဲ လွတ်မြောက်သွားသည်' ဟူ၍ အတိအလင်းဝန်ခံပြောဆိုခဲ့သော ဂျာမန်သူလျှိုသံအမတ်အော့တို အဘက်ဇ်။

www.burmeseclassic.com


www.burmeseclassic.com



**FROM A SECRET BASE,** such as this one at trondhei
Norway, U-Boats carried adolf Hitlar and his leading Na
gauleiters to numerous secluded south American hide ou

ဟစ်တလာမသေ

ဟစ်တလာနှင့် နာဇီခေါင်းဆောင်များသည် ဤသို့သော
ရေငုပ်သင်္ဘောမျိုးဖြင့် တောင်အမေရိကတိုက်သို့
ထွက်ပြေးလွတ်မြောက်သွားသည်ဟု အခိုင်အမာ ဆိုခဲ့ကြ




ဟစ်တလာစာပေ

ခေါင်းသုံးဆယ်ခန့်အတွင်း အထက်ပါစာအုပ်များကဲ့သို့
စ်တလာနှင့် ပတ်သက်၍ ရေးသားထုတ်ဝေခဲ့ကြသော
စာအုပ်များမှာ မရေမတွက်နိုင်အောင်ပင်ရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com




အာဏာရှင် ဟစ်တလာ

၁၉၃၈ ခုနှစ်တွင် မြူးနစ်မြို့၌
ဗြိတိသျှဝန်ကြီးချုပ်ချိန်ဘာလိန်
နှင့် တွေ့ဆုံခဲ့စဉ်က
အာဏာရှင် ဟစ်တလာအား
ဤသို့တွေ့မြင်ခဲ့ကြရ၍ . . .



မင်းသားဟစ်တလာ

၁၉၇၃ ခုနှစ်တွင် 'ဟစ်တ
၏နောက်ဆုံး ၁၀ရက်' ရု
ဇာတ်ကား၌ကမ္ဘာကျော်ရု
မင်းသားကြီးဆာအဲလက်
နက်စ် အားဟစ်တလာအ
ဤသို့တွေ့ကြရသည်။



လူရွှင်တော်ဟစ်တလာ

'အာဏာရှင်ကြီး'ဇာတ်ကားတွင် ကမ္ဘာကြီးအား
သိမ်းပိုက်ရန် အကြံကြီး ကြံနေသော အာဏာရှင်
ဟစ်တလာအဖြစ် သရုပ်ဆောင်ခဲ့သော ကမ္ဘာကျော်
လူရွှင်တော်ကြီး ချာလီချက်ပလင်။

www.burmeseclassic.com

www.burmeseclassic.com



**မင်းသမီးအီဗာ**

ဟစ်တလာရှိစဉ်က အပျော်တမ်းရိုက်ကူးခဲ့သည့်
'အိမ်တွင်းရုပ်ရှင်' ကားထဲတွင် ယခုခေတ် ကမ္ဘာကျော်
ရုပ်ရှင်မင်းသမီး ဂျူလီအင်ဒရူးကဲ့သို့
မြူးတူးပျော်ရွှင်နေသော အီဗာဘရွန်း။



**ဟစ်တလာ၏ အိုက်တင်**

'အိမ်တွင်းရုပ်ရှင်'ကားထဲတွင်
ကလေးငယ်တစ်ယောက်ကို ချော့မြှူနေသော
ဟစ်တလာ၏ အိုက်တင်များ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ နှစ်ထောင်ကျော်တန်ဦးထုပ်

ဒေါ်လာနှစ်ထောင်ကျော်ဖြင့် လေလံဆွဲသွားခဲ့သော
ဟစ်တလာဆောင်းခဲ့သည့် ဦးထုပ်။



အမှတ်တရဓါတ်ပုံများ

လေလံပွဲတွင် ၆၆၅ ဒေါ်လာဖြင့် ဝယ်သွားသော
ပိုက်ဆံထည်းသည့် သားရေအိတ်ကလေးထဲမှ
ဟစ်တလာ၏ လက်ရေးဖြင့်အမှတ်တရဓါတ်ပုံများ။

www.burmeseclassic.com

www.burmeseclassic.com



**သုံးသိန်းတန် ဟစ်တလာတံဆိပ်ခေါင်း**

ဒေါ်လာသုံးသိန်းအထိ ပေးဝယ်သော်လည်း မရောင်းဘဲ
ထားသော ဟစ်တလာတံဆိပ်ခေါင်း။



**'လိပ်ပြာ'အနှုတ်ခံရသူလေး**

ဟစ်တလာနှင့် 'ဝိဉာဉ်' ချင်းတွေ့ဆုံနေခိုက်'လိပ်ပြာ'
အနှုတ်ခံရကာ သေဆုံးသွားခဲ့ရှာသော တူရကီဘဲလေး
ကခြေသည်မလေး အောလပ်စ်။

www.burmeseclassic.com

www.burmeseclassic.com



**သူနှင့်သူ့အချစ်တော်**

ဟစ်တလာနှင့်သူ၏အချစ်တော် 'ဘလွန်ဒီ' အမည်ရှိ အယ်လ်ဖေးရှင်းခွေးကြီး။




**ဟစ်တလာသင်းချိုင်း**

ဘာလင်မြို့ကို သိမ်းပိုက်နိုင်ခဲ့ကြသော ဘပ်နီတော်သားများသည် ဟစ်တလာ၏အလောင်းမြှုပ်နှံထားသည်ဆိုသော နေရာကို ဤသို့တူးဖော်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com




မြေပုံအညွှန်း
ဟစ်တလာနောက်ဆုံးနေထိုင်သွားခဲ့သည့်
မြေအောက်ဗုံးကျင်းနှင့် ဟစ်တလာ၏အလောင်း
မီးသင်္ဂြိုဟ်ခဲ့သော နေရာကို ပြသသည့်
ဆိုဗီယက်တို့၏မြေပုံကြမ်း။



## ပထမဆုံး တရားဝင် အသံလွှင့်ကြေငြာချက်

၁၉၄၅ မေလ ၁ ရက်။

ည ၁၀ နာရီအချိန်.....

ထိုနေ့ ထိုရက် ထိုအချိန်တွင် ဂျာမနီနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့တော်ဖြစ်သော ဟမ်းဘာ့ဂ်မြို့ အသံလွှင့်ဌာနသည် နေ့စဉ်ပုံမှန်လွှင့်ထုတ်နေကျဖြစ်သော စစ်ရေးစစ်ရာ သတင်းဆောင်းပါးများနှင့် စစ်မြေပြင်အသီးသီးမှ နောက်ဆုံးရရှိသော စစ်သတင်းများကို အစီအစဉ်အတိုင်း အသံလွှင့်နေရာမှ 'ဆိုင်းမဆင့် ဗုံမဆင့်' ဘဲ ဖြုန်းကနဲ အစီအစဉ်ကို ရပ်ပစ်လိုက်သည်။ ပြီးမှ အသံသွင်းထားသည့် တေးဂီတတစ်ပိုဒ်ကို ရုတ်တရက် ထုတ်လွှင့်လိုက်သည်။ ယင်းတေးဂီတမှာ ကမ္ဘာကျော် ဩစတြီးယား ဂီတပညာရှင်ကြီးတစ်ဦး ဖြစ်သော ဘရုကနား၏ 'သတ္တမမြောက်သံစုံတီးလုံးပင်ဖြစ်၍ ငြိမ့်ငြောင်း ပျော့ပြောင်းလှသည်နှင့်အမျှ ကြားရသူတိုင်းအဖို့ ကြေကွဲဝမ်းနည်းဖွယ်ရာ ကောင်းလှသည့်တီးလုံးပင်ဖြစ်သည်။

သုခမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သံစုံတေးဂီတဆုံးလျှင် [illegible] ကြေငြာခြင်းမရှိဘဲ သတင်းတစ်ပုဒ်ကို ဆက်တိုက် အသံလွှင့်လိုက်သည်။

"သောတရှင် ဂျာမန်အမျိုးသားအပေါင်းတို့ခင်ဗျားကျွန်တော်တို့ရဲ့ ကြီးမြတ်တဲ့ ခေါင်းဆောင်ကြီး အဒေါ့ဖ်ဟစ်တလာဟာ ဘော်လ်ရှီဗစ်ဝါဒကို နောက်ဆုံးအချိန်အထိ ခုခံတိုက်ခိုက်သွားရင်းနဲ့ ယနေ့မွန်းလွဲ ပိုင်းအချိန်က နိုင်ငံတော်အစိုးရအဆောက်အဦးမှာရှိတဲ့ သူရဲ့ စစ်ဆင်ရေးဌာနချုပ်မှာပဲ ဂျာမနီနိုင်ငံတော်ကြီးအတွက် ကျဆုံးသွားခဲ့ပါပြီ။"

စင်စစ်အားဖြင့် ထိုနေ့ ထိုရက် ထိုအချိန်သည် သာမန်နေ့ရက်နှင့် သာမန်အချိန်သာဆိုပါက ထိုသတင်းသည် ဂျာမနီနိုင်ငံသာမက တစ်ကမ္ဘာလုံး တုန်လှုပ်သွားလောက်အောင် ဧရာမကြီးကျယ်သည့် သတင်းကြီးတစ်ပုဒ် ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာကြီး တစ်ခုလုံး မီးဟုန်းဟုန်းတောက်အောင် ဒုတိယကမ္ဘာစစ်ကြီးကို စတင် မီးမွေးခဲ့၍ သန်းပေါင်းများစွာသော လူသားတို့၏ အသက်အိုးအိမ် စည်းစိမ်များနှင့် တိုင်းပြည်၊ မြို့ရွာ အမြောက်အမြားကို စိစိညက်ညက် ကြေပြုန်းပျက်စီးအောင် ချေမှုန်းဖျက်ဆီးခဲ့သော နာဇီဂျာမနီမှ စစ်အာဏာရှင် "ဟစ်တလာ ကျဆုံးပြီ"ဆိုသော သတင်း (ဝါ) "ဟစ်တလာသေပြီ" ဆိုသော သတင်းသည် အဘယ်မှာလျှင် ဧရာမသတင်းကြီး မဖြစ်ဘဲ ရှိပါမည်နည်း-

သို့သော် 'ဟစ်တလာ သေပြီ' ဟူသော သတင်းကို ဟမ်းဘာ့ဂ် အသံလွှင့်ဌာနမှ ယင်းသို့ပထမဆုံး တရားဝင်စတင်၍ ကြေငြာလိုက်သော ၁၉၄၅ ခု၊ မေလ (၁)ရက်၊ ည - ၁၀နာရီသာသာ အချိန်သည် ဂျာမန်တစ်မျိုးသားလုံး အတွက် သာမန်နေ့ရက် သာမန်အချိန်မဟုတ်ဘဲ ဂျာမနီတစ်နိုင်ငံလုံး အရှေ့၊အနောက်၊တောင်၊မြောက် လေးမျက်နှာမှ လေးဘက်လေးတန် အလုံးအရင်း ဖြင့်ဝိုင်းဝန်း တိုက်ခိုက်နေကြသော မဟာမိတ်တပ်[illegible] မာ်တာသံ၊ စက်သေနတ်သံများဖြင့် ကမ္ဘာပျက်သလို ပွက်ပွက်ညံနေသော အချိန်ဖြစ်သည်။

အထူးသဖြင့် ထိုနေ့ထိုရက်ထိုအချိန်က သန်းပေါင်းများစွာသော ဂျာမန် ပြည်သူပြည်သားများမှာ ဒုတိယ ကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားခဲ့သည့် ၁၉၃၉ ခုနှစ်မှ ယခု ၁၉၄၅ ခုနှစ်အထိ ငါးနှစ်ကျော် ခြောက်နှစ်နီးပါးမျှ ကာလအတွင်း အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက် စသည့် 'ရန်သူ' တပ်သားများ၏ ဂျာမနီနိုင်ငံအတွင်း ဂျာမန်မြေပေါ် သို့ ပထမဆုံးအကြိမ် ထိုးဖောက်တိုက်ခိုက်ဝင်ရောက် သိမ်းပိုက်ခြင်းကိုခံကြရသဖြင့် မိမိတို့ နေထိုင်ရာ မြို့ရွာနေအိမ်များကို စွန့်ပစ်ကာ စစ်ဒဏ်စစ်ဘေးမှ ကင်းဝေးရာ အရပ်သို့ စစ်ပြေးဒုက္ခသည်များအဖြစ် ရာလိုက်ထောင်လိုက်ချီ၍ အလုအယက် သူထက်ငါ ထွက်ပြေးတိမ်းရှောင်နေကြရသည့်အချိန် ဖြစ်သည်။

အလားတူပင် လွန်ခဲ့သည့်လေးနှစ်ကျော် ငါးနှစ်ခန့်က ဥရောပနိုင်ငံ အားလုံးနှင့်တကွ ဆိုဗီယက် ယူနီယံနိုင်ငံကြီးကိုပါ အလုံးအရင်းဖြင့် တိုက်ခိုက်သိမ်းပိုက်၍ အောင်လံစိုက်ခဲ့သော ဂျာမန်တပ်မတော်ကြီးမှာ ယခုအခါ စစ်မျက်နှာ အသီးသီး၌ အရှုံးကြီးရှုံးနေကြသည့်အချိန် ဖြစ်သည်။ အဆမတန် အင်အားကြီးမားလှသည့် မဟာမိတ်ကြည်းတပ်နှင့် လေတပ်များ၏ မြေပြင်ရော ဝေဟင်ပါ အထက်အောက်ညှပ်၍ အပြင်းအထန် တိုက်ခိုက်မှုများကြောင့် စစ်မြေပြင်တိုက်ပွဲကြီးများတွင် ဂျာမန်စစ်သားများ သိန်းချီ၍ အတုံးအရုံး သေကြေကျဆုံးနေကြသည့် အချိန်လည်းဖြစ်သည်။ အထူးသဖြင့် ဂျာမန်တို့ စစ်ရှုံးတော့မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေသဖြင့် စစ်မျက်နှာအသီးသီး၌ မဟာမိတ်တို့ထံ အစုလိုက် အပြုံလိုက် လက်နက်ချသူကချ၊ စစ်မြေပြင်မှ အစုလိုက်အပြုံလိုက် ထွက်ပြေးသူကပြေးကာ ဖရိုဖရဲဖြင့်ပြိုကွဲ၍ တပ်ပျက်နေသည့်အချိန်လည်းဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် 'ဟစ်တလာသေပြီ' ဟု ဟမ်းဘာ့ဂ် အသံလွှင့်ဌာနမှ





www.burmeseclassic.com

www.burmeseclassic.com

ကြေငြာလိုက်သော မေလ ၁ ရက်နေ့သည် ... 
တပ်မတော်တစ်ခုလုံးနှင့် ဂျာမနီတစ်နိုင်ငံလုံး ဝါးအစည်းပြေသလို ပြေကာ
လုံးဝချွင်းချက်မရှိ မဟာမိတ်တို့ထံ လက်နက်ချ အညံ့ခံခြင်းဖြင့် ဒုတိယ
ကမ္ဘာစစ်ကြီး ပြီးဆုံးရန် ၇ ရက်မျှသာ လိုတော့သည့် အချိန်ဖြစ်နေသည်

သို့ဖြစ်ရာ တစ်နိုင်ငံလုံး ကိုယ့်အသက်ဘေးအတွက် ထွက်ပြေ
သူကပြေး ပုန်းသူကပုန်း အရှုံးပေးသူကပေးနေကြသည့် ထိုနေ့ ထိုရက်
ထိုအချိန်၌ 'ဟစ်တလာသေပြီ' ဟူသော ရေဒီယိုကြေငြာချက်ကို လုံး
မကြားလိုက်ရသူများ ရှိသကဲ့သို့ ကြားလိုက်ရသည့်တိုင်အောင် ကိုယ့်
အသက်ကိုယ် ဖက်ဖြင့်ထုပ်ထားရသည့်အချိန်၌ ဤသတင်းကို ရေးကြီး
ခွင်ကျယ်လုပ်မနေအားဘဲ ကိုယ့်အတွက် လွတ်ရာလွတ်ကြောင်း ပြေးလွှား
ပုန်းအောင်းနေကြရသူများလည်း အမြောက်အမြား ရှိနေခဲ့သည်။

သို့ဖြင့် အဆိုပါ မေလ ၁ ရက်နေ့ညက ဟမ်းဘာ့ဂ်ရေဒီယို
'ဟစ်တလာသေပြီ' ဟူ၍ အသံလွှင့် ကြေငြာချက် ထွက်ပေါ်လာချိန်
ဟစ်တလာ၏ ညာလက်ရုံး မာတင်ဘောမန်း အမှူးပြုသော နာဇီခေါင်း
ဆောင်များသည် ဟစ်တလာ နောက်ဆုံးအချိန်အထိ နေထိုင်သွားခဲ့သော
မြေအောက်ပုန်းကျင်းထဲမှ တိတ်တဆိတ်ထွက်ကာ၊ ဘာလင်မြို့တွင်
တစ်နေရာရှိ မြေအောက်လိုဏ်ခေါင်းတစ်ခုမှနေ၍ လျှို့ဝှက်စွာ ထွက်ပြေး
ကြရန် တိုင်ပင်နေကြပြီ ဖြစ်သည်။

'ခေါင်းဆောင်ကြီးဟစ်တလာဟာ. . . ဂျာမနီနိုင်ငံတော်ကြီး
အတွက်ကျဆုံးသွားပါပြီ' ဟူ၍ ရေဒီယိုမှ ကြေငြာချက် ထွက်ပေါ်နေသော
ထိုနေ့ည ၁၀နာရီအချိန်မှာပင် မြေအောက်ပုန်းကျင်းပေါ်မှ အစိုးရဂေဟာ
အဆောက်အဦးဝင်းအတွင်းရှိ ပန်းခြံထဲတွင် တစ်နေရာ၌ မီးခိုးမျှား
အလိပ်အလိပ်တက်ကာ မီးတောက်များ တဟုန်းဟုန်းတောက်လောင်နေ
သည်ကိုတွေ့မြင်ကြရသည်။ ယင်းမီးတောက်မီးလျှံများကား အခြားမဟုတ်





ညနေ့ညဦးပိုင်းစနာရီခွဲအချိန်လောက်ကမှသားသမီး ခြောက်ယောက်စလုံး
နှင့်တကွ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ကြသော နာဇီဝါဒဖြန့်ချိရေး
ဝန်ကြီး ဒေါက်တာဂိုးဘဲလ်တို့ မိသားစု၏ရုပ်အလောင်းများကို မီးသဂြိုဟ်
ရာမှ ထွက်ပေါ်လာသော မီးတောက်မီးလျှံများပင်တည်း။

တစ်ချိန်တည်းမှာပင် 'ဟစ်တလာ သေပြီ' ဟူသော ရေဒီယို
အသံလွှင့် ကြေငြာချက်နှင့်အတူ အစိုးရဂေဟာနှင့်မလှမ်းမကမ်း မြေအောက်
မီးရထားဘူတာရုံရှိသော ဖရိုက်ဒရစ်လမ်းမကြီးနှင့် ဗော့စ်လမ်းမကြီးပေါ်မှ
သိမ်း၍ပစ်လိုက်သော ဆိုဗီယက်တပ်နီတော်မှ အမြောက်ဆံများသည်
အစိုးရဂေဟာဝင်းအတွင်းသို့ တအုံးအုံး ကျရောက်ပေါက်ကွဲလျက်ရှိသည်။

ဤသို့ဖြင့် ၁၉၄၅ ခု၊ မေလ၇ရက်နေ့၌ ဂျာမန်တို့ ချွင်းချက်
မရှိ လက်နက်ချခဲ့ကြ၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့်နောက်
မဟာမိတ်ပြည်သိမ်းတပ်များသည် 'ဟစ်တလာ သေပြီ' ဟူသော သတင်း
နှင့်ပတ်သတ်၍ အထက်ဖော်ပြပါ ဟမ်းဘာ့ဂ်ရေဒီယိုမှ ကြေငြာ ချက်ကို
ပထမဆုံးသော တရားဝင်အထောက်အထားအဖြစ် တွေ့ရှိခဲ့ကြသည်။

တဖန် ဟစ်တလာနှင့် မြေအောက်ပုန်းကျင်းထဲတွင် နောက်ဆုံး
အချိန်အထိ အတူတကွရှိနေခဲ့ကြသည့် ဂျာမန်သုံ့ပန်းများ၏ အစစ်ခံချက်
အရ'ဟစ်တလာသေပြီ' ဆိုသော သတင်းသည် အမှန်တကယ်ဖြစ်ကြောင်း
သက်ခံအတည်ပြုခဲ့ကြသည်။

ဟစ်တလာ၏ ခရီးသွားလာရေး တာဝန်ခံအရာရှိအဖြစ်
ဟစ်တလာ သွားလေရာရာသို့ ကားမောင်းပို့ခဲ့ရသော အီးရစ်ကင့်ပကား
ဆိုသူက ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေခဲ့ပြီးနောက် မီးသဂြိုဟ်ရန်
အတွက် မြေအောက်ပုန်းကျင်းထဲမှအလောင်းကို စောင်ဖြင့်ပတ်၍ သယ်သွား
ရာတွင် 'ဟစ်တလာစီးနေကျ ရှူးဖိနပ် အနက်နှင့် ဟစ်တလာ ဝတ်နေကျ
ဘောင်းဘီရှည် အနက်ကို သေသေချာချာ မြင်လိုက်ရပါသည်' ဟူ၍



www.burmeseclassic.com

www.burmeseclassic.com

အခိုင်အမာ ထွက်ဆိုသွားခဲ့သည်။

အလားတူပင် ဟစ်တလာ၏ မြေအောက်ပုန်းကျင်းတွင် အစောင့်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော ဟာမန်းကာနေ ဆိုသူကလည်း ဟစ်တလာနှင့် သူ့ဇနီး အီဗာဘရွန်းတို့၏ ရုပ်အလောင်းများမီးသဂြိုဟ်ခဲ့သည်ကို သူကိုယ်တိုင်ထင်ထင်ရှားရှား မြင်တွေ့ခဲ့ ကြောင်းဖြင့် အစစ်ခံသွားခဲ့သည်။

အထက်ပါ သုံ့ပန်းနှစ်ယောက်ထက် ပို၍အရေးပါအရာရော သူတစ်ဦးထံမှ ပို၍ခိုင်လုံသော အထောက်အထားများ ရရှိခဲ့ကြသေးသည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ ဂျာမန်ရေကြောင်း ဗိုလ်ချုပ်ကြီး ဒိုးနစ် ပင်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဒိုးနစ်သည် နှယ်နှယ်ရရမဟုတ်၊ ဂျာမန်စစ်ဘက် ဆိုင်ရာခေါင်းဆောင်များအတွင်း အစဉ်အလာအရ ထင်ရှား ကျော်ကြား ဩဇာကြီးမားလှသည့်ပြင် သူ၏စစ်ရေးစစ်ရာ ထူးချွန် ပြောင်မြောက် များနှင့် ခေါင်းဆောင်ကြီး ဟစ်တလာအပေါ် သစ္စာရှိမှုများကြော ဟင်းမလား-ဂိုးအားရင်းစသော လူယုံများက သစ္စာဖောက်ကာ မဟာမိတ် များနှင့် စေ့စပ်ရေးလုပ်ရန် စီမံစိုင်းပြင်းနေကြချိန်တွင် ဗိုလ်ချုပ်ကြီးဒိုးန သည် ဟစ်တလာ၏ အထူးတာဝန် ပေးချက်အရ မြောက်ပိုင်းဆိုင်ရာ တပ်မှူးကြီးအဖြစ် တာဝန်ယူကာ ဆိုဗီယက် တပ်နီတော်ကို ခုခံတိုက်ခိုက် ခဲ့ရသူဖြစ်သည်။ ဂျာမန်တို့ စစ်ရှုံးတော့မည်မှာ သေချာနေသည့် အခိုင် အထိ ယင်းသို့ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ထမ်းရွက်ခဲ့သည်ကိုအကြောင်း ပြု၍ ဟစ်တလာသည် သူမရှိသည့်နောက်ပိုင်း ဒိုးနစ်အား သူ၏အရို အရာကို ဆက်ခံရန် လွှဲအပ်ခဲ့သည်အထိ ဒိုးနစ်သည် အရေးပါအရာ ရောက်သူဖြစ်သည်။

ဒိုးနစ်သည် ဟစ်တလာ၏ အထူးတာဝန်ပေးချက်အရ ဧပြီလ ၂၁ ရက်နေ့ကပင် ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာသွားခဲ့ရ၍ ဘာလ



မြို့တော်မှ မိုင်၁၅၀ ခန့်ကွာဝေးသည့် ပလိုအင်းမြို့ကလေး သို့ ရောက်ရှိ နေခဲ့သည်။ သို့ဖြစ်၍ သူသည် ဟစ်တလာ၏ နောက်ဆုံး နေ့ရက်များနှင့် နောက်ဆုံးဇာတ်သိမ်းခန်းကို သူကိုယ်တိုင် မျက်စိဖြင့် တပ်အပ်မြင်ခဲ့တွေ့ခဲ့ ရသည်မဟုတ်ပေ။

သို့သော် ဂျာမန်တို့ လက်နက်ချပြီးနောက် သူကိုယ်တိုင် ခေါင်း ဆောင်၍ ဖလင်းစ်ဘာ့ဂ်မြို့တွင် ရုံးစိုက်ထားသော 'ဖလင်းစ်ဘာ့ဂ် အစိုးရ' အဖွဲ့တစ်ဖွဲ့လုံးကို မဟာမိတ်တို့က စစ်တရားခံများအဖြစ် ဖမ်းဆီးခဲ့ရာမှ ဟစ်တလာသေဆုံးကြောင်း ဖော်ပြပါရှိသည့် ခိုင်လုံသော အထောက် အထား စာရွက်စာတမ်းများကိုပါ သိမ်းဆည်းရရှိခဲ့ ကြသည်။

ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုးနစ်သို့. . . .

ထိပ်တန်းလျှို့ဝှက်

'ခေါင်းဆောင်ကြီး ဟစ်တလာ ယမန်နေ့က ၁၅း၃၀နာရီ တွင်ကွယ်လွန်သွားပြီ. . .၊ ၂၉ ရက်နေ့ သေတမ်းစာတွင် သင့်အား နိုင်ငံတော် အကြီးအကဲအဖြစ် လွှဲအပ်ခန့်ထား ခဲ့သည်. . . . .'

ဂိုးဘဲလ်

ဟစ်တလာ၏ စစ်ဆင်ရေးဌာနချုပ်မှ ဂိုးဘဲလ်၏အမည်ဖြင့် ဗိုလ်ချုပ်ကြီး ဒိုးနစ်ထံပေးပို့ခဲ့သည့် အထက်ပါ ကြေးနန်းစာအရ၊ ဟစ်တလာ သေဆုံးခဲ့ပြီမှာ ထင်ရှားနေပြီဖြစ်သည်။

သို့သော် အထက်ပါ ကြေးနန်းစာမှာ မေလ၁ရက်နေ့စွဲဖြင့် ပေးပို့ ခဲ့သည်ဖြစ်ရာ 'ယမန်နေ့က' ဟူသော အသုံးအနှုန်းအရ ဟစ်တလာသည် ဧပြီလ ၃၀ ရက်နေ့ကပင် သေဆုံးခဲ့ပြီဟူ၍ အဓိပ္ပါယ် ရနေသည်။

ဤတွင် ဟမ်းဘာ့ဂ်ရေဒီယိုမှ မေလ၁ရက်နေ့ည ၁၀နာရီသ သာတွင်အသံလွှင့်ခဲ့သော ကြေငြာချက်၌. . . ခေါင်းဆောင်ကြီးဟစ်တလာ



www.burmeseclassic.com

www.burmeseclassic.com



သည် 'ယနေ့ မွန်းလွဲပိုင်းအချိန်က. . . . ကျဆုံးသွားခဲ့ပါပြီ'ဟူ၍ ပါရှိခဲ့ရာ ဤသတင်းကြေငြာချက်အရ ဆိုပါက ဟစ်တလာသည် မေလ ၁ ရက်နေ့ ညနေဘက်တွင်မှ သေဆုံးခဲ့သည်ဟု နားလည်ယူဆရမည်ဖြစ်သည်။

သို့ဖြစ်ရာ 'ဟစ်တလာသေပြီ' ဆိုသောအချက်ကို ယုံကြည်လက်ခံနိုင်သည့်တိုင်အောင် ဧပြီလ ၃၀ ရက်နေ့နှင့် မေလ ၁ ရက်နေ့ ဟူ၍ သေဆုံးသည့် နေ့ရက်ကွဲလွဲနေခဲ့သည်။ ဤသည်မှာ ဟစ်တလာ သေ-မသေ ဟူ၍အငြင်းပွားရန်အတွက် ပထမဆုံး ပေါ်ပေါက်လာသည့် ပြဿနာပင် ဖြစ်သည်။

ဂိုးဘဲလ်၏ ကြေးနန်းနှင့် ဟမ်းဘာ့ဂ်ရေဒီယို ကြေငြာချက်တို့တွင် ဟစ်တလာ သေဆုံးသောနေ့ရက်များ ကွဲပြားခြားနားနေသည်မှာ ဘာကြောင့်ပါလဲ ?

စင်စစ် ဟစ်တလာ အမှန်တကယ် သေဆုံးခဲ့သည့်နေ့ရက် အစစ်အမှန်မှာ ဧပြီလ ၃၀ ရက်နေ့ပင်ဖြစ်သည်။ ဟစ်တလာ၏ ကားမောင်းသမား ကင့်ပကာနှင့် အစောင့်တပ်သား ကာနောတို့၏ ထွက်ချက်အရ မြေအောက်ပုန်းကျင်းထဲတွင် ဟစ်တလာနှင့်အီဗာဘရွန်းတို့ နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကို သတ်သေခဲ့ကြ၍ အလောင်းများကို ဓါတ်ဆီလောင်း မီးရှို့ခဲ့ကြသည်မှာ ဧပြီလ ၃၀ ရက်နေ့ဖြစ်ကြောင်း အခိုင်အမာသိရသည်။

တဖန် မြေအောက် ပုန်းကျင်းထဲတွင် နောက်ဆုံးအချိန် အထိ ဟစ်တလာနှင့်အတူ ရှိနေခဲ့ပြီး ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်မသေမီ နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် လက်ဆွဲနှုတ်ဆက်ရာတွင် ပါဝင်ခဲ့သော ဖရေလိန်းကရုဂါး (ဘောမန်း၏အတွင်းရေးမှူး)နှင့် ဟစ်တလာ သေဆုံးပြီးလျှင်ပြီးချင်း မြေအောက်ပုန်းခိုကျင်းသို့ ရောက်လာသော အက္ကစ်မန်း (ဟစ်တလာ လူငယ်အဖွဲ့ခေါင်းဆောင်) တို့၏ မျက်မြင်ကိုယ်တွေ့ ထွက်ဆို





ချက်များအရ ဟစ်တလာ အမှန်တကယ် သေဆုံးခဲ့သည်မှာ ဧပြီလ၃၀ ရက်နေ့ပင်ဖြစ်ကြောင်း အခိုင်အမာ သိကြရသည်။

သို့ဖြစ်လျှင် ဟမ်းဘာ့ဂ်ရေဒီယိုကြေငြာချက်တွင် ဟစ်တလာ သေသည့်နေ့ရက်သည် ဘာ့ကြောင့်လွဲမှားကွဲပြား နေရပါသနည်း။

ဤကိစ္စတွင် လက်သည်တရားခံမှာ ဗိုလ်ချုပ်ကြီးဒိုးနစ်ပင် ဖြစ်သည်။ ပို၍အတိအကျပြောရလျှင် ဒိုးနစ်တွင် တာဝန်ရှိသလိုဘောမန်းနှင့်ဂိုးဘဲလ်တို့သည်လည်း ဤနေရာတွင် တာဝန်မကင်းဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်ကြီး ဒိုးနစ်၏ 'ဖလင်းဘာ့ဂ်အစိုးရအဖွဲ့'ကို ဖမ်းဆီးခဲ့စဉ်က အခြားစာရွက်စာတမ်းများနှင့်အတူ ဧပြီလ ၃၀ ရက်နေ့စွဲဖြင့် ဘောမန်းက ဒိုးနစ်ထံပေးပို့ခဲ့သည့် ကြိုးမဲ့ကြေးနန်းစာတစ်စောင်ကို တွေ့ရှိကြရသောကြောင့် ဖြစ်သည်။

**ရေကြောင်းဗိုလ်ချုပ်ကြီးဒိုးနစ်သို့ . . . .**

**ယခင်က နိုင်ငံတော်စစ်သူကြီး မာရှယ်ဂိုးအားရင်း၏ နေရာတွင် ခေါင်းဆောင်ကြီး ဟစ်တလာက သင့်အား သူ၏အရိုက်အရာကို ဆက်ခံသူအဖြစ် ပြောင်းလဲခန့်အပ်လိုက်သည်။ တရားဝင်ခန့်စာကို ပို့လိုက်ပြီဖြစ်သည်။ အခြေအနေအရ လိုအပ်သလို အမြန်ဆုံး အရေးယူဆောင်ရွက်စေလိုသည်။**

**ဘောမန်း**

ဘောမန်းသည် ဒိုးနစ်ထံသို့ အထက်ပါ ကြိုးမဲ့ကြေးနန်း သတင်းကို ပေးပို့ခဲ့ရာ၌ အရေးကြီးဆုံးသော သတင်းကြီးတစ်ခုကို ထိန်ချန်ထားခဲ့သည်။ ထိုသတင်းမှာ အခြားမဟုတ်၊ 'ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေသွားပြီ' ဆိုသော သတင်းပင်ဖြစ်သည်။

မှန်သည်၊ နောင်အခါ၌ရှာဖွေစုံစမ်းထောက်လှမ်းမေးမြန်း၍ ရရှိခဲ့ကြသော အချက်အလက်အထောက်အထားများအရ၊ ဟစ်တလာသည်



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၃၀ရက်နေ့ ညနေ ၃နာရီ မိနစ်၃၀ အချိန် တွင် ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ကြောင်း သိရှိကြရသည်။ ဘောမန်းသည် ဒိုးနစ်ထံသို့ အထက်ပါကြိုးမဲ့ကြေးနန်းသတင်းကို ဧပြီလ ၃၀ ရက်နေ့ ညဘက်တွင် ပေးပို့ခဲ့ခြင်းဖြစ်ရာ ထိုအချိန်တွင် ခေါင်းဆောင်ကြီးဟစ်တလာသည် လူ့ပြည်တွင် မရှိတော့ပေ။ သို့ပါလျက် သူသည် အရေးကြီးဆုံးသော ဤသတင်း ကိုဒိုးနစ်ထံ ပေးပို့သည့် ကြိုးမဲ့ကြေးနန်းစာတွင် လုံးဝဖော်ပြခြင်းမပြုဘဲ ထိန်ချန်ထားခဲ့သည်မှာ ဘာ့ကြောင့်ပါလဲ?

ဤမေးခွန်းကို အတိကျဆုံးနှင့် အမှန်ကန်ဆုံး ဖြေနိုင်သူမှာ ကာယကံရှင်ဘောမန်းသာလျှင် ဖြစ်ပေလိမ့်မည်။ သို့သော် အာဏာရှင် ဟစ်တလာ၏ ညာလက်ရုံးအဖြစ် နာဇီပါတီတွင် ဟစ်တလာက လွှဲလွှ သြဇာအာဏာအကြီးဆုံးဟူ၍ သတ်မှတ်ထားခြင်းခံခဲ့ရသော မာတင် ဘောမန်းသည် ၁၉၄၅ခု၊ မေလ (၁)ရက်နေ့ညတွင် မြေအောက်ပုန်းကျင်း ထဲမှ လျှို့ဝှက်စွာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ယခု ၁၉၇၄ခုနှစ်အထိ နှစ်ပေါင်း၃၀နီးပါးမျှ လုံးဝရှာမတွေ့ တော့ဘဲ အရေးအကြီးဆုံး နာဇီစစ် တရားခံအဖြစ် ယနေ့ထက်တိုင်အောင် ပျောက်ကွယ်နေသူဖြစ်သည်။

သို့ဖြစ်ရာ ဟစ်တလာသေဆုံးပြီးမှ ဟစ်တလာ၏နေရာတွင် ဆက်ခံရမည့် ဗိုလ်ချုပ်ကြီး ဒိုးနစ်ထံ အကြောင်းကြားခဲ့သည့် ဘောမန်း ၏ကြိုးမဲ့ကြေးနန်းစာ၌ 'ဟစ်တလာသေဆုံးကြောင်း' တစ်လုံးတစ်ပါဒမျှ မဖော်ပြဘဲ ထိန်ချန်ထားခဲ့သည်မှာ တစ်ခုတည်းသော အကြောင်းကြော သာလျှင် ဖြစ်မည်ဟု တွက်ဆရသည်။ ယင်းအကြောင်းမှာ အခြားမဟုတ် ဘောမန်းသည် သူ့ကိုယ်သူ ဟစ်တလာ၏အရိုက်အရာကို ဆက်ခံ လိမ့်မည်ဟု ယုံကြည်မျှော် လင့်နေခဲ့ရာမှ ဟစ်တလာက ဗိုလ်ချုပ်ကြီး ဒိုးနစ်အား အာဏာလွှဲပေး ခဲ့သည်ကို ဘဝင်မကျ မကျေနပ်သောကြော ယင်းသို့'ဟစ်တလာသေဆုံးသည့်သတင်း'ကို ထိန်ချန်ထားခြင်းဖြစ်သည်ဟု ယူဆသော် ရနိုင်ကောင်းရာသည်။





ဘောမန်း၏ ထိန်ချန်မှုကြောင့် ဒိုးနစ်သည် ဘောမန်းထံမှ ကြေးနန်းစာရသည့်အချိန်၌ ဟစ်တလာ အသက်ရှင်လျက်ရှိနေသေးသည် ဟု၍ ယုံကြည်နေဆဲပင်ဖြစ်သည်။ ဤအချက်ကို 'ဖလင်းစ်ဘာ့ဂ်အစိုးရ' အဖွဲ့မှ မဟာမိတ်တို့ သိမ်းဆည်းရရှိခဲ့သည့် အောက်ပါ ကြေးနန်းစာက ဖော်ပြလျက်ရှိသည်။

"ကျွန်ုပ်၏ခေါင်းဆောင်ကြီးခင်ဗျား. . . .

'ခေါင်းဆောင်ကြီးအပေါ် တွင် ကျွန်ုပ်၏သစ္စာစောင့်သိမှုသည် လုံးဝ ချွင်းချက်မရှိပါ။ ဘာလင်တွင် ခေါင်းဆောင်ကြီး အားရန်ကင်းရှင်းအောင် ကျွန်ုပ် အစွမ်းကုန်ကြိုးစားပါမည်။ အကယ်၍ ခေါင်းဆောင်ကြီး၏ တာဝန်ပေး ခန့်အပ်ချက် အရ မရှောင်မလွှဲသာဘဲ နိုင်ငံတော်ကြီးကို ကျွန်ုပ်ဆက်ခံ အုပ်ချုပ်ရမည်ဆိုပါက ကျွန်ုပ်သည် ဂျာမန်ပြည်သူများ၏ စည်းလုံးညီညွတ်၍ သူရဲကောင်းပီသသော တိုက်ပွဲများကို ဆုံးခန်းတိုင်အောင် ဆက်လက် တိုက်ခိုက်သွားမည် ဖြစ်ပါသည်. . . . '

ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုးနစ်"

ဒိုးနစ်သည် ဘောမန်းထံမှ ကြိုးမဲ့ကြေးနန်းစာကို ရလျှင် ရခြင်း ခေါင်းဆောင်ကြီးဟစ်တလာ အသက်ရှင်လျက်ရှိနေသေး သည်ဟုယူဆ ကာ အထက်ပါအတိုင်း အကြောင်းပြန်ကြားခဲ့ရာ သူသည် ထိုအချိန်အထိ ဟစ်တလာ သေပြီဆိုသော သတင်းကို လုံးဝ မသိရှိသေးကြောင်းထင်ရှား နေသည်။

သို့ဖြင့် ဟမ်းဘာ့ဂ်ရေဒီယိုမှ ဟစ်တလာ သေဆုံးသည့် နေ့ရက် ကိုလွဲမှား၍ ကြေငြာခဲ့ရာ၌၊ ဘောမန်း၏ ထိန်ချန်ထားမှုသည် တစ်စိတ် တစ်ဒေသ ပါဝင်သည်ဟု ယူဆရမည်ဖြစ်သည်။

သို့သော် အထက်တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့် အတိုင်း နောက်တစ်နေ့ (မေလ ၁ရက်နေ့)တွင် ဝါဒဖြန့်ချိရေးဝန်ကြီး ဒေါက်တာ ဂိုဘဲလ်၏ ကြေးနန်းစာတွင်. . . 'ခေါင်းဆောင်ကြီး ဟစ်တလာ ယမန်နေ့



www.burmeseclassic.com

www.burmeseclassic.com



က ၁၅း၃၀ (ညနေ ၃ နာရီ မိနစ် ၃၀အချိန်)တွင်ကွယ်လွန်သွားပြီ. . . ဟူ၍ ပါရှိခဲ့ရာ ဗိုလ်ချုပ်ကြီး ဒိုးနစ် သည် ဟစ်တလာ ဧပြီလ ၃၀ရက်နေ့ ညနေကပင် သေဆုံးခဲ့ပြီဖြစ်ကြောင်း ထိုအချိန်တွင် အမှန်အတိုင်းသိရှိခဲ့ မှာထင်ရှားနေသည်။ သို့ပါလျက် သူသည် ဟမ်းဘာ့ဂ်ရေဒီယိုမှ သတင်း ထုတ်ပြန်ရာ၌ 'မေလ ၁ရက်နေ့' မွန်းလွဲပိုင်းတွင် ဟစ်တလာ ကျဆုံး သွားပြီဟူ၍ အဘယ့်ကြောင့် လိမ်လည် ကြေငြာခဲ့ပါသနည်း။

ဤလိမ်လည်မှုတွင်မူ ဗိုလ်ချုပ်ကြီး ဒိုးနစ်ရော ဂိုးဘဲလ်ပါ တာဝ ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

မှန်သည်၊ ဒိုးနစ်သည် ဟစ်တလာ သေဆုံးသည့်နေ့ရက် အမှန်အတိုင်းမဟုတ်ဘဲ လိမ်လည်ကြေငြာခဲ့သည့်ပြင် ထိုနေ့ည ထိုသတင်းကြေငြာအပြီး ည၁၀နာရီမိနစ်၂၀အချိန်တွင် သူကိုယ်တို ကွယ်လွန်သူ ဟစ်တလာ၏ အရိုက်အရာကို ဆက်ခံသည့် ဂျာမန် အစိုး အဖွဲ့သစ်၏ ခေါင်းဆောင်အဖြစ် ဟမ်းဘာ့ဂ်ရေဒီယိုမှ မိန့်ခွန်း ပြောကြာ ခဲ့ရာ၌လည်း 'ခေါင်းဆောင်ကြီး ဟစ်တလာသည် **ရန်သူများကို ရှုပ်ရှ ချွံချွံ** ခုခံတိုက်ခိုက်ရင်း သူရဲကောင်းတို့၏ သေခြင်းမျိုးဖြင့် အသက်ကို လွှတ်သွားခဲ့ပါပြီ' ဟူ၍ ထည့်သွင်းပြောကြား သွားခဲ့သေးသည်။'

ဤနေရာတွင် ဒိုးနစ်သည် ဟစ်တလာ သေဆုံးသည့်နေ့ရက် လိမ်လည်၍ပြောကြားခဲ့သည် မှန်သော်လည်း ဟစ်တလာ သေဆုံး သေဆုံးနည်းနှင့်ပတ်သတ်၍ ယင်းသို့ 'သူရဲကောင်းတို့၏ သေခြင်းမျိုးဖြ စစ်မြေပြင်တိုက်ပွဲတွင် ကျဆုံးခဲ့သလိုလို ထည့်သွင်းပြောကြားသွားသ မှာမူ ထပ်ဆင့်လိမ်လည်ပြောကြားခြင်းဖြစ် သည်ဟူ၍ တစ်ဖက်သတ်မစွ စွဲသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် သူသည် ဂိုးဘဲလ်၏ ကြေးနန်းစာအ ဟစ်တလာသေပြီဆိုသည်ကိုသာသိခဲ့ရ၍ မည်သို့မည်ပုံ သေဆုံးခဲ့သ ကိုမူ ထိုနေ့၊ ထိုရက်၊ထိုအချိန်ကလုံးဝအသေးစိတ်မသိရသေးဘဲဖြ နေသည်။

သို့ဖြစ်၍လည်း ဒိုးနစ်သည် ဟစ်တလာ၏နေရာတွင် ဆက်ခံ





သည့် နိုင်ငံတော်ခေါင်းဆောင်ကြီးအဖြစ် စစ်မျက်နှာ အသီးသီးတွင် ထိုအချိန်အထိ အညံ့မခံ အလံမလှဲဘဲ တိုက်ပွဲဝင် နေကြသည့် ဂျာမန် တပ်သားများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက်လည်းကောင်း၊ ထိုအချိန် အထိ ခေါင်းဆောင်ကြီး ဟစ်တလာနှင့်တကွ နာဇီပါတီနှင့် အစိုးရအပေါ် ယုံကြည်ကိုးစားနေကြသည့် နာဇီပါတီဝင်များနှင့် ဂျာမန် ပြည်သူများ၏ စိတ်ဓာတ်မကျဆင်းရေးအတွက်လည်းကောင်း၊ ဟစ်တလာသည် 'ရန်သူကို တိုက်ခိုက်ရင်း တိုက်ပွဲတွင်ကျဆုံးခဲ့သည့် အနေမျိုး' ဖြင့် ကွယ်လွန်သူ ခေါင်းဆောင်ကြီး ဟစ်တလာအား ဂုဏ်ပြုပြောကြားသွားခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ဒိုးနစ်သည် ဟမ်းဘာ့ဂ် ရေဒီယိုမှနေ၍ ဟစ်တလာ သေဆုံးသည့်နေ့ရက်နှင့် သေဆုံးပုံ သေဆုံးနည်းများကို တမင်သက်သက် လိမ်လည်လှည့်စား၍သော်လည်းကောင်း၊ အဖြစ်မှန်မသိ၍ ရိုးသားစွာသော် လည်းကောင်း၊ ကြေငြာပြောကြားသွားခဲ့ရာ၌ ဂိုးဘဲလ်၏ တာဝန်မကင်း ဟုဆိုရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် နာဇီဝါဒဖြန့်ချိရေးဝန်ကြီး ဒေါက်တာ ဂိုးဘဲလ်သည် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဒိုးနစ်ထံ ဟစ်တလာ သေဆုံးခဲ့ကြောင်း မေလ၁ရက်နေ့က ကြေးနန်းစာပေးပို့ ခဲ့ရာ၌ ယင်းကြေးနန်းစာ၏ နောက်ပိုင်းတွင် အောက်ပါအတိုင်းဆက်လက် ပါရှိနေသည်ကို တွေ့ရှိကြသောကြောင့်ဖြစ်သည်။

. . . "ခေါင်းဆောင်ကြီး ဟစ်တလာ၏အမိန့်အရ သေတမ်းစာ ကို ဘာလင်မြို့ပြင်သို့ ထုတ်ယူ၍ သင့်ထံပေးပို့လိုက်ပြီဖြစ်ပါသည် . . . အခြေ အနေအရပ်ရပ်ကို သတင်းပို့ရန်အတွက် ဘောမန်းကိုယ်တိုင် သင့်ထံသို့ ယနေ့ထွက်ခွာသွားရန် ကြံရွယ်ထားပါသည် . . . ယင်း ကိစ္စများအတွက် သတင်းစာတိုက်များနှင့် တပ်များသို့ မည်သည့် အချိန်တွင် မည်သို့မည်ပုံ ထုတ်ပြန်ကြေငြာရမည်ကိုမူ သင့်သဘော အတိုင်း ဆောင်ရွက်စေလိုပါသည်။ ဤစာရရှိကြောင်း ပြန်ကြားပါ . . .

ဂိုးဘဲလ်



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ဘာလင်မြို့တော် အစိုးရဂေဟာဝင်းအတွင်းရှိ ဟစ်တလာ၏ မြေအောက်ပုန်းကျင်းထဲမှ အပြင်လောကသို့ နောက်ဆုံးဆက်သွယ်ခြင်းအဖြစ် မေလ၁ရက်နေ့ညနေ ၃နာရီ ၁၅ မိနစ် အချိန်တွင် ပေးပို့ခဲ့သော အထက်ပါဂိုးဘဲလ်၏ ကြေးနန်းစာအရ၊ ဒိုးနစ်သည် ဟစ်တလာ သေဆုံးကြောင်း ပြောကြားရာ၌ ဝါဒဖြန့်ချိရေး ဝန်ကြီးဂိုးဘဲလ်၏ အကြံပေးခွင့်ပြုချက်အရသူ့သဘောနှင့် သူ 'ယနေ့(မေလ၁ရက်နေ့) မွန်းလွဲပိုင်းအချိန်က . . . သူရဲကောင်း တို့၏ သေခြင်းမျိုးဖြင့် . . . ကျဆုံးသွားခဲ့ပါပြီ'ဟူ၍ အသံလွှင့် ကြေငြာခဲ့ခြင်းဖြစ်သည်။


မည်သို့ပင်ဖြစ်စေ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဥရော တစ်တိုက်လုံး ဖိမ့်ဖိမ့်တုန်၍ တစ်ကမ္ဘာလုံး သိမ့်သိမ့်ခုန်ရလောက်အောင် ကြောက်စရာ့ အုပ်စိုးမှုကို ထူထောင်ခဲ့သည့် နာဇီဂျာမနီ အာဏာရှင် 'ဟစ်တလာသေပြီ'ဟူသော သတင်းကို ၁၉၄၅ခု မေလ ၁ရက်နေ့ ည၁၀နာရီ သာသာခန့်တွင် ဂျာမနီနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော ဟမ်းဘတ် မြို့တော် အသံလွှင့်ဌာနမှ ကြေငြာခဲ့သည်။

မှန်သည်၊ ဤအသံလွှင့်ကြေငြာချက်သည် ပထမဆုံးသော တရားဝင်ကြေငြာချက်ပင်ဖြစ်သည်။ ယင်းပထမဆုံးသော တရားဝင် အသံလွှင့်ကြေငြာချက်နှင့် အခြားအခြားသော စာရွက်စာတမ်းအထောက် အထားများ၊ ရှာဖွေစုံစမ်း ထောက်လှမ်းတွေ့ရှိချက်များအရ၊ ဟစ်တလာ သေဆုံးသည့်နေ့ရက်နှင့် မည်သို့မည်ပုံသေဆုံးခဲ့သည်များကို အနည်းနှင့် အများဆိုသလို အငြင်းပွားဘွယ်ရာ ရှိနေခဲ့သော်လည်း 'ဟစ်တလာသေပြီ' ဟူသော အခြေခံအကြောင်းအချက်မှာမူ ခိုင်လုံလှသည်ဟု ဆိုရမည် ဖြစ်သည်။

သို့သော် . . . သို့သော် . . . သို့သော်. . .

❊ ❊ ❊





## ပထမဆုံး ခိုင်လုံသော ဆန့်ကျင်ဘက်စကား

သို့သော် . . . သို့သော် . . . သို့သော် . . .

ဂျာမန်တို့ ချွင်းချက်မရှိ လက်နက်ချ၍ ဒုတိယကမ္ဘာစစ်ကြီး ဆုံးခဲ့ပြီးနောက် ဂျာမန်ပြည်သူများနှင့် ဥရောပနိုင်ငံအားလုံးမှ ပြည်သူများအပါအဝင် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးသည် ရက်ပေါင်း ပေါင်းများစွာ ဧရာမမေးခွန်းကြီးတစ်ခုကို အချင်းချင်းလက်တို့ မေးခဲ့ ကြသည်။ အချင်းချင်းခေါင်းဆိုင်၍ မေးခဲ့ကြသည်။ ယင်းမေးခွန်းကြီးကား အခြားမဟုတ်၊ 'ဟစ်တလာ ဘယ်မှာလဲ'ဟူသော မေးခွန်းကြီးပင်ဖြစ်သည်။

၁၉၁၈ခုနှစ် ပထမကမ္ဘာစစ်ကြီးအပြီးတွင် စစ်ရှုံး၍နိုင်ငံရေး စီးပွားရေးနှင့် စစ်ရေးအရ ချွတ်ခြုံကျကာ အဖက်ဖက်မှ ယိုယွင်း ပျက်စီး ခဲ့သည့် ဂျာမနီနိုင်ငံအား အင်္ဂလိပ်၊ ပြင်သစ်စသည့် လက်နက် နိုင်ငံကြီး များနှင့်ပခုံးချင်းယှဉ်၍ ရင်ဘောင်တန်းနိုင်အောင် အံ့မခန်းကြီးပမ်းလာ သော ခေါင်းဆောင်ကြီးဟစ်တလာအား ဂျာမန်တစ်မျိုးသားလုံးက



www.burmeseclassic.com

www.burmeseclassic.com



သိနေကြသည်။ထို့အတူ သန့်စင်မွန်မြတ်လှသောဂျာမန်အမျိုးအနွယ်မျာ ကိုအခြေခံ၍ ဂျာမန်အင်ပါယာကြီးကို နှစ်ပေါင်းတစ်ထောင် အဓွန့်ရှည အောင်ဖန်တီးတည်ထောင်မည်' ဟူသော ကြုံးဝါးချက်နှင့်အတူ ဂျာမ တစ်မျိုးသားလုံးအား တသွေးတသံ တမိန့်အာဏာရှင်စနစ်အောက်တွ စုစည်းကာ အိမ်နီးချင်း နိုင်ငံငယ်ကလေးများအား ခြိမ်းခြောက် ဟိ ဟောက်၍ စစ်ရေးနိုင်ငံရေးအရ အဓမ္မသိမ်းပိုက်ခဲ့သော နာဇီဂျာမ အာဏာရှင် ဟစ်တလာအား ဥရောပနိုင်ငံအားလုံးမှ ပြည်သူအားလုံးတို့ သိနေကြသည်။ အလားတူပင် ၁၉၃၉ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ တွင် ပိုလန်နိုင်ငံကလေးအား အဓမ္မကျူးကျော်ဝင်ရောက်သိမ်းပိုက်ရာ စက်တင်ဘာလ ၃ ရက်နေ့တွင် အင်္ဂလိပ်၊ ပြင်သစ်တို့၏ စစ်ကြေငြာချ အရ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားကာ ဥရောပတိုက်နှင့်တကွ တစ်က လုံးကို မီးလောင်တိုက်သွင်းကာ သွေးချောင်းစီးအောင် လုပ်ဆောင်ခဲ့သေ နံပါတ်တစ် စစ်တရားခံဟစ်တလာအား ကမ္ဘာ့ပြည်သူတစ်ရပ်လုံး သိနေကြသည်။

သို့ဖြင့် ဂျာမန်တစ်မျိုးသားလုံးနှင့် ဥရောပနိုင်ငံပြည်သူ အပါအဝင် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက သူ့အကြောင်းကို အကောင်း အဆိုးပါ သိနေကြရုံမျှမက ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီနှင့် စစ် တစ်လျှောက်လုံး သတင်းစာဂျာနယ် မဂ္ဂဇင်းအများတွင်လည်းကောင်း ရု ပိတ်ကားများပေါ် တွင်လည်းကောင်း၊ ဧရာမအဆောက်အဦးကြီးများမှ တဲပုတ်တဲစုတ် ကလေးများအထိလည်းကောင်း၊ နေရာတကာတွင်အမြ ဝဲဘက်နဖူးတစ်ခြမ်း အုပ်ထားသည့်ဆံပင်နှင့် နှုတ်ခမ်းမွေးတိုနှ ပိုင်ရှင်ဟစ်တလာ၏ဓါတ်ပုံ ရုပ်ပုံနှင့်ကာတွန်းပုံများကိုပါ အကြိမ်ပေ မရေမတွက်နိုင်လောက်အောင် တွေ့ဘူးမြင်ဘူးနေကြသည်ဖြစ် ဂျာမန်တို့စစ်ရှုံး၍ လက်နက်ချ ပြီဟူသော သတင်းကိုကြားကြရသည်





ပြိုင်နက် လူတိုင်းကပင် အာဏာရှင် ဟစ်တလာ၏ ကံကြမ္မာကို သိုဇောဖြင့် အလောသုံးဆယ် မေးမိကြသည်။

"ဟစ်တလာဘယ်မှာလဲ . . ."

"ဟစ်တလာကို အရှင်ဖမ်းမိသလား"

"သူ့ကို အခုဘယ်မှာချုပ်ထားသလဲ . . ."

"ဟစ်တလာကိုဘယ်မှာ ဖမ်းမိထားလဲ၊ တိုက်ပွဲမှာလား . . ."

"ဖမ်းမိတော့ ဒဏ်ရာတွေနဲ့လား . . ."

"တချို့ကပြောတော့ ဟစ်တလာကို ဖမ်းမမိလိုက်ဘူး၊ ဘာလင် ထွက်ပြေးသွားတယ်ဆို . . ."

ဂျာမန်တို့ လက်နက်ချပြီး ရက်ပိုင်းအတွင်း ဟစ်တလာနှင့် သက်၍ ယင်းသို့တစ်ယောက်တစ်ခွန်း မေးကြ မြန်းကြသည်။ ယောက်တစ်ပေါက် ပြောကြဆိုကြသည်။

ထိုသို့အချင်းချင်း လက်တို့၍လည်းကောင်း၊မေးငေါ့၍ လည်းကောင်း၊ မေးကြ မြန်းကြ ပြောကြဆိုကြရာမှ ဖြုံးကနဲ မမျှော်လင့် သော သတင်းတစ်ပုဒ်ကို ကြားလိုက်ကြရသည်။

"ဟစ်တလာသေပြီတဲ့ . . ."

"ဟင် . . . သေပြီ၊ ဟုတ်လား . . ."

"ဟုတ်တယ် . . ."

"ဘယ်သူကပြောတာလဲ၊ ဘယ်တုံးကကြားတာလဲ . . ."

"ဒီလိုဘဲပြောသံကြားရတာပဲ . . ."

"မဖြစ်နိုင်ပါဘူး၊ တကယ်သာဟစ်တလာသေပြီဆိုရင် တရားဝင် ကြေငြာချက်တစ်ခုခုတော့ ထွက်လာမှာပေါ့ . . ."

"ကြေငြာချက်ထွက်ပြီးပြီတဲ့ . . . ဘာလင်မြို့ထဲကို တပ်နီတွေ သာတုံး ဂျာမန်တွေလက်နက်မချခင် တစ်ပတ်လောက် အလိုမှာဟမ်းဘာ့ဂ်



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုက ဟစ်တလာသေပြီဆိုတဲ့အကြောင်း အသံလွှင့်သွားတယ် ပြောတာပဲ၊ အဲဒီသတင်းကို ကြားတဲ့လူတွေ ကြားလိုက်ရတယ်ဆိုပဲ . . .

“ဒါမဖြစ်နိုင်ပါဘူး၊ တကယ်လို့ရေဒီယိုက အသံလွှင့်သွားတ ဆိုတော်ငမှ ကျုပ်တော့ဒီသတင်းကိုလုံးဝ အယုံအကြည်မရှိဘူး၊ ဒါ ဟစ်တလာရဲ့ တပည့်တပန်း နာဇီပါတီဝင်တွေက ဟစ်တလာကို ခြေရာ လို့မရအောင် တမင်သက်သက်လုပ်ကြပြီး အသံလွှင့်သွားတာ-ဖြစ်ရမယ်

ဤသည် ဤသည်တို့မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့သည့်နောက် ရက်ပေါင်း လပေါင်းများစွာ ဂျာမနီအပါအဝင် ဥရောပတိုက်မှ ပြည်သူများ အတွင်း ‘ဟစ်တလာဘယ်မှာလဲ’ ဟူသော မေးခွန်းနှင့်ပတ်သက် အချင်းချင်း အငြင်းပွားနေခဲ့ကြသည့် စကားရပ်များပင်ဖြစ်သည်။

တစ်နည်းဆိုရသော် ဂျာမန်တို့လက်နက်ချပြီးသည့် ထို ထိုရက်မှ ယနေ့ထက်တိုင်အောင် နှစ်ပေါင်း၃၀နီးပါးမျှ အငြင်းပွား မဆုံး၊ စာဒကတက်၍မဆုံး၊ အဖြေရှာ၍မဆုံးနိုင်သည့်ပြဿနာ တစ်ရပ်သည် ထိုအချိန် ထိုအခါကပင် စတင်၍ပေါ်ပေါက်လာခဲ့ သည် ဆိုရမည်ဖြစ်သည်။ ယင်းပြဿနာကား အခြားမဟုတ်၊ **‘ဟစ်တလ သေမသေ’**ဟူသော ပြဿနာကြီး ပေတည်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤပြဿနာကြီးသည် သာမန် ပြည်သူပြည်သားများအတွင်း အငြင်းပွား၍မဆုံးအောင် ဖြစ်ခဲ့ သလို၊ သာမန် ပြည်သူပြည်သားများထက်ပို၍ ‘မျက်စိကြီးနားကြီး’ မှာ ဖြစ်ရုံမျှမက ‘ဦးနှောက်ကြီး ခေါင်းကြီး’များအဖြစ် မြင်နိုင်ကြားနိုင် စဉ်းစားနိုင် သိနိုင်ခွင့်များ ရှိနေကြသည့် အင်္ဂလိပ်-အမေရိကန်-ပြင်သ နှင့် ဆိုဗီယက်တပ်မတော်မှ ထိပ်တန်းအရာရှိကြီးများ ကိုယ်တိုင် ‘ဟစ်တလာသေ-မသေ’ဆိုသော ပြဿနာအပေါ်တွင် အတော်ကလေး အလုပ်များ၍ နေ့မအား ညမအား ဖြစ်ခဲ့ကြရသည်။





မှန်သည်၊ ဂျာမန်တို့ လက်နက်ချပြီးနောက် စစ်တရားခံများ အဖြစ် ဖမ်းဆီးခံကြရသည့် ဗိုလ်ချုပ်ကြီးဒိုးနစ်၏ အစိုးရအဖွဲ့နှင့်အတူ သိမ်းဆီးရရှိခဲ့သည့် စာရွက်စာတမ်းများအရ ဟစ်တလာသည် ဧပြီ၃၀ ရက်နေ့ ညနေ ၃နာရီ မိနစ်၃၀အချိန်တွင် သူ့ကိုယ်သူ အဆုံးစီရင်၍ လောကကြီးမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီဆိုသည်မှာ အထင်အရှားပင် ဖြစ်သည်။

သို့သော် ထိုနေ့ ထိုရက်များအတွင်းက ဟစ်တလာ၏ သာလက်ရုံး မာတင်ဘောမန်းနှင့် ဂစ်စတာပိုဗိုလ်ချုပ် ဟင်းမလား *တို့ အပါအဝင် နာဇီထိပ်တန်းခေါင်းဆောင်အချို့မှာ လုံးဝဖမ်းဆီးရမိခြင်း မရှိသေးရုံမျှမက၊ သေသည်ရှင်သည်ကိုပင် တစ်စုံတစ်ရာ ခိုင်လုံသော အထောက်အထားများ မသိရသေးဘဲ ဖြစ်နေသည်။ သို့ဖြစ်ရာ အဆိုပါ နာဇီထိပ်သီးများကဲ့သို့ပင် အာဏာရှင်ဟစ်တလာသည်လည်း သေသည် ရှင်သည်ဟူ၍ မဟုတ်ဘဲ ပျောက်ဆုံးနေသည်ဟု ယူဆသော် ရနိုင် ကောင်းရာသည် မဟုတ်ပါလော။

ယင်းသို့ယူသော် ရနိုင်ကောင်းသည်မှာ အခြားကြောင့် မဟုတ်၊ စာရွက်စာတမ်း အထောက်အထားများ အရသာလျှင် ဟစ်တလာသေပြီ ဆိုသည်ကို အတည်ပြုလိုက်ရသော်လည်း တကယ်တန်း လက်ဆုပ် လက်ကိုင် မငြင်းနိုင်သည့် ရုပ်ဝတ္ထုသက်သေ သာဓကဟူ၍အထင်အရှား ဖြစ်ရာရှာမတွေ့ဘဲ ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ယင်းရုပ်ဝတ္ထု သက်သေ သာဓကမှာ အခြားမဟုတ်၊ ဟစ်တလာ၏ ရုပ်အလောင်း ပင်တည်း။

မှန်သည်၊ ဟစ်တလာသေပြီဆိုသော အချက်ကို အခိုင်မာဆုံး နှင့်အထင်ရှားဆုံး သက်သေ သာဓကအဖြစ်ပြရမည့် ဟစ်တလာ၏ ရုပ်အလောင်းမှာ အစအနပင် ရှာမရအောင် ပျောက်ချက်သားကောင်း နေသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာနှင့် နောက်ဆုံးအချိန်အထိ မြေအောက်ပုန်းကျင်းထဲတွင် အတူရှိနေခဲ့ကြသည့် ပုဂ္ဂိုလ်အသီးသီး၏ ထွက်ဆိုချက်အရ ဟစ်တလာနှင့် အီဗာဘရွန်းတို့သည် ကိုယ့်ကိုယ်ကို သတ်သေခဲ့ ကြသည်။

ထို့နောက် သူတို့နှစ်ယောက်စလုံး၏ အလောင်းများကို မြေအောက် ပုန်းကျင်းထဲမှ သယ်ဆောင်ကာ အစိုးရဂေဟာဝင်း အတွင်းရှိ ပန်းခြံထဲ၌ ဓါတ်ဆီလောင်း၍ မီးသဂြိုဟ်ခဲ့ကြသည်ဟုဆိုသည်။

ကောင်းပြီ၊ သည်အတိုင်း အမှန်ဖြစ်သည်ဟု ဆိုကြပါစို့။ ထိုသို့ ဓါတ်ဆီလောင်း၍ မီးရှို့ခဲ့ကြသည့် ဟစ်တလာ၏ ရုပ်အလောင်းမှ ရုပ်ကြွင်း ရုပ်ကျန်အဖြစ် အရိုးများ မကျန်ရစ်ခဲ့ပြီလော . . . ။

ဤနေရာတွင် အလားတူပင် ဟစ်တလာသေပြီးနောက် တစ်နေ့ မေလ ၁ ရက်နေ့တွင် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ ကြသည့် ဂိုးဘဲလ်တို့ မိသားစု၏ ရုပ်အလောင်းများ ရှိနေသည်။ အဆိုပါ အလောင်းများကို ဓါတ်ဆီလောင်း မီးရှို့ထားခဲ့ကြသည့်တိုင်အောင် နောက်တစ်နေ့တွင် ထိုနေရာသို့ ဆိုဗီယက်တပ်နီတော်သားများ တက်ရောက်သိမ်းပိုက်ကြသောအခါ ဂိုးဘဲလ်တို့မိသားစု၏ ရုပ်အလောင်းများမှာ လုံးဝပြာကျမနေဘဲ မှတ်မိနိုင်လောက်သည့် အနေအထားမျိုးဖြင့် မီးလောင်ကြွမ်းထားသည်ကို တွေ့ကြရသည်။

သို့ဖြစ်လျှင် ဟစ်တလာ၏ ရုပ်အလောင်းကျမှ ဘာ့ကြောင့် လုံးဝအရိုးပါရှာမရအောင် ပျောက်ကွယ်သွားခဲ့ရပါသနည်း။

ဤအချက်နှင့်စပ်လျဉ်း၍ ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာ ဇာတိရကိစ္စများကို လုပ်ကိုင်ပေးခဲ့ရသူ ဟိန်းလင့်ချ်ဆိုသူ၏ ပြောကြား

---

ဟင်းမလားကို ဂျာမန်တို့လက်နက်ချပြီး တနင်္ဂနွေနှစ်ပတ်ခန့်အကြာ (မေလ ၂၁ရက်နေ့)တွင်မှ ဖမ်းဆီးရမိခဲ့သည်။ ဘောမန်းကိုမူ ယနေ့ထက်တိုင် ဖမ်းဆီးရမိခြင်းမရှိခဲ့ပေ။ ။ စာရေးသူ





ချက်အရဆိုပါက သူတို့သည် ခေါင်းဆောင်ကြီးဟစ်တလာ၏ အမိန့်အတိုင်း ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများကို 'ဘာတစ်ခုမှ အစအန မကျန်အောင်' မီးသဂြိုဟ်ပစ်ခဲ့ကြသည်ဟုဆိုသည်။

သို့သော် 'ဘာတစ်ခုမှ မကျန်ရအောင်' အလောင်းတလောင်း ကို မီးရှို့ဖျောက်ဖျက်ပစ်ရန်မှာ တကယ်လက်တွေ့တွင် ဖြစ်နိုင်ပါမည်လော. . . ? အထူးသဖြင့် ထိုအချိန် ထိုအခါက မလှမ်းမကမ်း တစ်လမ်းကျော်နှစ်လမ်းကျော်မှ အဆက်မပြတ် လှမ်းထုနေသော ဆိုဗီယက်တပ်နီတော်မှ အမြောက်ဆံများ တအုံးအုံး ကျရောက်ပေါက်ကွဲနေသည်ဖြစ်ရာ ဤမျှ ကြက်ရေငှက်ရေ' ဖြစ်နေသောအချိန်မျိုးတွင် ခေါင်းဆောင်ကြီးဟစ်တလာ၏အလောင်းကိုအသွေးအသားရောအရိုးပါ စိမ်ပြေနပြေမီးရှို့ ဖျောက်ဖျက်ပစ်ခဲ့သည် ဆိုခြင်းမှာ သဘာဝ ယုတ္တိရှိပါသလော . . . ?

ကောင်းပြီ၊ သို့ဖြစ်လျှင် အနည်းဆုံး ဟစ်တလာ၏ ရုပ်အလောင်းမှ မီးမလောင်ဘဲ ကြွင်းကျန်နေသော အရိုးများ ရှိရမည်ဖြစ်သည်။ သို့သော် တစ်ခုခက်နေပြန်သည်မှာ 'ဟစ်တလာ ၏အရိုး များပါ' ဟူ၍ အခိုင်အမာပြောဆိုနိုင်သည့် လူ့အရိုးများကို ထိုနေ့ထိုရက်မှ ယနေ့ထက်တိုင် လက်ဆုပ်လက်ကိုင်ပြစရာ လုံးဝရှာမတွေ့ဘဲ ဖြစ်နေပြန်သည်။

'ဒီကိစ္စနဲ့ပတ်သက်လို့ ဟစ်တလာရဲ့ အရိုးကိုရှာမတွေ့တော့ဘဲ ဖြစ်ရတာဟာ အဲဒီအချိန်က ရုရှားအမြောက်တပ်က ပစ်လိုက်တဲ့ အမြောက်ဆံတွေ အဆက်မပြတ်ကျပြီး ပေါက်ကွဲနေတဲ့အတွက် ဘာတစ်ခုမှ အစရှာမတွေ့အောင် လွင့်စင်သွားတဲ့အတွက်ကြောင့်ပါပဲ'

ဟစ်တလာ၏ ကားမောင်းသမား ကင့်ပကားက ဟစ်တလာ၏အလောင်းသည် မီးလောင်ပြာကျပြီး အရိုးပါ ရှာမရအောင် တစ်ခုမကျန် ပျောက်ပျက်သွားခဲ့ရခြင်းနှင့် ပတ်သက်၍ ဗြိတိသျှနှင့် အမေရိကန် ထောက်လှမ်းရေးအရာရှိများအား အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာ တွင် 'ဟစ်တလာမသေ'ဟူ၍ ယနေ့ထက်တိုင် ယုံကြည်ယူဆနေသူများသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဟစ်တလာ၏အလောင်း ဟူ၍ အရိုးပါရှာမတွေ့အောင် ဖြစ်ခဲ့ရသည်မှအစပြုကာ ပြောဆိုလာခြင်း ဖြစ်သည်။

သို့ဖြင့် ဤပြဿနာမှာ သာမန်အရပ်သူအရပ်သားများ၏ အသိုင်းအဝိုင်းတွင်သာမကတော့ဘဲ မဟာမိတ် စစ်ဌာနချုပ်မှ တာဝန်ခံ တပ်မှူးကြီးများ၊ တာဝန်ခံအရာရှိကြီးများနှင့် ဗိုလ်ချုပ်ကြီးများအထိ ဂယက်ရိုက်လာခဲ့သည်။ ဟစ်တလာ၏အလောင်းကို လုံးဝရှာမတွေ့ဘဲ ဖြစ်နေသည်ကို အကြောင်းပြု၍ ဟစ်တလာသည် တကယ်မသေဘဲ ဘာလင်မြို့တော်မှ ထွက်ပြေးလွတ်မြောက်သွားသည်ဟူသော အယူအဆ ကောလဟာလသတင်းများမှာ စစ်ကြီး ပြီးဆုံးသည့်နောက် လပေါင်းများစွာ ပြည်သူလူထုအတွင်းရော မဟာမိတ်တပ်များအတွင်းမှာပါ အကြီးအကျယ် ထွက်ပေါ်နေခဲ့သည်။

နောက်ဆုံး၌ ဂျာမနီနိုင်ငံတွင် တာဝန်ကျနေကြသော ဗြိတိသျှ ထောက်လှမ်းရေး အာဏာပိုင်များသည် တနေ့တခြား ဂယက်ကြီးမားလာ နေသော 'ဟစ်တလာသေ-မသေ' ပြဿနာကိုလက်ပိုက်ကြည့်မနေနိုင် တော့ဘဲ သူတို့ကိုယ်တိုင် အခြေခံကျကျ အရင်းအမြစ်မှစ၍ စုံစမ်း ထောက်လှမ်းကာ အဖြစ်မှန်ကို ဖော်ထုတ်ရန် စီစဉ်လာကြရတော့သည်။

ဤတွင် အထက်အာဏာပိုင်များ၏ တာဝန်ပေးချက်အရ ထိုစဉ်က ဗြိတိသျှထောက်လှမ်းရေးအရာရှိတစ်ဦးဖြစ်သူ မစ္စတာ ထရီဗာ ရိုပါသည် 'ဟစ်တလာသေ မသေ'ဟူသော ပြဿနာနှင့် ပတ်သက်၍ ခြောက်လကျော်မျှ အချိန်ယူ၍ လိုအပ်သော အချက်အလက် အထောက် အထားများကို ရှာဖွေစုံစမ်း ထောက်လှမ်းမေးမြန်းခဲ့သည်။





ထရီဗာ-ရိုပါသည် ထိုစဉ်က သူစုံစမ်းထောက်လှမ်းရရှိသမျှ အချက်အလက်များကို အခြေခံ၍ 'ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များ'* ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ်ရေးသား ပြုစုခဲ့သည်။ အဆိုပါစာအုပ် တွင် စာရေးသူထရီဗာ-ရိုပါက ဟစ်တလာနှင့် ပတ်သက်၍ထိုရက်များ အတွင်းက လူအမျိုးမျိုးတို့ထံမှ အယူအဆ အမျိုးမျိုးတို့ဖြင့် ကောလဟာလ အမျိုးမျိုးတို့ကို မည်သို့မည်ပုံ ကြားသိခဲ့ရကြောင်းထည့်သွင်း ဖော်ပြ ထားရာ 'ဟစ်တလာ သေ-မသေ' ဟူသောပြဿနာနှင့်စပ်လျဉ်း၍စိတ်ဝင် စားဖွယ်ရာကောင်းလှသဖြင့်အောက်တွင် ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

'ဟစ်တလာသေဆုံးသွားသည် သို့မဟုတ် ပျောက်ကွယ်သွား သည်ဟူသော အချက်နှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်တို့မှာ ငါးလ တိုင်တိုင် အမှောင်ဖုံး၍ လျှို့ဝှက်ဆန်းကျယ်စွာဖြင့် ၁၉၄၅ခု စက်တင်ဘာ လသို့ ရောက်ရှိလာခဲ့ပါသည်။ သူသေပြီသို့မဟုတ် ထွက်ပြေးပြီဆိုသော အဖြစ်အပျက်ပြောဆိုချက် အမျိုးမျိုးတို့မှာ ယနေ့ထက်တိုင် ပြောမဆုံး အောင် ဖြစ်နေကြပါသည်။ အချို့က ဟစ်တလာသည် ဘာလင်တိုက်ပွဲ တွင် ကျဆုံးသွားပြီဟု ပြောကြ၍ အချို့ကမူ ဂျာမန်စစ်ဗိုလ်များက ဘာလင်မြို့တွင်း တိုင်းယားဂါတင်အရပ်တွင် သူ့အား သတ်ပစ်လိုက်ကြ သည်ဟု ပြောကြပါသည်။

အချို့ကလည်း ဟစ်တလာသည် လေယာဉ်ပျံ သို့မဟုတ် ရေငုပ်သင်္ဘောတစ်စင်း **ဖြင့် ထွက်ပြေးလွတ်မြောက်သွားပြီဟု ယူဆ ကြပြီး၊ ယခုအခါ ဟစ်တလာသည် မြူနှင်းများဖုံးအုပ်နေသည့်

* The Last Days of Hitler by Trever-Roper

** ရေငုပ်သင်္ဘောဖြင့် ဟစ်တလာထွက်ပြေးသည်ဟူသော အဖြစ် အပျက် ယူဆချက်ကို နောက်ပိုင်း၌ သီးခြားအခန်းတစ်ခန်းဖြင့် ဖော်ပြ ထားပါသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဘောလ်တစ်ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းပေါ်တွင် ရောက်ရှိနေပြီဟူ၍ လည်းကောင်း၊ ရိုင်းလင်းပြည်နယ်အတွင်း ကျောက်ဆောင်ကျောက်တုံး များဖြင့် ပြုလုပ်ထားသည့် ခံတပ်တစ်ခုထဲသို့ ဝင်ရောက်ပုန်းအောင်း နေသည်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ စပိန်နိုင်ငံမှ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင်တွေ့ လိုက်ရသည်ဟူ၍လည်းကောင်း၊ အချို့ကလည်း တောင်အမေရိကမှယာခင်းကြီး တစ်ခုထဲတွင် သွားရောက် နေထိုင်လျက် ရှိသည် ဟူ၍လည်းကောင်း၊ တဖန် အယ်လ်ဘေးနီးယားနိုင်ငံ တောင်ဖေါ ဒေသမှ ခါးပြလူဆိုးများနှင့် သွားရောက်ပူးပေါင်း နေထိုင်လျက်ရှိသည် ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြ ပါသည်။

သည်အထဲတွင် အချက်အလက် အထောက်အထားများကို လေ့လာစူးစမ်းလိုသည့်ဆန္ဒသာရှိမည်ဆိုပါက အကောင်းဆုံး အထောက် အထား ရရှိနေကြသည့် ရုရှားများကလည်း မရှင်းမရှင်းဖြစ်နေသော အခြေအနေကို ပို၍ကြာရှည်အောင် လုပ်နေကြပြန်ပါသည်။ ပထမတစ်ကြိမ်တွင် 'ဟစ်တလာသေပြီ'ဟူ၍ သူတို့က ကြေငြာလိုက်ပြီး နောက်တစ်ကြိမ်တွင် သူတို့ကြေငြာချက် အပေါ်တွင် သံသယ ပြန်ဖြစ်နေကြပြန်ပါသည်။ တဖန် သူတို့ကလည်း ဟစ်တလာနှင့် အီဗာဘရွန်း တို့၏အလောင်းနှစ်ခုစလုံးကို တွေ့ရှိပြီဟုဆိုကာ သွားများကို စစ်ဆေးကြည့်ခြင်းဖြင့်သေချာသည်ဟု ဆိုလာကြပြန်ပါသည်။ သို့သော်နောက်များမကြာမီ အီဗာဘရွန်းနှင့် ဟစ်တလာတို့အား ဂျာမနီနိုင်ငံ ဗြိတိသျှနယ်မြေထဲတွင် ဝှက်ထားသည် ဟုဆိုကာ ဗြိတိသျှတို့အား စွပ်စွဲလာပြန်ပါသည် . . .။

'ဤသို့သော အခြေအနေမျိုးတွင် မည်သည့်အချက်အလက် များသည် သက်သေသာကေ အထောက်အထားများအဖြစ် ရှိနေပါသလဲ နည်း။ ဟစ်တလာ သေဆုံးကြောင်း တရားဝင်ခိုင်မာသော အထောက် အထားအဖြစ် ၁၉၄၅ခု မေလ ၁ ရက်နေ့ညက ဂျာမန်ပြည်သူများအား





အသံလွှင့် ပြောကြားခဲ့သော ရေကြောင်းဗိုလ်ချုပ်ကြီးဒိုးနစ်၏ ကြေငြာချက် သာလျှင်ရှိပါသည်။

"ဒိုးနစ်၏ ကြေငြာချက်ကို တစ်ဖက်တစ်လမ်းမှ ထောက်ခံသူမှာ ဒေါက်တာကားလ်စပိဆိုသူ ဆရာဝန်တစ်ဦးဖြစ်သည်။ သူ၏ အဆိုအရ သူသည်ရုရှားတို့၏ အမြောက်ဆံထိမှန်သဖြင့် အဆုပ်တွင် ထိခိုက်ဒဏ်ရာ ရသွားသော ဟစ်တလာအား မြေအောက်ပုန်းကျင်းထဲသို့ မေလ ၁ ရက်နေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုခဲ့ရပြီး ဟစ်တလာ သေဆုံး ကြောင်း သူကိုယ်တိုင် စမ်းသပ်အတည်ပြုခဲ့သည်ဟု ဒေါက်တာစပိက ဆိုပါသည်။

သို့သော် အခြားပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သော ကာမင်း မော်ရီဆိုသူ ဆွစ်ဇာလန်အမျိုးသမီးသတင်းစာဆရာမကမူ၊ သူမ သိရှိ ထားချက်အရ ဟစ်တလာသည် ဘာဗေးရီးယားပြည်နယ် ခြံတခြံထဲ၌ အီဗာဗရွန်းနှင့်တကွ သူ၏နှမဖြစ်သူ ဂရက်ဘဲလ်အပြင် ဂရက်ဘဲလ်၏ ယောက်ျား ဟာမန်းဖိဂျီလိန်းတို့နှင့်အတူ နေထိုင်လျက်ရှိသည်ဟု ဆို လာပြန်ပါသည် . . . သို့သော် သူမက ဗြိတိသျှအာဏာပိုင်များသည် သူမ၏အကူအညီကိုယူ၍ အဆိုပါဟစ်တလာတို့ လူစုအား ဖမ်းဆီးရန် ကြိုးစားမည်ဆိုပါက အချိန်းနီးသာရှိမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် မည်သူမဆို ယူနီဖောင်းဝတ်စုံ ဖြင့် ၎င်းတို့အနီးသို့ ချဉ်းကပ် လာပါက ဟစ်တလာတို့ လူစုလေးယောက်စလုံးသည် ကိုယ့်ကိုယ်ကို သတ်သေလိုက်ကြရန် သံဒိဋ္ဌာန်ချထားပြီးဖြစ်ကြောင်းဖြင့် အဆိုပါ အမျိုးသမီး သတင်းစာဆရာမပြောကြားပြန်ပါသည် . . .။

တဖန်သူ့ကိုယ်သူ ဘွန်ဂတ်ဟုဆိုသူ ဂျာမန်လေယာဉ်မှူး တစ်ဦး ကလည်း ၁၉၄၇ခုနှစ် ဒီဇင်ဘာလမှာပင် ဝါဆောမြို့၌ ပြောကြားလာ ပြန်သည်မှာ သူသည် ၁၉၄၅ခု ဧပြီလ ၂၈ ရက်နေ့က ဟစ်တလာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အီဗာဘရွန်းတို့အား လေယာဉ်ဖြင့် တင်ဆောင်ကာ ဒိန်းမတ်နိုင်ငံသို့ ပို့ပေးခဲ့ရကြောင်းဖြင့် တစ်မျိုးတစ်ဖုံ ကြားလာရပြန်ပါသည်. . .”

အထက်ပါရေးသားချက်များကို ထောက်ရှုခြင်းအားဖြင့် ဟစ်တလာသည် အသက်မသေဘဲ ဘာလင်မြို့မှ ထွက်ပြေး လွတ်မြောက်သွားသည် ဟူသော ထင်မြင်ယူဆချက်မှာ နေရာအနှံ့အပြားမှ ပြည်သူများအကြားသို့ မည်မျှပျံ့နှံ့နေကြောင်း သိသာနိုင်သည်။

သို့သော်ဟစ်တလာ လေယာဉ်ပျံဖြင့် ထွက်ပြေးပြီး၊ ရေငုတ်သင်္ဘောဖြင့်ထွက်ပြေးပြီဟူ၍ငင်း၊ ဟစ်တလာ စပိန်နိုင်ငံရောက်နေပြီ၊ တောင်အမေရိကသို့ ရောက်နေပြီ၊ ဂျာမနီနိုင်ငံအတွင်း ဗြိတိသျှတို့ သိမ်းပိုက်ထားသည့် နယ်မြေထဲတွင် ပုန်းအောင်းနေသည်ဟူ၍ငင်း သူတစ်မျိုး ငါတစ်ဖုံ တစ်ယောက် တစ်ပေါက် ပြောနေကြသူများမှာ တာဝန်ရှိပုဂ္ဂိုလ်များ မဟုတ်ကြဘဲ သာမန်သူလို ကိုယ်လို တာဝန်မဲ့ပုဂ္ဂိုလ်များသာဖြစ်ကြသည်။ သို့ဖြစ်၍လည်း ‘ဟစ်တလာ သေ-မသေ’ဟူသော ပြဿနာကိုအခြေအမြစ်မှစ၍ မီးခိုးကြွက်လျှောက် လိုက်လံထောက်လှမ်း စုံစမ်းမေးမြန်းနေကြသည့် မဟာမိတ် ထောက်လှမ်းရေး အရာရှိများအတွက် တာဝန်မဲ့ပုဂ္ဂိုလ်များ၏ စကားများသည် ဘယ်ဘက်နားမှကြားလိုက်ရပြီး ညာဘက်နားမှ ပြန်ထွက်သွားကြသည်သာ ဖြစ်သည်။ထရီဗာ-ရိုပါရေး . . ‘ဟစ်တလာ၏နောက်ဆုံး နေ့ရက်များ’

သို့သော် . . . .

တစ်နေ့သောအခါတွင် တစ်ခုသောနေရာ၌ တစ်ယောက်သော ပုဂ္ဂိုလ်က‘ဟစ်တလာ မသေသေးပါ . . . . ’ဟူ၍မမျှော်လင့်ဘဲရုတ်တရက် အတိအလင်း ပြောကြားလိုက်သည့်အခါသမယတွင် ကား . . . . ထိုစကားကို ကြားလိုက်ရသူတိုင်းသည် ယခင့်ယခင်က တာဝန်မဲ့ပုဂ္ဂိုလ်များ၏ ပေါက်ကရ ထင်ရာမြင်ရာ ကောလဟလ စကားများကဲ့သို့ သဘော





ထားနိုင်ကြတော့ဘဲ တလေးတစားဖြင့် အရေးထားလာကြရသည်ကို တွေ့ကြရသည်။

မှန်သည်၊ ‘ဟစ်တလာ မသေသေး’ဟူ၍ ပြောကြားလိုက်သော ပုဂ္ဂိုလ်ကြီး၏ ထိုစကားကို အရေးမထား မလေးစား၍မဖြစ်၊ အဘယ်ကြောင့်ဆိုသော် ထိုစကားကို ရုတ်တရက်ပြောကြားလိုက်သည့် ထိုပုဂ္ဂိုလ်ကြီးသည် တာဝန်မဲ့ ပုဂ္ဂိုလ်မဟုတ်၊ ဧရာမတာဝန်ရှိသည့် ပုဂ္ဂိုလ်ကြီးဖြစ်နေသည့်အပြင်၊ပြောကြားသည့်နေ့ရက်နှင့် ပြောကြားသည့်နေရာမှာလည်း တကယ့်နေ့ရက်၊ တကယ့်နေရာတွင် ပြောကြားလိုက်သောကြောင့်ပင်ဖြစ်သည်။

‘ဟစ်တလာ -မသေသေး’ဟူ၍ အတိအလင်းပြောကြားလိုက်သောအဆိုပါ ပုဂ္ဂိုလ်ကြီးမှာ အခြားသူမဟုတ်၊ ဆိုဗီယက်ခေါင်းဆောင်ကြီး စတာလင်ပင်တည်း။ ပြောကြားခဲ့သည့်နေ့ရက်နှင့် နေရာမှာလည်း ၁၉၄၅ခုၤဂျူလိုင်လ၁၇ရက်နေ့မှ ဩဂုတ်လ၂ရက်နေ့အထိ ကျင်းပခဲ့သည့် ပို့စ်ဒမ်ကွန်ဖရင့်တွင် ဖြစ်သတည်း။

ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၏ အရှေ့တောင်ဘက် ၁၈မိုင်အကွာတွင်တည်ရှိသည့် ပို့စ်ဒမ်မြို့ကလေး၌ ပို့စ်ဒမ်ကွန်ဖရင့်ဟူ၍ခေါ် ဆိုကျင်းပခဲ့ကြသည့်အချိန်တွင် ဂျာမန်တို့လက်နက်ချခဲ့ကြသည်မှာ နှစ်လနီးပါးမျှရှိနေပြီဖြစ်သည်။ ဥရောပတွင် စစ်ကြီးပြီးဆုံးသွားသဖြင့် ဂျာမန်တို့အုပ်ချုပ်မှုအောက်၌ အမျိုးမျိုးအဖုံဖုံဖြစ်နေခဲ့ကြသည့် ဥရောပနိုင်ငံများ၏ နယ်နမိတ်ကန့်သတ်ရေးကို ဦးစား ပေးဆွေးနွေးကြရန် အဆိုပါ ပို့စ်ဒမ်ကွန်ဖရင့်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။ စစ်ပြီးကာလ ကြီးသုံးကြီး ပထမဆုံးတွေ့ဆုံကြသည့် ပို့စ်ဒမ်ကွန်ဖရင့် သို့ ဗြိတိန်နိုင်ငံချာချီ၊ အမေရိကန်မှထရူးမင်းနှင့် ဆိုဗီယက်ယူနီယံမှ စတာလင်တို့တက်ရောက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက်တွင် စစ်ပြီးကာလ ငြိမ်းချမ်းရေးပြန်လည် တည်ဆောက်မှုနှင့် နယ်နိမိတ်မျဉ်းကြောင်းများ ပြန်လည် သတ်မှတ် တို့ကို ဦးစားပေး ဆွေးနွေးခဲ့ကြသော်လည်း အဆိုပါ ပို့စ်ဒမ်ကွန်ဖရင့် မရှောင်မလွှဲသာဘဲ ပြဿနာတစ်ရပ် ဝယက်ရိုက်ခတ်လာခဲ့သည်။ယ ပြဿာနာမှာ စစ်ကြီးပြီး၍ ၂လကြာမျှသာ ရှိသေးသောထိုအချိန်တွ ဥရောပနိုင်ငံအားလုံး၌ ပြည်သူအားလုံး စိတ်အဝင်စားဆုံးဖြစ်နေသ 'ဟစ်တလာ သေ-မသေ'ဟူသော ပြဿနာပင် ဖြစ်သည်။

ဤတွင် ဟစ်တလာ၏ မြေအောက်ပုန်းကျင်းကို တိုက်ခို သိမ်းပိုက်ခဲ့ကြသော ဆိုဗီယက်တပ်နီတော်သားများသည် တစ်ပိုင်းတ မီးလောင်ကျွမ်းထားသော အလောင်းတစ်လောင်းကို တွေ့ခဲ့ကြ ဟစ်တလာနှင့်အတူ မြေအောက်ပုန်းကျင်းထဲတွင် နေထိုင်ခဲ့သည့် န တစ်ဦး၏ပြောကြားချက်အရ အဆိုပါတစ်ပိုင်းတစ်စ မီးလောင်ကျွမ်းထားသေ အလောင်းသည် ဟစ်တလာ၏ အလောင်း ဖြစ်သည်ဟူသော သတင်း ပတ်သက်၍ ခေါင်းဆောင် ကြီးသုံးဦးတို့ ကွန်ဖရင့်တွင် စကားစ ကြသည်။

"အဲဒီအလောင်းဟာ ဟစ်တလာနဲ့ အရုပ်အမောင်းချင်း မတူပါဘူး . . . ဟစ်တလာအလောင်းဆိုတာ တမင်သက်သ လုပ်ကြံပြီးလိမ်ပြောတာပါ။ 'ဟစ်တလာမသေသေးပါဘူး". . .

ရုတ်တရက်အမှတ်မထင် ကောက်ခါငင်ခါ ပြောချလိုက်သ စတာလင်၏စကားကြောင့် ချာချီနှင့်ထရူးမင်းတို့မှာ ကြက်သေသေသွ မိကြသည်။

"ဟစ်တလာ မသေသေးပါဘူး . . . ."

မှန်သည်၊ စတာလင်က ဤအတိုင်းပင်ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝှန်းလုံးနှင့်အထူးသဖြင့် ဥရောပတစ်တိုက် လုံးတွ





စ်တလာ သေ-မသေ'ဟူသော ပြဿနာအတွက် အငြင်းပွား၍အချင်း းနေကြခိုက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် စစ်ရေးတို့ကို အဆုံးအဖြတ်ပေးနေ ကြသော ကြီးသုံးကြီးတွင် အပါအဝင်ဖြစ်သည့် ဆိုဗီယက်ခေါင်းဆောင်ကြီး တာလင်က အခြားကြီးနှစ်ကြီးဖြစ်ကြသော အမေရိကန်သမ္မတကြီး ရူးမင်းနှင့် ဗြိတိသျှ နန်းရင်းဝန်ကြီး ချာချီတို့အား ပို့စ်ဒမ်ကွန်ဖရင့်လို ဆေးမျိုးတွင် ပရိတ်သတ် ဗိုလ်ပုံအလယ်၌ 'ဟစ်တလာမသေသေး'ဟူ၍ တိအလင်းပြောကြားလိုက် သည်ကို မည်သူက မလေးမစား အရေး သားပဲ နေနိုင်ပါမည်နည်း။

ပြောကြားသည့်ကာယကံရှင်ကလည်း တာဝန်ရှိသည့် ပုဂ္ဂိုလ် ီးတစ်ဦးဖြစ်၍၊ ပြောကြားခြင်းခံရသူများမှာလည်း အခြားတာဝန် ဂ္ဂိုလ်ကြီးနှစ်ဦးဖြစ်သည့်ပြင် ပြောကြားခဲ့သည့်နေရာမှာလည်း စစ်ပြီး ာလ ဥရောပတိုက်မှာ သန်းပေါင်းများစွာသော ပြည်သူများ၏အနာဂါတ် ပြန်လည်ထူထောင်ရေးကို တာဝန်ရှိစွာ ဆွေးနွေးနေကြသည့်ပို့စ်ဒမ်ကွန် ရင့်တွင်ဖြစ်ရာ'ဟစ်တလာ မသေသေး'ဟူသော စတာလင်၏စကား ည် ခိုင်လုံသည်ဟု မှတ်ယူရမည် မဟုတ်ပါလော. . .

၁၉၄၅ ခု မေလ၁ရက်နေ့ညက ဟမ်းဘာ့ဂ်ရေဒီယိုမှ'ဟစ်တလာ သေပြီ'ဟူ၍ ကြေငြာခဲ့သည့်သတင်းသည် ပထမဆုံးသောတရားဝင် ိုင်လုံသည့် ကြေငြာချက်ပင်ဖြစ်သည်။

ယခုတဖန် ၁၉၄၅ခု ဇူလိုင်လ ၂၇ရက်နေ့ပို့စ်ဒမ်ကွန်ဖရင့်၌ ဆိုဗီယက်ခေါင်းဆောင်ကြီးစတာလင်က 'ဟစ်တလာမသေသေး'ဟူ၍ ပြောကြားခဲ့ပြန်ရာ ဤစကားသည်လည်း ပထမဆုံးခိုင်လုံသော ဆန့်ကျင် က်စကားပင် ဖြစ်သည်။

'ဟစ်တလာသေ-မသေ'ဟူသောပြဿနာသည် ဤနေရာမှအစ သည်ဟူ၍ပင်ဆိုရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဟစ်တလာ၏ဘဝဖြစ်စဉ်ကို နောက်ကြောင်းပြန်၍ ခြေရာခံလိုက်ပါက 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာသည် ယ တစ်ကြိမ်မှသာ အသစ်အဆန်း ပေါ်လာသည်မဟုတ်၊ ဟစ်တလာ တစ်သက်တာတွင် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာသ အကြိမ်ကြိမ် အခါခါပေါ်ခဲ့ဘူးသည့် ပြဿနာဖြစ်သည်။

ပို၍တိကျစွာ ပြောရပါမည်ဆိုပါက 'ဟစ်တလာသေမသေ ဟူသောပြဿနာသည် ယခုဒုတိယကမ္ဘာစစ်ကြီးပြီးမှ ပေါ်လာသ ပြဿနာမဟုတ်၊ ပထမကမ္ဘာစစ်ကြီး အတွင်းကလည်းပေါ်ပေါက်ခဲ့ သည့်ပြဿနာဖြစ်သည်။

မှန်သည် ....

ပထမကမ္ဘာစစ်ကြီးအတွင်းကဖြစ်သည်။

❋ ❋ ❋





## တစ်သက်မှာ လေးခါသေခဲ့ရသူ

ပထမကမ္ဘာစစ်ကြီးအတွင်းကဖြစ်သည်။

၁၉၁၈ ခုနှစ် အောက်တိုဘာလတွင် ဂျာမန်တပ်များသည် ဘယ်လ်ဂျီယံနိုင်ငံ ယာပရက်စ်မြို့ကလေးအနီး၌ အလုံးအရင်းဖြင့်တပ်စွဲ ချက်ရှိကြသည်။

၁၉၁၄ခုနှစ်မှစတင် ဖြစ်ပွားလာခဲ့သော ပထမကမ္ဘာစစ်ကြီး သည် ၄နှစ်ကျော်မျှ ကြာညောင်းလာခဲ့ပြီဖြစ်သည်။ ၁၉၁၇ ခုနှစ် ဧပြီလတွင် အမေရိကန်တို့ စစ်ထဲပါဝင်လာခဲ့ပြီး နိုဝင်ဘာလတွင် ဂျာမန်တို့၏ကမ္ဘာကျော် ဟင်ဒင်ဘတ်ခံတပ်ကြီးတစ်ခုလုံး ကျဆုံးခဲ့သည့်အချိန်မှစ၍ စစ်မျက်နှာ တိုင်းတွင် အင်အားကြီးမားလှသော မဟာမိတ်တပ်များ၏ တိုက်ခိုက်မှု ဒဏ်ကို မခံနိုင်ဘဲ ဂျာမန်တပ် များမှာ တဆုတ်ထဲ ဆုတ်ခွာနေကြရသည်။

သို့ဖြစ်ရာ မဟာမိတ်တပ်များကို ယခုတစ်ကြိမ်တွင် မီးကုန် ယမ်းကုန် တွန်းလှန်ချေမှုန်းမည်ဟူသော ကြံရွယ်ချက်ဖြင့် ဂျာမန်တပ်များ သည် ၁၉၁၈ ခုနှစ်၊အောက်တိုဘာလတွင် ယာယရက်စ်မြို့ကလေး၏



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက် ဝါးဝစ်ဒေသတွင် အလုံးအရင်းဖြင့် တပ်စွဲနေကြခြင်း ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးအတွင်း ဂျာမန်တို့၏ နောက်ဆုံးထိုးစစ်ကြီးကိုဆင်နွှဲရန်အတွက် ဂျာမန်တပ်မတော်မှ အရာရှိအကြပ်တပ်သားများသည် ဝါးဝစ်ဒေသတွင် တလှုပ်လှုပ်တရွရွဖြင့် ပြင်ဆင်လျက်ရှိနေကြသည်။

ယင်းသို့ ပုရွက်ဆိတ်များပမာ တလှုပ်လှုပ်တရွရွ ဖြစ်နေကြသောဂျာမန်စစ်ဗိုလ်စစ်သားများအကြားတွင် အပြေးအလွှားဖြင့် အလုပ်များ နေသော စစ်သားတစ်ယောက်ကို အများကသတိထား၍ကြည့်မိကြသည်။ နောက်ဆုံး ထိုးစစ်ကြီးအတွက် ပြင်ဆင်စိုင်းပြင်းလျက်ရှိကြသည့် ထောင်ပေါင်းများစွာသော ဂျာမန်စစ်ဗိုလ်စစ်သားများအနက် အဆိုပါ စစ်သားကလေးကိုမှ အများကသတိထားမိကြသည်မှာ အကြောင်းနှစ်ရပ် ရှိသည်၊ ပထမအကြောင်းတစ်ရပ်မှာ သူသည်အခြားအခြားသော စစ်သားများထက်ပို၍ ဖြတ်လတ်တက်ကြွကာ ပို၍စိတ်အားထက်သန်သော အမူအရာဖြင့် သွားလာလှုပ်ရှားနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ဒုတိယအကြောင်းမှာ အဆိုပါစစ်သားသည် သာမန်ရိုးရိုးစစ်သားမဟုတ်ဘဲ သူ့ရင်ဘတ်တွင်အဖြူရောင်အနားကွပ်ထားသည့် ဂျာမန်တို့၏တောင်ပံ ကား ကြက်ခြေတံဆိပ် နှစ်ခုချိတ်ဆွဲထားသည်ကို တွေ့မြင်ရခြင်းဖြင့် တပ်သားကျော် ပထမအဆင့်နှင့် ဒုတိယအဆင့် (Iron Cross, First Class and Second Class) ဆုတံဆိပ်များ ရရှိထားသည့် တပ်ကြပ်ကြီးတစ်ယောက်ဖြစ်နေကြောင်း သိရသောကြောင့် ဖြစ်သည်။

ယာပရက်စ်မြို့တော်ဘက်ရှိ ဝါးဝစ်ဒေသတွင် ထိုအချိန်က ဂျာမန်တို့၏ နောက်ဆုံးထိုးစစ်ကြီးအတွက် ပြင်ဆင်စိုင်းပြင်းနေခိုက်





ထိုသို့တပ်သားကျော် ဆုတံဆိပ်များကို ရင်ဘတ်တွင် ချိတ်ဆွဲကာ တက်တက်ကြွကြွဖြင့် ပါဝင်လှုပ်ရှားနေသော ထိုစစ်သားကလေးမှာ အခြားသူမဟုတ်၊ နောင်အခါ၌ နာဇီဂျာမနီအာဏာရှင်ဟူ၍ ကမ္ဘာနှင့်အဝှမ်း လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြား လာမည့် ဟစ်တလာပင်တည်း။

မှန်သည်၊ ဟစ်တလာသည် ပထမကမ္ဘာစစ်ကြီး အတွင်းက ဘာဗေးရီးယန်း အရံခြေလျင် တပ်မ ၁၆၊ တပ်စု-၁တွင်ဝင်ရောက်အမှုထမ်းခဲ့သည်။ စစ်မြေပြင်တွင် ပထမဆုံး တိုက်ပွဲမှာပင် သူ၏စွန့်စားမှုများကြောင့် ပထမအဆင့် တပ်သားကျော် ဆုတံဆိပ်ကို ရရှိခဲ့သည်။ တဖန် အခြားစစ်မြေပြင် တစ်နေရာ၌ သူတစ်ယောက်တည်း ရန်သူ ပြင်သစ်စစ်သား ၁၅ယောက်အား အရှင်လက်ရ ဖမ်းဆီးနိုင်ခဲ့သဖြင့် တပ်သားကျော်ဒုတိယအဆင့် ဆုတံဆိပ်ကို ထပ်မံ၍ ထူးချွန် စွာရရှိခဲ့သည်။

ဂျာမန်စစ်သားကလေး ဟစ်တလာသည် ဤယာပရက်စ်မြို့အနီးရှိ ဝါးဇစ်ဒေသသို့ ယခုတစ်ကြိမ်သာလျှင်မဟုတ်၊ လွန်ခဲ့သည့် နှစ်ခန့်ကလည်း တစ်ကြိမ် ရောက်ခဲ့ဘူးသည်။ ထိုစဉ်က ဟစ်တလာသည် ပထမကမ္ဘာစစ်ကြီး ဖြစ်လျှင်ဖြစ်ခြင်း စစ်ထဲသို့ဝင်ခဲ့၍ ၁၉၁၄ခုနှစ်၊ အောက်တိုဘာလမှာပင် စစ်မြေပြင်သို့ရောက်ရှိသွားခဲ့၍ ပထမဆုံး တိုက်ပွဲကို နဖူးတွေ့ ဒူးတွေ့ ဆင်နွှဲတိုက်ခိုက်ခဲ့ ရသည်။ အဆိုပါ တိုက်ပွဲအပြီးတွင် ရှေ့တန်းစစ်မျက်နှာမှ ပြန်လာခဲ့ရပြီး အနားယူစခန်းသို့ ရောက်ရှိသွားခဲ့ရာ ထိုစဉ်က သူအနားယူခဲ့ရသော စခန်းမှာ ယခုရောက်ရှိနေသည့် ဝါးဝစ်ဒေသပင် ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ဤနေရာ ဤဒေသသို့ လေးနှစ်မျှ အကြာတွင် ဒုတိယအကြိမ် ပြန်လည် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သို့သော် ဤပထမ ကမ္ဘာစစ်ကြီးတွင် ဂျာမန်တို့မှာ 'ရှုံးဇာတာ'



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်ဟု ဆိုရမည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ယာပရက်စ်မြို့အနီးတွင် ထိုးစစ်ကြီးအတွက် ဟစ်တလာပါဝင်သော ဂျာမန်တပ်သားများ စုရုံးပြင်ဆင်နေဆဲမှာပင် အောက်တိုဘာ ၁၃ ရက်နေ့ ညဘက်တွင် အင်အားကြီးမားလှသောဗြိတိသျှ တပ်များ၏ အလစ် ဝင်ရောက်တိုက်ခိုက်မှုကို ခံလိုက်ကြရသောကြောင့် ဖြစ်သည်။

တပ်စခန်းတစ်ခုလုံး မမျှော်လင့်ဘဲ ရန်သူက အလစ်ဝင်စီးခြင်း ခံလိုက်ရသဖြင့် ဂျာမန်တပ်များမှာ ပထမတွင် ဖယိုဖရဲဖြစ်ကာ အလူးအလဲ ခံလိုက်ကြရသည်။ သို့သော် ထိုးစစ်ကြီးဆင်နွှဲရန် ရက်ပိုင်းမျှသာ လိုတော့သဖြင့် လက်နက်၊ ခဲယမ်းမီးကျောက်အပြည့်အစုံ တပ်ဆင်ထားပြီးစိတ်ဓါတ်များတက်ကြွကာ အတော်အတန် အဆင်သင့်ရှိနေကြသည်ဖြစ်ရာ နောက်ပိုင်းတွင် ဗြိတိသျှတပ်များအား စနစ်တကျပြန်လည်ခုခံနိုင်စွမ်း ရှိလာခဲ့ကြသည်။

ဤတွင် တိုက်ပွဲမှာ ဗြိတိသျှတို့ဘက်က ထင်သလောက် မလွယ်ကူဘဲ တဘက်နှင့်တဘက် အပြင်းအထန် မီးကုန်ယမ်းကုန် တိုက်ခိုက်သည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။ အောက်တိုဘာလ ၁၃ ရက်နေ့ ညသန်းခေါင်ကျော်၍ ၁၄ ရက်နေ့ဘက်သို့ ကူးပြောင်းလာသည်အထိ ညလုံးပေါက် တိုက်ပွဲကြီးအဖြစ် သဲသဲမဲမဲ တိုက်ခိုက်ခဲ့ကြရသည်။

ထိုအချိန်တွင် ဟစ်တလာပါဝင်သော တပ်စုသည် တောင်ကုန်း တစ်ခုပေါ်သို့ ရောက်ရှိတပ်စွဲနေခိုက်ဖြစ်သည်။ အဆိုပါတောင်ကုန်းကို တက်ရောက် သိမ်းပိုက်ရန် ကြိုးစားနေကြသော ဗြိတိသျှစစ်သားများမှာ အလွယ်တကူဖြင့် မသိမ်းပိုက်နိုင်ရုံမျှမက အပေါ်စီးရနေသော ဟစ်တလာ တို့၏ ဆီးကြိုပစ်ခတ်မှုကြောင့်အကျအဆုံးများကာ လက်လျှော့ရတော





ည်တဲ့သို့ပင် ဖြစ်နေခဲ့သည်။

သန်းခေါင်ကျော်၍ အာရုဏ်ကျင်းတော့မည့် အချိန်အထိ တိုက်ပွဲမှာ မပြီးဆုံးသေးဘဲ ပိုမိုပြင်းထန်ကာ ဝါးဝစ်ဒေသတစ်ခုလုံး ယ်သံ၊ စက်သေနတ်သံနှင့် မော်တာသံများ ဆူညံကာ တဒိုင်းဒိုင်း ဒက်ဒက်ဖြင့် ပွက်ပွက်ညံနေ ခဲ့သည်။

ဟစ်တလာသည် တောင်ကုန်းပေါ်မှနေ၍ သူ့ရဲဘော်များ အတူ ဗြိတိသျှစစ်သားများအား သဲကြီးမဲကြီး ပစ်ခတ်လျက်ရှိသည်။ ၍အတိုင်းသာဆိုလျှင် ဗြိတိသျှတပ်များမှာ 'မှန်းချက်နှင့်နှမ်းထွက်' ိုက်ဘဲ ပြန်လည် ဆုတ်ခွာ ကြရတော့မလိုပါဖြစ်နေသည်။

ထိုအခိုက် ဗြိတိသျှတပ်သားများထံမှ လှမ်း၍အဆက်မပြတ် လိုက်သော သေနတ်သံများနှင့်အတူ လက်ပစ်ဗုံးသဏ္ဍာန် မဲမဲလုံးလုံး ရာဝတ္ထုများသည် ဟစ်တလာနှင့်ဂျာမန်စစ်သားများရှိရာ တောင်ကုန်း ါသို့ တဖုတ်ဖုတ်ကျလာသည်ကို တွေ့ကြရသည်။

ဟစ်တလာအပါအဝင် ဂျာမန်စစ်သားများသည် စောစောကလို ည်ဆံများ ဗိုကနဲဗိုကနဲ ရောက်မလာဘဲ မိမိတို့အနီးအနားသို့ ဖုတ်ကနဲ ်ကနဲ ကျလာသော ခပ်မဲမဲခပ်လုံးလုံး အရာဝတ္ထုများကို ကြည့်ကာ အံ့ တသြဖြင့် မစဉ်းစားတတ်အောင် ဖြစ်သွားမိကြသည်။

သို့သော်-ချက်ချင်းဆိုသလိုပင် အဆိုပါမဲမဲလုံးလုံး အရာဝတ္ထုများ ည် တစ်စုံတစ်ခုကိုသော်လည်းကောင်း၊ မြေကြီးပေါ်သို့လည်းကောင်း ိမှန်ကျရောက်သွား သည်နှင့် တစ်ပြိုင်နက် အထဲမှမီးခိုးများ ရှူးကနဲ ်းထွက်လာသည်ကို တွေ့ကြရသည်။ သို့ဖြင့်ဂျာမန်စစ်သားများအဖို့ စ်စုံတစ်ရာမဝေခွဲနိုင် အောင်ဖြစ်နေဆဲမှာပင် အဆက်မပြတ်ကျရောက် ါက်ကွဲနေသော အဆိုပါမဲမဲလုံးလုံးသဏ္ဍာန်များထဲမှ အဆက်မပြတ် ်းထွက်နေသော မီးခိုးများမှာ တောင်ကုန်းတစ်ခုလုံး ဖုံးတော့ မတတ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားခဲ့သည်။

'ဓါတ်ငွေ့တွေ ဓါတ်ငွေ့တွေ. . .'

'အဆိပ်ငွေ့တွေ လွှတ်တယ်ဟေ့'

တစ်နေရာမှ စစ်သားတစ်ယောက်နှစ်ယောက်၏ ထိတ်လန့်တကြားအော်သံများကြောင့် တောင်ကုန်းပေါ်ရှိ ဂျာမန်စစ်သားအားလုံးမှာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားမိကြသည်။ အော်သံများမဆုံးမီမှာပင် ဟိုနေရာ သည်နေရာမှ စစ်သားသုံးလေးယောက်မှာ အတုံးအရုံးလဲကျသွားကြသည်။

ဟစ်တလာသည် သေနတ်မောင်းကို ဆွဲတင်လိုက်စဉ် အော်သံများကြောင့် ရုတ်တရက်လှည့်ကြည့်မိသည်။ ဆေးလိပ်မီးခိုးများပမာ အငွေ့တထောင်းထောင်း ဖြစ်နေသော မိမိပတ်ဝန်းကျင်တွင် စစ်သားများတစ်ယောက် ပြီးတစ်ယောက် လဲကျနေကြသည်ကိုမြင် နေရသည်။ တစ်နေရာတွင် လဲကျနေသော စစ်သားတစ်ယောက်ကို အခြားစစ်သားတစ်ယောက်က ဆွဲထူရာမှ အဆိုပါ စစ်သားကိုယ်တိုင် ပြော့ခွေပြီး နှစ်ယောက်သား ထပ်လျက်လဲကျ သွားသည်ကို မြင်လိုက် ရသည်။

ချက်ချင်းဆိုသလိုပင် ပတ်ဝန်းကျင်မှာ အခိုးအငွေ့များကြောင့် ဟစ်တလာကိုယ်တိုင် ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်ကာ မနည်းသတိထား လိုက်ရသည်။ သို့သော် နောက်ကျသွားခဲ့ပြီ။ ဆေးလိပ် လုံးဝမသောက်တတ်သော ဟစ်တလာသည် သတိထား၍ အားတင်း နေသည့်အကြားမှ မအောင့်နိုင်ဘဲ ချောင်းတစ်ချက်ဆိုးလိုက်မိပြီး သတိလစ်ကာ လဲကျ သွားတော့သည်။

ဤသို့ဖြင့် ဝါးဝစ်စစ်မြေပြင်မှ တောင်ကုန်းတစ်ခုပေါ်တွင် ဗြိတိသျှ တို့၏ အဆိပ်ဓါတ်ငွေ့မိကာ ဟစ်တလာသည် လောကကြီးနှင့် အဆက်ပြတ် သွားခဲ့သည်။

အဆိပ်ဓါတ်ငွေ့ကြောင့် သူ့ကိုယ်သူသေပြီဟု ထင်လိုက်မိသော





ဟစ်တလာသည် နောက်တစ်နေ့စစ်ဆေးရုံရောက်မှ သတိပြန်ရလာသည်။

ယမန်နေ့ညက တောင်ကုန်းပေါ်မှကြမ်းတမ်းမာကြောသော မြေကြီး ပေါ်တွင် လဲကျသွားခဲ့သော ဟစ်တလာသည် သတိပြန်ရလျှင်ရခြင်း ဆေးရုံ လူနာကုတင်ပေါ်မှာ မွေ့ယာနှင့် အိပ်ယာခင်း၏ နူးညံ့ပြောပြောင်းသော ထိတွေ့မှုကြောင့် သူ့ကိုယ်သူ ဘယ်ရောက်နေသည်ကို ခေါင်းစားတတ်အောင် ဖြစ်သွားမိသည်။ သူ့ကိုယ်သူ သေပြီဟု ထင်နေရာ ယခုကဲ့သို့ မသေဘဲ အသက်ရှင် လျက်ရှိနေသေးသည်ကို မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။ ပြီးမှ သူ့အနီးအနား တစ်ဝိုက်တွင် အိပ်ရာရထားကြသည့် လူနာများ၏ ငြီးငြူသံများနှင့် ဆရာဝန်များ သူနာပြုဆရာမများ၏ ပြောသံဆိုသံများကြောင့် ဆေးရုံပေါ်သို့ ရောက်နေကြောင်း သိလိုက်ရသည်။

ဟစ်တလာမှာ ဗြိတိသျှတို့၏ အဆိပ်ဓာတ်ငွေ့ကြောင့် အသက် မသေသော်လည်း ကိုယ်တစ်ပိုင်းသေကာ မျက်လုံးများကန်းသွားခဲ့ရာ ပါဆီဝေ့ စစ်ဆေးရုံတွင် တစ်လနီးပါးမျှ တက်ရောက်ကုသခဲ့ရသည်။

ဤသည် ဤသည်တို့မှာ ပထမကမ္ဘာစစ်ကြီးအတွင်းက စစ် မြေပြင်တွင် အဆိပ်ဓာတ်ငွေ့မိသွားခဲ့သောကြောင့် သူ့ကိုယ်သူ သေပြီဟု ထင်ခဲ့ရာမှမသေဘဲ အသက်ပြန်ရှင်လာခဲ့သည့် ပထမဆုံးသော 'ဟစ်တလာသေ-မသေ'ဇာတ်လမ်းပင်တည်း။

ယင်းသို့ ဟစ်တလာ၏ ဘဝဖြစ်စဉ်တွင် ပထမဆုံး ကြုံတွေ့ ခဲ့ရသည့် 'ဟစ်တလာ သေမသေ'ဟူသော ပြဿနာမှာသူ့ကိုယ်သူ သေပြီဟု ထင်ခဲ့ရာမှ မသေဘဲ ဖြစ်ခဲ့ရသည့် ဇာတ်လမ်းဖြစ်သည်။

သို့သော် ဒုတိယအကြိမ်တွင်မူ သူ့ဘဝသူ့ဇာတ်ကြောင်းတွင် သူ့ခန္ဓာကိုယ်၌ ဘာတစ်ခုမှ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ရုံမျှမက ဖြစ်ပုံ ပျက်ပုံကိုလည်း ဘာတစ်ခုမှ မသိလိုက်ရဘဲ 'ဟစ်တလာသေပြီ'ဟူ၍


www.burmeseclassic.com

www.burmeseclassic.com



အခြားသူများက အထိတ်တလန့် ပြောကြားခဲ့ကြသည့် ဇာတ်လမ်း
ဖြစ်သည်။

ထိုဇာတ်လမ်း ထိုအဖြစ်အပျက်မှာ ၁၉၃၉ ခုနှစ် နိုဝင်ဘာ
၈ရက် နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အင်္ဂလိပ်
ပြင်သစ်တို့က ဂျာမနီအား အတိအလင်း စစ်ကြေငြာ၍ ဒုတိယကမ္ဘာ
ကြီးစတင်ဖြစ်ပွားခဲ့ရာ ပထမကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တပ်မတော်
စစ်သားကလေး အဖြစ် ပါဝင်အမှုထမ်းခဲ့သော ဟစ်တလာသည် ယခု
စကြာသခင်နာဇီဂျာမနီအာဏာရှင်ဟူ၍ ကမ္ဘာ တစ်ဝှမ်းလုံး သိမ့်သိမ့်
အောင် ထင်ရှားကျော်ကြားနေပြီဖြစ်သည်။

အာဏာရှင် ဟစ်တလာသည် အင်္ဂလိပ်နှင့်ပြင်သစ်တို့က
မကြေငြာမီ၁၉၃၈ခုနှစ်အတွင်းကပင် ဩစတြီးယားနှင့်ချက်ကို
ပေးကီးယား နိုင်ငံကလေးကိုလည်းကောင်း၊ ၁၉၃၉ခုနှစ် စက်တင်
၁ရက်နေ့တွင် ပိုလန်နိုင်ငံကလေးကိုလည်းကောင်း အဓမ္မဝင်ရော
သိမ်းပိုက်ခဲ့ပြီးဖြစ်ရာ ထိုအချိန်ထိုအခါက သူ၏စစ်ရေး ကျူးကျော်မှု
အတွက် သူ့ကိုယ်သူ အောင်မြင်မှုဖြင့် ယစ်မူးနေသည့်အချိန် ဖြစ်သ

သို့ဖြစ်၍ အင်္ဂလိပ်-ပြင်သစ်စသည့် လက်နက်နိုင်ငံကြီးများ
စစ်ကြေငြာလာသည့်တိုင်အောင် အရေးမထားဘဲ ဥရောပတစ်တိုက်လုံး
သိမ်းကြုံးတိုက်ခိုက်၍ သိမ်းပိုက်အုပ်ချုပ်ကာ၊ ဂျာမန်ရိုက်ခ်ျအင်ပိုင်
နိုင်ငံတော်ကြီးကို အနှစ်တစ်ထောင်တည်တန့်အောင် ထူထောင်မည်
ကြုံးဝါးနေခဲ့သည်။ ယင်းကြုံးဝါးချက်အရ ဟစ်တလာသည် ပြင်သစ်တို့
တစ်စုံတစ်ရာ ခြေလှမ်းမလှမ်းမီ ဟော်လန်၊ ဘယ်လ်ဂျီယံနှင့် လူဇင်ဘ
စသော အိမ်နီးချင်း နိုင်ငံကလေးများအား ဝင်ရောက်သိမ်းပိုက်
စစ်ရေးစီမံကိန်းများကို ရေးဆွဲ ခဲ့သည်။

ယင်းနိုင်ငံငယ်ကလေးများအား တိုက်ခိုက်သိမ်းပိုက်





စစ်ဆင်ရေးကိုလည်း နိုဝင်ဘာလ ၁၂ရက်နေ့တွင် စတင်ရန် အာဏာရှင် ဟစ်တလာကိုယ်တိုင် သတ်မှတ်ထားခဲ့သည်။

သို့သော် ဟစ်တလာ၏ ယင်းသို့သောစစ်ရေးအရ'ငါတကော်ကော်' သည့် မိုက်ရူးရဲစစ်ဆင်ရေးစီမံကိန်းများကို အချို့သော ဂျာမန်ဗိုလ်ချုပ်ကြီးများ သည် ထိုစဉ်ကတည်းကပင် သဘောမတူလက်မခံနိုင်ဘဲ ရှိနေခဲ့ကြသည်။ ဤဗိုလ်ချုပ်ကြီးများတွင် ဗိုလ်ချုပ်ကြီးဟဲလ်ဒါနှင့် ဗိုလ်ချုပ်ကြီး ဘရောချစ် ဆိုသူတို့သည် ပါဝင်ကြသည်။

ဟစ်တလာ၏ စစ်ရေးစွန့်စားမှုများကို လုံးဝလက်မခံနိုင် ကြသော အဆိုပါ ဗိုလ်ချုပ်ကြီးများသည် စစ်ဆင်ရေးစတင်ရန် ဟစ်တလာ ကိုယ်တိုင် ရွေးချယ်သတ်မှတ်ထားသည့် နိုဝင်ဘာလ၁၂ရက်မတိုင်မီ တစ်ပတ်ခန့်ကြိုတင်၍ သူတို့ကိုယ်တိုင် ခေါင်းဆောင်ကြီး ဟစ်တလာနှင့် ဝင်ရောက်တွေ့ဆုံကာ မိမိ တို့၏ သဘောထားများကို တင်ပြကြမည်။ သို့တိုင်အောင် မူလစစ်ဆင်ရေး စီမံကိန်းကို ပြင်ဆင်ဖျက်သိမ်းခြင်း မပြုပါက ဟစ်တလာအား တနည်းနည်းဖြင့် လုပ်ကြံဖယ်ရှားပစ်ကြရန် အတွင်းကြိတ်တိုင်ပင်ထားခဲ့ကြသည်။

သို့ဖြင့် ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားများ၏ ကိုယ်စား ဗိုလ်ကြီးဘရောချစ်သည် နိုဝင်ဘာလ၅ရက်နေ့တွင် ဟစ်တလာနှင့်တွေ့ဆုံ ၍ စစ်ဆင်ရေးအစီအစဉ်များအပေါ်တွင် သူ၏ထင်မြင်ချက်များကို ဝေဖန် တင်ပြခဲ့သည်။ ဤတွင် 'ငါနှင့်ငါသာနှိုင်းစရာ'ဟူ၍ သူ့ကိုယ်သူ အထင် ရောက်ကာ ဘဝင်မြောက်နေသော ဟစ်တလာသည် ဗိုလ်ချုပ်ကြီးဘရောချစ် အား အကြီးအကျယ် ဒေါ်ပွကာ အခန်းထဲမှ မောင်းထုတ်ခဲ့သည်။

ဤအတောအတွင်း နိုဝင်ဘာလ ၈ရက်နေ့သို့ ရောက်ရှိလာခဲ့ ရာ ထိုနေ့တွင် နာဇီပါတီ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော 'တော်လှန်ရေးနေ့ အခမ်းအနား'ကို ခါတိုင်းကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအခမ်းအနားကို နာဇီပါတီ၏ အောင်မြေနင်းရာ အချက်အချာမြို့တော်ဖြစ်သော မြူးနစ်မြို့တွင် ဘာဂါဘရောကဲလား အဆောက်အဦးကြီး၌ တခမ်းတနားကျင်းပခဲ့၍ ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။ ဤတွင် ၁၉၃၂ခုနှစ်မှ စတင်၍ နာဇီပါတီ၏ သမိုင်းဝင် တော်လှန်ရေးနေ့အဖြစ် နှစ်စဉ်နှစ်တိုင်ကျင်းပလာခဲ့သော အဆိုပါ အခမ်းအနားတွင် ယခုနှစ်အဖို့ မကြုံစဖူး ထူးခြားဆန်းကျယ် ထိတ်လန့်ဘွယ်ရာအဖြစ်ကြီးနှင့် ကြုံတွေ့ခဲ့ကြရသည်။ ယင်းကားအခြားမဟုတ် ထိုနေ့က တော်လှန်ရေးနေ့အခမ်းအနား ကျင်းပနေဆဲတွင် အခမ်းအနားကျင်းပရာ ဘာဂါဘရောကဲလား အဆောက်အဦးကြီးတွင် ဗုံးပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြီးကြောင့် ထိုစဉ်က အခမ်းအနားတက်ရောက် နေကြသည့် နာဇီပါတီဝင်အချို့နှင့် ပရိတ်သတ်အများအပြား သေကြေဒဏ်ရာ အနာတရဖြစ်ခဲ့ကြရသည်။

ဤတွင် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သော အဆိုပါအခမ်းအနားတွင် ဗုံးပေါက်ကွဲမှုကြီး ဖြစ်ပွားသည်နှင့်တပြိုင်နက် 'ဟစ်တလာသေပြီ'ဟူသော သတင်းသည် မြူးနစ်မြို့၌သာမက ဘာလင်မြို့တော်သို့တိုင်အောင် မြို့သူမြို့သားများအတွင်း တမဟုတ်ချင်း ပြန့်နှံ့သွားခဲ့သည်။

သို့သော် တကယ့်ဖြစ်ရပ်များမှာမူ ဟစ်တလာသည် အဆိုပါ မြူးနစ်မြို့ ဗုံးပေါက်ကွဲမှုကြီးတွင် အသက်မသေရုံမျှမက လုံးဝ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ လွတ်မြောက်ခဲ့သည့်ပြင် ဗုံးပေါက်ကွဲမှုကြီး ဖြစ်ပွားသည်ကိုပင် လုံးဝမသိလိုက်ဘဲ ရှိခဲ့သည်။ အကြောင်းသော်မူ ဟစ်တလာသည် ထိုနေ့က အဆိုပါ အခမ်းအနား တွင် မိန့်ခွန်းပြောကြား ပြီးနောက် ချက်ချင်းပင်မီးရထားဖြင့် ဘာလင်သို့ပြန်လာခဲ့ရာ ဟစ်တလာ မီးရထား





ပေါ်ရောက်မှ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် ဖြစ်သည်။

သို့သော် ထိုနေ့က မြူးနစ်နှင့်ဘာလင်တွင် 'ဟစ်တလာသေပြီ' ဟူသော ကောလဟာလသတင်းမှာ ပြည်သူလူထုအကြားတွင် တောမီးမာ ပြန့်နှံ့သွားခဲ့ရာ ထိုနေ့ညက ဘာလင်ရေဒီယိုနှင့် နောက်တစ်နေ့ သတင်းစာများက အဖြစ်မှန်ကို ထုတ်လွှင့်ရေးသား ဖော်ပြကြမှသာလျှင် ဟစ်တလာ မသေ'ကြောင်း အခိုင်အမာသိကြရတော့သည်။

မည်သို့ပင်ဖြစ်စေ ဤဖြစ်ရပ်သည် 'ဟစ်တလာသေ-မသေ' ဟူသော ပြဿနာကို ဒုတိယမ္ပိနှစ်ကြိမ်မြောက် ကြုံတွေ့ခဲ့ရခြင်းပါပေသည်။

ပထမ ကမ္ဘာစစ်ကြီးအတွင်း ၁၉၁၈ ခုနှစ်က စစ်မြေပြင်တွင် ဗြိတိသျှတို့၏ အဆိပ်ဓာတ်ငွေ့မိကာ လုံးဝသတိမေ့သွားခဲ့စဉ်က ဟစ်တလာသည် သူ့ကိုယ်သူသေပြီဟု ထင်လိုက်မိသည်။ သို့သော် မသေဘဲ ဆေးရုံတွင် သတိပြန်ရပြီး ရောဂါကုသပျောက်ကင်းခဲ့သည်၊ ထိုသို့ပထမအကြိမ်ဖြစ်ပွားခဲ့ရသော 'ဟစ်တလာသေ-မသေ' ပြဿနာ ဟစ်တလာတစ်ဦးတည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ပြဿနာဖြစ်သည်။

သို့သော် ၁၉၃၉ ခုနှစ် နိုဝင်ဘာလ မြူးနစ်မြို့ဗုံးပေါက်ကွဲမှုကြီး ဖြစ်ရာခဲ့ရာမှ ပေါ်ပေါက်လာသော ဒုတိယအကြိမ် 'ဟစ်တလာသေမသေ' ဟူသော ပြဿနာမှာမူ မြူးနစ်နှင့်ဘာလင်မြို့သူမြို့သားများ အပါအဝင် ပြည်သူလူထုအကြားတွင် ဝိဝါဒကွဲပြား၍ အငြင်းပွားခဲ့ရခြင်းဖြစ်သည်။ ဤဗုံးပေါက်ကွဲမှုကြီးကို ဟစ်တလာကိုယ်တိုင် လုံးဝမသိလိုက်သဖြင့် သူ့အတွက်မူ 'ဟစ်တလာ သေမသေ'ဟူ၍ အငြင်းပွားစရာလုံးဝမလို။

အလားတူပင် နာဇီထိပ်သီးခေါင်းဆောင်ကြီးများနှင့် ဦးစီးချုပ်ကြီးများအတွင်း၌လည်း ဤဒုတိယအကြိမ် 'ဟစ်တလာသေမသေ' ပြဿနာအတွက် အငြင်းပွားစရာမလို၊ အဘယ်ကြောင့်ဆိုသော် အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



မြူးနစ်မြို့ဗုံးပေါက်ကွဲမှုကြီးမှာ ဟစ်တလာဆန့်ကျင်ရေးသမားများ၏ ဖောက်ခွဲလုပ်ကြံခဲ့ခြင်းမဟုတ်ဘဲ ဟစ်တလာ၏ လက်ရုံး ဂက်စတာပိုဗိုလ်ချုပ်ကြီးများ၏ 'စတန့်' ထွင်သည့် လုပ်ကြံ မှုကြီးဖြစ်နေသောကြောင့် ဖြစ်သည်။

ပိုရှင်းအောင်ဆိုရလျှင် ဂက်စတာပိုဗိုလ်ချုပ် ဟင်းမလားသည် သူ့ဆရာဟစ်တလာပို၍ နာမည်ကြီးသည် ထက်ကြီးအောင် ပို၍အရှိန်အဝါကြီးသည်ထက်ကြီးအောင် မြူးနစ်မြို့တော်လှန်ရေးနေ့ အခမ်းအနားတွင် ဟစ်တလာ ပြန်သွားပြီးမှ တမင်သက်သက်ဗုံးပေါက်ကွဲမှုကြီး၏ ဖန်တီးလုပ်ကြံခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြစ်၍လည်း ဗုံးပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့သည်ကို ဟစ်တလာကိုယ်တိုင်ဘာမှ မသိလိုက်ရသလို ဟင်းမလားအစရှိသော နာဇီထိပ်သီးကြီးများကလည်း ခေါင်းဆောင်ကြီးဟစ်တလာအတွက် လုံးဝစိုးရိမ်ပူပန်ခြင်းမဖြစ်မိကြပေ။ အဘယ်ကြောင့်ဆိုသော် ဟစ်တလာပြန်သွားပြီးသည့်အချိန်ကျမှ တမင်သက်သက်သူတို့လက်ချက်ဖြင့် ဖောက်ခွဲခဲ့သည့် ပေါက်ကွဲမှုကြီးပင် မဟုတ်ပါလော။

သို့သော်ယခုအောက်တွင် ဖော်ပြလတ္တံ့သော ဒုတိယအကြိမ် 'ဟစ်တလာသေမသေ'ဟူသော ပြဿနာမှာမူ ပြည်သူလူထုအကြားတွင် မဟုတ်ဘဲ နာဇီထိပ်သီး ဗိုလ်ချုပ်ကြီးများအတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာကြီးပင်ဖြစ်သည်၊ သည့်ထက်သည်ပို၍ တိကျအောင်ဆိုရလျှင် ယခုတကြိမ် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာမှာ အခြားသူများအတွက် မဟုတ်ဘဲ ဗိုလ်ချုပ်ကြီးများကိုယ်တိုင် ဟစ်တလာ၏အသက်ကို သေအောင် ပေါက်လုပ်ကြံခဲ့ကြရာမှ သူတို့အချင်းချင်း 'ဟစ်တလာသေ-မသေ' အငြင်းပွား၍ အချင်းများ ခဲ့ကြခြင်းပင်ဖြစ်သည်။

'ဟစ်တလာသေ-မသေ'ဟူသော ဧရာမ အရေးကြီးသည့်





ပြဿနာကြီး ဖြစ်ခဲ့ရသော ထိုအရေးအခင်းသည် ၁၉၄၄ခု၊ ဂျူလိုင်လ ၂၀ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။

၁၉၄၄ ခု၊ ဂျူလိုင်လ ၂၀ရက်နေ့ ညနေ ၃နာရီ ၄၅မိနစ် . . . .

ဘာလင်မြို့ရန်းဒေါ့ဖ်လေဆိပ်သို့ စစ်လေယာဉ်တစ်စင်း အရှိန်ဖြင့်ထိုးဆင်းလာသည်။ လေယာဉ်ပြေးလမ်းကြောင်း အတိုင်းစက်ရှိန်သတ်၍ ပြေးဆင်းလာသော လေယာဉ်ကလေးသည် သတ်မှတ်ထားသည့် နေရာတွင်ရပ်လိုက်သည်။ သို့သော် စက်အရှိန်လုံးဝ မသေသေးဘဲပန်ကာများလည်နေဆဲမှာပင် လေယာဉ်ပေါ်မှ လူတစ်ယောက်သည် ရေးကြီးသုတ်ပြာဗျာကရာဖြင့် ခုန်ဆင်းလိုက်သည်ကို တွေ့လိုက်ရသည်။

သူသည် လေယာဉ်ပေါ်မှ စက်မရပ်မီ အရေးတကြီးခုန်ဆင်းခဲ့သည့် နည်းတူ အောက်သို့ရောက်သည့်အခါတွင်လည်း လေယာဉ်ပေါ်မှ နောက်ထပ် ဆင်းလာမည့်သူများကို လုံးဝစောင့်မနေဘဲ ခပ်လှမ်းလှမ်း လေယာဉ်ကွင်း တစ်နေရာရှိ တယ်လီဖုန်းရုံကလေးဆီသို့ ဒရောသောပါး ပြေးသွားသည်ကို တွေ့ရပြန်သည်။

ထိုသို့အလောသုံးဆယ် ဆင်းပြေးသွားသော ဂျာမန်စစ်ယူနီဖောင်းဝတ်ပုဂ္ဂိုလ်မှာ ယာဘက်လက်တစ်ဖက်ပြတ်နေပြီး ဝဲဘက်မျက်စိတစ်ဖက်လပ်နေသည်ကို အထင်အရှားမြင်ရသည်။ ထို့ပြင်သူဝတ်ဆင်ထားသော ယူနီဖောင်းဝတ်စုံမှ ရာထူးတံဆိပ်အဆောင်အယောင်များကို ကြည့်ရခြင်းဖြင့် ထိုသူသည် ဗိုလ်မှူးကြီးရာထူးအဆင့်ရှိသူဖြစ်ကြောင်း သိရသည်။

လက်တက်ဖက်ပြတ်၍ မျက်စိတစ်ဖက်လပ်နေသော အဆိုပါ ဗိုလ်မှူးကြီးသည် တယ်လီဖုန်းရုံရှိရာသို့ ဒုန်းစိုင်း၍ ပြေးသွားပြီးနောက် ရုံထဲသို့ ဝင်ကာ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟယ်လို . . . . ဟယ်လို'



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ဖက်မှပြန်ထူးမည့်အသံကို စောင့်ရင်းအမောတကော ပြေးလာရသဖြင့် ဟောဟဲလိုက်နေသည်။

'ဟယ်လို .... ဟယ်လို .... ဗိုလ်ချုပ်အောလ်ဘရစ်နဲ့ စကားပြောချင်ပါတယ်'

'ဟယ်လို .... ဟုတ်ကဲ့ပြောပါ၊ အောလ်ဘရစ်ပါ'

'ဗိုလ်ချုပ် .... ဗိုလ်ချုပ် .... ကျွန်တော်ပါ၊ စတပ်ဖင်ဘတ်ပါ'

'ဟင် .... ဗိုလ်ချုပ်ကြီးစတပ်ဖင်ဘတ်လား၊ ဟုတ်လား .... ဘယ်တုံးကပြန်ရောက်သလဲ'

'အခုဘဲရောက်တယ်၊ လေဆိပ်ကပြောနေတယ်၊ ဘယ်နဲ့လဲ အစီအစဉ်တွေအားလုံး စလုပ်နေကြပြီမဟုတ်လား'

'အစီအစဉ်တွေ ဟုတ်လား၊ ဒီမှာအဲဒါတွေဘာမှ မစနိုင်သေးဘူးလေ'

'ဟင်.... ဘယ်လိုဖြစ်တာလဲဗိုလ်ချုပ်၊ ဗုံးပေါက်ကွဲတဲ့သတင်းကို ရပြီးပြီမဟုတ်လား။'

'နေ့ခင်း ၁နာရီသာသာလောက်က ဗိုလ်ချုပ်ဖဲလ်ဂျီဘဲ အကြောင်းကြားလို့ ဌာနချုပ်မှာ ဗုံးပေါက်ကွဲတဲ့ သတင်းတော့သိပြီးပြီ ဒါပေမယ့် အဲဒီတုံးက လိုင်းမကောင်းလို့ သူပြောတာ သဲသဲကွဲကွဲ မကြားရဘူး ပြီးတော့ ...'

'ဟာ .... ဒီလိုဆို ဒုက္ခပါဘဲ'

'ပြီးတော့ .... ဗိုလ်ချုပ်ဖဲလ်ဂျီဘဲပြောတဲ့ အထဲမှာ ဟစ်တလာ သေ-မသေဆိုတာ မသဲကွဲဘူး၊ အဲဒါဘယ်လိုလဲ'

တယ်လီဖုံးရုံထဲမှာ ချွေးသံရွှဲရွှဲဖြင့် ဟောဟဲလိုက်ကာ မောကြီးပမ်းကြီး ပြောနေသော ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်သည် အကြီးအကျယ် ဒေါပွသွားသည်။





သူဒေါပွမည်ဆိုက ပွလောက်စရာပင်ဖြစ်သည်။ ယခုအချိန်သည် ဟစ်တလာသေ-မသေ မေးနေရမည့် အချိန်မဟုတ်၊ အငြင်းပွားနေရမည့် အချိန် လည်းမဟုတ်၊ မိမိတို့ မူလအစီအစဉ်အတိုင်း ဘာလင်သိမ်းရေးကို မြန်မြန်ထက်ထက် လုပ်ရမည့် အချိန်ဖြစ်သည်။

ထို့ပြင် ခပ်စောစောပိုင်း ယနေ့နေ့လည် ၁၂နာရီ၄၂မိနစ်တိတိအချိန် တွင် မိမိကိုယ်တိုင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ လျှို့ဝှက်ဌာနချုပ်မှ အစည်း အဝေးခန်းမကို ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲခဲ့ပြီးဖြစ်သည်။ လွန်ခဲ့သည့် ၃-နာရီခန့် ကယင်းသို့ မိမိကိုယ်တိုင်ထောင်ထားခဲ့သည့် ချိန်ကိုက်ဗုံး ပေါက်ကွဲမှုကြောင့် ဟစ်တလာနှင့်တကွ စစ်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများ အစည်းအဝေး ကျင်းပနေကြသည့် ခန်းမဆောင်ကြီး တစ်ခုလုံးဝုန်းကနဲမြည်ဟီးကာ ပြိုလဲပျက်စီးသွားသည်ကို ယခုတိုင် မြင်ယောင်မိသေးသည်။ မိမိသည် စစ်မြေပြင်အတွေ့အကြုံကြွယ်ဝသူ တစ်ဦးဖြစ်ရာ ချိန်ကိုက်ဗုံး၏ပေါက်ကွဲမှု အရှိန်မှာ ၁၅-မီလီမီတာအမြောက်ဆံထိမှန်သည်နှင့်မခြား အစည်းအဝေးခန်းမဆောင်ကြီးတစ်ခုလုံး လေထဲသို့မြောက်တက်သွားပြီး ဖုံများ၊မီးခိုးလုံးကြီးများနှင့်မီးတောက် ကြီးများဖြင့် အစိပ်စိပ်အမွှာမွှာ ကြေမွလွင့်စင်သွားသည်ကို မျက်စိဖြင့်တပ်အပ် မြင်ခဲ့ရသည်။

သို့ဖြစ်ရာ ဤမျှလောက် ပြင်းထန်သည့် အရှိန်ဖြင့်ပေါက်ကွဲခြင်းကြောင့်၊ ဟစ်တလာအပါအဝင် ခန်းမဆောင်အတွင်းရှိ လူအားလုံးတစ်ယောက်မကျန် သေဆုံးကုန်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ရာ 'ဟစ်တလာသေ-မသေ'အငြင်းပွားနေစရာမလို၊ မုချသေပြီဟုဆိုရမည် ဖြစ်သည်။

ယခုသော်မူ မိမိကိုယ်တိုင် ဟစ်တလာအား ထိုသို့ လုပ်ကြံသတ်ဖြတ်ကာ လုပ်ကြံမှုအောင်မြင်ပြီဖြစ်ကြောင်း သတင်းပို့ခဲ့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသက်ကို ဖက်နှင့်ထုပ်၍ ခွေးပြေးဝက်ပြေး ပြန်ပြေးလာခဲ့ရာ ဘာလင်ရောက်ခါမှ 'ဟစ်တလာသေ-မသေ' မသဲကွဲသဖြင့် မူလစီစဉ်ထားသည့် ဘာလင်သိမ်းရေး အစီအစဉ်များ ဘာတစ်ခုမှမလုပ်ရသေးဘဲ ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်မှာ လဲသေချင်လောက်အောင် ဖြစ်သွားမိသည်။

သို့ဖြစ်ရာစတပ်ဖင်ဘတ်သည် ဟစ်တလာအမှန်တကယ်သေပြီ ဖြစ်ကြောင်း ဗိုလ်ချုပ်အောလ်ဘရစ်အား ပြောပြကာ ဘာလင်သိမ်းရေး အစီအစဉ်များကို အလောသုံးဆယ် အမြန်ဆုံးညွှန်ကြားရန် တိုက်တွန်းခဲ့ရသည်။

ဟစ်တလာအား ကိုယ်တိုင်လုပ်ကြံကာ ကိုယ်တိုင်မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရသည့် စတပ်ဖင်ဘတ်၏ စကားအရ၊ ဟစ်တလာသေပြီဟု အမှန်တကယ် ယုံကြည်ခဲ့သော အောလ်ဘရစ်သည် ဘာလင်မြို့စောင့်တပ်မှူး ဗိုလ်ချုပ်ဖရွမ်းထံ ကိုယ်တိုင်သွားရောက်ကာ ဘာလင်သိမ်းရေး အစီအစဉ်များကို ဦးစီးဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ဤတွင်လည်း ဗိုလ်ချုပ်ဖရွမ်းနှင့် ဗိုလ်ချုပ်အောလ်ဘရစ်တို့ အကြား 'ဟစ်တလာ သေမသေ'ဟူသော ပြဿနာပေါ်လာပြန်သည်။

'ဟစ်တလာသေပြီဆိုတာ တကယ်တဲ့လား'

'တကယ်ပါ ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ကိုယ်တိုင် ဗုံးဖောက်ခွဲခဲ့ပြီး ဟစ်တလာသေတာကို သူကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့ရတယ်လို့ ပြောပါတယ်'

ဗိုလ်ချုပ်ဖရွမ်းသည် 'မီးစင်ကြည့်က'မည့် လူစားမျိုးဖြစ်သည်။ ပို၍ ရှင်းအောင်ပြောရလျှင် ဟစ်တလာသေလျှင် တစ်မျိုးမသေလျှင် တစ်မျိုးဟူ၍ သဘောထားသည့်လူစားဖြစ်သည်။

သို့ဖြစ်ရာ 'ဟစ်တလာသေမသေ'ဟူသော ပြဿနာကို အမှန်ကန်ဆုံး သတင်းရနိုင်မည့်နေရာဌာနကို ဖုံးဆက်၍ စုံစမ်းကြည့်သည်။





...နေရာ ထိုဌာနမှာ ယနေ့နေ့လည်က ဗုံးပေါက်ကွဲခဲ့သော ဟစ်တလာ၏ ...ဝုက်ဌာနချုပ် ပင်ဖြစ်သည်။

ဤတွင် ဟစ်တလာဆန့်ကျင်ရေးသမားများအတွက် ကြမ္မာငင်ပြီဟုဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟစ်တလာ၏ မြို့ဝုက် ဌာနချုပ်တွင် လွန်ခဲ့သည့် ၃နာရီ သာသာလောက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့စဉ် စည်းဝေးခန်းမထဲ၌ ဟစ်တလာနှင့်အတူ ရှိနေခဲ့သော ဗိုလ်ချုပ်ကိုက်တဲလ်ကိုယ်တိုင် တယ်လီဖုံးကိုင် လိုက်သော ကြောင့်ဖြစ်သည်။

'ဟယ်လို. . . ဌာနချုပ်က ဗိုလ်ချုပ်ကိုက်တဲလ်ပါ . . . ပြောပါ'

'ဒီမယ်ဗိုလ်ချုပ် ကျွန်တော့ဆီကို အခုဘဲ ခေါင်းဆောင်ကြီး ဟစ်တလာ လုပ်ကြံခံရလို့ သေပြီဆိုပြီး သတင်းရောက်လာတယ်၊ ဒီသတင်းဟာ အမှန်ဘဲလား . . .'

'အလကားပါ . . . ဒီသတင်းဟာ အဓိပ္ပာယ်မရှိပါဘူး၊လုပ်ကြံမှု ဖြစ်တာတော့မှန်ပါတယ်၊ ဒါပေမဲ့ မအောင်မြင်ပါဘူး၊ ခေါင်းဆောင်ကြီး ဟစ်တလာလဲ မသေပါဘူး၊ ဒဏ်ရာနဲ့နဲ့ပါးပါးရရုံလောက်ပါဘဲ'

ဟစ်တလာဆန့်ကျင်ရေးသမားများ၏ ဂျူလိုင် ၂၀ရက်လုပ်ကြံမှု အစီအစဉ်ကြီးတစ်ခုလုံးမှာ ဤတွင် အဆုံးအဖြတ်ပေးပြီးဖြစ်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာတွင် 'ဟစ်တလာမသေ'ဟူ၍ အခိုင်အမာသိလိုက်ရသည်နှင့် တပြိုင်နက် ဗိုလ်ချုပ် ဖရွမ်းသည် ခေါင်းဆောင်ကြီးဟစ်တလာအပေါ်တွင် 'သစ္စာ' စောင့်သိသောအားဖြင့် လုပ်ကြံရေးသမားများ၏ အစီအစဉ်များကို ဖော်ထုတ်ပြင်းပယ်လိုက်သော ကြောင့်ဖြစ်သည်။

ဗိုလ်ချုပ်ဖရွမ်းသည် ဘာလင်မြို့တွင်းနှင့်မြို့ပြင် ပတ်ဝန်းကျင်ရှိ အမြန်တပ်သားများ အားလုံးကို အုပ်ချုပ်ကွပ်ကဲရသည့် မြို့စောင့်တပ်မှူးကြီး ဖြစ်ရာ သူကိုယ်တိုင်က ပူးပေါင်းပါဝင်ခြင်းမရှိဘဲ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်လိုက်သောအခါ၊ လုပ်ကြံရေးသမားများ၏ ဘာလင်သိမ်းေ
အစီအစဉ်မှာ လုံးဝမအောင်မြင်ဘဲ ပျက်ပြားသွားခဲ့ရသည်။
အလားတူပင်ထိုနေ့က 'ဟစ်တလာသေပြီ'ဟူ၍ တထစ်
ယုံကြည်ကာ လုပ်ကြံရေးသမား ဗိုလ်ချုပ်ကြီးများ၏ တာဝန်ပေးချက်အ
နာဇီအစိုးရ ဝါဒ ဖြန့်ချီရေး ဝန်ကြီးဂိုးဘဲလ်အား ဖမ်းဆီးရန် သွားရောက်
သော ဗိုလ်မှူးရမ္မားမှာလည်း 'ဟစ်တလာမသေ'ဟူ၍ အခိုင်အမာ သိ
သည်နှင့်တစ်ပြိုင်နက် ခေါင်းဆောင်ကြီး ဟစ်တလာဘက်မှ ရပ်တည်က
လုပ်ကြံရေးသမားများအား ပြန်လည်ဆန့်ကျင်ခဲ့သည်။
ဖြစ်ပုံမှာ ထိုနေ့က ဘာလင်တွင် လုပ်ကြံရေးသမားများသည်
'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာအပေါ်တွင် အငြင်းပွားက
အချင်းများနေကြသဖြင့် ဝန်ကြီးများရုံး၊ ဂက်စတာပို ဌာနချုပ်တွ
အသံလွှင့်ရုံ အပါအဝင် အရေးကြီးသော နေရာဌာနများသို့ သိမ်းပိုက်ခြ
မပြုဘဲ အချိန်ကုန်ခဲ့ကြသည်။ သို့ဖြင့်ညနေ ၅နာရီကျော်မှ မြို့စောင့်တပ်
တပ်ရင်းမှူး ဗိုလ်မှူး ရမ္မားဆိုသူသည် လုပ်ကြံရေးသမား ဗိုလ်ချုပ်ကြ
များ၏ တာဝန်ပေးချက် အရ ဟစ်တလာတကယ်သေပြီဟူ၍ ယုံကြ
ကာ ဝန်ကြီးများရုံးကိုသိမ်းပိုက်ရန်နှင့် ဝါဒဖြန့်ချီရေးဝန်ကြီး ဂိုးဘဲ
အားဖမ်းဆီးရန် သူ့လက်အောက်ရှိ တပ်သားများနှင့် အတူချီတက်လ
ခဲ့သည်။
သို့သော်လွန်ခဲ့သည့် နာရီပိုင်းအတွင်းကမှ ရှေ့တန်းစစ်မျက်
ဌာနချုပ်နှင့် တယ်လီဖုန်းအဆက်အသွယ်ရ၍ ဟစ်တလာနှင့် တိုက်ရို
စကား ပြောခဲ့ရပြီး အဖြစ်အပျက် အားလုံးကို အသေးစိတ်သိပြီး ဖြစ်ေ
သောဝန်ကြီး ဂိုးဘဲလ်သည် ပစ္စတိုသေနတ်များကို အသင့်ကိုင်ကာ မိ
ရုံးခန်းထဲသို့ ဝင်လာကြသော မြို့စောင့်တပ်မှူး ရမ္မားနှင့်အခြား တပ်
တစ်ယောက်ကို တွေ့လိုက် ရသောအခါ အခြေအနေကိုရိပ်မိပြီး အိ
မပျက် လက်ခံတွေ့ဆုံခဲ့သည်။





ပြီးမှဂိုးဘဲလ်ကပင်စတင်၍ လုပ်ကြံရေးသမားများ၏ တာဝန်
ပေးချက် အရ မိမိအား ဖမ်းဆီးရန်လာကြသည်ကို မိမိသိပြီးဖြစ်ကြောင်း
သို့သော် တပ်မှူးနှစ်ယောက်အပါအဝင် မိမိတို့အားလုံးသည် ခေါင်း
ဆောင်ကြီး ဟစ်တလာ အပေါ် သစ္စာစောင့်သိရိုသေပါမည်ဟူ၍ သစ္စာဆို
ထားခဲ့ကြသူများပီပီ ခေါင်းဆောင်ကြီး ဟစ်တလာအား သစ္စာဖောက်သည့်
လုပ်ကြံမှုကြီးကို အားမပေး သင့်ကြောင်း လုပ်ကြံရေးသမားများနှင့်
ပူးပေါင်းသင့်ကြောင်း စသည်များကို 'လေအေး'ဖြင့်စတင် ပြောကြား
သည်။
"ဒါပေမဲ့အခု ကျွန်တော်တို့ဟာ ခေါင်းဆောင်ကြီးဟစ်တလာ
အပေါ်မှာ သစ္စာစောင့်စရာမလိုတော့ပါဘူး။ ဒီနေ့ဘဲ ဌာနချုပ်မှာ
လုပ်ကြံမှုကြီး ဖြစ်လို့ ဟစ်တလာသေသွားပါပြီ . . . ."
ဗိုလ်မှူးရမ္မားက ဝန်ကြီးဂိုးဘဲလ်အား အထက်ပါအတိုင်း
ပြောဒက တက်လိုက်သည်။
"အိုး . . . . ဒါလုံးဝမဟုတ်ပါဘူး၊ ဟစ်တလာမသေပါဘူး။
ဌာနချုပ် မှာဘဲ ရှိနေပါတယ်၊ ခပ်စောစောကဘဲ ကျုပ်ကိုတယ်လီဖုန်းနဲ့
ကိုယ်တိုင် အမိန့်ပေးခဲ့ပါသေးတယ်"
"ဒါမဖြစ်နိုင်ပါဘူး၊ ဟစ်တလာသေပါပြီ၊ မရှိတော့ပါဘူး . . . ."
"ဟဲ . . . . ဒါဖြင့်ရင် ခေါင်းဆောင်ကြီး ဟစ်တလာနဲ့ ဗိုလ်မှူး
ကိုယ်တိုင်စကားပြောမလား . . . .၊ ကျုပ်တယ်လီဖုန်း ခေါ်ပေးမယ်
. . . ."
ဟစ်တလာတကယ်မသေသေးဘဲ အသက်ရှင်လျက်ရှိနေ
သည်ကို အခိုင်အမာသိထားသော ဝန်ကြီးဂိုးဘဲလ်သည် ရှေ့တန်းစစ်
ဌာန လှို့ဝှက် ဌာနချုပ်ကို ကောက်ခါငင်ခါ ဖုန်းလှမ်းဆက် လိုက်သည်။
ခဏအတွင်း စကားပြောခွက်ထဲမှ အသံတသံထွက်ပေါ်လာသည်။
"ကိုင်း . . . . ဟောဒီမှာ ခေါင်းဆောင်ကြီး ဟစ်တလာ



www.burmeseclassic.com

www.burmeseclassic.com



သေတယ် မသေဘူးဆိုတာ ရှင်းသွားအောင် ဗိုလ်မှူးကိုယ်တိုင် ခေါ်ဆောင်ကြီးနဲ့ စကားပြောကြည့်၊ ရော့ . . . ."

ဗိုလ်မှူးရမ္မားသည် ဂိုးဘဲလ်လှမ်းပေးလိုက်သော စကားပြောခွက်ကို ခပ်ကြောင်ကြောင်ဖြင့် လှမ်းယူလိုက်ပြီး စကားပြောကြည့်လိုက်သည်။

"ကျွန်တော် ဘာလင်မြို့စောင့် တပ်ရင်းမှူး ဗိုလ်မှူးရမ္မား ပါ. . .

"အော် . . . . အေး . . . . အေး. . . မင်းငါ့အသံကို မှတ်မိရဲ့လား . . . ."

ကောင်းကောင်းကြီးမှတ်မိပါသည်။ သေသေ ချာချာကြီးမှတ်မိသည်။ ဟစ်တလာ၏ အသံအစစ်ဖြစ်နေသည်။ ဟစ်တလာ မသေသေးဘဲ အသက်ရှင်လျက်ရှိနေသည်မှာ အမှန်ဖြစ်နေသည်။

ဤသို့ဖြင့် ဟစ်တလာသေပြီဟု တထစ်ချ ယုံကြည်၍ လုပ်ကြံရေး သမားများ၏အမိန့်ကိုနာခံခဲ့သော မြို့စောင့်တပ်ရင်း ရမ္မားသည် ဟစ်တလာ မသေကြောင်း အတိအကျသိရလျှင်သိရ ဟစ်တလာဘက်တော်သားအဖြစ် ကူးပြောင်းကာ၊ မူလအတိုင်း ဟစ်တလာ၏သစ္စာတော်ခံဘဝသို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။

ဤသို့ဖြင့် ၁၉၄၄ခုနှစ် ဇူလိုင်လ ၂၀ရက်နေ့က ဖြစ်ပွားခဲ့သော ဟစ်တလာလုပ်ကြံမှုကြီးတွင် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာသည် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးသည့် အဓိက ပြဿနာ ဖြစ်ခဲ့သည်။

စင်စစ်အားဖြင့်လည်း ထိုနေ့က ဗိုလ်မှူးကြီးစတပ်ဖင်ဘာ ဆောင်ထားခဲ့သော ချိန်ကိုက်ဗုံးပေါက်ကွဲခဲ့ရာ၌ ဟစ်တလာမှာကံကောင်း ထောက်မသဖြင့် အသက်မသေဘဲ ဒဏ်ရာအနည်းငယ်မျှသာ ရခဲ့သည်။ သို့ဖြင့် ဟစ်တလာအသက်မသေဘဲ လွတ်မြောက်သွားခြင်းကြောင့် လုပ်ကြံမှု အစီအစဉ်ကြီး တစ်ခုလုံးမှာ ပြိုကွဲပျက်စီးသွားခဲ့ရခြင်းဖြစ်သည်။





အကယ်၍သာ ထိုနေ့က ဗုံးပေါက်ကွဲရာတွင် ဟစ်တလာ သေဆုံး ခဲ့ပါက လုပ်ကြံမှုကြီး မုချအောင်မြင်မည်မှာ သေချာသည်။ အဆက်တည်းတွင် ဟစ်တလာသေဆုံး၍ လုပ်ကြံမှုကြီး အောင်မြင်ခဲ့ပါက ဂျာမနီနိုင်ငံနှင့် ဂျာမန် ပြည်သူများ၏ ကံကြမ္မာသည်လည်းကောင်း၊ ဒုတိယကမ္ဘာ စစ်ကြီး၏ သမိုင်းကြောင်းသည် လည်းကောင်း၊ မုချပြောင်း လဲသွယ်ရာပင်ရှိသည်။

မည်သို့ပင်ဖြစ်စေ ဟစ်တလာ၏ ဘဝခရီးလမ်းကြောင်း တလျှောက် တွင် ဤတတိယအကြိမ်မြောက် သူ့လက်အောက်ခံ ဗိုလ်ချုပ်ကြီးများအတွင်း ပေါ်ပေါက်ခဲ့သော 'ဟစ်တလာသေမသေ' ပြဿနာသည် ပို၍ အတိုင်းအတာ ပမာဏကြီးမားလှသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအကြိမ် 'ဟစ်တလာသေ-မသေ'ပြဿနာတွင် ဟစ်တလာမသေဘဲ ရှိခဲ့သဖြင့် လုပ်ကြံမှုကြီး ပျက်ပြားခဲ့ရာ လူပေါင်း ခုနှစ်ထောင်(၇၀၀၀)ကျော် ဖမ်းဆီးခြင်းခံ ခဲ့ရပြီး ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများဖြစ်ကြသော ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများ အပါအဝင်လူပေါင်း လေးထောင်ကိုးရာရှစ်ဆယ် (၄၉၈၀)တိတိ အသတ်ခံခဲ့ကြရသောကြောင့်တည်း။*

---

ဇူလိုင် ၂၀ရက်နေ့ ဟစ်တလာလုပ်ကြံမှုကြီးနှင့်ပတ်သက်၍ ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများ၏ ကြံစည်ကြိုးပမ်းချက်များ လုပ်ဆောင်ချက်များနှင့် နောက်ဆက်တွဲ အဖြစ်အပျက်များကို စာရေးသူ၏ 'မှောင်မိုက်သောနေ့ရက်များ' (ဟစ်တလာလုပ်ကြံမှု)စာအုပ်တွင် အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဤမျှအတိုင်းအတာကြီးမားလှသည့် 'ဟစ်တလာသေ-မသေ' ဟူသော ပြဿနာသည် ယခုတဖန် ၁၉၄၅ခုနှစ် မေလဂျာမန်တို့ လက်နက်ချပြီးသည့် အချိန်မှစ၍ စတုတ္ထအကြိမ် ထပ်မံပေါ်ပေါက်လာပြန်ပေပြီ။

တကြိမ် နှစ်ကြိမ်မျှမက သုံးကြိမ်မှ လေးကြိမ်ထိ 'ဟစ်တလာသေ-မသေ'ဟူ၍ အကြိမ်ကြိမ်ပြဿနာပေါ်ခဲ့သည်ဖြစ်ရာ 'တစ်သက်မှာ တစ်ခါ သေရတာဘဲ'ဟူ၍ စကားသည် ဟစ်တလာအတွက် အမှားကြီး မှားနေပြီဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် 'တစ်သက်မှာ လေးခါသေခဲ့ရသူ" ဖြစ်နေသောကြောင့်တည်း။

သို့သော် ယခုစစ်ကြီးပြီးသည့်နောက် စတုတ္ထအကြိမ်ပေါ်ပေါက်လာသော 'ဟစ်တာသေ-မသေ'ပြဿနာသည် နောက်ဆုံးအကြိမ် ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ အကြောင်းသော်မူ ယခုတကြိမ် 'ဟစ်တလာသေမ-သေ' ဟူသော ပြဿနာတွင် 'ဟစ်တလာသေပြီ'ဟူ၍ တစ်ယောက်သောသူက ပထမဆုံး အကြိမ် အတိအကျ အခိုင်အမာ အထင်အရှား ထုတ်ဖော်တင်ပြလိုက်သော ကြောင့်ဖြစ်သည်။

သူ၏အမည်မှာ ထရီဗာ-ရိုပါဖြစ်သည်။

❄ ❄ ❄





## ဟစ်တလာ အလောင်းဘယ်မှာလဲ

သူ၏အမည်မှာ ထရီဗာ-ရိုပါဖြစ်သည်။

သူသည် အင်္ဂလန်နိုင်ငံ အောက်စ်ဖို့မြို့မှ ချာတာဟောက်စ်နှင့် ရေစ့ချာ့ချ်ကျောင်းများတွင် ပညာဆည်းပူးခဲ့၍ အောက်စ်ဖို့တက္ကသိုလ် ဘတ္တန်ကောလိပ်မှ သုတေသနအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ နောင်အခါ၌ ရေစ့ချာ့ချ် ကျောင်းဆောင်တွင် သမိုင်းပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည့် သမိုင်းသုတေသီ ပညာရှင်တစ်ဦးလည်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ထရီဗာ-ရိုပါသည် ဗြိတိသျှ တပ်မတော်တွင် ထောက်လှမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့ရာ စစ်ကြီးပြီး ဆုံးသည့်အချိန်၌ သူသည် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ဗြိတိသျှ ထောက်လှမ်း ရေးအဖွဲ့နှင့်အတူ ရောက်ရှိနေခဲ့သည်။

ဤတွင် ဂျာမနီနိုင်ငံရှိ ဗြိတိသျှထောက်လှမ်းရေး အာဏာပိုင်များသည် ထရီဗာ-ရိုပါအား တာဝန်တစ်ရပ်ပေးအပ်ခဲ့ကြသည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မှာ အခြား မဟုတ် ဂျာမန်တို့ လက်နက်ချခဲ့ကြ၍ စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် ဂျာမနီနိုင်ငံ တဝှမ်းလုံးနှင့် ဥရောပတတိုက်လုံးတွင် ဖြစ်ပေါ်နေသော 'ဟစ်တလာ သေ-မသေ' ပြဿနာကို အရင်းအမြစ်မှစ၍ အခြေခံကာ အမှန်အတိုင်း ထောက်လှမ်း စုံစမ်းဖော်ထုတ်ရန်ပင်ဖြစ်သည်။

ထိုအချိန် ထိုအခါက အာဏာရှင် ဟစ်တလာနှင့်ပတ်သက်၍ ဂျာမနီနှင့်တကွ ဥရောပတစ်တိုက်လုံးတွင် အထက်တစ်နေရာ၌ ဖော်ပြခဲ့ပြီးဖြစ်သည့် အတိုင်း လူတိုင်း၏ပါးစပ်ဖျားမှ ကောလဟာလအမျိုးမျိုး အဖြစ်အပျက် အစုံစုံနှင့် သတင်းအဖုံဖုံတို့ကို 'ယုံချင်ယုံ မယုံချင်နေ'ဟူ၍ သဘောထားကာ တစ်ယောက်တစ်ပေါက်ပြောကြလျက် ရှိနေကြသည်။ ဟစ်တလာသည် ကိုယ့်ကိုယ်ကို သတ်သေသွားပြီဟူ၍လည်းကောင်း၊ ဘာလင်မြို့ကြီးကို ခုခံကာကွယ်ရင်း တိုက်ပွဲ၌ကျဆုံးသွားပြီဟူ၍လည်းကောင်း ဂျာမန်စစ်ဗိုလ်များက ပစ်သတ်လိုက်ကြသဖြင့် သေဆုံးသွားပြီဟူ၍လည်းကောင်း၊ သတင်းအမျိုးမျိုး ဖြစ်ပွားလျက်ရှိသည်။ သို့သော် ယနေ့ထက်တိုင် ဟစ်တလာ၏ အလောင်းကို ရှာမတွေ့ဘဲဖြစ်နေပြန်ရာ၍ အချက်ကို အကြောင်းပြု၍ ဟစ်တလာသည် မသေဘဲ ရုပ်ဖျက်ပြီး ဘာလင်မှ လေယာဉ်ပျံဖြင့် ထွက်ပြေးပြီဟူ၍တစ်မျိုး၊ ရေငုပ်သင်္ဘောတစင်းဖြင့် တိတ်တဆိတ် ရှောင်တိမ်းသွားသည်ဟူ၍တဖုံ၊ ဂျာမနီနိုင်ငံထဲမှာပင် ပုန်းအောင်းနေသည်ဟူ၍တနည်း၊ ကိုယ်နှင့်နီးစပ်ရာမှ ကြားကြားသမျှကို ယုတ္တိတန်သည် မတန်သည်ကို မဝေဖန်တော့ဘဲတဆင့် ပြန်၍ ဖောက်သည်ချနေကြသည်။

အထူးသဖြင့် ဟစ်တလာသေပြီဆိုသည်ကို လုံးဝမယုံကြည်သူများနှင့် လက်မခံနိုင်သူများ တနေ့တခြားပေါ်များလာခဲ့ရာ အမေရိကန်ပြည်ထောင်စုမှ ဆီးနိတ်ခေါ် အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သော သီယိုဘီလ်ဘိုဆိုသူသည် ဟစ်တလာအား ဆုငွေထုတ်၍ ဖမ်းဆီးရန်ပင် ကြံစည်ခဲ့သေးသည်။ လွှတ်တော် ဇမတ်သီယိုဘီလ်ဘိုက မိမိသည်





စ်တလာသေပြီဆိုသော သတင်းကိုလုံးဝ အယုံအကြည်မရှိကြောင်း၊ ဖြစ်၍ ဟစ်တလာကို မိအောင်ဖမ်းဆီးပြီး စစ်ခုံရုံးတွင် စစ်ဆေးကာ သာဒဏ်ပေးသင့်ကြောင်းဖြင့် အတိအလင်းထုတ်ဖော် ပြောပြခဲ့သည်။ မှုသာမက သူသည် ဟစ်တလာမသေသေးဘဲအသက်ရှင်လျက် ရှိနေ ည်ဟူ၍ မည်မျှယုံကြည်နေခဲ့ပါသနည်းဟူမူ ၁၉၄၅ခုနှစ်၊ ဩဂုတ်လ တွင်းက အမေရိကန်ကွန်ကရက်လွှတ်တော်သို့ အဆိုတစ်ရပ်ပင် င်သွင်းရန် စီစဉ်ခဲ့သည်၊ ယင်းအဆိုမှာ အခြားမဟုတ် 'ဂျာမနီ အာဏာ င် ဟစ်တလာအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်သူအား ည်သူ့ကိုမဆို ဆုငွေအဖြစ် ရွှေဒင်္ဂါးပေါင် ၂၅၀,၀၀၀ (နှစ်သိန်းငါးသောင်း) ပေးမည်ဟူ၍ အမေရိကန်အစိုးရက ကြေငြာရန်'ဟူသော အဆိုပင် ဖြစ် ည်။

ဟစ်တလာမသေသေးဟူ၍ ယုံကြည်နေသူများမှာ ဤရွေ့ဤမျှ င် ဖြစ်ခဲ့ကြသည်။

ဤသို့သော ကောလဟာလအမျိုးမျိုးဖြစ်ပွားနေခိုက်မှာပင် တိသျှ ထောက်လှမ်းရေးအရာရှိ ထရီဗာရိုပါသည် 'ဟစ်တလာသေ- သေ'ကို ခြေရာ ကောက်၍ ထောက်လှမ်းခဲ့ရသည်။

၁၉၄၅ စက်တင်ဘာလမှစတင်၍ ၁၉၄၆ခု မတ်လ ဧပြီလအထိ ရီဗာရိုပါသည် ခြောက်လကျော်မျှ 'ဟစ်တလာသေ-မသေ'ဟူသော ဿနာ၏ အဖြေကိုရှာဖွေထောက်လှမ်းစုံစမ်းမေးမြန်းခဲ့ရသည်။

သူသည် ဤခြောက်လကျော်မျှကာလအတွင်း ဘာလင်မြို့ကြီး စ်မြို့လုံးကို ပိုက်စိပ်တိုက်သွားလာ၍လည်းကောင်း၊ ဂျာမနီနိုင်ငံ တစ်ခွင် ၌ စင်အောင် လှည့်လည်၍လည်းကောင်း၊ လူမျိုးစုံတို့ကို တွေ့ဆုံ မြန်းခဲ့သည်၊ ဂျာမနီတစ်နိုင်ငံလုံးနှင့်တကွ ဥရောပတစ်တိုက်လုံးရှိ ပုန်းစခန်းများသို့လည်း ဥဒဟိုသွားရောက်ကာ မဟာမိတ်တို့ ဖမ်းဆီးခြင်းခံနေကြရသည့် ဂျာမန်လူမျိုးများနှင့် ဂျာမန်စစ်ဗိုလ်

www.burmeseclassic.com



စစ်သား့များအနက် ဟစ်တလာ၏ ထမင်းချက် ကားမောင်းသမားမှအစ ဗိုလ်ချုပ်ကြီးများအထိ မျက်နှာချင်းဆိုင်တွေ့ဆုံ၍ အသေးစိပ်အချက်အလက်များကို စုံစမ်းခဲ့သည်။ ထို့ပြင်ဘာလင်ပဲရစ်နှင့် လန်ဒန်အပါအဝင် ဥရောပတိုက်မှ မြို့ကြီး ပြကြီးများတွင် အခြေစိုက်တပ်စွဲထားကြသည့် မဟာမိတ် စစ်ဌာနချုပ်များ၌ ဂျာမန်တို့ထံမှ သိမ်းဆီးရမိခဲ့သော တောင်ပုံရာပုံရှိနေသည့် စာရွက် စာတမ်းဖိုင်တွဲမှတ်စုမှန်သမျှကိုလည်း သွားရောက်ကြည့်ရှုကာ လေ့လာ ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ရသည်။

သို့ဖြစ်၍လည်း ထရီဗာ-ရိုပါသည် သူ၏မနေမနား အားသွန်ခွန်စိုက် ကြိုးပမ်းမှုများကြောင့် နာဇီဂျာမနီအာဏာရှင်ကြီး ဟစ်တလာနှင့် သူ၏ တိတ်တိတ်ပုန်းမယားအဖြစ် နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သော အီဗာဘရွန်းတို့ ပေငါးဆယ်နက်သည့် မြေအောက်ပုန်းကျင်းထဲတွင် ထူးခြားဆန်းကျယ်စွာ လက်ထပ်ခဲ့ကြသည့် လက်ထပ်စာချုပ်ကိုငင်း၊ ဟစ်တလာမသေမီ နောက်ဆုံး ရေးသား ထားရစ်ခဲ့သည့် ဟစ်တလာ၏ သေတမ်းစာ မိတ္တူကိုငင်း၊ ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

နောက်ဆုံး၌ ထရီဗာရိုပါသည် ၁၉၄၅ခုနှစ် ဧပြီလအတွင်း ဘာလင် မြို့ကြီးကို ဆိုဗီယက်တပ်နီတော်က အလုံးအရင်းဖြင့် ဝိုင်းဝန်းတိုက်ခိုက်၍ သိမ်းပိုက်လာချိန်၌ 'ဟစ်တလာနှင့်တကွ သူ၏ နောက်လိုက်နောက်ပါ ခြွေရံ သင်းပင်းများသည်၊ ဘာလင်မြို့အစိုးရ ဂေဟာဝင်းအတွင်းရှိ မြေအောက်ပုန်း ကျင်းထဲတွင် မည်သို့မည်ပုံ တုန်လှုပ်ချောက်ခြားဘွယ်ရာ နေထိုင်သွားခဲ့ကြ၍ မည်သို့မည်ပုံ ဇာတ်သိမ်းသွားခဲ့ကြသည်များကို 'ဟစ်တလာ၏ နောက်ဆုံး နေ့ရက်များ'ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့သည်။

အဆိုပါ 'ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များ'အမည်ရှိ





စာအုပ်ကို ၁၉၄၇ခုနှစ် မတ်လတွင် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရာ ဟစ်တလာအကြောင်း ကောလဟလပေါင်း သောင်းခြောက်ထောင်ဖြစ်နေသည့် ထိုအချိန်ထိုအခါတွင် ထရီဗာ-ရိုပါ၏ ထိုစာအုပ်သည် အင်္ဂလိပ်-အမေရိကန်စသော နိုင်ငံကြီးများတွင် အကြီးအကျယ်ဂယက်ရိုက်၍ အရောင်းရအတွင်ကျယ်ဆုံးစာအုပ်အဖြစ် လက်မလယ်အောင် ဖြစ်သွားခဲ့သည်။ သို့ဖြင့် ထိုစာအုပ်ကို ၁၉၅၀ ခုနှစ် ဂျွန်လတွင် ဒုတိယအကြိမ်နှင့် ၁၉၅၂ ခု ဩဂုတ်လတွင် တတိယအကြိမ် ပြန်လည်ရိုက်နှိပ်ခဲ့ရသည်။

ထိုစာအုပ်သည် ထိုသို့ဖြစ်မည်ကိုကဖြစ်လောက်သည်။ အဘယ့်ကြောင့်ဆိုသော် စစ်ကြီးပြီးဆုံးခဲ့သည့်အချိန်မှစ၍ ၂နှစ်တာ ရှိသော အချိန်အတွင်း အာဏာရှင် ဟစ်တလာ၏ နောက်ဆုံး ဇာတ်သိမ်းခန်းနှင့် ပတ်သက်၍ ထရီဗာ-ရိုပါ၏စာအုပ်သည် အချက်အလက်အပြည့်စုံဆုံး အထောက်အထားအခိုင်လုံဆုံးနှင့် အဖြစ်အပျက် အမှန်ကန်ဆုံး စာအုပ် ဖြစ်သည်ဟူ၍ သတ်မှတ်လက်ခံခဲ့ကြသောကြောင့်ဖြစ်သည်၊ အထူးသဖြင့် ထရီဗာ-ရိုပါသည် သူ၏စာအုပ်ထဲတွင် 'ဟစ်တလာသေပြီ' ဟု၍ တိတိကျကျ ပြတ်ပြတ်သားသားဖော်ထုတ်တင်ပြခဲ့ရာ 'ဟစ်တလာ သေ-မသေ'ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ နောက်ထပ်စောဒကတက်စရာ လုံးဝမရှိအောင် တိကျလှသည်ဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အဘို့ရာ၌ ဟစ်တလာရေးရာနှင့် ပတ်သက်လျှင် လူတိုင်းက စံထားရသည့် သမိုင်းသုတေသီပညာရှင် တစ်ဦးဖြစ်သော ထရီဗာရိုပါ၏ အဆိုပါ သမိုင်းဝင်စာအုပ်မှ စိတ်ဝင်စားဘွယ်ရာ တုန်လှုပ်ချောက်ခြားဘွယ် ရာနှင့် ထူးခြားဆန်းကျယ်လှသည့် အဖြစ်အပျက်များပါဝင်နေသည့် 'ဟစ်တလာ သေဆုံးခြင်း'ဟူသော အခန်းကို အောက်တွင်တဆင့် ပြန်လည်ထုတ်နှုတ်တင်ပြလိုက်ရပေသည်။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာသေဆုံးခြင်း

မြေအောက်ပုန်းကျဉ်းထဲမှ ဗွန်ဘဲလိုး * ပြန်လည်ထွက်ခွာ သွားသော အခါ ဟစ်တလာသည်သူ၏ ဇာတ်သိမ်းခန်းအတွက် အစ ပြင်ဆင်ပြီးဖြစ်ပေပြီ။ ယနေ့တစ်နေ့လုံး အပြင်လောကမှ နောက်ဆုံး သတင်းများသည် ပုန်းကျင်းထဲသို့ အဆက်မပြတ်ရောက်ရှိ ကြားသိနေရ ပေသည်။

'မူဆိုလီနီကား သေဆုံးခဲ့ပေပြီ၊ သူသည် ဖက်ဆစ်ဝါဒ၏ သံတော် ဆင့်ကြီးဖြစ်၏။ ရာဇဝတ်မှုကျူးလွန်ရာ၌ ဟစ်တလာနှင့် လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့၏။ ထို့ပြင်ခေတ်သစ်ဥရောပတွင် အာဏာရှင်စနစ်၏ အလားအလာ များကို ဟစ်တလာအားရှေးဦး ပထ ဖော်ထုတ်တင်ပြခဲ့သူလည်းဖြစ်၏။ ထို့မှတပါး ဟစ်တလာအား ရှုပ်ထွေ နေသော ဖြစ်ရပ်များနှင့် ရှုံးနိမ့်နေသော အခြေအနေများမှ အချိန်မီ လွန်မြောက်၍ ထွက်ပေါက်ရစေရန် ညွှန်ပြခဲ့သူလည်း ဖြစ်၏။ ဤသို့သော ပုဂ္ဂိုလ်ကြီးဖြစ်သည့် မူဆိုလီနီသည် ယခုသော်မူ ကြမ်းကြုတ်ရက်စက် သူများကျဆုံးသည့် အခါသမယ၌ မည်သို့သော ကံကြမ္မာမျိုးနှင့် ကြုံတွေ့ရတတ်သည်ကို သတိပေးအချက်ပြသကဲ့သို့ အထင်အရှား ပြသ နေပေပြီ။

'မူဆိုလီနီနှင့် သူ၏ဇနီးဖြစ်သူ ကလာ့ရာပက်တက်စီတို့သည် အီတလီမြောက်ပိုင်းတွင် အထွေထွေပုန်ကန်ထကြွမှုကြီး ဖြစ်ပွားရာ၌ ပုန်ကန်သူဘက်တော်သားများ၏ ဖမ်းဆီးခြင်းခံခဲ့ကြရပြီးအသတ်ခံခဲ့ကြ ၏။

ထို့နောက် သူတို့၏အလောင်းများကို မီလန်မြို့ဈေးလယ်ခေါ

* စစ်ကြီးဖြစ်ပွားခဲ့သည့်အချိန်မှစ၍ ဟစ်တလာ၏ လူယုံတော်ဖြစ်လာခဲ့သော ဂျာမန်လေတပ်မှ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။ ။စာရေးသူ





ဖောက်ထိုးဆွဲ၍ တွဲလောင်းချကာ ပြသထားခဲ့ရာ၊ ဒေါသအမျက် ချောင်းချောင်းထွက်၍ မကျေမချမ်းဖြစ်နေကြသော လူအုပ်ကြီးက အလောင်းများကို ကန်ကျောက် ရိုက်နှက်ခဲ့ကြ၏။

'အကယ်၍သာ ဟစ်တလာနှင့် အီဗာဘရွန်းတို့သည် ယင်းအ အပျက်များကို အသေးစိတ်သိရှိခဲ့ကြမည်ဆိုပါက သူတို့ထုတ်ပြန် ပြီးဖြစ်သော အမိန့်များကို ထပ်မံထုတ်ပြန်ကြဦးမည်ဖြစ်၏။ ယင်း မိန့်များကား သူတို့၏ အလောင်းများကို 'ဘာတစ်ခုမှ အစအနမကျန်ရ အောင်' ဖျောက်ဖျက်ပစ်ရန်နှင့် 'လူထုကြီး၏ဖောက်လွဲဖောက်ပြန်ဖြစ်နေ သော စိတ်ဓါတ်များကို အာရုံပြောင်းသွား စေရန်အတွက် အသစ်အဆန်း ခုခုကို ပြသလိုသည့် ရန်သူ့လက်တွင်းသို့ ကျွန်ုပ်ခန္ဓာကိုယ်ကို ရောက်စေရ'ဟူသော အမိန့်များပေတည်း . . . ။

* * * * * *

'ထိုနေ့မွန်းလွဲပိုင်းတွင် ဟစ်တလာသည် သူ၏အချစ်တော် လွန်ဒီ အမည်ရှိ အယ်လ်ဇေးရှင်းခွေးကြီးကို သုတ်သင်ခိုင်းလိုက်၏။ ခင်က သူ၏ ဆရာဝန်အဖြစ် အမှုထမ်းခဲ့ဘူး၍ ယခုဘာလင်မြို့တွင် ၏ဆေးခန်း၌ ဒဏ်ရာ ရသူများအား ခွဲစိပ်ကုသပေးနေသော ဆရာဝန် ဖက်ဆာ ဟာဆီသည် မြေအောက်ပုန်းကျင်းသို့ ရောက်လာပြီး ဆိုပါခွေးကြီအား အဆိပ်ကျွေး၍ သုတ်သင်ပစ်ခဲ့ရ၏။ ထို့ပြင် ပုန်းကျင်းထဲတွင် ရှိနေသော အခြားခွေး နှစ်ကောင်ကိုလည်း သူတို့ စောင့်ရှောက်ကြရသည့် တပ်ကြပ်စစ်သားက သေနတ်ဖြင့် ပစ်သတ် ပေသည်။

'ထို့နောက် ဟစ်တလာသည် သူ၏အတွင်းရေးမှူးနှစ်ယောက် တကယ့်အရေးတွင် အသုံးပြုရန်အတွက် အဆိပ်ပါသည့် ဆေးတောင့် လေးများပေးခဲ့၏။ ထိုသို့အဆိပ်တောင့်ကလေးများပေးရင်း ဟစ်တလာ



www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ ခွဲခွာ ခါနီးတွင် သည့်ထက်ပို၍ကောင်းမွန်သည့် လက်ဆောင် များမပေးရသည့် အတွက် ဝမ်းနည်းကြောင်းနှင့် သူတို့၏ သစ္စာရှိမှု အတွက် ချီးကျူးပြောဆိုကာ သူ၏ ဗိုလ်ချုပ်ကြီးများသည် သူတို့ကဲ့သို့ပင် သစ္စာရှိကြမည်ဆိုပါက အတိုင်းထက် အလွန်ကောင်းမွန်မည်ဖြစ်ကြောင်း ထပ်လောင်း၍ အလေးအနက်ပြောကြား သွားခဲ့သေး၏။

'ညနေပိုင်းတွင် အပြင်ဘက်ပုန်းကျင်းနှစ်ခု၌ နေထိုင်ကြသူများ သည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ပုန်းကျင်းထဲမှ စားသောက်ခန်းကြီး ထဲတွင် ညစာစားနေကြခိုက် လုံခြုံရေးအစောင့်တပ်သားတစ်ယောက် ရောက်လာပြီး၊ ခေါင်းဆောင်ကြီးက အမျိုးသမီးများအား နောက်ဆုံး နှုတ်ဆက်လိုသဖြင့် အမိန့်တစ်စုံတစ်ရာမရမခြင်း မည်သူမျှအိပ်ရာ မဝင် ကြရန် ပြောကြားသွားခဲ့၏။ နံနက် နှစ်နာရီခွဲအချိန်တွင် အမိန့်ရောက် လာပြီး မြေအောက်ပုန်းကျင်းထဲသို့ လာရောက်စုဝေးကြရန် တယ်လီဖုန်း ဖြင့် ဆင့်ခေါ်လိုက်၏။ သို့ဖြင့်အရာရှိများနှင့် အမျိုးသမီးများအပါအဝင် လူပေါင်းနှစ်ဆယ်ခန့်သည် စောစောက ထမင်းစား ခန်းကြီးထဲမှာပင် ထပ်မံစုရုံးရောက်ရှိလာကြပြန်၏။

'အားလုံးလူစုံသည့်အခါ ဟစ်တလာသည် ပုန်းကျင်းထဲရှိ သူ့အတွက် သီးသန့်နေရာမှ ထွက်လာပြီး ဘောမန်းနှင့်အတူ ထမင်းစား ခန်းထဲသို့ ဝင်လာကြသည်။

'သူသည် ခန်းမကြီးထဲသို့ ငြိမ်သက်စွာပင် ဝင်လာပြီး အမျိုး သမီး အားလုံးကို တစ်ယောက်မကျန် လိုက်လံ၍ လက်ဆွဲနှုတ်ဆက် လေသည်။ အမျိုး သမီးအချို့က သူ့ကိုလှမ်း၍ စကားပြောကြပါသေး၏။ သို့သော် သူကမူ စကား တစ်လုံးမှ ပြန်မပြော ပြောသည့်တိုင်အောင်လည်း ပါးစပ်လှုပ်ရုံမျှ။ အသံတိုးလွန်းလှ သဖြင့် မည်သူမျှ သဲသဲကွဲကွဲမကြား လိုက်ကြရပေ။ ထိုနေ့ထိုရက်များက စကား မပြောဘဲ တိတ်ဆိတ်





ငြိမ်သက်စွာဖြင့် လက်ဆွဲနှုတ်ဆက်သည့် နှုတ်ဆက်ခြင်း မျိုးမှာ အဆန်း တကျယ်မဟုတ်တော့ဘဲ ရိုးနေခဲ့ပေပြီ။

'သူပြန်ထွက်သွားသောအခါ ဤထူးခြားဆန်းကျယ်သော မြင်ကွင်းကို မြင်တွေ့လိုက်ကြရသူများသည် အတန်ကြာသည့်တိုင် အဓိပ္ပာယ်အမျိုးမျိုး ကောက်ကာ တစ်ယောက်တစ်ပေါက်ပြောရင်း ကျန်ရစ်ခဲ့ကြသည်။ သို့သော် နောက်ဆုံး၌ ဤသည်မှာတစ်ခုတည်းသော အဓိပ္ပာယ်ပင်ဖြစ်ကြောင်း အားလုံး သဘောတူတညီတညာတည်း ပြောဆိုကြ၏။ ယင်းမှာခေါင်းဆောင်ကြီး ဟစ်တလာသည် ကိုယ့်ကိုယ်ကို အဆုံးစီရင်တော့မည်ဟူသော အဓိပ္ပာယ်ပင်တည်း။

'ဤတွင်မမျှော်လင့်သော အရာတစ်ခု ဖြစ်ပွားလာခဲ့၏။ ဤမြေအောက် ပုန်းကျင်းထဲတွင် နေထိုင်လျက်ရှိသူများအဖို့ သူတို့ ၏ခေါင်းပေါ်တွင် ကျရောက်တင်ရှိနေခဲ့သော ဧရာမလေးလံကြီးမား သည့် ဝန်ထုပ် ဝန်ပိုးကြီးသည် တမဟုတ်ခြင်း လွင့်စင်ပျောက်ကွယ်သွား သကဲ့သို့ ခံစားလိုက်ကြ၏။ သို့ဖြစ်၍လည်း စစ်သားများနှင့် ကိုယ်ရံ တော်တပ်သားများသည် သူတို့ စားကြ သောက်ကြသည့် အစိုးရဂေဟာ အတွင်းမှ စားသောက်ဆိုင်တွင် စုဝေးကြပြီး နောက်ကကြခုန်ကြသော ခု၏။ ဆူဆူညံညံ မလုပ်ကြရန် သူတို့ထံသို့ ခေါင်းဆောင်ကြီး၏ ပုန်းကျင်းရှိရာမှ အမိန့်ရောက်လာသေး၏။ သို့သော်ကပွဲမှာ အရှိန်မပျက် ဆက်၍ ကမြဲကနေကြလေသည်။

'ထိုနေ့နံနက် နောက်ပိုင်းတွင်မူ တနေ့တာအတွက် လုပ်ရန် ရှိသည်များကို စတင်လုပ်ကိုင်ခဲ့ကြရာ၌ ခါတိုင်းကဲ့သို့ပင် ဗိုလ်ချုပ်ကြီးများ သည် ပုန်းကျင်းရှိရာသို့ သူတို့၏ စစ်ရေးစစ်ရာ အစီရင်ခံချက်များနှင့် အတူ ရောက်ရှိ လာကြလေသည်။ အစိုးရဂေဟာမှ အစောင့်တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ် မွန်ကေးက အခြေအနေအနည်းငယ်မျှ ထူးခြားကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



လာကြောင်း အစီရင်ခံခဲ့၏။ ရှယ်လီစစ္စချာ ဘူတာရုံကို ရုရှားတို့ လက်
ပြန်လည်သိမ်းပိုက်နိုင်သည့် သတင်း ဖြစ်၏။ သို့သော် အခြားအခြားသော
ဒေသများတွင်မူ စစ်ရေးအခြေအနေမှာ ထူးမခြားနားပင် . . . .'

'မွန်းတည့်ချိန်လောက်တွင် ရောက်ရှိလာသော သတင်းများမှ
ပို၍ ဆိုးဝါးလာ၏။ ဖရိုက်ဒရစ်လမ်းရှိ မြေအောက်မီးရထားဘူတာရုံ
ရုရှားတို့ လက်တွင်း ကျရောက်သွားပြီဖြစ်၏။ အစိုးရဝေဟာနှ
ကပ်နေသော ဗော့စ်လမ်းမှ မြေအောက်မီးရထားလမ်းကိုလည်း ရုရှားတို့
သိမ်းပိုက်လိုက်ပြီဖြစ်၏။'

'ဟစ်တလာသည် ဤသတင်းများကို မလှုပ်မယှက်ပင် န
ထောင်နေခဲ့ပေသည်။'

'နေ့လည် ၂နာရီခန့်တွင် ဟစ်တလာသည် နေ့လည်စာ စ
သောက်ခဲ့ရာ ထိုအချိန်တွင် အီဗာဘရွန်းသည် သူနှင့်အတူ မရှိပေ၊ သူ
သည် မဆာ၍ပင် နေ့လည်စာမစားဘဲ နေလေသလော သို့တည်းမဟုတ်
သူမ၏အခန်းထဲ မှာပင် တစ်ယောက်တည်းနေ့လည်စာ စားနေလေ
သလောမသိရပေ။

'ဟစ်တလာသည် ခါတိုင်းကဲ့သို့ပင် သူမ မပါဘဲ သူ၏ အတွင်
ရေးမှူးနှစ်ယောက်နှင့် ထမင်းချက်တို့နှင့်အတူ နေ့လည်စာ စားလ
ရှိ၏။ . . . . ဟစ်တလာသည် တိတ်တိတ် ဆိတ်ဆိတ်ရှိလှ၍ သူ
အကြံအစည်များကိုလည်း ဘာတစ်ခွန်းမှမပြောဘဲ ရှိနေ၏။ မည်သို့
ဖြစ်စေ နီးကပ်လာပြီဖြစ်သော အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်
များမှာ အားလုံးပြီးဆုံးခဲ့ပေပြီ။'

'နံနက်ခင်း ကတည်းကပင် အစောင့်တပ်သားများအား နော
တစ်ကြိမ် မြေအောက်ပုန်းကျင်း၏ စင်္ကြံလမ်းများတွင် ဖြတ်သန်းသွားလာ
ခွင့်ပြုမည်မဟုတ်သဖြင့် ထိုနေ့အတွက် ရသင့်ရထိုက်သည့် ရိက္ခာများ





တပါတည်းထုတ်ယူသွားကြရန် အမိန့်ပေးထားခဲ့ပြီးဖြစ်သည်။ ထို့နောက်
နေ့လည်စာ စားချိန်လောက်တွင် ဟစ်တလာ၏ လုံခြုံရေးတပ်မှူး ဂွမ်ခဲ
သည် ဟစ်တလာ၏ ပို့ဆောင်ရေးတာဝန်ခံဖြစ်သူ ကားမောင်းသမား
အီရစ်ကင့်ပကား အား အစိုးရဝေဟာ ပန်းခြံထဲသို့ ဓါတ်ဆီလစ်တာ
၂၀၀(ဂါလံ၃၀)ကျော် ပို့ပေးရန် အမိန့်ပေးလိုက်သည်။ ကင့်ပကားက
ဤလိုအချိန်မျိုးတွင် ဤမျှ များပြားသော ဓါတ်ဆီများကို ရရန်
မလွယ်ကြောင်း၊ စောဒကတက်သေးသည် သို့သော် ဖြစ်သည့်နည်းဖြင့်
ရအောင်ရှာခဲ့ရမည်ဟု အမိန့်ပေးလိုက်၏။

'ကင့်ပကားသည် ဓါတ်ဆီလစ်တာ ၁၈၀သာရှာဖွေခဲ့ရာ ရသမျှ
ကို ပန်းခြံထဲသို့ ပို့ပေးခဲ့၏။ ဓါတ်ဆီထည့်ထားသော ပုံးများကို
လူလေးယောက်ဖြင့် သယ်ယူကာ မြေအောက်ကပုန်းကျင်း၏အရှေ့ပေါ်
ထွက်ပေါက်အနီးတွင် ချထားပေးခဲ့ရသည်။ ထို့နောက် ခဏအကြာတွင်
တာဝန်ကျသည့် အစောင့် စစ်သားများမှတပါး ကျန်အားလုံးတို့ကို အစိုးရ
ဝေဟာမှ ထွက်သွားကြရန် အမိန့် ထုတ်လိုက်၏။ နောက်ဆုံးအဖြစ်အပျက်
မြင်ကွင်းကို မည်သူတစ်ဦးတစ်ယောက် မှမတော်တဆ တွေ့မြင်သွားခြင်း
မရှိရန် စီစဉ်လိုက်ခြင်းပေတည်း။

'ထိုအခိုက် ဟစ်တလာသည် နေ့လည်စာစားပြီးပြီဖြစ်၍ သူနှင့်
အတူ စားသောက်ကြသူများကိုလည်း သွားခွင့်ပြုလိုက်ပြီဖြစ်၏။ သူသည်
ထိုနေရာတွင် အတော်ကလေးကြာသည်အထိ နေခဲ့သေးသည်။ နောက်မှ
အီဗာဘရွန်းနှင့် အတူ အခန်းထဲမှ ထွက်လာကြပြီး နောက်တစ်ကြိမ်
နှုတ်ဆက်ပွဲတခုကို ပြုလုပ်ခဲ့ ကြပြန်သည်။ ဤတကြိမ်တွင်မူ ဘောမန်းနှင့်
ဂိုးဘဲလ်တို့ပါဝင်ကြပြီး ဘာ့ဂ်ဒေါ့၊ ကရက်၊ ဟူးဝဲလ်၊ နောမန်း၊ ဗော့စ်၊
ရက်တင်းဘား၊ ဟိုးဂဲလ်၊ ဂွမ်ခဲ၊ လင့်ဂျ်တို့အပြင် ခရစ္စရှန်၊ ဂျန်ဂေး
တရှုပါးနှင့် မန်ဇီယာလီစသည့် အမျိုးသမီးလေးယောက်လည်းရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂိုးဘဲလ်၏ဇနီးမှာ ထိုနေရာတွင်မရှိပေ၊ သူမ၏ကလေးများ သေကြရတော့မည့်အတွက် သောကမီး တောက်လောင်ကာ သူမ၏အခန်းထဲမှ တစ်နေ့လုံး မထွက်ဘဲနေခဲ့သောကြောင့်ဖြစ်သည်။

'ဟစ်တလာနှင့်အီဗာဘရွန်းတို့သည် အားလုံးကို လက်ဆွဲနှုတ်ဆက်ပြီးနောက် သူတို့အခန်းထဲသို့ ပြန်ဝင်သွားကြသည်။ ထို့နောက် လိုအပ်သည့် ကိစ္စရပ်များကို လုပ်ကိုင်ကြရမည့် လူအချို့နှင့် ဘုန်းတော်ကြီးများမှတပါး အခြား သောပုဂ္ဂိုလ်အားလုံးကို ထိုနေရာမှ ထွက်ခွာသွားခွင့်ပြုလိုက်၏။ ကျန်ရစ်သူများသည် အပြင်ခန်းမကြီးထဲမှ စောင့်နေကြသည်။'

'အခန်းထဲမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။ ခဏအကြာတွင် သူတို့သည် အခန်းထဲသို့ ဝင်ကြည့်ကြသည်။ ဟစ်တလာသည် ဆိုဖာပေါ်တွင် လဲကျနေပြီး ဆိုဖာတွင်လည်း သွေးကွက်များတွေ့ရ၏။ သူသည် ပါးစပ်ထဲသို့ သေနတ်ပြောင်းဝကိုငုံကာ သူ့ကိုယ်သူ ပစ်သတ်ခဲ့ခြင်းဖြစ်၏။ အီဗာဘရွန်းသည်လည်း ဆိုဖာပေါ်မှာပင် လဲကျကာ သေဆုံးနေပြီဖြစ်သည်။ ခြောက်လုံးပြူးသေနတ် တစ်လက်ကို သူမ၏ဘေးနားတွင် တွေ့ရ၏။ သို့သော် သူမသည် ထိုသေနတ်ကို အသုံးမပြုခဲ့ပေ၊ အဆိပ်သောက်ခဲ့ခြင်းဖြစ်၏။ အချိန်မှာ ညနေသုံးနာရီခွဲရှိနေပြီဖြစ်သတည်း . . . .'

အထက်ပါတို့မှာ ထရီဗာရိုပါ၏ စာအုပ်မှ ဟစ်တလာ မည်သို့မည်ပုံ ဇာတ်သိမ်းခဲ့သည်ကို အသေးစိတ်ဖော်ပြထားချက်များပင်ဖြစ်သည်။

တဆက်တည်းမှာပင် ဟစ်တလာ၏အမိန့်အရ အလောင်းများကို မည်သို့မည်ပုံ ဖျောက်ဖျက်ပစ်ခဲ့ကြကြောင်း အောက်ပါအတိုင်း ထရီဗာရိုပါက ဆက်လက်ရေးသားတင်ပြခဲ့သည်။

'ခဏအကြာတွင် ဟစ်တလာလူငယ်အဖွဲ့ ခေါင်းဆောင်





အက္ကာစ်မန်းသည် ပုန်းကျင်းသို့ ရောက်လာ၏။ သူသည် နှုတ်ဆက်ပွဲ အခမ်းအနားကို မမှီလိုက်ဘဲ အတော်ပင်နောက်ကျခဲ့ပြီဖြစ်၏။ သို့သော် သူ့အား သီးသန့်အခန်းထဲသို့ဝင်၍ အလောင်းများကို ကြည့်ရန်ခွင့်ပြုလိုက်သည်။ သူသည် အလောင်းများကို ကြည့်ရှုလေ့လာပြီးနောက် အခန်းထဲတွင် မိနစ်အနည်းငယ်ကြာသည်အထိ ဂိုးဘဲလ်နှင့် စကားပြောနေခဲ့၏။ ထို့နောက် ဂိုးဘဲလ်ထွက်သွားသဖြင့် သူတစ် ယောက်တည်း အခန်းထဲတွင် ကျန်နေခဲ့ပြီး အလောင်းများနှင့်အတူ အတော် ကလေးကြာအောင် ရှိနေခဲ့၏။ ထိုအချိန်၌ အခန်းအပြင်ဘက် ပုန်းကျင်းထဲတွင် နောက်ထပ် အခမ်းအနားတစ်ခုအတွက် ပြင်ဆင်နေကြပြီဖြစ်၏။ ယင်းအခမ်းအနားမှာ 'ဗိုက်ကင်း'စစ်ဘုရင်ကြီး၏ ဈာပနအခမ်းအနားပင်တည်း . . .

'ကင့်ပကားသည် ဓါတ်ဆီပုံးများကို ပန်းခြံထဲသို့ ပို့ထားခဲ့ပြီးနောက် မြေအောက်လှိုဏ်လမ်းကလေးမှတဆင့် ဖြတ်ကာ ပုန်းကျင်းရှိရာသို့ လျှောက်လာ ခဲ့သည်။ သို့လာခဲ့ရာမှ ဂွမ်ချဲနှင့်တွေ့ရာ 'ခေါင်းဆောင်ကြီး တော့ သေပြီ'ဟူ၍ ဂွမ်ချဲကသူ့အား လှမ်းပြောလိုက်၏။ ထိုအချိန်တွင် ဟစ်တလာ၏ အခန်းတံခါးမှာ ပွင့်နေရာ ကင့်ပကားသည်လည်း ဈာပန အခမ်းအနားတွင် ပါဝင်တက်ရောက်သူ တစ်ဦးဖြစ်ခဲ့ရ၏။'

'အလောင်းများကို နေသားတကျဖြစ်အောင် အက္ကာစ်မန်းက ပြုပြင်နေခိုက် ဟစ်တလာ၏ အစေခံ လင့်ချ်အပါအဝင် လုံခြုံရေးတပ်သားနှစ်ယောက်အခန်းထဲသို့ ဝင်လာကြသည်။ သူတို့သည် ဟစ်တလာ၏ အလောင်းကို စောင်တစ်ထည် ဖြင့်ပတ်ကာ သွေးသံရဲရဲဖြင့် ကြေမွနေသော ဦးခေါင်းကို မမြင်ရအောင်ဖုံး လိုက်သည်။ ပြီးမှ အပြင်သို့ သယ်ယူသွားကြသည်။ အပြင်တွင် စောင့်ကြည့်နေ ကြသူများသည် မြင်နေကျဖြစ်သော ဘောင်းဘီအနက်ကို မြင်လိုက်ရခြင်းဖြင့် ကောင်း ကောင်းကြီး မှတ်မိလိုက်ကြ၏။

ထို့နောက် အခြားလုံခြုံရေးတပ်သားနှစ်ယောက်တို့က လေ့လာအား



www.burmeseclassic.com

www.burmeseclassic.com



လေးဆင့်အတိုင်း မလွယ်ပေါက်ရှိရာသို့ အလောင်းကို သယ်ဆော
သွားကြသည်။ ထိုမှတစ်ဆင့် အပြင်ဘက် ပန်းခြံထဲသို့ ရောက်သွားခဲ့သည်
ထို့နောက် ဘောမန်းသည် အခန်းထဲသို့ဝင်ကာ အီဗာဘရွန်း
၏ အလောင်းကို ပွေ့ထုတ်လာခဲ့၏။ သူမသည် တစ်စုံတစ်ရာ ဒဏ်ရာ
ရှိဘဲ သေဆုံး ခဲ့ခြင်းဖြစ်ရာ သူမ၏ရုပ်အလောင်းကို စောင်ဖြင့်ဖုံးအုပ်
မလိုပေ၊ ဘောမန်းသည် အီဗာဘရွန်း၏အလောင်းကို ခန်းမကြီးထဲ
ပွေ့ယူလာခဲ့ပြီး ကင့်ပကားအား လွှဲပြောင်းပေးလိုက်ရာ ကင့်ပကား
လှေကားခြေရင်းသို့ ရောက်အောင် သယ်ယူလာခဲ့ရသည်။ ထိုနေရာတွ
ဂွမ်ခဲ့ျက တဆင့်လှမ်းယူ၍ ထိုမှတဖန် အခြားတစ်ယောက်ဖြစ်သေ
လုံခြုံရေးတပ်မှူးထံသို့ လက်ဆင့်ကမ်းလိုက်ရာ သူကလှေကာ
အတိုင်းအပေါ်သို့ သယ်ဆောင်လာခဲ့ပြီးမှ ပန်းခြံထဲသို့ ရောက်သွား ခဲ့သည်
ထိုအချိန်တွင် ပို၍သတိထားကြပ်မတ်ကာကွယ်သည့် အနေဖြ
အစိုးရဂေဟာသို့ သွားသည့် အခြားတံခါးမကြီးကိုလည်းကော
၊အစိုးရဂေဟာမှ ပန်းခြံ ထဲသို့ အဝင်အထွက်ပြုလုပ်သည့် အချို့သေ
တံခါးများကိုလည်းကောင်း၊ အလျှင်အမြန် သွားရောက်၍ သော့ခတ်
ကြသည်။ ဤသည်မှာ ရုတ်တရက် မလိုလားအပ်သူများ ဝင်ရောက်လာနိုင်သေ
အန္တရာယ်မှ ကာကွယ်လိုက်ခြင်းဖြစ်သည်။'
ကံဆိုးချင်သည့် အခါများ၌ အစွမ်းကုန် သတိထား၍ ကြိုတ
ကာကွယ် မှုများ ပြုလုပ်ခဲ့သည့်တိုင်အောင် တစ်ခါတစ်ရံ ဟာကွက်များ
တွေ့ရတတ်၏။ ယင်းသို့ဖြစ်တတ်သည့် သဘာဝအလျောက် ကြိုတ
ကာကွယ်မှုများ ပြုလုပ်ထား သည့်ကြားမှ ဤအဖြစ်အပျက်ကို မမြင်စေ
လိုသော၊ မြင်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ် နှစ်ယောက်သည် ပက်ပင်း
တွေ့မြင်သွားခဲ့ကြ၏။ အစောင့်ရဲသားတစ်ဦး ဖြစ်သော အီရစ်မင်းစ်ဖဲ
သည် ထိုစဉ်က ပုန်းကျင်းဒေါင့်ရှိ မျှော်စင်ပေါ်တွင် အစောင့် တာ





ာလျက် ရှိနေပေသည်။ သူသည်ရုတ်တရက် အံ့အားသင့် တစ်မျိုးရကာ
နှင်တိမှုန်မွှား ဝိုးတဝါးဖြစ်နေသည့်ကြားမှ မသင်္ကာဘွယ်ရာ လူအချို့
အလောင်းဆယ် ပြေးလာကြပြီး တံခါးများ ပိတ်နေကြသည်ကို တွေ့
ိုက်ရသဖြင့် သူ့တာဝန်အရ စုံစမ်းမှုဖြစ်မည်ဟု ယူဆလိုက်မိသည်။
သို့ဖြင့် အစောင့်ရဲသားသည် မျှော်စင်ပေါ်မှ ပန်းခြံထဲသို့
ဆင်းလာခဲ့ပြီး မလွယ်ပေါက်အနီးတွင် ဘာဖြစ်နေသည်ကို ကြည့်ရှုရန်
လျှောက်လာခဲ့သည်။ ဆင်ဝင်အောက်သို့ ရောက်သောအခါ ဗျာပနပို့
ဆောင်ရန် ပုန်းကျင်းထဲမှ ထွက်လာသော လူအုပ်နှင့်ပက်ပင်းပါ တိုးမိ
သည်။ ပထမဆုံး မြင်လိုက်ရသည်မှာ လုံခြုံရေးအရာရှိနှစ်ယောက်သည်
အလောင်းတစ်ခုကို စောင်ဖြင့်ပတ်ကာ ထမ်းလာကြရာ အလောင်း၏
အောက်ပိုင်းမှ တစ်ပိုင်းတစ်စ ထွက်ပေါ်နေသော ဘောင်းဘီအနက်ဖြင့်
ခြေထောက်နှစ်ဖက်ကို သတိထားလိုက်မိသည်။'
ထို့နောက် အခြားလုံခြုံရေးအရာရှိ နှစ်ယောက်သည် မှားယွင်း
နိုင်စရာမရှိသော အီဗာဘရွန်း၏အလောင်းကို ထမ်းလာကြသည်။
သူတို့၏နောက် တွင်မူ ဝမ်းနည်းကြေကွဲစွာဖြင့် ဗျာပနလိုက်လံ ပို့ဆောင်
ကြသူများကို မြင်ရသည်။ သူတို့တစ်တွေမှာ ဘောမန်း၊ ဘာ့ဂ်ဒေါ့ဖ်၊
ိုးဘဲလ်၊ ဂွမ်ခဲ့ျနှင့် ကင့်ပကားတို့ ဖြစ်ကြသည်။ ဂွမ်ခဲ့ျသည် မင်းစ်ဖဲလ်ကို
မြင်လိုက်ရသည်နှင့် ထိုနေရာမှ ချက်ခြင်း ထွက်သွားရန် လှမ်းအော်
ပြောလိုက်သည်။ မင်းစ်ဖဲလ်သည် တားမြစ်ထားသော စိတ်ဝင်စားဘွယ်ရာ
ကောင်းလှသည့် မြင်ကွင်းကို မြင်လိုက်ရပြီးနောက် သူ၏ မျှော်စင်ရှိရာသို့
ပြန်လှည့်လာခဲ့သည်။'
'ယင်းသို့သော အနှောင့်အယှက်ဖြင့် တွေ့ကြုံခဲ့ရပြီးနောက်
ဗျာပန အခမ်းအနားကို ဆက်လက် ကျင်းပခဲ့သည်။ ရှေးဦးစွာ အလောင်း
နှစ်ခုကို ဆင်ဝင်နှင့် ပေအနည်းငယ်အကွာတွင် ဘေးချင်းယှဉ်၍ ချထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ထို့နောက် ဓါတ်ဆီပုံးများထဲမှ ဓာတ်ဆီများကို အလောင်းများပေါ်သို့ လောင်းချကြသည်။ ဤအချိန်မှာပင် ဤစျာပန အခမ်းအနား၏ ထူးခြားဆန်းကြယ်မှုကို ရုရှားတို့၏ အမြောက်သံများက ထပ်လောင်းဖြည့်စွက်ကာ အန္တရာယ်ရှိနေကြောင်းကိုလည်း သတိပေး နေကြပေသည်။ သို့ဖြင့် စျာပနပို့ဆောင်သူများသည် အန္တရာယ်မှ အနည်းငယ်အကာအကွယ်ယူသည့်အနေဖြင့် ဆင်ဝင်အောက်သို့ လာရောက် ခိုလှုံခဲ့ကြသည်။

ထို့နောက် ဂွမ်ချဲသည် အဝတ်စုတ်တစ်ခုကို ဓာတ်ဆီပုံးသို့ထည့်၍ နှစ်လိုက်ပြီး ထိုအဝတ်စုတ်ကို မီးရှို့ကာ အလောင်းများပေါ်ပစ်ချလိုက်သည်။ တစ်မဟုတ်ချင်းပင် မီးတောက်များဝုံးကနဲထတောက်လောင်သွားခဲ့သည်။ ဤတွင် စျာပန ပို့ဆောင်သူများသည် သတိအနေအထားဖြင့် မတ်တပ်ရပ်ကာ ဟစ်တလာ အလေးပြုနည်းဖြင့် အလေးပြုလိုက်ကြသည်။ ထို့နောက် သူတို့ လူစုသည် ပုန်းကျင်းထဲပြန်ဝင်သွားကြပြီး လူစုခွဲလိုက်ကြ၏။'

'ဂွမ်ချဲသည် နောက်ပိုင်း၌ ဤစျာပနအခမ်းအနားအကြောင်း မမြင်လိုက်ရသူများအား တစ်ဆင့်ပြန်လည် ပြောပြဖောက်သည်ချခဲ့သည်။ သူ၏ပြောကြားချက်အရဆိုပါလျှင် ဟစ်တလာ၏ အလောင်း မီးသဂြိုဟ်ရသည်မှာ သူ့တစ်သက်တာတွင် တုန်လှုပ်ချောက်ခြားဘွယ် အကောင်းဆုံး ဖြစ်သည်ဟူသတည်း။'

ထိုအခိုက်အတန့်တွင် ဤမြင်ကွင်းကို အခြားသော တစ်ယောက် သည်လည်း အမှတ်မထင် တွေ့မြင်လိုက်ရ၏။ ထိုသူ အခြားအစောင့်ရဲသား တစ်ဦးပင်ဖြစ်၍ မသက်ဆိုင်သူများ မမြင်တွေ့ရလေအောင် ကြိုတင်ကာကွယ် တားထားသည့်ကြားမှ သူသည်လည်း ဤမြင်ကွင်းကို အမှတ်မထင်မြင်ခဲ့ရခြင်း ဖြစ်၏။ သူ၏အမည်မှာ ဟာ





နော့ဖြစ်သည်။ ကာနော့သည် အခြား အစောင့်တပ်သားများကဲ့သို့ပင် ဝန်ကျသူတစ်ဦးမဟုတ်သည့် အလျောက် ခပ်စောစောကပင် ပုန်းကျင်းမှထွက်သွားရန် လုံခြုံရေးအရာရှိ တစ်ယောက်၏ အမိန့်ပေးခြင်းခံရ၏။ ဖြင့် သူသည်အစိုးရဂေဟာအတွင်းရှိ စားသောက်ဆိုင် သို့ရောက်သွားခဲ့၏။

ခဏအကြာတွင် သူသည်သူ့အားအမိန့်ပေးထားသည့်ကြားမှ န်းကျင်းရှိရာသို့ပြန်သွားရန် စိတ်ပိုင်းဖြတ်ကာ ပြန်ထွက်လာခဲ့လေသည်။ ပုန်းကျင်းတံခါးဝသို့ ရောက်သောအခါ တံခါးမှာသော့ခတ်ထားသည်ကို တွေ့လိုက်ရသည်၊ ထို့ကြောင့်သူသည် အရေးပေါ်တံခါးမှ ဝင်မည်ဟု စိတ်ကူးကာ ပန်းခြံဘက်သို့ ထွက်လာခဲ့သည်၊ သို့ဖြင့် းစ်ဖဲလ် အစောင့်တာဝန်ကျနေသော မျှော်စင်အနီးမှ ဒေါင့်ချိုးကို တွေ့လိုက်သည်နှင့်တပြိုင်နက် အကြီးအကျယ် အံ့အားသင့်သွားခဲ့ရသည်။ အတွက်ကြောင့်ဆိုသော် ပုန်းကျင်းတံခါးပေါက်အနီး တွင် ဘေးချင်းယှဉ်၍ ချထားသည့် အလောင်းနှစ်လောင်းကို ရုတ်တရက် တွေ့လိုက်ရသော ကြောင့်တည်း။

ထိုအချိန်တွင် အလောင်းနှစ်ခုသည် ရှေ့ဆင့် နောက်ဆင့် ဆိုသလို မီးတောက်များဖြင့် တဟုန်းဟုန်းတောက် လောင်လျက်ရှိနေပြီဖြစ်၏။

ကာနော့သည် မီးလောင်နေသော အလောင်းများကို ခေတ္တမျှ စောင့်ကြည့်နေခဲ့သေး၏။ ဟစ်တလာ၏ ဦးခေါင်းမှာ ကြေမွနေပြီ ဖြစ်သော်လည်း အလောင်းများမှာ အလွယ်တကူဖြင့် မှတ်မိနိုင်စရာ ရှိနေ၏။ သူ၏ပြောပြချက် အရ ဤမြင်ကွင်းမှာ 'အလွန်မနှစ်မြို့စရာ ကောင်းသည့် အနိဋ္ဌာရုံ'တစ်ခုပင် ဖြစ်၏။ ထို့နောက်သူသည် အရေး ပေါ်တံခါးမှနေ၍ ပုန်းကျင်းထဲသို့ ဆင်းသွားခဲ့ရာ ပုန်းကျင်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အစောင့်တပ်မှူး ဖရန့်ရှက်ဒဲလ်ကို တွေ့လိုက်ရလေသည်။ ရှက်ဒဲလ်မှာ မကြာသေးမီကမှ ဗုံးဆံမှန်ထားသဖြင့် ခြေထောက်တွင် ဒဏ်ရာရ လျက်ရှိနေသည်၊ သူက 'ခေါင်းဆောင်ကြီးတော့သေသွားရှာပြီ. . . . အပြင်ဘက်မှာ သူ့ကိုမီးသင်္ဂြိုဟ်နေတယ်'ဟူ၍ ဝမ်းနည်းဘွယ်ရာ စိတ်ထိခိုက်စွာဖြင့် ပြောလိုက်သည်။ ထို့နောက် ကာနော်သည် သူ့အား တွဲ၍ ခေါ်သွားခဲ့ရသည်။

'မျှော်စင်ပေါ်တွင် တာဝန်ကျနေသော မင်းစ်ဖဲလ်သည် အလောင်းများ မီးလောင်နေသည်ကို စောင့်၍ကြည့်မိအောင် ကြည့်နေ ခဲ့၏။ သူသည် ဂွမ်ခဲ၍ အမိန့်အရ ပြန်လှည့်လာခဲ့ရပြီးနောက် မျှော်စင် ပေါ်သို့တက်ခါ အပေါက် ကလေးများမှ ချောင်းကြည့်နေခဲ့၏။ ပန်းခြံထဲ မဲနက်သောမီးခိုးလုံးကြီးများ အလိပ်လိုက် အလိပ်လိုက် တက်လာနေ သည်ကို လှမ်းမြင်နေရပြီး မီးခိုးများ တဖြည့်ဖြည်း ပါးသွားသည်နှင့်အမျှ အလောင်းနှစ်ခုကို မြင်တွေ့နေရ၏။ ဤအလောင်းများမှာ ခပ်စောစော က ပုန်းကျင်းထဲမှ အပေါ်သို့သယ်လာစဉ် သူမြင်လိုက်တွေ့လိုက်ရသည့် အလောင်းများပင်ဖြစ်၏။

'ဈာပနပို့ဆောင်သူများ ပြန်သွားကြပြီဖြစ်သည့်တိုင်အောင် မင်းစ်ဖဲလ်သည် အလောင်းများကို ဆက်၍စောင့်ကြည့်နေခဲ့၏။ ဤအတွင်း လုံခြုံရေးတပ်သားများသည် ပုန်းကျင်းထဲမှ မကြာခဏ ထွက်လာကြပြီး အလောင်းများကို ဓါတ်ဆီများဖြင့် ထပ်၍ထပ်၍ လောင်းကာ မီးတောက်များ ငြိမ်းမသွားအောင် လုပ်ဆောင်လျက် ရှိကြလေသည်။ ထို့နောက် များမကြာမီ မင်းစ်ဖဲလ်သည် ကာနော်နှင့် လူချင်းလဲ၍ တာဝန်လွှဲခဲ့ရသည်။ မျှော်စင်ပေါ်မှ ပြန်ဆင်းအလာတွင် ကာနော်ကသူ့အား အောက်မှဆီးကြို၍ လက်ကမ်းပေးကာ ကူညီ ခဲ့ပြီးနောက် သူတို့သည်နှစ်ယောက်သား အလောင်းများရှိရာသို့ ထပ်မံ





သွားရောက်ကြည့်ရှုခဲ့သေး၏။ ထိုအချိန်တွင်မူ အလောင်းများ၏ အောက်ပိုင်းမှာ လုံးဝမီးလောင်ကျွမ်းသွားပြီဖြစ်ရာ ဟစ်တလာ၏ ခြေသလုံးရိုးများကိုပင် အတိုင်းသားမြင်နေရပြီဖြစ်၏။

'နောက်တစ်နာရီခန့်အကြာတွင် မင်းစ်ဖဲလ်သည် အလောင်း များကို ထပ်မံသွားရောက် ကြည့်ပြန်သေးသည်။ ထိုအချိန်တွင် မီးများ ဆက်လက်လောင်ကျွမ်းနေဆဲပင် ဖြစ်သော်လည်း မီးတောက်မီးလျှံ များမှာမူ အတော်ကလေး အားနည်းသွားသည်ကို တွေ့ခဲ့ရသည်။'

'မွန်းလွဲပိုင်းသို့ ရောက်လာသောအခါ တတိယမြောက်အစောင့် တာဝန်ကျသည့် ရဲသားသည်လည်း အလောင်းများမီးလောင်နေသည်ကို ကြည့်ရှုရန် ကြံစည်ကြိုးစားသေးသည်။ သူ၏အမည်မှာ ဟန့်ဟို့ဘက် ဖြစ်သည်။ သူသည်ပုန်းကျင်းထဲမှ လှေကားအတိုင်း အပေါ်သို့ တက်လာခဲ့ပြီးနောက် ဆင်ဝင်ဝတွင် ရပ်၍ကြည့်လိုက်၏။ သို့သော် ကြာကြာမနေနိုင်ဘဲ ထွက်လာခဲ့ရ၏။ အဘယ်ကြောင့် ဆိုသော် လူ့အသားကိုမီးလောင်ရာမှ ထွက်ပေါ် လာသော် စိမ်းရွှေရွှေ အနံ့အသက်ကြီးမှာ မခံမရပ်နိုင်လောက်အောင် ဆိုးဝါး၍ အော်ဂလီဆန်လှ သောကြောင့်တည်း. . . .

'ထိုနေ့ညက ညဉ့်နက်ချိန်တွင် အစောင့်ရဲတပ်ဖွဲ့၏ တပ်မှူး ဗိုလ်မှူးချုပ် ရက်တင်ဟူးဘားသည် အစောင့်ရဲသားများ အပမ်းဖြေနားနေ သည့် ပုန်းကျင်း ထဲသို့ ဝင်ရောက်လာပြီး အစောင့်တပ်ကြပ်တစ်ဦးအား အစ်စုံတစ်ရာ ပြောကြား ခဲ့သည်။ သူပြောပြသည်မှာ အစောင့်တပ်ကြပ် အား အလောင်းများ မြှုပ်နှံရန်အတွက် ယုံကြည်စိတ်ချရသည့် လူသုံး ယောက်ကို တာဝန်ခံတပ်မှူး ရှက်ဒဲလ်ထံ ခေါ်သွားပြီး သတင်းပို့ရန် ဖြစ်သည်။ ထို့နောက် ခဏအကြာတွင် ရက်တင်ဟူးဘားသည် အစောင့် ရဲသားများ၏ ပုန်းကျင်းရှိရာသို့ ထပ်မံရောက်ရှိလာပြီး ရဲသားများအား



www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းပြောကြားပြန်သည်။ သူမိန့်ခွန်းမှာ ယနေ့ဖြစ်ပွားခဲ့သမျှ အဖြစ်အပျက် အားလုံးကို မည်သူတစ်ဦးတစ်ယောက်မှ မပေါက်ကြားစေဘဲ မြင့်မြတ်သည့် လျှို့ဝှက်ချက်တစ်ခုအဖြစ် စောင့်ထိန်းထားကြရန် ဝေ တောင်းခံသည့် မိန့်ခွန်း ပင်ဖြစ်သည်။ အကယ်၍ပေါက်ကြားသွားခဲ့ပါက မည်သူမဆို ပစ်သတ်ခြင်းခံရမည်ဖြစ်သည် ဟူ၍လည်း သတိပေးသွား သည်။

ညသန်းခေါင်ကျော် သာသာလောက်တွင် မင်းစ်ဖဲလ်သည် မျှော်စင်ရှိရာသို့ အစောင့်တာဝန်ကျခဲ့ပြန်သည်။ ထိုအချိန်၌ ရုရှား အမြောက်ဆံများမှာ တအုံးအုံးကျရောက် ပေါက်ကွဲနေဆဲပင်ဖြစ်၍ ကောင်းကင်တစ်ခုလုံးမှာလည်း မီးကျည်မီးလျှံများဖြင့် ထိန်ထိန်လင် နေပေသည်။ သူသည် အရေးပေါ် ထွက်ပေါက်၏ ရှေ့တည့်တည့် မြေကြီးပေါ်တွင် ချိုင့်ကြီးဖြစ်နေသော ဗုံးကျင်း အသစ်တစ်ခုကို တွေ့လို ရပြီး ထိုနေရာမှ အလောင်းများမှာ ပျောက်ကွယ်နေသည်ကို သတိထား လိုက်မိသည်။ သို့သော် မင်းစ်ဖဲလ်၏စိတ်ထဲ၌ ဤကျင်းကြီးသည် အလောင်းများကိုမြှုပ်နှံရန် မြေကြီးများကိုတူးဆွခဲ့ရာမှ ပေါ်ပေါ လာသည့် ချိုင့်ကျင်းကြီးဖြစ်သည်ကို လုံးဝသံသယမရှိခဲ့ပေ။ အဘယ့် ကြောင့်ဆိုသော် အမြောက်ဆံကျရောက်ပေါက်ကွဲသည်ဆိုပါက ဘေးပတ် ပတ်လည်ရှိ မြေစိုင်၊ မြေခဲများသည် ဘယ်နည်းနှင့်မှ ဤမျှလောက် သေသပ်ညီညာစွာပုံ၍ရှိနေကြ မည်မဟုတ်သောကြောင့်ဖြစ်သည်။

ထိုအချိန်လောက်မှာပင် ကာနောသည် အခြားအစောင့် ရဲသားများ နှင့်အတူ ဗော့စ်လမ်းမကြီးပေါ်တွင် စစ်ရေးပြရာသို့ ရောက် ရှိနေခဲ့ရာ သူနှင့်အတူရှိနေသော အစောင့်ရဲဘော် တစ်ယောက်က "ဟစ်တလာရဲ့ အလောင်းနဲ့ ပတ်သတ်လို့ဘယ်အရာရှိကမှ ဂရုတစိုက် မရှိကြတာတော့ တော်တော်ဝမ်းနည်းစရာကောင်းတယ်၊ အခုအ အလောင်း ဘယ်နေရာမှာရှိတယ်ဆိုတာ ကုပ်တစ်ယောက်ဘဲ သိတဲ့အတွက်





ချင်တော့ဒါကိုပဲ ဂုဏ်ယူမိပါတယ်"ဟူ၍ ပြောကြားခဲ့ လေသည်။

'ဤသည်တို့မှာ ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ ရုပ်အလောင်း များ မည်သို့မည်ပုံ ဖျောက်ဖျက်ပစ်ခဲ့ကြသည်များနှင့်ပတ်သတ်၍ သိရှိရသမျှ လုံးဝ ဥဿုံ အလုံးစုံသော အကြောင်းချင်းရာများပင်တည်း . . . .'

ထရီဗာရိုပါသည် သူ၏စာအုပ်တွင်ထူးဆန်းစွာ ပျောက်ဆုံးသွား ခဲ့သော ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ အလောင်းများနှင့်ပတ်သတ်၍ သုလေ့လာ ထောက်လှမ်း စုံစမ်းမေးမြန်းရရှိသမျှ အဖြစ်အပျက် အချက်အလက်များကို အထက်ပါအတိုင်း အသေးစိတ်ဖော်ပြခဲ့သည်။

ဤအတိုင်းသာဆိုပါက ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများသည် မီးလောင်ပြာကျပြီးနောက် အရိုးများနှင့်ပြာများသာ ကျန်ရှိနေသည့်အချိန်တွင် ထိုနေရာသို့ ရုရှားတပ်နီတော်မှ အမြောက်ဆံများ တိုက်ရိုက်ကျပေါက်ကွဲခဲ့သဖြင့် လုံးဝဘာတစ်ခုမှ အစအနရှာမတွေ့အောင် လွင့်စင်ပျောက်ကွယ် သွားခဲ့သလော။ သို့တည်းမဟုတ် မီးလောင်ပြာကျ ၍ အရိုးများနှင့်ပြာများသာ ကျန်တော့သည့်အချိန်၌ ကိုယ့်ကိုယ်ကိုသတ် သေမီက အလေးအနက် အမိန့်ပေးမှာကြားခဲ့သည့် ဟစ်တလာ၏အမိန့် အတိုင်း 'ဘာတစ်ခုမှအစအနမကျန်ရအောင်' လျှို့ဝှက်စွာ မြေမြှုပ် ဖျောက်ဖျက်ပစ်ခဲ့ကြသလော။

ယင်းသို့သော ဝိဝါဒကွဲပြားမှုနှင့်ပတ်သတ်၍ သမိုင်းသုတေသီ ထရီဗာ-ရိုပါက သူ၏စာအုပ်တွင် အောက်ပါအတိုင်း ဆက်လက်၍ ကောက်ချက်ချသုံးသပ်ခဲ့သည်ကို တွေ့ရသည်။

'နောက်ပိုင်း၌ ဟစ်တလာ၏အတွင်းရေးမှူး တစ်ယောက်အား လင့်ဂျီ၏ပြောကြားချက်အရ သူတို့သည် အလောင်းများကို ဟစ်တလာ အမိန့်ပေးခဲ့သည့်အတိုင်း 'ဘာတစ်ခုမှအစအနမကျန်ရအောင်' မီးရှို့ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဆီးပစ်ခဲ့သည်ဟု ဆို၏။ သို့သော် ဤနေရာတွင် ဤသို့လုံးဝလက်စလက်န ဘာမှရှာမရအောင် မီးလောင်ကျွမ်းသွားနိုင်ပါမည်လော ဟူ၍သံသယ ဖြစ်စရာရှိနေပေသည်။ ဓာတ်ဆီလစ်တာ ၁၈၀-ဖြင့်လောင်း၍ မီးရှို့ခဲ့ သဖြင့် သဲမြေပေါ်တွင် တဖြည်းဖြည်းလောင်ကျွမ်းကာ အသွေးအသားနှင့် အခြားသော ၃၂-ကောဋ္ဌာသအစုအဝေးကြီးသည် လုံးဝမမှတ်မိနိုင် လောက်အောင် မီးလောင်ပြာကျသွားမည်ကား အမှန်ပင်ဖြစ်၏။ သို့သော် အရိုးများသည် မီး၏အပူရှိန်ကို ကောင်းစွာခံနိုင်သည့် သတ္တိများရှိနေကြ ပါ၏။ သို့ပါလျက် ဟစ်တလာနှင့်အီဗာတို့၏ အရိုးများကိုကား ဘယ်သော အခါမှ ရှာမတွေ့ခဲ့ကြရပေ။

ဤနေရာတွင် အရိုးများသည် ကြေမွကျိုးပဲ့ကာ အခြားသော အလောင်းများနှင့်အရောရော အထွေးထွေး ဖြစ်ကောင်းဖြစ်သွားနိုင်စရာ ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန် ထိုအခါက အစိုးရဂေဟာ အဆောက်အဦးကို ကာကွယ်ရင်းကျဆုံးခဲ့ရသည့် စစ်သားများ၏ အလောင်းများနှင့် လုံခြုံရေးတပ်မှူး ဖယ်ဂျီလိန်း*၏ရုပ်အလောင်း သည်လည်း ဤပန်းခြံထဲမှာပင် မြှုပ်နှံခဲ့သောကြောင့်ဖြစ်သည်။ နောက်ပိုင်း၌ ရုရှားတို့သည် ဤပန်းခြံထဲတွင် မကြာခဏ တူးဆွ၍ရှာကြဖွေကြရာ မြေကြီးထဲတွင် အလောင်းများ အမြောက်အမြားတွေ့ခဲ့ကြရကြောင်း သိရှိ ရပေသည်။

ထိုမှတစ်ပါး ဂွမ်ချဲ၏ထွက်ဆိုချက်အရ ဟစ်တလာ၏ အရိုးပြာ များကို သေတ္တာတစ်ခုဖြင့်ထည့်၍ အစိုးရဂေဟာအပြင်သို့ ထုတ်ယူသွား

---

*ဂက်စတာပိုဗိုလ်ချုပ်တစ်ဦးဖြစ်သောဖယ်ဂျီလိန်းသည် ဟစ်တလာနှင့် မယားညီအစ်ကိုတော်သူတစ်ဦး ဖြစ်သော်လည်း ဟင်းမလားနှင့်ပူးပေါင်း ကာ သစ္စာဖောက်မှုတွင် ပါဝင်ခဲ့သဖြင့် ဟစ်တလာ၏အမိန့်အရ ပန်းခြံထဲမှာပင် ပစ်သတ်ခံခဲ့ရသူဖြစ်သည်။ ။စာရေးသူ





သည်ဆိုသည်မှာလည်း ဖြစ်နိုင်စရာရှိ၏။ သို့တည်းမဟုတ် ဤအဖြစ် …ကျက်နှင့်စပ်လျဉ်း၍ ရှုပ်ရှုပ်ထွေးထွေးအဖြေရှာနေစရာ မလိုဟူ၍ …ဘောထားခဲ့သောကြောင့်လည်း ဖြစ်နိုင်၏။ သို့မဟုတ် ယင်းသို့ …ာက်လှမ်းလေ့လာ အဖြေရှာမှုများကို ဝတ်ကျေတန်းကျေသဘော …းကာ လုပ်ဆောင်ခဲ့ကြခြင်းကြောင့်လည်း ဖြစ်နိုင်၏။ အဘယ်ကြောင့် …သော် ထိုစဉ်က စုံစမ်းထောက်လှမ်းရေးအရာရှိများသည် ဟစ်တလာ …ိုင်ခဲ့သော ကုလားထိုင်ပေါ်တွင် ဟစ်တလာ၏နေ့စဉ်စစ်ဆင်ရေး …တ်တမ်းစာအုပ်ကိုပင် ငါးလကျော်မျှ သတိမထားမိကြဘဲ သည်အတိုင်း …စ်လျူရှုထားခဲ့ကြသည်ဖြစ်ရာ သည့်ထက်ပို၍ သိမ်မွေ့နက်နဲခက်ခဲ …သည့် ပစ္စည်းပစ္စယ အကျင်းအကျန်များကိုမူ အလွယ်တကူ မျက်စိ …မ်းခဲ့ကြမည်မှာ သေချာလှပေသည်။

'မည်သို့သော ဆင်ခြေဆင်လက်မျိုးကိုပင် ပေးကြသည်ဖြစ်စေ …စ်တလာအတွက်မူ သူ၏နောက်ဆုံး လိုလားတောင့်တခဲ့သည့် အာသာ …နှသည် တစ်လုံးတစ်ဝတည်း ပြည့်စုံသွားခဲ့ပြီဖြစ်၏။ သို့ဖြင့် လူ့လောက …အနွယ်ကို ဖျက်ဆီးခဲ့သော ခေတ်သစ် ဖျက်ဆီးရေးသမားကြီး …စ်တလာသည် ဘူဆင်တိုမြစ်၏ တသွင်သွင်စီးဆင်းနေသော ရေအလျင် …အောက်တွင် လျှို့ဝှက်ဆန်းကျယ်စွာ မြှုပ်နှံခဲ့သော စစ်ဘုရင်ကြီး …လာရစ်* ကဲ့သို့ ယခုအခါလုံးဝရှာမရအောင် ပျောက်ဆုံးသွားခဲ့ပြီဖြစ် …တည်း။'

---

*Alaric I: အလာရစ် (၃၇၆-၄၁၀)သည် ရောမနိုင်ငံကြီးအား …တ်ခိုက်သိမ်းပိုက်ခဲ့သည့် စစ်ဘုရင်ကြီး တစ်ဦးဖြစ်သည်။ သူသည် ၄၁၀ …ည့်နှစ်တွင် ရောမနိုင်ငံအား တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ကွယ်လွန် …ွားခဲ့ရာ သူ၏ရုပ်အလောင်းကို ရောမလူမျိုးများက မတွေ့နိုင်အောင် …ူဆင်တိုမြစ်၏ ရေအောက်တွင် အဘိုးတန်ရတနာများနှင့်အတူ …ဆန်းကျယ်စွာ မြှုပ်နှံထားခဲ့သည်။ သူ့အလောင်းကိုမြှုပ်နှံပေးခဲ့ကြသော …ွေ့းကျွန်များကိုလည်း နှုတ်ပိတ်သည့် အနေဖြင့် အားလုံး…ပစ်ခဲ့ …ကြသည်။ ။စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ထရီဗာ-ရိုပါသည် 'ဟစ်တလာ၏နောက်ဆုံးနေ့ရက်များ' စာအုပ်တွင် ဟစ်တလာ၏ဇာတ်သိမ်းခန်းကို အထက်ပါအတိုင်း စိတ်ဝင်စားဖွယ်ရာ တုန်လှုပ်ချောက်ခြားဖွယ်ရာ ဖေါ်ထုတ်တင်ပြသွားခဲ့သည်။ "ဟစ်တလာသေ-မသေ" ဟူသော ပြဿနာ၏အဖြေမှန်ကို အခြေခံမှစ၍ သူစုံစမ်းထောက်လှမ်းရခဲ့သမျှ အရင်းအတိုင်း ပြန်လည်ဖောက်သည်ချခဲ့သည်။

သို့ဖြစ်ရာ ထရီဗာ-ရိုပါ၏ အဆိုအမိန့်အရ ဟစ်တလာသေပြီဆိုသည်မှာ အငြင်းပွား၍ အချင်းများစရာမလို၊ သံသယစွက်၍ စောဒကတက်စရာမလိုဟု ဆိုရမည်ဖြစ်သည်။

သို့သော် သူ၏စာအုပ်တွင် နောက်ဆုံး နိဂုံးချုပ် အပိုင်း၌ ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ အလောင်းများ ထူးခြားဆန်းကျယ်စွာ ပျောက်ကွယ်သွားခဲ့ရခြင်းနှင့်ပတ်သတ်၍မူ သူကိုယ်တိုင်က ဝိဝါဒမကွဲဘဲ စကားနှစ်ခွဖြင့်ကောက်ချက်ချခဲ့သည်ကို တွေ့ခဲ့ရသည်။

ဟစ်တလာ၏အလောင်းကို အရိုးပါ ရှာမရအောင် ပျောက်ဆုံးခဲ့ရခြင်းနှင့်ပတ်သတ်၍ ထရီဗာရိုပါက နိဂုံးချုပ် ကောက်ချက်ချရာတွင် ဟစ်တလာ၏အစေခံ ဟိန်းလင့်ဂ်၌ ပြောကြားသလို'ဘာတစ်ခုမှအစအန မကျန်အောင်' မီးရှို့ဖျက်ဆီးခဲ့သည်ဟူသော အချက်ကိုလည်းကောင်း ဟစ်တလာ၏ ကားမောင်းသမား ကင့်ပကား၏ အဆိုအရ 'ရုရှားတို့၏ အမြောက်ဆံများ ကျရောက်ပေါက်ကွဲသဖြင့် အားလုံးလွင့်စင် ပျောက်ပျက်သွားခဲ့သည်'ဟူ သောအချက်ကိုလည်းကောင်း စသည်များကို ယုတ္တိမတန်၍ လက်မခံခဲ့ပေ။

သို့သော် ထရီဗာရိုပါ၏ ကောက်ချက်မှာ စကားနှစ်ခွဖြင့် ဝိဝါဒကွဲနေပြန်သည်ကို တွေ့ရသည်။ ပထမအချက်မှာ အရိုးများသာကျန်ရှိနေပြီး လုံးဝမှတ်မိနိုင်စရာမရှိသည့် ဟစ်တလာ၏ရုပ်အလောင်းကို မြေမြှုပ်ခဲ့ရာမှ အခြားစစ်သားများ၏အလောင်းများနှင့် အရောရောအထွေးထွေးဖြစ်ခါ ခွဲခြားမရအောင်ဖြစ်သွားခဲ့ဟန်တူသည် ဟူ၍ဖြစ်သည်၊ တဖန်ဒုတိယကောက်ချက်မှာ ဟစ်တလာလူငယ်အဖွဲ့ခေါင်းဆောင် အက္ကစ်မန်းကိုယ်တိုင် ဟစ်တလာ၏ ကြွင်းကျန်ရစ်သော အရိုးပြာများကို သေတ္တာတစ်လုံးဖြင့် ထည့်ကာ သယ်ဆောင်သွားဟန် တူသည်ဟူ၍ဖြစ်နေပြန်သည်။

မည်သို့ပင်ဖြစ်စေ ဟစ်တလာ၏ရုပ်အလောင်း သို့မဟုတ် ရုပ်ကြွင်းရုပ်ကျန်များကို ယနေ့တိုင်အောင် လုံးဝရှာမရဘဲ ဖြစ်နေသည်ကို စန်ခံသောအားဖြင့် ထရီဗာရိုပါက နိဂုံးချုပ်ဖော်ပြခဲ့ရာ၌ 'ခေတ်သစ်ဖျက်ဆီးရေးသမားကြီး' ဟစ်တလာသည် 'လုံးဝရှာမရအောင် ပျောက်ကွယ်သွားခဲ့ပြီး' 'သူ၏အလိုဆန္ဒအတိုင်း တစ်လုံးတစ်ဝတည်း ပြည့်စုံသွားခဲ့သည်' ဟူ၍ ရေးသားခဲ့သည်။

ဤတွင် ဟစ်တလာ၏အလောင်းပါဟူ၍လည်းကောင်း၊ ဟစ်တလာ၏ အရိုးပါဟူ၍ဖြစ်စေ အခိုင်အမာသက်သေ အထောက်အထားဖြင့် မပြနိုင်ပဲ ထိုသို့ ဘာတစ်ခုမှအစအနရှာမရအောင် ဖြစ်ခဲ့ရသည်ဟု ဆိုပြန်သောအခါ ဤအချက်ကိုပင် အကြောင်းပြု အခြေခံ၍ 'ဟစ်တလာသေ-မသေ' ဟူသော ပြဿနာသည် သံသယသံသရာအဖြစ် တကြော့ပြန်ကာ တဖန်ပေါ်လာပြန်တော့သည်။

ဤအထဲတွင် 'ဟစ်တလာမသေ'ဟူ၍ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ၊ သွယ်ဝိုက်၍တစ်နည်း တိုက်ရိုက်တစ်ခါ၊ မကြာခဏ ပြောလာကြသူများရှိသည်။ ထိုသူများမှာ အခြားမဟုတ်၊ ဆိုဗီယက်ရုရှားတို့ပင်ဖြစ်သည်။

အထက်တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ပို့စ်ဒမ်ကွန်ဖရင့်တွင် ဆိုဗီယက်ခေါင်းဆောင်ကြီး စတာလင်ကိုယ်တိုင်က ချာခီ







www.burmeseclassic.com

www.burmeseclassic.com



နှင့်ထရူမင်းတို့အား 'ဟစ်တလာမသေသေး' ဟူ၍ အတိအလင်း ပြောကြ ခဲ့ရာ ဤစကားကို ပေါ့ပေါ့တန်တန် သဘောထား၍ မဖြစ်ပေ။

ထို့ပြင် ဟစ်တလာ၏နောက်ဆုံး ဇာတ်သိမ်းခန်းကို ကာယ မြောက် ပြောရေးဆိုခွင့်ရှိသူများနှင့် ပြောနိုင်သည့် အခြေအနေအများ ရခဲ့ကြသူများမှာ ဆိုဗီယက်ရုရှားတို့ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသေ ဘာလင်မြို့ကြီးကိုလည်းကောင်း၊ ဟစ်တလာ၏မြေအောက်ပုန်းကျ ကိုလည်းကောင်း၊ ကာယကံမြောက် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသူများ အမေရိကန် စစ်သား များလည်းမဟုတ်၊ ဗြိတိသျှစစ်သားများလည် မဟုတ်၊ ပြင်သစ်စစ်သားများ လည်းမဟုတ်၊ ဆိုဗီယက် တပ်နီတော်သားမျာ ဖြစ်သောကြောင့် တည်း. . . . .။

ဤအချက်ကို မည်သူမျှ မငြင်းနိုင်ပေ. . . .။

❄ ❄ ❄





## ဟစ်တလာနှင့်တူသော အလောင်း ၆ လောင်း

ဤအချက်ကို မည်သူမျှ မငြင်းနိုင်ပေ။

မှန်သည်။ ဟစ်တလာ၏ နောက်ဆုံး လျှို့ဝှက်ဌာနချုပ်ဖြစ်သော မြေအောက် ပုန်းကျင်းကြီး အပါအဝင် နောက်ဆုံး ခုခံကာကွယ်ခဲ့သည့် ဘာလင်မြို့တော်ကြီးကို သိမ်းပိုက်ခဲ့ကြသူများမှာ ဆိုဗီယက် တပ်နီတော် ပင်ဖြစ်သည်။

ဆိုဗီယက်တပ်များသည် ဂျာမန်တပ်များနှင့် ၇ရက်လုံးလုံး အပြင်းအထန် တိုက်ခိုက်ခဲ့ကြပြီးနောက် ၁၉၄၅ ခု၊ ဧပြီလ ၁၁ရက်နေ့တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်ကို လုံးဝသိမ်းပိုက်ခဲ့ကြသည်။ ထို့နောက် တနင်္ဂနွေနေ့ ၂ပတ်အကြာ ဧပြီလ ၂၅ရက်နေ့တွင်မူ ဘာလင် မြို့ကြီးကို ဆိုဗီယက်တပ်များက လေးဘက်လေးတန်မှ ဝိုင်းဝန်း ထားနိုင်ခဲ့ကြသည်။ နောက်တနေ့ ဧပြီလ ၂၆ရက်နေ့မှ စတင်၍ ဟစ်တလာ၏ မြေအောက် ပုန်းကျင်းရှိရာသို့ ပထမဆုံးအကြိမ် ဆိုဗီယက်



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ဆံများ ကျရောက် ပေါက်ကွဲခဲ့သည်။

ဆိုဗီယက်တပ်များသည် ဧပြီလ ၂၆ရက်နေ့မှစ၍ ဘာလင်မြို့ ကြီးအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြရာ ဂျာမန်တပ်များကလည်း အစွမ်း ခုခံကာကွယ်ကြသည်။ သို့သော် ထိုအချိန်တွင် ဂျာမန်တပ်များ လက်နက်ခဲယမ်းမီးကျောက် မပြည့်မစုံ ဖြစ်နေကြသည့်အပြင် စိတ် များပါ ကျဆင်းနေကြပြီဖြစ်သဖြင့် ဆိုဗီယက်တပ်နီတော်၏ တဟုန် ချီတက် တိုက်ခိုက်မှုကို မခံနိုင်ဘဲ မြို့တွင်း တိုက်ပွဲများ၌ တစ်လ တစ်လမ်း အဆောက်အဦး တစ်ခုပြီး တစ်ခု လက်လွှတ်ဆုတ်ခွာ ရသည်။

သို့ဖြင့် ဧပြီလ ၂၈ရက်နေ့တွင် ဆိုဗီယက်တို့သည် ဘာလ လယ်သို့ပင် ရောက်ရှိလာခဲ့ကြပြီး ဧပြီလ ၃၀ရက်နေ့ (ဟစ်တလာ ကိုယ်ကို သတ်သေသွားသည်ဆိုသောနေ့) တွင်မူ ဟစ်တလာ၏ နော ဌာနချုပ် ဖြစ်သော မြေအောက်ပုန်းကျင်းနှင့် တစ်လမ်းကျော်ရှိ တော မကြီးနှင့် ဖရိုက်ဒရစ်လမ်းမကြီးများကို သိမ်းပိုက်လာခဲ့ကြပြီဖြစ်သ

နောက်ဆုံး မေလ ၁ရက်နေ့တွင် 'ခေါင်းဆောင်ကြီး ဟစ်တ ကျဆုံးသွားပါပြီ' ဟူ၍ ဟမ်းဘာ့ဂ်ရေဒီယိုမှ ကြေငြာချက် ထွက် လာခဲ့ပြီး နောက်တနေ့ မေလ ၂ ရက်နေ့တွင် ဆိုဗီယက် တပ်နီတော်သ ဟစ်တလာ၏ လျှို့ဝှက်ဌာနချုပ်ဖြစ်သော မြေအောက် ပုန်းကျင်း အစိုးရဂေဟာကြီးကို တက်ရောက် သိမ်းပိုက်ခဲ့ကြခြင်းဖြင့် ဂျာမန်နိုင် အသဲနှလုံးဖြစ်သော ဘာလင်မြို့ကြီးသည် ဆိုဗီယက်တို့ လက်သို့ လုံး လျားလျား ကျရောက်ခဲ့ရသည်။

ထို့ကြောင့်ပင်လျှင် ဟစ်တလာ၏ နောက်ဆုံးဇာတ်သိမ်းခန် မျက်မြင်ကိုယ်တွေ့ ပြောရေး ဆိုခွင့်ရှိသူများနှင့် ကာယကံမြောက် ပြော ဆိုနိုင်သည့် အခြေအနေအများဆုံး ရရှိခဲ့ကြသူ များမှာ ဆိုဗီယက်ရုရှ





ပါး အခြားမည်သူများ ရှိနိုင်ပါဦးမည်နည်း။

သို့ဖြစ်ရာ 'ဟစ်တလာ သေ-မသေ' ပြဿနာနှင့် စပ်လျဉ်း၍ သျှ သမိုင်းဆရာထရီဗါရိုပါ၏ လေ့လာစူးစမ်း ရှာဖွေ ဖောက်လှမ်း၍ ဆုံးသတ် ကောက်ချက်ချခဲ့ပုံများကို အထက်တွင် ဖေါ်ပြခဲ့သည့်နည်းတူ တဖန် ဆိုဗီယက် ရုရှားတို့၏ အာဘော်ကို ဖေါ်ပြရန်ရှိနေသည်။

ပို့စ်ဒမ်ကွန်ဖရင့်တွင် 'ဟစ်တလာမသေ' ဟူ၍ ခေါင်းဆောင် ြီး စတာလင်က ပြောကြားခဲ့ပြီးနောက် ဟစ်တလာသည် ဘာလင်မြို့ ာ်မှ လျှို့ဝှက်စွာ ထွက်ပြေးသွားခဲ့သည်ဟူသော အယူအဆကို ပြည်သူ အတွင်း ပထမဆုံး အတိအလင်း ဖေါ်ထုတ် တင်ပြခဲ့သူမှာ ဆိုဗီယက် ာင်းစာဆရာ ဆလာဗင်ဆိုသူ ဖြစ်သည်။

ဆလာဗင်သည် ဆိုဗီယက် တပ်နီတော်နှင့်အတူ စစ်သတင်း ာက်အဲဖြစ် အရှေ့တန်းစစ်မျက်နှာများသို့ လေးနှစ်တိုင်တိုင် အမြဲ လိုက်ပါနေခဲ့သူဖြစ်ရာ ဘာလင်တိုက်ပွဲကို ကိုယ်တွေ့ မျက်မြင် ခဲ့ရုံမက ဂျာမန်တို့၏ နောက်ဆုံး အချက်အခြာ ခုခံရာဖြစ်သော ိုးရဂေဟာနှင့်တကွ ဟစ်တလာ၏ 'နောက်ဆုံးနေ့ရက်များ'တွင် ဆိုင်သွားရာဖြစ်သော မြေအောက် ပုန်းကျင်းကို မေလ ၂ ရက်နေ့တွင် ာ်ရောက် သိမ်းပိုက်ခဲ့စဉ်က ဆိုဗီယက် တပ်နီတော်သားများနှင့်အတူ နွေးနွေး ဦးဦးဖျားဖျား ရောက်ရှိသွားခဲ့သူ ဖြစ်သည်။

သို့ဖြစ်ရာ ထိုစဉ်က သူ၏ နဖူးတွေ့ ဒူးတွေ့ ကိုယ်တွေ့ မျက်မြင် ကို 'ဖက်ဆစ် အင်ပိုင်ယာကြီး၏ ကျဆုံးခန်း' * ဟူသော ခေါင်းစဉ်ဖြင့် ပါဝင်စားဘွယ်ရာ ဖေါ်ထုတ်ရေးသားခဲ့သည် များကို အောက်တွင် န့်တစ်ဆင့် ပြန်၍ တင်ပြလိုက်ရပေသည်။

* * * *

---

The Fall of Fascist Empire



www.burmeseclassic.com

www.burmeseclassic.com



## ဖက်ဆစ်အင်ပိုင်ယာကြီး၏ ကျဆုံးခန်း

'စင်စစ်အားဖြင့် ဖက်ဆစ်အင်ပိုင်ယာကြီး ကျဆုံးခြင်းသည် ခမ်းနား ကြီးကျယ်လှသည့် အဆောက်အဦးကြီးတစ်ခု ပြိုကျပျက်စီး သွားခြင်းဖြစ်သည်' ဟူ၍ မဆိုနိုင်ပေ။

'ယင်းသို့ ဖက်ဆစ်အင်ပိုင်ယာကြီး ကျဆုံးဆိတ်သုဉ်းသွားခဲ့ခြင်း သည် လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းပူဆွေးဘွယ်ရာလည်း မဟုတ်ပေ။ ဂျာမန်နာဇီ တို့၏ ယုတ်မာ ဆိုးသွမ်းကြမ်းတမ်းခက်ထန်လှသည့် အဓမ္မစနစ်ကြီးတစ်ခု ပျောက်ကွယ်သွားခြင်းမျှသာ ဖြစ်ပေသည်။ ကွန် (ဆလာဗင်)သည် ဆိုဗီယက်တပ်နီတော် နှင့်အတူ ရှေ့တန်းစစ်မျက်နှာ များသို့ လေးနှစ်တိုင်တိုင် လိုက်ပါခဲ့ရာမှ ကံအားလျော်စွာ ဘာလင်မြို့ ၏ နောက်ဆုံးတိုက်ပွဲများနှင့် ဂျာမန်တို့၏ ဇာတ်သိမ်းခန်းဖြစ်သော လက်နက်ချ အရှုံးပေးခဲ့ကြရသည့် ဖြစ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။

အောက်တွင်ဖော်ပြလတ္တံ့သော နာဇီတို့ လက်နက်ချ အညံ့ မီ ဟစ်တလာ၏ ဘာလင်မြို့တော်တွင် နောက်ဆုံးရှစ်ရက် (၁၉၄၅ ဧပြီလ ၂၄ရက်နေ့မှ မေလ ၁ရက်နေ့)အတွင်း ဖြစ်ပျက်ခဲ့သမျှအကြော ခြင်းရာအလုံးစုံတို့မှာ ကျွန်ုပ်ကိုယ်တိုင် မျက်စိဖြင့် တပ်တပ်အပ် မြင်တွေ့ခဲ့ရသည့်အကြောင်းခြင်းရာများပင် ဖြစ်ပေသည်။

ထို့ပြင် ကျွန်ုပ်သည် ထိုစဉ်က ကျွန်ုပ်ကဲ့သို့ပင် ပတ်ဝန်းကျင် လူပုဂ္ဂိုလ်များထံမှ စုံစမ်းမေးမြန်း၍ ရရှိသည့် အချက်အလက်များ တကွ ဟစ်တလာနောက်ဆုံးစံမြန်းရာ 'ချန်စယ်လာရီ'ခေါ် အစိုးရ အတွင်းမှ သိမ်းဆီးရမိခဲ့သည့် စာရွက်စာတမ်း မှတ်စု မှတ်ရာ များ အကိုးအကားပြုတာ ဤဖြစ်ရပ်များကိုပြန်လည် တင်ပြလိုက် ဖြစ်ပါသည်။





ဟစ်တလာနှင့် နာဇီခေါင်းဆောင်များသည် ထိုအချိန် အခါက ဘာလင်မြို့ကြီးကို ကာကွယ်ရန်အတွက် စစ်နယ်မြေ ရှစ်ခု ခြား သတ်မှတ်ထားခဲ့ကြသည်။ ယင်းစစ်နယ်မြေများ၏ ဗဟိုအချက် ချာတွင် နာဇီတို့၏ ဌာနချုပ်နယ်မြေဖြစ်သော 'တိုင်းယားဂါတင်' ခေါ် သန့်ဒေသတစ်ခုရှိ၍ ယင်းဒေသကို ဂျာမန်လက်နက်ကိုင်တပ်သား ဖြင့် အထပ်ထပ် ဝန်းရံစောင့်ကြပ် ထားခဲ့ကြသည်။

ထို့ပြင် အထက်ပါ စစ်နယ်မြေရှစ်ခုတွင် နယ်မြေတစ်ခုလျှင် ပ်သားနှစ်သောင်းလေးထောင် (၂၄၀၀၀)ချထားခဲ့ပြီး ယင်းတပ်များကို စ်တလာကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ် ခန့်အပ်ထားသည့် ဗိုလ်မှူးတစ်ယောက်ကျစီဖြင့် အုပ်ချုပ်ကွပ်ကဲ လျက်ရှိကြသည်။

ထိုစဉ်က အမှတ်တစ် စစ်နယ်မြေတွင် ဗိုလ်ချုပ်ကြီး ဖင်းဂါး သူက အုပ်ချုပ်ကွပ်ကဲလျက်ရှိရာ စင်စစ်အားဖြင့်ဖင်းဂါးသည် စစ်ရေး ရာ စစ်ပြုဟာများတွင် ကျွမ်းကျင် ကြွယ်ဝသူ မဟုတ်ဘဲ ဟစ်တလာ၏ ထိုတော် တစ်ဦးဖြစ်သဖြင့် 'အရှင်မွေးနေ့ချင်းကြီး' ဆိုသည့်အလား တ်ဖတင်နင် ဗိုလ်ကလေးဘဝမှ လက်ဖတင်နယ် ကာနယ်ခေါ် ဗိုလ်မှူးကြီးအဖြစ်သို့ 'ဒါရိုက်ဟစ်' ရောက်ရှိ လာခဲ့သူဖြစ်သည်။

သို့သော် ဟစ်တလာသည် သူ၏အချစ်တော် ဖင်းဂါး၏ ရေးစစ်ရာ ကျွမ်းကျင်မှု မရှိသည်များကို သိရှိခဲ့ပြီးဖြစ်ရာ မိမိ မြှောက် ထားသော ဗိုလ်ချုပ်ဖင်းဂါးသည် ဘာလင်မြို့ကြီးကို ကာကွယ် နိုင်မည် မဟုတ်သည်ကိုလည်း နားလည်သဘောပေါက်ပြီးဖြစ်နေပေ သည်။ သို့ဖြစ်ရာ ဟစ်တလာသည် ဂျာမန်တပ်မတော်တွင် စစ်ရေး စဉ်အလာရှိခဲ့သည့် အမြောက်တပ်မှ ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်ဆိုသူအား ဘာလင်မြို့ကြီးကျလုဆဲဆဲရက်အနည်းငယ် အတွင်းမှာပင် ဘာလင် တော် ကာကွယ်ရေးတပ်မှူးကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းကား ပထမကမ္ဘာစစ်ကြီး (၁၉၁၄-၁၈) အတွင်းက ဂျာမန်လေတပ်မတော်တွင် ဇက်ပလင်* ခေါ် နာမည်ကျော် လေသင်္ဘောတပ်ကို အုပ်ချုပ်ခဲ့ရသည့် ဗိုလ်ကြီးပင် ဖြစ်၏။ ထို့နောက် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပိုလန်နိုင်ငံအား ဂျာမန်တို့ ချီတက်သိမ်းပိုက်ခဲ့စဉ်က အမြောက်တပ်၌ အမှုထမ်းခဲ့ပြီး ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွား၍ ၁၉၄၀ ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံအား တိုက်ခိုက် သိမ်းပိုက်သည့် အခါတွင်မူ အမြောက်တပ်၏ တပ်မှူးဖြစ်လာခဲ့ပေသည်။

ထိုမှတဖန် ဝိုက်ဒလင်းသည် ၁၉၄၁-၄၂ ခုနှစ်တွင် အရှေ့ဘက် စစ်မျက်နှာ၌ မော်စကိုမှ ဂျာမန်တပ်များ ဆုတ်ခွာခဲ့ရစဉ်က ပါဝင်ခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် အမှတ် ၉ ဂျာမန်တပ်မတော်၏ ဗိုလ်ချုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းသည် ၁၉၄၅ ခု၊ ဧပြီလတွင် ကမ္ဘာကျော်ဘာလင်တိုက်ပွဲ စတင်ဖြစ်ပွားရာ အိုဒါမြစ်ဝ ဆိုဗီယက်တို့၏ ထိုးစစ်ကို မခံနိုင်ဘဲ ဆုတ်ခွာခဲ့ရသည်။

ယခုအခါတွင် ဝိုက်ဒလင်းသည် ဘာလင်မြို့ကြီးကို နောက်ဆုံးခုခံကာကွယ်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်ဖြစ်ရာ ယင်း တာဝန်အရ ဟစ်တလာနှင့် သူ၏ စစ်ကောင်စီအဖွဲ့ဝင်များထံ အစီရင်ခံ စာများ နေ့စဉ်သွားရောက် ပေးပို့ခဲ့ရလေသည်။

ထိုအချိန်၌ ဟစ်တလာနှင့်တကွ နာဇီခေါင်းဆောင်များသည် အစိုးရဂေဟာ အဆောက်အဦးကြီး၏ မြေအောက်တွင် ပုန်းကျင်းများ

---

*Zeppelin ပထမကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တို့အသုံးပြုခဲ့သော လေယာဉ်တစ်မျိုးဖြစ်သည်။ သင်္ဘောကဲ့သို့ ကြီးမားရှည်လျားသော ပုံသဏ္ဌာန်ရှိ၍ ကောင်းကင်တွင် သွားလာနိုင်သောကြောင့် 'လေသင်္ဘော' ဟူ၍လည်းခေါ်သည်။ တီထွင်ဆောက်လုပ်သူ မြို့စားကြီး ဇက်ပလင်၏ အစွဲပြု၍ 'ဇက်ပလင်'ဟူ၍ခေါ်ခဲ့ကြသည်။ စာရေးသူ





...ကာ အဆိုပါ ကြီးကျယ် ခမ်းနားလှသည့် မြေအောက် ပုန်းကျင်းကြီး ...တွင် ဌာနချုပ်ဖွင့်လှစ်ထားရှိခဲ့ရာ ဝိုက်ဒလင်းသည် အဆိုပါ မြေအောက် ...န်းကျင်းရှိရာသို့ နေ့စဉ် ညနေတိုင်းသွားရောက်၍ အခြေအနေအရပ်ရပ် ...ို အစီရင်ခံခဲ့ရလေသည်။

များမကြာမီ ဥရောပ တစ်တိုက်လုံးကို ထုံးလိုချေ ရေလို ...ောက်ကာ လက်ခုပ်ထဲကရေပမာ သွန်လိုသွန် မှောက်လိုမှောက် ...ာခဲ့ကြသည့် နာဇီ ထိပ်သီးခေါင်းဆောင်ကြီးများသည် ယခုအခါ ...သက်ရှူကြပ်လှသည့် မြေအောက် ပုန်းကျင်းထဲမှနေ၍ ပုံးဒဏ် ကြောင့် ...ပျက်အစီးများဖြင့် အတိပြီးနေသော ဘာလင်မြို့ကြီးကို သာ ...မို့အုပ်ချုပ်မင်းလုပ်နေ ကြရလေပြီ. . . ။

သို့တိုင်အောင် ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်း၏ ပြောပြချက် ...အဆိုပါက အာဏာရှင် ဟစ်တလာသည် ကျဉ်းမြောင်းလှသည့် ...မြေအောက် ပုန်းကျင်းထဲမှနေ၍ ရှေးယခင်အတိုင်း ဘဝင်မြင့်ကာ ...န်ရစ်လျှက်ရှိနေသေး၏။ သူသည် နောက်ဆုံးအချိန်၌ လိုက်နာ မည့်သူ ...၍ တစ်ယောက်မှ မရှိသည့်တိုင်အောင် အမိန့်များကို တစ်ခုပြီး တစ်ခု ...ထုတ်ပြန်နေဆဲပင်ဖြစ်၏။ အနှစ်မရှိသည့် တောတွင် မင်းမူနေသည့် ...ကြက်ဆူပင်ပမာ ဖြစ်နေခဲ့၏။ အချုပ်အားဖြင့်ဆိုရသော် ဟစ်တလာသည် ...ယခုအခါ 'နောက်လိုက်မပါ- ငါကိုယ်တော်တစ်ယောက်တည်း' ဆိုသကဲ့သို့ ...နောက်လိုက်မရှိသည့် အာဏာရှင်ကြီးဘဝသို့ ရောက်ရှိနေရရှာပြီတကား။

'ကွန်ုပ် (ဆလာဗင်)သည် ဂျာမန်တို့လက်နက်ချမည့်နေ့က ...ဟစ်တလာ၏ ဌာနချုပ်ရုံးစိုက်ရာအစိုးရဂေဟာသို့ ဆိုဗီယက်တပ်များနှင့် ...အတူ ရောက်ရှိခဲ့သူဖြစ်ရာ ထိုစဉ်ကဗိုလ်ချုပ်ကြီး ဝိုက်ဒလင်း၏ ပြောကြား ...ချက်များသည် အလွန်တရာ စိတ်ပါဝင်စားဘွယ်ရာ ကောင်းလှသည်ဟု ...ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်မြို့ကြီးတွင် နာဇီတို့၏နောက်ဆုံး ခြေကုပ်စခန်းဖြစ်သော အချက်အခြာ ဌာနချုပ်ကိုခုခံကာကွယ်ခဲ့ရသူများသည် နောက်ဆုံးအခ် အနေတွင် မည်မျှလောက် တုန်လှုပ်ချောက်ခြား၍ ထိတ်လန့်ကြောက် ကာ ဇရမ်းဇတာဖြစ်နေကြမည်ကို အထူးတလည် ဖော်ပြနေရန်လိုမ မထင်ပေ . . .။

ဟစ်တလာ၏ကိုယ်ပိုင် စာကြည့်ခန်းထဲမှ မြောက်မြားလှစွာသေ စာအုပ်များကို အခန်း၏ပတ်ပတ်လည်တွင် ကတုပ်သဖွယ် အထပ်လို အထပ်လိုက် စီထားသည်ကို တွေ့မြင်ခဲ့ရ၏ အခန်းထဲတွင်ကားဟစ်တ ၏မှတ်စုမှတ်ရာ စာရွက်စာတမ်းများနှင့် ဟစ်တလာထံ ပေးစာများသ ဖယိုဖရဲ ဖြစ်နေကြလေသည်။ တစ်နေရာတွင်ပိုးဆံထိမှန်ထားသ တစ်ပိုင်းတစ်စ စုတ်ပြဲနေသော ဟစ်တလာ၏ ကမ္ဘာကျော် မိန်းက (ကျွန်ုပ်၏ကြိုးပမ်းမှု)စာအုပ်ကြီးကို မြင်ခဲ့ရ၏။

ဟစ်တလာရုံးစိုက်ရာ အစိုးရဂေဟာဝင်း အတွင်းရှိ ပန်းခြ တွင်လည်း အကျိုးအပဲ့အပျက်အစီးများနှင့်အတူ ဝေဆာပွင့်လန်း ကြသည့် သစ်ပင်ပန်းပင်များအကြား၌ ရန်သူလက်ချက်ဖြင့်လည်းကော ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ကြသဖြင့်လည်းကောင်း၊ မြင်မကော ရှုမကောင်းအောင် ပုံးလိုပက်လက် သေဆုံးနေကြသည့် နာဇီခေါင်းဆေ များနှင့် လုံခြုံရေး အစောင့်တပ်သားများ၏ အလောင်းများဖြင့်ပြည့် နေပေသည်။

အလားတူပင် ကျွန်ုပ်သည် အဆိုပါမေလ ၂ရက်နေ့က ထိုနေ တစ်ဝိုက်တွင် လုံခြုံရေးတပ်သား ဂက်စတာပိုများ၏ လက်ချက် အသက်ဆုံးရှုံးခဲ့ကြရသူများ၏ အလောင်းများကိုလည်းတွေ့မြင် လေသည်။

အစိုးရဝေဟာအဆောက်အဦးမှ ဟစ်တလာ၏ လျှို့ဝှက်ဌာန





ဖြစ်သော မြေအောက်ပုန်းကျင်းသို့သွားရာ လမ်းနှစ်လမ်းရှိသည်ဟု သိရ၏။ ကျွန်ုပ်သည် အဆိုပါမြေအောက်ပုန်းကျင်းရှိရာသို့သွားရန် ကြံရွယ် ခဲ့သော်လည်း လွန်ခဲ့သည့် တစ်ရက် (မေလ၁ရက်နေ့)က ဗုံးဆံအမြောက် ဆံများ ထိမှန်ထားပြီး လမ်းနှစ်သွယ်စလုံး ပျက်စီးပိတ်ဆို့နေသဖြင့် သွားမရဘဲ ဖြစ်နေခဲ့လေသည်။

'ထိုအခိုက် ဘာလင်မြို့သူမြို့သားများ၏ အကူအညီဖြင့် ကျွန်ုပ် သည်မြေအောက်ပုန်းကျင်းထဲသို့ဆင်းသော အခြားမလွယ်ပေါက်တစ်ခု ရှိရာသို့ ရောက်သွားခဲ့၏။ ဤတွင်ကြီးမားထုထဲလှသည့် သံမဏိတံခါးကြီး ကိုဖွင့်၍ အောက်သို့ဆင်းလိုက်သည်နှင့် တပြိုင်နက် ကျွန်ုပ်သည် ကျဉ်းမြောင်းလှသည့် မြေအောက်ပုန်းကျင်းထဲသို့ ရောက်သွားလေသည်။ ထိုမှတဖန် ဆက်၍ လျှောက်လာခဲ့ပြီး လှေခါးတစ်ခုအတိုင်း အပေါ်သို့ တက်လိုက်ပြန်သောအခါ လမ်းမြောင်ကလေးတစ်ခုထဲသို့ ရောက်သွား ပြန်၏။ ထိုလမ်းမြောင်ထဲတွင်မူ ဟစ်တလာ၏ ကိုယ်ရံတော်တပ်သားများ နှင့်လုံခြုံရေးတပ်သား ဂျာမန်စစ်သားများကို တိုက်ပွဲမှရရှိခဲ့သော ဒဏ်ရာ များဖြင့် တပြုံတခေါင်းကြီး တွေ့လိုက်ရ၏။

'ဂျာမန်စစ်သားများသည် ရုရှား စစ်ဗိုလ်များနှင့် ကျွန်ုပ်အား မျက်နှာပေါက်ဆိုးဆိုး ရှုသိုးသိုးဖြင့် ကြည့်နေကြ၏။ သူတို့၏ တင်းမာခက် ထန်လှသော မျက်နှာများသည် ကာလကြာမြင့်စွာမရိတ်ပဲ ထားခဲ့ကြသည့် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကြောင့် ပို၍အကြည့်ရ ဆိုးလှသည်ဟု ဆင်ရပေသည်။

'ကျွန်ုပ်အဖို့ရာ၌ ဤမျှမျက်နှာထား တင်းမာ၍ ရုပ်ရည်ကြမ်းတမ်း သူများကို မတွေ့မမြင်ဘူးခဲ့ပေ။ ဤဂျာမန်စစ်သားများအနက် အချို့မှာ ကြာသေးမီ နာရီပိုင်းကမှ တိုက်ပွဲတွင် ဒဏ်ရာများရခဲ့သဖြင့် ညည်းညူ နေကြ၏။ သို့သော် အမှန်အတိုင်းဝန်ခံရပါမူ ကျွန်ုပ်သည် သူတို့အား



www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာစိတ်များ လုံးဝမဖြစ်ပေါ်မိပေ။ သူတို့၏ ရုပ်ရည်များသည် ဤမျှလောက်ပင် ကြမ်းတမ်းမာကြောလှပေသည်။

ဤအတောအတွင်း ဂျာမန်ဆရာဝန်များနှင့် သူနာပြုဆရာမများသည် ဟိုဟိုဒီဒီ သွားလာလှုပ်ရှားပြီး ဒဏ်ရာရနေသော ဂျာမန်စစ်သားများအား ပတ်တီးစည်းပေးခြင်း၊ ဆေးထိုးပေးခြင်းစသည်ဖြင့် ပြုစုကုသပေးနေကြသည်ကို တွေ့ရပေသည်။ တစ်ချိန်တည်းပင် မြေအောက်ပုန်းကျင်းထဲရှိ အောက်ထပ်မှ အခြားအခန်းများတွင် ကျွန်ုပ်တို့ ဆိုဗီယက်တပ်နီတော်သားများသည် သေဆုံးနေပြီဖြစ်သော ဂျာမန်စစ်သားများ၏ အလောင်းများကို မီးရှို့နေကြသည်ဟု သိရပေသည်။

ထို့နောက် များမကြာမီ ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေ ဆိုဗီယက်အရာရှိတစ်ဦးထံ ရောက်ရှိသွားခဲ့၏။ ကျွန်ုပ်၏ မိတ်ဆွေအား နံနက်ပိုင်းကကဲ့သို့ပင် ရုံးခန်းထဲ၌ ရုံးထိုင်နေသည်ကို တွေ့ရလေသည်။

"အရက်သောက်မလား"

ကျွန်ုပ်၏ မိတ်ဆွေက လှမ်းပြောလိုက်ရာ ကျွန်ုပ်က-

"နောက်မနေပါနဲ့ဗျာ . . . ခင်ဗျား ရှာတွေ့ထားလို့လား"

"တမင်တကာ ရှာလို့တွေ့ထားတာတော့ မဟုတ်ပါဘူး၊ နာဇီတွေရဲ့ လက်ကျန်ထင်ပါရဲ့၊ ဒီအခန်းထဲမှာ တွေ့ထားလို့ပါ"

တခဏအတွင်းမှာပင် ပိန်ပိန်ပါးပါး လူတစ်ယောက်သည် ပုလင်းတစ်လုံးကို ဆွဲထုတ်လာပြီး ကျွန်ုပ်တို့အား အရက်များလိုက်ငှဲ့ပေးလေသည်။

သို့ဖြင့် အရက်သောက်နေရင်းက ကျွန်ုပ်သည် မိတ်ဆွေစစ်ဗိုလ်အား ဆေးရုံဘက်သို့ သွားကြည့်လိုကြောင်း ပြောပြမိသည်။

"ဟာ. . . . ခင်ဗျားကလဲ အဲဒီနေရာများ မသွားချင့်စမ်းပါနဲ့ဗျာ၊ လူနာတွေ အဲဒီမှာဒင်းကြမ်းပဲ၊ ပြီးတော့ ခင်ဗျားနဲ့ အဖော်ထည့်ပေးဖို့





လူနဲ့တော့မှာ လူပိုလည်းမရှိဘူး၊ တော်တော်ကြာ မသေဘဲကျန်နေတဲ့ နာဇီတွေက ခင်ဗျားရင်ဘတ်ကို ဓါးမြှောင်နဲ့ ချောင်းပြီးထိုးနေပါအုံးမယ်"

ကျွန်ုပ်သည် မိတ်ဆွေစစ်ဗိုလ်က တားသော်လည်း ဆေးရုံဘက်သို့ ထွက်မိအောင် ထွက်လာခဲ့လေသည်။ သို့ဖြင့် ကျွန်ုပ်သည် နာဇီတို့၏ ဓါးမြှောင်ဖြင့် ချောင်းထိုးခြင်း မခံရရုံမျှမက ဒဏ်ရာရထားသော ဂျာမန်စစ်သားများနှင့် ဆေးရုံတွင် ကောင်းကောင်းမွန်မွန် တွေ့ခဲ့ရပေသည်။

ဂျာမန်စစ်သားများသည် ကျွန်ုပ်အား ရွံရှာမုန်းတီးသော အမူအရာများဖြင့်ပင် ကြည့်နေကြ၏၊ သို့သော် ကျွန်ုပ်က စတင်၍ စကားပြောဆို မေးမြန်းသောအခါတွင်မူ ယဉ်ယဉ်ကျေးကျေးပင် ပြန်လည်ပြောဆိုကြသည်ကိုတွေ့နေရ၏။ သို့ဖြင့် ကျွန်ုပ်သည် ဟစ်တလာ နောက်ဆုံးအချိန်တွင် မည်သို့မည်ပုံနေထိုင်သွားခဲ့သည်ကို သူတို့ထံမှ အတိအကျ သိခဲ့ရပေသည်။

အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့ပြီးဖြစ်သော ဗိုလ်ချုပ်ကြီးဂိုက်ဒလင်းသည် ဘာလင်မြို့တော်ကာကွယ်ရေးအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့က ဟစ်တလာနှင့် သွားရောက်တွေ့ဆုံခဲ့သည်ဟုဆို၏။ ထိုနေ့ဆိုရက်မှာ ဧပြီလ ၂၄ရက် ညနေ ၅နာရီ တိတိအချိန် ဖြစ်လေသည်။

ထိုသို့ တွေ့ဆုံခဲ့စဉ်က ဗိုလ်ချုပ်ဝိုက်ဒလင်းတွေ့ခဲ့ရသူမှာ ဟစ်တလာအစစ်ဖြစ်၏။ ဤအချက်နှင့်ပတ်သတ်၍ သူ၏နှုတ်ခမ်းမွှေးနှင့် မျက်နှာအနေအထား ရုပ်လက္ခဏာများအရ လွဲမှားစရာမရှိဟုဆို၏။ သို့သော် ထိုအချိန်တွင် ဟစ်တလာမှာ အမူအရာအားဖြင့် လုံးဝကွဲပြားခြားနားနေသည်ကို တွေ့ရ၏။ ထိုအချိန်က ဟစ်တလာသည် ခေါင်းကြီးကို ငိုက်စိုက်ချကာ နဖူးရေများမှာလည်း အလွန်အမင်း တွန့်နေပြီး သက်နှစ် ဖက်စလုံး တုန်တုန်ရီရီဖြစ်နေလေသည်။

ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းသည် ထိုနေ့က ဟစ်တလာနှင့်ယင်သို့



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ပြီးနောက် နေ့စဉ်ညနေတိုင်း သူထံသို့သွား ရောက်ကာ တိုက်ပွဲများ၏ နောက်ဆုံးသတင်းများကို အစီရင်ခံခဲ့ရလေ သည်။ ဤတွင် ဟစ်တလာ၏အမူအရာသည် တစ်နေ့ထက်တစ်နေ့ ပို၍ ပြောင်းလဲကာ တစ်နေ့တစ်ခြား ပိုမိုဆိုးဝါးလာသည်ကို တွေ့နေရပေ၏။

ထိုအချိန် ထိုအခါ ထိုနေ့ ထိုရက်များမှာပင် ဘာလင်မြို့တွင်း၌ မြို့သူမြို့သားများအကြား၌ ကောလာဟာလသတင်းတစ်ခုသည် အုတ်အော်သောင်းနင်းဖြစ်ပွားလျက်ရှိနေခဲ့၏။ ယင်းကောလာဟာလကား အခြားမဟုတ်၊ ယခုဟစ်တလာသည် ဟစ်တလာအစစ်မဟုတ်တော့ပဲ ဟစ်တလာနှင့်ရုပ်ချင်းတစ်ထေရာတည်းတူသူ တစ်ယောက်က ဟစ်တလာ၏ကိုယ်စား အယောင်ဆောင်နေခြင်း ဖြစ်သည်ဟူသော သတင်းစကား ပေတည်း။

ဤတွင် ဘာလင်မြို့ကြီး မကျဆုံးမီ နောက်ဆုံးရက်များအတွင်း ဟစ်တလာအား မြင်ခဲ့ တွေ့ခဲ့ရသူများ၏ ပြောကြားချက်အရ ဟစ်တလာ သည် ထိုအချိန် ထိုအခါက အရူးတစ်ယောက်ပမာ ဆောက်တည်ရာမရ အောင်ဖြစ်နေသည်ဟု သိရှိရ၏။

ဤရက်များအတွင်း ဟစ်တလာသည် လုံးဝ မျှော်လင့်ချက်မရှိ တော့သည့်ကြားမှကြိုးစား၍ အားတင်းကာ စစ်နိုင်ရေးကို တွေးခေါ် မျှော်လင့်ခဲ့၏။ တဖန်မိနစ်ပိုင်းအတွင်းမှာပင် လုံးဝအားလျှော့ကာ မျှော် လင့်ချက်ကင်းမဲ့စွာဖြင့် ပုံကျမည့် အခြေအနေမျိုးသို့ ရောက်သွားပြန်လေ သည်။ ဤသို့ဖြင့် သူ့စိတ်သည်ဂဏှာမငြိမ်ပဲ ထိန်းမနိုင်သိမ်းမရဖြင့် တက်လိုက်ကျလိုက် ဖြစ်နေလေသည်။

၁၉၄၅ခု ဧပြီလ ၂၂ရက်နေ့က ဟစ်တလာနှင့် သူ၏စစ်ကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများပါဝင်သည့် အစည်းအဝေးတွင် ဟစ်တလာက သူသည်နောက်ဆုံး၌ တိုင်းပြည်အတွက် အသက်အသေခံတော့မည်





ဖြစ်ကြောင်း . . .၊ ယခုအခါ ဂျာမန်အင်ပိုင်ယာကြီးသည် တစ်စတစ်စ ပြိုကွဲပျက်စီးလာနေပြီဖြစ်ရာ ဂျာမန်အင်ပိုင်ယာကြီး ဆိတ်သုဉ်းပျောက် ကွယ်သွားသည်နှင့် တပြိုင်နက် သူ၏ခန္ဓာကိုယ်ကိုလည်း လုံးဝအစအန ရှာမရအောင် ဖျောက်ဖျက်ပစ်လိုက်ရန် ကြံရွယ်ထားကြောင်း . . . စသည် ဖြင့် သူ့စိတ်ထဲရှိသမျှ အားပါးတရ ပြောပြခဲ့၏။

ထိုအချိန်က ဟစ်တလာစကားပြောနေခိုက် ဖီးလ်မာရှယ်ကိုက် တဲလ်၊ ဗိုလ်ချုပ်ဂျော့ဂျ် မာတင်ဘောမန်းနှင့် ရုံးအမှုထမ်း ဂါးဟတ် ဂက်ဆဲလ် ဆိုသူတို့ ရှိနေကြသည်။

ဟစ်တလာ၏စကားအဆုံးတွင် ဗိုလ်ချုပ်ကိုက်တဲလ်က ယခုကဲ့ သို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်၍ အသေခံမည်ဟူသော စကားသည် ယခင်က ဟစ်တလာ၏ သဘောထားနှင့် မကိုက်ညီပဲ ဖြစ်နေကြောင်း ဖြန်လည်ပြောကြားကာ ဗိုလ်ချုပ်ဂျော့ဂျ်ထံမှ အကူအညီတောင်းသည့် အနေဖြင့် ဂျော့ဂျ်အား လှမ်းကြည့်လိုက်လေသည်။

ဤတွင် ဗိုလ်ချုပ်ဂျော့ဂျ်က "ကျွန်တော့်တာဝန်ဟာ တပ်သား တွေကို ခေါင်းဆောင်ပြီး တိုက်ဘို့ပဲရှိတယ်၊ အသေခံဘို့ မဟုတ်ဘူး"ဟု ဆိုကာ ထိုင်ရာမှ ဖြုန်းကနဲထ၍ လေယာဉ်အဆင်သင့် စောင့်နေသော တက်တိုလေဆိပ်သို့ ထွက်သွားခဲ့လေသည်။

ဟစ်တလာသည် ဗိုလ်ချုပ်ဂျော့ဂျ်ထွက်သွားသည်ကို ရုတ်တရက် မည်သို့မျှမပြောနိုင်ဘဲ အံ့အားသင့်ခြင်း၊ ဒေါသထွက်ခြင်း၊ နာကျည်းခြင်း စသည့် အမူအရာများဖြင့် ကြည့်နေခဲ့ပေသည်၊ ခဏကြာမှ . . . .

"ကဲ ဒီလိုဆိုသွားကြ သွားကြ၊ မင်းတို့အားလုံး သွားကြ၊ လေယာဉ် ပျံနဲ့ပဲသွားကြ၊ ခုချက်ချင်းသွားကြ"ဟူ၍ ဒေါသတကြီး ဟစ်အော်ပြောဆို လိုက်သည်။"

ဤတွင် ကိုက်တဲလ်က ဟစ်တလာ၏ စကားအတိုင်းပင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၍ . . "ကျွန်တော်တို့ ခုချက်ချင်းသွားရမယ်ဟုတ်လား၊ ကိုယ့်သားမယားကိုတောင်မှ တွေ့ခွင့်မရှိတော့ဘူးလား"ဟု မေးလိုက်ရာ ဟစ်တလာသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ . . .

"သွားကြစမ်း၊ သွားဆိုမြန်မြန်သွားကြ၊ တော်တော်ကြာ ရုရှားတွေရောက်ချင် ရောက်လာလိမ့်မယ်၊ ဂျာမနီတောင်ပိုင်းကိုသွားပြီး အစိုးရသစ်ဖွဲ့ကြ၊ အဲဒီမှာ ဂိုးအားရင်းကို ငါ့လက်ထောက်အဖြစ် ငါခန့်လိုက်တယ် ကဲ ဒါငါ့အမိန့်ပဲ သွားကြ"ဟူ၍ တအားကုန် အော်ဟစ်အမိန့်ပေးလိုက်သည်။

သို့ဖြင့် ဗိုလ်ချုပ်ကိုက်တဲလ်သည် လေယာဉ်ကွင်းရှိရာသို့ထွက်ခွါလာခဲ့ရလေသည်။

ယင်းသို့ ဖြစ်ပျက်ခဲ့ကြပြီးနောက် ၃-ရက်အကြာ ဧပြီလ ၂၅ရက်နေ့တွင် ဟစ်တလာသည် တဖန်စိတ်ဓါတ်တက်လာပြန်သည်။

ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းက ဘာလင်မြို့တော် ကာကွယ်ရေးမှာ တစ်နေ့တစ်ခြား အခြေအနေ ဆိုးဝါးလာနေပြီဖြစ်ကြောင်း သတင်းပို့အစီရင်ခံနေသည့်ကြားမှပင် ဟစ်တလာသည် စကားအဓိပ္ပါယ် ဆက်စပ်မှုမရှိပဲ တောင်တစ်ခွန်း မြောက်တစ်ခွန်း ပြောလိုက်၊ ဘာလင်မြို့မြေပုံကြီးကိုဖြန့်ကာ လက်ညှိုးဖြင့်ဟိုနေရာထောက်လိုက် သည်နေရာထောက်လိုက်လုပ်နေလေသည်။

ယခုအခါ ဆိုဗီယက်တပ်နီတော်သည် ဘာလင်မြို့တွင်းသို့စတင်ဝင်ရောက်ကာ မြို့တော်၏အနောက်ဘက်မှ ထွက်ပေါက်မှန်သမျှတို့ကို အခိုင်အမာ ပိတ်ဆို့ထားလိုက်ကြပြီ ဖြစ်ကြောင်း ဗိုလ်ချုပ်ဝိုက်ဒလင်း သိပြီးဖြစ်ပေသည်။ သို့ပါလျှက် ဟစ်တလာက "မကြာခင် ကျုပ်တို့အခြေအနေကောင်းလာလိမ့်မယ်၊ အမှတ်-၉ တပ်မတော်က ဘာလင်ကို ချီတက်လာပြီး ရုရှားတွေကို ချေမှုန်းပစ်လိမ့်မယ်၊ အဲဒီတော့ ဝင့်စ်အုပ်ချုပ်တဲ့ အမှတ် ၁၂ တပ်မတော်ကို မြောက်ဘက်က ဝိုင်းပတ်ခိုင်းပြီး ရုရှားတွေ





ရဲ့တောင်ဘက်တောင်ပံကို တိုက်ပစေ၊ စတိန်းနားရဲ့တပ်ကိုလည်း မြောက်ဘက်ကပဲတိုက်ဘို့ စီစဉ်ပါ၊ အဲဒါကျုပ်အမိန့်ပဲ၊ ကဲသွားတော့ ဒီအတိုင်းပဲလုပ်"

'ဝိုက်ဒလင်းသည် ထိတ်လန့်သော မျက်နှာထား၊ အံ့အားသင့်သောအမူအရာဖြင့် ဟစ်တလာ၏စကားများကို ပါးစပ်အဟောင်းသားကြားထောင်နေမိလေသည်။ သို့သော် သူ့ဦးခေါင်းထဲတွင်မူ ဗိုလ်ချုပ်ကြီးစတိန်းနား၏ တပ်များမှာ လွန်ခဲ့သည့် မတ်လကတည်းက ဘိုင်လိုရုရှားတပ်မတော်၏ ချေမှုန်းခြင်းခံခဲ့ရပြီးဖြစ်သည်ကိုလည်းကောင်း၊ ဗိုလ်ချုပ်ဝင့်စ်၏ အမှတ် ၁၂ တပ်မတော်မှာလည်း အမေရိကန်တို့ထံ လက်နက်ချ အညံ့ခံသွားခဲ့ပြီကိုလည်းကောင်း၊ အမှတ်၉တပ်မတော်မှာလည်း မဟာမိတ်တပ်များ၏ အဝိုင်းခံနေရသည်ကိုလည်းကောင်း . . . ဖြစ်ရပ် အမှန်များကို အမှန်အတိုင်း သိနေပြီးဖြစ်သည်။'

ဟစ်တလာသည် သဲထဲရေသွန်သည့်ပမာ အရာမထင်သည့် အမိန့်များကိုသာ ထုတ်ပြီးရင်း ထုတ်နေလေပြီ . . .

သို့ဖြင့် ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းသည် ဧပြီလ ၂၉ရက်နေ့တွင် ဟစ်တလာထံသို့ ထုံးစံအတိုင်း နောက်ဆုံးသတင်းများကို လာရောက်အစီရင်ခံရာ ထိုအခါတွင် ဟစ်တလာ၏ အမူအရာသွင်ပြင်လက္ခဏာများမှာ အပြောင်းလဲကြီး ပြောင်းလဲနေသည်ကို တွေ့ရလေသည်။ အထူးသဖြင့် ဟစ်တလာ၏ ရုပ်လက္ခဏာမှာ ရုတ်တရက်အားဖြင့် မမှတ်မိနိုင်လောက်အောင်ပင် ထူးထူးခြားခြား ပျက်ပြားနေပြီး တစ်ကိုယ်လုံး တုန်တုန်ရီရီဖြင့် အသံသဲ့သဲ့သာလျှင် ထွက်တော့သည်ကို တွေ့ခဲ့ရသည်။

ဗိုလ်ချုပ်ကြီးဝိုက်ဒလင်းက ယခုအခါ ရန်သူကိုခုခံနေ၍ တစ်စုံတစ်ရာ အကျိုးထူးတော့မည် မဟုတ်ကြောင်း၊ ဘာလင်မြို့တွင်းသို့ ရိက္ခာနှင့်လက်နက်ခဲယမ်းမီးကျောက်များ ပေးပို့သည့် ပို့ဆောင်ရေးလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာလည်း ပြုတ်တောက်ကုန်ပြီဖြစ်ကြောင်း ဟစ်တလာအား သတင်းပို့ခဲ့သည်။

သို့သော် ဟစ်တလာက ရိက္ခာနှင့်လက်နက်ထောက်ပံ့ရေးအတွက် အထူးအမိန့်ထုတ်လိုက်ပြီဖြစ်ကြောင်း၊ အကယ်၍ နောက်ထပ်တစ်စုံတစ်ရာ အခြေအနေတိုးတက်မှုရှိမလာပါက ဂျာမန်တပ်များအား ဘာလင်မြို့တွင်းမှဖောက်ထွက်ကြရန် မိမိလက်ခံမည်ဖြစ်ကြောင်းများကို အသက်မပါသော ပြောပြနေပြန်လေသည်။

ဤတွင် ဗိုလ်ချုပ်ကြီးဝိုက်ဒလင်းက. . .

"စစ်သားတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အခုအချိန်မှာ ခုခံနေလို့အကြောင်းမထူးတော့ပါဘူး၊ အဲဒီတော့ ဖောက်ထွက်မယ်ဆိုရင် အချိန်ရှိတုန်း အမြန်ဆုံး ဖောက်ထွက်ရင် ကောင်းပါလိမ့်မယ်"

"ဘာပြောတယ် အစီပွါယ်မရှိဘူး၊ ဒါဟာကျုပ်အမိန့်၊ အဲဒေ . . . အခုတော့ ကျုပ်အမိန့်ကို ဘယ်သူမှ မနာခံကြတော့ပါဘူး . . ."

နောက်တစ်နေ့ ဧပြီလ (၃၀ရက်နေ့)တွင် ဆိုဗီယက် အမြောက်ဆံများသည် ဟစ်တလာ၏ရုံးခန်း အဆောက်အဦး နံရံများကို လာရောက်ထိမှန်ခဲ့ကြရာ ကြမ်းပြင်ပေါ်တွင် ဖန်ကွဲမှန်ကွဲများဖြင့် အစိပ်စိပ်အမွှာမွှာ ကြဲပြန့်နေခဲ့သည်။

ဤတွင် လုံခြုံရေးတပ်သား အစောင့်စစ်သားများ၏ ပြောပြချက်အရ၊ ထိုနေ့ညနေက မြေအောက် ပုန်းကျင်းထဲတွင် လက်အောက်ငယ်သားများ တန်းစီ၍ စောင့်နေခိုက် ဟစ်တလာရောက်လာသည်ဟု ဆို၏။ သူသည် ခါတိုင်းဝတ်နေကျ အနက်ရောက်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏သွားလာလှုပ်ရှားသည့် အမူအရာများမှာလည်း ဘာမှမဖြစ်သလို အိန္ဒြေရရပင်ရှိနေခဲ့၏။ ယခု ဟစ်တလာသည် ယခင်ဟစ်တလာအတိုင်း လုံးဝကွဲပြားခြားနားမှုမရှိဟု ဆို၏။





သို့သော် ဤနေရာတွင် ထူးခြားချက်တစ်ခုကို သတိပြုမိကြသည်။ ယင်းထူးခြားချက်မှာ ဟစ်တလာသည် လုံးဝ စကားမပြောဘဲနေခြင်းပင် ဖြစ်၏။

ခါတိုင်းဆိုလျှင် ယခုလိုအခါမျိုး၌ ဟစ်တလာသည် ရှန်းရှန်းဝေအောင်စကားအများကြီး ပြောလေ့ရှိ၏။ ယင်းသို့ပြောနေကျဖြစ်ပါလျက်၊ ယခုတစ်ကြိမ်တွင်မှ ဘာကြောင့် စကားလုံးဝမပြောပဲ တုံဏှိဘာဝေဆိတ်ဆိတ်နေခဲ့ရပါသနည်း။ စိတ်ဓါတ်ချောက်ခြားနေသဖြင့် စကားပြောလိုက်ပါက သူ့အသံတုန်လှုပ်ကာ မှုမမှန်ဖြစ်နေကြောင်း ရိပ်မိကြမည်ကို စိုးရိမ်၍ စကားလုံးဝမပြောပဲ နေခဲ့ခြင်း ဖြစ်သလော။ သို့တည်းမဟုတ် ယခု ဟစ်တလာသည် ဟစ်တလာအစစ်မဟုတ်ပဲ ဟစ်တလာအတုဖြစ်နေသဖြင့် သူ့အသံကိုမကျက်မိအောင် စကားလုံးဝမပြောဘဲ နေခြင်းပင် ဖြစ်လေသလော. . ။

ထိုနေ့နေ့လည်ပိုင်းတွင် ဟစ်တလာ၏ ကိုယ်ရံတော် တပ်မှူးတစ်ယောက်သည် "စစ်ရေးအခြေအနေဖြစ်ပေါ်မှုအရ မိမိကိုယ်ပိုင်ဉာဏ်ကိုသုံးကာ စစ်ဆင်ရေးများကို ပြုလုပ်သွားပါ" ဟူသော ဟစ်တလာ၏ အမိန့်ကို ဗိုလ်ချုပ်ကြီး ဝိုက်ဒလင်းထံလာရောက် ပေးပို့ခဲ့၏။

ထိုသို့အမိန့်ရရှိပြီးနောက် ၃နာရီမျှအကြာတွင် နောက်ထပ်အမိန့် တစ်မျိုးရောက်လာပြန်သည်။

၁။ ဂျာမန်တပ်များ ဘာလင်မြို့တွင်းမှ ဖောက်မထွက်ရ။

၂။ ဘာလင်မြို့ကိုနောက်ဆုံး တစ်ယောက်တည်း ကျန်သည်အထိ ခုခံကာကွယ်ကြရမည်။

၃။ တပ်အားလုံးသည် စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီးကရက်ထံသို့ သတင်းပေးပို့ကြရမည်။

ဤသို့ အမိန့်များ တစ်မျိုးပြီးတစ်မျိုး ထုတ်ပြန်နေသဖြင့်ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ဒလင်းသည် အခြေအနေကို စုံစမ်းရန် ဌာနချုပ်ရှိရာမြေအော
ပုန်းကျင်းသို့ သွားရောက်ခဲ့၏။ ထိုနေ့က ဟစ်တလာ၏အခန်းထဲ
ဂိုးဘဲလ်၊ ကရက်နှင့် ဘောမန်းတို့အား တွေ့ရလေသည်။

ဤတွင် ၎င်းတို့သုံးဦးစလုံးက၊ ဟစ်တလာနှင့် သူ၏ဇနီးဖြစ်သူ
အီဗာဘရွန်းတို့သည် ယနေ့ညနေ ၃နာရီ အချိန်က ပထမတွင် အဆိ
သောက်ကြပြီး ထိုနောက်ကိုယ့်ကိုယ်ကို သေနတ်ဖြင့်ပစ်ကာ အဆုံးစီရ
သွားခဲ့ကြပြီဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးစလုံး၏ရုပ်အလောင်းများ
ဟစ်တလာအမိန့်ပေးမှာကြားထားခဲ့သည့်အတိုင်း မီးသင်္ဂြိုဟ်လိုက်ပြီဖြ
ကြောင်း ဗိုလ်ချုပ်ဝိုက်ဒလင်းအား ပြောပြသဖြင့် အကြောင်းစုံသိရလေ
သည်။

သို့သော် ယခုအချိန်အထိ ဘာလင်မြို့တွင်လည်းကောင်း၊ ကမ္ဘာ
တစ်ဝှမ်းလုံးတွင်လည်းကောင်း၊ စိတ်ဝင်စားဖွယ်ပြောဆိုနေကြသည့်
အကြောင်းခြင်းရာ တစ်ရပ်ရှိ၏။ ယင်းကားအခြားမဟုတ်၊ ထိုနေ့
မီးသင်္ဂြိုဟ်ခဲ့သည့် အလောင်းမှာ ဟစ်တလာ၏ အလောင်းမဟုတ်
သူနှင့်ရုပ်ချင်းတထေရာ တည်းတူသည့် အခြားလူတစ်ယောက်၏
အလောင်းသာဖြစ်သည်ဟူသော အချက်ပင်တည်း။

ယင်းသို့သော ပြောဆိုချက်သည် လုံးဝမမှန်ဟူ၍လည်း မဆိုနိုင်
ပေ၊ အဘယ်ကြောင့်ဆိုသော် လူတူမရှား နာမည်တူမရှားဟူသော စကား
အတိုင်း ဂျာမနီနိုင်ငံတွင် ဟစ်တလာနှင့်တူသူများမှာ ပေါများလှသော
ကြောင့်ပင်ဖြစ်၏။

"ကျွန်ုပ်(ဆလာဗင်)သည် ဟစ်တလာ၏ အလောင်းကိုမီးသင်္ဂြိုဟ်
ခဲ့သည်ဆိုသောနေရာသို့ မေလ ၂ရက်နေ့က ရောက်ရှိသွားခဲ့ရာ ထိုနေရာ
တစ်ဝိုက်တွင် ဟစ်တလာဟူ၍ ဆိုနိုင်လောက်သည့် ဟစ်တလာနှင့်ပုံပန်း
သဏ္ဌာန်တူသော အလောင်းခြောက်လောင်းတိတိ တွေ့မြင်ခဲ့ရ၏။ထိုမြင်





အခြားဆန်းကျယ်သည်ဟူ၍ ဆိုရမည့်အချက်မှာ အဆိုပါ အလောင်း
ခြောက်လောင်းစလုံးသည် နဖူးတွင် ခြောက်လုံးပြူးသေနတ်ဒဏ်ရာ
များဖြင့် သေဆုံးနေကြခြင်းပေတည်း . . ."

ဤအလောင်းများထဲတွင် ဟစ်တလာ၏အလောင်း အစစ်
အမှန်ပါဝင်လေသလော၊ သို့မဟုတ် ကိုယ့်ကိုယ်ကိုသတ်သေခဲ့ကြသည့်
အခြားသူများ၏ အလောင်းများပင်လော၊ သို့တည်းမဟုတ် ဟစ်တလာ၏
ကိုယ်ရံတော်ရေးတပ်သား ဂက်စတာပိုတို့၏ သတ်ဖြတ်ခြင်းခံခဲ့ကြရသော
အလောင်းများပင်လော၊ ဤသို့လျှင် မရေမရာ 'လော'ပေါင်းများစွာဖြင့်
ထိုအချိန် ထိုအခါက ဟစ်တလာ၏အလောင်းပါဟူ၍ မည်သူမျှ တပ်အပ်
သေချာစွာ လက်ညှိုးထိုးမပြနိုင်ပဲ ဖြစ်ခဲ့ကြမေသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ သံ့ပန်းအဖြစ် အဖမ်းခံနေရသော ဂျာမန်
ဗိုလ်မှူးတစ်ယောက်ကမူ ဤသို့ပြောခဲ့၏။

"ဘာလင်မြို့ထဲမှာ အန်တာဒင် လင်ဒင်ဆိုတဲ့ နေရာတစ်ခု
ရှိတယ်၊ အဲဒီနေရာဟာ အစတုံးကတော့ ဘာလင်မှာ အလှဆုံးနေရာ
တစ်ခုပါဘဲ၊ လူထုချီတက်ပွဲတွေ အင်အားပြပွဲတွေလုပ်ခဲ့တဲ့နေရာဘဲ၊ စစ်
ကြီးဖြစ်လာတော့ အဲဒီနေရာမှာဗုံးတွေကျပြီး ရစရာမရှိအောင် ဖြစ်သွား
တယ်"

ဂျာမန်ဗိုလ်မှူးသည် ဤနေရာတွင် စကားကို ခေတ္တခဏမျှရပ်
လိုက်သည်။ ပြီးမှသက်ပြင်းတစ်ချက်ချကာ သူ့စကားကို ပြန်ဆက်သည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ အဲဒါတော့ ခင်ဗျားလည်းသတိ
ထားမိမှာပဲ၊ အဲဒီ အန်တာဒင် လင်ဒင်ဆိုတဲ့နေရာဟာ တော်တော်ကျယ်
တယ်၊ ဘယ်လောက်ကျယ်သလဲဆိုတော့ လေယာဉ်ပျံတောင် ကောင်း
ကောင်းကြီးဆင်းလို့ရတဲ့အထိ ကျယ်တဲ့နေရာပဲ၊ အဲဒါ ခင်ဗျားသဘော
ပေါက်အောင် ပြောပြတာပါ။ အန်တာဒင်လင်ဒင်ဟာ ဂျာမနီမှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဆောက်ခဲ့တဲ့ အလျှို့ဝှက်ဆုံး လေဆိပ်ပဲ။"

"မကြာခင်ကဆိုပါတော့ တိတိကျကျပြောရမယ်ဆိုရင် ဧပြီ ၃၀ရက်နေ့ကပေါ့၊ အဲဒီနေ့မှာပဲ အဲဒီလေယာဉ်ကွင်းက လေယာဉ်ပျံ အစင်း ၂၀လောက်ဟာ ဘယ်ကိုပျံမှန်းမသိဘဲ ရုတ်တရက် ထပျံသွားကြ တယ်။

"ဟစ်တလာဟာ အဲဒီလေယာဉ်တစ်စင်းစင်းပေါ်မှာ ပါချင်ပါ သွားမှာပဲ၊ ဒါကိုဘယ်သူသိမှာလဲ၊ ဒါတင်မကသေးဘူး၊ နာဇီတွေရဲ့မြေ အောက်ပုန်းကျင်းထဲမှာလည်း အပြေးမောင်းရင်းနဲ့ အရှိန်ယူပြီးတက် ရတဲ့ လေယာဉ်ကွင်းတစ်ကွင်းလည်း ရှိသေးတယ်"

ယခုအချိန်အထိ ဟစ်တလာသေ-မသေ၊ အကယ်၍ မသေလျှင် ဘယ်အရပ်ဘယ်ဆီမှာ ရှိနေသည်ကို ဘယ်သူမှ အတိအကျမသိကြ။

အကယ်၍ ဟစ်တလာသာ အသက်မသေပဲ ရှိနေဦးမယ်ဆိုပါက ကြီးကျယ်သော ကမ္ဘာ့အရေးအခင်း (ဥပမာ-တတိယကမ္ဘာစစ်လို) ဖြစ်ရေး တစ်ခုခုဖြစ်များလာပါက ဟစ်တလာသည် တစ်နေရာရာ တစ်ဒေါင့်ဒေါင့် မှပေါ်လာကာ ကမ္ဘာကြီးကို တုန်လှုပ်ချောက်ခြားသွားအောင် တစ်ခု တစ်ရာလုပ်ပြကောင်း ပြလိမ့်ဦးမည်ဖြစ်ပေသတည်း . . . ။

* * * *

အထက်ပါတို့မှာ ဆိုဗီယက်သတင်းစာဆရာ ဆလာဗင်၏ အဆိုအမိန့်များပင် ဖြစ်သည်။

သူ၏တင်ပြချက်များသည် အချက်အလက်အားဖြင့် ပြည့်စုံသည် -မပြည့်စုံသည်၊ အခြေခံအားဖြင့် ယုတ္တိတန်သည် မတန်သည်အပထား ဘာလင်မြို့ကြီးကို စီးနင်းတိုက်ခိုက်၍ ဟစ်တလာ၏ မြေအောက်ပုန်းကျင်း ကိုသိမ်းပိုက်ခဲ့စဉ်က ဆလာဗင်သည် ဆိုဗီယက်တပ်များနှင့်အတူ လိုက် ခဲ့ပြီး ဟစ်တလာ၏အလောင်းကို မီးသဂြိုဟ်ခဲ့သည့်နေရာသို့ ပထမဆုံး





နွေးနွေးဦးဦးဖျားဖျား ရောက်ရှိခဲ့သည်ဖြစ်ရာ သူ၏မျက်မြင်ကိုယ်တွေ့ မှာ စိတ်ပါဝင်စားစရာကောင်းသည်မှာ အမှန်ပင်ဖြစ်သည်။

ဤတွင်ဆလာဗင် ဖော်ထုတ်ရေးသားခဲ့သည့် အချက်များအနက် အံ့သြစားဘွယ်ရာ အကောင်းဆုံးအချက်တစ်ခုကို တွေ့ခဲ့ရသည်။ ယင်းမှာ အခြားမဟုတ် ဟစ်တလာသည် မြေအောက်ပုန်းကျင်းထဲတွင် သူ၏လုပ် ကိုင်ဘက်များနှင့်ခြွေရံသင်းပင်းတို့အား နောက်ဆုံးနှုတ်ဆက်သည့် အနေဖြင့် တွေ့ဆုံနှုတ်ဆက်ခဲ့စဉ်က လုံးဝစကားတစ်လုံးမှ မပြောပဲ လက်ဆွဲနှုတ်ဆက်ရုံမျှသာ နှုတ်ဆက်ခဲ့သည်ဟူသော အချက်ပင်ဖြစ်သည်။

ဤအဖြစ်အပျက်ကို ဗြိတိသျှသမိုင်းဆရာ ထရီဗာရိုပါကလည်း ထပ်တူထပ်မျှဟု ဆိုရလောက်အောင် ဖော်ထုတ်တင်ပြသွားခဲ့ပြီးဖြစ်သည်။ (ထရီဗာရိုပါ၏ တင်ပြချက်တွင် ဟစ်တလာသည် သူနှင့်အတူ နေထိုင် လျက်ရှိသော အမျိုးသမီးများအား နောက်ဆုံးအကြိမ် တစ်ဦးစီတစ် ယောက်စီ လက်ဆွဲနှုတ်ဆက်ခဲ့စဉ်က အမျိုးသမီးအချို့က သူ့အားစကား ပြောခဲ့သော်လည်း သူကမူ စကားပြန်မပြောဘဲနေခဲ့သည်။ ပြောသည့် တိုင်အောင်လည်း ပါးစပ်လှုပ်ရုံမျှလှုပ်၍ အသံမှာတိုးလွန်းလှသဖြင့် ဘာ ပြောသည်ကို သဲကွဲစွာ မကြားရမသိရဘဲ ဖြစ်ခဲ့သည်ဟူ၍ရေးသားခဲ့သည်။ ထရီဗာရိုပါ၏ ဤသို့သော ရေးသားချက်ကို အထက်တစ်နေရာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ စာရေးသူ)

ဤနေရာတွင် ယင်းသို့ ဗြိတိသျှသမိုင်းဆရာနှင့် ဆိုဗီယက် သတင်းစာဆရာတို့၏ တင်ပြချက်များမှာ ထပ်တူထပ်မျှကျသည်ဟု ဆိုရ မည်ဖြစ်သည်။သို့သော် ထိုစဉ်က ဟစ်တလာ ဘာကြောင့် စကားလုံးဝ မပြောဘဲ နေခဲ့သည်ကို ကောက်ချက်ချရာ၌မူ တစ်ယောက်နှင့်တစ် ယောက်မတူပဲ အယူအဆ ကွဲပြားနေကြသည်ကို တွေ့ရသည်။

ထရီဗာရိုပါက ဟစ်တလာ ထိုအချိန်က စကားလုံးဝမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



(ပြောသည့်တိုင်အောင် ပါးစပ် လှုပ်ရုံမျှသာလှုပ်ပြီး အသံမထွက်ဘဲ
တိုးကလေး) ဖြစ်နေခဲ့သည်မှာ အကြီးအကျယ်စိတ်ဓါတ်ကျဆင်း၍ စိတ်
ခိုက်လွန်းလှသဖြင့် ထိုသို့ ဖြစ်ခဲ့ရသည်ဟူ၍ ကောက်ချက်ချကာ တ
သွားခဲ့သည်။

သို့သော် ဆလာဗင်ကမူ ထိုနေ့က ယင်းသို့ ဟစ်တလာ
စကားမပြောဘဲ နေခဲ့သည်မှာ ထိုအချိန်တွင် ဟစ်တလာသည် ဟစ်တ
အစစ်မဟုတ်တော့ဘဲ သူနှင့် တထေရာတည်း ရုပ်ချင်းတူသည့် လူ
ယောက်ဖြစ်နေသောကြောင့် အကယ်၍ စကားပြောလိုက်လျှင် အသံ
မှတ်မိပြီး ဟစ်တလာအစစ်မဟုတ်မှန်း သိသွားမည်စိုးသဖြင့် လုံးဝအသံ
မထွက် စကားမပြောဘဲနေခဲ့လေသလောဟူ၍ စောဒကတက်ခဲ့သည်။

ဤအချက်ကို မှန်သည် မှားသည်ဟူ၍ ခိုင်လုံစွာအဆုံးအဖြ
မပေးနိုင်သော်လည်း ယုတ္တိရှိသည်နှင့်အမျှ အလေးအနက် စဉ်းစားရ
အချက်ဖြစ်သည်ဟူ၍ ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဟစ်တ
သည် သူ့အား ချောင်းမြောင်းလုပ်ကြံမည့်သူများ၏ အန္တရာယ်မှ ကာကွ
ရန် သူနှင့်ရုပ်ချင်းခွဲမရအောင် တူသူများအား မကြာခဏ လူစားထိုးအသုံး
ပြုလေ့ရှိသည်ကို အများကပင် အထင်အရှား သိပြီးဖြစ်နေကြသောကြော
တည်း။

ထို့ပြင် ဆလာဗင်၏ ရေးသားချက်များသည် မည်မျှတိကျခိုင်
သည်ဟူ၍ မသိရသော်လည်း ဟစ်တလာ၏အလောင်းကို မီးသဂြိုဟ်
သည့်နေရာ၌ ဟစ်တလာနှင့်ခပ်ဆင်ဆင်တူသည့် အလောင်း၆လောင်း
နဖူးတွင် သေနတ်ဒဏ်ရာ တညီတညာတည်းဖြင့် တွေ့ခဲ့ရသည်ဆိုသ
မှာလည်း များစွာဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

နောက်ဆုံး၌ ဆလာဗင်က ဂျာမန် ဗိုလ်မှူးတစ်ယောက်၏ ပြော
ပြချက်အရ ဟစ်တလာသည် မသေဘဲ လေယာဉ်တစ်စင်းဖြင့် ထွက်ပြေး





တ်ပြောက်သွားဟန်တူသည်ဟူ၍ ကောက်ချက်ချသွားခဲ့သည်။

ဤအတိုင်းကေန် တကယ်သာမှန်ခဲ့ပါမူ မြေအောက် ပေငါးဆယ်
ည်သည့် ပုန်းကျင်းထဲတွင် ခိုလှုံနေထိုင်လျက်ရှိရာမှ နောက်ဆုံး၌
လေယာဉ်တစ်စင်းဖြင့် ပျံသန်းထွက်ပြေးသည်ဆိုခြင်းဖြင့် ဂျာမနီအာဏာရှင်
ဟစ်တလာသည် တကယ်မသေဘဲ မြေလျှိုးရာမှ မိုးပျံသွားခဲ့သည်ဟူ၍ပင်
ဆိုရမည်ဖြစ်သတည်း။

သို့ဖြစ်ပါက 'ဟစ်တလာ သေ-မသေ' ပြဿနာသည် ဤသို့လျှင်
မှတ်မသားဖြင့် ပြည့်ဖုံးကား ချကြရတော့မည်လော။

မပြီးဆုံးသေးပါ ပြည့်ဖုံးကားလည်း မချကြသေးပါ။

နောက်တစ်ကြိမ် နောက်တစ်နေရာမှ နောက်တစ်ယောက်က
တတ်တစ်မျိုး ဆိုလာပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ရေငုပ်သင်္ဘောဖြင့် ထွက်ပြေးသလော

နောက်တစ်ကြိမ် နောက်တစ်နေရာမှ နောက်တစ်ယောက် နောက်တစ်မျိုး ဆိုလာပြန်သည်။

ယခင်ကတင်ပြခဲ့သည့် အယူအဆနှင့် အဆိုအမိန့်များမှာ ဗြိတိ သမိုင်းပညာရှင်နှင့်ဆိုဗီယက်သတင်းစာဆရာတို့၏ အတွေးအခေါ် အာဘော်များဖြစ်ခဲ့ရာ ယခုတစ်ကြိမ်ဟစ်တလာ သေ-မသေ ပြဿနာ ပါဝင်ဆွေးနွေး ရေးသားဖေါ်ထုတ်လာပြန်သူမှာ အမေရိကန်အယ်ဒီ တစ်ဦးဖြစ်သည်။

သူ၏ဖော်ထုတ်ပုံ ဖော်ထုတ်နည်းမှာ ဤသို့ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်တွင် နေ့ အပတ်စဉ်၊ လစဉ်ထုတ်ဝေနေကြသည့် **စာနယ်ဇင်းပေါင်းမြောက်များ** ရှိသည့်အနက် 'အမျိုးသားရဲအဖွဲ့ **မှတ်တမ်း**' ဟူသော အမည် လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်ရှိသည်။ ယင်းမဂ္ဂဇင်းသည် သက္က ၁၈၄၅ခုနှစ်မှ စတင်၍ ပုံနှိပ်ထုတ်ဝေလာခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီး ပြီး ခဲ့၍ ထိုအချိန် ထိုအခါ (၁၉၅၂)တွင် နှစ်ပေါင်းတစ်ရာကျော်သက်တ ရှိခဲ့ပြီဖြစ်သည်။





အဆိုပါ 'ရဲအဖွဲ့မှတ်တမ်း'မဂ္ဂဇင်းသည် အမေရိကန် ပြည်ထောင်စုတွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့သည့် ရုပ်စုံ မဂ္ဂဇင်းအဖြစ် ခိုင့်နေသည့် အပြင် အများပြည်သူတို့နှင့် ပတ်သတ်၍လည်းကောင်း၊ ားကစား နှင့်ပတ်သက်၍လည်းကောင်း၊ စိတ်ဝင်စားဘွယ်ရာ တယ့်အဖြစ် အပျက်များကိုလည်းကောင်း၊ ဓါတ်ပုံဘလောက် များဖြင့် စဉ်ပုံမှန် ထုတ်ဝေလာခဲ့သည့်အတွက် ထင်ရှားကျော်ကြား၍ သြဇာ ကြီးမားသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

ထိုသို့အရှိန်အဝါ ကြီးမား၍ လူကြိုက်များလှသည့် 'ရဲအဖွဲ့ တ်တမ်း' မဂ္ဂဇင်းသည် ၁၉၅၂ခုနှစ်၊ နိုဝင်ဘာလတွင် စာဖတ်ပရိသတ် းအကြီးအကျယ် အံ့အားသင့်သွားစေသည့် သတင်းဆောင်းပါးတစ်ပုဒ် ကိုတည့်သွင်းဖော်ပြခဲ့သည်။ ယင်းဆောင်းပါး၏ ခေါင်းစီးမှာ အခြားမ တ် 'ဟစ်တလာမသေ' ဟူ၍ပင် ဖြစ်သတည်း။

မျက်နှာဖုံးတွင် 'ဟစ်တလာမသေ'ဟူသော စာလုံးမဲကြီးကို စ်တလာ၏ကိုယ်တပိုင်းဓါတ်ပုံနှင့်တကွ ဖေါ်ပြကာ အတွင်းဘက်၌ ထမဆုံးစာမျက်နှာတွင် **'မဟာမိတ် ထောက်လှမ်းရေးသမားများအား စ်တလာတပတ်ရိုက်သွားခဲ့ပုံ'**ဟူသော ခေါင်းစဉ်ဖြင့် ဖေါ်ပြခဲ့ရာ ယင်း ဆောင်းပါးမှာ အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံးသာမက တကမ္ဘာ လုံးပင် ဂယက်ရိုက်ခဲ့ရသည်။

ဆောင်းပါးရှင်မှာ အမေရိကန်အမျိုးသား ဂျော့မက္ကဂရက်ဆိုသူ ဖြစ်၍ အဆိုပါ 'ရဲအဖွဲ့မှတ်တမ်း'မဂ္ဂဇင်း၏ အမှုဆောင်အယ်ဒီတာ တစ်ဦးပင်ဖြစ်သည်။

'ဟစ်တလာသေ-မသေ' ဟူသော ပြဿနာကို ကိုယ့်နည်းကိုယ့် ဟန်ဖြင့် ခြေရာခံခဲ့ကြရာ၌ ဤအမေရိကန်သတင်းစာဆရာ မက္ကဂရက်၏ ဖော်ထုတ်တင်ပြချက်များမှာလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဘွယ်ရာ ကောင်းလှသဖြင့် အောက်တွင်တဖန် မြန်မာပြန်၍ ထုတ်နှုတ်ဖေါ်ပြလိုက် သည်။ × × × ×



www.burmeseclassic.com

www.burmeseclassic.com



## 'မဟာမိတ်ထောက်လှမ်းရေးသမားများအား ဟစ်တလာတစ်ပတ်ရိုက်သွားခဲ့ပုံ'

အယ်ဒီတာ့မှတ်ချက်။ ။ဤနှစ်လထုတ် 'ရဲအဖွဲ့မှတ်တမ်း' တွင် ယခင်က ဘာလင်၌ အမေရိကန် ထောက်လှမ်းရေးတာဝန်ခံ အကြီး အကဲအဖြစ် ဆောင်ရွက်ခဲ့၍ အမေရိကန်အစိုးရ၏ တရားဝင်စုံစမ်း ထောက်လှမ်းမှုများကို ဦးဆောင်ညွှန်ကြားခဲ့ရသော ဗိုလ်မှူးကြီးဝီလျံယိုး လစ်ချ်က ဟစ်တလာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ခြင်းနှင့်ပတ်သတ်၍ ထူးခြားဆန်းကျယ်သော အဖြစ်အပျက်များကို အပြည့်အစုံဖေါ်ထုတ် တင်ပြခဲ့ရာ အကြီးအကျယ် ဂယက်ရိုက်သွားခဲ့ပါသည်။ ယခုတစ်ဖန် ဟစ်တလာမည်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့၍ မည်သည့်နေရာတွင် ရောက်ရှိနေပြီး ကမ္ဘာကြီးကို ပြန်လည်စိုးမိုးနိုင်ရန်အတွက် သူ၏အကြံ အစည်များနှင့် သူ၏လျှို့ဝှက်သော လက်နက်ဆန်းများ အကြောင်းကို 'ရဲအဖွဲ့မှတ်တမ်း' ၏တာဝန်ပေးချက်အရ ဂျော့ဂျီမက္ကဂရက်သည် အထူး စုံစမ်းထောက်လှမ်းရေး အရာရှိအဖြစ် အသစ်ထပ်မံတွေ့ရှိရသော အချက် အလက်များနှင့် စာရွက်စာတမ်းများကို သက်သေခံ အထောက်အထား များအဖြစ် အသုံးပြုကာ ဆန်းစစ်လေ့လာခဲ့ပါသည်။ သူ၏စိတ်လှုပ်ရှား ဘွယ်ရာ တင်ပြချက်များနှင့် အဆုံးသတ်ကောက်ချက်ချခဲ့ပုံများကို ယခု လမှစတင်၍ လစဉ်ဆက်လက် ဖေါ်ပြသွားမည်ဖြစ်ပါသည်။ ဤထောက် လှမ်းဖေါ်ပြချက်များသည် လောလောဆယ် ယနေ့ကမ္ဘာတစ်ဝှမ်းလုံး အတွက်သာမက၊ အန္တရာယ်သစ်ဖြင့် ရင်ဆိုင်ရဘွယ်ရာရှိသည့် အနာဂတ် လူသားတို့အတွက်ပါ အရေးကြီးလှသည်ဟူ၍ 'ရဲအဖွဲ့မှတ်တမ်း'က ယုံကြည်ယူဆပါသည်။ ။

အဒေါ့ဖ်ဟစ်တလာသည် သူ၏လွတ်မြောက်ရေးအတွက် ထွက် ပေါက်ရရှိရန်နှင့် မဟာမိတ် လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်များအား လှည့်စားရန်အတွက် ရင်းနှီးလှသည့် မိတ်ဆွေများနှင့် သူ့အား အရူးလိုက်





သည်းလိုက် ထောက်ခံလာခဲ့သူများအား တမင်သက်သက် သုတ်သင်သတ် ဖြတ်ပစ်ခဲ့ပေသည်။

ဤသို့သော သုတ်သင်သတ်ဖြတ်မှုများသည် သွေးစွန်းသော သမိုင်း၏ စာမျက်နှာများတွင် သွေးအအေးဆုံးဖြင့် သတ်ဖြတ်ခဲ့ကြသည့် လူသတ်မှုများအနက် ရှေ့တန်းမှ ပါဝင်လာခဲ့ပေသည်။

ကျွန်ုပ်တော်သည် လွန်ခဲ့သော သုံးလခန့်ကပင် စတင်၍ 'ရဲအဖွဲ့ မှတ်တမ်း' ၏တာဝန်ပေးချက်အရ ဂျာမနီမှ ဟစ်တလာထွက်ပြေး လွတ် မြောက်သွားခဲ့သည့် ရက်စက်ကြမ်းကြုတ်လှသော ဖြစ်ရပ်များနှင့် ကျွန်တော် တို့တစ်သက်တာကာလအတွင်းမှာပင် ဂျာမနီမှနေ၍ ကမ္ဘာကြီးတစ်ခုလုံး အား လွှမ်းမိုးအုပ်စိုးရန်ဟူသော ပြင်းပြလှသည့် အာသာဆန္ဒအရ သူ၏ အကြံအစည်များကို စူးစမ်းလေ့လာ ထောက်လှမ်းခဲ့ပါသည်။

ဤတွင်စုံစမ်းထောက်လှမ်းရရှိချက်များသည် ကျွန်တော့်အား အောက်ပါကောက်ချက်များကို မချမှတ်ဘဲ မနေနိုင်အောင် ညွှန်ပြခဲ့ပါ သည်၊ ယင်းတို့မှာ . . .

၁။ ။ ဟစ်တလာသည် မသေသေးဘဲ အသက်ရှင်လျက်ပင် ရှိနေသည်။

၂။ ။ ဟစ်တလာ၏ 'မိစ္ဆာကောင် ပါရမီရှင်'မာတင်ဘော မန်းသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏တိုက်ပွဲ အစီအစဉ်များကို တက်ကြွစွာ ဦးဆောင်ကွပ်ကဲနေ သည်။

၃။ ။ ဟစ်တလာသည် ကျွန်တော်တို့၏ ဒီမိုကရေစီလော ကကြီးအား ကမ္ဘာမြေပေါ်မှ လုံးဝအပြီးအပိုင် လွင့် စင်ပျောက်ကွယ်သွားအောင်' ဖယ်ရှားပြီးနောက် သူ တဖန်ပြန်လာရန် စီမံကြံရွယ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ထွက်ပြေးလွတ်မြောက်ရန်နှင့် အနာဂတ်တွင်ပြန်လည်စိုးမိုးရန်ဟူသော နာဇီတို့၏ အခြေခံစီမံကိန်းသည် ဂျာမန်တို့စိတ်ထဲတွင် နောင်အခါ ကာလ၌ ကြမ္ဘာဆိုးနှင့်တိုး၍ စစ်ရှုံးလိမ့်မည်ဟု 'တစ်စက်က လေးမျှ' မစဉ်းစားမိခဲ့ကြစဉ်ကပင် သတ်မှတ်လျာထားခဲ့ကြသည့် အစီအစဉ် ဖြစ်လေသည်။ ထိုအချိန်က နာဇီတို့သည် အောင်မြင်မှုများဖြင့် ယစ်မူး ဝါကြွားလျက်ရှိနေခဲ့ကြသည်။ အဖနိုင်ငံ၏ တပ်မတော်များသည် ပဲရစ်မြို့ တော်အတွင်းသို့ ချဉ်းနင်းဝင်ရောက် ချီတက်လျက်ရှိကြသည်။ ဟစ်တလာ သည် အီးဖဲလ် *မျှော်စင်ကြီး ၏ထိပ်ဖျားတွင် စကြာတံဆိပ် အလံတော်ကို စိုက်ထူလွှင့်တင်ထားခဲ့ပြီဖြစ်သည်။ လန်ဒန်မြို့ကြီးမှာလည်း သိမ့်သိမ့်တုန် နေပြီး ဗြိတိသျှကျွန်းစုကို တက်ရောက်သိမ်းပိုက်ရန်အတွက် ဂျာမန်စစ် သားများသည် အင်္ဂလိပ်ရေလက်ကြားထဲသို့ ဒူးဆစ်မြုပ် သည်အထိ ရောက်ရှိနေ ကြပြီဖြစ်သည်။ အချိန်ကား ၁၉၄၁ခု ဇွန်လ ပင်တည်း။

ထိုအချိန်က ပဲရစ်မြို့တွင်း၌ ကြီးကျယ်ခမ်းနားလှသည့် စစ်အေး ပြပွဲကြီးကျင်းပနေခိုက်၊ ဗိုလ်မှူးကြီး ဒိုမင်ဂိုပီရွန် ဆိုသူသည် ဟစ်တလာ၏ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့် အတူရှိနေခဲ့သည်။ သူသည်ထိုစဉ်က အာဂျင်တီးနားတပ်မတော်မှ မထင်ရှားလှသည့် သာမန် အညွှန်ဗိုလ်က လေးမျှသာ ဖြစ်လေသည်။

ဟစ်တလာသည် အဆိုပါစစ်ဗိုလ်ကလေးပီရွန်အား သဘောအ ကျကြီးကျခဲ့မိသည့်အလျောက် ရင်းနှီးဖော်ရွေစွာ ဆက်ဆံပြောဆိုခဲ့လေ သည်။ သို့ဖြစ်ရာ မျှားမကြာမီ ပရိယာယ်ဝေဝုစ်များသလောက် အရာရှိ တွင် ပြတ်ပြတ်သားသား လုပ်တတ်သော မာတင်ဘောမန်း၏ အမိန့်ညွှန် ကြားချက်များအရ ပီရွန်သည် အာဂျင်တီးနားနိုင်ငံတွင် ဂျာမန်တို့၏ထ

*Eiffel Tower ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်ရှိ ပေပေါင်း ၉၈၅ ေ မြင့်သော ကမ္ဘာကျော်မျှော်စင်ကြီးဖြစ်သည်။ စာရေးသူ





ရောက်သော အကူအညီဖြင့် ဒီမိုကရေစီအစိုးရအား အောင်မြင်စွာဖြုတ်ချ နိုင်ခဲ့လေသည်။ သို့ဖြင့် ပီရွန်သည် အာဏာသိမ်းပိုက်ခဲ့ပြီး၊ အာဏာရှင် ဖြစ်လာခဲ့ပေသည်။

ထိုအချိန်ထိုကာလက၊ ဘောမန်းလိုပုဂ္ဂိုလ်မျိုးပင်လျှင် ဂျာမန်တို့ စစ်ရှုံး၍ထွက်ပြေးရလိမ့်မည်ဟူသော အတွေးမျိုးကို အရိပ်အယောင်မျှပင် မတွေးမိခဲ့ပေ။ ထို့ပြင်သူသည် ထိုစဉ်ကအခြေအနေအရ ကြားနေနိုင်ငံပင် ဖြစ်စေ၊ စစ်ရေးအရ ဘက်လိုက်သည့်နိုင်ငံပင်ဖြစ်စေ၊ စစ်ထဲသို့ အမေရိကန်ပြည်ထောင်စု ပါဝင်လာမည့်အရေးကို အာရုံပြောင်း၍ လမ်းကြောင်းလွှဲပေးရေးအတွက် ဂျာမနီသည် တောင် အမေရိကတိုက်မှ အင်အားကြီးမားသည့် နိုင်ငံတစ်နိုင်ငံအား မိတ်ဆွေအ ဖြစ်ထားရှိရန် လိုအပ်လာလိမ့်မည်ဟူ၍ပင် ကြိုတင်သိမြင်နိုင်ခြင်း မရှိခဲ့ပေ။

သို့ဖြင့်တောင်အမေရိကတိုက်မှ နယ်မြေအကျယ်ဆုံးနှင့် အင်အားအကြီးဆုံးဟူ၍ ဆိုနိုင်လောက်သည့် အာဂျင်တီးနားနိုင်ငံအား မူလက ယင်းသို့အကူအညီရနိုင်သည့် ခိုင်မြဲသော မိတ်ဆွေနိုင်ငံ တစ်နိုင်ငံ အဖြစ်သဘောထား၍ အမေရိကန်ပြည်ထောင်စုအား လမ်းကြောင်းလွှဲ ပေးရန်အတွက်သာလျှင် ရည်ရွယ်ထားရှိခဲ့ပေသည်။သို့သော် နောင်အခါ၌ အဆိုပါ အာဂျင်တီးနားနိုင်ငံသည် အရေးနိမ့်ခဲ့ရသော နာဇီဝါဒ၏ အနာဂတ်ခေါင်းဆောင်များအတွက် ပြန်လည်အားသစ်လောင်းရာ အမာ ခံဒေသအဖြစ် ပေါ်ထွက်လာခဲ့သည့်ပြင်၊ ကမ္ဘာကြီးအား လွှမ်းမိုးအုပ်စိုးရန် ဂျာမန်တို့၏တတိယအကြိမ်မြောက် *ကြိုးပမ်းရာ၌၊ အာဂျင်တီးနားနိုင်ငံ သည် ကျောထောက်နောက်ခံ 'ကျားကန်'ပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ် လာခဲ့ပေသည်။

* ပထမကမ္ဘာစစ်ကြီး (၁၉၁၄-၁၈) နှင့် ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၄၅) များကို ဂျာမန်တို့က စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်၍ တတိယကမ္ဘာစစ် ကြီးကိုလည်း ဂျာမန်တို့ကပင် စတင်တိုက်ခိုက်ကြလိမ့်မည် ဟူ၍ ဆိုလို ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရေးတကြီးအလိုရှိသည့် စစ်ရာဇဝတ်ကောင်များ"ဟူ၍ ကြေငြာထားသည့် မဟာမိတ်တို့၏ တရားဝင်စာရင်း၌ 'ဂျာမန်အစိုးရအဖွဲ့ ခေါင်းဆောင် ဟစ်တလာအား အလိုရှိသည်' ဟူသော လို့ဝှက်ဆန်းကျယ်သည့် ကြေငြာချက်အရ ဂျာမန်တို့သည် မဟာမိတ်တို့အား လှည့်စားရန် သူတို့၏စီမံကိန်းကို မည်မျှသေသပ်ပိရိစွာ နှစ်ရှည်လများကြံစည် ကြိုးစားထားခဲ့ကြကြောင်း အထင်းသား ပေါ်နေပေသည်။

ကျွန်တော်၏စုံစမ်းထောက်လှမ်းမှုများအတွက် ကျွန်တော်သည် ရှေးဦးစွာ အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနသို့ သွားရောက်ခဲ့ပါသည်။ ယင်းဌာနတွင် မစ္စတာ ဘရက်ဒင်ဆိုသူနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်၊ မစ္စတာ ဘရက်ဒင်သည် ဂျာမန်တို့ လက်နက်ချသည့်အချိန် (၁၉၄၅ခု မေလ)က အာဂျင်တီးနားနိုင်ငံတွင် အမေရိကန်အစိုးရ၏ သံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ထို့နောက် အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးရာထူးကို ရရှိခဲ့သူဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုအခါ သူသည် အာဂျင်တီးနားနိုင်ငံအတွင်းရှိ ဟစ်တလာ၏ အဖွဲ့အစည်းများနှင့် ပတ်သတ်၍ အမှန်ကန်ဆုံးနှင့် အပြည့်စုံဆုံး သိရှိခဲ့သူဖြစ်ကြောင်း သံသယ ဖြစ်ဘွယ်ရာမလိုပါ။

ထို့ပြင် ကျွန်တော်သည် အခြားသော ထောက်လှမ်းရေးအရာရှိ အမြောက်အမြားနှင့် စကားပြောဆိုခဲ့သည့်ပြင် ဟစ်တလာနှင့်သူ၏စစ်ပြီးကာလအဖွဲ့အစည်းများအကြောင်း အစီရင်ခံစာများနှင့် နောက်ဆုံးမှတ်စုမှတ်တမ်းမှန်သမျှကိုလည်း အားလုံးလိုလို လှန်လှောလေ့လာ သုံးသပ်ခဲ့ပါသည်။

ထို့နောက် ကျွန်တော်သည် အာဂျင်တီးနားနိုင်ငံသို့ ကိုယ်တိုင် သွားရောက်စုံစမ်းထောက်လှမ်းခဲ့ပါသည်။ သို့သော် ကျွန်တော်သည် အာဂျင်တီးနားတွင် လုံးဝဘာတစ်ခုမှ စုံစမ်းမေးမြန်း၍မရခဲ့ပဲ 'တိတ်တိတ်နေ-ထောင်တန်' ဆိုသည့်အဖြစ်မျိုးနှင့်တွေ့ကြုံခဲ့ရပါသည်။ ထိုမှတစ်ပါး ဆိုနိုင်ငံတွင် ကျွန်တော် စုံစမ်းမေးမြန်းသမျှကို သွယ်ဝိုက်ကာ အလိမ္မာဖက်၍ ရှောင်တိမ်းပြောကြားကြသည်ကို တွေ့ခဲ့ရပါသည်။ ဤသည်မှာ အမှန်အတိုင်း ပြောလိုက်လျှင် အပြစ်တစ်စုံတစ်ရာ ကျရောက်လာမည်ကို စိုးရိမ်သည့် အဓိပ္ပါယ်မှတစ်ပါး အခြားမရှိပါ။





အထူးခြားဆုံးဟူ၍ဆိုရမည့်အချက်မှာ ကျွန်တော်နှင့်စကားပြောဆိုခဲ့သူတိုင်းက ဟစ်တလာသေပြီဟူ၍ သူတို့က ပြောဆိုခဲ့ကြောင်းဖြင့် သူတို့၏အမည်များကို တရားဝင်မှတ်တမ်းတွင်ထည့်သွင်းအသုံးမပြုရန် အကြောက်အကန်ပြောခဲ့ကြပါသည်။

သို့သော် အခြားတစ်ဘက်ကရှိပါသေးသည်၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ ထောက်လှမ်းရေးအဖွဲ့ဝင်များထံမှလည်းကောင်း၊ ဂျာမနီနိုင်ငံအတွင်းရှိ မြေအောက် အဖွဲ့ (တကယ့်မြေအောက်အဖွဲ့ အစစ်မဟုတ်ကြောင်း ဖေါ်ပြပါဦးမည်) ဝင်များအဖြစ် ရုပ်ဖျက်ထားကြသူများထံမှလည်းကောင်း၊ လုံလောက်သည့် စာရွက် စာတမ်း အထောက်အထားများနှင့်တကွ အဆက်မပြတ်ပေးပို့နေကြသည့် သတင်းများအရမူ တစ်မျိုးတစ်ဖုံ သိရှိနေရပါသည်။ ယင်းမှာအခြားမဟုတ် . . .။

'ဟစ်တလာသည် အသက်ရှင်လျက်ရှိနေသည်၊ ဟစ်တလာသည် စည်းရုံးရေးလုပ်လျက်ပင်ရှိနေသည်။ ဟစ်တလာသည် ပြန်လာရန်စီစဉ်နေသည်' ဟူသော သတင်းများပင်တည်း . . .။

စင်စစ်အားဖြင့်လည်း ယခုအချိန်အထိ မည်သည့်မဟာမိတ်ထောက်လှမ်းရေးအဖွဲ့ဝင်ကမှ 'ဟစ်တလာသေပြီ'ဟူ၍ တရားဝင်သတင်းပေးခြင်းမရှိခဲ့သေးပါ၊ သို့ဖြစ်၍လည်း အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိသျှအစိုးရတို့၏ ထောက်လှမ်းရေးအရာရှိများသည် တစ်စုံတစ်ရာအချက်ပေးကြေငြာခြင်းမပြုဘဲ သူတို့၏ရန်သူတော် (ဟစ်တလာ)အား တိတ်တိတ်ကလေး လိုက်ရှာနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်္ဂလန်မှနာမည်ကျော် အမ်အိုင်၅(စစ်ထောက်လှမ်းရေးအဖွဲ့)* သည် မာတင်ဘောမန်းနောက်သို့ အပူတပြင်းလိုက်နေကြပေသည်။ ဤသည်မှာ အခြားကြောင့်မဟုတ် မာတင်ဘောမန်းအား မိလျှင် ဟစ်တလာ ရှိသည့်နေရာကို မုချသိရလိမ့်မည်ဟူသော မျှော်လင့်ချက်ထားနေသောကြောင့်တည်း။

ဤအတောအတွင်း အမျိုးမျိုး အဖုံဖုံ ကွဲပြားနေသော သတင်းများနှင့် အစီရင်ခံစာ ရာပေါင်းများစွာတို့ကို အသေးစိတ်ဖတ်ရှုကာ အပြန်ပြန်အလှန်လှန် ဆန်းစစ်ခဲ့ကြ၏။ နောက်ဆုံး၌ အမ်အိုင်-၅သည် မာတင်ဘောမန်း၏ထွက်ပြေးရာလမ်းကြောင်းကို အတိအကျသိရပြီဟု ယူဆခဲ့ကြပေသည်။ သို့ဖြင့် သူတို့၏စုံထောက်များသည် ဟစ်တလာ၏'ပုန်းကျင်း' ရှိရာမှ ထွက်ပြေးသွားခဲ့သော ဘောမန်း၏ အမြင်တန်းနေသည့်လမ်းကြောင်းကို ခြေရာခံ၍လိုက်ကြပြန်သည်။

သူတို့သည် ဂျာမနီနယ်စပ်ကိုဖြတ်၍ ဆွစ်ဇာလန်နိုင်ငံအတွင်းသို့ခြေရာကောက်ကာ ဘောမန်းနောက်သို့ လိုက်ခဲ့ကြ၏။ သို့သော် စနစ်ကျလှသော စွက်ချက်မှုများအရ ဤဗြိတိသျှစုံထောက်များသည် ဘောမန်း ကို အီတလီနိုင်ငံတွင် ခြေရာခံမိကြပြန်သည်။တဖန်ဘောမန်း သည် ဂျာမနီနယ်စပ်ကို ဖြတ်ကျော်ကာ လေယာဉ်ပျံဖြင့်စပိန်နိုင်ငံသို့ ထွက်ပြေးသည်ဟုဆိုလာပြန်၏။ ဤနေရာတွင် ဘောမန်း၏ခြေရာသည် ပျောက်ကွယ်သွားခဲ့လေသည်။ စပိန်ကဲ့သို့သော ဖက်ဆစ်လိုလားသူပေါများလှသည့်နိုင်ငံတစ်နိုင်ငံတွင် ဘောမန်းကဲ့သို့သော နာဇီတစ်ယောက်အတွက် ပုန်းစရာနေရာသည်လွန်စွာပင် လွယ်ကူလှသည်။

'လပေါင်းများစွာ လွန်မြောက်ခဲ့ပြီးနောက် တစ်နေ့သော် လန်ဒန်မြို့တော်သို့ သတင်းတစ်ခုရောက်လာပြန်၏။ ဘောမန်းသည်

*MI 5: Military Intelligence 5





အာဂျင်တီးနားသို့ ရောက်ရှိနေပြီဟူသော သတင်းပေတည်း။ သူသည် ပိန်နိုင်ငံမှနေ၍ မြောက်အတ္တလန္တိတ်နှင့် တောင်အတ္တလန္တိတ် သမုဒ္ဒရာများကို လေယာဉ်ဖြင့် ဖြတ်ကျော်ပျံသန်းကာ အာဂျင်တီးနားသို့ ဘောက်လျှောက်ထွက်ပြေးခဲ့ကြသည်ဟု ထိုသတင်းကဆိုလေသည်။

'ဤတွင်တဖန် အမေရိကန်စုံထောက်များသည် တစ်စခန်းထ၍ ဘောမန်းနောက်သို့ လိုက်ကြပြန်၏။ သို့ဖြင့်ထိုစဉ်က ယင်းစုံစမ်းထောက် မ်းမှုများကို ကိုယ်တိုင်ဦးစီးလုပ်ဆောင်ခဲ့ရသော သံအမတ်ကြီး ရတ်ဒင်က ကျွန်ုပ်အား ဤသို့ပြောပြလေသည်။'

"ဘောမန်းဟာ အာဂျင်တီးနားရောက်နေပြီဆိုတာ ကျုပ်တို့ သချာပေါက်သိခဲ့ရပါတယ်။ ဒါပေမယ့်သူနေတဲ့နေရာကို ကျုပ်တို့လုံးဝ လို့မရခဲ့ဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ်တို့ဟာ အာဂျင်တီးနားအစိုးရ ပူးပေါင်းဆောင်ရွက်မှုအများကြီးလိုပါတယ်။ ဒါပေမယ့် ကျုပ်တို့ ထားသမျှ သူတို့ကိုပြောပြလိုက်ရင်လဲ ကျုပ်တို့ဟာ ဘောမန်းဆီကို ဒီယိုက တိုက်ရိုက်အသံလွှင့်ပြီး သတင်းပို့လိုက်သလိုဖြစ်သွားမှာလဲ စ်ဖက်က စိုးရိမ်ရပါသေးတယ်"

'ဤနေရာတွင် အောက်ပါအချက်ကို လုံးဝမမေ့ရန်လိုပါသည်။ င်းအချက်မှာ ဤထွက်ပြေးလွတ်မြောက်ရန် အကြံအစည်ကြီးတစ်ခုလုံးကို တ်ဦးဆောင်ခဲ့သူမှာ ဘောမန်းဖြစ်သည်ဟူသောအချက်ပင်ဖြစ်သည်။ သည် ယခုအာဂျင်တီးနားသို့ရောက်ရှိခိုလှုံနေပေသည်။'

ထို့ပြင် ပီရွန်အား အကူအညီပေးခဲ့သူမှာလည်း ဘောမန်းပင် ၏။ ဘောမန်းသည်ပင်လျှင် ပီရွန်အားအာဏာသိမ်းနည်း နည်းများ းပေးခဲ့၏။ သို့ဖြစ်၍လည်း ဘောမန်းသည် အာဏာရှင်ပီရွန်ထံမှ င်အမေရိကတိုက်၏ 'ရိုက်ချ်'နိုင်ငံတော်ဖြစ်သော အာဂျင်တီးနားတွင် ဇီများအတွက် သီးသန့်နယ်တစ်နယ်ကို အပိုင်စားရရှိနေသည်ဟု သတင်းဆွယ်ရာရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'စင်စစ်အားဖြင့်လည်း မာတင်ဘောမန်းသည် ဂျာမနီနိုင်ငံတွင် သက်ဦးစံပိုင် မြေရှင်ပဒေသရာဇ် အနွယ်တော်များ၏ ရယ်သွမ်းသွေးခြင်း ခံရသူဖြစ်ခဲ့၏။ သူသည် ဝက်တစ်ကောင်၏အမူအရာမျိုးဖြင့် ပေမှ ဒေါက်မမီသည့် လူဆိုးလူသွမ်းတစ်ယောက်ဖြစ်၏။ သူ့အရပ်မှာ ငါးပေ တစ်လက်မမျှသာရှိပြီး ရင်အုပ်ကျယ်ကျယ်ဖြင့် ဗလကောင်းသူတစ်ဦး ဖြစ်၏။ ခွေးဘီလူးတစ်ကောင်၏ ဦးခေါင်းမျိုးဖြင့် သူ၏ရှူးအင်္ကျီကော်လာ အထက်တွင် ဂုတ်ပိုးများအလိပ်အလိပ်တက်နေသော ဘောမန်းသည် အမာရွတ်များဖြင့် ပြည့်နေသောသူ၏ မျက်နှာပေါ်မှ သေးငယ်လှသည့် ဝက်မျက်စိဖြင့် အရာရာကိုအကွက်ချကာ စောင့်ကြည့်တတ်ပေသည်။ သူသည် နာဇီတို့၏ ရှေးဦးမဆွ အကြမ်းဖက်ခဲ့ကြစဉ်က ဘီယာဆိုင် အုပ်စုတွင် စတင်ပါဝင်ခဲ့ပြီး ကာလကြာမြင့်စွာကပင် ဟစ်တလာ၏ယုံကြည် အားကိုးရသည့် အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့၏။ သို့ဖြစ်ရာ ပဒေသရာဇ်အနွယ် များက သူ့ကိုရယ်သွမ်းသွေးလိုက သွေးကြပါစေ။ နောက်ဆုံး၌ ဘောမန်း ကပင်ပြန်၍ သူတို့အားဟားတိုက်ကာ ရယ်ခဲ့ပေသည်။

'၁၉၄၃ ခုနှစ် နွေရာသီသို့ ရောက်သောအခါ ရှေ့နေ အဝေးကြီးကပင် ကြိုတင်မြင်နိုင်စွမ်းရှိသော ဘောမန်းတစ်ယောက်တည်း သာလျှင် အရေးပေါ် ကြိုတင်ပြင်ဆင်မှုများကို ဦးဆောင်လုပ်ကိုင်ခဲ့ပေသည်။ ကျွန်တော်လေ့လာစုံစမ်းထောက်လှမ်း၍ ရသမျှဆိုလျှင် ဘောမန်းသည် ယင်းသို့ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ ခေါင်းဆောင်ကြီးဟစ်တလာ ကိုပင် တိုင်ပင်ဆွေးနွေးအသိပေးခဲ့ခြင်းမရှိပေ။ သူတစ်ယောက်တည်း နောက်ပိုင်းကကြိတ်၍ ကြံနေခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန် ထိုအခါက ဟစ်တလာအား ထိုသို့သောအရှုံးပေးရေးဝါဒ အရိပ်အယောင်များကို ပြသရန်မှာ အလွန့်အလွန် စောနေသေးသောကြောင့် ပင်ဖြစ်သည်။'





'ဘောမန်းသည် မတော်တဆ ဂျာမန်တို့ အရေးနိမ့်ခဲ့ပါက မည်သို့ မည်ပုံစခန်းသွားရမည်ကို အစီအစဉ်နှစ်ရပ် ချမှတ်ခဲ့လေသည်။ ပထမအစီအစဉ်မှာ ဟစ်တလာ၏ လွတ်မြောက်ရေးနှင့်ခိုလှုံပုန်းအောင်း ရေးအတွက်ပင်ဖြစ်သည်။ သူသည် ယင်းအစီအစဉ်နှင့်ပတ်သက်၍ ဂျာမန်ရေကြောင်း ဗိုလ်ချုပ်ကြီးဒိုးနစ်နှင့် တိုင်ပင်ဆွေးနွေးခဲ့လေသည်။'

'ယင်းအချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးဒိုးနစ်က လအနည်းငယ်ကြာသောအခါ အမှက်မထင် ဆင်ခြင်မှုမရှိဘဲ လွှတ်ကနဲကြွားဝါ ပြောဆိုခဲ့သည်။'

"ကျုပ်တို့ ဂျာမန်ရေငုတ်သင်္ဘောတပ်ဖွဲ့က ကမ္ဘာ့မြေပြင်တစ်နေရာမှာ ခေါင်းဆောင်ကြီး ဟစ်တလာအတွက် အင်မတန်ဆန်းကျယ်တဲ့ ရေငုတ်သင်္ဘော တစ်စင်းဆောက်နေတာဟာ ဂုဏ်ယူစရာပါဘဲ၊ အဲဒီ ရေငုပ်သင်္ဘောဟာ ရန်သူတွေ ဘယ်တော့မှတိုက်ခိုက်လို့မရနိုင်တဲ့ ခံတပ်ကြီးတစ်ခုနဲ့ အတူတူပါပဲ"

'ဘောမန်း၏ ဒုတိယအစီအစဉ်မှာ အာဂျင်တီးနားတွင် နာဇီတို့၏ စစ်ဆင်ရေးဌာနချုပ်များ ဖွင့်လှစ်ရန်ပင်ဖြစ်ပေသည်။ ယင်းအကြံအစီကို နာဇီထိပ်သီးခေါင်းဆောင်ကြီး အများအပြားက သိထားကြပေသည်။ နောက်ဆုံး အချိန်တွင်မှ ရုရှားတို့အမြောက်ဆံများနှင့် မဟာမိတ်တို့၏ ဗုံးဆံများအောက်တွင် ကြောက်ဒူးတုန်နေပြီဖြစ်သော ဟစ်တလာသည် ယင်းသို့ဂျာမန်ဗိုလ်ချုပ်ကြီးများနှင့် နာဇီခေါင်းဆောင်များ အစုလိုက် အပြုံလိုက်ထွက်ပြေးကြရန် ကြံစည်ထားခြင်းကို သဘောမတူတော့ဘဲ) ဒေါသမီးတောက်လောင်ကာ အရှုးကြီးပမာ ဟစ်အော်ပြောဆိုခဲ့သည်။'

"ဒီကောင်တွေဟာ ငါ့နောက်ကျောကို ဓါးနဲ့ထိုးတဲ့အကောင်တွေ သူတို့ကို ငါခေါ် မသွားနိုင်ဘူး"

'ဤသို့ဖြင့် ဟစ်တလာသည် သူတို့တတွေအား တနည်းနည်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သေမင်းလက်သို့ ဝကွက်အပ်ထားခဲ့လေသည်။ အများစုမှာ ချူရင်ဘတ် (စစ်ခုံရုံး)တွင်ပါးကွက် အာဏာသား၏ ကြိုးကွင်းထဲ၌ အသက်ပါသွားခဲ့ကြလေသည်။'

'ယင်းသို့ ဘောမန်း၏ (နာဇီခေါင်းဆောင်များထွက်ပြေးရန် အကြံအစည်ကို နိုင်ငံတော်စစ်သူကြီး ဂိုးအားရင်းအား အသိပေး အကြောင်းကြားခဲ့ပေသည်။ ဂိုးအားရင်းသည် ဂျာမန်တို့ စစ်ရှုံးဘွယ်ရာ ရှိသည်ကို ကြိုတင်စဉ်းစားမိပြီး မကောင်းမှုဒုစရိုက်များဖြင့် တည်ဆောက်ထားသည့် သူ့ဘဝနှင့်သူ့အသက်ကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်ပေသည်။

'သို့ဖြစ်ရာ ဂိုးအားရင်းသည် သူ၏ပထမဆုံးပြင်ဆင်မှုအဖြစ် သူ၏ကိုယ်ပိုင်ပစ္စည်းများအား ဒေါ်လာသန်းပေါင်းများစွာအဖိုးတန်သော ရွှေနှင့်အာမခံငွေစက္ကူများအဖြစ် အာဂျင်တီးနားနိုင်ငံသို့ ပို့ဆောင်ခဲ့လေသည်။'

BURMESE CLASSIC .com

'သူ၏ ဒုတိယလုပ်ဆောင်ချက်မှာ သူ၏လိမ္မာပါးနပ်မှုကို ကောင်းစွာ အသုံးချခြင်းပင်ဖြစ်ပေသည်။ ဤသည်မှာ အခြားမဟုတ် မဟာမိတ်များထံ စစ်ရပ်စဲရန် စေ့စပ်ကြောင်းလမ်းခြင်းပင်ဖြစ်လေသည်။

'ဤအတောအတွင်း တနင်္ဂနွေနှစ်ပတ်သုံးပတ်ခန့်အကြာတွင် အမေရိကန် ထောက်လှမ်းရေးအဖွဲ့ဝင် သူလျှိုတစ်ဦးသည် အာဂျင်တီးနားမှနေ၍ သတင်းတစ်ခုပို့လိုက်လေသည်။ ထိုသတင်းကို ၁၉၄၃ခု ဩဂုတ်လအတွင်းနေ့စွဲတပ်၍ ပို့လိုက်ခြင်းဖြစ်သည်။'

'ဂျာမန်နိုင်ငံရေးဌာနမှ လက်တင်အမေရိကန် နိုင်ငံများဆိုင်ရာ အကြီးအကဲနှင့် တောင်အမေရိကတွင် ဟစ်တလာ၏ ထောက်လှမ်းရေး တာဝန်ခံဖြစ်သူ ဝီလီကိုးဟန်းသည် မာဒဲလ်ပလာတာ ကမ်းခြေသို့ ရေငုပ်သင်္ဘောဖြင့် လျှို့ဝှက်စွာ ရောက်ရှိလာသည်။ သူနှင့်အတူ သေတ္တာကြီးများ အမြောက်အများပါလာသည်။'





'ကျွန်တော်သည် အထက်ပါအစီရင်ခံစာကို ဝါရှင်တန်မြို့တော်၌ ...မြင်ဖတ်ရှုခဲ့ရပေသည်။ အစီရင်ခံစာသည် တကယ့်အစစ်အမှန် ...ပေသည်။'

'အာဂျင်တီးနားမှ နောက်ထပ်ရောက်ရှိလာသော သတင်းများ ... အထက်ဖော်ပြပါ ဂျာမန်သူလျှို ကိုးဟန်းသည် ဗြူနိုအဲရစ္စမြို့၌ ...ပ်ကြာမျှ နေထိုင်ကာ နာဇီထပ်တန်းသူလျှိုများနှင့်လည်းကောင်း၊ ...ဖော်ကိုင်ဖက်များနှင့်လည်းကောင်း၊ တိုင်ပင်ဆွေးနွေးသွားသည်ဟု ...ပေသည်။ ထို့နောက် သူသည် သူပထမလာခဲ့သော မာဒဲလ်ပလာတာ ...းခြေသို့ ပြန်သွားပြီး ရေငုပ်သင်္ဘောဖြင့်ပင် ပြန်လည်ထွက်ခွာ ...သည်ဟု ဆိုလေသည်။'

'သူထွက်သွားပြီးနောက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ...တြောင်းနှင့် လေကြောင်းဘက်ဆိုင်ရာ အထူးကင်းစောင့်တပ်ဖွဲ့ ...အား အဆိုပါရေငုပ်သင်္ဘောကို ရှာဖွေတိုက်ခိုက်မြှုပ်နှံပစ်ရန် အမိန့် ...ထုတ်ပြန်ခဲ့ပါသည်။ သို့ပါသော်လည်း အရှောင်အတိမ်း ကောင်းလှ... ဤရေငုပ်သင်္ဘောအား စတုရန်းမိုင် သန်းပေါင်းများစွာ အပြော ...လှသည့် အတ္တလန္တိတ်သမုဒ္ဒရာ၏ ရေပြင်အလယ်တွင် လုံးဝအစရှာ ...အောင်ဖြစ်ခဲ့ကြပေသည်။'

'အာဂျင်တီးနားတွင် နာဇီတို့၏ လှုပ်ရှားမှုများကို ရုပ်တရက် ...တနဲ့ ထောက်လှမ်းစုံစမ်းရန် အမိန့်များ ရရှိခဲ့ကြသော အမေရိကန်နှင့် ...သူလျှိုများသည် များမကြာမီ အာဂျင်တီးနားနိုင်ငံမှ ...ရေ့ပါ ...ရောက်သည့် ဘဏ်တိုက်မှန်သမျှတွင် မရေမတွက်နိုင်သော ဂျာမန် ...များ အနှံ့အပြားဝင်ရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိခဲ့ကြ ...သည်။ ထို့ပြင်အခြားသော ငွေကြေးဘက်ဆိုင်ရာ လုပ်ငန်းကြီးများ ...သည်းကောင်း၊ စက်မှုလုပ်ငန်းနှင့် ကုန်သန်းရောင်းဝယ်ရေး ...ငန်းကြီးများတွင်လည်းကောင်း၊ ဂျာမန်အသိပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာရှင်များ အမြောက်အများ ဝင်ရောက်အလုပ် နေကြသည်ကို တွေ့ကြရလေသည်။'

'သို့သော် အမေရိကန်နှင့် ဗြိတိသျှသံရုံးများ၏ အပြင်အ လုပ်ကိုင်နေကြရသော မဟာမိတ်ထောက်လှမ်းရေးသမား သူလျှိုများ ဤနိုင်ငံတွင် တပန်းရှုံးနေကြပေသည်။ အဘယ့်ကြောင့်ဆိုသော် အာ တီးနားသည် သာမန်ကြားနေနိုင်ငံမျိုးမဟုတ်မူ၍၊ နာဇီဝါဒကို လို သလောက် ဗြိတိသျှ-အမေရိကန်တို့ကို မလိုလားသောကြောင့်ပင်ဖြစ်သ

'သို့ဖြစ်ရာ ဤနိုင်ငံတွင် နာဇီအဆက်အသွယ်များနှင့် တို့၏မိတ်ဆွေအပေါင်းအသင်းများမှာ သမ္မတပီရွန်မှစ၍ ထိပ်ပိုင်း အများအပြား ရှိနေကြပေသည်။ အရေးပါအရာရောက်သော အရာရှိ ငယ်အများအပြားမှာ 'သွေး'အားဖြင့် အမျိုးတော်စပ်နေကြသလို အားဖြင့်လည်း အမျိုးစပ်ကာ နာဇီလိုလားသူများဖြစ်နေကြလေသည်

'ဂျော့ဂျ်မန်းဆိုသူသည် ဂျာမန်လူမျိုး ဘဏ္ဍာရေးပါရဂူ ဖြစ်၍ အာဂျင်တီးနားအစိုးရ ဘဏ္ဍာရေးဌာန၏ အထူးအကြံပေး အ တစ်ဦးဖြစ်၏။ ယခင်ကဂျာမနီတွင် ဂျာမန်လေတပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဗိုလ်မှူးကြီး ဝေါလ်တာ အာဂျင်တီးနားအစိုးရလေတပ်မတော်၏ လျှို့ဝှက်အတိုင်ပင်ခံအ ဖြစ်၏။ နောက်ဆုံးတွင် အာဂျင်တီးနား တပ်မတော်၏ စစ်ဦးစီးမှူးဖြ ဗိုလ်ချုပ်ကြီးကာလော့စ်သည်ပင်လျှင် ဂျာမန်စစ်ဦးစီး ဌာနချုပ်တွင်သူ ဆွေမျိုးတော်စပ်သူများ ရှိနေပေသည်။'

'ဤသို့လျှင် မဟာမိတ်သူလျှိုများသည် အချက်အလက်များ တသီတတန်းကြီးထောက်လှမ်း ဖော်ထုတ်နိုင်ခဲ့ကြသည်။'

'ဂျာမန်တို့သည် အာဂျင်တီးနားနိုင်ငံတွင် ဧရာမကြီး ကျယ်ပြန့်လှသည့် မြေကွက်ကြီးများကို ဝယ်ယူထားကြလေသည်၊ ခ





ရီပြည်နယ်နှင့် ချူဘတ်ပြည်နယ်တွင် စတုရန်းမိုင်ထောင်ပေါင်းများစွာ ယ်ပြန့်သည့် စားကျက်မြေကြီးများသည် ဂျာမန်တို့လက်တွင်းသို့ ာက်နေကြပေသည်။'

'အမေရိကန်ပြည်ထောင်စုတွင် အချမ်းသာဆုံးသော ကွဲအုပ် းအုပ်ကြီးများကို ပိုင်ဆိုင်မွေးမြူလျက်ရှိနေကြသည် တက္ကဆပ်စပ် ည်နယ်ထက်ပင် ကျယ်ပြန့်ကြီးမားသော ဤမြေကွက်စားကျက်ကြီး းကို ဂျာမန်ရဲသားများကိုယ်တိုင် စောင့်ကြပ်လျက်ရှိနေကြပေသည်။ ဂျာမန်များအနက် အချို့မှာ စစ်ကြီးမဖြစ်မီက တာဝန်ဖြင့် ရောက်ရှိ ကြသူများဖြစ်၍ အချို့မှာမူ စစ်ကြီးအတွင်းမှာပင် ရေငုပ်သင်္ဘောဖြင့် ောက်ရှိလာကြသူများဖြစ်ကြပေသည်။'

'မဟာမိတ်သူလျှိုများသည် ကျယ်ပြန့်ကြီးမားလှသည့် နယ်မြေဒေသများအတွင်း ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်ခဲ့ကြပေ။ 'နာဇီဂျာမန်နိုင်ငံကလေး'သည် မည်သူမျှ ဖောက်ထွင်းဝင်ရောက်ခြင်းငှာ တတ်နိုင်သည့် နိုင်ငံကလေးဖြစ်ခဲ့၏၊ ထို့ပြင် ဤဒေသရှိဂျာမန်များကို ည်း အပြင်အပ မြို့ကြီးများသို့ သွားခွင့်လာခွင့်မပြုဘဲ လုံးဝပိတ်ပင်ထား ၊ ဤနယ်မြေတစ်ခုလုံးမှာ 'ချိပ်ပိတ်'ခံထားရသည့်ဒေသဖြစ်နေ သည်။'

'တောင်အမေရိကတိုက်တွင် ဟစ်တလာ၏ ခံတပ်အသစ်သည် တယ်ပင် အကောင်အထည်ပေါ်လာခဲ့ပြီတကား'...'

'၁၉၄၅ ခု ဇန်နဝါရီလတွင် ခေါင်းအမာဆုံးနှင့် အရူးသွပ်ဆုံး သာ နာဇီများကိုယ်နှိုက်ပင် ဂျာမနီသည် စစ်ရှုံးရန်တဲတဲ ကလေးမျှသာ တော့သည်ကို အထင်အရှားသိမြင်လာကြသည့်အချိန်၌၊ တင်ဘောမန်းသည် ခေါင်းခေါက်၍ ရွေးချယ်ခန့်ထားခဲ့သည့် နာဇီ တော်ဝန်များအား လျှို့ဝှက်အကြောင်းကြားစာများ ပေးပို့ခဲ့လေသည်။ င်းလျှို့ဝှက်စာတွင် ယုံကြည်စိတ်ချရသည့် နာဇပါတီဝင်များထဲမှ



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အိမ်သူအိမ်သားများနှင့်ခွဲခွာ၍ နိုင်ငံရပ်ခြားတိုင်းတစ်ပါး ရက်အပိုင်းအခြားမရှိ၊ နှစ်ရှည်လများသွားရောက်လိုသူရှိပါက သူ့ထံ အကြောင်းကြားရန်ပါရှိခဲ့လေသည်။'

'ယနေ့အထိ အဆိုပါ နာဇီထိပ်ပိုင်း ခေါင်းဆောင်များ(အာ တီးနားသို့ရောက်ရှိနေကြသူများ)၏ စာရင်းကိုထောက်လှမ်းရေး များက အရေအတွက်အတိအကျဖြင့်ခန့်မှန်းဖော်ထုတ်ခြင်းမပြုနိုင် ကြပေ။ ကျွန်တော်တွေ့ရှိခဲ့ရသည့် အစီရင်ခံစာများအရဆိုပါက လူ ၂၅၀မှ ၇၅၀အထိ စာရင်းအမျိုးမျိုးဖြစ်နေပေသည်။ သို့ဖြစ်ရာ ခန့် ခြေအားဖြင့် လူ၅၀၀ခန့်ရှိလိမ့်မည်ဖြစ်ပေသည်။'

'၁၉၄၅ခု ဖေဖော်ဝါရီလတွင် အဆိုပါအမာခံနာဇီခေါင်းဆော များအား နော်ဝေနိုင်ငံသို့သင်္ဘောဖြင့် ပို့ဆောင်ခဲ့လေသည်။ ထိုမှ မဟာမိတ်လေယာဉ်များ လုံးဝမမြင်မတွေ့နိုင်သည့် နော်ဝေနိုင် မတ်စောက်သော ကျောက်တောင်ကျောက်ကမ်းပါးများအကြား ဖုံးကွယ်ဆောက်လုပ်ထားသည့် လျှို့ဝှက်ရေငုပ်သင်္ဘောစခန်းသို့ အထ နာဇီခေါင်းဆောင်များအား မီးရထားဖြင့် ပို့ဆောင်ပေးခဲ့လေသည်

'ဤလျှို့ဝှက် ရေငုပ်သင်္ဘောများသည် ဦးရောပုံပါ ရှည်လျားသည့် ပုံသဏ္ဌာန်ရှိနေပြီး ခရီးဝေးသို့သွားနိုင်သည့် နောက်ဆုံး ခေတ်မီရေငုပ်သင်္ဘောများဖြစ်၍ စစ်သားတင် သင်္ဘောများအ အသုံးပြုရန် ရည်ရွယ်ဆောက်လုပ်ထားခြင်းဖြစ်ပေသည်။ ဤသို့ ဟစ်တလာ၏ နောက်ဆုံးခိုလှုံပုန်းအောင်းရာအရပ်တွင် အ လုပ်ကြမည့် ယုံကြည်စိတ်ချရသော နာဇီခေါင်းဆောင်များအား ဤလျှို့ ရေငုပ်သင်္ဘော များဖြင့် တင်ဆောင်ကာ မဟာမိတ်တို့၏ ရေကြော နှင့်လေကြောင်း ပိတ်ဆို့မှုများအကြားမှ အာဂျင်တီးနားနိုင်ငံ ခေါ်ဆောင်သွားခဲ့ လေသည်။'





'ကျွန်တော်သိရှိခဲ့ရသမျှ သူတို့သည် အာဂျင်တီးနားနိုင်ငံ ဘတ်ပြည်နယ်အတွင်း ရောဆွမ်အမည်ရှိ ပင်လယ်ကမ်းရိုးတန်းအနီး တွင် ဆင်းသက်ခဲ့ကြပေသည်။ ထိုနေရာတွင် လူသူကင်းရှင်းဝေးလှသည့် ပင်လယ်ကမ်းစပ်၌ ၎င်းတို့အား နာဇီသူလျှိုများက လာရောက်ကြိုဆိုကာ ထိုမှတဖန် ထရပ်ကားကြီးများဖြင့် လပ်စပ်ပလူးမက်စ်မြို့အနီးရှိ လျှို့ဝှက် စခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့လေသည်။'

'ပတာဂိုနီယာပြည်နယ်အတွင်းရှိ ထိုဒေသမှကျယ်ပြန့်လှပြီး လူနေအိမ်ခြေရှားပါးကာ လမ်းများမှာလည်း ကောင်းမွန်ခြင်းမရှိဘဲ ခေတ်နောက်ကျလှသည်ဟုသိရပေသည်။ အနောက်ဖက်တွင်မူ ချီလီ နိုင်ငံမှ လူသူကင်းဝေးလှသည့် အင်ဒီးစ်တောင်တန်းကြီးဖြင့် ကာဆီးဝန်းရံ ထားက်ရှိပေသည်။ လူစိမ်း သူစိမ်းများအတွက်ကား ဤနေရာဤဒေသသည် အသွားအလာခက်ခဲ၍ အရောက်အပေါက်နည်းလှပေသည်။ ကျွန်တော်သည် ဤနေရာ ဤဒေသသို့ဝင်ရောက်ရန် ကြိုးစားကြသော မဟာမိတ်လျှို့ဝှက် ထောက်လှမ်းရေးသမားများအား ဂျာမန်တို့က မည်သို့မည်ပုံမ အကြမ်းဖက်၍ မောင်းထုတ်ခဲ့ကြသည်များကို အစီရင်ခံစာများတွင် တွေ့ရှိခဲ့ရပေသည်။'

'အာဂျင်တီးနားသို့ နာဇီခေါင်းဆောင်များ၏ အစုလိုက်အပြုံ လိုက် ရွှေ့ပြောင်းမှုကြီးကား စတင်ခဲ့ပေပြီ။ ဤရွှေ့ပြောင်းမှုကြီးသည် သူတို့၏ခေါင်းဆောင်ကြီး အဒေါ့ဖ်ဟစ်တလာ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ပြေးတိမ်းရှောင်ရန်အတွက် အဆုံးစွန်သော ရည်မှန်းချက်ကြီးကို ဖန်တီးပေးမည့် ရွှေ့ပြောင်းမှုကြီးပင်ဖြစ်ပေသည်။'

'သို့သော် မာတင်ဘောမန်းသည် သူ့ဆရာအတွက်ပိုမိုလုံခြုံမှု ရှိပြီး ပို၍စိတ်ချရသော လျှို့ဝှက်စခန်းတစ်ခုကို စီစဉ်နေပြန်ပေပြီ။'

'အပျက်အစီးများသည် နေရာတိုင်း၌ တောင်လိုပုံနေလေသည်။ အချိန်ကား ၁၉၄၅ခု မေလ၁ရက်နေ့ဖြစ်၏။ ရေကြောင်းဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒိုးနစ်သည် ဟစ်တလာကိုယ့်ကိုယ်ကို သတ်သေသွားပြီဖြစ်ကြောင်း ကြော်ငြာရင်း 'သူရဲကောင်းတို့သေခြင်းမျိုး'ဟူ၍ ကင်ပွန်းတပ်လိုက်လေသည်။ ထို့နောက်တွင်ကား ဂျာမန်တို့သည် စိတ်မချမ်းမသာကြ လက်နက်ချလိုက်ကြလေသည်။'

'မေလ ၂ရက်နေ့တွင် ဆန်းကျယ်ထူးခြားလှသည့် ရေငုပ်သင်္ဘော တပ်ဖွဲ့တစ်ခုသည် လျှို့ဝှက်သော နော်ဝေရေတပ်စခန်းမှ ထွက်ခွာသွားကြလေသည်။ မဟာမိတ်တို့၏ သတင်းအရအဆိုပါ ရေငုပ်သင်္ဘော တပ်ဖွဲ့တွင် ရေငုပ်သင်္ဘောပေါင်း အစင်း၂၀ပါဝင်သည်ဟု သိရပေသည်။ ၎င်းတို့အနက် လေးစင်း၏ သတင်းကိုနောက်တစ်ကြိမ်သာ ကြားခဲ့ရ၍ မဟာမိတ်တို့ထံသို့ သုံးစင်းသာလျှင် လက်နက်ချခဲ့ကြပေသည်။ ဤသို့ ဂျာမန်တို့၏အကောင်းဆုံးနှင့် နောက်ဆုံးပေါ် ခရီးဝေးသွားနိုင်သည့် နှစ်ဖက်ချွန်ရေငုပ်သင်္ဘော ၁၇စင်းတို့သည် လက်တစ်လုံးကြား လွတ်သွားခဲ့ကြပေသည်။ ဤကား ယုံနိုင်စရာမရှိသော်လည်း တကယ့်အဖြစ်မှန် ပေတည်း။'

'ရေကြောင်းဗိုလ်ချုပ်ကြီးဒိုးနစ်သည် ဤရေငုပ်သင်္ဘောတပ်ဖွဲ့ ဖြင့် အဘယ့်ကြောင့်လိုက်ပါထွက်ပြေးခြင်းမပြုခဲ့ပါသနည်း။ အခြားအခြား သောစစ်ဖက်နှင့် ရေတပ်ဖက်ဆိုင်ရာ ခေါင်းဆောင်ကြီးများသည်လည်း အဘယ့်ကြောင့်လိုက်ပါမသွားခဲ့ကြပါသနည်း။'

'ကျွန်တော်စုံစမ်းထောက်လှမ်းမေးမြန်း၍ရခဲ့သလောက် အရ အတိုင်းဆိုရပါလျှင် ထိုထိုသောခေါင်းဆောင်ကြီးများသည် မဟာမိတ်တို့၏ စစ်ခုံရုံးတွင် စစ်ဆေးခြင်းနှင့် သေဒဏ်ပေးခြင်းခံကြရလိမ့်မည်ဟု မည်သူ တစ်ဦးတစ်ယောက်ကမှ မထင်မှတ်ခဲ့ကြသောကြောင့်ပင်ဖြစ်၏။ သူတို့ သည် စစ်ရှုံးသည့်ဂျာမနီတွင် ဟစ်တလာ၏လျှို့ဝှက်သော သူလျှိုများ အဖြစ် လုပ်ကိုင်နိုင်ကြလိမ့်မည်ဟူ၍လည်းကောင်း၊ သို့မဟုတ်လျှင်လည်း တစ်နေ့နေ့တွင် မိမိတို့သဘောအလျောက် ဟစ်တလာနှင့် ပြန်လည်





ပူးပေါင်း နိုင်ကြလိမ့်မည်ဟူ၍လည်းကောင်း အားလုံးကပင် မှတ်ထင် ယူဆခဲ့ကြသောကြောင့် ဖြစ်ပေသည်။'

'လက်နက်ချခဲ့သည့် ရေငုပ်သင်္ဘောသုံးစင်းအနက် ပထမဆုံးသော ရေငုပ်သင်္ဘောကို ဇွန်လ၃ရက်နေ့က ပေါ်တူဂီသို့ ခုတ်မောင်းစေခဲ့၏။ ထို့နောက်အသေးစိတ်စစ်ဆေးကြည့်ရှုသောအခါ ထိုရေငုပ်သင်္ဘောမှာ အင်ဂျင်မကောင်းဘဲဖြစ်နေပြီး အခြားသောသင်္ဘောများနှင့် မျက်ခြေ ပြတ်ကျန်ခဲ့သည်ဟုသိရ၏။ စီစဉ်လုပ်ဆောင်ချက်များမှာ အထူးပင် လျှို့ဝှက်ထားခဲ့ဟန်တူ၏။ အဘယ့်ကြောင့်ဆိုသော် သင်္ဘောကပ္ပတိန်အား မည်သည့်အရပ်မည်သည့်ဒေသသို့ နောက်ဆုံးဦးတည်၍ ခုတ်မောင်း ရမည်ဆိုသည်ကိုပင် အသိပေးထားခြင်းမရှိဘဲ 'တပ်ဖွဲ့နှင့်အမြဲတမ်း မျက်ခြေ မပြတ်အောင် ဂရုစိုက်ပါ။ ရေဒီယိုအဆက်အသွယ်များ လုံးဝ မလုပ်ပါနှင့် နားကြပ်ပါသည့် စကားပြောခွက်များကိုသာ အသုံးပြုပါ' ဟူ၍ အမိန့်ပေးညွှန်ကြားထားခဲ့သောကြောင့်ဖြစ်၏။'

'ဂျာမန်တို့၏ 'ရိုက်ခ်ျ'နိုင်ငံတော်ကြီးစစ်ရှုံး၍ ဘုံးဘုံးလဲခဲ့ခြင်းသည် သမိုင်းဝင်အဖြစ်အပျက်တစ်ခုပင်ဖြစ်ပေသည်။ ထိုအချိန်မှာပင် ပို့စ်ဒမ် ကွန်ဖရင့်ကြီးကျင်းပရန် အဖက်ဖက်မှာ ပြင်ဆင်စိုင်းပြင်းလျက်ရှိနေကြ ပေသည်။'

'ဟစ်တလာကား ပျောက်ဆုံးနေဆဲပင်ဖြစ်သည်။ ရုရှားတို့ကလည်း ဟစ်တလာ၏အလောင်းကို အစအနရှာမရအောင်ဖြစ်ခဲ့ရသည်ဟု ကြေငြာလျက်ရှိ၏။ ဟစ်တလာအား အရှင်လက်ရဖမ်းဆီးရန်အတွက် မြေအောက်ပုန်းကျင်းကို တဟုန်ထိုးချီတက်တိုက်ခိုက် သိမ်းပိုက်ခဲ့ကြ စဉ်က ဆိုဗီယက်အထူးလျှို့ဝှက်ထောက်လှမ်းရေး အရာရှိများကိုယ်တိုင် လိုက်ပါခဲ့ကြသော်လည်း ဟစ်တလာကို ရှာမတွေ့ခဲ့ကြရဘဲဖြစ်ခဲ့ရ၏။ သူတို့သည် ဒေါက်တာဂိုးဘဲလ်နှင့်သူ့ဇနီး၏ အလောင်းများကို ကလေး ခြောက်ယောက်၏အလောင်းများနှင့်အတူ တွေ့ခဲ့ရသည်။ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



တပိုင်းတစ်စ မီးလောင်ကြွမ်းထားသော အလောင်းတစ်လောင်းကိုလည်း တွေ့ခဲ့ကြ၍ ဟစ်တလာနှင့်အတူ နေထိုင်ခဲ့သူတစ်ဦးက ထိုအလောင်းသည် ဟစ်တလာ၏ အလောင်းဖြစ်သည်ဟု ပြောကြားခဲ့လေသည်။'

"အဲဒီအရိုးတွေဟာ ဟစ်တလာရဲ့ အရိုးတွေလဲမဟုတ်ဘူး။ သွားတွေကလဲ သူ့ရဲ့သွားပုံစံနဲ့လည်းမတူဘူး။ အဲဒီအလောင်းဟာ ဟစ်တလာရဲ့အရုပ်အမောင်းနဲ့လည်း မတူဘူး။ ဟစ်တလာအလောင်း ဆိုတာ တမင်သက်သက်လုပ်ကြံပြီး လိမ်ပြောတာပါ ဟစ်တလာ မသေသေးပါဘူး"

'ဤစကားများမှာ ပို့စ်ဒမ်ကွန်ဖရင့်၌ စတာလင်ကိုယ်တိုင် ချာချီနှင့်ရုစ်ဗဲ့* တို့အား တုံးတိကြီးပြောချလိုက်သည့်ဆိုဗီယက်တို့၏ တရားဝင်ယူဆ သုံးသပ်ချက်ပင်ဖြစ်လေသည်။'

'ထို့ပြင်ရုရှားတို့သည် ဟစ်တလာသေပြီဆိုသောအချက်ကို အခြားသူများထက်ပို၍ အခိုင်အမာသိရှိလိုကြသူများ ဖြစ်ကြပေသည်။'

'အချိန်မှာ ၁၉၄၅ခု ဇူလိုင်လ ၁၀ရက်နေ့ဖြစ်၏။'

'အမေရိကန်သံအမတ်ကြီး ဘရက်ဒင်သည် ဗြူနိုအဲရစ်မြို့ (အာဂျင်တီးနားနိုင်ငံ)တွင် တယ်လီဖုန်းစကားပြောလျက်ရှိနေလေသည်။ တစ်ဖက်မှာ စကားပြောနေသူမှာ သံရုံးအရာရှိတစ်ဦးဖြစ်လေသည်။'

"ဂျာမန်ရေငုပ်သင်္ဘောနှစ်စင်း အခုမကြာခင်ကဘဲ မာဒဲလ် ပလာတာ ကမ်းခြေရောက်လာတာ တွေ့ရပါတယ်"

'ယင်းကိစ္စနှင့်ပတ်သက်၍ သံအမတ်ကြီးသည် 'ရဲအဖွဲ့မှတ်တမ်း

* ဤနေရာတွင် ဆောင်းပါးရှင် မက္ကဂရက်သည် ပမာဒလေခ၍ ချွတ် ချော်မှားယွင်းသွားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ပို့စဒမ်ကွန်ဖရင့် ကျင်းပချိန် (၁၉၄၅-ဇူလိုင်)တွင် ရုစ်ဗဲ့မှာ အသက်ထင်ရှားမရှိတော့ဘဲ ဧပြီလ ၁၂-ရက်နေ့ကပင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ပို့စဒ်ကွန်ဖရင့်သို့ တက် ရောက်ခဲ့သူမှာ သမ္မတ ထရူးမင်းဖြစ်သည်။ ။စာရေးသူ





အား ပွင့်ပွင့်လင်းလင်းနှင့် လွတ်လပ်စွာပင် ပြန်လည်ပြောပြခဲ့ပေသည်။'

"ကျုပ်ဟာ ဒီသတင်းရတာနဲ့ တစ်ပြိုင်နက် ချက်ခြင်းအရေးယူ ခဲ့ပါတယ်။ ဒါနဲ့နာရီပိုင်းအတွင်းမှာပဲ အင်မတန်တော်တဲ့ စုံထောက် နှစ်ယောက်ကို မာဒ်လ်ပလာတာကမ်းခြေ လွှတ်လိုက်ပါတယ်၊ ဟိုရောက်တော့ သူတို့က တယ်လီဖုန်းနဲ့ ချက်ခြင်းပြန်ပို့လို့ သိရတာက ကမ်းခြေမှာ ရေငုပ်သင်္ဘောတစ်စင်းပဲတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ရေငုပ် သင်္ဘောနှစ်စင်းရောက်တယ်ဆိုတာ အမှန်ပဲလို့ယူဆခဲ့ကြပါတယ်။

'ဒါပေမဲ့ နောက်ထပ် ၂၄နာရီလုံးလုံး အာဂျင်တီးနား အစိုးရ အာဏာပိုင်တွေဟာ ကျုပ်တို့စုံထောက်တွေကို အဲဒီမှာတွေ့ရတဲ့ ရေငုပ် သင်္ဘောပေါ် တက်ကြည့်ခွင့်မပေးခဲ့ပါဘူး။ ဒါ့အပြင် အဲဒီသင်္ဘောက သင်္ဘောသားတွေကိုလဲ ဘာတစ်ခွန်းမှမေးခွင့်မရခဲ့ပါဘူး။ နောက်ဆုံးကျ တော့ အဲဒီရေငုပ်သင်္ဘောရဲ့ ကပ္ပတိန်အသက် ၂၂ဘဲ ရှိသေးတဲ့ အော့တိုဝါးမတ်ဆိုတဲ့ အရာရှိကိုတွေ့ရပြီး အကျိုးအကြောင်း မေးကြည့် တော့ သူက သင်္ဘောဟာ ဒီနေရာကို မူလအစီအစဉ်အတိုင်း ဦးတည်ပြီး ခုတ်မောင်းလာခဲ့တာပဲလို့ ပြောပါတယ်။ ဒါပေမဲ့ သူဟာမေလ ၂ရက်နေ့ က ဘာ့ကြောင့်လက်နက်မချသလဲဆိုတာတော့ မေးလို့မရပါဘူး။'

"နောက်ပြီးတော့လဲ အဲဒီရေငုပ်သင်္ဘောပေါ်မှာ တခြားသင်္ဘော တွေလို သင်္ဘောသား၁၈ယောက် ၁၉ယောက်ပဲပါရမယ့်အစား ဘာ့ကြောင့် သင်္ဘောသား ၅၄ယောက်တိတိ ပါလာတယ်ဆိုတာလဲ အဖြေ မပေးခဲ့ပါဘူး။ အဲဒါအပြင် ကျုပ်တို့စုံထောက်တွေ မရောက်ခင် အဲဒီ သင်္ဘောပေါ်က ဘာပစ္စည်းတွေကို ကုန်းပေါ်သယ်ပို့ခဲ့သလဲဆိုတာလဲ ဖွင့်မပြောခဲ့ပါဘူး။ ဒါ့ထက်ပိုပြီးထူးဆန်းတာက (ရေငုပ်သင်္ဘောသားတွေဟာ သင်္ဘောပေါ်မှာ ဆေးလိပ်လုံးဝသောက်ခွင့်မရှိဘဲနဲ့) အဲဒီသင်္ဘောပေါ်မှာ စီးကရက် အထုပ်ပေါင်း၅၄၀တွေ့ရတာရယ်၊ ပြီးတော့ ရှမ်ပိန်၊ ဝိုင်၊



www.burmeseclassic.com

www.burmeseclassic.com



စကောဝီစကီစတဲ့ အရက်ပုလင်းတွေနဲ့ အင်မတန် ပြင်းထန်တဲ့ဂျာမန် အရက်ပုလင်းတွေကို စင်တွေနဲ့ တင်လာတာကိုလဲ ဘာကြောင့်ဆိုတာ မေးလို့မရဘဲဖြစ်နေပါတယ်။'

"နောက်တစ်ကြိမ် ဩဂုတ်လထဲမှာ နောက်ထပ် ရေငုပ်သင်္ဘော တစ်စင်း၊ အဲဒီပင်လယ်ကမ်းစပ်မှာ ရောက်လာပြန်တယ်လို့ ကြားရ ပါတယ်" . . . . . သံအမတ်ကြီးက ကျွန်တော့အား ဆက်လက်ပြောပြ ပါသည်။

"ဒါနဲ့ကျုပ်လဲ စုံထောက်တွေကို ထပ်လွှတ်လိုက်ပါတယ်။ သူတို့လဲ ချက်ခြင်းဘဲ အပြေးအလွှားသွားကြည့်ကြပါတယ်။ဒါပေမယ့် ဒီတစ်ခါမှာတော့ သင်္ဘောကိုပဲ တွေ့ရပြီး သင်္ဘောသားတွေနဲ့ ကုန်ပစ္စည်း တွေတော့ လုံးဝအစအနတောင်မတွေ့ရတော့ပါဘူး။"

'သံအမတ်ကြီး ဘရက်ဒင်သည် စစ်ပြီးကာလ ယင်းဖြစ်ရပ် ဇာတ်လမ်းများတွင် အာဂျင်တီးနားအစိုးရ၏ လုပ်ရပ်များအပေါ်တွင် အကြီးအကျယ် ဒေါပွခဲ့ရသည်။ ဤအချက်နှင့်ပတ်သက်၍လည်း သူက ကျွန်တော့အား ဘွင်းဘွင်းနှင့် ရှင်းရှင်းပင်ထုတ်ဖော်ပြခဲ့ပါသည်။'

"ဒီလိုရေငုပ်သင်္ဘောတွေဟာ နော်ဝေနိုင်ငံက လာကြတယ်ဆိုတာ ကျုပ်သိပါတယ်။ သူတို့ဟာ ဂျာမန်တွေရဲ့ အင်မတန်လျှို့ဝှက်တဲ့ လက်နက်ကရိယာတန်ဆာပလာတွေနဲ့ နာဇီတွေရဲ့ သိပ္ပံဘက်ဆိုင်ရာ နူကလီးယားပစ္စည်းအသစ်အဆန်းတွေပါ သယ်လာကြတယ်ဆိုတာ ကျုပ်သေချာပေါက် ယုံကြည်ပါတယ်။ သူတို့မှာ အနုမြူဗုံးတော့ ရှိဟန် မတူသေးပါဘူး။ ဒါပေမယ့် အနုမြူဗုံးလုပ်နိုင်တဲ့ အခြေအနေမျိုးကို ရောက်လုနီးပါးဖြစ်နေတာတော့ သေချာပါတယ်။"

"ကျုပ်တို့ရဲ့ ထောက်လှမ်းရေးအဖွဲ့ဝင်တွေဟာ အာဂျင်တီးနား အစိုးရရဲ့ အကူအညီကိုမရလေတော့ သူတို့အလုပ်မှာ တပမ်းရှုံးနေကြ ပါတယ်။ မှန်တဲ့အတိုင်းပြောရမယ်ဆိုရင် အာဂျင်တီးနားအာဏာပိုင်





တွေဟာ နာဇီတွေကို အကာအကွယ်ပေးထားခဲ့ကြတဲ့အပြင် ကျုပ်တို့ အတွက်အသုံးကျမဲ့ သတင်းတွေမှန်သမျှကိုလဲ ဖုံးဖိထားကြပါတယ်။"

"ဒါကြောင့်မို့လဲ ကျုပ်တို့ဟာ အဲဒီနိုင်ငံမှာ နာဇီတွေဘယ်အထိ စိမ့်ဝင်နေခဲ့ကြတယ်ဆိုတာ ပြည့်ပြည့်စုံစုံအတိအကျ မသိခဲ့ရပါဘူး။ ကျုပ်တို့ခြေရာခံလို့ရသလောက် ဗြူရိုအဲရစ္စမြို့မှာ နာဇီတွေအတွက် ရံပုံငွေ ဒေါ်လာသန်း၄၀၀ရှိတယ်လို့ သိရပါတယ်။ ဒါပေမဲ့လဲ ဒီငွေတွေကို ဘယ်မှာထားတယ်ဆိုတာ မသိရပါဘူး။"

"အဲဒီမှာဟစ်တလာရဲ့ အရေးကြီးတဲ့ သူလျှိုလုဝစ်ဖရုဒ်ဆိုတဲ့ လူတစ်ယောက်ရှိပါတယ်။ သူဟာ လျှို့ဝှက်တဲ့ရံပုံငွေတွေကို တာဝန်ယူပြီး ထိန်းသိမ်းထားတယ်လို့သိရပါတယ်။ အဲဒါအပြင် သူဟာအာဂျင်တီးနားမှာ ရှိနေတဲ့ ဂျာမန်စစ်သံမှူး ဗိုလ်ချုပ်ဖရိုက်ဒရစ်ရိုစ်ရဲ့ ဆက်သွယ်ရေးအရာရှိ အဖြစ် ဆောင်ရွက်နေတယ်ဆိုတာသိရတဲ့အချိန်ကစပြီး ကျုပ်တို့ဟာသူ့ကို နံပါတ်တစ်ပစ်မှတ်အနေနဲ့သဘောထားခဲ့ကြပါတယ်။ အဲဒါ ဂျာမန်သူလျှို ဖရုဒ်ရဲ့သားဟာလဲ အာဏာရှင်ပီရွန်နဲ့ အင်မတန်ရင်းနှီးပြီး သူ့ရဲ့ကိုယ်ရေး ကိုယ်တာအတွင်းရေးမှူးအဖြစ်နဲ့နှစ်ပေါင်းများစွာ လုပ်လာခဲ့တယ်လို့ တောင်သိရှပါတယ်။"

"ဒါကြောင့် ကျုပ်တို့ဟာ(စစ်ကြီးပြီးတော့) အဲဒီဂျာမန်သူလျှို ဖရုဒ်ကို ဂျာမနီပြည်ပို့ဘို့နဲ့ ဂျာမနီကျရင် သူ့ကိုဖမ်းပြီးရုံးတင်ဘို့ စီစဉ်ခဲ့ပါတယ်။"

'သံအမတ်ကြီးကဆက်၍ ပြောပြန်ပါသည်။'

"ဒါပေမဲ့ အဲဒီကိစ္စဟာ အကောင်အထည်မပေါ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၆ခု စက်တင်ဘာလ ၁၅ရက်နေ့မှာ အာဂျင် တီးနားအစိုးရ နိုင်ငံခြားရေးဝန်ကြီး ကွတ်က ကျုပ်ဆီကိုအကြောင်း ကြားပါတယ်။ ဂျာမန်သူလျှိုဖရုဒ်နဲ့ ပတ်သက်တဲ့စွပ်စွဲချက်တွေဟာ အခြေအမြစ်ရှိတယ်လို့ဆိုရပေမယ့် သူ့ရဲ့နိုင်ငံခြားရေးဌာနက ဒီကိစ္စမှာ

www.burmeseclassic.com



ဘာမှမတတ်နိုင်ဘူးလို့ ဆိုပါတယ်။ သူ့အကြောင်းပြချက်ထဲမှာ 'ဖရုဒ်ဟာ အင်မတန်မိတ်ဆွေအပေါင်းအသင်းများပြီး ဩဇာလဲအင်မတန်ကြီးတဲ့ လူတစ်ယောက်ဖြစ်နေတယ်"လို့ ပါပါတယ်။

"ကျုပ်တို့ရထားတဲ့သတင်းတွေအရ၊ စန်နီဂရီးပြည်နယ်ထဲမှာ ရှိတဲ့ ဘာရီလူချီဆိုတဲ့ဒေသဟာ နာဇီတွေရဲ့အင်အားကောင်းတဲ့ အခြေခံစခန်းတစ်ခုလို့သိရပါတယ်။ ဒါနဲ့ကျုပ်ဟာ အဲဒီဒေသကို စုံထောက်တွေ လွှတ်ပြီးစုံစမ်းခိုင်းပါတယ်။ ဒါပေမဲ့သူတို့ကို ဂျာမန်အစောင့်တွေက တွေ့သွားပြီး အဲဒီနေရာက မောင်းထုတ်ခဲ့ကြပါတယ်။ ကျုပ်တို့လူတွေဟာ အာဂျင်တီးနားမှာရှိတဲ့ အဲဒီဒေသမှာ ဘယ်တော့မှ လွတ်လွတ်လပ်လပ် သွားခွင့်လာခွင့်မရခဲ့ကြပါဘူး။ အခုအချိန်အထိ အဲဒီဘာရီလူချီ ဒေသမှာ ဘာတွေဖြစ်လို့ဖြစ်နေတယ်ဆိုတာ ဘယ်သူမှမသိရဘဲရှိနေပါတယ်"။

'သံအမတ်ကြီးဘရက်ဒင်သည် အာဂျင်တီးနားအစိုးရ၏ တရားဝင် ကန့်ကွက်နေသည့်အကြားမှပင် သူ့စုံထောက်များ၏ စုံစမ်းထောက်လှမ်းချက်များအရ ထင်ရှားသော နာဇီ၇၁ယောက်တို့ကို အာဂျင်တီးနားတွင် ခြေရာခံ၍ တွေ့ရှိခဲ့ကြလေသည်။'

"အဲဒီနာဇီတွေရဲ့စာရင်းကို အာဂျင်တီးနားအစိုးရဆီ ကျုပ်ကိုယ်တိုင်ပို့လိုက်ပြီး သူတို့နဲ့ပတ်သက်လို့ အရေးကြီးတဲ့ သတင်းတွေကိုလဲတပါတည်းထည့်ပေးလိုက်ပါတယ်။ နောက်ပြီးတော့ ဒီကိစ္စအတွက် အမေရိကန်အစိုးရမှာ ဘယ်လောက်စိတ်မချမ်းမသာဖြစ်နေရတယ် ဆိုတာကိုလဲ ကျုပ်က အတိအလင်းပဲ ဖွင့်ပြောလိုက်ပါတယ် . . . ။"

"အဲဒီကျတော့ အာဂျင်တီးနားအစိုးရဟာ မလွှဲမရှောင်သာတော့ဘဲ ဝတ်ကျေတမ်းကျေလုပ်လာပါတယ်။ သူတို့ဟာ ကျုပ်တို့ပေးထားတဲ့ အဲဒီ နာဇီ ၇၁ယောက်ရဲ့ နာမည်နဲ့နေရပ်လိပ်စာအရ တချို့ကိုဝိုင်းပြီးတက်ဖမ်း ကြပါတယ်။ ဒါပေမဲ့ အလကားပါဘဲ၊ အဲဒီထဲကတော်တော်များများဟာ 'လွှတ်'သွားကြပါတယ်၊ ဟုတ်ပါတယ် 'လွှတ်'သွားပါတယ်၊ ဒါပေမဲ့





အာဏာရှင်ပီရွန်ကိုဆန့်ကျင်တဲ့ အတိုက်အခံတွေဟာ ဘယ်တော့မှ 'လွှတ်'ရိုးထုံးစံမရှိခဲ့ပါဘူး။ သူ့မိတ်ဆွေတွေသာ 'လွှတ်'သွားကြတာပါဘဲ"

"အဲဒါအပြင် တခြားဖမ်းမိတဲ့လူတွေလဲ တရားလွှတ်တော်ချုပ်မှာ ဦးတိုက်လျှောက်ထားတဲ့အတွက် အင်မတန် သဘောကောင်းတဲ့ အာဂျင် တီးနား တရားသူကြီးတွေက သက်သက်ညာညာနဲ့ ပြန်လွှတ်လိုက်ကြ ပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် နာဇီတွေဟာ အဲဒီမှာဘယ်လောက် လုံလုံခြုံခြုံနဲ့အကာအကွယ်ရနေတယ်ဆိုတာ သိပ်ထင်ရှားနေပါတယ်"

'စတာလင်က ရုစ်ဗို့(အမှန်မှာ ထရူးမင်းဖြစ်သည်)နှင့်ချာချီ တို့အား 'ဟစ်တလာမသေသေး'ဟူ၍ ပြောကြားခဲ့သောအချိန်၊ ဆိုဗီယက် တပ်နီတော် ဗိုလ်ချုပ်ကြီးမာရှယ်ဇူးကော့ဗ်က ဟစ်တလာထွက်ပြေး လွတ်မြောက်သွားခဲ့သည်ဟူ၍ အတိအလင်းကြေငြာနေသောအချိန် ထိုအချိန်တွင် ခေါင်းမာလှသော အမေရိကန် ထောက်လှမ်းရေး အရာရှိ များသည် ဥရောပတိုက်တွင် ယုံကြည်စိတ်ချလောက်သည့်သတင်းများ အရ 'ဟစ်တလာသေပြီ'ဟူ၍ အခိုင်အမာအတည်ပြုနေကြပေသည်။'

'စစ်မဖြစ်မီက ပြင်သစ်နိုင်ငံ ဟစ်တလာ၏ သူလျှိုအမတ်အဖြစ် လည်းကောင်း၊ စစ်ကြီးအတွင်းက ပြင်သစ်နိုင်ငံအား အုပ်ချုပ်ခဲ့ သူအဖြစ်လည်းကောင်း ဆောင်ရွက်လာခဲ့သော အော့တိုအဘက်ဇ်သည် ထွက်ပြေးပုန်းအောင်း နေခဲ့သော ဂျာမနီနှင့်ဆွစ်ဇာလန်နယ် ခြားဒေသတွင် ဖမ်းဆီးခြင်းခံခဲ့ရ သည်။ ထို့နောက်သူ့အား ပါရစ်မြို့တော်သို့ ခေါ်ဆောင်ကာ မဟာမိတ် ထောက်လှမ်းရေး အရာရှိများက နေ့ရောညပါ အနားမပေးဘဲ အဆက် မပြတ် မေးခွန်း များဖြင့် မေးမြန်းစစ်ဆေးခဲ့ရာ နောက်ဆုံး၌ အော့တိုအဘက်ဇ်သည် မခံနိုင်တော့ဘဲ မှန်ရာကို အစစ်ခံသွားခဲ့ရပေသည်။'

'ဤတွင် သူ၏အစစ်ခံချက်အရ ဟစ်တလာသည် မသေဘဲ အသက်ရှင်လျက် ရှိနေသေးကြောင်းနှင့် နာဇီခေါင်းဆောင် အများအပြား

www.burmeseclassic.com



သည်လည်း သူနှင့်အတူလွတ်ရာကျွတ်ရာသို့ ထွက်ပြေးလိုက်ပါသွားကြောင်း စသည်များကို ဝန်ခံပြောကြားသွားခဲ့ပေသည်။'

'နာဇီဆန့်ကျင်ရေးခေါင်းဆောင် ဘုန်းတော်ကြီးတစ်ပါး အဖြစ် ထင်ရှားခဲ့၍ ချွေးတပ်စခန်းငရဲခန်းများတွင် သူရဲကောင်းအဖြစ် ကျော်ကြားခဲ့သော ပါစတာနိုက်မိုလာဆိုသူက အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဇက်မက္ကာနာနေးအား ဟစ်တလာသည် ထွက်ပြေးရန်ကြံစည်ကြိုးပမ်း ခဲ့၍ ဘေးကင်းရန်ကင်းထွက်ပြေးလွတ်မြောက်သွားခဲ့သည်ဟူ၍ သတင်း ပေးခဲ့လေသည်။'

"ကျုပ်ဟာ အဲဒီသတင်းကို ဟစ်တလာနဲ့ အနီးစပ်ဆုံးအတွင်း လူယုံတော်တွေထဲမှာရှိတဲ့ ကျုပ်တို့ အဆက်အသွယ်တစ်ယောက်ဆီက ရခဲ့ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်စိတ်ထဲမှာတော့ ဟစ်တလာအသက်ရှင် နေသေးတယ်ဆိုတာ ဘာမှမေးနေစရာမလိုပါဘူး ရှင်းပါတယ် . . .

'ဤသည်တို့မှာ ဂျာမနီတွင် အဆက်အသွယ်အများဆုံး သတင်း အများဆုံးရရှိနိုင်သည့် လူများထဲမှ ပုဂ္ဂိုလ်နှစ်ယောက်၏ အခိုင်အမာ အတည်ပြု ပြောဆိုချက်များပင်ဖြစ်ပေသည်။ တယောက်သောသူ သူ့ကိုယ်သူ နာဇီသူလျှိုပါဟူ၍ ဖွင့်ဟဝန်ခံထားသူဖြစ်ပြီး အခြား တစ်ယောက်မှာမူ နာဇီတို့၏ ညှင်းပမ်းနှိပ်စက်မှုများကိုလည်းကောင်း အကျဉ်းစခန်း များကိုလည်းကောင်း၊ မရွံ့မကြောက် ဒူးမထောက်ဘဲ ဘာသာရေး ပညတ် ချက်များကို လိုက်နာကျင့်သုံးကာ သူ့တစ်သက်တာ ဘဝတလျှောက်လုံး ဟစ်တလာ အား အမြဲထာဝစဉ် ဆန့်ကျင်တိုက်ခိုက် လာခဲ့သူဖြစ်ပေသည်။

'ဤပုဂ္ဂိုလ်နှစ်ဦး၏ အတိအလင်းဖော်ထုတ်ပြောကြားချက်များ အခြေခံကာ မဟာမိတ်ထောက်လှမ်းရေး အဖွဲ့ဝင်များသည် တောင်အမေ ရိကတိုက်တွင် ဟစ်တလာထွက်ပြေးလာသည့် လမ်းကြောင်း ယခင်ကထက် နှစ်ဆတိုး၍ ကြိုးပမ်းရှာဖွေခဲ့ကြပြန်လေသည်။'





'မွန်းတီးဗီဒီယို(တောင်အမေရိကတိုက် ဥရုဂွေးနိုင်ငံ၏မြို့တော်) တွင် ဂျာမန်ဗိုလ်ချုပ်ကြီး ဖီးလ်မာရှယ်ဗွန်ဘွန်းဘာ့ဂ်၏ တူတော်သူ ဘွန်ဆက်ဆိုသူက ဟစ်တလာအပါအဝင် နာဇီထိပ်သီးခေါင်းဆောင်ကြီး များသည် အာဂျင်တီးနားတွင် ခိုလှုံခွင့်ရရန် ကြိုးစားခဲ့ကြကြောင်းဖြင့် အမေရိကန်ကောင်စစ်ဝန်ရုံးမှ သံအရာရှိများ ထုတ်ဖော်ပြောကြားခဲ့ လေသည်။'

'သို့သော် ဘွန်ဆက်သည် ပီရွန်ကိုပင်လျှင် ဟစ်တလာက ယုံကြည်စိတ်ချခြင်းမရှိသည့်အလျောက် ဟစ်တလာသည်သူ၏ အဖွဲ့ အစည်းများကိုသာလျှင် အာဂျင်တီးနားနိုင်ငံ၌ စည်းရုံးလုပ်ရှားစေခဲ့ပြီး သူကိုယ်တိုင်ကမူ အခြားတစ်နေရာရာတွင် တိမ်းရှောင်ပုန်းအောင်းနေရန် ကြံစည်ခဲ့သည်များကို သိရှိခဲ့ဟန်မတူပေ။'

'ဘွန်ဆက်သည် သံသယဖြစ်စရာအလျဉ်းမရှိသည့် အထက်ပါ သတင်းနှင့်ပတ်သက်၍ သူသိရှိခဲ့သမျှ နာဇီခေါင်းဆောင်များ၏ အနည်နာမ များနှင့် အခြားသော အသေးစိပ်အချက်အလက်များကိုပါ ထုတ်ဖော် ပြောကြားခဲ့လေသည်။ ယင်းအချက်အလက်များထက်ပို၍ အရေးကြီးသော သက်သေအထောက်အထားတစ်ခုကိုလည်း သူကပြောပြခဲ့သေးသည်။ ဤသည်မှာ အခြားမဟုတ်၊ မေလ-၂ရက်နေ့က နော်ဝေနိုင်ငံမှ ထွက်ခွာ သွားခဲ့ကြသော ထူးခြားသည့် ရေငုပ်သင်္ဘောတပ်ဖွဲ့နှင့်ပတ်သက်သည့် သတင်းပင်ဖြစ်သည်။'

'သူ၏အခိုင်အမာအတည်ပြု ပြောကြားခဲ့သော သတင်းမှာ ဂျာမန်ရိုက်ချ်နိုင်ငံတော်၏ ခေါင်းဆောင်ကြီးဖြစ်သော စစ်ရာဇဝတ်ကောင် ဖေပါတ်တစ် အဒေါ့ဖ်ဟစ်တလာသည် ထိုနေ့ထိုရက်က အဆိုပါရေငုပ် သင်္ဘောတပ်ဖွဲ့မှ ပထမဆုံးသော ရေငုပ်သင်္ဘောတွင် လိုက်ပါသွားခဲ့သည် ဟူသော သတင်းပေတည်း။'

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့မှာ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့မှ ထုတ်ဝေခဲ့သော 'ရဲအဖွဲ့မှတ်တမ်း'မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် မက္ကဂရက်၏ ရေးသားဖော်ပြချက်များပင်ဖြစ်သည်။

ဤအတိုင်းသာဆိုပါက အမေရိကန်အယ်ဒီတာမက္ကဂရက်၏ နောက်ဆုံးကောက်ချက်အရ ဟစ်တလာသည် ဗြိတိသျှသမိုင်းပညာရှင် ထရီဗာရိုပါ ထောက်လှမ်းတွေ့ရှိခဲ့သလို ကိုယ့်ကိုယ်ကို သတ်သေခဲ့ခြင်းလည်းမဟုတ်၊ ဆိုဗီယက်သတင်းစာဆရာဆလာဗင် ယူဆခဲ့သလို လေယာဉ်ပျံဖြင့် ထွက်ပြေးခဲ့ခြင်းလည်းမဟုတ်မူ၍ ရေငုပ်သင်္ဘောဖြင့် ထွက်ပြေး လွတ်မြောက်သွားခဲ့သည်ဟူ၍ပင် ယုံကြည်လက်ခံရတော့မည် ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်အချိန်မှ စ၍ ပေါ်ပေါက်လာခဲ့သော 'ဟစ်တလာသေ-မသေ'ပြဿနာမှာ ယနေ့ ထက်တိုင်အောင် နှစ်ပေါင်းသုံးဆယ်နီးပါးမျှကြာခဲ့သည်အထိ၊ အမျိုးမျိုး အဖုံဖုံ 'ပြောလို့မကုန် ရေးလို့မကုန်'ဖြစ်ကာ 'ဂျာအေးသွ့အမေရိက်'သည် လုံးလည်လိုက်နေခဲ့သည်။ အင်္ဂလိပ်၊ အမေရိကန်နှင့် ဆိုဗီယက်ရုရှားနိုင်ငံ များတွင်သာမက၊ ဂျာမနီနှင့်ပြင်သစ်၊ အီတလီအပါအဝင် ဥရောပတိုက် နှင့်တကွ၊ အာရှအာဖရိကနှင့် လက်တင်အမေရိကတိုက်များတွင်ပါ သူတမျိုး၊ ငါတစ်ဖုံ ငြင်းခုန်၍မဆုံးနိုင်၊ အဖြေရှာ၍မရနိုင်သည့် ဧရာမ ပြဿနာကြီးတစ်ရပ်ဖြစ်ခဲ့သည်။

ထိုသို့ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းထောက်လှမ်း၍ လည်းကောင်း၊ မေးမြန်းလေ့လာ၍လည်းကောင်း၊ ထင်မြင်ချက်အမျိုးမျိုး ယူဆချက်အဖုံဖုံ၊ တင်ပြ ချက်အထွေထွေတို့ဖြင့် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာကို အဖြေရှာနေကြခိုက် လွန်ခဲ့သော ၁၉၆၇ခုနှစ် ဖေဖော်ဝါရီလအတွင်းက တောင်အမေရိကတိုက်အာဂျင်တီးနားနိုင်ငံတွင် 'ဟစ်တလာကိုတွေ့ပြီ'ဟူ၍ ကမ္ဘာ့သတင်းစာများတွင် အုပ်အောအော





သားဖော်ပြခဲ့ရာ တစ်ကမ္ဘာလုံး မျက်လုံးပြူးသွားခဲ့ကြရသည်။

သို့သော် တကယ့်အဖြစ်အမှန်မှာ ဟစ်တလာအစစ်ကို တွေ့ခဲ့ခြင်းမဟုတ်ဘဲ၊ ဟစ်တလာနှင့်ရုပ်ချင်းဆင်တူသည့် လယ်သမားကြီး တစ်ယောက်အား ဟစ်တလာဟူ၍ ထင်မှတ်ကာ၊ ရဲဌာနသို့ဖမ်းဆီး ခေါ်ဆောင်လာပြီး စစ်ဆေးကြည့်ရာမှ ခိုင်လုံသော သက်သေအထောက် အထားများအရ လူမှားနေကြောင်းသိရပြီး ပြန်လွှတ်ခဲ့ရသည်။ ဤသို့ဖြင့် ဟစ်တလာသေရွာကပြန်လာပြီဟု တထစ်ချယူဆကာ ကမ္ဘာ့ပြည်သူအားလုံး မျက်လုံးမျက်ဆံပြူးခဲ့ကြရာမှ အဖျားရှူးသွားသော ထိုသတင်းအတွက် 'အားထက်ရယ်အားသန်'ဆိုသလိုဖြစ်ခဲ့ကြရသည်။

နောက်ဆုံး၌ 'ဟစ်တာလမသေ'ဟု ယုံကြည်ယူဆနေကြသူများ ၏ လက်ဆုပ်လက်ကိုင် အခိုင်အမာ ဘာတစ်ခုမှသက်သေ သက်ကာယ မပြနိုင်ကြဘဲ 'ထင်ရုံသာထင် မဝင်ဘူး ကျောင်းအမ'ဆိုသလိုဖြစ်နေခဲ့ကြရာ ဟစ်တလာသေပြီ'ဟူ၍ ပထမဆုံးတရားဝင် ရေးသားတင်ပြခဲ့သော ထရီဗာရိုပါ၏ အဆိုကိုပင် တဖြည်းဖြည်းလက်ခံလာခဲ့ကြရသည်။

သို့တိုင်အောင် ကမ္ဘာ့နိုင်ငံအသီးသီးမှ စာနယ်ဇင်းများတွင် ဟစ်တလာနှင့်ပတ်သက်၍ သူ့ဘဝသူ့အကြောင်း သောင်းပြောင်းထွေ လာများကို ရှုဒေါင့်အမျိုးမျိုးတို့မှ ဖြစ်ရပ်အမျိုးမျိုးတို့ဖြင့် ရေးသားတင်ပြခဲ့ ကြသည်မှာ ယနေ့ထက်တိုင် ရေးလို့မပြီးနိုင်အောင်ရှိနေကြသည်။

ထိုသို့စာနယ်ဇင်းများတွင် ဆောင်းပါးများအဖြစ်၊ မှတ်တမ်းများ အဖြစ်ရေးသားဖော်ပြရုံမျှဖြင့် အားမရနိုင်ကြသူများကလည်း ဟစ်တလာနှင့် ပတ်သက်သည့်စာအုပ်များကို 'ဟောတစ်အုပ် - ဟောတစ်အုပ်'ဆိုသလို ရေးသားထုတ်ဝေလာကြပြန်ရာ 'သေပြီ'ဆိုကာမှ ဟစ်တလာ၏အမည်မှာ နားချင်အဆုံး အဖန်တလဲလဲ မကြာခဏကြားပြီးရင်း ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အမှန်ပင်ဖြစ်သည်။

လူသာသေသော်လည်း နာမည်မသေသူမှာ ဟစ်တလာပင်ဖြစ်သည်။

❄ ❄ ❄





## 'ဟစ်တလာစာပေ' အထွေထွေ

လူသာသေသော်လည်း နာမည်မသေသူမှာ ဟစ်တလာပင်ဖြစ်သည်။

'လူသာသေပါစေ နာမည်မသေပါစေနှင့်'ဟူ၍ လူကြီးသူမတို့၏ဆိုဆုံးမသည့် သြဝါဒစကားတစ်ခုရှိသည်။ သို့သော် ယင်းသြဝါဒ ဆုံးမစကား၏ တကယ့်ဆိုလိုချက်မှာ တစ်စုံတစ်ယောက်သည် အသက်သေဆုံးသွားခဲ့သည့်တိုင်အောင် သူမသေမီက သူ၏လုပ်ရပ်များအတွက် သေပြီးနောက်တွင် နာမည်ပျက်၍ မကျန်ရစ်ရလေအောင် ရည်ရွယ်ဆုံးမခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် လူမှန်သမျှ သေမျိုးပင်ဖြစ်၍ သေကြရမည်သာဖြစ်သည်။ သို့သော် သေပြီးသည့်နောက် မိမိအား လူအများကချီးကျူးဂုဏ်ပြုကာ၊ တသသဖြင့်တမ်းတ၍ ကျန်ရစ်ရလေအောင် အများပြည်သူတို့အတွက်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက်လည်းကောင်း၊ အတတ်နိုင်ဆုံးကြိုးပမ်း လုပ်ဆောင်သွားကြရန် သတိပေးဆုံးမသည့်သြဝါဒစကားပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နာဇီဂျာမနီအာဏာရှင် ဟစ်တလာအတွက်မူ လူ... သေသော်လည်း နာမည်မသေပုံမှာ ဆန့်ကျင်ဘက်အဓိပ္ပါယ်ဖြင့် 'နာမည် မသေခြင်း'ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာအရပ်ရပ်၌ မည်သည့် တိုင်းပြည်တွင်မဆို တုန်လှုပ်ချောက်ခြားဘွယ်ရာ ရက်စက်မှု၊ သို့မဟုတ် အကြမ်းဖက်မှုများ ဖြစ်ပွားလာပါက ဤရက်စက်မှုကြီးသည် 'ဟစ်တလာ... ရက်စက်မှုမျိုးပင်ဖြစ်သည်'ဟူ၍လည်းကောင်း၊ 'ဤအကြမ်းဖက်... ကြီးသည် ဟစ်တလာ၏ ရက်စက်မှုများထက်ပင် ဆိုးဝါးလှကြောင်း' စသည်ဖြင့် ဟစ်တလာ၏အမည်ကို ခိုင်းနှိုင်းပြောဆိုနေကြသည် ... မကြာခဏ ကြားသိနေရသည်။

'တောင်ဗီယက်နမ်တွင် အမေရိကန်တို့၏ ရက်စက်မှုများသည် ဟစ်တလာ၏ ရက်စက်မှုထက်ပင် ပိုမိုဆိုးဝါးနေကြောင်း'ဟူ၍လည်း ကောင်း၊ 'တောင်အာဖရိကတို့၏ ရိုဒီးရှားနိုင်ငံမှ လူဖြူအစိုး... ခေါင်းဆောင် အီယန်စမစ်သည် တိုင်းရင်းသားလူမည်းများအ... အကြမ်းဖက် အုပ်စိုးမှုများမှာ ဟစ်တလာ၏အကြမ်းဖက်မှုမျိုး... ထပ်တူထပ်မျှပင် ဖြစ်သည်'ဟူ၍လည်းကောင်း၊ ကမ္ဘာအနှံ့အပြား... ပေါ်ပေါက်လာသမျှ အကြမ်းဖက်မှုနှင့် ရက်စက်မှုများကို ဟစ်တလာ... အကြမ်းဖက် ရက်စက် မှုများနှင့် ဥပမာတင်စားကာ ပြောဆိုရေး... နေကြသည်မှာ 'အစဉ်အလာ တစ်ရပ်လိုပင်' ဖြစ်လာခဲ့သည်။

ဟစ်တလာသည် ဤပုံဤနည်းဖြင့် လူသာသေသော်လည်း နာမည်မသေဘဲ ဖြစ်နေခဲ့သည်။

မည်မျှလောက်အထိ နည်မည်မသေဘဲ ရှိနေပါသနည်း... ကောင်းသော ထင်ပေါ်ကျော်ကြားခြင်းပင် မဟုတ်သော်ငြားလည်း ဟစ်တလာဟူသောအမည်သည် ယနေ့နှစ်ဆယ်ရာစု မျက်မှောက်ကာ...





တွင် ဆိုဗီယက် ခေါင်းဆောင်ကြီးများ ဖြစ်ကြသော လီနင်၊ စတာလင်၊ ကရုရှက်တို့ထက်လည်းကောင်း၊ အင်္ဂလန်မှ ချာချီအက်တလီတို့ထက် လည်းကောင်း၊ အမေရိကန်မှ ရုစ်ဗဲ့၊ ထရူးမင်း၊ ကနေဒီ၊ နစ်ကဆင်တို့ ထက်လည်းကောင်း၊ ပြင်သစ်မှ ဒီဂေါထက်လည်းကောင်း၊ အိန္ဒိယမှ ဂန္ဒီ၊ နေရူးတို့ထက်လည်းကောင်း၊ တရုတ်ပြည်မှ မော်စီတုံး၊ ချောင်အင် လိုင်းတို့ထက်လည်းကောင်း၊ ဗီယက်နမ်မှ ဟိုချီမင်း ထက်လည်းကောင်း၊ အင်ဒိုနီးရှားမှ ဆူကာနိုထက်လည်းကောင်း၊ ဤခေါင်းဆောင် ထိုခေါင်းဆောင်ကြီးများထက်ပို၍ လူသိများကာ ထင်ရှားကျော်ကြားခဲ့သည် ဟူ၍ပင်ဆိုနိုင်သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ပြည်သူလူထု၏ အထွေထွေ ဗဟုသုတမည်မျှ ပြည့်စုံကြွယ်ဝသည်ကို လေ့လာသည့်အနေဖြင့် ထိုစဉ်က ကမ္ဘာ့ကုလသမဂ္ဂ ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်နေသော 'ဦးသန့်' ၏အမည်ကိုဖော်ပြကာ 'ဦးသန့်ဆိုကာ ဘာလဲ'ဟူသော မေးခွန်းကို ဗြိတိသျှလူမျိုးတို့အား မေးမြန်းခဲ့သည်။

ဤတွင် မိမိတို့၏ဘာသာစကားသည် ကမ္ဘာသုံးဘာသာစကား အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြပြီး၊ တစ်ခါက 'နေမဝင်သည့် အင်ပိုင်ယာ ကြီး'ကို စိုးပိုင်ခဲ့ကြ၍ ယနေ့ထက်တိုင်လည်း အဖက်ဖက်က ခေတ်မီ တိုးတက်လှပါသည်ဆိုသော ဗြိတိသျှလူမျိုးများအနက် အများစုလူထုကြီး သည် 'ဦးသန့်ဘာလဲ'ဆိုသော မေးခွန်းကို အံ့သြဘွယ်ရာ မှန်ကန်စွာ မပြောဆိုနိုင်ဘဲရှိနေကြသည်ကိုတွေ့ရသည်။ အထူးသဖြင့် စာတတ်သူ ဦးရေများသလောက် နေ့စဉ်စောင်ရေသိန်းသန်းချီ ထုတ်ဝေနေကြသည့် သတင်းစာပေါင်းမြောက်မြားစွာ ရှိနေခဲ့ပြီး၊ အထွေထွေဗဟုသုတ ပြည့်စုံ ကုံလုံလှပါသည်ဆိုသော ဗြိတိသျှလူမျိုးများအနက် အတော်များများက 'ဦးသန့်'သည် ကမ္ဘာ့ကုလသမဂ္ဂကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်၏



www.burmeseclassic.com

www.burmeseclassic.com



အမည်ဖြစ်သည်ကို မသိကြရုံမျှမက 'ဦးသန့်'ဟူသောအမည်ကိုပင် လုံးဝမကြားဘူးကြဘဲဖြစ်နေခဲ့သည်။ သည့်ထက်သည် ပိုမိုဆိုးဝါး၍ ဟားတိုက်ရယ်စရာကောင်းသောအဖြစ်မှာ အချို့သောဗြိတိသျှလူမျိုးတို့က 'ဦးသန့်'သည် ရေငုပ်သင်္ဘောတစ်စင်း၏အမည်ဖြစ်ပါသည်ဟူ၍ လည်းကောင်း၊ 'တောင်အာဖရိကတိုက်မှ *နိုင်ငံတစ်နိုင်ငံ ဖြစ်သည်'ဟူ၍ လည်းကောင်း၊ မဆီမဆိုင် ကိုယ့်ယို့ကားယား ဖြေကြားခဲ့ခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့မျက်မှောက်ကာလတွင် ထိုစဉ်က ဗြိတိတန်နိုင်ငံ၌ လေ့လာစူးစမ်းသကဲ့သို့ ကမ္ဘာတစ်ဝှမ်းလုံးရှိ ပြည်သူများအား 'ဟစ်တလာဆိုတာ ဘာလဲ'ဟူသော မေးခွန်းကို မေးမြန်းကြည့်မည်ဆိုပါက ရာခိုင်နှုန်းအတော်များများက 'ဂျာမနီအာဏာရှင်'ဟူ၍ မှန်ကန်စွာ ပြောဆိုနိုင်ကြမည်မှာ မုချပင်ဖြစ်သည်။

တနည်းဆိုရလျှင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် 'ဟစ်တလာ' ဟူသော အမည်သည် လူတိုင်း၏နားတွင် ကြားဘူးနေကြသည့် အထင်ရှားဆုံးနှင့် လူသိအများဆုံး နာမည်တစ်ခုဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဤသည်မှာ သမိုင်း၏အကျိုးဆက်တစ်ခုပင်ဖြစ်သည်။

စင်စစ်-ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးမျှ ကြာညောင်းခဲ့ပြီဖြစ်ရာ ယနေ့လူသားတို့၏ သက်တမ်းဖြင့်ကြည့်လျှင် မျိုးဆက်တစ်ဆက်ပင်ပြောင်းစ ပြုလာခဲ့ပြီဟုဆိုနိုင်သည်။

သို့သော် ကမ္ဘာ့သမိုင်း၏ သက်တမ်းအားဖြင့်ဆိုပါမူ နှစ်ပေါင်း

---

* ယင်းသို့ဖြစ်ခဲ့ရသည်မှာ 'ဦးသန့်'ဟူသော မြန်မာအမည်ကို အင်္ဂလိပ်စာဖြင့် ရေးသားရာ၌ 'ဦး'ကို အင်္ဂလိပ်အက္ခရာ U.ဖြင့်ပေါင်းရသောကြောင့် (U-Boat)ခေါ် ရေငုပ်သင်္ဘောဟူ၍၎င်း၊ ထိုစဉ်က ကမ္ဘာ့အရေးအခင်းတွင် ထင်ရှားနေသော (UGANDA)ယူဂန်ဒါ နိုင်ငံကဲ့သို့ အာဖရိကမှ နိုင်ငံတစ်နိုင်ငံဟူ၍၎င်း ထင်မှတ်ခဲ့ကြခြင်းဖြစ်ဟန်တူသည်။ ။စာရေးသူ





သုံးဆယ်ဆိုသည်မှာ ခေတ္တခဏမျှသာ ရှိသေးသည်ဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်၍လည်း လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးနှင့်ပတ်သက်၍ အဖြစ်အပျက်များ၊ မှတ်တမ်းမှတ်ရာများနှင့် လေ့လာသုံးသပ်ချက်များကို ယနေ့တိုင်အောင် ဖော်ထုတ်ရေးသား၍ မဆုံးနိုင်ဘဲ ရှိနေကြဆဲပင်ဖြစ်သည်။

ယင်းသို့ ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းစဉ်ဖြစ်ရပ်များကို ဖော်ထုတ်ရေးသားကြသည်နှင့်တပြိုင်နက် ဤဒုတိယကမ္ဘာစစ်ကြီး၏ စတင်ဖြစ်ပွားရာ စတင်မီးမွှေးရာ စတင်ပေါက်ကွဲရာဖြစ်သော ဂျာမနီနိုင်ငံ၏ သမိုင်းသည် အလိုအလျောက် ပါဝင်ခဲ့ပြီးဖြစ်နေသည်။

ဤတွင် ဒုတိယကမ္ဘာစစ်ကြီးနှင့် ဂျာမနီနိုင်ငံ၏သမိုင်းစဉ်ကို ထုတ်ဖော်ရေးသားကြပြီဆိုသည်နှင့် ဟစ်တလာအမည်ရှိပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းချင်းရာအတ္ထုပ္ပတ္တိသည်အလိုအလျောက်ပါဝင်လာကြရတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဒုတိယကမ္ဘာစစ်ကြီးနှင့် ဂျာမနီနိုင်ငံ၏ သမိုင်းသည် ဟစ်တလာ၏ဘဝဖြစ်စဉ်များနှင့် ခွဲခြားမရဘဲ တသားထဲ ဖြစ်နေသောကြောင့်တည်း။

ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းဖြစ်စဉ်များကို မှန်လည်ဖော်ထုတ်ရေးသားတင်ပြနေကြသမျှ ဟစ်တလာ၏နာမည်သည် မည်သည့်အခါမှ 'မသေ'ဘဲ ထာဝစဉ်အသက်ရှင်နေမည်သာဖြစ်သည်။

ယခုအထိ နှစ်ပေါင်းသုံးဆယ်နီးပါးမျှ ဟစ်တလာနာမည် မသေဘဲဖြစ်နေခြင်းမှာ ဤအကြောင်းကြောင့်ပင်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီးကို နောက်ခံထားကာ ဟစ်တလာအကြောင်းသောင်းပြောင်းထွေလာများကို စာနယ်ဇင်းများတွင် ဆောင်းပါးအတိုအထွာများဖြင့် ရေးလာခဲ့ကြသည်မှာ စာရင်းပြုလုပ်၍ မကုန်နိုင်လောက်အောင် များပြားလှသည်ဟု ဆိုရမည် ဖြစ်သည်။

အလားတူ ယင်းသို့ဆောင်းပါးများ မှတ်တမ်းများအဖြ
မဟုတ်မူ၍ ကျမ်းတစ်စောင် စာအုပ်တစ်အုပ်အဖြစ် ရေးသားထုတ်
ခဲ့ကြသော ဟစ်တလာနှင့်ပတ်သက်ရာ ပတ်သက်ကြောင်းစာအုပ်ပေါ
မှာလည်း သောင်းပြောင်းထွေလာ မြောက်များစွာပင်ရှိနေခဲ့ကြသည်
ယင်းသို့သော စာအုပ်များအနက် အချို့သော စာအုပ်များမှာ 'ဟစ်တလာ
ဟူသော အမည်ကိုစာအုပ်မျက်နှာဖုံးတွင် စာအုပ်အမည်အဖြစ် ထည့်သွ
ရေးသားခဲ့ကြသည်ကို တွေ့ရသည်။ ဥပမာ'ဟစ်တလာ၏နောက်ဆုံး
နေ့ရက်များ' 'ဟစ်တလာ၏ သေတမ်းစာ'၊ 'ဟစ်တလာကို ဆန့်ကျင်
ကြသော ဂျာမန်များ'စသည်ဖြင့် ....

သို့ဖြစ်ရာ 'ဟစ်တလာသေ - မသေ'ဟူသော ပြဿနာ
တင်ပြဖော်ထုတ်အပ်သော ဤစာအုပ်တွင် ဟစ်တလာအား လူသေ
သော်လည်း နာမည်မသေအောင် တစ်နည်းတစ်လမ်းအားဖြ
လုပ်ဆောင်ပေးသလို ဖြစ်နေခဲ့ကြသည့် အဆိုပါ ဟစ်တလာ၏အကြော
ပါသော စာအုပ်များ၏စာရင်းကို စုဆောင်းရရှိသမျှ သမိုင်းပညာရှင်များ
ဟစ်တလာသုတေသီများအတွက် အောက်တွင်ဖော်ပြအပ်ပါသည်။

**'ဟစ်တလာ၏ရိုက်ချ်နိုင်ငံတော်'** ..... ရေးသူ
အမ်စထရောင်းဖြစ်၍ ၁၉၃၃ခုနှစ်၊ နယူးယောက်မြို့မှ ထုတ်ဝေခဲ့သည်
ဂျာမနီတွင် ဟစ်တလာအာဏာရလာပုံများကို ဖော်ပြထားသည်။

**'ဟစ်တလာအတ္ထုပ္ပတ္တိ'**.... ကော့နာ့ဒ်ဟိုက်ဒင်ဆို
ရေးသား၍ ၁၉၃၆ခုနှစ်တွင် နယူးယောက်မြို့မှ ထုတ်ဝေခဲ့သည်
ဟစ်တလာမွေးဖွားလာသည်မှ ဂျာမနီတွင်ဝန်ကြီးချုပ်ဖြစ်လာသည်အထိ
အဖြစ်အပျက်များပါဝင်သည်။

**နယ်ရုပ်ကလေးဟစ်တလာ'**.... ရေးသူမှာ အိုလ်ဒင်ဖြစ်
လန်ဒန်မြို့မှ ၁၉၃၆ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဟစ်တလာဝန်ကြီး





ဘဝရောက်ခဲ့ရသည်မှာ ဂျာမန်စက်မှုအရင်းရှင်ကြီးများ၏ အလိုကျ ဖြစ်ခဲ့ရပုံ(ဝါ)ဟစ်တလာသည် အမှန်စင်စစ် ဂျာမန်အရင်းရှင်ကြီးများ၏ စစ်တုရင်ခုံပေါ်မှ 'နယ်ရုပ်ကလေး'မျှသာဖြစ်သည်ဟူသော သုံးသပ်ချက်များကို တင်ပြထားသည်။

**'ကျွန်ုပ်သိခဲ့ရသော ဟစ်တလာ'**.... လုဒက်ခ်ဆိုသူရေးသား၍ ၁၉၃၈ ခုနှစ်တွင် လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။ လုဒက်ခ်သည် ၁၉၂၄ ခုနှစ်က ဟစ်တလာနှင့်အတူထောင်ကျခဲ့သူဖြစ်၍ ထိုစဉ်ကဟစ်တလာ၏ ပြောကြားချက်များနှင့် လုပ်ဆောင်ချက်များကို ပြန်လည်ရေးသားထားခြင်း ဖြစ်သည်။

**'ဟစ်တလာ ဘာအလိုရှိသလဲ'**.... လိုရီမားဆိုသူ ရေးသား၍ ၁၉၃၉ ခုနှစ်တွင် လန်ဒန်မြို့မှထုတ်ဝေခဲ့သည်။ ဟစ်တလာကိုယ်တိုင် ရေးသားခဲ့သည် 'ကျွန်ုပ်၏ကြိုးပမ်းမှု'စာအုပ်ကိုအခြေခံကာ ဟစ်တလာ၏ အကြံအစည်များကို သုံးသပ်တင်ပြထားသည့်စာအုပ်ဖြစ်သည်။

**'ကျွန်ုပ်ဟစ်တလာကိုငွေပေးခဲ့စဉ်က'**.... ရေးသူမှာ ဂျာမန် သံမဏိလုပ်ငန်းပိုင်ရှင်ကြီး ဖရစ်သိုင်ဆင်ဖြစ်၍ နာဇီပါတီ အာဏာရရှိရေးအတွက် ဟစ်တလာအား အရင်းရှင်ကြီးများက ထောက်ပံ့ခဲ့ကြပုံများကို ပြန်လည်ထုတ်ဖော်ရေးသားထားခြင်းဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် လန်ဒန်မြို့မှထုတ်ဝေခဲ့သည်။

**'ဟစ်တလာ၏မိန့်ခွန်းများ'**.... (၁၉၂၂ခု ဧပြီလမှ ၁၉၃၉ခု ဩဂုတ်လအထိ) .... စာအုပ်အမည်တွင်ဖော်ပြထားသည့်အတိုင်း ၁၉၂၂ခုမှ ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအထိ ဟစ်တလာ ပြောကြားခဲ့သည့် မိန့်ခွန်းများကို စုပေါင်းရိုက်နှိပ်ထားသည့် စာအုပ်ဖြစ်သည် ယင်းစာအုပ်ကို နော်မန်ဘိန်းဆိုသူက တည်းဖြတ်၍ ၁၉၄၂ ခုနှစ်တွင် နယူးယောက်မြို့မှ အတွဲနှစ်တွဲဖြင့် ထုတ်ဝေခဲ့သည်။

www.burmeseclassic.com



'ဟစ်တလာအကြောင်းသိကောင်းစရာ စာအုပ်' . . . . ဟစ်တလာ၏အတ္ထုပ္ပတ္တိဘဝဖြစ်စဉ်များကို ခုနှစ်သက္ကရာဇ်နေ့စွဲ ရက်စွဲ အလိုက်ဖော်ပြထား၍ စာမျက်နှာ ၁၁၀၀ရှိသည့်စာအုပ်ကြီးဖြစ်သည်။ အမေရိကန် သမိုင်းသုတေသီသုံးဦး စုပေါင်းရေးသားပြုစုခဲ့ခြင်းဖြစ်၍ ၁၉၄၂ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

'ဟစ်တလာ၏လက်အောက်မှပြည်သူများ' . . . . ဒွိုးဝဲလ်ဆိုသူ ရေးသား၍ ၁၉၄၃ခုနှစ်တွင် နယူးယောက်မြို့မှ ထုတ်ဝေခဲ့သည်။ ဟစ်တလာ အာဏာရလာသည့်အချိန်မှစ၍ ဂျာမန်ပြည်သူများ မည်သို့ အဖိနှိပ်ခံခဲ့ကြရသည်များကို ဖော်ထုတ်တင်ပြထားသည့် စာအုပ်ဖြစ်သည်။

'ဟစ်တလာ၏စကားလုံးများ' . . . . ဂေါ်ဒွန်ပရန့်ဆိုသူကတည်း ဖြတ်၍ ၁၉၄၄ခုနှစ်တွင် ဝါရှင်တန်မြို့မှ ထုတ်ဝေခဲ့သော စာအုပ်ဖြစ် သည်။ ဟစ်တလာ ပြောကြားခဲ့သော မိန့်ခွန်းများကို စုပေါင်းဖော်ပြ ထားခြင်းဖြစ်သည်။

'ဟစ်တလာ၏နောက်ဆုံးနေ့ရက်များ' . . . . ဗြိတိသျှသမိုင်း ဆရာ ထရီဗာရိုပါရေးသား၍ ၁၉၄၇ခုနှစ်တွင် လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။ အထက်တွင်ဖော်ပြပြီးဖြစ်သည့်အတိုင်း ဘာလင်မြို့ကြီးမကျဆုံးမီ မြေအောက်ပုန်းကျင်းထဲတွင် ဟစ်တလာ နေထိုင်သွားခဲ့ပုံများနှင့် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပုံများကို လေ့လာရေးသားထားသည့် စာအုပ်ဖြစ်သည်။

'ဟစ်တလာအား သူတို့အသေသတ်ရန်ကြိုးစားခဲ့စဉ်က' . . . ရေးသူမှာ ရှလာဘရင်းဒေါ့ဖ်ဆိုသူ ရှေ့နေတစ်ဦးဖြစ်သည်။ သူသည် ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားတစ်ဦးဖြစ်၍ ဟစ်တလာလုပ်ကြံရန် အတွက်မည်သို့ ကြိုးပမ်းခဲ့ကြသည်များကို ပြန်လည်ရေးသားထားခြင်း ဖြစ်သည်။ ၁၉၄၇ခုနှစ်တွင် နယူးယောက်မြို့မှ ထုတ်ဝေခဲ့သည့်စာအုပ် ဖြစ်သည်။





'ဟစ်တလာနှင့်အတူ ပုန်းကျင်းထဲတွင်နေခဲ့ရစဉ်က' . . . . ဂါးဟတ်ဘော့လ်ဆိုသူရေးသား၍ ၁၉၄၈ခုနှစ်တွင် လန်ဒန်မှ ထုတ်ဝေ ခဲ့သည့်စာအုပ်ဖြစ်သည်။ ဘာလင်မြို့ကြီးကိုဆိုဗီယက်တပ်နီများ ဝိုင်းထား စဉ်ကမြေအောက် ပုန်းကျင်းထဲတွင် ဟစ်တလာနှင့်အတူ နေခဲ့ရပုံများကို ရေးသားထားခြင်းပင်ဖြစ်သည်။

'ဟစ်တလာနှင့်သူ၏ရေကြောင်းဗိုလ်ချုပ်ကြီးများ' . . . . ရေးသူ မှာ ဗြိတိသျှလူမျိုး မာရှင်ဆင်ဆိုသူဖြစ်၍ ဂျာမန်ရေတပ်မတော်တည် ဆောက်ခဲ့ပုံများကို ရေးသားထားခြင်းဖြစ်သည်။ လန်ဒန်မှ ၁၉၄၈ခုနှစ် တွင် ထုတ်ဝေခဲ့သည်။

'ဟစ်တလာအား ဂျာမန်တို့၏ဆန့်ကျင်မှု' . . . . ရှော့ဖဲလ် ဆိုသူရေးသား၍ ၁၉၄၈ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အီလီနွိုက်စ် ပြည်နယ်၊ ဟင်းဒေးလ်မြို့မှ ထုတ်ဝေခဲ့သည့် ဇူလိုင်လ ၂၀ရက်လုပ်ကြံမှု အပါအဝင် ဟစ်တလာအတိုက်အခံဂိုဏ်းသားများ၏ လုပ်ဆောင်ချက်များကို ဖော်ပြထားသည်။

'စစ်သားကလေး ဟစ်တလာ' . . . ဗိုလာဆိုသူ ဂျာမန်တစ်ဦး ရေးသားခဲ့၍ ဟစ်တလာ၏ ပထမကမ္ဘာစစ်အတွင်းက အဖြစ်အပျက်များ ပါဝင်သည့်စာအုပ်ဖြစ်သည်။ ၁၉၄၉ခုနှစ်တွင် ဂျာမန်နိုင်ငံ ဒပ်ဆဲလ်ဒေါ့ဖ် မြို့မှထုတ်ဝေသည်။

'ဟစ်တလာ သူ၏စစ်ပွဲကို ဦးဆောင်ခဲ့ပုံများ' . . . . ရေးသူမှာ ဂစ်လ်ဘတ်ဖြစ်၍ နယူးယောက်မြို့မှ ၁၉၅၀ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ စစ်ကြီးအတွင်းက နေ့စဉ်ကျင်းပခဲ့သော ဂျာမန်စစ်ကွန်ဖရင့်များကို ညွှန်ကြားပြောဆိုချက်များကို တစ်စိတ်တစ်ဒေသစုပေါင်း ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**'ဟစ်တလာ၏စကားပြန်'**. . . . စစ်ကြီးမတိုင်မီကနှင့် စစ်ကြီးအတွင်းက ဟစ်တလာ၏ စကားပြန်အဖြစ် အမှုထမ်းခဲ့ရသော ရှဲမစ်ဆိုသူ ရေးသားသည့်စာအုပ်ဖြစ်သည်။ ဩစတြေးလျ၊ ချက်ကိုစလိုဗက်ကီးယားနှင့် ပိုလန်နိုင်ငံတို့အား သိမ်းပိုက်ခဲ့စဉ်က ဟစ်တလာ၏ လုပ်ဆောင်မှုများကိုပါ ဖော်ပြထားသည်။ ၁၉၅၁ ခုနှစ်တွင် လန်ဒန်မှထုတ်ဝေခဲ့သည်။

**'ဟစ်တလာအတ္ထုပ္ပတ္တိ အကြမ်းဖက် အုပ်စိုးမှုအားလေ့လာခြင်း'**. . . . ဗြိတိသျှအမျိုးသား အဲလန်ဘူလော့လ်ဆိုသူ ရေးသားခဲ့သည့် စာအုပ်ဖြစ်သည်။ ဟစ်တလာ အတ္ထုပ္ပတ္တိအပြည့်အစုံဖြစ်၍ ကမ္ဘာကျော်စာအုပ်တစ်အုပ်ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် လန်ဒန်မှ ထုတ်ဝေခဲ့သည်။

**'ရုရှားပြည်တွင် ဟစ်တလာအရေးနိမ့်ခြင်း'**. . . . ဝလာဒီစလော ဆိုသူ ပိုလန်စာရေးဆရာတစ်ဦးရေးသား၍ ၁၉၅၃ ခုနှစ် ချီကာဂိုမြို့မှ ထုတ်ဝေခဲ့သည်။ ဆိုဗီယက်ယူနီယံအား ဂျာမန်တို့ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှ ဆုတ်ခွာထွက်ပြေးရသည်အထိ ဖော်ပြရေးသားထားသည့် စာအုပ်ဖြစ်သည်။

**'ဟစ်တလာ၏ လျှို့ဝှက်သော ပြောကြားချက်များ'**. . . . (၁၉၄၁-၄၄)၊ ထိပ်တန်းလျှို့ဝှက်အဖြစ် ထားရှိခဲ့သော ဟစ်တလာ၏ ပြောကြားချက်များကို စုပေါင်းရိုက်နှိပ်ထားသည့်စာအုပ်ဖြစ်သည်။ တည်းဖြတ်သူ၏ အမည်ကိုဖော်ထားခြင်းမရှိဘဲ ခုနှစ် ၁၉၅၃ နယူးယောက်မှ ထုတ်ဝေခဲ့သည်။

**'လူငယ်ကလေးဟစ်တလာ'**. . . . ရေးသူမှာ ကူဘီဇက်ဆိုသူဖြစ်၍ ဟစ်တလာ၏ငယ်စဉ်ဘဝ တစ်စိတ်တစ်ဒေသကို ဖော်ပြထားသည့်စာအုပ်ဖြစ်သည်၊ လန်ဒန်မြို့မှ ၁၉၅၄ခုနှစ်တွင် ထုတ်ဝေခဲ့သည်။





**'ဟစ်တလာ၏ အတွင်းရေးများကိုကျွန်ုပ်သိခဲ့ရစဉ်က'**. . . . ဟစ်တလာ၏ လူယုံတော် ဓါတ်ပုံဆရာ ဟော့ဖ်မန်းဆိုသူက သူရိုက်ကူးခဲ့ရသည့် ဓါတ်ပုံအထောက်အထားများဖြင့် ဖော်ပြရေးသားခဲ့သည့် ဟစ်တလာ၏ အတွင်းရေးများပင်ဖြစ်သည်။ ၁၉၅၄ခုနှစ်တွင် လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။

**'ဟစ်တလာ၏ဥရောပ'**. . . . ရေးသူမှာ တွိုင်နဘီဆိုသူဖြစ်၍ ဥရောပနိုင်ငံများအား ဟစ်တလာသိမ်းပိုက်ခဲ့ပုံများကို ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ လန်ဒန်မှ ၁၉၅၄ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

**'ဟစ်တလာ ပျောက်ဆုံးနေသောနှစ်များ'**. . . . ဟန်စတိန်းဂဲလ်ဆိုသူ ဂျာမန်စာရေးဆရာတစ်ဦး၏ ရေးသားချက်ဖြစ်၍ စစ်ပြီးကာလ 'ဟစ်တလာသေ-မသေ' ပြဿနာကို တင်ပြထားခြင်းဖြစ်သည်။ ၁၉၅၇ခုနှစ်တွင် လန်ဒန်မှ ထုတ်ဝေခဲ့သည်။

**'ဟစ်တလာ၏သေတမ်းအစာ'**. . . *၁၉၄၅ခုနှစ်က ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ဟစ်တလာကိုယ်တိုင် ရေးသားခဲ့သည့် မှတ်တမ်းဖြစ်သည်။ ဗြိတိသျှသမိုင်းပါမောက္ခထရီဗာက တည်းဖြတ်၍ ၁၉၆၂ ခုနှစ်က လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။

**'ဟစ်တလာ၏အီဗာ'**. . . . ဟစ်တလာနှင့် နှစ်ပေါင်းများစွာ တိတ်တိတ်ပုန်းညားနေခဲ့ပြီး ဂျာမန်တို့ စစ်ရှုံးခါနီးကျမှ တရားဝင်လက်ထပ်သွားခဲ့သော ဟစ်တလာ၏ဇနီးအီဗာဘရွန်းအကြောင်းကို ဝတ္ထုဇာတ်လမ်းသဖွယ် ရေးသားထားသော စာအုပ်ဖြစ်သည်။ ရေးသူမှာ အာဆူလာသလွမ်းဆိုသူဖြစ်၍ ၁၉၆၅ခုနှစ်က လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။

---

* ၁၉၆၈ ခုနှစ်က စာရေးသူကိုယ်တိုင် မြန်မာပြန်ဆို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ။စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



'ဟစ်တလာ၏ခံတပ်ကျွန်းများ'. . . . အင်္ဂလိပ်ရေလက်ကြား အတွင်းရှိ ဗြိတိသျှကျွန်းကလေးများပေါ်သို့ ဂျာမန်တို့ တက်ရောက် တပ်စွဲခဲ့ပုံများကို ဓာတ်ပုံပေါင်းမြောက်များစွာဖြင့် ကာရဲတွမ်ဆိုသူက စုဆောင်းဖော်ပြထားသည့် စာအုပ်ဖြစ်သည်၊ လန်ဒန်မြို့မှ ၁၉၆၇ခုနှစ် တွင် ထုတ်ဝေသည်။

'အဒေါ့ဖ်ဟစ်တလာသေဆုံးခြင်း'. . . . ဘာလင်မြို့မြေအောက် ပုန်းကျင်းထဲတွင် ဟစ်တလာမည်သို့မည်ပုံ ဇာတ်သိမ်းသွားခဲ့သည်ကို ဆိုဗီယက်အမျိုးသားမော်ကွန်းတိုက်မှ သမိုင်းဝင်အထောက်အထားများဖြင့် ရေးသားပြုစုထားသည့် စာအုပ်ဖြစ်သည်။ ရေးသူမှာ ဘာလင်တိုက်ပွဲတွင် ပါဝင်ခဲ့သူ ဆိုဗီယက်တပ်မှူးဟောင်း ဘီဇီမင်စကီဆိုသူဖြစ်၍ ၁၉၆၈ခုနှစ် မော်စကိုမြို့တွင် ထုတ်ဝေခဲ့သည်။

'ကြီးသုံးကြီးလုပ်ကြံရန် ဟစ်တလာ၏အကြံ'. . . . ၁၉၄၃ နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော တီဟာရန် ကွန်ဖရင့်တွင် ချာချီ ရုစဗဲ့နှင့် စတာလင်တို့အား ဟစ်တလာ၏ သူလျှိုများက လုပ်ကြံရန် စီစဉ်ခဲ့ပုံများကို ဝတ္ထုဇာတ်လမ်းသဘွယ် ရေးသားထားသည့် စာအုပ် ဖြစ်သည်။ မူရင်းစာရေးသူလာစလိုဟာဗက်စ်ဆိုသူ ဟန်ဂေရီ စာရေးဆရာ တစ်ဦးက ဟန်ဂေရီ ဘာသာဖြင့် ရေးသားခဲ့၍ ကက်သလင်းဇက်စ်ဆိုသူ အမေရိကန်စာရေးဆရာမတစ်ဦးက အင်္ဂလိပ်ဘာသာပြန်ဆိုကာ ၁၉... ခုနှစ်တွင် နယူးယောက်မြို့မှ ထုတ်ဝေခဲ့သည်။

'ဟစ်တလာကို ဆန့်ကျင်ခဲ့ကြသော ဂျာမန်များ'. . . . ၁၉၄၄ ဇူလိုင်လ ၂၀ရက်နေ့က ဂျာမန်ဗိုလ်ချုပ်ကြီးများက ဟစ်တလာအား လုပ်ကြံခဲ့ကြပုံများကို အခြေခံ၍ ဟစ်တလာဆန့်ကျင်ရေး လှုပ်ရှားမှုများ

* ဤစာအုပ်ကိုရေးသူကိုယ်တိုင် ၁၉၇၃ ခုနှစ်က မြန်မာဘာသာပြန် ထုတ်ဝေခဲ့ဖူးသည်။ ။စာရေးသူ





တရားဝင်စာရွက်စာတမ်းများဖြင့် ဖော်ပြထားသောစာအုပ်ဖြစ်သည်။ အနောက်ဂျာမနီအစိုးရ ပြန်ကြားရေးဌာနမှ ၁၉၆၈ခုနှစ်က ထုတ်ဝေခဲ့သည်။

'ဟစ်တလာ၏စိတ်'. . . . ဟစ်တလာသည် ဆန့်ကျင်ဘက်စိတ် နှစ်ခုပေါင်းစပ်ထားသည့် မူမမှန်သော လူတစ်ယောက်ဖြစ်ကြောင်း လေ့လာစူးစမ်း၍ ရေးသားထားသော စာအုပ်ဖြစ်သည်။ ရေးသူမှာ အမေရိကန်စိတ်ပညာ ပါရဂူဝေါလ်တာလန်ဂျာဖြစ်၍ ၁၉၇၂ခုနှစ်က နယူးယောက်မြို့တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

'ဟစ်တလာ၏နောက်ဆုံးဆယ်ရက်'. . . . ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်မသေမီ နောက်ဆုံးဆယ်ရက်အတွင်း ဘာလင်မြို့ ပုန်းကျင်းထဲတွင် ဟစ်တလာနှင့်အတူနေခဲ့သော သက်တော်စောင့်တပ်မှူး ဂေးဟတ်ဘောလ်ထ်ရေးသားခဲ့သည့် စာအုပ်ဖြစ်သည်။ ၁၉၇၃ခုနှစ်တွင် လန်ဒန်မြို့မှ ထုတ်ဝေခဲ့သည်။

'အဒေါ့ဖ်ဟစ်တလာ၏မွေးဖွားခြင်းနှင့် သေဆုံးခြင်း'. . . . အမေရိကန်သမိုင်း သုတေသီ ရောဘတ်ပိန်းဆိုသူ ရေးသား၍ ဟစ်တလာ၏ အတ္ထုပ္ပတ္တိဘဝဖြစ်စဉ်များပင်ဖြစ်သည်။ ၁၉၇၃ခုနှစ်တွင် နယူးယောက်မှ ထုတ်ဝေခဲ့သည်။

'အဒေါ့ဖ်ဟစ်တလာ'. . . . ဗြိတိသျှစာရေးဆရာကောလင်း ခရော့စ်ဆိုသူ ရေးသားသည့် ဟစ်တလာအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်၊ ဟစ်တလာငယ်စဉ်က ပန်းချီဆရာအဖြစ် ရေးဆွဲခဲ့သည့် ပန်းချီကားများ ကိုပါ ပုံနှိပ်ဖော်ပြထားပြီး ၁၉၇၃ခုနှစ်တွင် လန်ဒန်မြို့မှ ထုတ်ဝေသည်။

'ဟစ်တလာကိုသင်မြင်ဘူးလား'. . . . ဂျာမန်စာရေးဆရာ ဝေါလ်တာကင်ပေါင်ကီဆိုသူ ရေးသားပြုစုသည့်စာအုပ်ဖြစ်သည်။ ဟစ်တလာအုပ်စိုးခဲ့စဉ်က ဂျာမနီတွင် နေထိုင်ခဲ့ကြသော ဂျာမန်လူမျိုး များတို့အား တစ်ဦးချင်းတွေ့ဆုံမေးမြန်း၍ လေ့လာသုံးသပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့ခြင်းဖြစ်သည်။ ၁၉၇၃ခုနှစ်က အနောက်ဂျာမနီတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

'ဟစ်တလာ'. . . . ယခု ၁၉၇၄ခုနှစ်တွင် နောက်ဆုံးထုတ်ဝေလိုက်သော ဟစ်တလာအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ရေးသူမှာ ဂျာမန်သတင်းစာဆရာ ဂျိုအာချင်ဆိုသူဖြစ်၍ ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ရစ်ချတ်နှင့် ကာလာရာဝင်စတန်ဆိုသူ ဇနီးမောင်နှံတို့က ပြန်ဆိုခဲ့ခြင်းဖြစ်သည်။

အထက်ပါတို့မှာ 'ဟစ်တလာ'ဟူသောအမည်ကို မျက်နှာဖုံးတွင် စာအုပ်အမည်အဖြစ် ထည့်သွင်းအသုံးပြုကာ ရေးသားခဲ့ထုတ်ဝေကြသည့် စာအုပ်များဖြစ်၍ ယနေ့အထိ လက်လှမ်းမှီသမျှ စုဆောင်းရရှိခဲ့သည့် စာအုပ်ပေါင်း ၃၀ကျော် တို့၏ အမည်များ၊ ရေးသူများ၊ ထုတ်ဝေခဲ့သည့် အစဉ်အလိုက် ခုနှစ်သက္ကရာဇ်များနှင့် စာအုပ်ပါအကြောင်းအရာများဖြစ်သည်။

ယင်းစာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ကြသည့် စာအုပ်များဖြစ်ရာ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ ရုရှား၊ စပိန်၊ ... စသည့်အခြားဘာသာများဖြင့် ထုတ်ဝေခဲ့ကြသည့် စာအုပ်များလည်း အမြောက်အများရှိနေသေးသည်။ ထို့မှတစ်ပါး ယင်းစာအုပ်များကဲ့သို့ 'ဟစ်တလာ'ဟူသောအမည်ကို စာအုပ်၏အမည်တွင် တိုက်ရိုက်ထည့်သွင်းအသုံးပြုခြင်းမရှိဘဲ ဟစ်တလာအကြောင်း တစေ့တစောင်းအားဖြင့်သော်၎င်း၊ အဓိကထား၍သော်၎င်း၊ ဘာသာအမျိုးမျိုးတို့ဖြင့် ရေးသားထုတ်ဝေခဲ့သည့် စာအုပ်ပေါင်းမှာလည်း'သောင်းချောက်ထောင်'ရှိ...

---

* အင်္ဂလိပ် စာဖတ်ပရိသတ်များနှင့် သုတေသီများအတွက် ရည်ရွယ်၍ အဆိုပါစာအုပ်များ၏ မူရင်းအမည်များကို အင်္ဂလိပ်ဘာသာဖြင့် ဤစာ... တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။ ။စာရေးသူ





သေးသည်။ ဥပမာ'ကျွန်ုပ်၏အာဏာသစ်'ဟူသော အမည်ဖြင့် ရောက်ဆီဒိဆေးလ်၏စာအုပ်မှာ ဟစ်တလာ၏အမည် မပါသော်လည်း ဟစ်တလာ၏မိန့်ခွန်းများကို စုပေါင်းတည်းဖြတ်ဖော်ပြထားသည့် စာအုပ်ပင်ဖြစ်၍ မက်စ်မန်နီဆိုသူ ရေးသားသော 'မသေမီဆယ်ရက်' အမည်ရှိစာအုပ်မှာလည်း ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များအကြောင်း ဖော်ပြထားခြင်းပင်ဖြစ်သည်။

ထို့ပြင် ဤစာအုပ်များမှာ ပေါ့ပေါ့တန်တန် သာမန်အားဖြင့် သဘောထားကာ ရေးသားခဲ့ကြသည့် ပါးပါးလှပ်လှပ် ပြားပြားချပ်ချပ် စာအုပ်ကလေးများမဟုတ်၊ အားလုံးလိုလို စာမျက်နှာအနည်းဆုံး နှစ်ရာကျော်-သုံးရာကျော်မျှ ရှိခဲ့ကြ၍ အချို့အချို့သော စာအုပ်များမှာမူ စာမျက်နှာ ငါးရာခြောက်ရာမှ ကိုးရာတစ်ထောင်အထိ 'ခေါင်းအုံး၍ပင် အိပ်နိုင်လောက်သည့် 'ဧရာမစာအုပ်ထူကြီးများပင်'ဖြစ်သည်။

ဥပမာအားဖြင့် ၁၉၅၂ခုနှစ်တွင် လန်ဒန်မှထုတ်ဝေခဲ့သည့် အဲလန်ဘူးလော့၏ 'ဟစ်တလာအတ္ထုပ္ပတ္တိ'စာအုပ်မှာ စာမျက်နှာပေါင်း ၈၀၀ကျော်ရှိခဲ့၍ အလားတူဟစ်တလာ အာဏာရခဲ့သည့် အချိန်မှ အစပြုကာ ဂျာမန်တို့စစ်ရှုံး၍ လက်နက်ချသည်အထိ ဒုတိယကမ္ဘာစစ်ကြီး ၏ သမိုင်းဖြစ်စဉ်များကို အခိုင်လုံဆုံး အပြည့်စုံဆုံး အသေးစိပ် ဖော်ပြ ထားသည့် ဝီလျံရှားရား ရေးသားခဲ့သော 'ဂျာမန်ရိုက်ချ်နိုင်ငံတော်ကြီး၏ တိုးတက်စည်ပင်လာခြင်းနှင့် ကျဆုံးပျက်စီးခြင်း'အမည်ရှိ စာအုပ်ကြီးမှာ စာမျက်နှာပေါင်း ၁၄၃၆မျက်နှာတိတိ ရှိသည်အထိ အားပါးတရ ထူထဲ လှသည့် စာအုပ်ကြီးပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ယင်းသို့ဘာသာမျိုးစုံဖြင့် ရေးသားထုတ်ဝေခဲ့ကြသည့် မရေမတွက်နိုင်သော စာအုပ်ကြီးငယ်များနှင့်ကမ္ဘာ့

---

* The Rise and Fall of the Third Reich by William Shirer



www.burmeseclassic.com

www.burmeseclassic.com



စာနယ်ဇင်းအသီးသီးများ အတိုအထွာ ပူလိနတ်စရေးသားခဲ့ကြသည့် ဆောင်းပါးပေါင်း 'သောင်းခြောက်ထောင်'တို့ကို ကြည့်ခြင်းအားဖြင့် ဟစ်တလာသည် မျက်မှောက်ခေတ် ၂၀ရာစုနှစ်တွင် အရေအတွက် အများဆုံး 'ပေထက်အက္ခရာ'အတင်ခံရသည့် ပုဂ္ဂိုလ်တစ်ယောက်ဟူ၍ပင် ဆိုနိုင်လောက်သည်။

သို့ဖြစ်ရာ ဤရွေ့ဤမျှမရေမတွက်နိုင်လောက်အောင် များပြားလှသည့် ဟစ်တလာစာအုပ်များ (ဝါ) 'ဟစ်တလာစာပေ'များကို အကြောင်းပြု၍ ယနေ့နှစ်ပေါင်း ၃၀နီးပါးမျှ ကြာသည်အထိ ဟစ်တလာသည် လူသာသေသော်လည်း၊ နာမည်မသေဘဲ'ဖြစ်နေခဲ့သည်။

ဟစ်တလာအား ယနေ့တိုင် မမေ့နိုင်အောင် နာမည်ဆိုးဖြင့် ကျော်ကြားစေခဲ့သော 'ဟစ်တလာစာပေ'များအနက် ရှေးဦးစွာ ပထမဆုံးနှင့် အထင်ရှားဆုံးသော စာအုပ်ကြီးတစ်အုပ်ရှိသေးသည်။ ယင်းစာအုပ်ကြီးမှာ အခြားမဟုတ် ဟစ်တလာကိုယ်တိုင် ရေးသားခဲ့သည့် 'ကျွန်ုပ်၏ကြိုးပမ်းမှု'* အမည်ရှိ စာအုပ်ကြီးပေတည်း။

မှန်သည် 'ဂျာမန်ဘာသာဖြင့် 'မိန်းကင့်ဖ်'ဟူ၍ အမည်ပေးခဲ့သော အဆိုပါ 'ကျွန်ုပ်၏ ကြိုးပမ်းမှု'စာအုပ်ကြီးသည် ဟစ်တလာအားပထမဆုံး ထင်ရှားကျော်ကြား လူသိများအောင် လုပ်ဆောင်ပေးခဲ့သည့် စာအုပ်ကြီးဖြစ်၍ ယနေ့ထက်တိုင်အောင်လည်း နာမည်ကြီးနေသည့် ကမ္ဘာကျော်စာအုပ်ကြီးဖြစ်သည်။

အဆိုပါ'ကျွန်ုပ်၏ ကြိုးပမ်းမှု'စာအုပ်ကြီး ယနေ့တိုင်အောင် နာမည်ကြီးနေသည်မှာ အခြားကြောင့်မဟုတ်၊ ဟစ်တလာသည် ထိုစဉ်က အဖက်ဖက်မှ ချွတ်ခြုံကျနေသည့် ဂျာမနီနိုင်ငံအား မည်သို့မည်ပုံ

* Mein Kamph: My Struggle by Hitler





အင်အားကြီးလက်နက်နိုင်ငံ အဖြစ်ရောက်ရှိအောင် တည်ဆောက်မည် ဟူသော သူ၏စိမ်ကိန်းများနှင့် နောင်အခါ၌ ဂျာမနီသည် ဥရောပတိုက်မှ နိုင်ငံအားလုံးကို မည်သို့မည်ပုံ တိုက်ခိုက်လွှမ်းမိုး၍ သိမ်းပိုက်အုပ်စိုးသွားမည်ဟူသော သူ၏ကြံရွယ်ချက်များကို ဟစ်တလာကိုယ်တိုင် အဆိုပါ 'ကျွန်ုပ်၏ကြိုးပမ်းမှု'စာအုပ်တွင် အတိအလင်း ထုတ်ဖော်ရေးသားခဲ့သောကြောင့်ဖြစ်သည်။

ထိုစာအုပ်ကြီး (ပထမတွဲ)ကို ၁၉၂၅ခုနှစ် ဆောင်းဦးပေါက် အချိန်တွင် စတင်ထုတ်ဝေခဲ့သည်။ ပထမတွင် ဟစ်တလာသည် သူ၏ စာအုပ်ကို 'မုသားများ-မိုက်မဲမှုများနှင့် သူရဲဘောနည်းမှုများကို လေးနှစ်ခွဲတိုင်တိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့ပုံ'*ဟူ၍ အမည်ပေးရင်း စိတ်ကူးခဲ့သည်။ သို့သော် ထိုစာအုပ်ကိုထုတ်ဝေမည့် နာဇီပါတီ ပုံနှိပ်ထုတ်ဝေရေးဌာန တာဝန်ခံ မက္ကစ်အမွန်းဆိုသူက ဟစ်တလာပေးသည့် စာအုပ်အမည်မှာ ထွေပြားရှည်လျားလွန်းလှ၍ ဈေးကွက်၌ ရောင်း၍စွန်မည်မဟုတ်ဟု ယုံကြည်ယူဆခဲ့သည်။ သို့ဖြင့်နောက်ဆုံး၌ ထုတ်ဝေသူ မက္ကစ်အမွန်း၏ အလိုကျ တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်း 'ကျွန်ုပ်၏ကြိုးပမ်းမှု'ဟူ၍ အမည်ပြောင်းခဲ့ရသည်။

အဆိုပါ 'ကျွန်ုပ်၏ကြိုးပမ်းမှု'ပထမတွဲမှာ စာမျက်နှာလေးရာနီးပါးမျှရှိ၍ ဂျာမန်ငွေဖြင့် ၁၂မာ့ခ်ရောင်းချခဲ့ရာ ထိုအချိန်က ဂျာမနီတွင် ထုတ်ဝေနေကြသည့် အခြားသော စာအုပ်ဈေးနှုန်းများထက် နှစ်ဆကြီးနေသည်ဟု ဆိုကြသည်။

ဤစာအုပ်ကြီးသည် နောင်အခါ၌ ကမ္ဘာတစ်ဝှမ်းလုံး အုံးအုံးကြွက်ကြွက် ဂယက်ရိုက်သွားစေခဲ့သည်မှန်သော်လည်း ထွက်လျှင်ထွက်ခြင်း

* 'Four and a Half Years of Struggle against Lies, Stupidity and Cowardice'



www.burmeseclassic.com

www.burmeseclassic.com



'ပြိုက်ကနဲ' ကုန်သွားအောင် အရောင်းရတွင်ကျယ်ခဲ့သည်မဟုတ်ပေ သို့သော် မဏ္ဍစ်အမှန်းသည် ထုတ်ဝေသူတို့၏ ထုံးစံအတိုင်း ထိုစာအုပ် သည် အလွန်ရောင်းကောင်းလှသဖြင့် ပထမနှစ်အတွင်းမှာပင် အုပ်ရေ နှစ်သောင်း ရောင်းချခဲ့ရသည်ဟု လေလုံးထွားကာ ကြွားဝါခဲ့သည်။

သို့သော် ၁၉၄၅ခု ဂျာမန်တို့ လက်နက်ချ၍ နာဇီတို့၏ ပုံနှိပ် ထုတ်ဝေရေး ဌာနကြီးကို သိမ်းပိုက်ခဲ့သောအခါ မဏ္ဍစ်အမှန်း ကြွားခဲ့ သလိုမဟုတ်ဘဲ ထိုစာအုပ်ကြီးနှင့် ပတ်သက်သည့် အရောင်းစာရင်း အတိ အကျကို ငွေရပြေစာ ဘောက်ချာစာရွက်များ၊ စာရင်းအင်းများနှင့်တကွ အမှန်အတိုင်းသိရှိခဲ့ရသည်။

အမှန်စင်စစ် ၁၉၂၅ခုနှစ်တွင် ထိုစာအုပ်ပထမတွဲ ပထမအကြိမ် ထွက်စဉ်က ရောင်းချခဲ့ရသည့် စာအုပ်ပေါင်းမှာ ၉၄၇၃အုပ်သာ ဖြစ်သည်။ ထို့နောက် တစ်နှစ်ပြီးတစ်နှစ် အရောင်းထိုင်းလာခဲ့ရာ ၁၉၂၆ ခုနှစ်တွင် ၆၉၁၃အုပ်၊ ၁၉၂၇ခုနှစ်တွင် ၅၆၀၇အုပ်နှင့် ၁၉၂၈ ခုနှစ်တွင် ပထမတွဲနှင့် ဒုတိယတွဲနှစ်ပေါင်းအုပ်ရေ ၃၀၁၅အုပ်သာ ရောင်းခဲ့ရ တော့သည်။

ထို့နောက် ၁၉၂၉ ခုနှစ်တွင် နာဇီပါတီအင်အားကြီးထွားလာပြီ ဖြစ်၍ ဟစ်တလာ၏ အဆိုပါစာအုပ်မှာလည်း အုပ်ရေ ၇၆၆၄အုပ်အထိ အရောင်းတက်လာခဲ့ပြီး နာဇီတို့ အာဏာရလာသည့် ၁၉၃၀ပြည့်နှစ် တွင်မူ အုပ်ရေ ၅၄,၀၈၆အုပ် ရောင်းလာခဲ့ရသည်။ တဖန် ၁၉၃၁ခုနှစ် တွင် အနည်းငယ် အရောင်းကျ၍ ၅၀,၈၀၀အုပ် ရောင်းခဲ့ရပြီး ၁၉၃၂ ခုနှစ်တွင်မူ အုပ်ရေကိုးသောင်းကျော် (၉၀,၃၅၁အုပ်) အထိ လက်မလည် အောင်ရောင်းခဲ့ရသည်။

ဟစ်တလာသည် ဤမည်သော 'ကျွန်ုပ်၏ကြိုးပမ်းမှု'စာအုပ်ကြီး တစ်အုပ်ဖြင့် နာမည်ကျော် ကမ္ဘာကျော် စာရေးဆရာကြီးဖြစ်ကာ လူသိ





များ၍ ထင်ရှားလာသည်နှင့်အမျှ ထိုစာအုပ်ကြီးအတွက် စာမူခကိုလည်း နင့်နေအောင်ရခဲ့သည်။ ၁၉၂၅ခုနှစ်တွင် ဟစ်တလာ၏ အခွန်ကဝင်ငွေမှာ ထိုစာအုပ်ကြီးအတွက် ရရှိခဲ့သည့် စာမူခဖြစ်၍၊ ထို့နောက် ၇နှစ်တိုင်တိုင် စာမူခများဆက်လက်ခံစားခဲ့ရသည်။ ထိုမှတဖန် သူဝန်ကြီးချုပ်ဖြစ်လာ သည့် ၁၉၃၃ခုနှစ်တွင်မူ 'ပုဂ္ဂိုလ်ခင်မှတရားမင်သည်'ဟူသော စကားအရ ထိုစာအုပ်ကြီးမှာ စာအုပ်ဈေးကွက်တွင် အရောင်းစံချိန်ကျိုးသွားခဲ့ရသည် ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ၁၉၃၃ခုနှစ်တွင် ဟစ်တလာ၏ 'မိန်းကင့်ဖ်'စာအုပ်မှာ စုစုပေါင်းအုပ်ရေတသန်း (၁,၀၀၀,၀၀၀)တိတိ ရောင်းခဲ့ရ၍ စာရေးဆရာကြီးဟစ်တလာမှာလည်း ခါတိုင်းရနေကျ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ စာမူခတိုးကာ စုစုပေါင်းစာမူခ မာ့ခ်တသန်း(ဒေါ်လာသုံးသိန်း)ကျော် ရရှိခဲ့သော ကြောင့်တည်း။

အချို့သော သမိုင်းသုတေသီပညာရှင်များ၏ လေ့လာချက်အရ ဆိုပါမူ ဂျာမနီတွင် နာဇီတို့အုပ်စိုးခဲ့စဉ်ကာလက ခရစ်ယာန်ဘာသာဝင် တို့အတွက် အထွတ်အမြတ်ဖြစ်သော 'သမ္မာကျမ်းစာ'မှလွဲလျှင် ဟစ်တလာ၏ 'မိန်းကင့်ဖ်'စာအုပ်ကြီးသည် အရောင်းရအတွင်ကျယ်ဆုံး စာအုပ်ဖြစ်ခဲ့သည်ဟု သိရသည်။ ထိုစဉ်က ဂျာမနီ၌ မည်သည့်အိမ်တွင် မဆို စားပွဲပေါ်တွင် 'မိန်းကင့်ဖ်'စာအုပ် မတွေ့ရသည့်အိမ်ဟူ၍ မရှိ သလောက်ပင်ဖြစ်ခဲ့သည်။ မည်မျှ ခေတ်စားခဲ့ပါသနည်းဟူမူ မိတ်ဆွေ အချင်းချင်း ခရစ်စမတ်နှင့်နှစ်သစ်ကူးလက်ဆောင်များပေးရာတွင်လည်း ဤစာအုပ်၊ စာသင်ကျောင်းများမှာ စာစီစာကုံးပြိုင်ပွဲများနှင့်အရပ်ထဲမှ ပြေးပွဲပြိုင်ပွဲများတွင် ဆုပေးရာ၌လည်း ဤစာအုပ်၊ နောက်ဆုံးမင်္ဂလာ ဆောင်တွင် သတို့သမီးနှင့်သတို့သားတို့အား လက်ဖွဲ့ရာမှာပင် မဆီမဆိုင် ဤစာအုပ်ကို တွေ့နေရသည်။ တစ်နည်းဆိုရသော် ထိုစဉ်ကဂျာမနီတွင် ပင်လယ်ငါးစားခြင်းထက် မိန်းကင့်ဖ်စာအုပ်ဖတ်ခြင်းက ခေတ်မှီသည်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အဖြစ်မျိုးဖြစ်ခဲ့ကြသည်။

နောက်ဆုံး၌ စာရင်းချုပ်လိုက်သောအခါ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီးနောက် ၁၉၄၀ပြည့်နှစ်အထိ ဂျာမနီတွင် ဟစ်တလာ၏ 'မိန်းကင့်ဖ်'စာအုပ်ကြီးမှာ စုစုပေါင်းအုပ်ရေခြောက်သန်း (၆,၀၀၀,၀၀၀ ရောင်းချပြီးဖြစ်နေသည်ကို တွေ့ရသည်ဟူသတည်း။

သို့ဖြစ်ရာ ဤစာအုပ်ကြီးကို အကြောင်းပြု၍ စစ်ကြီးမဖြစ်မီကနှင့် စစ်ကြီးအတွင်းက တစ်ဖက်တစ်လမ်းမှ နာမည်ကြီးလာခဲ့သော ဟစ်တလာ သည် စစ်ကြီးပြီးသည့်နောက်ပိုင်းတွင်လည်း ဤစာအုပ်၏ အရှိန်အဝါနှင့် ဂယက်ကြောင့် ဆက်လက်၍ နာမည်ကြီးနေဆဲပင်ဖြစ်ခဲ့သည်။ စစ်ကြီး ပြီးဆုံးခဲ့သည့်နောက်ပိုင်းတွင် နိုင်ငံအသီးသီး၌ ဤစာအုပ်ကြီးကို မရမ ရှာဖွေခဲ့ကြသူများ၊ အလေးအနက်ဖတ်ရှုခဲ့ကြသူများနှင့် ဂရုတစိုက် သိမ်းဆည်း ထားခဲ့သူများ * အမြောက်အများ ရှိခဲ့ကြသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော် ၁၉၇၃ ဧပြီလထုတ် နယူးဝိခ်မဂ္ဂဇင်း၏ ရေးသားချက်အရ ဆိုပါမူ ၁၉၂၅ခုနှစ်က ထုတ်ဝေခဲ့သည့်အဆိုပါ 'မိန်းကင့်ဖ်'မူရင်းစာအုပ် (အဟောင်း)များမှာ ဘယ်လ်ဂျီယံနိုင်ငံအရပ်ဘဲလ်မြို့နှင့် ဩတြီးယား နိုင်ငံ ဗီယင်နာမြို့များတွင် ဈေးအများဆုံးရသည့် စာအုပ်များဖြစ်နေသည် ဟုဆိုသည်။

ဤသည်တို့မှာ ဟစ်တလာအား လူသေသော်လည်း နာမည် မသေအောင် လုပ်ဆောင်ပေးနေခဲ့ကြသည့် ဟစ်တလာ စာပေအထွေထွေ ပင်ဖြစ်သည်။

---

* မြန်မာနိုင်ငံတွင်လည်း ဟစ်တလာ၏ "မိန်းကင့်ဖ်'စာအုပ်ကို ဖတ်ဘူး သူများနှင့် လက်ဝယ်ရှိသူများပင်လျှင် ဤအချက်ကို 'ဂုဏ်ယူသည့်' သဘောမျိုးဖြင့် ပြောဆိုခဲ့ကြသည်ကို မကြာမဏကြားခဲ့ ကြုံခဲ့ရသည်။

စာရေးသူ





သို့သော် ဤမျှဖြင့် မပြီးဆုံးသေးမပြည့်စုံသေး။

ဟစ်တလာအား တကယ်မသေအောင် အသက်သွင်းပေးနေ သူများ ရှိသေးသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာရုပ်ရှင်နှင့် ဟစ်တလာကပွဲ

ဟစ်တလာအား တကယ်မသေအောင် အသက်သွင်းပေးနေသူများရှိသေးသည်။

သူတို့တတွေမှာ အခြားသူများမဟုတ်၊ ကမ္ဘာ့ခေတ်မှီ နိုင်ငံကြီးများမှ ရုပ်ရှင်ထုတ်လုပ်သူများပင်ဖြစ်သည်။

မှန်သည်၊ အင်္ဂလိပ်အမေရိကန် အမှုးပြုသော ကမ္ဘာ့ရုပ်ရှင်ကုမ္ပဏီ ကြီးများသည် စစ်ကြီးပြီးသည့် နောက်ပိုင်းတွင် ဟစ်တလာနှင့်ပတ်သတ်သည့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ အဖြစ်အပျက်များကိုလည်းကောင်း၊ အပြန်အလှန်အားဖြင့် ဒုတိယကမ္ဘာစစ်ကြီးနှင့်ပတ်သတ်သည့် ဟစ်တလာ၏ ဇာတ်လမ်းများကိုလည်းကောင်း စသည့် ရုပ်ရှင်ကားများကို ရိုက်ကူးထုတ်လုပ်ကာ ဟစ်တလာအား အသက်သွင်း ပေးလာခဲ့ကြသည်မှာ ယနေ့ထက်တိုင် အဆက်မပြတ်ပင်ဖြစ်သည်။





ထိုသို့ရိုက်ကူးခဲ့ကြရာ၌ 'ဟစ်တလာဘာ့ကြောင့်စစ်ရှုံးခဲ့ရသလဲ?'* 'စစ်ပွဲကြီး'* 'တတိယ ဂျာမန်ရိုက်ချ် နိုင်ငံတော်ကြီး၏ စည်ပင်တိုးတက်လာခြင်းနှင့် ကျဆုံးပျက်စီးခြင်း'* အစရှိသော ရုပ်ရှင်ကားများကဲ့သို့ တကယ့်မှတ်တမ်းတင် ရုပ်ရှင်ကားများ အများအပြားရှိခဲ့သလို စစ်ကြီးအတွင်းက ဗြိတိန်နိုင်ငံအား လေကြောင်းမှ အကြီးအကျယ် တိုက်ခိုက်ချေမှုန်းခဲ့သော ဟစ်တလာ၏ စစ်ဆင်ရေးများကို တကယ့်ဖြစ်ရပ်များဖြင့် အခြေခံကာ ရိုက်ကူးခဲ့သော 'ဗြိတိန်စစ်ပွဲ'** နှင့် ဟစ်တလာအား ဂျာမန်ဗိုလ်ချုပ်ကြီးများ လုပ်ကြံရန် ကြံစည်ကြိုးပမ်းခဲ့သည့် တကယ့်အဖြစ်အပျက်များသို့ တစ်စိပ်တစ်ဒေသ ထည့်သွင်းရိုက်ကူးခဲ့သည့် 'ဗိုလ်ချုပ်ကြီးများ၏ညများ'** အမည်ရှိ ရုပ်ရှင်ကားများကဲ့သို့ ဖန်တီးရိုက်ကူးထားသည့် ဇာတ်ကားများလည်း အမြောက်အများ ရှိခဲ့သည်။

အထူးသဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက ဥရောပတွင် ဂျာမန်စစ်သားများ၏ ရက်စက်စော်ကားမှုများ၊ ညှင်းဆဲသတ်ဖြတ်မှုများ၊ ဂျာမန်သူလျှိုများ၏ လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းများ ဂျာမန်သုံ့ပန်းစစ်စခန်းမှ အကျဉ်းသားများထွက်ပြေးခဲ့ကြသည့် အဖြစ်အပျက်များသည့်ဇာတ်ကွက် ဇာတ်လမ်းများမှာ ရုပ်ရှင်ကြည့်ပရိတ်သတ်များအတွက် အပ်ကြောင်းထပ်နေပြီ ဟု ဆိုရမတတ်၊ ဇာတ်ကားပေါင်း မရေမတွက်နိုင်အောင် ရိုက်ကူးပြသခဲ့ကြသည်။

---

* Why Hitler Lost the War?

* The Great Battle

* ဝီလျံရှားရား၏ စာအုပ်ကို အခြေခံ၍ ရိုက်ကူးခဲ့သည့်ရုပ်ရှင်ကား ဖြစ်သည်။ စာရေးသူ

** Battle of Britain

** The Nights of the Generals.



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါဇာတ်ကားများတွင် ရံဖန်ရံခါ မထင်ရှားလှသည့် ရုပ်ရှင် ဇာတ်ဆောင်များက ဟစ်တလာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြ သည်။ ဇာတ်ကွက် ဇာတ်လမ်းအရ ခေတ္တခဏမျှ လှစ်ကနဲဖြစ်စေ၊ တခါတ အဆိုပါ ပိတ်ကား ပေါ်မှ ဟစ်တလာအား သူ၏ဒေါသတကြီးဖြင့် အော်ဟ ပြောဆိုပုံ၊ လှုပ်ရှားသွား လာပုံများကို ရှည်ရှည်လျားလျား ပေ များများဖြ ဖြစ်စေ မြင်ခဲ့တွေ့ခဲ့ကြရသည်။

အထူးသဖြင့် ဆိုဗီယက်ယူနီယံမှ ရိုက်ကူးခဲ့သည့် 'စစ်ပွဲကြီး' အမည်ရှိ ရုပ်ရှင်ကားတွင် ၁၉၄၄ခုနှစ်က ဂျာမနီတို့၏နောက်ဆုံး ထိုး ကြီးကို ဟစ်တလာကိုယ်တိုင် ဦးစီးကွပ်ကဲခဲ့ပုံများနှင့် မူဆိုလီနီအား ကယ်ဆယ်ရန် ဟစ်တလာကိုယ်တိုင် အမိန့်ပေးခဲ့ပုံများကို အသေး ရိုက်ကူးပြသခဲ့ရာ အဆိုပါဇာတ်ကားတွင် ဟစ်တလာသည် အဓိက ဇာတ်ဆောင်(ဝါ)'ဇာတ်လိုက်' ပင်ဖြစ်နေခဲ့သည်။ ဟစ်တလာအဖြ သရုပ်ဆောင်ခဲ့သော ဂျာမန်ရုပ်ရှင် ဇာတ်ဆောင် ဖရစ်ဒိုင်ယက်ဇ်မှာလည်း ပိတ်ကားပေါ်တွင် ဟစ်တလာကိုယ်တိုင် ပါဝင်အသုံးတော်ခံနေသည် ဟူ၍ပင် ထင်ရလောက်အောင် သဘာဝကျလှ သည်ကိုတွေ့ရသည်။

ဤသို့ဖြင့် ဟစ်တလာသည် ကမ္ဘာကျော်ရုပ်ရှင် ဒါရိုက်တာ ကြီးများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၏ ဖန်တီးအသက်သွင်းမှုကြောင့် ယနေ့ ထက်တိုင် မသေသေးဘဲ 'ပိတ်ကားပေါ်တွင်'အသက်ရှင်လျက် ရှိနေ သေးသည်။

ယုတ်စွအဆုံး၊ အဆိုပါရုပ်ရှင်ကားများတွင် ဟစ်တလာ အသ ထင်ရှားသရုပ်ဆောင်ထားသည့် အခန်းများပါဝင်ခြင်း မရှိသည့် တိုင်အောင် ဇာတ်လမ်းအရ သဘာဝကျကျ ယုတ္တိရှိအောင် ရိုက်ကူး ထားသည့် ဂျာမန်စစ် ဗိုလ်၏ရုံးခန်း၊ သို့မဟုတ် ဂျာမနီစစ်ဌာနချုပ် အဆောက်အဦး၏ နံရံများတွင် ချိပ်ဆွဲထားသော ဟစ်တလာ၏ ဓါတ်





ပုံများမှာ ပိတ်ကားပေါ်တွင်မမြင်ချင်အဆုံး၊ ဂျာမန်စစ်သားများ ပါဝင်သည့် ရှင်ကားတိုင်းတွင် အမြဲတစေ မြင်တွေ့နေကြရသည်။

ကုန်ကုန်ပြောရမည်ဆိုပါက ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရောပတိုက်မှ အဖြစ်အပျက်၊ ဇာတ်ကွက် ဇာတ်လမ်းများကို အခြေခံ၍ ကူး ထားသည့် ဇာတ်ကားများတွင် အရပ်ထောင်ထောင် မောင်းမောင်းဖြင့် စစ်သုံး ခမောက်ကို ဆောင်းကာ ခြေထောက်နှစ်ဖက်ကို ကားကားကြီးရပ်လျက် ပုခုံးပေါ်တွင် သေနတ်လွယ်ထားကြသည့် တ်နာပေါက်ဆိုးဆိုး ရှုသိုးသိုးဖြင့် ဂျာမန် စစ်သားများကို တ်ကားပေါ်တွင် မြင်လိုက်ရသည်နှင့်တပြိုင်နက် ရုပ်ရှင်ကြည့် သတ်၏စိတ်ထဲတွင် ဟစ်တလာကိုချက်ခြင်း ပြေးသတိရမိလိုက်ကြသည်။

သို့ဖြစ်ရာ ဤသို့သော ဂျာမန်စစ်သားပါဝင်သည့် စစ်ကားများ ကြည့်နေကြရသမျှ ကာလပတ်လုံး ဟစ်တလာသည် အဘယ်မျှလျှင် သေ'နိုင်ပါဦးမည်နည်း။

အဖြစ်အပျက်များမှာ ကြာလှသေးသည်မဟုတ်၊ မနေ့တနေ့ ဟူ၍ပင် ဆိုနိုင်သည်။

၁၉၇၃ခုနှစ် ဧပြီလတတိယပတ်အတွင်းက ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ရုပ်ရှင်ကားတကား ရုံတင်ပြသခဲ့သည်။ ထိုရုပ်ရှင်ကားမှာ တင်ပြသ သည့်နေ့မှစ၍ 'ရုံပြည့်ပြီ'ဟူသော ဆိုင်းဘုတ်ကို နေ့စဉ် တ်ဆွဲထားခဲ့ရသည် အထိ လူကြိတ်ကြိတ်တိုးအောင် စည်ကားခဲ့သည်။ ဘာလင်မြို့သူမြို့သားများသည် အဆိုပါရုပ်ရှင်ကားကို မရ–ရသည့်နည်းဖြင့် က်မှတ်များကို မှောင်ခိုဈေးတွင် သုံးဆ လေးဆ အဆမတန်ပေး၍ ကာအလုအယက် သူ့ထက်ငါ တိုးဝှေ့ကြည့်ခဲ့ကြသည်။ ယင်းရုပ်ရှင် မှာ အခြားမဟုတ် 'ဟစ်တလာ၏ နောက်ဆုံး ဆယ်ရက်'*အမည်ရှိ ရှင်ကားပင်ဖြစ်သည်။

* Hitler : The Last Ten Days.



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါဇာတ်ကားမှာ လွန်ခဲ့သည့် နှစ်ပေါင်း၂၈နှစ်(၁၉ ခုဧပြီလ) က ဘာလင်မြို့ မြေအောက်ပုန်းကျင်းထဲတွင် ဟစ်တလာ အတူ နေထိုင်ခဲ့ သော ဟစ်တလာ၏ ကိုယ်ရံတော်တစ်ဦးဖြစ် ဂါးဟာဒ်ဘော့လ်ထ်၏ စာအုပ်ကို မူရင်းအမည်အတိုင်းယူ၍ ကမ္ဘာ ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီကြီးက ရုပ်ရှင် အဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်သ

ဟစ်တလာသေဆုံးခဲ့သည့် ၂၈နှစ်တင်းတင်းပြည့်သ အချိန်တွင် ဟစ်တလာသေဆုံးခဲ့သည့် ဘာလင်မြို့ကြီး၌ တိုက်တို ဆိုင်ဆိုင်ပြသခဲ့သော အဆိုပါရုပ်ရှင်ကားကို ဂျာမန်အမျိုးသား ဘာ မြို့သူမြို့သားများ စိတ်ပါဝင် စားစွာ တိုးမပေါက်အောင် ကြည့် သည်မှာ အခြားအကြောင်းရင်းတစ်ရပ်ကြောင့်လည်းဖြစ်သည်။ အကြောင်းရင်းမှာ အဆိုပါဟစ်တလာ၏ နောက်ဆုံး ဆယ်ရက် ' ကားတွင် ဟစ်တာအဖြစ်သဘာဝကျကျ သရုပ်ဆောင်ခဲ့သူမှာ ကမ္ဘာ မင်းသားကြီး အဲလက်ဂွင်းနက်စ်* ပင်ဖြစ်သောကြောင့်တည်း။

အဲလက်ဂွင်းနက်စ်သည် သာမန်ရုပ်ရှင် သရုပ်ဆောင်တ မဟုတ်ဘဲ၊ 'ကွေးမြစ်ပေါ်မှတံတား အစရှိသောကမ္ဘာကျော် ရုပ်ရှင် ကြီးများတွင် ပါဝင်ခဲ့၍ ကမ္ဘာ့အကောင်းဆုံးသရုပ်ဆောင် အကယ်ဒမီ ရရှိခဲ့သည့်ပြင် ပိတ်ကား ပေါ်တွင် သူ၏ ထူးချွန်ပြောင်မြောက်လှ သရုပ်ဆောင်မှုများကြောင့် ဗြိတိသျှအစိုးရက 'ဆာ'ဘွဲ့ ချီးမြှင့် ခဲ့ရသည့် 'ဆာဘွဲ့ရမင်းသားကြီး'ပင် ဖြစ်သည်။

အဆိုပါ'ဟစ်တလာ၏ နောက်ဆုံးဆယ်ရက်' ရုပ်ရှင်ကား ၁၉၇၃ခုနှစ် မေလဒုတိယအပတ်က အမေရိကန်ပြည်ထော နယူးယောက် မြို့တော်တွင် ရုံတင်ပြသခဲ့ရာ၌လည်း ဝက်ဝက်ကွဲ စည်ကားခဲ့သည်။ ထိုစဉ်က ထိုဇာတ်ကားတွင် အဲလက်ဂွင်းနက်စ်ကိုယ်

* Sir Alec Guinness

** The Bridge on the River Kwe





ဟစ်တလာအဖြစ် ပြောင်မြောက်စွာ သရုပ်ဆောင်ခဲ့ပုံများကို တိုင်းမ်ဂ္ဂဇင်းက အထူးဆောင်းပါးအဖြစ် ရေးသားကာ အောက်ပါအတိုင်းချီးကျူးခဲ့သည်။

'ဂွင်းနက်စ်သည် မူရင်းစာအုပ်ကို ဂရုတစိုက်ဖတ်ရှုပြီးမှ သရုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။ ဟစ်တလာ၏ မသိမသာ တသီးတခြားစီ ပေါ်လွင်နေသော အမူအရာများထဲမှ အကျင့်စရိုက် ကလေး များကို တစ်ခုစီတစ်ခုစီ ကောက်နှုတ်မှတ်သားခဲ့သည်။ ကိုယ်ကို တောင့်တောင့်တင်းတင်းကြီး ထားကာ ဟန်ပါပါဖြင့် သွားလာလှုပ်ရှားပုံ များ၊ တဖြည်းဖြည်း ဒေါသကြီးသည်ထက် ကြီးလာတတ်ပုံများ၊ သစ္စာ ဖောက်များ၊ ဆေးလိပ်သောက်သူများနှင့် အသားစားသူများ*အား၊ ညစာ မစားမီ အမျိုးမျိုးအဖုံဖုံ ရစရာ မရှိအောင် ကြိမ်းမောင်းရေရွတ် တတ်သည့် ညို့ဓာတ်ပါသော အသံများ . . . . စသည်စသည်တို့ကို အသေးစိတ် မှတ်သားကာ သရုပ်ဆောင်ထားပေသည်။ ဆင်ကြီးတစ်ကောင်၏ အရောင်အဆင်းကဲ့သို့ (ညစ်ထေးထေး) ဖြစ်နေသော မြေအောက် ပုန်းကျင်း၏ နံရံများမှသည် တတိယနိုင်ငံတော်ကြီး၏ စစ်ရေးပြကွင်း များသို့ တိုင်အောင် တခါတုံးဆီက ပွဲတင်ရိုက်ခတ်ခဲ့ဘူးသော စကားလုံး များသည် ယခုတဖန် ပြန်လည်ထွက်ပေါ်လာနေပေသည်။ ဒေါက်တာ မော်ရဲလ်**၏အာရုံကြောအားကောင်းသည့် ဆေးလုံးများကို အမြဲစား လာခဲ့ရသောကြောင့် တုန်တုန်ရီရီဖြစ်ကာ အသားအရေ ခမ်းခြောက် နေသော ဟစ်တလာ၏လက်သည် မလိုင်ဖတ်များကို ဇွန်းဖြင့်ခပ်ကာ ခြောက်လက်ကိတ်မုန့်တစ်ချပ်ပေါ်သို့ ပုံလိုက်လေသည်။ ဤကားသည် အကောင်းဆုံးသော အထောက်အထားများဖြင့် ခမ်းနားလှသည့် ရုပ်ရှင်

* ဟစ်တလာသည် ဆေးလိပ်လုံးဝ မသောက်တတ်သည့်ပြင် အမြဲတမ်း သက်သက်လွတ်စားသူဖြစ်သည်။ ။စာရေးသူ

** ဟစ်တလာအား အမြဲတမ်း ဆေးကုသပေးခဲ့ရသည့် ဆရာဝန် ဖြစ်သည်။ ။စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်ကားပင်ဖြစ်သည်။ သမိုင်း၏ ပြဇာတ်တစ်ခုပြီးဆုံးလုဆဲဆဲ ဟစ်တလာ၏ ပြိုကျသွားသော ဇာတ်ရုံကြီးမှ အုတ်ခဲများ၏ မြည်ဟီးသံကို ကြားလိုက်ရသကဲ့သို့ပင်ရှိသည်"

ဆာအဲလက်ဂွင်းနက်စ်၏ ပြောင်မြောက်လှသည့် သရုပ်ဆောင်ချက်များကြောင့် ယင်းရုပ်ရှင်ကားသည် ဘာလင်နှင့် နယူးယောက်မှာကဲ့သို့ပင် ကမ္ဘာအရပ်ရပ်၊ နိုင်ငံအသီးသီးမှ မြို့ကြီးပြကြီးများတွင်လည်း တိုးမပေါက်အောင် လူကြိုက်များ၍ စည်ကားဦးမည်မှာ မုချပင်ဖြစ်သည်။ ဤသို့ဖြင့် ဟစ်တလာမသေသေးဘဲ ကမ္ဘာတဝှမ်းလုံးရှိ ရုပ်ရှင်ရုံများ၏ ပိတ်ကားများပေါ်တွင် တဖန်ပြန်၍ အသက်ရှင်လာပေလိမ့်ဦးမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ကားဖြင့် အသက်ပြန်ရှင်လာသော ဟစ်တလာသည် လာမည့်နှစ်များတွင်လည်း ပို၍ပို၍ ဆက်လက်အသက်ရှင်လာရန် ရှိနေပြန်သေးသည်။ အဘယ့်ကြောင့်ဆိုသော် 'ဟစ်တလာ၏ နောက်ဆုံးဆယ်ရက်'ဇာတ်ကားမှာ ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတွင် အလွန်လူကြိုက်များလှသဖြင့် ပါရာမောင့်ရုပ်ရှင်ကုမ္ပဏီကြီးသည် ဟစ်တလာကိုဇာတ်လိုက်အဖြစ်ထား၍ နောက်ထပ်ရုပ်ရှင်ကား နှစ်ကားရိုက်ရန်စီစဉ်ပြင်ဆင် နေပြန်သောကြောင့်ဖြစ်သည်။

ဤတွင် ဟစ်တလာနှင့်ပတ်သက်၍ ရေးသားထုတ်ဝေခဲ့ကြသည့် 'ဟစ်တလာစာပေအထွေထွေ'တွင် စစ်မဖြစ်မီက ဟစ်တလာကိုယ်တိုင်ရေးသားခဲ့သည့် 'မိန်းကင့်'စာအုပ်ကြီးသည် ယနေ့တိုင်ထင်ရှားနေဆဲပင်ဖြစ်သကဲ့သို့ ဟစ်တလာရုပ်ရှင်များနှင့် ပတ်သက်၍လည်း စစ်ကြီးမဖြစ်မီက ရိုက်ကူးပြသခဲ့ပြီး ယနေ့တိုင်အောင် ကျော်ကြားနေသည့် ရုပ်ရှင်ကားတစ်ကား ရှိနေသည်။

ယင်းရုပ်ရှင်ကားမှာ အခြားမဟုတ်၊ ကမ္ဘာကျော်လူရွှင်တော်ကြီးချာလီချက်ပလင်ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သည့် 'အာဏာရှင်ကြီး'*

* The Great Dictator





ဆိုသော ရုပ်ရှင်ကားပင်ဖြစ်သည်။

မှန်သည်။ ဤ'အာဏာရှင်ကြီး'ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်သမိုင်းတွင်လည်းကောင်း၊ စစ်ကြီးမဖြစ်မီက ရိုက်ကူးခဲ့သည့်ရုပ်ရှင်ကားများထဲတွင်လည်းကောင်း၊ အထင်ရှားဆုံးနှင့် အကျော်ကြားဆုံးသော ရုပ်ရှင်ကားတစ်ကားအဖြစ် စာရင်းဝင်ခဲ့သည်။ အထူးသဖြင့် ထိုစဉ်က ကမ္ဘာ့ရုပ်ရှင်ပရိသတ်၏ အသဲစွဲအချစ်တော် ဖြစ်သော ချာလီချက်ပလင်ကိုယ်တိုင် 'အာဏာရှင်ကြီး' အဖြစ် သရုပ်ဆောင်ခဲ့သည်ဖြစ်ရာ ကမ္ဘာနှင့်အဝှမ်း ပြလေရာရာ ရုံတိုင်းတွင် တိုးမပေါက်အောင် စည်ကား၍ လူကြိုက်များသည့် ကားတစ်ကားဖြစ်ခဲ့သည်။

သို့သော်လွန်ခဲ့သော နှစ်ပေါင်း၄၀ခန့်က လူကြိုက်များ၍ ထင်ရှားခဲ့သော ဤ'အာဏာရှင်ကြီး'ဇာတ်ကားသည် ယခုလတ်တလော ကမ္ဘာ့မြို့ကြီးပြကြီးများတွင် တိုးမပေါက်အောင် စည်ကား၍ ကျော်ကြားနေသော 'ဟစ်တလာ၏ နောက်ဆုံးဆယ်ရက်'ဇာတ်ကားနှင့် ဇာတ်ကွက်ဇာတ်လမ်းရော အနှစ်သာရပါ လုံးဝမတူဘဲ ကွဲပြားခြားနားလျက်ရှိခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း 'ဟစ်တလာ၏နောက်ဆုံးဆယ်ရက်'ရုပ်ရှင်ကားမှာ တကယ့်ဖြစ်ရပ်များကို အခြေခံ၍ ဟစ်တလာကိုယ့်ကိုယ်ကို သတ်မသေမီ ဘာလင်မြို့မြေအောက် ပုန်းကျင်းထဲတွင် နေထိုင်သွားခဲ့သည့် နောက်ဆုံးဆယ်ရက်အတွင်း တကယ့်ဖြစ်ရပ်များကို အခြေခံကာ ရင်ဖိုသဲထိတ် စိတ်လှုပ်ရှားဘွယ်ရာ ရိုက်ကူးပြသခဲ့ခြင်းဖြစ်သည်။ သို့သော် 'အာဏာရှင်ကြီး'ဇာတ်ကားမှာမူ ထိုစဉ်က ဂျာမနီတွင် အာဏာရခဲ့ပြီးနောက် ဥရောပတိုက်မှ နိုင်ငံကလေးများကို ခြိမ်းခြောက်တိန်းဟောက်၍ အစမွသိမ်းပိုက်ကာ ကမ္ဘာကြီးတစ်ခုလုံးကို အုပ်စိုးရန် အကြံကြီးနေသော အာဏာရှင်ဟစ်တလာအား နောက်တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချော်ချော်ဖြင့် အကြီးအကျယ်သရော်ထားသည့် ရုပ်ရှင်ကားပင် ဖြစ်သည်။

အထူးသဖြင့် အဆိုပါ 'အာဏာရှင်ကြီး'ဇာတ်ကားတွင် ကမ္ဘာကျော် လူရွှင်တော်ကြီး ချာလီချက်ပလင်ကိုယ်တိုင် နှုဖူးတစ်ခြမ်း အုပ်နေသည့် 'ဟစ်တလာဆံပင်'နှင့် တိုနံ့နံ့ဖြစ်သည့် ဟစ်တလာနှုတ်ခမ်း မွှေးကို တပ်ကာ အာဏာရှင်ကြီးအဖြစ် သရုပ်ဆောင်ကာ ဟစ်တလာအား သရော်ထားသည်မှာ လွန်စွာသဘာဝကျ၍ ဟာသမြောက်လှသည်ကို တွေ့ရသည်။ ထိုဇာတ်ကားတွင် ချာလီချက်ပလင်သည် အရပ်ပုပု လူကောင်သေးသေးဖြင့် ဟစ်တလာလမ်းလျှောက်ပုံလျှောက်နည်း၊ ဟစ် တလာစကားပြောပုံပြောနည်း၊ ဟစ်တလာအလေးပြုပုံပြုနည်းများကို အတုခိုးကာ ဟာသမြောက်အောင် သရုပ်ဆောင်သွားခဲ့ရာ ထိုဇာတ်ကား ပြသသည့် ရုံတိုင်းတွင် ရုပ်ရှင်ကြည့်ပရိတ်သတ်ကြီးမှာ တဝါးဝါး တဟားဟားဖြင့် အူနှိပ်နေရပြီး ရုပ်ရှင်ရုံတစ်ရုံလုံး တအုံးအုံး တရုန်းရုန်း ဖြစ်ခဲ့ရသည်။

၎င်းတွင် ယခုဟစ်တလာ ရိုက်ကူးထုတ်လုပ်ခဲ့သည့် 'ဟစ်တလာ၏ နောက်ဆုံးဆယ်ရက်'ဇာတ်ကားမှ ဟစ်တလာအဖြစ် သရုပ်ဆောင်ခဲ့ သော ဆာအဲလက်ဂွင်းနက်စ်အား တိုင်းမဂ္ဂဇင်းကြီးက ချီးကျူးရေးသားကာ အသိအမှတ်ပြုခဲ့သည့်နည်းတူ ထိုစဉ်က 'အာဏာရှင်ကြီး'ဇာတ်ကားတွင် ဟစ်တလာဂိုက်ဖမ်းကာ လူတိုင်းအူတက်အောင်သရုပ်ဆောင် ကောင်းလှ သော ချာလီချက်ပလင်သည်လည်း ထိုက်သင့်သလို ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရသည်။ မြှောက်စားခံခဲ့ရပုံမှာ 'အဆိုပါအာဏာရှင်ကြီး'ဇာတ်ကားကို ဂျာမနီနိုင်ငံတွင် လုံးဝမပြရဟူ၍ အာဏာရှင်ကြီး ဟစ်တလာက တချက်လွှတ် အမိန့်ထုတ်ပြန်လိုက်ခြင်းပေတည်း။

ထိုနောက်စစ်ကြီးဖြစ်ပွား၍ ဥရောပတစ်တိုက်လုံးကို ဂျာမန်တို့





…မ်းပိုက်ပြီးသောအခါတွင်လည်း အဆိုပါ 'အာဏာရှင်ကြီး'ဇာတ်ကားကို …မန်တို့လက်အောက်ခံ နိုင်ငံအားလုံး၌ ပြသခြင်းမပြုရဟူ၍ ဟစ်တလာ …တိုးချဲ့ အမိန့်ထုတ်ပြန်ခဲ့သည်။

သို့သော် ယခုအခါ နှစ်လကြာညောင်း၍ ခေတ်ရေစီးကြောင်းနှင့် စနစ်ပါ …ပြောင်းလဲခဲ့ရုံမျှမက၊ လူ့နှင့်မူပါပြောင်းလဲလာခဲ့ပြီဖြစ်ရာ အဆိုပါ ချာလီ …က်ပလင်၏ 'အာဏာရှင်ကြီး'ဇာတ်ကားမှာ ဂျာမနီတွင်လွတ်လပ်စွာ …သခွင့်ရခဲ့၍ ဂျာမန်ပြည်သူများအနေဖြင့်လည်း ထိုဇာတ်ကားကို …တ်လပ်စွာ ကြည့်ရှုခွင့်ရခဲ့ကြပြီဖြစ်သည်။

ယခုနောက်ဆုံး သတင်းအရဆိုပါက ဂျာမနီတွင် အဆိုပါ …အာဏာရှင်ကြီး' ရုပ်ရှင်ကားကို ရုံတင်ပြသခဲ့သည့် မြို့ပေါင်းမှာ ၂၅မြို့ပင် …ဖြစ်သည်ဟု သိရသည်။

၎င်းနေရာတွင် 'အာဏာရှင်ကြီး'ကိုယနေ့ထက်တိုင် ရုံတင်ပြသ …င်းမပြုဘဲ ပိတ်ပင်ထားခဲ့သည့်နေရာများရှိနေသေးသည်။ ဂျာမနီ …ောင်ပိုင်း မြူးနစ်မြို့ကြီးကို ဗဟိုပြုထားသည့်ဘာဗေးရီးယားနယ်တွင် …အာဏာရှင်ကြီး'ရုပ်ရှင်ကားကို ယခုထက်တိုင်အောင် ရုံတင်ပြသခွင့် …ပြုဘဲထားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းနယ်မှာ အာဏာရှင် …း ဟစ်တလာ၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ရာ ထိုနယ်မှ အာဏာ …များက 'အာဏာရှင်ကြီး'ဇာတ်ကားသည် ဟစ်တလာကိုသာမက …မျိုးသားလုံးကို စော်ကားရာ ရောက်နေသည်ဟုယူဆခဲ့ကြသောကြောင့် …သည်။

သို့သော် ယခုအခါ ထိုရုပ်ရှင်ကား ရုံတင်ပြသခဲ့သမျှ ဂျာမနီ …င်မှမြို့ကြီး ၂၅မြို့တွင်မူ၊ ရုံတိုင်းပွဲတိုင်း လူလျှံ၍ ကြိတ်ကြိတ် …ည်ကား ခဲ့သည်။ ကမ္ဘာကျော်လူရွှင်တော်ကြီး ချာလီချက်ပလင်၏ …စ်တလာဂိုက်' ဖမ်းပုံများကို ယခင်က ကမ္ဘာ့ပြည်သူတစ်ရပ်လုံး …အုံးအုံးရယ်မောခဲ့ကြ ရသလို ယခုဂျာမန်ပြည်သူများသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



တဝါးဝါးတဟားဟားဖြင့် 'ပွဲကျ၍မဆုံးအောင်' ဖြစ်နေကြသည်။ ဤတွင် ထိုရုပ်ရှင်ကားကို ယခုမှ ကြည့်ပြီး သဘောအကျကြီးကျနေကြသည့် ဂျာမန်များအနက်မှ အတော် အတန် အစဉ်းစားဉာဏ်ရှိဟန်တူသည့် ဂျာမန်အမျိုးသမီးတစ်ယောက်ကမူ 'တကယ်လို့သာ ဒီရုပ်ရှင်ကားကို ဟိုတုံးကဂျာမနီမှာ ပြခဲ့ရင် ဟစ်တလာအာဏာရဘို့တောင် မလွယ်ဘူး' ဟူ၍ပင် ကောက်ချက်ချခဲ့သေးသည်။

မည်သို့ပင်ဖြစ်စေ ယင်းသို့လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ခန့်က ရိုက်ကူးပြသခဲ့သည့် 'အာဏာရှင်ကြီး'ဇာတ်ကားမှာ ယနေ့လောလောဆယ် ပူပူနွေးနွေး ရိုက်ထုတ်လိုက်သော 'ဟစ်တလာ၏ နောက်ဆုံးဆယ်ရက်' ဇာတ်ကားအထိ ဟာသရုပ်ရှင်ပင်ဖြစ်စေ၊ သဘာဝရုပ်ရှင်ပင်ဖြစ်စေ လုပ်ကြံဖန်တီးထားသည့် ရုပ်ရှင်ပင်ဖြစ်စေ၊ ဟစ်တလာနှင့်ပတ် သက်သမျှ ရိုက်ကူးပြသခဲ့ကြသော ပြသနေကြသော-ပြသကြလတ္တံ့သော ရုပ်ရှင်တား မှန်သမျှသည် ဟစ်တလာအားပြန်ပြောင်း သတိရဘွယ်ရာ ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ဤအတောအတွင်း ဟစ်တလာအားပို၍ ပြန်ပြောင်းအောက် မေ့ဘွယ်ရာ အကောင်းဆုံးသော ရုပ်ရှင်ကားတစ်ကားသည် မကြာသေး မီက 'ထူးခြားဆန်းကျယ်'စွာ ထွက်ပေါ်လာခဲ့ပြန်သည်။ 'ထူးခြားဆန်းတ စွာ'ဟူသော စကားလုံးကို သုံးလိုက်ရသည်မှာ တကယ်ထူးခြား၍ တကယ် ဆန်းကျယ်သောကြောင့်ပင်ဖြစ်သည်။

ယင်းရုပ်ရှင်ကား၏ ထူးခြားဆန်းကျယ်မှုမှာ ဤသို့ဖြစ်သည်

၁၉၄၅ခုနှစ်၊ မေလတွင် ဂျာမန်တို့လက်နက်ချခဲ့ကြ၍ စစ်ကြီး ပြီးဆုံးခဲ့ရာ ဘာလင်မြို့ကြီးကို ဆိုဗီယက်တပ်နီများက သိမ်းပိုက်ခဲ့ကြသ ဂျာမနီမှအခြားသော မြို့ကြီးမြို့နယ်များကိုလည်း မဟာမိတ်တပ်များ သိမ်းပိုက်ခဲ့ကြသည်။ ထိုသို့မဟာမိတ်တို့၏ သိမ်းပိုက်ခြင်းခံခဲ့ရသ





မြို့ကြီးပြကြီးများထဲတွင် ဟစ်တလာရှိစဉ်က နွေရာသီတွင် အမြဲတမ်းသွား ရောက်နေထိုင်လေ့ရှိသည့် အိုဘာဆဲလ်ဘာ့ဂ်မြို့သည်လည်း အပါအဝင် ဖြစ်သည်။

အိုဘာဆဲလ်စ်ဘာ့ဂ်မြို့ကို သိမ်းပိုက်ခဲ့ကြသော မဟာမိတ်တပ် များသည် ဟစ်တလာ၏ နွေရာသီစံအိမ်တော်မှ စာရွက်စာတမ်းများနှင့် မှတ်စုမှတ်တမ်းများ အပါအဝင် ဟစ်တလာ၏ အရေးကြီးသည့် ပစ္စည်း ပစ္စယများကို အမြောက်အများသိမ်းဆည်းခဲ့ကြသည်။ ယင်းပစ္စည်းများ၊ စာရွက်စာတမ်းများကို မဟာမိတ် ဌာနချုပ်သို့ ပေးပို့ခဲ့ရာ အချို့အရေး ကြီးသော စာရွက်စာတမ်းများနှင့် မှတ်စုမှတ်ရာများကို နာဇီခေါင်းဆောင် များအား နျူရင်ဘတ် စစ်ခုံရုံးတွင် စစ်ရာဇဝတ်ကောင်များအဖြစ် စစ်ဆေးခဲ့စဉ်က သက်သေခံ အထောက်အထားပစ္စည်းများအဖြစ် ရုံးတော် တွင် တင်ပြခဲ့ကြသည်။

ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးနှင့်ပတ်သက်သမျှ ကိစ္စဝိစ္စများ အလုံးစုံ ဆောင်ရွက်ပြီးကြသည့်အခါ ဂျာမန်တို့ထံသိမ်းဆီးရရှိခဲ့သမျှ တောင်ပုံရာပုံဖြစ်နေသော စာရွက်စာတမ်း၊ မှတ်စုမှတ်တမ်းနှင့် အရေး ကြီးသည့် သမိုင်းဝင်ပစ္စည်းများအားလုံးကို ကားအစီးပေါင်း မြောက်မြား စွာဖြင့် သယ်ဆောင်ကာ ဝါရှင်တန်မြို့တော်ရှိ တပ်မတော်မော်ကွန်းတိုက် တွင် စနစ်တကျ သိမ်းဆည်းထားခဲ့ကြသည်။

သို့ဖြင့် နှစ်ပေါင်းသုံးဆယ်နီးပါးမျှ ကြာလာခဲ့ပြီးနောက် လွန်ခဲ့သည့် ၁၉၇၃ခုနှစ် မတ်လနှင့် ဧပြီလများ အတွင်းက မော်ကွန်း တိုက်တွင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အဆိုပါစာရွက်စာတမ်း များနှင့် ပစ္စည်းများကို တစ်စုံတစ်ခုသောအကြံအစည်ဖြင့် ရှာဖွေမွှေနှောက် လှန်လှော်ကြည့်မိသည်။ ဤတွင်မှ အဆိုပါရုပ်ရှင်ကား၊ ဖလင်လိပ်များကို မမျှော်လင့်ဘဲ ဘွားကနဲတွေ့ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့နှစ်ပေါင်း ၂၈နှစ်တိုင်တိုင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် တပ်မတော်မော်ကွန်းတိုက်ထဲတွင် သည်အတိုင်း ပစ်ထားခဲ့ရာမှ ထူးဆန်းစွာ တွေ့ရှိလာခဲ့ကြသည်။ ရုပ်ရှင်ကားမှာ အခြားမဟုတ်၊ ဟစ်တလာ၏ နွေရာသီစံအိမ်တွင် တချိန်ကအပျော်တမ်း ရိုက်ကူးခဲ့သည့် အိမ်တွင်း ရုပ်ရှင်*ကားပင်ဖြစ်သည်။ ထို့ပြင် ထိုကားတွင် ဟစ်တလာကိုယ်တိုင် မည်သို့မည်ပုံ နွေရာသီစံအိမ်တွင် နေထိုင်ခဲ့ သည်များကို အပျင်းပြေမှတ်တမ်းတင် ရိုက်ကူးထားသည့် ရုပ်ရှင်ကားဖြစ် နေသည်ကို ထူးဆန်းစွာ တွေ့ရှိကြရသည်။

အဆိုပါရုပ်ရှင်ကားတွင် 'ဇာတ်လိုက်နှင့်ဇာတ်လိုက်မင်းသမီးမှာ' ဟစ်တလာနှင့်အီဗာတို့ပင်ဖြစ်နေသည်။ အီဗာဘရွန်းသည်ထိုအချိန်က ဟစ်တလာနှင့်တရားဝင်လက်ထပ်ခြင်းမပြုသေးသော်လည်း တိတ်တိတ်ကလေး 'ညား'နေခဲ့ကြပြီဖြစ်သည်။ အဆိုပါ ရုပ်ရှင်ကားထဲတွင် အီဗာဘရွန်းသည် ယခုခေတ် နာမည်ကျော် ရုပ်ရှင်မင်းသမီး ဂျူလီအင်ဒရူး**နှင့်မခြား ဂါဝန် ဖါးဖါးအကျီကို လက်ပွက်လေးဖြင့် ဂျာမန်တောသူကလေးပမာ ခုန်ပေါက် ပြေးလွှားမြူးတူးပျော်ပါးနေသည်ကို တွေ့ရသည်။ တနေရာတွင်မူ မင်းသမီး အီဗာဘရွန်းသည် တစ်ခါက အစ်ကိုကာလသားများ အသဲခွဲ ခဲ့ကြသော ပြင်သစ်ရုပ်ရှင်မင်းသမီး ဘားဒေ့ါထက်ပင် တပန်းသာ၍ ထိုစဉ်က ခေတ်စားခဲ့ကြသော နေစာလှူ အသင်းဝင်တစ်ဦးကဲ့သို့ အိန္ဒြေရဖြင့် သိက္ခာရှိလှသည်ကို တွေ့ကြရသည်။

---

* Home Movie

** Julie Andrews: နာမည်ကျော် 'မေရီပေါပင်' 'ဒါလင်လီလီ' အစရှိသော ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ကမ္ဘာကျော် ရုပ်ရှင် မင်းသားဖြစ်သည်။ ။စာရေးသူ





အလားတူပင် အဆိုပါရုပ်ရှင်ကားထဲတွင် 'ဇာတ်လိုက် ဟစ်တလာ'သည် ကလေးငယ်များအား ပွေ့ချီနမ်းရှုပ်နေပုံ လူဂုဏ်ထံ အထက်တန်းလွှာတို့၏ ဓလေ့အတိုင်း ဧည့်သည်အမျိုးသမီးများ၏ လက်ဖျားကို ငြင်ငြင်သာသာ သိမ်မွေ့စွာကိုင်၍ နမ်းနေပုံ ခပ်ရှုံ့ရှုံ့ဖြင့် နောက်တွန့်နေသော ခွေးကြီးတစ်ကောင်အား ချော့ခေါ်နေပုံ စသည့် အမူအရာများဖြင့်တွေ့ကြရသည်။

ထိုသို့ 'ဇာတ်လိုက် ဟစ်တလာနှင့်ဇာတ်လိုက်မင်းသမီးအီဗာ'တို့ အပြင် ဇာတ်ရံများအဖြစ် ဂိုးအားရင်းနှင့် ဂိုးဘဲလ်တို့လည်း ထိုရုပ်ရှင် ကားထဲတွင် ပါဝင်အသုံးတော်ခံထားကြသည်။ ခရစ္စမတ် ပါတီဧည့်ခံပွဲ တစ်ခုတွင် ဂိုးအားရင်းနှင့်ဂိုးဘဲလ်တို့နှစ်ယောက်သား 'လက်ဆွဲဘာဂျာ တီးမှုတ်ကာဖြင့်' အားရပါးရ ပျော်မြူးနေကြသည်များကို စိတ်ဝင်စားဘွယ်ရာ တွေ့မြင်ကြရသည်။

အထက်တစ်နေရာတွင် ဤရုပ်ရှင်ကားကို နှစ်ပေါင်းသုံးဆယ် ခန့်က အမေရိကန် တပ်မတော် မော်ကွန်းတိုက်တွင် ပစ်ထားခဲ့ကြရာမှ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က တစ်စုံတစ်ခုသောအကြံအစည်ဖြင့် ရှာဖွေမွှေနှောက်ရင်း မတော်တဆ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ သည်။ အဆိုပါ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မှာ လိုင်ဘာဆင်ဆိုသူ ဗြိတိသျှအမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးသမားတစ်ဦးဖြစ်သည်။

ဖြစ်ပုံမှာ ပရိုဂျူဆာခေါ် ရုပ်ရှင်ထုတ်လုပ်သူ လိုင်ဘာဆင်သည် မကြာမီဘဲလ်ဘတ်စပီးယား* ရေးသားခဲ့သည့် 'တတိယရိုက်ချ်နိုင်ငံတော်ကြီး၏အတွင်းရေး'**အမည်ရှိ စာအုပ်ကို ရုပ်ရှင်ရိုက်ရန်အတွက်ဝယ်ယူခဲ့သည်။

---

* ဟစ်တလာသည် အာဏာရစဉ်က ဂျာမန်အစိုးရအဖွဲ့တွင် စစ်ပစ္စည်း ထုတ်လုပ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရပြီး နျူရင်ဘတ်စစ်ခုံရုံးတွင် စစ်တရားခံတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ။စာရေးသူ

** Inside The Third Reich by Elbert Speer



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဆိုပါရုပ်ရှင်ကားအတွက် လိုအပ်သော အထောက်အထားများ ရယူရန် ယူကိုယ်တိုင်လန်ဒန်မှ ဝါရှင်တန်သို့ သွားရောက်ကာ အမေရိကန် တပ်မတော်မော်ကွန်းတိုက်မှ ဂျာမန်တို့၏ တောင်ပုံရာပုံ ရှိနေသော စာရွက်စာတမ်းများနှင့် သမိုင်းဝင် ပစ္စည်းများကို လှန်လှောမွှေနှောက် ရှာဖွေခဲ့သည်။

ဤတွင် ရုပ်ရှင်ထုတ်လုပ်သူ လိုင်ဘာဆင်သည်'ယုံတောင် ကြောင်မီ'ဆိုသည့်စကားပမာ 'မရွယ်ဘဲ စော်ကဲမင်းဖြစ်'သည့် ကိန်းမျိုးဖြင့် ကြုံခဲ့တိုးခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သူရိုက်ကူးမည့် ဇာတ်ကား အတွက် အထောက်အထားအကိုးအကားများ ရှာဖွေရာမှ အဆင်သင့် ရိုက်ကူးပြီး ဆေးပြီးဖြစ်နေသော အထက်ပါ ဆေးရောင်စုံ ရုပ်ရှင်ကား ဖလင်လိပ်များကို ဘွားကနဲ တွေ့လိုက်ရသောကြောင့်တည်း။

သို့ဖြစ်ရာ လိုင်ဘာဆင်သည် အမေရိကန်တပ်မတော် မော်ကွန်းတိုက်မှ သက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်အရ အဆိုပါ ဖလင်ကော်ပြားများကို ထပ်မံကူးယူခဲ့သည်။ ထို့နောက်သူသည် ဂျာမန် လူမျိုးအဆက်အနွယ် အသက် ၂၃နှစ်မျှသာရှိသေးသော ဖိလစ်မိုရာဆိုသူအား ဒါရိုက်တာအဖြစ် တာဝန်ပေးကာ အဆိုပါရုပ်ရှင်ကားကို 'ဆွာစတီကာ'* (စကြာ)ဟူသော အမည်ဖြင့် လန်ဒန်မြို့တွင် ရုံတင်ပြသခဲ့သည်။ ထုံး အတိုင်း ဝက်ဝက်ကွဲအောင် စည်ကား၍ ကြိတ်ကြိတ်တိုးအောင် လူကြိုက် များသည့် ကားတစ်ကားဖြစ်ခဲ့သည်ဟူသတည်း။

ဤသို့ဖြင့် မမျှော်လင့်ဘဲ ဆန်းကြယ်ထူးခြားစွာ တွေ့ရှိခဲ့ရသည့် 'စကြာ'ရုပ်ရှင်ကားထဲတွင် လူစားမထိုး အယောင်မဆောင်ဘဲ ငွေရောင် ပိတ်ကားပေါ်၌ ဟစ်တလာကိုယ်တိုင် ပါဝင်အသုံးတော်ခံခဲ့သည်။

* Swastika: ဟစ်တလာ နာဇီတို့၏ အလံမှစကြာတံဆိပ်ကို ဆိုသည်။ ။စာရေးသူ





ကြည့်ရှုကြရခြင်းဖြင့် ဟစ်တလာသည် အမှန်တကယ်ပင် အသက်ပြန်ရှင် လာသလိုဖြစ်ခဲ့သည်။

တဖန်သည့်ထက်သည်ပို၍ ငွေရောင်ပိတ်ကားပေါ်တွင်သာ မကဘဲ ဇာတ်ခုံများပေါ်တွင်ပါ အသက်ပြန်ရှင်လာသောဟစ်တလာကို ထူးထူးခြားခြား တွေ့ရပြန်သေးသည်။ ယင်းကား အခြားမဟုတ်၊ ပွဲလမ်း သဘင်များဖြင့် ထာဝစဉ် မြူးတူးပျော်ပါး၍ 'လောကီနိဗ္ဗာန်'ဟု သတ်မှတ် ထားကြသည့်ပဲရစ်မြို့တော်ကြီး၏ ညကလပ်မှ ဇာတ်ခုံများပေါ်တွင် 'ဟစ်တလာ ကပွဲသဘင်'ဟူ၍ ထူးထူးဆန်းဆန်း ပေါ်ပေါက်လာခြင်း ပေတည်း။

မှန်သည်၊ လွန်ခဲ့သည့် ၁၉၇၃ ခုနှစ်အတွင်း ပဲရစ်မြို့တော်တွင် ဆန်းဆန်းပြားပြား တီထွင်လိုက်သော 'ဟစ်တလာကပွဲသဘင်'များသည် အတော်ပင် ခေတ်စားခဲ့သည်။ အဆိုပါ ကပွဲများမှာ အော်ပရာ ဘဲလေး စသည့် တဇာတ်ပြဇာတ်ကြီးများကပြသည့် ဇာတ်ရုံကြီးများတွင် ကပြခဲ့ခြင်း မဟုတ်ဘဲ ပဲရစ်မြို့သူမြို့သားများ ညလုံးပေါက် သောက်စားပျော်ပါး လေ့ရှိကြသည့် ညကလပ်များမှ ဇာတ်ခုံကလေးများပေါ်တွင် ကပြအသုံး တော်ခံခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ 'ဟစ်တလာကပွဲသဘင်'တွင် ကပြပုံမှာ 'ဟစ်တလာ နှုတ်ခမ်းမွေးနှင့် ဟစ်တလာဆံပင်'ဆပ်ဆင်ထားသည့် လူတစ်ယောက်သည် ဂျာမန်ဗိုလ်ချုပ်ကြီးများ ဝတ်လေ့ရှိသည့် အောက်ပိုင်းကြပ်ကြပ် အပေါ်ပိုင်း ပွပွ ဘောင်းဘီကြီးနှင့် ဘဲလေးကခြေသည်များဝတ်သည့် ဂါဝန်စကပ်ကို အမြင်မတော်အောင် ဝတ်ထားကာ တင်သားနှင့်ရင်သားများ မထင်မရှား ဖော်ထားသည့် ညကလပ်ကခြေသည်များ အကြားတွင် စတီရီယိုတေးများ ကို သံသေး သံကြောင်များဖြင့် အော်ဟစ်သီဆိုရင်း ဘယ်ညာယိမ်းထိုး၍ ကိုးယို့ကားယား ကပြအသုံးတော်ခံခြင်းပင်ဖြစ်သည်။ ထူးထူးဆန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



တီထွင်တင်ဆက်လိုက်သော ယင်းကပွဲကို 'ဟဲလို ဟစ်တလာ'*ဟူ၍ ထူးထူးဆန်းဆန်းပင် အမည်ပေးခဲ့ကြသည်။

'ပျော်ပျော်နေသေခဲ့'ဆိုသည့် စကားလို ပျော်ရပါးရမည်ဆိုလျှင် အဝီစိအထိလိုက်၍ ပျော်ကြပါးကြမည့် ပဲရစ်မြို့သူမြို့သားများသည် ညကလပ်များတွင် ကပြအသုံးတော်ခံခဲ့သည့် အဆိုပါ'ဟဲလို ဟစ်တလာ ကပွဲများကို ပျော်ပျော်ပါးပါး တဝါးဝါးတဟားဟားဖြင့် ကြည့်ရှုအားပေး ခဲ့ကြသည်။ လက်ခုပ်သံ လေချွန်သံများဖြင့် ဆူညံစွာ ဩဘာပေးခဲ့ကြသည်။

တဖန်ပဲရစ်မြို့တော်၏ ညများမှ 'ဟဲလို ဟစ်တလာ'ကပွဲများ အားကျမခံ လန်ဒန်မြို့မှ ကပွဲရုံများတွင်လည်း 'ကျွန်မဟာ ဟစ်တလာ့ အိမ်စေမကလေးပါ'ဟူသော အမည်ဖြင့် ဟစ်တလာကပွဲ'တစ်ခု တင်ဆက်ခဲ့ပြန်သည်။ ဤကပွဲမှာလည်း ဟစ်တလာ၏ အိပ်ရာကို နေ့စဉ် ခင်းပေး၊ သိမ်းပေးရသည့် အိမ်စေမကလေးတစ်ယောက်နှင့် ဟစ်တလာ မယိုတထိပြောဆိုကြပုံ ဖြစ်ကြပျက်ကြပုံများကို ကိုးယို့ကားယားသီချင်းများ ကိုးယို့ကားယားအကများဖြင့် သီဆိုကပြကြခြင်းဖြစ်သည်။ 'ဟစ်တလာ ဟူသော အမည်ကိုကြားရုံမျှဖြင့် စိတ်ပါဝင်စားနေခဲ့ကြသော လန်ဒန် လန်ဒန်သားများသည် အဆိုပါဆန်းကြယ်လှသည့် နာမည်ဖြင့် ဆန်းကျ လှသည့်ကပွဲကို တခဲနက်ကြည့်ရှုအားပေးခဲ့ကြသဖြင့် ယင်း'ဟစ်တလာ ကပွဲ'မှာ ရက်ပေါင်းများစွာ ကပြအသုံးတော်ခံခဲ့ရသည်။

ယခင်ကငွေရောင်ပိတ်ကားပေါ်တွင်သာ သရုပ်ဆောင်ခဲ့သော 'ဟစ်တလာ'သည် ယခုတဖန် ပဲရစ်နှင့် လန်ဒန်တွင်ဇာတ်ခုံပေါ်သို့တက် သီဆိုကပြအသုံးတော်ခံခဲ့ရာမှ နောက်ဆုံး၌ မကြာသေးမီက ဂျာမန် ပြည်သူများ အား ဒေါ်ပါပါ မှာန်ပါပါဖြင့် မိန့်ခွန်းပြောကြားလာပြန်သည်ကို တွေ့ကြရသည်။ ဤသည်မှာ အခြားမဟုတ်၊ ဟစ်တလာ၏အသံနှင့်

* Hello Hitler!





လုံးဝထပ်တူထပ်မျှ တူအောင်ပြောနိုင်သည့် 'အသံတုဝိဇ္ဇာတစ်ယောက် ပေါ်ပေါက်လာခဲ့ခြင်းပေတည်း။'

မှန်သည် ဩစတြီးယားပြည်သား ကွာလ်တင်ဂျာဆိုသူ လူရွှင် တော်တစ်ယောက်သည် အသံတုပညာဖြင့် အသက်မွေးဝမ်းကျောင်း လာခဲ့သည့် လူရွှင်တော်တစ်ဦးဖြစ်သည်။ သူသည် ခွေးဟောင်သံ၊ ကြောင်အော်သံ၊ ကြက်တွန်သံများကိုလည်းကောင်း၊ သေနတ်ပစ်သံ၊ မီးရထားခုတ်သံ၊ မြင်းခွာသံစသည်များကိုလည်းကောင်း၊ အခြား လူသိများ၍ ထင်ရှားနေသော ဂျာမန် ရုပ်ရှင် ပြဇာတ် သရုပ်ဆောင်သူ များ၏ အသံမျိုးစုံတို့ကိုလည်းကောင်း၊ ထပ်တူထပ်မျှတူအောင် လုပ်ပြနိုင်သူ ဖြစ်သည်။

နောက်ဆုံး၌ အဆိုပါ အသံတုဝိဇ္ဇာကွာလ်တင်ဂျာသည် ယနေ့ ယခင်က စိတ်ကူးထဲတွင် မထည့်မိဘဲ ယခုမှပေါက်ပေါက်ရှာရှာ ဟစ်တလာ ၏ အသံကို ကြံကြီးစီရာ အသံတုအဖြစ် လုပ်ပြလိုက်ရာ သူမျှော်လင့်ထား သည်ထက် ပို၍ နာမည်ကြီးကာ 'စားသာ'ခဲ့သည်ကို တွေ့ရသည်။

ဤသို့ဖြင့် ကွာလ်တင်ဂျာသည် တောင်ဘက်ဖျားရှိ မြူးနစ်မြို့မှ မြောက်ဘက်ဖျားရှိ ဟမ်းဘတ်ဂ်မြို့အထိ အနောက်ဂျာမနီတစ်ခွင် ပြုပြု စင်အောင် လှည့်လည်သွားလာကာ 'ဟစ်တလာ၏အသံ'ဖြင့် ဂျာမန် ပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့ရာ ပွဲတိုင်းရုံလျှံ၍ 'ဝမ်းစမိုး'သံ သောသောညံကာ ရွှေပွဲလာတို့၏ တခဲနက် ဩဘာပေးခြင်းခံခဲ့ရသည်။

ထောင်ပေါင်းများစွာသော ပရိသတ်ကြီး၏ ရှေ့မှောက်တွင် ဇာတ်ခုံပေါ်မှ ထိန်လင်းသော မီးရောင်အောက်သို့ အသံတုဝိဇ္ဇာဆရာ ကွာလ်တင်ဂျာသည် နှုတ်ခမ်းမွေးတိုနံ့နံ့၊ ဆံပင်ညာဘက်နဖူးတခြမ်း အုပ်ကာ ဟစ်တလာဂိုက်ဖမ်း၍ တလှမ်းချင်းညာဘက် နဖူးတစ်ခြမ်း အုပ်ကာ ဟစ်တလာဂိုက်ဖမ်း၍ တစ်လှမ်းချင်းထွက်လာသည်။ ဇာတ်ခုံ အလယ်တည့်တည့်သို့ အရောက်တွင် ဖြတ်ကနဲရပ်လိုက်သည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ဖက်သို့ ဟန်ပါပါလှည့်လိုက်ပြီး ညာဘက်လက်ကို ၄၅ဒီဂရီ မြှောက်၍ အလေးပြုကာ 'ဟေး . . . . ဟစ်တလာ'ဟူ၍ အော်လိုက်သည် တစ်ရုံလုံးအုံးကနဲ ပွဲကျသွားသည်။

ထို့နောက် နှုတ်ခမ်းမွှေးအတု ဆံပင်အတုဖြင့် ဟစ်တလာအသွင် ဖြစ်သော ကွာဘင်ဂျာသည် သူ၏အသံတုပညာအစွမ်းကို ပြတော့သည် သူသည် ဇာတ်ခုံဒေါင့်မှ တရားဟောခုံကလေးရှိရာသို့ လျှောက်သွား၍ ခုံကလေးပေါ်တွင် အဆင်သင့်ရှိနေသည့် 'မိန်းကင့်ဖ်'စာအုပ်ကြီးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် သူ့မျက်နှာကို ဘယ်ညာစောင်း၍ ဇာတ်ခုံအောက်မှ ပရိသတ်ကြီးအား ဟန်ပါပါဖြင့်ကြည့်လိုက်သည်။ ပြီး 'ဂျာမန်ရဲဘော်အပေါင်းတို့ . . . 'ဟူ၍ အစချီကာ သူ့ရှေ့တည့်တည့် 'မိန်းကင့်ဖ်'စာအုပ်ကြီးထဲမှ စာပိုဒ်များကို တပိုဒ်ချင်းတပိုဒ်ချင်း တတ ဟစ်တလာအသံဖြင့် ရွတ်ဖတ်သရဇ္ဈာယ်တော့သည်။

ပြောရင်း-ပြောရင်း ဒေါသကြီးသည်ထက် ကြီးလာသော ဟစ်တလာအသံ. . .၊ လက်နှစ်ဖက်စုံမြှောက်ကာ ကရားမှ ရေပန်းသ မနားတမ်း တောက်လျှောက်ကြီးပြောသွားသည့် ဟစ်တလာ၏အသံ. . . တစ်ချက်တစ်ချက်တွင် လက်နှစ်ဖက်ဖြင့်စားပွဲခုံကို ပြန်းကနဲရိုက်ချ တအားကုန်းအော်လိုက်သည့် ဟစ်တလာ၏အသံ. . .၊ တစ်ခါတ ဟန်ပါပါ ဒေါပွပွဖြင့်စားပွဲကို လက်သီးဖြင့် ဒုန်းကနဲထုချလိုက်ရင်း ငယ် ပါအောင် ကြုံးဟစ်လိုက်သည့် ဟစ်တလာ၏အသံ. . .၊ သဒ္ဒါမှန် ဝါကျမှန်မှန် မပြောတတ်ဘဲ၊ အလွဲလွဲအမှားမှား စကားလုံးများ မကြာခဏ ကိုးယို့ ကားယားထွက်လာတတ်သော ဟစ်တလာ အသံ. . . . စသည်စသည် ဖြင့် တကယ့်ဟစ်တလာ၏အသံအတိုင်း တသွေမတိမ်း ထပ်တူထပ်မျှ ကြားလိုက်ရသော ဂျာမန်ပရိသတ်ကြီး အသံတုဝိဇ္ဇာကွာလ်တင်ဂျာအား လက်ခုပ်သံ တဖြောင်းဖြောင်း သောင်းသောင်းဖျဖျ ဩဘာပေး၍ မဆုံးအောင်ရှိခဲ့ကြသည်။





ဤသို့ဖြင့် ဟစ်တလာ၏ ရုပ်ပုံလွှာကို ပိတ်ကားပေါ်တွင် လည်းကောင်း၊ ဇာတ်ခုံပေါ်တွင်လည်းကောင်း၊ မြင်တွေ့နေရရုံမျှမက အသံကိုပင် ကြားနေကြရပြန်ရာ ဟစ်တလာသည် လူသာသေသော်လည်း နာမည်မသေရုံမျှမက အသံပါမသေသေးဘဲရှိနေသည်ဟု ဆိုရမလို ဖြစ်နေသည်။

'ဟစ်တလာ ရုပ်ရှင်ဟစ်တလာကပွဲနှင့် ဟစ်တလာအသံတုများ ကြောင့် ဟစ်တလာမသေဟုဆိုပါမူ အချို့သော ပုဂ္ဂိုလ်များ၏ 'အရူးထ'မှု များသည်လည်း ဟစ်တလာကို ယနေ့အထိ မသေအောင် လုပ်ဆောင် ပေးသလိုဖြစ်နေသည်ဟု ဆိုနိုင်သည်။

ထိုပုဂ္ဂိုလ်များ၏ 'အရူးထမှု'များမှာလည်း အခြားအခြားသော အကြောင်းအချက်များနှင့်ပတ်သက်၍ အရူးထနေကြခြင်း မဟုတ်ဘဲ ဟစ်တလာနှင့် ပတ်သက်၍ အရူးထနေကြခြင်းဖြစ်သည်။ ပို၍ရှင်းအောင် ဆိုရလျှင် ထိုပုဂ္ဂိုလ်များသည် ဟစ်တလာရူး ရူးနေကြသူများပင် ဖြစ်သည်။

စင်စစ် 'ပုထုဇ္ဇနော-ဥမ္မတ္တကော'ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ဦးထုပ်တစ်လုံး-ဒေါ်လာနှစ်ထောင်

စင်စစ် 'ပုထုဇနော-ဥမ္မတကော'ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။

ပုထုဇဉ်လူသားမှန်သမျှ သတိလက်လွတ်ဖြစ်ကာ သွက်သွက်ခါအောင် ရူးမနေကြသော်ငြားလည်း လူတိုင်းလူတိုင်း၏ စိတ်များသည် မတည်မမြဲဖောက်လွဲဖောက်ပြန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရူးနေကြသူများပင်ဖြစ်သည်။ မသိမသာ အနည်းနှင့်အများ စိတ်ဖောက်ပြားနေကြသူများပင်ဖြစ်သည်။

ထိုမှတစ်ပါး နေရာတကာတွင် သူများတကာထက် ပေါ်လွင်ထင်ရှားကျော်ကြားထူးခြားအောင် လုပ်ဆောင်လိုကြခြင်းဖြင့် အရူးစိတ်ကလေးများသည် လူတိုင်းတွင် မသိမသာကိန်းအောင်းနေတတ်ကြသည်။ သို့ဖြစ်၍လည်း 'ရူးမှထူးသည်-ထူးမှရူးသည်'ဟူသော စကားကို မကြာခဏ ပြောဆိုတတ်ကြခြင်းဖြစ်သည်။

သို့ဖြင့် တစ်စုံတစ်ရာ ထူးထူးခြားခြား လုပ်တတ်ကြသူများအား





အများတကာက 'ဒါဟာသက်သက်အရူးထတာဘဲ'ဟူ၍လည်းကောင်း၊ ဒါကတော့ ရူးလို့လုပ်တာပါ'ဟူ၍လည်းကောင်း၊ အရူးဖြင့် ခိုင်းနှိုင်းကာ သွာမတာဝေဖန် ပြောဆိုခဲ့ကြခြင်းဖြစ်သည်။

၁၉၆၉ ခုနှစ်၊ ဂျူလိုင်လ ပထမပတ်အတွင်းကဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အရှေ့ဘက်ကမ်းခြေ ကာလီဖိုးနီးယားည်နယ် လော့အိန်ဂျလီးစ်မြို့တော်၏ တစ်ခုသော အဆောက်အဦးအတွင်း၌ လူအများဖြင့် စည်စည်ကားကားဖြစ်နေသည်၊ အဆောက်အဦးခန်းမဆောင်အတွင်းရှိ အမျိုးသမီး အမျိုးသားအားလုံးတို့မှာ ဝတ်ကောင်းးကောင်းများ ဝတ်ဆင်ထားကြပြီး တစ်ယောက်တစ်ခွန်းဖြင့် တိုးတိုးတဖုံယ်ကျယ်တမျိုး ဆူညံစွာစကားပြောဆိုလျက်ရှိနေကြသည်။

ထိုအခိုက် အဆိုပါ လူကြီးလူကောင်းများနှင့် မျက်နှာချင်းဆိုင်မှ ပွဲတစ်လုံးဖြင့် မတ်တပ်ရပ်နေသော ဥပမိရုပ်ကောင်းကောင်း အရပ်ဆင်ထောင်မောင်းမောင်းဖြင့် လူတစ်ယောက်သည် သူ၏လက်ထဲတွင် ်ထားသည့် သစ်သားလက်ရိုက်တူကလေးကို မသိမသာမြှောက်လိုက် အခန်းထဲရှိ လူအားလုံးကြားလောက်အောင် အော်ပြောလိုက်သည်။

"ဒေါ်လာနှစ်သိန်း တစ်ခါ. . . ."

သူ့အသံကြောင့် ဆူညံစွာ စကားပြောနေကြသော ဂုဏ်သရေရှိမင်းများသည် မီးကိုရေဖြင့်သတ်လိုက်သလို ရှုံကနဲငြိမ်သွားကြသည်။

"ဒေါ်လာ နှစ်သိန်း နှစ်ခါ . . . ."

အားလုံးအသက်အောင့်ထားကြသဖြင့် တစ်ခန်းလုံး ဘာသံမှားအောင်တိတ်သွားသည်။

"ဒေါ်လာနှစ်သိန်း သုံးခါ . . . ."

မတ်တပ်ရပ်နေသော ပုဂ္ဂိုလ်သည် ထိုသို့ကသုံးကြိမ်သုံးခါ်ဟစ်ရင်း တဆက်တည်းပင်သူ့လက်ထဲမှ မြှောက်၍ ကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သစ်သားလက်ရိုက်တူကလေးကို စားပွဲပေါ်သို့ တအားထုချလိုက်ရာ 'ဒုံး' ဟူသော အသံသည် တစ်ခန်းလုံး ဟိန်းသွားတော့သည်။

ဤသို့ဖြင့် ထိုနေ့က အဆိုပါ လော့အိန်ဂျဲလိစ်မြို့မှ ပစ္စည်းအဟောင်းများ လေလံတင်သည့်ပွဲတွင် ပစ္စည်းတစ်ခုကို ဒေါ်လာနှစ်သိန်းဖြင့် အရောင်းအဝယ်ဖြစ်သွားခဲ့သည်။ ထိုပစ္စည်းမှာ တစ်စုံတစ်ရာ ထူးခြားဆန်းကြယ်သည့် ပစ္စည်းမဟုတ်၊ ပါရှားပြည်မှ ယက်လုပ်သည့် ကော်ဇောကြီးတစ်ချပ်သာလျှင် ဖြစ်သည်။ ထို့ပြင် ကော်ဇောကြီးမှာ ရွှေဖြင့်ယက်ထားသည့် ရွှေကော်ဇောကြီးလည်းမဟုတ်၊ ငွေဖြင့်ယက်ထားသော ငွေကော်ဇောကြီးလည်းမဟုတ်၊ နူးညံ့ပြော့ပြောင်းလှသည့် 'ကုလားအုပ်မွေးများဖြင့် ယက်လုပ်ကာ အလွန်လှပသော ပန်းပွင့်ကြီးများဖြင့် သေသေချာချာ ရောင်စုံခြယ်ထားသည့် အကောင်းစား ကော်ဇောကြီးတစ်ချပ်'ဟူ၍သာ ဆိုနိုင်သည်။

သို့ဖြစ်လျှင် မူလတန်ဘိုးအားဖြင့် အများဆုံး ဒေါ်လာနှစ်သောင်းမျှသာတန်မည့် အဆိုပါကော်ဇောကြီးကို အဘယ့်ကြောင့် ဆယ်ဆတိုး၍ တန်ဘိုးကြီးစွာဖြင့် ဝယ်ယူခဲ့ပါသနည်း။ ဤသည်မှာ အကြောင်းရှိ၍ဖြစ်သည်။

ယင်းအကြောင်းကား အခြားမဟုတ်၊ ထိုနေ့က လေလံပွဲတွင် အမေရိကန်ဒေါ်လာနှစ်သိန်းဖြင့် အဆမတန် ဈေးကြီးပေး၍ လေလံဆွဲခဲ့သော အဆို ပါရှားကော်ဇောကြီးသည် တစ်ခါက နာဇီဂျာမနီအာဏာရှင်ဟစ်တလာအသုံးပြုခဲ့သည့် ကော်ဇောကြီးဖြစ်သော ကြောင့်တည်း။

အဖက်ဖက်က ခေတ်မှီတိုးတက်နေသည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့်အလျောက် ထိုနေ့ကပြုလုပ်ခဲ့သည့် အဆိုပါလေလံပွဲကို ရုပ်မြင်သံကြားရိုက်ကူးကာ ကာလီဖိုးနီးယားပြည်နယ်တစ်ခုလုံးသို့ ထုတ်လွှင့်ခဲ့သည်ဖြစ်ရာ 'ဟစ်တလာရဲ့ ကော်ဇောကြီး ဒေါ်လာနှစ်သိန်းနဲ့ ဝယ်သွားပြီတဲ့'ဟူသော သတင်းသည် စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း အုပ်အော်သောင်းနင်း ဖြစ်သွားခဲ့သည်။ ထိုမှတဆက်တည်း နောက်တစ်နေ့ထုတ် အမေရိကန်ပြည်ထောင်စုတဝှမ်းလုံးမှ သတင်းစာအားလုံးတို့တွင် 'ယမန်နေ့က ကာလီဖိုးနီးယားပြည်နယ် လော့စ်လိန်ဂျလိဂ်မြို့တွင် ပြုလုပ်ခဲ့သည့် ရှေးဟောင်းပစ္စည်းများ ရောင်းချသည့်လေလံပွဲတွင် တစ်ခါကဂျာမနီအာဏာရှင် ဟစ်တလာ အသုံးပြုခဲ့သည့် ပါရှားကော်ဇောကြီးအား ဟောင်းဝါဒ့်ဟူးဟ်ဆိုသည့်ပုဂ္ဂိုလ်တစ်ဦးက ဒေါ်လာနှစ်သိန်းပေး၍ ဝယ်ယူသွားခဲ့ကြောင်း' ဟူသော သတင်းကို မျက်နှာဖုံးမှ ခေါင်းစီးစာလုံးမဲကြီးဖြင့် ပြူးကနဲပြဲကနဲဖော်ပြခဲ့ကြသည်။

ဟောင်းဝ့ါဒ်ဟူးစ်

မှန်သည်၊ ဟစ်တလာ၏ကော်ဇောကြီးကို မတန်တဆပေး၍ လေလံဆွဲခဲ့သည့်ပုဂ္ဂိုလ်မှာ ဟောင်းဝ့ါဒ်ဟူးစ်ပင်ဖြစ်သည်။ ဤပုဂ္ဂိုလ်ကြီးသည် နှယ်နှယ်ရရမဟုတ်၊ ကာလီဖိုးနီးယားပြည်နယ်တစ်ခုလုံးနှင့်တကွ အမေရိကန်ပြည်ထောင်စုတစ်ဝှမ်းလုံးတွင်ပါ ထင်ပေါ်ကျော်ကြားလူသိများခဲ့သည့် ဟောလီးဝုဒ် ရုပ်ရှင်ပဂေးသန်းကြွယ်သူဌေးကြီးပင်ဖြစ်သည်။ ယခုဆိုလျှင် နဂိုမူလကပင် ထင်ရှားကျော်ကြားလူသိများနေခဲ့သော ဟောင်းဝ့ါဒ်ဟူးစ်သည် ထိုနေ့ကလေလံပွဲတွင် အခြားသူဌေး ဆယ်ဦးနှင့် ယှဉ်ပြိုင်ကာ အဆိုပါဟစ်တလာ၏ ကော်ဇောကြီးကို ဒေါ်လာနှစ်သိန်းဖြင့် ဈေးအများဆုံး ပေး၍ ဝယ်ယူခဲ့သည့်အတွက် နာမည်ကြီးသည်ထက် ကြီးလာခဲ့သည်။ လူသိများသည်ထက် များသွားခဲ့သည်။

ဤသည်ပင်လျှင် 'ပုတုဇ္ဇနော-ဥမ္မတ္တကော'၏ သဘောပင်ဖြစ်သည်။

ကမ္ဘာကျော်ဟောလီးဝုဒ် ရုပ်ရှင်ပဂေးကြီးအဖြစ်လည်းကောင်း ဒေါ်လာ တစ်သန်းနှစ်သန်းမျှမက၊ ဆယ်သန်း သန်းနှစ်ဆယ်ကျော်

www.burmeseclassic.com



ချမ်းသာ၍ ကုဋေကုဋာ ကြွယ်ဝနေသည့်သူဌေးကြီးအဖြစ်လည်းကောင်း
နာမည်ကြီးနေသည်ကိုပင် အားမရတင်းမတိမ်နိုင်သော ဟောင်းဝ
ဟူးစ်သည် 'ဟစ်တလာ' ဟူသော အမည်ကိုလည်းကောင်း၊ 'ဟစ်တလာ
ကော်ဇော'ဟူသောပစ္စည်းကိုလည်းကောင်း၊ 'ဒေါ်လာနှစ်သိန်း'ဟူ
ငွေအရေအတွက်ကိုလည်းကောင်း၊ ဤအကြောင်းသုံး ရပ်ကို အခြေပြု
သူ့ကိုယ်သူ ပို၍ပို၍ နာမည်ကြီးအောင်၊ သာ၍သာ၍ ထင်ရှားအော
လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်သည်။

ဤအချက်မှာ စိတ်ကူးယဉ်သက်သက်ဖြင့် ရော်ရမ်းမှန်းဆ
အမနာပစွပ်စွဲလိုက်ခြင်းမဟုတ်၊ အဘယ်ကြောင့်ဆိုသော် များမကြာ
ဟောင်းဝါ့ဒ်ဟူးဟ်သည် ဆီယာမက်ဆိုသူ သတင်းထောက်တစ်ဦးအ
အသစ်ဆောက်လုပ်ထားသည့် သူ့အိမ်သို့တကူးတက ဖိတ်ကြား
ဧရာမဧည့်ခန်းမဆောင်ကြီးထဲတွင် ခင်းကျင်းထားသည့် အဆိုပါ ဧရာ
ကော်ဇောကြီးကို ပြသရင်း ဤကော်ဇောကြီး၏ ရာဇဝင်ကို ဇာတ်စုံခင်း
သတင်းပေးခဲ့ပြန်သောကြောင့်ဖြစ်သည်။

ဤသို့ဖြစ် ဤကော်ဇောကြီး၏နောက်ဆက်တွဲ သတင်းသ
အမေရိကန် စာနယ်ဇင်းများတွင် တခမ်းတနား ပါလာပြန်ပြီး ဟောင်းဝ
ဟူးစ်မှလာလည်း နာမည်ကြီးသည်ထက်ကြီးလာရပြန်သည်။ လူသိမျ
သည်ထက်များလာရပြန်သည်။

မည်သို့ပင်ဖြစ်စေ ဟောင်းဝါ့ဒ်ဟူး၏ ကျေးဇူးကြော
ဤကော်ဇောကြီး အကြောင်းကိုအများပြည်သူတို့ သိလာရသည်မှာ အ
ပင်ဖြစ်သည်။

ဒေါ်လာနှစ်သိန်းတန် ကော်ဇောကြီး၏ နောက်ကြောင်းရာဇ
မှာ ဤသို့လျှင်ဖြစ်သည်။

အာဏာရှင်ဟစ်တလာသည် ပါရှားကော်ဇောအကောင်း
များကို သူငယ်စဉ်အခါ ဗီယင်နာတွင် အညတြ ပန်းချီဆရာ လုပ်နေ





ကပင် အလွန်ကြိုက်နှစ်သက်ခဲ့သည်ဟု ဆိုသည်။ သို့ဖြင့် ဂျာမနီတွင်
သူအာဏာ ရလာသည့်နောက်ပိုင်း၌ သူသည် ဂျာမနီနိုင်ငံတဝှမ်းလုံးမှ
ရှိရှိသမျှ ကောင်းပေ့ဆိုသော ပါရှားကော်ဇောကြီးများကို ရှာဖွေ
စုဆောင်းခဲ့သည်၊ ဟစ်တလာသည် ထိုစဉ်ကမည်မျှ စိတ်ကူးယဉ်ခဲ့
ပါသနည်းဟူမူ စကြာ တံဆိပ်ပါသည့် ဧရာမကော်ဇောကြီးတစ်ချပ်ကို
သူ့အတွက် 'စပါယ်ရှယ် သပ်သပ်ယက်လုပ်ခိုင်းရန်ပင် စီစဉ်ခဲ့သည်။
သို့သော် ထိုအစီအစဉ်မှာ လက်တွေ့တွင် အထမမြောက်ဘဲရှိနေခဲ့သည်။
ထို့နောက် ဘာလင်မြို့ရှိ သူနေသည့်အိမ်ကြီး၌ အီရန်နိုင်ငံ
ကာမင်ပြည်နယ်မှ ယက်လုပ်သည့် အကောင်းဆုံး ပါရှားကော်ဇောကြီး
နှခု ကို အကျအန ခင်းကျင်းထားခဲ့သည်။

ဤမျှဖြင့် အားမရနိုင်သေးသော ဟစ်တလာသည် ၁၉၃၆ ခုနှစ်
တွင် အီရန်နိုင်ငံ တီဟာရန်မြို့တော်၏ အနောက်ဖက် ၇၅မိုင်အကွာရှိ
အရာကီမြို့မှ ကမ္ဘာကျော်အကောင်းဆုံး ပါရှားကော်ဇောယက်လုပ်သည့်
အလုပ်ရုံကြီးသို့ အလျား ၄၉ပေ အနံ ၂၃ပေခန့်ရှိသည့် ဧရာမကော်ဇော
ကြီးတစ်ချက်ကို 'အော်ဒါ'ပေး၍ မှာကြားခဲ့သည်။

အကောင်းစားကော်ဇောများကို အလွန်နှစ်သက်တတ်သည့်
ဂျာမနီအာဏာရှင်ကြီး တစ်ယောက်လုံးကမှာကြားသည့်အတွက် အရာကီ
မြို့မှ ယက်ကန်းဆရာများသည် ကမ္ဘာပေါ်တွင်အကောင်းဆုံး ကော်ဇော
ကြီးဟူ၍ ဂုဏ်ယူဝံ့ကြွားနိုင်အောင် အစစအရာရာ အသေးစိပ် ဂရုစိုက်၍
မွှင်ဆင်ယက်လုပ်ခဲ့ကြရာ ထိုကော်ဇောကြီးမှာ တော်တော်နှင့်မပြီးနိုင်ဘဲ
နှစ် နှီးပါးမျှပင် ကြာညောင်းသွားခဲ့သည်။ နောက်ဆုံး၌အားလုံး စိတ်တိုင်း
ကျဖြစ်၍ ကော်ဇောကြီးတစ်ချပ်လုံး ပြီးစီးသွားသဖြင့် ဂျာမနီသို့ သင်္ဘော
ဖြင့် တင်ပို့ရန် စီစဉ်ကြသောအခါ ထိုအချိန်တွင် အာဏာရှင် ဟစ်တလာမှာ
ဘာလင်သို့ ပါရှားကော်ဇောကြီးရောက်မလာဘဲ ဆိုဗီယက်တပ်နီများ
ရောက်လာမည်ကို စိုးရိမ်နေသည့် ကာလဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၁၉၄၅ခုနှစ် မတ်လကုန် ဧပြီလဆန်းလောက်တွင် အဆိုပါ ကော်ဇောကြီးရောက်ရှိခဲ့ရာ ဟစ်တလာသည် အရှုံးမီးပိုင်းနေသည် ကြားမှ အားရဝမ်းသာဖြင့် ထိုကော်ဇောကြီးကို သူ၏ရုံးခန်းတွင် ခန်းလုံး ပြည့်ခင်းထားလိုက်သည်။ နောက်ဘာမှမကြာလိုက်ဘဲ တစ်လခန့်အကြာ တွင် ဟစ်တလာသည် သူအလွန်တရာ ကြိုက်နှစ်သက်လှသော ပါရှား ကော်ဇောကြီးနှင့်တကွ လူ့လောကကြီးကိုပါ စွန့်ခွာသွားခဲ့တော့သည်။

ဆိုဗီယက်တို့၏ အမြောက်ဆံများနှင့် မဟာမိတ်တို့၏ ဗုံးဆံ များကြောင့် ဘာလင်မြို့ကြီးတစ်မြို့လုံးလိုလို မီးလောင်ပျက်စီးခဲ့ရာ ဟစ်တလာရှာဖွေစုဆောင်း ခင်းကျင်းထားခဲ့သော ကော်ဇောကြီးများ မှာလည်း စစ်ဒဏ်ကြောင့် အတော်များများ မီးလောင်ရာတွင် ပါသွား ခဲ့သည်။ သို့သော် ပါရှားပြည်နယ်မှ နောက်ဆုံး ရောက်လာသည့် သူ့ရုံး ခန်းထဲမှ ကော်ဇောကြီးမှာမူ မပျောက်မပျက်ဘဲ ကျန်ရှိနေခဲ့သည်။

ထို့နောက်စစ်ပြီးကာလ ဗရုတ်သုကွဲအချိန်ဖြစ်သော ၁၉၄၆ခုနှစ်တွင် တောင်အာဖရိကတိုက်မှ စိန်တွင်းသူဌေးတစ်ဦးသည် ဘာလင်မြို့သို့ ရောက်ရှိနေခိုက် အဆိုပါ ဟစ်တလာ၏ကော်ဇောကြီးကို အချောင်ဝယ်သွားခဲ့သည်။ တဖန်အဆိုပါ စိန်တွင်းသူဌေးက ထို ကော်ဇောကြီးကို သူ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်အား လက်ဆောင် ပေးခဲ့ရာ ထိုအမျိုးသမီးက တစ်ဖန် ၁၉၆၇ခုနှစ်တွင် ထိုကော်ဇောကြီးကို ပြန်ရောင်းစားခဲ့သည်။

သို့ဖြင့်ထိုကော်ဇောကြီးသည် တောင်အာဖရိကတိုက်မှ အခြား ပုဂ္ဂိုလ်တစ်ဦးလက်သို့ ရောက်သွားခဲ့ပြန်ပြီး နောက်ဆုံး၌ ပစ္စည်းအဟောင်း များ ဝယ်ယူသည့် ကုမ္ပဏီကတဆင့် ပြန်ဝယ်ကာ အမေရိကန် ပြည်ထောင်စုသို့ လာရောက်လေလံပစ်ခဲ့ခြင်းဖြစ်သည်။

ဤသည်တို့မှာ ဒေါ်လာနှစ်သိန်းတန် လေလံဆွဲခဲ့သည့်





ဟစ်တလာ၏ ကော်ဇောကြီးအကြောင်း သိကောင်းစရာများပင်ဖြစ်သည်။

အမှန်စင်စစ် ဟောင်းဝါဒ်ဟူးစ်သည် ဒေါ်လာနှစ်သိန်းဖိုး အကုန်ခံ၍ သူ့ကိုယ်သူကြော်ငြာလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် တကယ့်တကယ်အားဖြင့်မူ ဤကော်ဇောကြီးအတွက် ဟောင်းဝါဒ်ဟူးစ် ထက်ပို၍အမြတ်ထွက်လိုက်သူမှာ ဟစ်တလာပင်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဤအဖြစ်အပျက်နှင့် ဤသတင်းကြောင့် ဟစ်တလာသည် သေနေရာမှအသက်ပြန်ရှင်လာပြန်သောကြောင့်ဖြစ်သည်။

ထိုသို့ ပုထုဇ္ဇနော-ဥမ္မတ္တကောဟူသော လူတို့၏စိတ်သဘော ကြောင့် ဟစ်တလာပြန်ရှင်လာရသည်မှာ ဤတစ်ကြိမ် ၁၉၆၉ခုနှစ်တွင်သာ မဟုတ်၊ ယခင်၁၉၆၈ခုနှစ်ကလည်း အလားတူဖြစ်ခဲ့ကြုံခဲ့သေးသည်။

၁၉၆၈ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့က အနောက်ဂျာမနီမှ သူဌေးတစ်ဦးသည် မားစီးဒီးစ်မော်တော်ကားအဟောင်းကြီးတစ်စီးကို ဒေါ်လာ ၄၇,၅၀၀(လေးသောင်းခုနှစ်ထောင့်ငါးရာ)ဖြင့်ဝယ်ယူခဲ့သည်။ အဆိုပါကားဟောင်းကြီးမှာ နည်းနည်းနောနောဟောင်းသည်မဟုတ်၊ မော်တော်ကားများကို တစ်နှစ်တစ်မျိုးမရိုးနိုင်အောင် ပုံစံအမျိုးမျိုးဖြင့် ခေတ်စဉ်သူ့ထက်ငါ အပြိုင်ထုတ်လုပ်နေကြသော ဥရောပနိုင်ငံကြီးများတွင် ယခုဤကားကြီးမှာ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်လေးဆယ် နီးပါးက ထုတ်လုပ်ခဲ့သည့် တကယ့်ဟောင်းပွေ ဆိုသောကားကြီးဖြစ်သည်။

ထိုပြင်အနောက်နိုင်ငံကြီးများ၌ မော်တော်ကားကို ကလေးကစား ရာလိုသဘောထားကာ နည်းနည်းပါးပါး ပျက်လျှင်ပင်မစီးချင်တော့ဘဲ တန်တဆလျှော့ဈေးဖြင့် ရောင်းပစ်ကာ နောက်အသစ်တစ်စီး ဝယ်စီးလေ့ ရှိကြသည်။ အချို့ကလည်း သည်တစ်နှစ်စီးပြီးလျှင် 'ဒီကားကြီးက ပုံရိုး နေပြီ'ဟုဆိုကာ ထိုကားအကောင်းကြီးကိုပင် ပကတိအတိုင်း လျှော့ဈေး ဖြင့်ပြန်ရောင်းကာ နောက်နှစ်တွင် ပုံစံလှလှဖြင့် ထုတ်လိုက်သော နောက်



www.burmeseclassic.com

အသစ်တစ်စီးကို ဝယ်စီးလေ့ရှိကြသည်။ ဤသို့ဖြင့် မော်တော်ကားကို 'ထည်လဲ'ဖြင့်စီးနေကြသော အနောက်နိုင်ငံကြီးများ၌ မော်တော်ကား သချိုင်းနှင့် မော်တော်ကားအဟောင်းရောင်းသည့်ဆိုင်များတွင် ကားတစ်စီးလျှင် ဒေါ်လာနှစ်ရာသုံးရာမျှဖြင့် အလကားသာသာရလေ့ ရှိကြသည်။

သို့ပါလျက် ယခုကဲ့သို့ 'ခုနှစ်အိုရှစ်အိုကြီး' ဖြစ်နေသော လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်က ကားဟောင်းကြီးကိုမှ 'အဘယ်ကြောင့် ဒေါ်လာ လေးသောင်းကျော်ကြီးများပေး၍ ဝယ်ရပါသနည်း။

ထုံးစံအတိုင်း ထိုကားဟောင်းကြီးသည် တစ်ခါကနာဇီဂျာမ အာဏာရှင်ကြီး ဟစ်တလာကိုယ်တိုင် အမြဲစီးခဲ့သည့်ကားဖြစ်နေသော ကြောင့်ပင်တည်း။

မှန်လည်းမှန်သည်။ ထိုကားဟောင်းကြီးသည် ထိုစဉ်က ဂျာမန် စစ်တပ်များအား ဟစ်တလာကိုယ်တိုင် လိုက်လံစစ်ဆေးရာ၌ အမြဲတစေ စီးခဲ့သောကားကြီးပင်ဖြစ်သည်။ ထိုကားကြီးကို မြူးနစ်မြို့မှ ကားသွင်း ရောင်းဝယ်ရေး ပွဲစားများအသင်းကြီးက သန်းကြွယ်သူဌေးများပေါများ လှသည့်အမေရိကန်နိုင်ငံတွင် ဒေါ်လာ၅၀၀၀၀(ငါးသောင်း)ဖြင့် ရောင်းခ မည်ဟူ၍ ကြေငြာခဲ့သေးသည်။

ဤအတာအတွင်း အနောက်ဂျာမနီမှ သူဌေးတစ်ဦးသည် ဝယ်လိုသဖြင့် ဈေးဆစ်ရာမှ မူလဈေးထက်ဒေါ်လာ ၂,၅၀၀လျှော့ဝယ်တာ ဒေါ်လာ ၄၇,၅၀၀ဖြင့် ဈေးတည့်သွားခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုဟစ်တလာစီးခဲ့သည့် မော်တော်ကားကိုဝယ်လိုက် သူသည် ဟစ်တလာကော်ဇောကြီးကို ဝယ်ခဲ့သည့် အမေရိကန်သူဌေးကြီး ဟောင်းဝါဒ်ဟူးကဲ့သို့ တမင်သက်သက် 'ပတ်ဘလစ်'မှာ ပေါ်ပြူလာ ဖြစ်အောင် လုပ်ခြင်းမဟုတ်(ဝါ) လူထုကြားမှာ နာမည်ကြီးအောင် စတန့်





ထွင်လိုက်ခြင်းမဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ယခုဟစ်တလာ၏ မော်တော်ကားကို ဝယ်လိုက်သူသည် သတင်းစာများတွင် သူ့နာမည် သုံးဝထည့်သွင်းဖော်ပြခြင်းမပြုရန် အလေးအနက်မေတ္တာရပ်ခံခဲ့ သောကြောင့် ဖြစ်သည်။

ထို့ပြင် အဆိုပါ ဂျာမန်သူဌေးကြီးက ဤကားကို သူဝယ်လိုက် ခြင်းမှာ အမျိုးသားစိတ်ဓါတ်ကို အခြေခံ၍ စိတ်လှုပ်ရှားမှုဖြစ်စေရန် ဝယ် လိုက်ခြင်းဖြစ်သည်ဟူ၍ အတိအလင်းထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သူသည် နာမည်ကြီးအောင် စတန့်ထွင်ခြင်းမဟုတ်ဘဲ ဟစ်တလာကိုတနည်းနည်းဖြင့် ယနေ့တိုင် လေးစားကြည်ညိုနေဆဲ ဖြစ်သည့် ပုဂ္ဂိုလ်တစ်ဦးဟူ၍ ယူဆရသည်။

တနည်းဆိုရလျှင် ထိုပုဂ္ဂိုလ်သည် မျိုးချစ်စိတ် အလွန်အမင်း ပြင်းထန်၍ 'ဟစ်တလာ ရူး-ရူးနေသူတစ်ဦး'ဟူ၍ပင် မှတ်ယူရန်သာရှိသည်။

မည်သို့ပင်ဖြစ်စေ သူ၏ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်သည် အထိုက်အလျောက်အောင်မြင်ထိရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယခုကဲ့သို့မောင်းချင်တိုင်း မောင်းနေသော နှစ်ပေါင်းသုံးဆယ်ကျော်က ကားကြီးကို နောက်ဆုံးပေါ် ဇိမ်ခံကားသစ် ကြီးများထက် ဆယ်ဆမက ဈေးပိုပေးကာ ဝယ်လိုက်ခြင်းဖြင့် သတင်းစာ များတွင် သတင်းထူးအဖြစ် ပါလာခဲ့သည်။ ဤသို့ဖြင့် လူတိုင်းလိုလို စိတ်လှုပ်ရှားခဲ့ရသည်။ ထိုသို့ဖြင့် ဟစ်တလာ၏အမည်သည် သတင်းစာ စာမျက်နှာများပေါ်တွင် အသက်ပြန်ရှင်လာခဲ့သည်။

ဟစ်တလာနှင့်ပတ်သက်၍ ထိုသို့ကသူ့နည်းသူ့ဟန်ဖြင့် 'ဥမ္မ ာကော'ဖြစ်နေကြသော 'ပုထုဇနော'များအကြောင်းကို ဖော်ပြရာ၌ သူမပါလျှင် မပြည့်စုံသည့် သူများရှိသည်။ ထိုသူများမှာ အများသိနေကြသည့် တံဆိပ်ခေါင်းစုဆောင်းသူများပင်ဖြစ်သည်။

တံဆိပ်ခေါင်းစုဆောင်းသူများ အချင်းချင်းအသင်းအဖွဲ့များ

www.burmeseclassic.com



ဖွဲ့စည်းကာ ကမ္ဘာနှင့်ချီ၍ ဆက်သွယ်လုပ်ကိုင်နေကြသူများ နိုင်ငံတိုင်းတွင်ရှိသည်။ သို့သော် သာမန်လူများအတွက်မူ ဤအသင်းအပင်းများကို အလျဉ်းစိတ်မဝင်စားခဲ့ကြသလို လူ့လောကကြီးတစ်ခုလုံးတွင် အဆိုပါ တစ်လက်မပတ်လည်ခန့်ရှိသည့် တံဆိပ်ခေါင်းကလေးများသာလျှင် အရေးအကြီးဆုံး ဟူ၍ သဘောထားကာ ဝိုင်းအုံစုပြုံ၍ အာရုံစိုက်နေကြသော သူတို့၏ အဖြစ်ကိုလည်း ချီးကျူးရမှာလား သနားရမှာလားဟူ၍ စဉ်းစားမရဘဲ နားမလည်နိုင်အောင် ဖြစ်ခဲ့ကြသည်။

မူလကပင် ထိုသို့သော စိတ်ဝင်စားမှုများဖြင့် ရှားရှားပါးပါး တံဆိပ်ခေါင်းများကို အရှုံးအမြူးရှာဖွေစုဆောင်းနေကြသည့် တံဆိပ်ခေါင်းစုဆောင်းသူများအတွက် 'ဟစ်တလာ'သည် 'ဖလား'ပင်ဖြစ်နေသည်(ဝါ) ဟစ်တလာ တံဆိပ်ခေါင်းသည် ဈေးအကောင်းဆုံးဖြစ်နေသည်။

ဤအချက်ကို အကြောင်းပြု၍ ဥရောပတိုက်မှ ဩစထရီးယားအစိုးရအာဏာပိုင်များမှ အကြီးအကျယ် ဦးနှောက်ခြောက်နေကြရသည်။

ဟစ်တလာ အာဏာရခဲ့သည့်ဆယ်နှစ်ကျော် (၁၉၃၃-၄၅) သက်တန်းအတွင်း အခါကြီးရက်ကြီးနေ့ထူးနေ့မြတ် အထိမ်းအမှတ်အဖြစ် ဟစ်တလာ၏ ရုပ်ပုံပါသည့်တံဆိပ်ခေါင်း ၁၅မျိုးခန့် ထုတ်ဝေခဲ့သည်။ သည်အထဲတွင် ၁၉၄၃ခုနှစ် ဧပြီလ ၂၀ရက်နေ့က ဟစ်တလာ၅၄နှစ်မြောက် မွေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းကို သူ့ရုပ်ပုံဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ အဆိုပါ တံဆိပ်ခေါင်းများကို ထိုစဉ်က ဂျာမန်တို့လက်အောက် ကျရောက်နေသော ဩစထရီးယားနိုင်ငံမှ အစိုးရပုံနှိပ်တိုက်ကြီးတွင် ရိုက်နှိပ်ခဲ့ကြသည်။

သို့သော် အဆိုပါ ၅၄နှစ်မြောက် ဟစ်တလာမွေးနေ့ အထိမ်းအမှတ် တံဆိပ်ခေါင်းများကို အရေအတွက်အားဖြင့် ဘယ်နှစ်သိန်း ဘယ်နှစ်သန်းရိုက်ခဲ့သည်ဟူ၍ ဂဏန်းအတိအကျမမှတ်မိကြဘဲ





ဖြစ်ခဲ့သည်။ ထို့နောက် ၂နှစ်ခန့်အကြာတွင် ဟစ်တလာသေဆုံး၍ တတိယဂျာမန်ရိုက်ချ် နိုင်ငံတော်ကြီး ဘုံးဘုံးလဲခဲ့ရာ ထိုအချိန်မှစ၍ ဟစ်တလာတံဆိပ်ခေါင်း စုစုပေါင်းသန်းနှစ်ဆယ်(၂၀,၀၀၀,၀၀၀)မှ ဩစထီးယားအစိုးရ ဗဟိုပုံနှိပ်တိုက်မှ ဂိုဒေါင်ထဲတွင် ဖုံအထပ်ထပ်ဖြင့် ဖုံးကာ လုံးလုံးကြီးမေ့လျော့နေခဲ့ကြသည်။

သို့ဖြင့် နှစ်ပေါင်း ၂၄နှစ်မျှကြာလာခဲ့၍ ၁၉၆၉ခုနှစ် ဇွန်လတွင်မှ ဤတံဆိပ်ခေါင်းများသည် အသက်ပြန်ဝင်ကာ လူးလွန့်လှုပ်ရှားလာခဲ့ကြသည်။ တစ်စုံတစ်ယောက်က အဆိုပါ စစ်တလာတံဆိပ်ခေါင်းများ ဂိုဒေါင်ထဲတွင်'တောင်ပုံရာပုံ'ရှိနေကြောင်း တွေ့ရှိသွားခဲ့ပြီးနောက် တံဆိပ်ခေါင်းကိုပင် ကောင်းကောင်းကြီးအနံ့ခံတတ်သော တံဆိပ်ခေါင်းစုဆောင်းသူတစ်ဦး၏နှာ်းသို့ ထိုသတင်းရောက်သွားခဲ့သည်။

ဤတွင် အဆိုပါအမည်မဖော်လိုသည့် တံဆိပ်ခေါင်းစုဆောင်းသူနှင့် ထိုအချိန်(၁၉၆၉)က ဩစထရီးယားအစိုးရဗဟို ပုံနှိပ်တိုက်ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာဆိုဘက်တို့သည် အဆိုပါ ဟစ်တလာ တံဆိပ်ခေါင်းများ အရောင်းအဝယ်အတွက် ဈေးစကားဆိုကြသည်။ ဝယ်သူကဒေါ်လာ ၂သိန်း၅သောင်းပေးရာ ရောင်းသူက သဘောတူလိုက်သည်။

သို့ဖြင့် ဂိုဒေါင်ထဲမှ ရှိရှိသမျှ ဟစ်တလာတံဆိပ်ခေါင်းများကို ဒေါ်လာ ၂သိန်းခွဲဖြင့်ရောင်းရန် သဘောတူစီစဉ်ထားပြီးကာမှ တစ်ခါက နာဇီပါတီနှင့် ဟစ်တလာအား ဆန့်ကျင်ခုခံတော်လှန်ခဲ့ကြသော ဩစထရီးယား မျိုးချစ်ရဲဘော်များအား ယခုကဲ့သို့ ဟစ်တလာ၏ 'မျက်နှာ'ပေါ်မှ အမြတ်ထုတ်သည့်အလုပ်မျိုး မလုပ်သင့်ကြောင်းနှင့် ကန့်ကွက်လာကြသည်၊ ဤတွင် ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက ခေါင်းဆောင်ဖြစ်ခဲ့သော ဗဟိုပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဒေါက်တာဆိုဘက်



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့ရဲဘော်များတင်ပြချက်ကိုလက်ခံကာ တံဆိပ်ခေါင်း ရောင်းဝယ်ရေး သဘောတူညီချက်ကို ပယ်ဖျက်ပစ်ခဲ့သည်။

ထို့နောက် ဒေါက်တာဆိုဘက် အငြိမ်းစားယူသွားခဲ့ပြီးနောက် အခြားတံဆိပ်ခေါင်းစုဆောင်းသူနှစ်ဦးသည် နောက်အသစ် တက်လာသော ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဒေါက်တာဟဲလမတ်ဆိုသူအား ပြေးကပ်ကြပြန်သည်။ ယခုတစ်ကြိမ်ပြေးကပ်သူနှစ်ဦးမှာ တစ်ဦးက အမေရိကန်လူမျိုးဖြစ်၍ ကျန်တစ်ဦးက အစ္စရေးလူမျိုးဖြစ်သည်။

သို့သော်နောက်လာမည့်'မောင်ပုလဲက ဒိုင်းဝန်ထက်ကဲ'သေးသည် ဒေါ်လာ ၂သိန်းခွဲကြောင့် နိုင်ငံရေးအရ အမြတ်ထုတ်မခံနိုင်သော ဒေါက်တာ ဟဲဟ်မတ်က တံဆိပ်ခေါင်းစုဆောင်းသူများအား 'ဘယ်ဈေးပေးပေး၊ မရောင်း'ဟူ၍ ငြင်းပယ်လိုက်ရုံမျှမက 'ဒီတံဆိပ်ခေါင်းတွေ ရောင်းလိုက်ရင် ဩစထီးရီးယား အစိုးရအနေနဲ့ သိက္ခာအများကြီးကျသွားမှာသေချာတယ်။ အဲဒီတော့ ကျုပ်ပုံနှိပ်တိုက်ညွှန်ကြားရေးမှူးဖြစ်နေသမျှ တသက်လုံးမရောင်းဘူး'ဟူ၍ အပြတ်ကြေငြာလိုက်သည်။

တံဆိပ်ခေါင်းစုဆောင်းသူများသည် မူလကပင် စိတ်ရှည်သူများဖြစ်ကြဟန်တူသည်။ သူတို့သည် တံဆိပ်ခေါင်းများ အရောင်းအဝယ်ဖြစ်ရေးကို ယခုတိုင် ဇွဲကောင်းကောင်းဖြင့် ကြိုးစားနေကြဆဲ ရှိသေးသည်။ ယခုနောက်ဆုံးအချိန်တွင် မရောင်းသေးဘဲ နာမည်ကြီးနေသော အဆိုပါ ၅၄နှစ်မြောက် ဟစ်တလာမွေးနေ့တံဆိပ်ခေါင်းများကို ဒေါ်လာသုံးသိန်းအထိ ဈေးတက်ပေးနေကြသည်။

သို့သော် ဒေါက်တာဟဲလ်မတ်ကလည်း မရောင်းဘဲ တင်းခံနေဆဲပင်ဖြစ်သည်။

ဤ'မပြီးဆုံးသေးသော' ဟစ်တလာတံဆိပ်ခေါင်း'အရေးတော်ပုံ'တွင် သဲသဲမဲမဲ ဇွဲကောင်းကောင်းဖြင့် 'တိုက်ပွဲဝင်'နေကြသည့် တံဆိပ်ခေါင်းစုဆောင်းသူများမှာ အမေရိကန်မီလျံနာ ဟောင်းဝဲဒ်ဟူးစ်ကဲ့သို့





နာမည်ကြီးလို၍လည်း ဟုတ်ဟန်မတူ အနောက်ဂျာမနီသူဌေးကြီးကဲ့သို့ အမျိုးသားရေး စိတ်ဓာတ်ကြောင့်လည်း ဟုတ်ဟန်မတူဘဲ ဟစ်တလာ တံဆိပ်ခေါင်းကို အကြောင်းပြု၍ တချီထဲဖြင့်'အပွကြံ'နေကြသူများ ဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍အဆိုပါဟစ်တလာ တံဆိပ်ခေါင်းများကို ဒေါ်လာ၃သိန်းဖြင့် ဝယ်၍ပြန်ရောင်းချလျှင် ဒေါ်လာ ၇သိန်းခန့် အမြတ်ရမည်မှာ သေချာနေသဖြင့် ဤမျှဇွဲကောင်းနေကြခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤဟစ်တလာ တံဆိပ်ခေါင်းအရေးတော်ပုံသည် မပြီးဆုံးသေးသော်လည်း ကမ္ဘာအရပ်ရပ်မှ တံဆိပ်ခေါင်းစုဆောင်းသူများအကြားတွင် ဟစ်တလာသည် ကောင်းကောင်းကြီး 'မျက်နှာပွင့်'နေပြီဖြစ်သည်။

အလားတူပင် တစ်စုံတစ်ခုသော သမိုင်းနောက်ခံ ထူးခြားမှုများရှိနေသည့် တိုလီမိုလီဖြုပ်စဖြင်းတောင်း သောင်းပြောင်းထွေလာ ပစ္စည်းပစ္စယ အတိုအထွာအသေးအဖွဲ ကလေးများကိုကြံကြံဖန်ဖန် ရှာရှာဖွေဖွေစုတတ်ဆောင်းတတ်ကြသည့် 'ဥမ္မတကော'များ အကြားတွင်လည်း ဟစ်တလာသည် စားသာနေသည်ဟု ဆိုရမည်ဖြစ်သည်။

၁၉၇၁ ခု၊ ဧပြီလ ဒုတိယအပတ်အတွင်းက ဖြစ်သည်။

"အခုကျွန်တော့လက်ထဲမှာ ကိုင်ထားတဲ့ ကဒ်ပြားကလေးဟာ ဟိုးအရင် စောစောပိုင်းတုန်းက ဟစ်တလာမိန့်ခွန်းပြောကာနီး အကြမ်းရေးမှတ်ထားခဲ့တဲ့ မှတ်စုကဒ်ပြားကလေးပါဘဲ"

အထက်ပါစကားများကို ပြောကြားနေသူမှာ ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်သား လေလံသမားတစ်ဦးပင်ဖြစ်သည်။ သူသည် မြူးနစ်မြို့ မက္ကဇီမီလျံလမ်းပေါ်ရှိ အဆောက်အဦးတစ်ခုအတွင်း၌ တိုလီမိုလီပစ္စည်းအဟောင်းများကို လေလံပစ်နေခြင်းဖြစ်သည်၊ လေလံပွဲကျင်းပရာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရှိ ကြိတ်ကြိတ်တိုးနေသော ပရိသတ်၏ မျက်လုံးများသည် လေလံဆရာ၏ လက်ထဲမှ ကဒ်ပြားကလေးဆီသို့ ရောက်နေကြသည်။

အခုဒီကဒ်ပြားကလေးပေါ်မှာ ဟစ်တလာကိုယ်တိုင် ခဲတံနဲ့ ရေးခြစ်ထားတဲ့ အမှတ်အသားစာကြောင်းတွေ တွေ့ရပါလိမ့်မယ်။ ဟစ်တလာဟာ အင်မတန်ရှည်လျားတဲ့ မိန့်ခွန်းကြီးတစ်ခုပြောဘို့ အတွက် ဒီကဒ်ပြားပေါ်မှာဒီစာကြောင်းတွေကို ရေးမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကဒ်ပြား ပေါ်မှာ သူရေးမှတ်ခဲ့တဲ့ စာတွေကတော့ 'နိုဝင်ဘာ ၁၉၁၈ ရာဇဝတ် ကောင်များ . . . . ယနေ့နိုင်ငံရေးအခြေအနေ . . . ကျွန်ုပ်တို့၏ ပြောမကုန်နိုင်သည့် တောင်းဆိုချက်များ . . . . လာမည့်ရွေးကောက်ပွဲ . . . . ကျွန်ုပ်တို့၏ကိုယ်စားလှယ်လောင်းများ . . . . ကျွန်ုပ်တို့၏ နည်းဗျူဟာ . . . . ဂျူးလူမျိုးများ . . . .'

လေလံဆရာသည် တစ်ခါက ဟစ်တလာကိုယ်တိုင်မိန့်ခွန်းပြော ရန် အကျဉ်းချုပ်ရေးမှတ်ထားခဲ့သည့် ခေါင်းစဉ်များကို အထက်ပါအတိုင်း ဌာန်ကရိုဏ်းကျကျဖြင့် ဖတ်ပြလိုက်သည်။

သူ့အသံဆုံးသွားပြီးနောက် ကြာကြာဆိုင်းမနေလိုက်ရဘဲ ထိုကဒ်ပြားကလေးကို လူတစ်ယောက်က ဈေးဦးပေါက် လေလံဆွဲသွား သည်။ လက်တဝါးသာသာခန့်သာရှိသည့် ထိုကဒ်ပြားကလေးမှာ ၅၄၅ ဒေါ်လာရလိုက်သည်၊ ထိုကဒ်ပြားကလေးကို ထိုမျှဈေးပေး၍ လေလံဆွဲ သွားသူမှာ အမည်မဖော်လိုသော ဗြိတိသျှလူမျိုးတစ်ယောက်၏ ကိုယ်စားလှယ် တစ်ဦးဖြစ်သည်။

နောက်တဖန် လေလံပစ်သည့်အရာဝတ္ထုမှာ ဟစ်တလာ ပိုက်ဆံထည့်သည့် သားရေအိတ်ကလေးဖြစ်သည်၊ သို့သော် ပိုက်ဆံအိတ် ချည်းမဟုတ်ဘဲ အထဲတွင် ခါတ်ပုံ ၃၇ပုံ၊ အီဗာဘရွန်း၏ပုံ ပါသော နဂ္ဂတစ်ဖလင်နှစ်ခုနှင့် ဟစ်တလာငယ်ငယ်ကနေခဲ့သည့် လင့်ဇ်မြို့မှ





၁၉၂၇ခုနှစ်၊ အထက်တန်းကျောင်းကပွဲ အခမဲ့လက်မှတ်တစ်စောင် . . . စသည်များ ပါဝင်သည်။ လေလံပွဲစားတစ်ယောက်က အမေရိကန်ပြည် တက္ကဆပ်စ်နယ်မှ ရေနံတွင်းသူဌေးတစ်ယောက်ကိုယ်စား ဟစ်တလာ ထိုပိုက်ဆံအိတ်ကလေးနှင့် အထဲမှ ခါတ်ပုံများကို ၆၆၅ဒေါ်လာဖြင့် ဝယ်သွားသည်။

ထို့နောက် ဟစ်တလာ၏ တိုလီမိုလီပစ္စည်းကလေးများကို တစ်ခုပြီးတစ်ခု ဆက်၍လေလံပစ်သွားရာ တစ်ယောက်ပြီးတစ်ယောက် ထ၍ အပြိုင်အဆိုင် လေလံဆွဲခဲ့ကြသည်။ ဟစ်တလာကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဟစ်တလာ၏ ခါတ်ပုံတစ်ပုံကို ဒေါ်လာ ၆၇၀ ဖြင့်လည်းကောင်း၊ ၁၉၂၇ ခုနှစ်က မော်တော်ကားမောင်းသည့် ကလပ် တစ်ခုသို့ ဝင်ခဲ့သော ဟစ်တလာ၏အသင်းဝင်ကဒ်ပြားကို ဒေါ်လာ ၂၇၀ဖြင့်လည်းကောင်း၊ မြူးနစ်မြို့မှ နာမည်ကျော် ဒါလ်မေယာ စားသောက်ဆိုင်ကြီးတွင် ဟစ်တလာ၏ လက်ရေးဖြင့် ရေးသား မှာကြားခဲ့သည့် သက်သက်လွတ်အစားအသောက် စာရင်းကို ဂျာမန် အဘိုးကြီးတစ်ယောက်က ဒေါ်လာ၁၃၀ဖြင့်လည်းကောင်း . . . . အသီးသီး ဝယ်သွားကြသည်။

ထိုနေ့က ထိုသို့လေလံပစ်ခဲ့သည့် ဟစ်တလာ၏ အသုံးအဆောင် တိုလီမိုလီပစ္စည်းများမှာ အမျိုးအမည် စုစုပေါင်း ၆၀ခန့်ရှိသည်။ ထိုပစ္စည်း များကို ပိုင်ဆိုင်သူမှာ မကြာသေးမီကမှ ကွယ်လွန်ခဲ့သော အင်နီဝင်းတား အမည်ရှိ ဂျာမန်အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။ သူမထံတွင် ဟစ်တလာ၏ အသုံးအဆောင်ပစ္စည်းအသေးအဖွဲကလေးများ ထိုမျှများပြားစွာရှိနေ သည်မှာ အခြားကြောင့်မဟုတ်၊ သူမသည် ၁၉၂၉ ခုနှစ်မှစ၍ ဟစ်တလာ၏ နေအိမ်တွင် အိမ်စေအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သောကြောင့် ဘည်း။

ထိုသို့ ဟစ်တလာ၏ အစေခံအဖြစ်လုပ်ကိုင်ခဲ့ရာမှ အမျိုးသမီး

www.burmeseclassic.com



ကြီးသည် ဟစ်တလာ၏ အသုံးအဆောင် တိုလီမိုလီပစ္စည်းကလေးများ စာရွက်စာတမ်းအတိုအထွာကလေးများနှင့် အမှတ်တရ ဓါတ်ပုံကလေးများပါမကျန် စုဆောင်းသိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။ ယခုသူ မကွယ်လွန် ခဲ့ပြီးနောက် တူဖြစ်သူများက ထိုပစ္စည်းများကို လေလံပစ်ခဲ့ရာ ထိုနေ့က စုစုပေါင်းဒေါ်လာ ၁၆,၄၀၀(တစ်သောင်းခြောက်ထောင် လေးရာ)တိတိ ရရှိခဲ့သည်။

အဆိုပါလေလံပွဲတွင် အများဆုံးဝင်ရောက်၍ လေလံဆွဲခဲ့ကြ သူများမှာ အမေရိကန်လူမျိုးများပင်ဖြစ်သည်။ ထိုနေ့က လေလံပစ်ရာ၌ ခေါင်းဆောင်ခဲ့သော လေလံဆရာ ကာလီနိုဗာ၏ ပြောကြားချက်အရ သူသည်ထိုသို့ တိုလီမိုလီအမှတ်တရပစ္စည်းကလေးများကို စုဆောင်း တတ်သည့်အမေရိကန်လူမျိုး ၂၀၀ခန့်နှင့် အဆက်အသွယ်ရှိသည်ဟု သိရသည်။ သည်အထဲတွင် ကမ္ဘာကျော် အဆိုတော် ရုပ်ရှင်မင်းသားကြီး ဘော့ဟုပ် လည်းအပါအဝင်ဖြစ်သည်။

ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်ရှိ ဘော့ဟုပ်၏ နေအိမ်တွင် ဟစ်တလာ၏ လက်မှတ်ရေးထိုးထားသည့်စာအုပ်များ၊ ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာ ရုံးသုံးပစ္စည်းများနှင့်'ခေါင်းဆောင်ကြီး၏ရုံးတော်'ဟူ၍ ကမ္ပည်းရေးထိုးထားသည့် ကြွေပန်းကန်ပြားတစ်ချပ်လည်းရှိနေသည်။ အဆိုပါကြွေပန်းကန်ပြားကို ၁၉၄၅ခုနှစ်က အဆိုတော်ဘော့ဟုပ်သည် ဂျာမနီသို့သွားရောက်၍ အမေရိကန်စစ်သားများအား သီဆိုဖျော်ဖြေ စဉ်က အမှတ်တရစုဆောင်းရရှိခဲ့ခြင်းဖြစ်သည်။

'ကျွန်တော်ဟာ အဲဒီလို လေလံဆွဲသွားကြတဲ့ လူတွေထဲက ရင်းရင်းနှီးနှီးသိတဲ့လူဆိုလို့ သိပ်များများစားစား မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တစ်ခု နားလည်တာကတော့ ဒီလူတွေဟာ ဒီတိုလီမိုလီပစ္စည်း ကလေးတွေကို နိုင်ငံရေးရည်ရွယ်ချက်နဲ့ ဝယ်သွားကြတာမဟုတ်ပါဘူး သူတို့ဟာ ပိုက်ဆံချမ်းသာပြီး အသက်အရွယ်ကြီးတဲ့လူတွေများပါတယ်





နောက်သူတို့ကို ကျွန်တော်မြင်တာက သူတို့ဟာသမိုင်းကို အနီးကပ် လေ့လာချင်တဲ့ စိတ်မျိုး ထူးထူးခြားခြားရှိနေတယ်လို့ပဲ မြင်ပါတယ်'

မြူးနစ်မြို့မှ လေလံဆရာ ကလီနိုဗာက သမိုင်းဝင်ပစ္စည်း တိုလီမိုလီအမှတ်တရပစ္စည်းကလေးများအား လေလံဆွဲ၍ ဝယ်လေ့ရှိကြ သူများအပေါ် သူ့ထင်မြင်ချက်ကို အထက်ပါအတိုင်း ပြောပြခဲ့သည်။

ကလီနိုဗာ၏ ယူဆချက်သည် အထိုက်အလျောက် မှန်ကန်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဥရောပနှင့် အမေရိကန်တွင် ယင်းသို့သမိုင်းဝင် အထောက်အထားပစ္စည်းအသေးအဖွဲကလေးများကို ရနိုင်သမျှ ရှာဖွေစုဆောင်း၍ မြတ်မြတ်နိုးနိုး တန်ဘိုးထားကာ သိမ်းဆည်း ထားတတ်သူများ အလွန်ပေါများလှသောကြောင့်ဖြစ်သည်။

စင်စစ် ဤအလေ့အထနှင့် အကျင့်ဝါသနာသည် အခြေခံအား ဖြင့် လိုလားအပ်သည် မှန်သော်လည်း ရံဖန်ရံခါ လွန်လွန်ကျူးကျူးဖြစ်လာ သောအခါ သမိုင်းကြောင်းအရ တန်ဘိုးရှိလှသည်မဟုတ်ဘဲ ပုထုဇနော ဥမ္မတကောဟူသော သဘောအရ 'အရူးထ'သည့် အဖြစ်မျိုးသို့ ရောက်သွား တတ်သည်။*

ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာပင်ဖြစ်သည်။

၁၉၇၃ ခုနှစ်အောက်တိုဘာလ ပထမပတ်အတွင်းက ပစ္စည်း အဟောင်းများ လေလံပွဲတစ်ခု ကျင်းပပြုလုပ်ပြန်သည်။ လေလံဆရာမှ ဝင်နာစကီဆိုသူ ဂျာမနီလူမျိုးပင်ဖြစ်သည်။

မြူနစ်မြို့စားသောက်ဆိုင်တစ်ဆိုင်၏ အပေါ်ထပ်ရှိ အခန်းကလေး ထဲတွင် ထိုနေ့က ဆေးလိပ်မီးခိုးများ တစ်ခန်းလုံးမွန်နေသည့်အကြားမှ

* မကြာသေးမီက အနောက်နိုင်ငံမှ လေလံပွဲတစ်ခုတွင်ပြင်သစ်စစ်ဘုရင် နပိုလီယံ၏ဆံပင်ဟုဆိုကာ ဆံပင်များကို ဒေါ်လာ ၂၀၀ဖြင့် ပုဂ္ဂိုလ်တစ်ဦး က ဝယ်သွားခဲ့သည်။ ။စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သွားခဲ့သော အဆိုပါလေလံပွဲတွင် လေလံဆရာ ဝင်နာစကီ၏ လက်ထဲမှ သစ်သားလက်ရိုက်တူကလေး'ဒုံး'ကနဲဟူသော မြည်သံများနှင့်အတူ ဟစ်တလာ၏ ဘာမဟုတ်သည့် ပုလိနတ်စအသေးအဖွဲပစ္စည်းကလေးများမှာ 'ဟောတစ်ခု၊ ဟောတစ်ခု'ဆိုသလို ဈေးကောင်းကောင်းဖြင့် ရောင်းခဲ့ရသည်။

၁၉၃၉ ခုနှစ်က ဘာလင်မြို့မော်တော်ယာဉ်ရဲအဖွဲ့မှ ထုတ်ပေးခဲ့သည့် ဟစ်တလာ၏ မော်တော်ကားလိုင်စင်ကဒ်ပြား တလေးမှာ ဒေါ်လာ၁၅၂၀ဖြင့် ရောင်းလိုက်ရသည်။ ထို့နောက်ဟစ်တလာ၏ ၁၂ နံပါတ် ရှူးဖိနပ်ထဲတွင် ခြေဖဝါးအောက်ခံ၍စီးလေ့ရှိသည့် ဟစ်တလာ၏ ခြေထောက်ပုံစံညှပ်ထားသည့် သားရေပြားကလေးတစ်စုံ (ဘယ်နှင့်ညာ) မှာ ၁၁၄ ဒေါ်လာရရှိခဲ့သည်။

ထိုနေ့က လေလံဆရာ ဝင်နာစကီ၏ လက်ရိုက်တူသံအောက်တွင် သူ့ထက်ငါအလုအယက်အပြိုင်အဆိုင်ဈေးပေး၍ လေလံဆွဲခဲ့ကြသည့် ပစ္စည်းများမှာ ဟစ်တလာ၏ စစ်ဦးထုပ်ပင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်ကျော်က ဂျာမနီအာဏာရှင်ကြီး ဟစ်တလာအမြဲတမ်းဆောင်းခဲ့သည့် အဆိုပါဦးထုပ်မှာ နေစားထားသဖြင့်တကြောင်း အချိန်ကာလအားဖြင့် ကြာညောင်းခဲ့ပြီဖြစ်သဖြင့်တစ်ကြောင်း အရောင်မှာ လွင့်ပျယ်နေပြီဖြစ်သည်။ သို့သော်အဆိုပါ စစ်ဦးထုပ်၏အတွင်းဘက်နှုတ်ခမ်းသားပေါ်တွင် တစ်ခါက ကမ္ဘာကိုချိန်းချောက်ဟိန်းဟောက်ကာ မီးဟုန်းဟုန်းတောက်စေခဲ့သည့် လူတစ်ယောက်၏ ချွေးစချွေးနမှာ စွန်းထင်းပေကျန်နေသည်ကို တွေ့နိုင်ကြသည်။

အဆိုပါဟစ်တလာ၏ စစ်ဦးထုပ်မှာ ထိုနေ့က ဒေါ်လာ ၂၂... ဖြင့် ဈေးအကောင်းဆုံးရလိုက်သည်၊ ဝယ်သူမှာ မြူနစ်မြို့မှ ပစ္စည်းအဟောင်းများကို 'ရောင်းသည်ဝယ်သည်'ဟု ကြော်ငြာကာ အသက်မွေးဝမ်းကျောင်းနေသော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။





"အခုလို တစ်ချိန်က နာဇီခေါင်းဆောင်တွေ့ရဲ့ အသုံးအဆောင်ပစ္စည်းတွေဟာ များသောအားဖြင့် အမေရိကကို ရောက်သွားကြတာပါဘဲ၊ ဂျာမန်တွေအတွက်ကတော့ ဒီပစ္စည်းမျိုးတွေဟာ အလုံအလောက်ရှိနေပြီလို့ ဆိုနိုင်ပါတယ်"

ထိုနေ့က ဦးထုပ်တစ်လုံးဒေါ်လာနှစ်ထောင်ကျော်ရလိုက်သည့် လေလံပွဲမှ ကြီးကြပ်သူတစ်ဦးက အထက်ပါအတိုင်း သူ့အမြင် သူ့အထင်ကိုပြောပြခဲ့သည်။

သို့ဖြင့် ဟစ်တလာ၏ အသုံးအဆောင်ပစ္စည်းမှန်သမျှ ဘာပစ္စည်းဘဲဖြစ်ဖြစ် ယုတ်စွအဆုံး မရှိသေစကားသုံးရလျှင် ဟစ်တလာနောက်ဖေးသုံးခဲ့သည့်စက္ကူ'ဆိုလျှင်ပင် အပြိုင်အဆိုင် အလုအယက်သူ့ထက်ငါဈေးကြီးပေး၍ ဝယ်ကြမည့်'ဥမ္မတကော'များမှာ မရေမတွက်နိုင်အောင်ရှိနေကြဦးမည်ဖြစ်သည်။

ထိုသို့ 'ဟစ်တလာ'ဟူသော အမည်ပါလျှင် ဘာမဆိုအလုအယက်ဖြစ်နေကြသည့် 'ပုထုဇနော'ကို ပေါပေါကြီးတွေ့မြင်နေရသည့် မြူးနစ်မြို့မှ အစားအသောက်ရောင်းသည့် ဆိုင်ပိုင်ရှင်တစ်ဦးသည် လွန်ခဲ့သည့် ၁၉၇၃ခု၊ ဇူလိုင်လက သူ့ဆိုင်တွင်ထူးဆန်းသည့် အစားအစာတစ်မျိုးကို တီထွင်ရောင်းချလာခဲ့သည်။ ထိုအစားအစာမှာ အခြားမဟုတ်၊ 'ဟစ်တလာအမဲသားကြော်'ပင် ဖြစ်သတည်း။

အဆိုပါဆိုင်ပိုင်ရှင်သည် ရိုးရိုးအမဲသားကျော်ကိုပင် အပေါ်မှ ငါးတော်ပဲပြုပ်၊ အာလူးကြော်၊ ဆလပ်ရွက်စသည်တို့ဖြင့်လုပ်ကာ 'အဒေါ့ဖ်ဟစ်တလာ'ဟူ၍ အမည်ပေးပြီး တီထွင်ရောင်းချခဲ့ရာ ထုံးစံအတိုင်း လက်မလယ်အောင်တစ်ဆိုင်လုံး ဝယ်စားသောက်သူများဖြင့် ပြည့်ကျပ်သွားခဲ့သည်။

'အခုလိုတီထွင်ပြီး ရောင်းတာဟာ ကျွန်တော်မိတ်ဆွေတွေ အကြံပေးချက်အရ အပျော်သက်သက်စမ်းကြည့်တာပါဘဲ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ဟစ်တလာနဲ့ ဘာမှမပတ်သက်ပါဘူး ပြီးတော့ ကျွန်တေ
ကိုယ်တိုင်ကလဲ နာဇီတစ်ယောက်မဟုတ်ပါဘူး . . . .'

'ဟစ်တလာအမဲသားကြော်' ရောင်းကောင်းလှသဖြင့် နာမည်
ကြီးသွားသောအဆိုပါ ဆိုင်ပိုင်ရှင်သည် သူ့အပေါ်တွင် တစ်မျိုးတစ်ဖု
မထင်ကြပါရန် သူ့ဆိုင်မှ 'ဖောက်သည်' များအား အထက်
အတိုင်းရှင်းပြ ခဲ့ရသည် စင်စစ်အားဖြင့်လည်းသူသည် ယခုတ
နေရာတကာတွင် 'ဟစ်တလာ-ဟစ်တလာ'ဟူ၍ 'တလာတည်း
နေကြသည့် 'ဥမ္မတကော' များအတွက် ရည်ရွယ်ကာ အဆို
'ဟစ်တလာအမဲသားကြော်'ကို အပျော် သက်သက်သဘောမျိုး
နာမည်ထူးထူးဆန်းဆန်း အမည်ပေးကာ ရောင်းချခဲ့ခြင်းသာဖြစ်သ
သို့ဖြစ်ရာ သူသည် နာဇီလိုလားသူ တစ်ယောက်အနေ
ဟစ်တလာကို လူအများပြန်၍ သတိရစေရန် ဤအမည်
ပေးခဲ့ခြင်းလည်းမဟုတ်၊ ထို့အတူ ဟစ်တလာကို အမုန်းကြီး မုန်း
'ဟစ်တလာ၏ အသားကိုဝါးစား'လိုကြသူများအတွက် ရည်ရွယ်
အမဲသားကြော်ကို ဤသို့အမည်ပေးခြင်း မဟုတ်ပေ။

အထူးသဖြင့် အဆိုပါဆိုင်ပိုင်ရှင်သည် ဤအမဲသားကြော်
တစ်ခါက ဟစ်တလာစားလေ့စားထရှိခဲ့သည့် အစားအစာတစ်မျိုး
လိမ်လည်ကြေငြာကာ ရောင်းချခဲ့ခြင်း အလျဉ်းမဟုတ်ပေ၊ အဘယ့်ကြော
ဆိုသော် အာဏာရှင်ဟစ်တလာသည် သူ့ဘဝတလျှောက်လုံး အမြဲ
သက်သက်လွတ်စားခဲ့သူဖြစ်သောကြောင့်တည်း။

ထို့ရွေ့ထိုမျှလောက် 'ဟစ်တလာ'၏ အမည်သည် နှစ်ပေ
များစွာကြာသည့်တိုင်အောင် အရှိန်အဝါကြီးမားဆဲပင်ဖြစ်နေခဲ့ရာ
နောက်ဆုံး ၁၉၇၄ခုနှစ်လွန်ခဲ့သည့် ဂျွန်လအတွင်းက သူ့အမည်
ကမ္ဘာ့သတင်းစာများ၏ တစ်ခုသော စာမျက်နှာတွင် ဘွားကနဲပေ





ပြန်သည်။ ထုံးစံအတိုင်းသည်တစ်ခါတွင်လည်း တစ်စုံတစ်ယောက်သော
ပုဂ္ဂိုလ်က ဟစ်တလာနှင့်ပတ်သက်သည့် 'သမိုင်းဝင်'ပစ္စည်းတစ်ခုကို
လေလံတင်၍ ရောင်းချရန် ဈေးခေါ်လိုက်သည့်သတင်းပင်ဖြစ်သည်။

သို့သော်ယခုတစ်ကြိမ် လေလံတင်မည့် ဟစ်တလာနှင့်
ပတ်သက်သည့် ပစ္စည်းများမှာ ယခင့်ယခင်ငွေရှင်ကြေးရှင်များနှင့် ကျိကျိ
တက်အောင်ချမ်းသာနေကြသူများက ငွေပေါ်တိုင်း အရူးထကာ သူ့ထက်ငါ
ဈေးကြီးပေး၍ ဝယ်ယူခဲ့ကြသော ဟစ်တလာ၏မော်တော်ကားလိုင်စင်
မှအစ ဟစ်တလာ၏ခြေဖဝါးပုံစံဖိနပ်အောက်ခံများအထိ အပါအဝင်
'ဗရုတ်သုက္ခသမိုင်းဝင်'ပစ္စည်းမျိုးမဟုတ်၊ တကယ့်အစစ်အမှန် 'အဖိုးတန်
သမိုင်းဝင်ပစ္စည်း'ဖြစ်သည်။ ယင်းပစ္စည်းမှာ အခြားမဟုတ် ဟစ်တလာအား
ဂျာမနီအာဏာရှင်အဖြစ်လုံးဝ အာဏာကုန် လွှဲအပ်ခဲ့သည့် အမိန့်ပြန်
တမ်းပင်တည်း။

အဆိုပါအမိန့်ပြန်တမ်းမှာ လွန်ခဲ့သည့် ၁၉၄၂ခုနှစ် ဧပြီလ
၂၆ရက်နေ့စွဲဖြင့် ဂျာမန်ရိုက်ချ်စတက်လွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်း
ခဲ့၍ ထိုစဉ်ကဂျာမနီသမ္မတကြီး ဗွန်ဟင်ဒင်ဘတ်ကိုယ်တိုင် လက်မှတ်ရေး
ထိုးထုတ်ပြန်ခဲ့သည့် ပြန်တမ်းပင်ဖြစ်သည်။

ထိုသို့လွန်ခဲ့သည့် နှစ်ပေါင်း ၃၂နှစ်က ဂျာမနီတွင်ဟစ်တလာအား
သူတစ်ဦးတည်း၏ သဘောအလျောက် 'ထင်ရာစိုင်း'နိုင်သည့် အာဏာ
ရှင်ကြီးအဖြစ် ခန့်အပ်ခဲ့သည့်အဆိုပါ တကယ့်သမိုင်းဝင် အမိန့်ပြန်တမ်း
ကို လေလံတင်၍ ရောင်းချရန်စကားကမ်းလှမ်းလာသူမှာ အမေရိကန်
ပြည်ထောင်စု အလာဘားမားပြည်နယ် သီယိုဒိုမြို့တွင် နေထိုင်လျက်ရှိသော
ဆန်နီဘွန်းဆိုသူပင်ဖြစ်သည်။ သူသည်ယခင်က ကုန်သန်းရောင်းဝယ်ရေး
လုပ်ငန်းများ လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်၍ ယခုအခါ ဘာမျှမလုပ်တော့ဘဲ
အငြိမ်းစားဘဝဖြင့် နေထိုင်လျက်ရှိသည်။

www.burmeseclassic.com



"ဒီအမိန့်ပြန်တမ်းကို ဘယ်တုန်းကမှ ပုံနှိပ်ဖော်ပြခဲ့တာ မတွေ့ရသေးပါဘူး။ ကျုပ်သိရသလောက်ဆိုရင် ဒီပြန်တမ်းဟာ မူရင်းအစစ်ပါဘဲ ဒီမူအတိုင်း တခြားမိတ္တူဆိုလို့ လက်မှတ်မထိုးဘဲမူကြမ်းအဖြစ် ထားခဲ့တဲ့ မိတ္တူတစ်စောင်ပဲရှိခဲ့ပါတယ်. . . ."

သမိုင်းဝင်ပစ္စည်း၏ လက်ရှိပိုင်ရှင်ဆန်နီဘွန်း*က သူ့အိမ်မှနေ၍ သတင်းစာတိုက်များသို့ ယခု (၁၉၇၄ခုနှစ်) ဇွန်လ ၁၀ရက်နေ့က တယ်လီဖုန်းဖြင့် အထက်ပါအတိုင်း အဲကြောင်းကြားခဲ့သည်။

ထို့ပြင် သူကဆက်လက်၍ အဆိုပါအမိန့်ပြန်တမ်းစာရွက်ကို ၁၉၄၅ခုနှစ်က မဟာမိတ်တပ်များ ဂျာမနီနိုင်ငံကို သိမ်းပိုက်စဉ်က အမေရိကန်စစ်သားတစ်ယောက် ရရှိလာခဲ့ပြီး၊ လွန်ခဲ့သည့်၁၅နှစ်က ချီကာဂိုမြို့၌ ထိုပြန်တမ်းကို သူရရှိခဲ့ကြောင်းဖြင့် အဆိုပါ 'သမိုင်းဝင်စာရွက်' ၏ 'သမိုင်းဝင်အဖြစ်အပျက်' ကို ပြောပြခဲ့သည်။

အထက်ပါသမိုင်းဝင် အမိန့်ပြန်တမ်းစာရွက်ကလေးနှင့် ပတ်သက်၍ နောက်ထပ်တစ်စုံတစ်ရာထပ်မံကြားသိရခြင်း မရှိသေးပေ သို့သော် ဦးထုပ်တစ်လုံးဒေါ်လာနှစ်ထောင်၊ ကော်ဇောတစ်ချပ် ဒေါ်လာ နှစ်သိန်းစသည်ဖြင့် ဟစ်တလာနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း သောင်းပြောင်းထွေလာ ပစ္စည်းမှန်သမျှ လေလံတင်ရောင်းချရာ ဈေးကောင်းရခဲ့သည်ချည်းဖြစ်ရာ ယခုဆန်နီဘွန်းဆိုသူ၏ လက်ဝယ် အထက်ပါတကယ့် သမိုင်းဝင် ပြန်တမ်းမူရင်းစာရွက်မှာလည်း မကြာ အတွင်းလူအများ အံ့အားသင့်ရလောက်အောင် တန်ဘိုးပေးကာ ဝယ်မည့် သူ ပေါ်ပေါက်လာဘွယ်ရာရှိနေသည်။

---

* ဆန်နီဘွန်းက သူ့ထံတွင် ၁၉၁၇ခုနှစ်က ရုရှားခေါင်းဆောင်ကြီးလီနင် တိုင်းပြည်မှထွက်ပြေးတိမ်းရှောင်နေရစဉ် ဆွစ်ဇာလန်နိုင်ငံဇူးရစ်မြို့ နေ၍ ရေးလိုက်သော လီနင်၏လက်ရေးဖြင့်စာတစ်စောင်လည်း သူ့ထံတွင် ရှိသေးသည်ဟု ထိုစဉ်ကထုတ်ဖော်ပြောကြားခဲ့သည်။ ။စာရေး





စင်စစ်သမိုင်းကြောင်းအရ ပြန်လည်သုံးသပ်၍ ကောက်နုတ်ချက်ချမည်ဆိုပါက ဟစ်တလာအား အာဏာရှင်အဖြစ် တရားဝင်ခန့်အပ်လိုက်သော အဆိုပါပြန်တမ်းသည် ဂျာမနီအပါအဝင်ဥရောပတိုက်နှင့်တကွ ကမ္ဘာကြီးတစ်ခုလုံး၏ အနာဂတ်ကံကြမ္မာကိုအဆုံးအဖြတ်ပေးလိုက်သော အမိန့်စာအဖြစ်လည်းကောင်း၊ ဂျူးလူမျိုး ခြောက်သန်းအပါအဝင် ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့၏ အသက်များကို သေဒဏ်ချမှတ်လိုက်သည့် အစီရင်ချက်အဖြစ်လည်းကောင်း၊ မှတ်ယူနိုင်ကြသည် မဟုတ်ပါလော . . .။

ဤသည်ဤသည်တို့မှာ ဟစ်တလာသေ-မသေ ပြဿနာတွင် တစ်စုံတစ်ရာ ဘာတစ်ခွန်းမှ ထိမ်မြင်ချက် မပေးခဲ့ကြသော်လည်း ထုဇနော ဥမ္မတကောဟူသော သဘောအရ၊ ဟစ်တလာ၏ အသုံးအဆောင် ပစ္စည်းမှန်သမျှ အငမ်းမရ ဝယ်ယူခဲ့ကြခြင်းဖြင့် ကာယကံ မြောက်ဟစ်တလာမသေအောင် လုပ်နေကြပုံများပင်ဖြစ်သည်။

ဤအတောအတွင်း ဟစ်တလာနှင့်ပတ်သက်လာလျှင် ဘာမဆို သူတိုင်းကစိတ်ဝင်စားကြလိမ့်မည်ဟူသော တထစ်ချယုံကြည်ချက်ဖြင့် ဟစ်တလာအကြောင်းသောင်းပြောင်းထွေလာရေးချင်ရာရာများကို ယုံချင်ယုံမယုံချင်နေဟူ၍ သဘောထားကာ ရေးသားခဲ့ကြသူများလည်း ရှိသေးသည်။ သူတို့၏ နှိုက်နှိုက်ချွပ်ချွပ်တစ်တစ်ခွခွ ရေးသားချက်များ ကြောင့် ဟစ်တလာမှာ လူထူးလူဆန်းကြီးတစ်ယောက်ဖြစ်ခဲ့ရသည်။

မှန်သည်။ ဟစ်တလာသည် ထူးထူးဆန်းဆန်းတစ်ယောက်ပင် ဖြစ်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာမသိသော - ဟစ်တလာအကြောင်း

မှန်သည်။ ဟစ်တလာသည် လူထူးလူဆန်းတစ်ယောက်ပင် ဖြစ်သည်။

'အကယ်၍ တစ်စုံတစ်ယောက်သောသူက ဟစ်တလာသည် မိန်းမများနှင့် ကင်းရှင်းသည်ဟု ဆုံးဖြတ်သတ်မှတ်မည်ဆိုပါက သူသည် ယောကျ်ားများနှင့် ကင်းကွာသူတစ်ယောက်ဟူ၍လည်း ဆိုရပေလိမ့်မည်။

သူ၏ကိုယ်ရေးကိုယ်တာဘဝဖြစ်စဉ်များသည် အလွန့်အလွန် လျှို့ဝှက်ဆန်းကျယ်မှုများဖြင့်ထွေးလုံး ရစ်ပတ်နေသည်ကို အထင်အရှား တွေ့နေကြရသည်။ ဤပုံစံအတိုင်းမပြောင်းလဲဘဲ တသမတ်တည်း ရှိနေခဲ့ပေသည်။

တစ်ခါက ရော်ဘီချွန်ဆိုသူ ဆောင်းပါးရှင် တစ်ဦးက မဂ္ဂဇင်း 'တစ်စောင်'တွင် အထက်ပါအတိုင်း ရေးသားခဲ့ဖူးသည်။

* The Illustrated weekly of Parkistam: July 27, 1969





ဟစ်တလာနှင့်ပတ်သက်၍ ယခင်ယခင်က ရေးသားခဲ့ကြရာ၌ ဟစ်တလာသည် ဆေးလိပ်လုံးဝမသောက်တတ်၊ သက်သက်လွတ်အမြဲစားသည်၊ ဆေးလိပ်သောက်သူများနှင့် သက်သက်မလွတ်စားသူများကို အလွန်မုန်းတီးစက်ဆုတ်၍ အမြဲရှုတ်ချပြောဆိုတတ်သည် စသည်ဖြင့် သူ၏အကျင့်စရိုက်များကို ဖော်ပြခဲ့ကြသည်။ သို့သော် ဤအချက်များမှာ လူတိုင်းလိုလို သိနေကြပြီးဖြစ်ရာ တစ်စုံတစ်ရာ ထူးခြားမှုရှိနေသည်ဟု မဆိုနိုင်။

သို့ဖြစ်ရာ နောက်ပိုင်း၌ ဟစ်တလာအကြောင်းကို သူ့ထက်ငါ 'ထူးရမည်-ဦးရမည်'ဟူသော သဘောဖြင့် ဟစ်တလာနှင့် အမျိုးသမီးများ၏ ဆက်ဆံရေးကို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေရေးသားလာခဲ့ကြသည်။ သည်အထဲတွင် အထက်ပါ ဆောင်းပါးရှင် ရော်ဘီချွန်ဆိုသူလည်း အပါအဝင် ဖြစ်သည်။

ရော်ဘီချွန်သည် သူ၏ဆောင်းပါးတွင် ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာအတွင်းရေးများကို အောက်ပါအတိုင်း ဖော်ထုတ်ရေးသားခဲ့သည်။

'စင်စစ်အားဖြင့် ဟစ်တလာ၏ ကာမရာဂနှင့်စပ်လျဉ်းသည့် ဆက်ဆံပြုမူပုံများမှာ လုံးဝရှင်းရှင်းလင်းလင်းမရှိရုံမျှမက မူမမှန်ဘဲ ဖြစ်နေသည်ကို တွေ့ရပေသည်။ ဤသည်မှာလည်း ရှောင်လွှဲ၍ မရသော အကြောင်းပြချက်များကြောင့်ပင်ဖြစ်ပေသည်။

'ဟစ်တလာသည် လူစဉ်မမှီဘဲ'ပန်းသေ'နေသူဖြစ်သည်ဟူ၍ ကြိမ်ဖန်များစွာ ပြောဆိုစွပ်စွဲခြင်းခံခဲ့ရသည်။ ယုတ်စွအဆုံး အမြဲတစေ မဟုတ်သည့်တိုင်အောင် ရံဖန်ရံခါသော်လည်းကောင်း၊ အခြေအနေ အရသော်လည်းကောင်း၊ ထိုသို့ဖြစ်လေ့ဖြစ်ထရှိသည်ဟုဆိုကြသည်။ ဤအချက်မှာ စစ်ပြီးကာလ မြူးနစ်မြို့တွင် လူတိုင်းသိပြီးဖြစ်နေကြသည့် လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သို့သော် တကယ့်ဖြစ်ရပ်အတိုင်းဆိုပါလျှင်လည်း အီဗာဘရွန်း အပါအဝင် အနည်းဆုံးအမျိုးသမီးသုံးယောက်သည် ဟစ်တလာအတွက် ကိုယ့်ကိုယ်ကို သေကြောင်းကြံခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ပေသည်။ အီဗာဘရွန်းမှာမူ နှစ်ကြိမ်သေကြောင်းကြံခဲ့သည်ဟူ၍ပင်ဆိုရပေမည်။

'ပထမ အမျိုးသမီးမှာ ဂီလီရောဘဲလ်* ဆိုသူဖြစ်၍ ၁၉၃၁ခုနှစ်က သူမသည် သူ့ကိုယ်သူ အောင်မြင်စွာ အဆုံးစီရင်သွားခဲ့ပေသည်။ ဟစ်တလာသည် ယင်းသို့ဂီလီသေဆုံးသွားခဲ့သည့်အတွက် ထိုစဉ်က အကြီးအကျယ်ယူကြုံးမရဖြစ်ခဲ့သော်လည်း ထိုကိစ္စဘာကြောင့်ဖြစ်ခဲ့ရသည်ကိုမူ ယနေ့ထက်တိုင် ရှင်းရှင်းလင်းလင်းမသိကြရဘဲ ဖြစ်နေခဲ့လေသည်။

'မြူးနစ်မြို့အာဏာသိမ်းပွဲတွင် အရေးနိမ့်၍ တိမ်းရှောင်ပုန်းအောင်းခဲ့စဉ်က ဟစ်တလာနှင့် အတူပါဝင်ခဲ့ပြီး နောင်အခါ၌ ဟစ်တလာ၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့သော ဟန်စတန်ဂဲဆိုသူ၏ ပြောပြချက်အရ ကောက်ချက်ချမည်ဆိုပါက ဟစ်တလာသည် ကာမဆက်ဆံရာတွင် စိတ်တိုင်းကျစွမ်းဆောင်နိုင်ခြင်း မရှိသည့်အလျောက် သူ့ကိုယ်သူ သက်သက်လွတ်စားသူတစ်ဦးအဖြစ်ခံယူကာ၊ အဗြဟ္မစရိယာ သိက္ခာပုဒ်တို့ စောင့်ထိန်းလာခဲ့သည်ဟု သိရပေသည်။

'သို့သော် သူသည်သူ၏အလွန် ရင်းနှီးသော နောက်လိုက်တပည့် အများအပြားကဲ့သို့ ယောကျ်ားချင်း'မိတ်လိုက်'တတ်သူတစ်ယောက်ကား ဟုတ်ဟန် မတူပေ။ တနည်းအားဖြင့် စကားအဖြစ်ပြောရပါမူ ထိုသို့သော အဖြစ်မျိုးသို့မရောက်အောင် လမ်းတစ်ဝက်မှာပင် သူ့ကိုယ်သူထိန်းနိုင် သိမ်းနိုင်သူတစ်ယောက်ဟူ၍ ဆိုရမည်ဖြစ်ပေသည်။

---

* ဂီလီရောဘဲလ်သည် ဟစ်တလာ၏ အစ်မဝမ်းကွဲဖြစ်သူကမွေးဖွားခဲ့၍ ဟစ်တလာ၏ တူမဝမ်းကွဲတော်စပ်သူဖြစ်သည်။





'သို့ဖြစ်၍လည်း ဟစ်တလာသည် စိတ်အာရုံကိုပြောင်းပစ်သည့် အနေဖြင့် သူ၏အကြီးမားဆုံး၊ ဂုဏ်ယူစရာအကောင်းဆုံးဖြစ်သော လူထုကြီးအား ဆွဲဆောင်လွှမ်းမိုးသည့် လုပ်ငန်းကိုအောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်ဟန်တူပေသည်။'

အထက်ပါတို့မှာ ဟစ်တလာအကြောင်းကို သူများတကာထက် ထူးခြားအောင် ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာအတွင်းရေးကို နှိုက်နှိုက်ချွတ်ချွတ် ရေးသားခဲ့သော ရော်ဘီချွန်၏ ဆောင်းပါးမှ ကောက်နှုတ်ချက်များပင်ဖြစ်သည်။

၎င်းနေရာတွင် ဟစ်တလာသည် ရော်ဘီချွန်ရေးသားခဲ့သလို 'ပန်းသေရောဂါ' စွဲကပ်နေသည်၊ မနေသည်ကိုလည်းကောင်း၊ အတိအကျမပြောနိုင်သော်လည်း ဟစ်တလာနှင့် သမီးရည်းစား ချစ်သူဘဝဖြင့် ဆက်ဆံခဲ့ကြ သည့် အမျိုးသမီးအားလုံးလိုလို ကိုယ့်ကိုယ်ကိုသတ်သေရန် ကြိုးစားခဲ့ကြသည် ဟူသော အချက်မှာမူ မှန်လည်းမှန်ကန်၍ ထူးလည်းထူးဆန်းသည်ဆိုရမည် ပင်ဖြစ်သည်။

ရော်ဘီချွန်၏ ဆောင်းပါး၌ ထိုသို့ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးစားခဲ့သည့် ဟစ်တလာ၏ ချစ်သူများမှာ အနည်းဆုံး သုံးယောက် (အီဗာဘရွန်းအပါအဝင်) ရှိသည်ဟုဖော်ပြခဲ့သည်။ ထိုအမျိုးသမီး သုံးယောက်အနက် ပထမဆုံးဖြစ်သော ဂီနီရော်ဘဲလ်၏ အဖြစ်အပျက်ကို ရော်ဘီချွန်၏ အထက်ပါဆောင်းပါးတွင် အကျဉ်းချုပ် ထည့်သွင်းရေးသားထားသည်ကို တွေ့ရပြီးဖြစ်သည်။

၎င်းအဖြစ်အပျက်များနှင့်စပ်လျဉ်း၍ ဂျင်အိုရမ်ဆိုသူ ပုဂ္ဂိုလ်တစ်ဦးကလည်းတစ်ခါက ထုတ်ဖော်ရေးသားခဲ့ဖူးသည်။ ဟစ်တလာသည် မိန်းမများနှင့်ပတ်သက်၍ မည်သို့သောသဘောမျိုးရှိသည်၊ မည်သို့ ပြုမူဆက်ဆံတတ်သည်။ မည်သို့ ဖြစ်ပျက်ခဲ့သည်များကို ဂျင်အိုရမ်က ဤသို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားဖွယ်ရာ အောက်ပါအတိုင်း အပြည့်အစုံ ထုတ်ဖော်ရေးသားခဲ့သည်။

'ဟစ်တလာသည် ကမ္ဘာကြီးအားစစ်ထဲသို့ ဆွဲသွင်းခဲ့၏။ သူသည် သူသွားမည့်ခရီးလမ်းတွင် သူ့ရှေ့မှပိတ်ဆို့ကာဆီးနေသူမှန်သမျှအား မညှာမတာ လွှင့်စင်သွားအောင် ဖယ်ရှားသုတ်သင်ပစ်ခဲ့၏။ သို့သော် သူကိုယ်တိုင်ကမူ မိန်းမများ၏ ကိုင်လှုပ်ခြင်းကို အလွယ်တကူခံခဲ့ရပေသည်။

'သူသည် မိန်းမများကို သဘောကျသူဖြစ်၏။ သို့သော် သူ့အား မိန်းမများက တွယ်ကပ်နေမည်ကို အလွန်ကြောက်၏ ×××'

'ဟစ်တလာ၏ တစ်သက်တွင် အီဗာဘရွန်းအပြင် အခြားမိန်းမ အများအပြားနှင့် တွေ့ကြုံခဲ့ဖူး၏။ သို့သော် ထိုမိန်းမများ၏ဘဝထဲသို့ ဟစ်တလာရောက်သွားသည်နှင့်တစ်ပြိုင်နက် သူတို့တတွေမှာ ကံဆိုးမိုးမှောင်ကျခဲ့ရ၏။ ဟစ်တလာသည် သူတို့ဘဝကိုဖျက်ဆီး ချေမှုန်းပစ်ခဲ့လေသည်။'

'ဟစ်တလာတွင် သူ့အစ်မဝမ်းကွဲတစ်ယောက်၏ သမီးချောကလေးရှိ၏။ သူမ၏အမည်မှာ ဂီလီဖြစ်၏ ×××'

'သူသည် ဂီလီနှင့်ပတ်သက်လျှင် သဝန်ကြောင်သည့်စိတ်များ အရှူးအမူးဖြစ်ကာ သူမအား အမြဲတန်းမျက်စိအောက်တွင် စောင့်ကြည့်နေခဲ့လေသည်။'

'သို့သော် ဤအတောအတွင်းမှာပင် ဂီလီသည် ပန်းချီဆရာကလေးတစ်ယောက်နှင့် တိတ်တိတ်ပုန်း ချစ်ကြိုက်မိခဲ့၏။ ထိုပန်းချီဆရာလေးကို ဂီလီကလက်ထပ်ရန် ရည်မှန်းခဲ့၏။ ဤအကြောင်းကို ဟစ်တလာသိသွားသောအခါ ယမ်းပုံမီးကျကာ ဒေါ်အပွကြီးပွပြီး ပန်းချီဆရာကလေးအား တခြားသို့မောင်းထုတ်လိုက်လေသည်။'

'ဟစ်တလာသည် ဂီလီကိုလက်ထပ်ရန် ဆုံးဖြတ်လိုက်၏။ ထို့နောက်သူမအား အပြင်သို့လုံးဝထွက်ခွင့်မပြုတော့ဘဲ အိမ်ထဲမှာပင်





လှောင်ထားခဲ့၏။ သို့ဖြင့် ဂီလီမှာတစ်နေ့တစ်ခြားပို၍ စိတ်ဆင်းရဲခဲ့ရလေသည်။ ဤအတောအတွင်း ဂီလီကိုသဘောမကျသည့် ပါတီခေါင်းဆောင်များက ဟစ်တလာအား အီဗာဘရွန်းအပေါ် စိတ်ညွတ်လာအောင် တစ်ဖက်မှကြိုးစားလျက်ရှိနေကြ၏။'

'၁၉၃၁ခု စက်တင်ဘာလတွင် ဂီလီသည် ဘာဗေးရီးယန်တောင်ပိုင်း ဘာချက်စ်ဂါဒင်* မြို့သို့ ရောက်နေရာ ဟစ်တလာက သူမအား မြူနစ်မြို့သို့ ပြန်ရန်ခေါ်လိုက်၏။'

'သို့ဖြင့် ဂီလီပြန်ရောက်လာခဲ့ရာ ရောက်သည့်နေ့မှာပင် ဟစ်တလာနှင့် ခွန်းကြီးခွန်းငယ် စကားများခဲ့ကြ၏ နောက်တစ်နေ့ နံနက်တွင် ဟစ်တလာသည် နျူရင်ဘတ်မြို့သို့ ထွက်သွားရာ ဂီလီတစ်ယောက်တစ်ယောက်တည်း အိမ်တွင်ကျန်ရစ်ခဲ့လေသည်။ ထိုအခိုက်သူမသည် ဟစ်တလာ၏ အခန်းထဲတွင် အီဗာဘရွန်းထံမှ ဟစ်တလာထံသို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးထားသည့် စာတစ်စောင်ကို သွားတွေ့ခဲ့၏။'

'နောက်တစ်နေ့နံနက်တွင် ပါးစပ်ထဲသို့ သေနတ်ပြောင်းထည့်ကာ ကိုယ့်ကိုယ်ကို သတ်သေသွားသော ဂီလီ၏အလောင်းကို သူမအခန်းထဲမှာပင် တွေ့ကြရလေသည်'

'အဲဒီအပြင် သူ့မှာတခြားမိန်းမတွေ ရှိသေးတယ်'ဟု ဟစ်တလာ၏အတွင်းရေးမှူး ခရစ္စတာက ပြောပြလေသည်။ 'ဟစ်တလာဟာ တစ်ခါတုန်းက လီနီဆိုတဲ့ မင်းသမီးတစ်ယောက်နဲ့ ဖြစ်ခဲ့သေးတယ်၊ ဒါပေမဲ့ အဲဒီအကြောင်းကို အီဗာဘရွန်းသိသွားတာနဲ့ လီနီလဲတခြားကို ပြောင်းသွားရတယ်'

'တစ်ခါ ၁၉၃၆ ခုနှစ်မှာ ယူနစ်တီဆိုတဲ့ အင်္ဂလိပ်မတစ်ယောက်နဲ့ ဟစ်တလာနဲ့ တော်တော်တွဲလိုက်သေးတယ်၊ အဲဒီအင်္ဂလိပ်မကြောင့်ဘဲ

*ဟစ်တလာ၏ နွေရာသီစံအိမ်ရှိသည့်မြို့ပင်ဖြစ်သည်။ ။စာရေးသူ

www.burmeseclassic.com



အီဗာဘရွန်းဟာ သူ့ကိုယ်သူသတ်သေဖို့ ကြိုးစားခဲ့တာပါ။ ဒါပေမဲ့ အီဗာဘရွန်းမသေဘဲ အဲဒီယူနစ်တီကို ဟစ်တလာကတခြားပို့ပစ်လိုက်တယ် နောက် အဲဒီအင်္ဂလိပ်မလဲ ၁၉၃၉ ခုနှစ်ကျတော့ မြူးနစ်မြို့က ပန်းခြံတစ်ခုထဲမှာ ကိုယ့်ကိုယ်ကိုသေနတ်နဲ့ ပစ်သတ်ပြီး သေကြောင်းကြံသေးတယ်' ဟူ၍ ခရစ္စတာကပြောပြခဲ့ပေသည်။'

'ဤသည်တို့မှာ သဘောထားသေးသိမ်၍ သဝန်ကြောင်လှသည့် ဟစ်တလာနှင့် တွေ့ကြုံခဲ့ရသော မိန်းမများအကြောင်းပင်ဖြစ်၏။'

'ဟစ်တလာသည် အရက်လည်းမသောက်၊ ဆေးလိပ်လည်း မသောက်သူဖြစ်၏။ သို့သော်အရက်နှင့် ဆေးလိပ်ကိုမကြိုက်၍ မသောက်ဘဲ နေခဲ့သည်မဟုတ်၊ နှစ်ခုစလုံးကို 'ကြောက်' သဖြင့် မသောက်ဘဲ နေခဲ့ရခြင်းဖြစ်၏'

'သူသည် တစ်ခါက လင့်ဇ်မြို့တွင် အရက်မူး၍ သူ၏ဒီပလိုမာ အောင်လက်မှတ် ပျောက်ဆုံးခဲ့ဖူး၏။ ဤအဖြစ်ကြောင့်သူသည် အရက်ကို ဖြတ်လိုက်ခြင်းဖြစ်၏ သူသည် တစ်ခါကလည်း ဆေးတန်သောက်နေခိုက် သူ့အိပ်ရာမှာ ,မီးလောင်သွားခဲ့ဖူး၏။ ထိုအကြောင်းကြောင့် သူသည် ဆေးလိပ်မသောက်ဘဲ နေခဲ့ခြင်းဖြစ်၏။'

'××× သူသည် ကာလသားရောဂါ ဆစ်ပလစ်ပိုးများ တစ်ကိုယ်လုံးပျံ့နေပြီး စိတ်ကောင်းကောင်းမနှံ့ဘဲ တစ်ပိုင်းတစ်စ ရူးသွပ်နေသူတစ်ယောက်ဖြစ်ပေသည်။'

ဤသို့ဖြင့် ဆောင်းပါးရှင် ဂျင်အိုရမ်က ဟစ်တလာအား မိန်းမပွေသူ၊ ကာလသားရောဂါရှိသူ၊ ရူးနေသူဟူ၍ ထုတ်ဖော်ရေးသားခဲ့သည်။

စင်စစ် ဟစ်တလာသည် အိုရမ်ရေးခဲ့သလို မိန်းမများကို သဘောကျတတ်သူဖြစ်သည်၊ မိန်းမများကို ဦးစားပေးတတ်သူလည်း ဖြစ်သည်။ သို့သော် ထိုမိန်းမ အကြင်မိန်းမအား သူ၏နိုင်ငံရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ စိတ်အနှောင့်အယှက် ဖြစ်စေခြင်း





များကိုမူ လုံးဝခွင့်မပြုဟူ၍ သိရသည်။

မိန်းမများနှင့်ပတ်သက်သည့် ဟစ်တလာ၏ အဆိုပါအကျင့်စရိုက်တလေးများနှင့် သဘောထားများကို အခိုင်အမာ အတိအကျ ဖော်ပြနိုင်သူမှာ ဟစ်တလာ၏ ဓါတ်ပုံဆရာ ဟော့ဖ်မန်းဆိုသူပင်ဖြစ်သည်။

ဟော့ဖ်မန်းသည် ဟစ်တလာ၏ ယုံကြည်အားကိုးရသော ဓါတ်ပုံဆရာတစ်ယောက် အဖြစ်သာမက ရင်းနှီးသောမိတ်ဆွေ တစ်ယောက်အဖြစ်ပါ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သူဖြစ်သည်။ သူသည် ဟစ်တလာ၏ တရားဝင်ဓါတ်ပုံဆရာအဖြစ် ဟစ်တလာသွားလေရာရာသို့ လိုက်ပါကာ ဟစ်တလာလုပ်သမျှ ကိုင်သမျှ ပြောသမျှ ဆိုသမျှ တွေ့သမျှ ကြုံသမျှတို့ကို ဓါတ်ပုံများဖြင့် မှတ်တမ်းတင်ခဲ့ရသူဖြစ်သည်။ သို့ဖြစ်၍လည်း သူသည် ဟစ်တလာနှင့်ပတ်သက်၍ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

အောက်ပါတို့မှာ မိန်းမများနှင့် ပတ်သက်သည့် ဟစ်တလာ ပြောဆိုချက်များ၊ သဘောထားများနှင့် လုပ်ဆောင်ချက်များကို 'ဟစ်တလာ၏ အတွင်းရေးများကို ကျွန်ုပ်သိခဲ့ရစဉ်က' ဟူသောအမည်ဖြင့် ရေးသားခဲ့သည့် ဟော့ဖ်မန်း၏ စာအုပ်မှ ကောက်နုတ်ဖော်ပြချက်များပင် ဖြစ်သည်။

'ကျုပ်ရဲ့ သတို့သမီးကတော့ ဂျာမနီနိုင်ငံကြီးဘဲ'

'အထက်ပါတို့မှာ စကားပြောကြဆိုကြရင်း အိမ်ထောင်ရေးကိစ္စများကို စကားစပ်မိကြ၍ သူ့အားလက်ထပ်ဘို့ ဝိုင်းပြောကြသည့်အခါတိုင်း အမြဲတန်းပြန်ဖြေလေ့ရှိသည့် ဟစ်တလာ၏ စကားပင်ဖြစ်ပါသည်။ သူသည် ထိုစကားကို ရယ်ရယ်မောမောဖြင့် ပြောလိုက်ခြင်းဖြစ်သော်လည်း လေးလေးနက်နက် ပြောခဲ့ခြင်းဖြစ်ပါသည်။'

သူသည် မိန်းမများနှင့်ရောနှောနေထိုင်ရသည်ကို သဘောကျသော်လည်း တစ်သက်လုံးအိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝဖြင့်နေသွား



www.burmeseclassic.com

www.burmeseclassic.com



ရန် ဆုံးဖြတ်ထားသူဖြစ်ပါသည်။

'သူသည် ဂိုးဘဲလ်၏ ဇနီးအား ချောချောလှလှရုပ်ရှင်မင်းသမီးကလေးများကို အိမ်သို့ဖိတ်၍ လက်ဖက်ရည်တိုက်ရန် မကြာခဏ တိုက်တွန်းလေ့ရှိပါသည်။ ထိုလက်ဖက်ရည်ပွဲသို့ သူ့ကိုလည်း ဖိတ်ခိုင်းပါသည်။ ထိုအခါမျိုးတွင် သူသည် အဆိုပါ ရုပ်ရှင်မင်းသမီးများအပေါ်တွင် အစစအရာရာ ဖော်ဖော်ရွေရွေဖြင့် ပျူပျူငှာငှာရှိလှပါသည်။ ပန်းစည်းများနှင့် ချောကလက်များလည်း လက်ဆောင်ပေးလေ့ရှိပါသည်။

'သူ၏ ပုဂ္ဂိုလ်ရေးရာ ဓါတ်ပုံဆရာလည်းကောင်း၊ ရင်းနှီးသည့်မိတ်ဆွေတစ်ယောက်အဖြစ်လည်းကောင်း၊ အဆိုပါ လဖက်ရည်ပွဲများတွင် ကျွန်တော်လည်း မကြာခဏရှိနေတတ်ပါသည်။ ထိုအခါမျိုးတွင် မိန်းခလေးများက သူ၏ ဖော်ရွေမှုများကို အားရကျေနပ်ကြသည့် အမူအရာများ တွေ့ခဲ့မြင်ခဲ့ရပါသည်။

'သို့ဖြင့် တစ်ခါတွင် ကျွန်တော်က 'ဒီနေရာမှာ ခင်ဗျားအနေနဲ့ ကြိုက်တာရွေးဘို့ပဲရှိတယ်၊ ဒီမိန်းကလေးတွေဟာ. . . အမှန်တော့ သူတို့တင်မဟုတ်ပါဘူး။ ဂျာမနီမှာရှိတဲ့ မိန်းမတွေထဲက ဘယ်သူမဆို ခင်ဗျားကသာယူမယ်ဆိုရင် ငြင်းမှာမဟုတ်ဘူး'ဟူ၍ သူ့အားပြောမိပါသည်'

'ထိုအခါ ဟစ်တလာသည် သဘောမကျဟန်ဖြင့် ပခုံးကိုတွန့်ပြီး 'ဒီမယ် ဟော့ဖ်မန်း၊ ခင်ဗျားကျုပ်ရဲ့ သဘောထားကို သိတယ်မဟုတ်လား ဟုတ်ပါတယ်၊ ကျုပ်ဟာ ပန်းပွင့်တွေကို ကြိုက်နှစ်သက်တတ်ပါတယ် ဒါပေမဲ့ ဒီလိုပန်းတွေကို ကြိုက်နှစ်သက်တာနဲ့ ကျုပ်ဟာဥယျာဉ်မှူးလုပ်ရမယ်' ဆိုလို့ ဘယ်ဖြစ်ပါ့မလဲ . . .'ဟု ပြန်ပြောပါသည်။

---

* မိန်းမများကိုသဘောကျသော်လည်း ထိုမိန်းမများကို ဂရုတစိုက်ယုယယုယပြုစုနေရခြင်းဖြင့် အချိန်ကုန်မခံနိုင် ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။

- စာရေးသူ





သူသည် ဘယ်လိုမိန်းမမျိုးကိုမှ ပို၍ သဘောကျသည်ဟု သတ်မှတ်ခြင်းမရှိ၊ မိန်းမဟူသည် သန့်သန့်ပြန့်ပြန့်နှင့် အိန္ဒြေရှိဘို့ လိုသည်ဟုသာ သဘောထားတတ်ပါသည်၊ အကယ်၍ သူ့စိတ်ကြိုက်ကို သာရွေးရမည်ဆိုပါက သူသည် ကိုယ်လုံးကိုယ်ပေါက် သေးသွယ် နွဲ့နှောင်းသည့် မိန်းမများကို ဦးစားပေးရွေးချယ်လိမ့်မည်ဖြစ်ပါသည်

'ထို့ပြင် နာဇီထိပ်ပိုင်း ခေါင်းဆောင်တော်တော်များများက မိန်းမများ နှုတ်ခမ်းနီဆိုးခြင်းနှင့် လက်သည်းနီဆိုးခြင်းများကို သဘောမကျဘဲ ရှိနေကြသော်လည်း ဟစ်တလာကမူ ဒါမျိုးကိုကန့်ကွက်ခြင်း မရှိပါ။'

'တစ်ခါကလည်း ပါတီအစည်းအဝေးတစ်ခုတွင် မိန်းကလေးများ 'ဘော့ဟဲယား'* ခေါ် ဆံပင်တိုထားနေကြခြင်းနှင့်ပတ်သက်၍ ဆွေးနွေးကြ ဝေဖန်ကြရာ အလွန်ရှေးဆန်သည့် ပါတီဝင်များမှ 'ဆံပင်အတိုညှပ်ထားသည့် အမျိုးသမီးများအား ပါတီမှ ကြီးမှူးကျင်းပသည့် လူထုအစည်းအဝေး အခမ်းအနားများသို့ တက်ရောက်ခွင့်မပြုရန်' ဆွေးနွေးတင်ပြခဲ့ကြပါသည်။ သို့သော် ဟစ်တလာသည်'ဆံတိုဂုတ်ဝဲများ' ဘက်က အနိုင်ပေးဆုံးဖြတ်ခဲ့ပါသည်။'

'အာဏာရရေးအတွက် ကြိုးပမ်းခဲ့သည့် အချိန်ကာလများကလည်း အမျိုးသမီးများသည် ပါတီတည်ဆောက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည်ဟူ၍ ဟစ်တလာက အလေးအနက် သဘောထားခဲ့ပါသည်။ အစည်းအဝေး အခန်းအနားများတွင် အမျိုးသမီးများအတွက် သီးသန့်နေရာများကို ပြုလုပ်ထားခဲ့ပါသည်။ ထိုအစည်းအဝေးများသို့ အမျိုးသမီးများကလည်း သိုးမွေးထိုးသည့် ကြိယာများ၊ ဇာထိုးပန်းထိုး

---

*Bob Hair: ယခုခေတ် မိန်းခလေးများ ထားလေ့ရှိကြသည့် ဆံတိုဂုတ်ဝဲမျိုးပင် ဖြစ်သည်။ ။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ကိုင်ဆောင်၍ ရှေ့တန်းမှ ထိုင်ကာနေရာယူကြပါသည်။ ဤအမျိုးသမီးထုကြီး၏ ဩဘာသံများနှင့် ကြွေးကြော်ဟစ်အော်သံများသည် အစည်းအဝေး၏ အောင်မြင်မှုကို အဆုံးအဖြတ် ပေးသည့် အရာများပင် ဖြစ်ခဲ့ပါသည်။

'သို့သော် ပါတီဦးဆောင်မှုများတွင် မိန်းမများ၏ ပါဝင်လုပ်ကိုင်ခြင်းကို ကြပ်တည်းစွာ တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ရိုက်ချ်နိုင်ငံတော်တွင် နိုင်ငံရေးအရ အရေးပါသည့်နေရာဌာနများ၌ အမျိုးသမီးများအား လုံးဝခန့်ထားခြင်းမရှိခဲ့ပါ။ 'ကျုပ်ရဲ့ နိုင်ငံရေးကိစ္စတွေထဲမှာ ဘယ်သူမှ ဝင်စွက်ဖက်တာခွင့်မပြုနိုင်ဘူး၊ အထူးသဖြင့် မိန်းမတွေ ဝင်စွက်တာမျိုးကို လုံးဝလက်ခံဘူး'ဟူ၍ တစ်ခါတွင် ကျွန်တော့်အား ဟစ်တလာက ဖွင့်ပြောခဲ့ဖူးပါသည်။'

ဤသည်တို့မှာ မိန်းမများနှင့်ပတ်သက်သည့် ဟစ်တလာ၏ အကျင့်စရိုက်များ သဘောထားများနှင့် လုပ်ဆောင်ချက်များအား ဟစ်တလာနှင့် အရင်းနှီးဆုံးပုဂ္ဂိုလ် ဓာတ်ပုံဆရာဟော့ဖ်မန်း၏ ဖော်ထုတ်ရေးသားချက်များဖြစ်သည်။ ဤသို့ဖြင့် ဟစ်တလာအား မိန်းကလေးချောချောများကို 'ငမ်း'တတ်သူ၊ 'ငါးရံ့'ကိုယ်လုံးကလေးများကိုမှ သဘောကျသူ၊ 'ဆံတိုဂုတ်ဝဲ'ကလေးများကို နှစ်သက်သူအဖြစ် တွေ့မြင်ရပြန်သည်။

ဟစ်တလာ၏ 'မိန်းမကိစ္စ'များကို ထိုသို့အတွင်းကျကျ ရေးခဲ့သလို ဟစ်တလာသည် စိတ်မနှံ့သူ တစ်ယောက်ဟူ၍ ရှာရှာဖွေဖွေ ခရေစေ့တွင်းကျ ဖွင့်ချခဲ့သူတစ်ယောက် မကြာသေးမီက ပေါ်ပေါက်လာခဲ့ပြန်သည်။ ထိုသူမှ စိတ်ပညာ ပါရဂူဒေါက်တာ ဝေါလ်တာလင်ဂျာဆိုသူဖြစ်သည်။

ဝေါ်တာလင်ဂျာသည် 'ဟစ်တလာ၏စိတ်'ဟူသော အမည်ရှိစာအုပ်တစ်အုပ်ကို ၁၉၇၂ခုနှစ်၊ အောက်တိုဘာလပထမပတ်အတွင်း





ထုတ်ဝေခဲ့ရာ အဆိုပါစာအုပ်မှာ ဟစ်တလာနှင့်ပတ်သက်၍ နိုက်နိုက်ချွတ်ချွတ် အတွင်းရေးများကို ကပ်သီးကပ်သပ် ရှာဖွေစုဆောင်းဖော်ပြခဲ့သည့် ထူးခြားလှသော စာအုပ်ပင်ဖြစ်သည်။

စာအုပ်ပါ အကြောင်းအရာများကသာ ထူးခြားသည်မဟုတ်, စာအုပ်၏ သမိုင်းနောက်ခံအကြောင်းများကလည်း ဆန်းကျယ်သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒေါက်တာဝေါ်တာလင်ဂျာသည် ထိုစာအုပ်ကို ၁၉၇၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော်လည်း လွန်ခဲ့သည့် ၂၉နှစ်(၁၉၄၃)ခုနှစ်ကပင် ထိုစာအုပ်ကို ရေးသားပြီးစီးနေခဲ့သည်ဟု ဆိုသောကြောင့်ဖြစ်သည်။

ဖြစ်ပုံ ပျက်ပုံအလုံးစုံမှာ ဤသို့ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားနေစဉ် ၁၉၄၃ခုနှစ်တွင် ထိုအချိန်က အသက် ၃၀မျှသာ(ယခုအသက်၇၃နှစ်)ရှိသေးသော ဒေါက်တာဝေါ်တာလင်ဂျာအား အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးဌာနချုပ်မှ တာဝန်ခံပုဂ္ဂိုလ်ကြီးများက ဂျာမနီအာဏာရှင် ဟစ်တလာနှင့် ပတ်သက်သည့် အကြောင်းအရာအချက်အလက်မှန်သမျှကို အတတ်နိုင်ဆုံး ရှာဖွေစုဆောင်းတင်ပြရန် မေတ္တာရပ်ခံ တာဝန်ပေးခဲ့သည်။ ယင်းသို့ တာဝန်ပေးချက်အရ ဝေါ်တာလင်ဂျာသည် ဟစ်တလာအကြောင်း သောင်းပြောင်းထွေလာ သိကောင်းစရာမှန်သမျှကို နိုက်နိုက်ချွတ်ချွတ် ရှာဖွေ၍ ကပ်သီးကပ်သပ် စုဆောင်းခဲ့သည်။ ထို့နောက် သူရှာဖွေစုဆောင်းရရှိခဲ့သမျှ အချက်အလက်များကို အပြည့်အစုံ အသေးစိပ်ဖော်ပြကာ 'ဟစ်တလာဘယ်လိုလူစားလဲ'ဆိုသော သူ၏ ထင်မြင်သုံးသပ်ချက်ကိုပါ ရေးသား၍ အထက်အရာရှိလူကြီးများထံ တင်ပြခဲ့သည်။

အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေး ဌာနချုပ်အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဌာနချုပ်မှ တာဝန်ခံအရာရှိကြီးများနှင့် ဗိုလ်ချုပ်ကြီးများသည် အဆိုပါ ဒေါက်တာဝေါ်လ်တာလင်ဂျာတင်ပြသော အချက်အလက်များနှင့် သုံးသပ်ချက်များကို အခြေခံကာ၊ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် မဟာမိတ်တို့၏ စစ်ရေးနည်းဗျူဟာများနှင့် မဟာဗျူဟာများကို ချမှတ်လုပ်ဆောင်ခဲ့ကြသည်ဟု ဆိုသည်။ သို့ဖြစ်ရာ ဝေါ်တာလင်ဂျာ၏ ရေးသား တင်ပြချက်များကို စစ်ကြီးပြီးဆုံးသည့်တိုင်အောင် အပြင်လူများအား ဖတ်ရှုခွင့်မပြုဘဲ 'ထိပ်တန်းလျှို့ဝှက်' အဖြစ် အမေရိကန်အမျိုးသား မော်ကွန်းတိုက်၌ နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့ကြသည်။

ထို့နောက် နှစ်ပေါင်း ၃၀နီးပါးမျှကြာခဲ့၍ ၁၉၇၂ခုနှစ်တွင်မှ အဆိုပါရေးသားချက်များကို 'ထိပ်တန်းလျှို့ဝှက်' အဖြစ်မှ 'တပတ်လျှော့'ကာ အများပြည်သူတို့ ဖတ်ရှုခွင့်ပြုလိုက်ရာ ဤသို့ဖြင့် ဝေါ်လ်တာလင်ဂျာသည် ၁၉၄၃ခုနှစ်က သူရေးသားခဲ့သည့် အကြောင်းအရာများကို 'ဟစ်တလာ၏စိတ်' ဟူသော အမည်ဖြင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

အမေရိကန် သမိုင်းပညာရှင် ရောဘတ်ဝိတ်ဆိုသူကမူ 'ဟစ်တလာ၏စိတ်' အမည်ရှိ စာအုပ်တွင် ဖော်ပြထားသော ဟစ်တလာနှင့် ပတ်သက်သည့် သုံးသပ်ချက်များသည် လွန်စွာတိကျခိုင်လုံလှသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် ဟစ်တလာအား ယခုကဲ့သို့ မျိုးရိုးစဉ်လာ ဖြစ်ရပ်များကို အခြေခံကာ နောက်ကြောင်းရာဇဝင်ကို ပြန်လှန် လေ့လာ၍ 'ဟစ်တလာသည် နောင်တွင် မည်သို့စခန်းသွားလိမ့်မည်၊ မည်သို့ဖြစ်လာလိမ့်မည်' ဟူသော ဟောကိန်းမျိုး ထုတ်နိုင်သည်အထိ သုတေသနလုပ်ပုံ လုပ်နည်းမျိုးကို ယခင်က မည်သူမျှ လုပ်ဆောင်ခဲ့ခြင်း မရှိဟူ၍ပင် သမိုင်းဆရာ ရောဘတ်ဝိတ်က စိတ်ပညာပါရဂူ ဝေါ်လ်တာ လင်ဂျာအား ချီးကျူး ပြောဆိုခဲ့သည်။





ဤတွင် ဝေါ်လ်တာလင်ဂျာက 'ဟစ်တလာ၏စိတ်'ဟူသော သူ၏စာအုပ်တွင် ဟစ်တလာ၏ နေထိုင်ပြုမူပုံများနှင့် ဟစ်တလာရေးသားခဲ့သောစာများကို ထောက်ရှု၍ ဟစ်တလာ၏ ဖခင်ဖြစ်သူသည် အလွန်'သွေးဆိုး' သော အရက်သမားကြီးတစ်ဦး ဖြစ်ရမည်ဟူ၍ ကောက်ချက်ချခဲ့သည်။ နေ့စဉ်နေ့တိုင်း အိမ်တွင်အရက်အလွန်အကျွံမူးပြီး မိန်းမနှင့် ကလေးများကို ပတ်ပက်စက်စက် ဆဲဆိုကြိမ်းမောင်းရိုက်နှက်ရုံမျှမက အိမ်နီးနားချင်းများနှင့်လည်း မကြာခဏ ဆူဆူညံညံ ခိုက်ရန်ဒေါသဖြစ်လေ့ရှိသော ဖခင်ဖြစ်သူ၏ အပြုအမူကြောင့် ဟစ်တလာသည် ငယ်စဉ်က လူမှန်းသူမှန်း မသိစဉ်ကပင် ကြီးစွာသော စိတ်ဆင်းရဲမှုမျိုးကို တောက်လျှောက် ကြုံတွေ့ခံစားခဲ့ရသည်ဟူ၍ ဝေါ်လ်တာလင်ဂျာက ယူဆခဲ့သည်။

ကလေးသူငယ်များသည် ငယ်စဉ်က မိမိအိမ်သူအိမ်သား မိသားစုအတွင်း ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များကို အခြေခံကာ လူ့လောကကြီးအား ဆင်ခြင်ကြည့်မြင်တတ်ကြသည်မှာ စိတ်ပညာ၏ သဘာဝပင်ဖြစ်သည်။ ဤတွင် လူမှန်းသူမှန်း သိတတ်လာစကပင် အမြဲတမ်း အရက်မူးနေသော ဖခင်ဖြစ်သူကြောင့် အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရသော ဟစ်တလာသည် နောင်ကြီးပြင်းလာသောအခါတွင် လူ့လောကကြီးတစ်ခုလုံးအား 'အလွန့်အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ဘေးအန္တရာယ်များလှသော . . . ဗရမ်းဗတာ ဖြစ်ချင်တိုင်းဖြစ်ချင်တိုင်းဖြစ်နေသော . . တရားမျှတမှု ကင်းမဲ့သော' လောကကြီးဖြစ်သည်ဟူ၍ တထစ်ချ မှတ်ယူခဲ့သည်။ သို့ဖြစ်၍လည်း သူသည် ကြီးပြင်းလာသောအခါ၌ လူ့လောကကြီးတစ်ခုလုံးနှင့် လူသားအားလုံးကို မုန်းတီးစိတ်များ ကိန်းအောင်းနေခဲ့ခြင်း ဖြစ်သည်ဟူ၍ စိတ်ပညာပါရဂူ ဝေါ်လ်တာလင်ဂျာက သုံးသပ်ပြခဲ့သည်။

ထိုသို့ အရာရာတိုင်းကို အကောင်းမမြင်တတ်သော ဟစ်တလာ၏စိတ်ရောဂါသည် သူ၏ကာမဆန္ဒ မပြည့်ဝမှုအပေါ် မူတည်၍ ပို၍



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်သော စိတ်ဓာတ်များ ကိန်းအောင်းလာခဲ့သည်ဟု ဝေါ်တာ လင်ဂျာက ဆိုခဲ့သည်။

ဟစ်တလာသည် ကာမစိတ်များ ထကြွသောင်းကျန်းလာသည့် အခါတိုင်း ကာမဆက်ဆံမှုပြုရမည့်အစား သူနှင့်အတူရှိနေသည့် အမျိုးသမီးအား သူ့ကို ခြေထောက်ဖြင့် အကန်ခိုင်းတတ်သည်အထိ စိတ် ဖေါက်ပြန်နေသူဖြစ်သည်ဟု ဝေါ်တာလင်ဂျာက ကပ်သီးကပ်သတ် ထုတ်ဖေါ်ရေးသားခဲ့သည်။

ဤအဖြစ်အပျက်မှာ ဟစ်တလာနှင့် 'သမီးရည်းစားမက လင်မယား မကျ' ဖြစ်နေသော ရီနီမြူလာဆိုသည့် အမျိုးသမီးတစ်ဦး၏ ဖွင့်ဟပြောဆို ချက်အရ သိရခြင်းဖြစ်သည်။ သူမက တစ်ညတွင် ဟစ်တလာနှင့်သူမတို့ နှစ်ယောက်တည်း ဆိတ်ကွယ်ရာတွင် တွေ့ဆုံခဲ့ကြရာ၌ ဟစ်တလာသည် သူမအား ကာမဆက်ဆံခြင်းပြုရမည့်အစား သူ့ကို ခြေထောက်ဖြင့် အကန် ခိုင်းသည်ကို ထူးဆန်းစွာတွေ့ခဲ့ရသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ဘူးသည်။

ထို့ပြင် ဟစ်တလာသည် 'လူတစ်ကိုယ် စိတ်နှစ်မျိုး' ရှိနေသည့် ထူးဆန်းသော လူတစ်ယောက်ဖြစ်ကြောင်း ဝေါ်လ်တာလင်ဂျာကလေ့လာ ဆန်းစစ်ရေးသားခဲ့သည်။

'ဤသည်မှာ သူ့အတွက် တစ်ခုတည်းသော ဖြစ်ပေါ်ခံစားနေ သည့်စိတ်မဟုတ်ပေ။ ခန္ဓာကိုယ် တစ်ခုထဲမှာပင် အခြားစိတ်တစ်ခု ရှိနေ ပြန်ပြီး ထိုစိတ်နှစ်ခုတို့သည် တစ်ခုပြီး တစ်ခု တစ်ချိန်ပြီးတစ်ချိန် အပြန် အလှန် ပေါ်ပေါက်နေကြခြင်းဖြစ်လေသည်။ တစ်ခုသောစိတ်မှာ အလွန် တရာနူးညံ့သိမ်မွေ့၍ စိတ်ကူးယဉ်လှပေသည်။ အရာရာတွင် မိမိ တစ်ဦး တည်းသဘောဖြင့် ဆုံးဖြတ်နိုင်စွမ်း မရှိပဲ အမြဲမပြတ်မသား ဖြစ်နေ သည့်စိတ်ဖြစ်သည်။ သူသည် ထိုစိတ်ကြောင့်ပင် ကြိုးစားတက်ကြွ အနည်းငယ်မျှသာရှိ၍ မည်သည့်အရာဝတ္ထုကိုမဆို လိုချင်ဆန္ဒပြင်း





မရှိလှပဲ သဘောကျ နှစ်သက်ရုံမျှနှစ်သက်ကာ အရိပ်တကြည့်ကြည့် လုပ်နေရလျှင်ပင် ကျေနပ်ဝမ်းသာနေတတ်ပေသည်။

အခြားစိတ်တစ်ခုမှာမူ ဆန့်ကျင်ဘက်ဖြစ်၍ ကြမ်းတမ်းခက်ထန် ကာ ရက်စက်ကြမ်းကြုတ်သည့် စိတ်ပင်ဖြစ်လေသည်။ အတော်အတန် အင်အားကြီးမား၍ အရာရာတွင် ပြတ်သားစွာဆုံးဖြတ်နိုင်သည့် လူတစ် ယောက်၏ စိတ်မျိုးပင်ဖြစ်လေသည်။ ထိုစိတ်ကြောင့်ပင် သူ့ကိုယ်သူ ဘာ အလိုရှိသည်ကို သိနေသည့်လက္ခဏာဖြင့် သူအလိုရှိသည့် အရာမှန်သမျှ ကိုလည်း မည်မျှတန်ဘိုးပေးရသည်ဖြစ်စေ မရရအောင် ရှာဖွေယူရန် အဆင်သင့်ရှိနေတတ်လေသည်။

ပထမစိတ်မျိုး၏ပိုင်ရှင်အဖြစ် ဟစ်တလာသည် အိမ်တွင်အလှ မွေးထားသည့် ငှက်ကလေးတစ်ကောင် သေသွားသည်ကိုပင် ရှိုက်ကြီးတ ငင် ငိုကြွေးခဲ့ပြီး၊ ဒုတိယစိတ်မျိုးရှိသော ဟစ်တလာသည် အများပြည်သူ တို့ရှေ့မှောက်တွင် 'အကုန်လုံး ခေါင်းဖြတ်ပစ်မယ်' ဟူ၍ ဟစ်အော်ခြိမ်း ခြောက်ခဲ့ခြင်းဖြစ်ပေသည်။

ဤသို့ဖြင့် စိတ်ပညာပါရဂူ ဒေါက်တာဝေါ်လ်တာလင်ဂျာ၏ အဆိုအရ ဟစ်တလာသည် လူတစ်ကိုယ် စိတ်နှစ်စိတ်ရှိနေသူ. . . အရာ ရာတွင် အဆိုးကိုသာမြင်တတ်ပြီး လောကကြီးတစ်ခုလုံးအား အမုန်းကြီး မုန်းနေသူ. . .၊ လိင်စိတ် ချို့ယွင်းဖောက်ပြန်၍ မှုမမှန်ပဲ တစ်ဝက်တစ် ပျက် ရူးသွပ်နေသူ. . . စသည်ဖြင့် လူထူး လူဆန်းတစ်ယောက် ဖြစ်နေ ခဲ့သည်။

ထိုသို့ ဟစ်တလာနှင့်ပတ်သတ်၍ ရှာရှာဖွေဖွေ နှိုက်နှိုက်ချွတ်ချွတ် ကတ်သီးကတ်သတ် ရေးသားဖော်ပြခဲ့ကြရာ၌ နောက်ဆုံးတွင် ဟစ်တလာ သည် 'နတ်ကွပ်' ထားသူတစ်ယောက် (ဝါ) ဝှေးစေ့တစ်လုံးတည်းရှိသူ တစ်ယောက်ဖြစ်သည်ဟူ၍ပင် ပေါက်ပေါက်ရှာရှာ ကြဲကြီးစီရာ ရေးသော သူများရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့ ဟစ်တလာ၏အဆိုပါ 'တကယ့်အတွင်းရေး' ကို ဖော်ထုတ်ရေးသားခဲ့သူမှာ မရေရာ မသေချာဘဲ ထင်ရာမြင်ရာ စွတ်ရေးခဲ့ခြင်းမဟုတ်ဘဲ ဟစ်တလာ၏အလောင်းကို ရုရှားတပ်သားများက ရှာဖွေတွေ့ရှိခဲ့၍ ဟစ်တလာ သေသည်မှာ အမှန်ပင်ဖြစ်ကြောင်း နောက်ဆုံး ပေါ်ထွက်လာသော 'ဟစ်တလာ သေဆုံးခြင်း'* အမည်ရှိ စာအုပ်တွင် ဆရာဝန်များ၏ စစ်ဆေးတွေ့ရှိချက်အဖြစ် ပါရှိလာခြင်း ဖြစ်သည်။ ထိုစာ အုပ်ကိုရေးသားသူမှာ စစ်ကြီးအတွင်းက ဆိုဗီယက် ဗိုလ်ချုပ်ကြီးမာရှယ်ဇူးကော့၏ စစ်ဌာနချုပ်တွင် အမှုထမ်းခဲ့သော ဘီဇီမင်းစကီး အမည်ရှိ ရုရှားတပ်မှူးဟောင်းတစ်ယောက်ပင်ဖြစ်၍ ၁၉၆၉ခုနှစ်က ယင်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ဟစ်တလာနှင့်ပတ်သတ်သမျှ ကတ်သီးကပ်သတ် အချက်များကိုပင် နှိုက်နှိုက်ချွတ်ချွတ် ရေးသားဖော်ပြခဲ့ကြရာ ဟစ်တလာသေပြီးမှ ဟစ်တလာအကြောင်းကို ပိုပြီးအသေးစိတ် 'အတွင်းအပြင်' အကုန်အစင် သိကြရတော့သလို ဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဟစ်တလာသည် လူတစ် ယောက်တည်း စိတ်နှစ်မျိုးဖြင့် 'ဟစ်တလာနှစ်ယောက်' တစ်ပြိုင်တည်း ဖြစ်နေသော်ဟူသော ရေးသားချက်မှအစ နောက်ဆုံး ဟစ်တလာသည် အင်္ဂါမစုံဘဲ ဝှေးစေ့တစ်လုံး ပျောက်နေသည်ဟူသော ဖော်ထုတ်ချက်မျိုး အထိဘာတစ်ခုမှမကျန် ရအောင် 'ဘက်စုံ'လှသည်ဖြစ်ရာ ဤအချက်များကို ကာယကံရှင် ဟစ်တလာကိုယ်တိုင်ပင် သူမသေမီက သိမှသိသွားပါလေစ ဟူ၍ပင် သံသယဝင်ကာ တွေးစရာထင်စရာဖြစ်လာရပေသည်။

---

* ယင်းစာအုပ်မှာ ရေးသားဖော်ပြချက်များကို နောက်ပိုင်းတွင် သီးခြား အခန်းတစ်ခန်းဖြင့် ဖော်ပြထားပါသည်။ ။စာရေးသူ





မှန်သည်၊ အကယ်၍သာ ဟစ်တလာသည် ယနေ့အထိ အမှန် တကယ်မသေဘဲ အသက်ထင်ရှားရှိနေဦးမည်ဆိုပါက သူနှင့်ပတ် သက်သည့် အထက်ပါ ရေးသားချက်များကို ဖတ်ရှုကာ 'ဒီလူတွေရေးနေ ကြတဲ့ ငါ့အကြောင်းတွေကို ငါတောင် အကုန်မသိရပါလား'ဟူ၍ တအံ့ တဩ ပြောကောင်းပြောပေလိမ့်မည် ဖြစ်သည်။

ဤသို့ ဟစ်တလာအကြောင်း အကောင်းရော အဆိုးပါ ဟုတ်တာရော မဟုတ်တာရော သိသမျှ ကြားသမျှ ထင်သမျှ မြင်သမျှ တို့ကို ရေးသားဖော်ပြခြင်းဖြင့် ဟစ်တလာသည် ကမ္ဘာဦးအစက ပေါ်ပေါက်ခဲ့သည့် လူသားတစ်ယောက်ထက် ပို၍အံ့ဘွယ်ကောင်းနေသော လူထူးလူဆန်းတစ်ယောက်ဖြစ်နေသည်။

သည်အတောအတွင်း ဟစ်တလာကိုပို၍ ထူးသောပို၍ဆန်းသော လူတစ်ယောက်အဖြစ် ယူဆသတ်မှတ်ရမည့် အဖြစ်အပျက်တစ်ခု သတင်း တစ်ပုဒ်ထွက်ပေါ်ခဲ့ပြန်သေးသည်။

'ယုံချင်ယုံ - မယုံချင်'နေဟူ၍ ဆိုရလောက်အောင် ထိုအဖြစ် အပျက်ကို ၁၉၆၅ခုနှစ် ဇန်နဝါရီလက တစ်ဘစ်မဂ္ဂဇင်း* တွင် အောက်ပါ အတိုင်းဖော်ပြသည်။

'တူရကီ အော်ပရာဘဲလေးအဖွဲ့မှ ကခြေသည်များအနက် အလှအလာအရှိဆုံးဖြစ်သော အသက်၂၂နှစ်ရှိ ကခြေသည်မလေး ဒူနာအောလပ်စ်က သူမ၏သူငယ်ချင်းများအား 'ကိုယ်ဟာ-ဟစ်တလာရဲ့ ဝိညာဉ်နဲ့အမြဲတမ်း အဆက်အသွယ်ရှိတယ်'ဟူ၍ မကြာခဏပြောကြား လေ့ရှိခဲ့ပါသည်။ xxx'

'အောလပ်စ်သည် အီစတန်ဘူမြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ အိမ်အိုကြီးတစ်ခုလုံးတွင် ဆင်းဆင်းရဲရဲနေရရှာသူကလေးဖြစ်၏။

---

* Tit - Bit Magazine, January, 1965



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ညစဉ်ညတိုင်းပင် ကပွဲရုံမှ ပြန်လာသည့်အခါ သူမအိမ်တွင် သားရေဖုံးများ စုပ်ပြဲနေပြီဖြစ်သော ကုလားထိုင်ကြီးပေါ်၌ထိုင်ကာ သူမ၏'လိပ်ပြာ'ကို သေဆုံးသွားခဲ့ပြီဖြစ်သော မိဘနှစ်ပါးနှင့် မိတ်ဆွေများထံ စေလွှတ်ကာ ဝိညာဉ်ချင်း တွေ့ဆုံလေ့ရှိသည်ဟုဆို၏။'

'အများကလည်း သူမသည် သေဆုံးသွားသူများထံ 'လိပ်ပြာ' လွှတ်ကာ ဝိညာဉ်ချင်း ဆက်သွယ်နိုင်သည်ဟု ယုံကြည်နေကြပေသည်။ လွန်ခဲ့သည့် လအနည်းငယ်ခန့်ကမူ သူမသည် 'ဟစ်တလာနဲ့ ကိုယ်နဲ့ ဝိညာဉ်ချင်းဆက်လို့ရပြီ'ဟူ၍ ပြောခဲ့ဘူးသည်ဆို၏။ ထိုစကားကို ကြားရသောအခါ သူမ၏သူငယ်ချင်းမိတ်ဆွေများက ဟားတိုက်၍ ရယ်ကြပြီး တမလွန်ဘဝတွင် ဟစ်တလာဘယ်လိုနေသလဲဟူ၍ပင် နောက်ပြောင်ကာ မေးခဲ့မြန်းခဲ့ကြပေသည်။ သို့သော် အောလဗ်စ်တမူ မျက်နှာထားတည်တည်ဖြင့်ရှိနေပြီး ဘာမှပြန်မပြောခဲ့ဟုသိရ၏'

'သို့ဖြင့်တညတွင် သူမ၏သူငယ်ချင်းများအား ဤသို့ပြောခဲ့လေသည်။ "အဲဒီကိစ္စကို မင်းတို့အမှန်အတိုင်းတကယ် သိချင်ကြရင် ဒီနေ့ည ကိုယ့်အခန်းကို လိုက်ခဲ့၊ ကိုယ်'လိပ်ပြာ'ခေါ်ပြမယ်။ အဲဒီကျတော့မှ ဟစ်တလာရဲ့ဝိညာဉ်နဲ့ပတ်သက်လို့ ကိုယ်လိမ်မပြောဘူး ဆိုတာ မင်းတို့တွေ့လိမ့်မယ်"

'ထိုညက သူမ၏သူငယ်ချင်းရှစ်ယောက်တို့အား အိမ်သို့ခေါ်သွားခဲ့၏။ ထိုသို့အိမ်သို့အသွား တက္ကစီကားပေါ်တွင် သူမက 'ကိုယ်တွေ့ကြုံရတာတွေဟာ သိပ်ပြီးထူးဆန်းလွန်းလို့ မင်းတို့အနေနဲ့ အနည်းဆုံး တစ်ခါလောက်ဖြစ်ဖြစ် ကြည့်စေချင်တယ်'ဟူ၍သူ့သူငယ်ချင်းများအား ပြောခဲ့လေသည်။

'ည ၁၁နာရီ မိနစ် ၃၀အချိန်တွင် သူမ၏အိမ်သို့ ရောက်သွားကြပြီး အားလုံးအခန်းထဲသို့ ဝင်လာသည်။ ထို့နောက် အောလဗ်စ်သည် ကုလားထိုင်ကြီးပေါ်တွင် ဝင်ထိုင်လိုက်ပြီး အခန်းထဲရှိ မီးခလုတ်များကို ပိတ်ခိုင်းလိုက်လေသည်။ "မီးတွေကို သွားမဖွင့်လိုက်နဲ့နော်၊ ကိုယ်အခုဘဲ 'လိပ်ပြာ'ခေါ်ပြမယ်"ဟူ၍ သူမကလှမ်းပြောလိုက်၏။'

'ထို့နောက်တော်တော်လေးကြာသည်အထိ တစ်ခန်းလုံးဘာအသံမှမကြားရဘဲ ငြိမ်နေကြပြီး တစ်ခါတစ်ခါအောလဗ်စ်၏ပါးစပ်မှ တိုးတိုးတိုးတိုးဖြင့် မန်းမှုတ်သံများကိုသာ ကြားနေရပေသည်။ နောက်တခဏတွင် မှောင်မည်းနေသည့် အခန်းထဲ၌ အကြီးအကျယ်စိုးရိမ်ထိတ်လန့်မိသော မိန်းကလေးတစ်ယောက်က မအောင့်နိုင်တော့ဘဲ မီးခလုတ်ကို ဖွင့်လိုက်၏'

'မိန်းကလေးများသည် ကုလားထိုင်ကြီးပေါ်တွင် မလှုပ်မယှက်ထိုင်လျက်ပင်ရှိနေသော အောလပ်စ်ကိုအတန်ကြာအောင် စိုက်ကြည့်နေမိကြ၏။ သူတို့စိတ်ထဲတွင် အောလပ်စ်သည် လိပ်ပြာလွှတ်နေဆဲပင်ဖြစ်၍ မျက်နှာမှားဖြူပတ်ဖြူယော်ဖြစ်နေသည်ဟု ထင်မိကြလေသည်။ သို့သော် သူတို့ထင်သလိုမဟုတ်၊ သူတို့အားလုံး အောလပ်စ်အား သတိပြန်လည်လာအောင် ကြိုးစားကြသောအခါ မရတော့ဘဲ သူမမှာ သေနေပြီကိုတွေ့ကြရ၏'

အီတလီနိုင်ငံရောမမြို့မှ သတင်းထောက် အက်ရှ်တန်ဆိုသူက ပေးပို့လိုက်၍ တစ်ဘက်မဂ္ဂဇင်းတွင် ပါဝင်ခဲ့သောအထက်ပါ သတင်းဆောင်းပါးမှာ ယုံရအခက် မယုံရအခက်ဖြင့် လူတိုင်းအား အူကြောင်ကြောင်ဖြစ်သွားစေခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုသတင်းမှာ မူလကပင် 'နှာနာဘာဝ'ခေါ် အကောင်အထည်မမြင်ရဘဲ စုန်းပူးသည် နတ်ပူးသည် ဆိုသော ထူးဆန်းသည့် သတင်းမျိုးဖြစ်၍ စိတ်ဝင်စားဘွယ်ဖြစ်နေသည့် အထဲတွင် 'ဟစ်တလာ'၏အမည် ပါလာပြန်သောအခါ ပို၍ပင်လျှို့ဝှက်ဆန်းကြယ်၍ အံ့ဘွယ်သူရဲထူးကဲလှသည့်သတင်းတစ်ပုဒ် ဖြစ်ခဲ့ရသည်။

အကယ်၍ တူရကီ ကခြေသည်မလေး ဂူနာအောလပ်စ်၏







www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ 'လိပ်ပြာ' ခေါ်သည့် သတင်းသာ အစစ်အမှန်ဖြစ်ခဲ့ပါက ဂျာမနီ အာဏာရှင် ဟစ်တလာသည် တမလွန်ဘဝမှာပင်လျှင် အတော်ကလေး နာမည်ကျော်ကြား၍ ထင်ရှားနေသည်ဟု ဆိုရမလို ဖြစ်နေတော့သည်။ တဖန် ဟစ်တလာနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့သည့် မိန်းမများသည် တနည်း နည်းဖြင့် ကိုယ့်ကိုယ်ကိုသတ်သေခဲ့ကြသည်ဟူ၍ ပြောစမှတ်ဖြစ်ခဲ့ရာ တမလွန်ဘဝရောက်နေသည့်တိုင်အောင် ဟစ်တလာသည် သူနှင့်'လိပ်ပြာ' ချင်းဆက်သွယ်သည့် တူရကီကခြေသည်မကလေးအား ချမ်းသာမပေးဘဲ 'လိပ်ပြာ' နှုတ်သွားခဲ့လေသလောဟူ၍ပင် တွေးတောစရာဖြစ်ခဲ့ရသည်။

ဟစ်တလာ၏ အမည်သည် ထို၍ထိုမျှ တမလွန်ဘဝနှင့် ဆက်စပ်ပတ်သက်၍ပင် ထင်ပေါ်ကျော်ကြားခဲ့ရာမှ ရက်စက်လှသည့် လူဆိုးလူရမ်းကား လူသတ်သမားတစ်ယောက်ကလည်း ဟစ်တလာ၏အမည်ကို အသုံးပြု၍ လူသတ်မှုကျူးလွန်သွားခဲ့သည့် အဖြစ်တစ်ခု ဖြစ်ပွားခဲ့သေးသည်။

ယခုဖော်ပြအံ့သော အဖြစ်အပျက်မှာ 'ဟစ်တလာနှင့် ဝိညာဉ်ချင်း ဆက်သွယ်ခဲ့သည်ဆိုသော တူရကီကခြေသည်မကလေး မသေဆုံးမီ တစ်နှစ် ၁၉၆၄ခုနှစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားရာဒေသမှာ အနောက်ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ဖြစ်သည်။

ထိုမြို့တွင် အသက်၄၂နှစ်ရှိ ဆိုက်ဖတ်ဆိုသူသည် စက်ရုံတစ်ခုတွင် တွင်ခုံအလုပ်သမားတစ်ယောက်ဖြစ်သည်။ သို့သော်သူသည် မကြာသေးမီက သူ့တွင်စွဲကပ်လာသည့် တီဘီခေါ် အဆုပ်ရောဂါကြောင့် အလုပ်မှ ပင်စင်ယူ၍ ထွက်လိုက်ရသည်။ ဤတွင်ပြဿနာစတင်ခဲ့သည်။ ဆိုက်ဖတ်သည် မကျန်းမာ၍ အလုပ်မှပင်စင်ယူခဲ့ရာတွင် တစ်လလျှင်





အင်္ဂလိပ်ငွေဖြင့် ၈၅ပေါင် ရရမည်ဟု နားလည်ခဲ့သည်။ သို့သော် လက်တွေ့တွင်မူ ၈၅ပေါင် မရဘဲ ၂၇ပေါင်ခွဲသာရခဲ့သည်။

ထိုသို့ သူထင်သလောက် ပင်စင်မရဘဲ သုံးချိုးတစ်ချိုးသာ ရခဲ့သည်မှာ ကိုးလုံးမြို့မှ ဆရာဝန်၏ ဆေးလက်မှတ်ကြောင့်ဟုဆိုကာ ဆိုက်ဖတ်သည် ဆရာဝန်အပေါ် အကြီးအကျယ်ဒေါသထွက်နေခဲ့သည်။

သို့ဖြင့်ဤကိစ္စအတွက်'ကျောင်းမှန်းကန်မှန်း'သိအောင် လုပ်ပြလိုက်မည်ဟူသောစိတ်ဖြင့် ၁၉၆၄ခုနှစ် ဇွန်လ၏တစ်ခုသော နေ့တစ်နေ့တွင် ဆိုက်ဖတ်သည် လက်နက်မျိုးစုံတို့ကို ကိုင်ဆောင်ကာ သူ့အိမ်မှ ထွက်လာခဲ့သည်။ သူကိုင်ဆောင်ထားသည့် လက်နက်များမှာ ခြောက်လုံးပြူးတစ်လက်၊ ထိပ်ဖျားတွင် သတ္တုလုံးတစ်လုံး ချည်ထားသည့် ရာဘာကြိုးတစ်ချောင်း၊ အရှည်လေးပေခန့်ရှိ၍ လှံစွပ်ထားသော ဝါးလုံးတစ်လုံးနှင့် မီးလောင်စေတတ်သည့်ငရဲမီးများအပြည့်ထည့်ထားသည့်'ဖလိမ်းသရိုဝါး'* ခေါ် 'မီးပန်းလက်နက်' တစ်ခုတို့ ပါဝင်ခဲ့သည်။

သို့သော် ဆရာဝန်အပေါ် မကျေနိုင်မချမ်းနိုင် ဖြစ်နေသော ဆိုက်ဖတ်သည် အထက်ပါလက်နက်ကိရိယာများကို ယူဆောင်ကာ ဆရာဝန်၏ နေအိမ်သို့မသွားဘဲ မြို့ပြင်ဘက်ရှိ စာသင်ကျောင်းတစ်ကျောင်းသို့သွားရာ ၁၃နှစ်သားအရွယ် ဘတ်ရှိုက်ဆိုသူ ကျောင်းသားကလေးက ဆိုက်ဖတ်အား အဆောက်အဦးပြင်သည့် အလုပ်သမားတစ်ဦးဟူ၍ ထင်မှတ်ကာ ကျောင်းဝင်းတံခါးကို ဖွင့်ပေးခဲ့သည်။

ဤတွင် ဆိုက်ဖတ်သည် ဝင်းတံခါးမှ ကျောင်းသားကလေးကို တွန်းဖယ်၍ အခန်းငါးခန်းဖြင့် တစ်ထပ်တည်း ဆောက်လုပ်ထားသည့် ကျောင်းအဆောက်အဦးမှ အနီးဆုံးအခန်းရှိရာသို့ တဟုန်ထိုးပြေးသွားတော့သည်။

---

* Flame Thrower



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အဆိုပါစာသင်ခန်းထဲ၌ အတန်းပိုင်ဆရာမသည် သင်ပုန်းကြီးပေးတွင် 'ချစ်စွာသော ဘုရားသခင် ....ကျွန်ုပ်တို့၏ သွားရာခရီးလမ်းကို ညွှန်ပြပါလော့'.... ဟူသော စာကြောင်းကို ကျောင်းသားများအား မြေဖြူခဲဖြင့် ရေးပြနေခိုက်ဖြစ်သည်။ တခဏချင်းထဲ 'ဒေါသကုမ္မာရမင်းသား' ဆိုက်ဖတ်သည် ထိုစာသင်ခန်းပြတင်းပေါက်မှနေ၍ မီးပမ်းလက်နက်ဖြင့် အတွင်းသို့ လှမ်း၍ပစ်လိုက်ရာ 'ရှူး'ကနဲ မြည်သံကြီးနှင့်အတူ မီးတောက်ကြီးများသည် ပေ ၂၀ခန့်ပမ်း၍ထွက်သွားပြီး ကျောက်သင်ပုန်းတွင် စာရေးပြနေသော ဆရာမမှာ တစ်ကိုယ်လုံးမီး လောင်ကာ တုံးကနဲလဲကျသွားခဲ့သည်။

ဆိုက်ဖတ်သည် ဆရာမကိုသာမကဘဲ စာသင်ခန်းတွင်း၌ ကျောင်းသူကျောင်းသားကလေးများကိုပါ မီးပမ်းလက်နက်ဖြင့် ဝှေ့ရမ်း၍ ပစ်ခဲ့ရာ ၉နှစ်မှ ၁၂နှစ်အတွင်းမျှသာ ရှိသေးသော ကျောင်းသား ကျောင်းသူကလေးများမှာ ရုတ်တရက်ထိတ်လန့်တကြား ငယ်သံပါအောင် အော်၍ အင်္ကျီဘောင်းဘီများ မီးစွဲလောင်ရင်း အခန်းထဲမှ ဝရုန်းသုန်းကား ထွက်ပြေးကြရသည်။

ဒေါသအိုးပေါက်ကွဲနေသော ဆိုက်ဖတ်သည် ပထမအခန်းမှ နေ၍ ကျန်စာသင်ခန်းအားလုံးကိုပါ တစ်ခန်းပြီးတစ်ခန်း ပြေးလွှား၍ မီးပမ်းလက်နက်ဖြင့် လှမ်း၍လှမ်း၍ပစ်ပြန်ရာ ထည့်ထားသည့် ငရဲမီးများ ကုန်တော့မှ အပစ်ရပ်သွားခဲ့သည်။ ထို့နောက်သူသည် ဤမျှဖြင့် မကျေ နပ်သေးဘဲ သူ့တွင်ပါလာသည့် အခြားလက်နက်တစ်ခုဖြစ်သော လှံစွပ်ဖြင့် ဆရာမနှစ်ယောက်အား ရက်ရက်စက်စက် ထိုးသတ်ပြန်သည်။

ဤအတောအတွင်း ကျောင်းသားကလေးများ၏ ငိုသံယိုသံ အော်သံဟစ်သံများကြောင့် အနီးအနားပတ်ဝန်းကျင်မှလူများ ပြေးလာ ကြရာ ကျောင်းဝင်းတစ်ခုလုံး ဝရုန်းသုန်းကားဖြင့် အဝတ်အစားများ





မီးလောင်ကာ ဝယောင်ချောက်ချား ပြေးလွှားနေကြရှာသော ကျောင်းသားကလေးများနှင့် ဆရာမများကိုလည်းကောင်း၊ လူသတ်သမား ဆိုက်ဖတ်ကိုလည်းကောင်း မြင်ကြတွေ့ကြရသည်။ ဤတွင် ကျောင်းဝင်းထဲသို့ အပြေးအလွှား ရောက်လာကြသော လူအုပ်ကြီးကို အကြောက်ကြီး ကြောက်သွားသော ဆိုက်ဖတ်သည် လက်ထဲတွင် လှံစွပ်ကိုင်လျက်ဖြင့် ကျောင်းဝင်းအပြင်သို့ ကမူးရှူးထိုးထွက်ပြေးကာ တချိုးထဲလစ်တော့သည်။ သို့သော် လူသတ်ကောင် မှာ လွတ်အောင် မပြေးနိုင်ဘဲ ရဲသားတစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်လိုက်ရာ ပေါင်တွင် ဒဏ်ရာရပြီး လဲကျသွားခဲ့သည်။

ဒေါသအမျက်ချောင်းချောင်းထွက်နေသော လူအုပ်ကြီးသည် တရားခံဆိုက်ဖတ်အား နေရာတွင်ပင် ပွဲချင်းပြီးအောင် ဆုံးမမည်ဟူသော စိတ်ဖြင့် သူလဲကျသွားရာသို့ တအားပြေးသွားခဲ့ကြသည်။ သို့သော် ဘယ်သူမှအနားမရောက်မီပင် လူသတ်သမားဆိုက်ဖတ်သည် အဆင်သင့် ပါလာသော အဆိပ်ကို မြိုချကာသူ့အပြစ်ကို သူစီရင်သွားခဲ့သည်။

အဖြစ်အပျက်မှာ အစမှအဆုံးအထိ အထက်ပါအတိုင်းပင် ဖြစ်သည်။ သို့သော် အရေးကြီးသည့် အချက်တစ်ချက်ကျန်နေသေးသည်။ ထိုအချက်မှာ အခြားမဟုတ် အဆိုပါလူသတ်ကောင်ဆိုက်ဖတ်သည် ကျောင်းဝင်းထဲသို့ ပြေးဝင်လာပြီး ပထမဆုံးစာသင်ခန်းထဲမှ ဆရာမနှင့် လူမမယ် ကျောင်းသားကလေးများအား မီးပမ်းလက်နက်ဖြင့် လှမ်းမပစ်မီ သူ့ပါးစပ်မှ 'ငါဟာဒုတိယဟစ်တလာကွ' ဟူ၍ ဟစ်အော်ကြုံးဝါးခဲ့ခြင်း ပေတည်း။

ဤသို့ဖြင့် ထိုနေ့က ကိုလုံးမြို့တွင် 'ဒုတိယ-ဟစ်တလာ' ဆိုက်ဖတ်၏ လက်ချက်ဖြင့် ဆရာမနှစ်ယောက် 'အချောက်တိုက်' သေဆုံး ခဲ့ရပြီး အခြားဆရာလေးယောက်နှင့် ကျောင်းသားပေါင်း ၂၈ယောက် တိတိမီးလောင်သည့် ဒဏ်ရာများကို အပြင်းအထန်ရသွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲအားဖြင့် ထိုအဖြစ်အပျက်၏ နိဂုံးချုပ်မှာ ထိုနေ့ကဆေးရုံရောက်ပြီး သေခါနီးဆဲဆဲ အသက်ငင်နေသော 'ဒုတိယ ဟစ်တလာ'အား ရဲအရာရှိတစ်ယောက်က 'ဒီကိစ္စမှာ မင်းမကျေမနပ် ဖြစ်နေတဲ့ ဆရာဝန်ကို လက်စားမချေဘဲ ဘာကြောင့် ဆရာမတွေနဲ့ ကလေးတွေကို သတ်ရတာလဲ'ဟူ၍ မေးခွန်းထုတ်ခဲ့သည်။ သို့သော် သူက ပြေလည်အောင်မဖြေဘဲ 'ဒီအကြောင်းကို ပြန်ပြောရရင် အရှည်ကြီးဘဲ' ဟူ၍ မရှင်းမလင်းပြောရင်း အသက်ထွက်သွားခဲ့သည်။ သို့ဖြစ်ရာ 'အရှည်ကြီး'ဖြစ်နေသော သူ့ဇာတ်လမ်းမှာ ဤနေရာတွင်ပင် 'အတိုချုံး' ကာ ဘယ်သူမှ အပြည့်အစုံမသိလိုက်ရဘဲ နိဂုံးချုပ်သွားခဲ့သည်။

သို့သော် အဆိုပါကိုလုံးမြို့ကလေးမှ မြို့သူမြို့သားများ အနေဖြင့် တစ်ခုတော့ တိတိကျကျသိခဲ့ကြရသည်။ ဤသည်မှာအခြားမဟုတ် သူတို့မြို့တွင် တစ်ခါက 'ဒုတိယဟစ်တလာ'တစ်ယောက် ပေါ်ပေါက်ခဲ့ ဘူးသည် ဟူသောအချက်ပင်တည်း။

ဤသို့ဖြင့် တူရကီကခြေသည်မကလေးနှင့် ကိုလုံးမြို့မှ လူသတ် သမားတစ်ယောက်၏ အထက်ပါအဖြစ်အပျက်များအရ ဟစ်တလာ၏ အမည်သည် နေရာတကာတွင် 'ပါလေရာ' ဖြစ်နေခဲ့သည်။ သို့ဖြစ်ရာ အကယ်၍သာ ဟစ်တလာ မသေဘဲအသက်ထင်ရှားရှိနေဦးမည် ဆိုပါက တူရကီကခြေသည်မကလေး သေဆုံးရသည်မှ မိမိပယောဂလုံးဝ ပါခြင်း မရှိကြောင်း သတင်းစာများသို့ ရှင်းလင်းချက်ထုတ်၍ ကိုလုံးမြို့မှ လူသတ်သမားကိုလည်း နာမည်အလွဲသုံးစားမှု အသရေဖျက်မှုဖြင့် ရုံးတော်တွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုလိမ့်မည်ဖြစ်သည်။

သို့သော် ယခုအခါ ဟစ်တလာမှာ သူနှင့်ပတ်သက်၍ နိုက်နိုက် ချွတ်ချွတ်ရေးချင်တိုင်းရေးနေကြသူများအားလည်းကောင်း၊ သူ့နာမည်ကို အလွဲသုံးစား လုပ်ချင်တိုင်းလုပ်နေကြသူများအားလည်းကောင်း၊ ဘာတစ်ခွန်း





ဘုန့်ပြန်ပြောဆိုခြင်း၊ ကန့်ကွက်ပိတ်ပင်ခြင်း မလုပ်နိုင်ဘဲ ဖြစ်နေခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် နှစ်ပေါင်းများစွာ 'ဟစ်တလာသေ-မသေ'ဟူ၍ အငြင်းပွားအချင်းများကာ ဝိဝါဒကွဲပြားလာခဲ့သော ပြဿနာကြီးသည် နောက်ဆုံး၌ ဟစ်တလာသည် တကယ်သေပါပြီ 'ဘုရားစူး မိုးကြိုးပစ်' အဟုတ်သေပါပြီ၊ အမှန်သေပါပြီဟူ၍ သည်တစ်ခါ ဘယ်တော့မှ ငြင်းမရအောင် တိတိကျကျကြီးခိုင်ခိုင်လုံလုံကြီး ထုတ်ဖော်ပြောကြား လိုက်သူများ ဘွားကနဲပေါ်ပေါက်လာသောကြောင့်ဖြစ်သည်။

သည်တစ်ခါတော့ ဟစ်တလာသည် အမှန်တကယ်ပင် သေခဲ့ပြီ ဖြစ်သည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာ၏နောက်ဆုံးအမိန့်

သည်တစ်ခါတော့ ဟစ်တလာသည် အမှန်တကယ်ပင် သေခဲ့ပြီ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဟစ်တလာနှင့်နောက်ဆုံးအချိန်အထိ ဘာလင်မြို့မြေအောက်ပုန်းကျင်းထဲတွင် အတူတကွနေထိုင်ခဲ့ရသည့် ဟိန်းလင့်ဂျ်ဆိုသူနှင့် ဟစ်တလာ၏အလောင်းကို တူးဖော်၍ ထိုအလောင်းကို ဟစ်တလာဟုတ်မဟုတ်အသေးစိပ် စစ်ဆေးခဲ့ရသည့် ရုရှားတပ်မှ ဘီဇီမင်စကီးဆိုသည့် ပုဂ္ဂိုလ်များကိုယ်တိုင်က ယခုတစ်ကြိမ်တွင် ဟစ်တလာအမှန်တကယ်သေဆုံးခဲ့ပြီဖြစ်ကြောင်း ဘယ်သူမျှငြင်းမရ လောက်အောင် ဖော်ထုတ်ပြောကြားခဲ့သောကြောင့်ပင်ဖြစ်သည်။

၎င်းတို့နှစ်ဦးအနက် ပထမပုဂ္ဂိုလ်ဖြစ်သော ဟိန်းလင့်ဂျ်မှာ ဟစ်တလာ၏ အစေခံတစ်ဦးပင်ဖြစ်သည်။ သူသည် ဟစ်တလာ၏ ကိုယ်ရေးကိုယ်တာ ဗာလီရကီစ္စ -များဖြစ်သော အဝတ်လျှော် မီးပူတိုက် အိပ်ယာသိမ်းစသည့် အလုပ်များနှင့်တကွ ဟစ်တလာသွားစရာ လာစရာ





ရှိလျှင် အဝတ်အစားများထုတ်ပေးခြင်း၊ ဟစ်တလာအိပ်ရာထလျှင် သွားတိုက်ဆေး၊ သွားပွတ်တံ စသည်များ အဆင်သင့် ပြုလုပ်ပေးခြင်း စသည့် တောက်တိုမယ်ရ အလုပ်များကို ဆယ်နှစ်ဆယ်မိုးလုပ်ကိုင်ပေး လာခဲ့ရသည့် ဟစ်တလာ၏ လူယုံတော် အစေခံတစ်ဦးပင်ဖြစ်သည်။

ထို့ပြင် ဟိန်းလင့်ဂျ်သည် 'ဟစ်တလာသေ-မသေ'ပြဿနာကို ရေရေရာရာသေသေချာချာ လက်ဆုပ်လက်ကိုင် ပြောနိုင်သူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဟစ်တလာအသက်ထင်ရှားရှိနေစဉ်က ဟစ်တလာအား 'နောက်ဆုံး'မြင်ခဲ့ရသူနှင့် ဟစ်တလာ၏အလောင်းကို 'ပထမဆုံး' တွေ့ခဲ့ရသူဖြစ်သောကြောင့်တည်း။

ဟိန်းလင့်ဂျ်သည် ဟစ်တလာသေဆုံး၍ ဘာလင်မြို့ကြီးကျဆုံး ခဲ့ပြီးနောက် ရုရှားတပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထိုနောက်သူသည် ဆိုဗီယက်ယူနီယံရှိ အကျဉ်းထောင်များတွင် ၁၀နှစ်ကျော်မျှ အကျဉ်းသား အဖြစ်နေလာခဲ့ပြီးမှ လွန်ခဲ့သည့် ၁၉၆၄ခုနှစ် အောက်တိုဘာလက လွတ်မြောက်လာခဲ့သည်။

ဟိန်းလင့်ဂျ်သည် ထောင်မှထွက်သောလျှင်လာခြင်း အပြင်လောက၌ 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာနှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံပြောဆိုရေးသားနေကြသည်ကို ကြုံတွေ့ခဲ့ရသည်။ ဤတွင်သူသည် ဟစ်တလာကို အရှင်လတ်လတ် 'နောက်ဆုံး'တွေ့ခဲ့ရ၍ 'ဟစ်တလာ အလောင်းကို 'ပထမဆုံး'မြင်ခဲ့သူဖြစ်သည့်အလျောက် သူမြင်ခဲ့ တွေ့ခဲ့ရ သမျှကို 'ကမ္ဘာ့သတင်းမဂ္ဂဇင်း'* တွင် 'အဒေါ့ဖ်ဟစ်တလာ၏ သီးသန့်ဘဝ' ဟူသော ခေါင်းစဉ်ဖြင့် အဖြစ်မှန်များကို ပြန်လည်တင်ပြခဲ့သည်။

ဟိန်းလင့်ဂျ်၏ တင်ပြချက်ကား ဤသို့တည်း . . . .

* News of the World: 'The Private Life of Adolf Hitler' by Heinz Linge



www.burmeseclassic.com

www.burmeseclassic.com



'၁၉၄၅ ခုနှစ်ဧပြီလ ၃၀ရက်နေ့ညနေ လေးနာရီထိုးရန် ဆယ်မိနစ်တိတိလိုသေးသည်။ ပစ္စတိုသေနတ်၏ ပြောင်းဝမှထွက်လာသော ယမ်းခိုးယမ်းနံ့များကြောင့် ဟစ်တလာသည် သူ့ဘဝသူ အဆုံးစီရင်သွားခဲ့ပြီ ဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရသည်။'

'ထိုအချိန်တွင် ကျွန်ုပ်သည် ဘာလင်မြို့ကြီး၏ ပြိုလဲပျက်စီးနေပြီ ဖြစ်သော အစိုးရဂေဟာ၏ မြေအောက်ပေ ၃၀နက်သည့် ပုန်းကျင်းထဲတွင် မြေပုံများထားရှိသည့် အခန်း၏ အပြင်ဘက်၌ရပ်လျက်ရှိနေသည်။'

'ထိုနောက်တွင်ကား မြေအောက်ပုန်းကျင်း၏ တိတ်ဆိတ်ငြိမ်သက် ခြင်းကို ရုရှားတို့၏အမြောက်သံများက ဖြိုခွင်းပစ်လိုက်လေသည်။ အချိန် ကြာကြာဖြုန်းနေ၍မဖြစ်တော့။ ကျွန်ုပ်သည် မိမိကိုယ်မိမိ သတိပြန်၍ ထိန်းချုပ်ကာ မြေပုံများထားရာ အခန်းထဲသို့ ဝင်လာခဲ့တော့သည်။ အခန်းထဲတွင်မူ ဆိုဖာပေါ်၌ ဟစ်တလာ၏ခန္ဓာကိုယ်သည် ထိုင်လျက်သား အနေအထားမျိုးဖြင့် ရှိနေသည်ကို တွေ့မြင်ရသည်။'

'သူ၏ ညာဘက်နားထင်တွင် ကျာမန်ငွေဒင်္ဂါးပြားအရွယ်ခန့် အပေါက်ကလေးမှ သွေးများသည် ပါးပေါ်သို့စီးကျနေပေသည်။ သူသည် ယူနီဖောင်းဝတ်စုံကိုဝတ်ထားလျက်ရှိရာ ထိုဝတ်စုံမှာ မကြာသေးမီ နာရီ ပိုင်းအတွင်းကမှ ကျွန်ုပ်ကိုယ်တိုင် သေချာကျနစွာ ထုတ်ပေးခဲ့သော ဝတ်စုံ ပင်ဖြစ်၏။ ယခုထိုဝတ်စုံမှာ မဆိုစလောက်အနည်းငယ်တွန့်ကြေ နေပေသည်။ သူ၏လက်ျာဘက်လက်မှ လွတ်ကျခဲ့ဟန်တူသော ၇.၆၅ အရွယ် ဝေါလ်သာ အမျိုးအစားပစ္စတိုသေနတ်နှင့် တစ်ကိုက်ခန့် အကွာအတွင်း ၆.၃၅အရွယ်ကာလီဗာ အမျိုးအစား သေနတ်တစ်လက် ကိုလည်း မြင်တွေ့နေရပေသည်။

'အီဗာဘရွန်း၏ ခန္ဓာကိုယ်သည် သူ၏နဘေးတွင် ရှိနေ၏။ သူမသည် ခေါင်းဆောင်ကြီး ဟစ်တလာထက်မိနစ်အနည်းငယ်စော၍ သေဆုံးသွားခဲ့သည်ဟု ကျွန်ုပ်ထင်၏။ သူမမျက်နှာပေါ်တွင် ဒဏ်ရာတစ်





ခုစ်ရာမတွေ့ရဘဲ အိပ်မောကျနေသည်ဟူ၍ပင် ထင်ရပေသည်။ သူမသည် အဆိပ်သောက်၍ သေဆုံးခဲ့သောကြောင့်တည်း။

× × × × ×

'လွန်ခဲ့သည့်ငါးရက်ကဖြစ်သော ဧပြီလ ၂၅ရက်နေ့ မွန်းလွဲပိုင်း အချိန်က ကျွန်ုပ်အားဆင့်ခေါ်သဖြင့် ကျွန်ုပ်သည်မြေပုံများထားရာ အခန်းသို့ ရောက်သွားခဲ့၏။ ထိုအခန်းမှာ စစ်ဆင်ရေးများနှင့် ဖရိုဖရဲ တကွဲတပြားစီဖြစ်နေသော အစိုးရအဖွဲ့အတွင်း ဆက်သွယ်ရေးပြုလုပ်ရာ အခန်းဖြစ်၍ ဟစ်တလာ၏ ဌာနချုပ်ရုံးခန်းပင်ဖြစ်လေသည်။ ဘာလင်မြို့ ကြီးကို ရုရှားတပ်များ ခြိမ်းခြောက်လာသည့်အချိန်မှစ၍ သူသည်ထိုရုံးခန်း ကို အသုံးပြုလာခဲ့သည်။ အခန်းတွင်းရှိ ပရိဘောဂပစ္စည်းများမှာ အရေအတွက် နည်းပါးလှသည်နှင့်အမျှ ရိုးရိုးသာမန်ပစ္စည်းများသာလျှင် ဖြစ်ရာ၊ ယခုအခါ ပြိုကျပျက်စီးနေပြီဖြစ်သော အစိုးရဂေဟာ၏ ကြီးကျယ် ခမ်းနားလှသည့် အဆောင်အယောင်ပရိဘောဂများနှင့် လုံးဝနှိုင်းယှဉ်၍ မရအောင်ပင်ဖြစ်နေပေသည်။

'ထိုရုံးခန်းတစ်ဘက်ရှိတံခါးပေါက်မှ ခေါင်းဆောင်ကြီးဟစ်တလာ ၏ အိပ်ခန်းသို့သွားရာ တံခါးဖြစ်၍ အခြားတစ်ဘက်မှ တံခါးပေါက်မှာ အီဗာဘရွန်း၏အခန်းသို့ ဝင်ထွက်သည့်တံခါးဖြစ်သည်။ ကျွန်ုပ် နေထိုင်သည့် အခန်းမှသွားလျှင် ဂိုးဘဲလ်တို့ မိသားစုနေထိုင်သည့်အခန်းသို့ ရောက်နိုင်ပေသည်။'

'ထိုနေ့(ဧပြီ ၂၅-ရက်)က ကျွန်ုပ်ရောက်သွားသောအခါ ဟစ်တလာသည် သူ၏စားပွဲတွင် မတုန်မလှုပ်ကျောက်ရုပ်ပမာ မတ်တပ် ရပ်လျက်ရှိနေပေသည်။ သူ့မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်နေပြီး သူ့မျက်လုံးအစုံမှာလည်း ကြောက်မက်ဖွယ်ရာ အေးတိအေးစက်ဖြင့် အသက်ကင်းမဲ့သလိုဖြစ်နေသည်။'

'နှစ်ယောက်သား အပြန်အလှန် အလေးပြုကြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်ုပ်အား တည့်တည့်ကြီး စိုက်ကြည့်လိုက်သည်။ ဤသို့သော ကြည့်ပုံကြည့်နည်းမှာ မဆန်းတော့ပြီဖြစ်သော်လည်း ထိုနေ့ကမူ ထူးထူးခြားခြားညို့ဓာတ်အပြည့်ပါသော သူ့မျက်လုံးများမှာ ကျွန်ုပ်၏ကိုယ်ထဲသို့ စူးဝင်သွားသည်ဟူ၍ပင် ထင်လိုက်ရပေသည်။'

'ထို့နောက် သူကကျွန်ုပ်အား . . . .'

"လင့်ဂ်ျ . . . . ငါမင်းကို ငါ့ရဲ့အမှုထမ်းဘဝက လွတ်လပ်ခွင့် ပေးလိုက်မယ်၊ အဲဒီတော့ မင်းဒီအလုပ်က ထွက်ပြီးမင်းရဲ့မိသားစုနဲ့အတူ ပြန်နေပေတော့"ဟူ၍ ပြောလိုက်ရာ ကျွန်ုပ်ကလည်း . . . ."

"ခေါင်းဆောင်ကြီးခင်ဗျား . . . . ကျွန်တော်ဟာ ခေါင်းဆောင်ကြီး ကောင်းစားခဲ့တုန်းက အတူနေခဲ့တဲ့လူပါ။ အဲဒီတော့ ရှေ့အနာဂတ်ကာလ မှာလဲ ဘယ်အဖြစ်မျိုးနဲ့ဘဲ ကြုံရကြုံရ ခေါင်းဆောင်ကြီးနဲ့အမြဲနေသွား ပါမယ်"

'သူ၏မျက်နှာတွင် တစ်စုံတစ်ရာထူးခြားသည့်လက္ခဏာများ မတွေ့ရသော်လည်း သူ၏လက်တစ်ဖက်ကို မသိမသာမြှောက်ပြကာ -

"ငါလဲဒီလိုဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး"ဟူ၍ ပြန်ပြော လိုက်သည်။

'ထို့နောက် သူသည် တစ်စုံတစ်ခုကိုပြတ်ပြတ်သားသား သံမိဋ္ဌာန်ချထားသည့် လေသံမျိုးဖြင့် ဆက်၍ပြောလိုက်သည်။'

"တဲ . . . . အဲဒီတော့ ငါမင်းကိုအထူးအမိန့်တစ်ခုပေးမယ်၊ အခုငါနဲ့ အီဗာဘရွန်းတို့ဟာ နှစ်ယောက်စလုံး အတူတူသေကြောဖို့ ဆုံးဖြတ်လိုက်ကြပြီ၊ အဲဒီတော့ မင်းကိုငါအမိန့်ပေးခဲ့ချင်တာက ငါတို့ရဲ့ အလောင်းတွေကို မင်းကိုယ်တိုင်တာဝန်ယူပြီး မီးသင်္ဂြိုဟ်ဖို့ပဲ၊ ငါသေပြီး တဲ့နောက် ငါ့ကိုဘယ်သူကမှ မမှတ်မိစေချင်ဘူး၊ ဒါကြောင့် ဓာတ်ဆီ လိုသလောက်ကို အသင့်ရှာထားပါ။ နောက် ငါတို့ရဲ့ အလောင်းတွေကို စောင်နဲ့ပတ်၊ ဓာတ်ဆီလောင်းပြီး မီးရှို့ပစ်ပါ။"





"အဲဒီမီးသင်္ဂြိုဟ်တာကို မင်းကိုယ်တိုင် သေသေချာချာ ဂရုစိုက် ကြည့်ပြီးမှ ငါ့အခန်းထဲကိုသွားပြီး ငါသေပြီးတဲ့နောက် ငါနဲ့ပတ်သက်လို့ မှတ်မိစရာရှိနေတဲ့ ပစ္စည်းမှန်သမျှအားလုံးသိမ်းပါ၊ အဲဒီမှာ ယူနီဖောင်းတွေ ရော စာချွက်စာတမ်းတွေရော ငါအသုံးပြုခဲ့တဲ့ ပစ္စည်းမှန်သမျှဘာတစ်ခုမှ မကျန်ရအောင်သိမ်းပါ၊ လူတွေက ငါပိုင်ခဲ့တဲ့ပစ္စည်းရယ်လို့ ပြောစရာ ဖြစ်ကျန်ခဲ့မယ့်ပစ္စည်းမှန်သမျှအားလုံးစုပြီးသိမ်းပါ။ အဲဒီလို သိမ်းပြီးတဲ့နောက် ဒီပစ္စည်းတွေကို အပြင်ဘက်ထုတ်ပြီး အကုန်လုံးမီးရှို့ဖျက်ဆီးပစ်ရမယ်၊ ဒါပေမဲ့ ငါ့စားပွဲနောက်မှာ ချိတ်ထားတဲ့ ဖရက်ဒရစ်ဘုရင်ကြီးရဲ့ ပုံကိုတော့ မီးရှို့မပစ်ပါနဲ့၊ အဲဒါသေချာအောင်ထုပ်ပြီး မှာခဲ့မယ်၊ အဲဒီဖရပ်ဒရစ် ဘုရင်ကြီးရဲ့ပုံကိုတော့ မီးရှို့မပစ်နဲ့ကြားလား"

'ထိုရုပ်ပုံကြီးမှာ ဟစ်တလာအလွန်နှစ်သက်သော ပစ္စည်းဖြစ်သည်။ ရှည်လျားလှသည့် ညအခါများတွင်လည်းကောင်း၊ အောင်မြင်မှုနှင့် ဆိုးရွားမှုဖြင့်ပြီးသောနေ့ရက်များတွင်လည်းကောင်း၊ ပရပ်ရှား နိုင်ငံတော် ကြီး၏ ဘုရင်ဖြစ်သော ဖရက်ဒရစ်ဘုရင်ကြီးသည်သူ၏မျက်လုံး အစုံဖြင့် စားပွဲတွင်အလုပ်လုပ်နေသော ဟစ်တလာအား အမြဲတစေငုံ့၍ စိုက်ကြည့် နေခဲ့ပေသည်။

"မင်းလိုက်နာရမဲ့ အမိန့်တွေကို မင်းနားလည်တယ် မဟုတ်လား . . . . ?"

"ဟုတ်ကဲ့နားလည်ပါတယ်ခေါင်းဆောင်ကြီး၊ ကျွန်တော်ဒီအမိန့် ကို တသွေမတိမ်းလိုက်နာပါမယ်"

'ဟစ်တလာသည် လွတ်မြောက်အောင် ထွက်ပြေးမည့်အစား ဘာလင်မြို့မှာပင် အသေခံသွားလိမ့်မည် ဟူ၍ ကျွန်ုပ်စိတ်ထဲတွင် ကာလ ကြာမြင့်စွာကပင် ထင်မြင်ယူဆထားခဲ့သည်။ သူသည်ရုရှားတို့က သူ့အား အရှင်ဖမ်းမိသွားမည်ကိုလည်းကောင်း သို့မဟုတ်သူသေဆုံးပြီးနောက် သူ့အလောင်းကိုရုရှားတို့က တွေ့သွားမည်ကိုလည်းကောင်း၊အထူးကြောက်



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ပုန်း ကြောက်ရွံ့နေခဲ့သည်၊ အထူးသဖြင့်သူ့စိတ်ထဲတွင် အကြီးအကျယ် ထိတ်လန့်နေသည်မှာ လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က မူဆိုလီနီနှင့် သူ့ဇနီးအလောင်းများကဲ့သို့ဟစ်တလာသည်သူ့အလောင်းကို မတော်မတရားအလုပ်ခံရမည့်အရေးတွေးကာအစိုးရိမ်ကြီးစိုးရိမ်နေခဲ့သည်။

“သူတို့ဟာ ငါ့ကိုအသေဖြစ်ဖြစ်၊ အရှင်ဖြစ်ဖြစ် ဖမ်းမိသွားရင် မော်စကိုကို ယူသွားကြမှာသေချာတယ်။ အဲဒီမှာငါ့ကိုပြပွဲလုပ်ပြီး လူတွေကိုပြကြလိမ့်မယ်။ အဲဒီကျတော့ငါဟာ ပုံသွင်းထားတဲ့ ဖယောင်းရုပ်ကြီးတစ်ရုပ်လိုဖြစ်သွားမှာပဲ”

‘ဟစ်တလာသည် စိတ်မချမ်းမသာသည့်အမူအရာဖြင့် ညည်းတွားပြောဆိုလိုက်သည်။’

‘ထို့နောက် ချက်ခြင်းဆိုသလိုပင်သူသည် စိတ်ကိုမထိန်းနိုင်ဘဲ ဒေါသတကြီးဖြင့် ထအော်လိုက်သည်။’

“ဒါမျိုးအဖြစ်မခံနိုင်ဘူး၊ ငါပြောတာကြားရဲ့လား ဒီအဖြစ်မျိုး ဘယ်တော့ဆို ဘယ်တော့မှမဖြစ်ရဘူး”

× × × × ×

‘ကျွန်ုပ်သည် အလောင်းများကို စောင်များဖြင့်သေသေချာချာ ဂရုစိုက်၍ပတ်လိုက်သည်။ အထူးသဖြင့် သေဆုံးနေပြီဖြစ်သော ဟစ်တလာ၏မျက်နှာကို မည်သူမျှမမြင်နိုင်စေရန်ဖြစ်သည်၊ ထို့နောက် အသေခံတပ်သားနှစ်ယောက်တို့က ကျွန်ုပ်အားဟစ်တလာ၏အလောင်း အပြင်သို့သယ်ထုတ်သွားရာတွင် ဝင်ရောက်ကူညီသည်။’

‘အီဗာဘရွန်း၏အလောင်းကိုမူ ကိုယ်ရံတော်တပ်ဖွဲ့မှတပ်မှူး ဖြစ်သူ ဗိုလ်မှူးဂွမ်ချဲက သယ်ဆောင်လာခဲ့သည်။ အီဗာဘရွန်းသည် ထိုစဉ်ကနက်ပြာရောင်အပြောက်ကလေးများပါသည့်ဂါဝန်ချောကလက်ရောင် အီတာလျံ ရှူးဖိနပ်ကိုစီးကာ နိုင်လွန်ခြေအိတ်များကို ဝတ်ဆင်ထားခဲ့သည်။ သူမ၏လက်ကောက်ဝတ်တွင်မူ တစ်ခုတည်းသောလက်ဝတ်ရတနာအဖြစ်





စိန်များတပ်ဆင်ထားသည့် ပလက်တီနံ လက်ပတ်နာရီလေးကို ခါတိုင်းကဲ့သို့ပင်ပတ်ထားလျက်ရှိသည်။ ဤလက်ပတ်နာရီမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင်ဟစ်တလာကပေးထားခဲ့သည့်လက်ဆောင်ပစ္စည်း ဖြစ်သည်။

‘မကြာမီ ဓါတ်ဆီများရောက်လာသည်။ ကျွန်ုပ်သည်ဓါတ်ဆီများကို တစ်ပုံးပြီးတစ်ပုံး အလောင်းများပေါ်သို့ လောင်းချခဲ့ရာဂွမ်ချဲနှင့် အခြား အရာရှိများက ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။ ထိုအချိန်မှာပင် ဆူညံ မြည်ဟီးနေသည့် အမြောက်သံများနှင့်အတူ စက်သေနတ်သံများကိုပါ မကြာခဏတဖျောက်ဖျောက် ကြားလာရသည်။ ကျွန်ုပ်အတွက် အချိန် သိပ်ဖြုန်းနေ၍ မဖြစ်တော့ဟူ၍သိလိုက်ရသည်။’

‘ဓါတ်ဆီများလောင်းထားသည့် စောင်များကို မီးရှို့လိုက်သည်နှင့် တပြိုင်နက် ကြီးမားလှသည့် မီးတောက်ကြီးသည် ဝုန်းကနဲတမဟုတ်ချင်း ထ၍ တောက်လောင်ခဲ့သည်။ မီးတောက်၏အရှိန်မှာ ကြီးမားလှသည်နှင့် အမျှ အလင်းရောင်မှာလည်း စူးလှလှသည်ဖြစ်ရာ မျက်စိများပင်ပြာ၍ ဘာမှမမြင်ရအောင်ဖြစ်သွားခဲ့သည်။ သို့သော် မီးတောက်များလျင်မြန်စွာ တောက်လောင်သကဲ့သို့ လျင်မြန်စွာပင် အရှိန်ကျသွားသည်ကို တွေ့ရသည်။

‘ဟစ်တလာသည် သူ၏အလောင်းကို ပြာကျသည်အထိ မီးရှို့ ပစ်စေလိုကြောင်းကျွန်ုပ်သတိပြုမိသည်။ သို့သော် ကျွန်ုပ်သည် ယခုကဲ့သို့ သေရေးရှင်ရေးဖြစ်နေသည့် အခိုက်အတန့်ကလေးမှာပင် ကျွန်ုပ်တို့သည် ဓာတ်ဆီအစား မီးသဂြိုဟ်ရာတွင်ပို၍ တမြေ့မြေ့တောက်လောင်စေသည့် ရေနံဆီကဲ့သို့သော လောင်စာကိုဘာ့ကြောင့် အသုံးမပြုကြသည်ကို စဉ်းစားကာ အံ့ဩနေမိသည်။ သို့ဖြစ်၍လည်း အလောင်းများမီးလောင် နေသည်ကို အခြားသောပုဂ္ဂိုလ်အနည်းငယ်တို့နှင့်အတူ စောင့်ကြည့် နေဆဲမှာပင် ဤအလောင်းများကို မည်သည့်နည်းနှင့်မျှ ပြာကျအောင်



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့၍မဖြစ်နိုင်သည်ကို ကျွန်ုပ်သတိပြုမိသည်။

'ထိုအချိန်တွင် ဟစ်တလာ၏ ယူနီဖောင်းဝတ်စုံနှင့် အီဗာဘ၏ အပြောက်ကလေးများပါသော ဂါဝန်မှာ လုံးဝလောင်ကြွမ်းသွားခဲ့ ဖြစ်သည်။ သို့သော် ဟစ်တလာနှင့်သူ့ဇနီးအီဗာတို့၏ ရုပ်အလောင်များ မှာ မှတ်မိနိုင်လောက်အောင် ရှိနေသေးသည်ကို တွေ့ရသည်။'

'ဤအခိုက်အတန့်မှာပင် ဘောမန်းက မီးသဂြိုဟ်သည တာဝန်ကို လွှဲပြောင်းယူလိုက်သည်။ သူ့တွင်ဟစ်တလာက သီးသန့် ခဲ့သည့် အမိန့်များရှိနေမည်ဖြစ်သည်။ သို့သော် ယင်းအမိန့်များသည မည်သို့သောအမိန့်များဖြစ်နေသည်ကိုမူ ကျွန်ုပ်လုံးဝမသိခဲ့ရပေ. . .

'သို့ဖြစ်ရာ ကျွန်ုပ်သည် ပုန်းကျင်းထဲသို့ ပြန်ပြေးလာခဲ့ ကျွန်ုပ်၏ဒုတိယလုပ်ငန်းတာဝန်ကို စတင်လုပ်ကိုင်ခဲ့ရသည်။ ယင်းတာ မှာ ဟစ်တလာ၏ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းမှန်သမျှကို ဖျက်ဆီး ပစ်ခြင်းပင်ဖြစ်သည်။'

'ထို့နောက် နာရီအနည်းငယ် ကြာသောအခါ ကျွန်ုပ်သည ပုန်းကျင်းထဲမှတဖန် ပြန်ထွက်လာခဲ့ပြန်သည်။ ထိုအခါတွင်မူ ဟစ်တလာ အသေခံတပ်သားများသည် အလောင်းများကို မလှမ်းမကမ်း တစ်နေရာ သယ်ဆောင်သွားခဲ့ပြီး ထိုနေရာတွင်ပင် မြေမြှုပ်ပစ်လိုက်ကြပြီဟု သိ ရသည်။'

× × × × ×

'ကျွန်ုပ်အားရုရှားတပ်များကဖမ်းဆီးခဲ့ကြပြီးနော ဟစ်တလာ၏ အလောင်းမြှုပ်နှံခဲ့သည်ဟု ယူဆရသောနေရာကိုပြသ အတွက် ကျွန်ုပ်အား ထိုနေရာသို့ခေါ်လာခဲ့ကြသေးသည်။ သို့သေ ကျွန်ုပ်အား အကြိမ်ပေါင်းမြောက်များစွာ အဖန်တလဲလဲ စစ်ဆေးမေး ၍ ရှာဖွေခဲ့ကြသည့်တိုင်အောင် ဟစ်တလာ၏ အလောင်းကို လုံးဝ





မတွေ့ဘဲ ဖြစ်ခဲ့သည့်အတွက် ကျွန်ုပ်မှာ အားရကျေနပ်မိပေသည်။'

'ဤနေရာတွင် ကျွန်ုပ်၌ အတွေးအခေါ်တစ်ခုရှိ၏။ သို့သော် ဤသည်မှာ အတွေးအခေါ်သက်သက်သာလျှင်ဖြစ်၏။ ယင်းမှာ အခြား မဟုတ်၊ အသေခံတပ်သားများသည် ဟစ်တလာနှင့်သူ့ဇနီးတို့၏ အလောင်းများကို အစိုးရဂေဟာအနီးရှိ ကျင်းတစ်ကျင်းထဲတွင် အတူတကွ မြှုပ်နှံပစ်ခဲ့ကြသည်ဟူသော အချက်ပင်ဖြစ်၏။ ဤအတိုင်းသာ ဆိုပါက သူတို့သည် ထိုနေရာတွင်ယနေ့ထက်တိုင်အောင် လဲလျောင်း နေကြဆဲပင်ရှိလိမ့်ဦးမည်သာတည်း. . .'

× × × × ×

အထက်ပါတို့မှာ ဟစ်တလာကိုယ်တိုင် အတိအကျ အမိန့် ပေးခဲ့သဖြင့် ဟစ်တလာနှင့် အီဗာတို့၏ရုပ်အလောင်းများကို ကိုယ်တိုင် စောင့်ဖြင့်ပတ်၍ သယ်ဆောင်ကာ၊ ကိုယ်တိုင်ဓာတ်ဆီလောင်း၍ မီးသဂြိုဟ်ခဲ့ရသော ဟိန်းလင့်ဂ်၏ နောက်ဆုံးဖော်ထုတ်ရေးသားချက် ပင်ဖြစ်သည်။

ဟိန်းလင့်ဂ်၏ အထက်ပါရေးသားချက်အရ သည်တစ်ခါတွင် 'ဟစ်တလာသေပြီ'ဟူသော သတင်းမှာ ဘယ်သူမှငြင်း၍ ရနိုင်စရာမရှိ တော့ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဗြိတိသျှ သမိုင်းဆရာထရီဗာရိုဗာ၊ ဆိုဗီယက်သတင်းစာဆရာ ဆလာဗင်နှင့် အမေရိကန်အယ်ဒီတာ မက္ကဂရက်တို့ကဲ့သို့ 'တဆင့်စကားတဆင့်နား' ဆိုသလို သူတစ်ပါးပြောပြချက်များကို တဆင့်ပြန်လည်တင်ပြနေခြင်း မဟုတ်ဘဲ သူကိုယ်တိုင် မျက်စိဖြင့်တပ်တပ်အပ်အပ် မြင်ခဲ့တွေ့ခဲ့ရ၍ ကိုယ်တိုင်ပါဝင် လုပ်ဆောင်ခဲ့ရသမျှကို အရင်းအတိုင်း ဖောက်သည်ချနေ ခြင်းဖြစ်သည်။'

အထူးသဖြင့် ဟစ်တလာသည် သူ့ကိုရုရှားတို့က အရှင်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



အသေဖြစ်စေ ဖမ်းမိသွားမည်ကို အကြီးအကျယ် စိုးရိမ်ထိတ်လန့်နေပုံများနှင့် သူ့ကိုအရှင်လတ်လတ်ဖြစ်စေ၊ သူသေပြီး နောက်သူ့အလောင်းကိုပင် ဖြစ်စေ၊ ရုရှားတို့က မော်စကိုအထိ ခေါ်ယူသယ်ဆောင်သွားလိမ့်မည်ဟူ၍ တွေးတောကြောက်ရွံ့နေပုံများမှာ လွန်စွာပင် ယုတ္တိရှိနေသည်နှင့်အမျှ တကယ့်အဖြစ်မှန်များဟူ၍ တထစ်ချ မှတ်ယူကြရမည် ပင်ဖြစ်သည်။

နောက်ဆုံး၌ ဟစ်တလာကိုယ်၌က သူနှင့်သူ့ဇနီးအီဗာဘရွန်းတို့၏အလောင်းများကို 'ဘာတစ်ခုမှအစအနမကျန်ရအောင်' မီးရှို့ဖျက်ဆီးပစ်ရန် အလေးအနက် အမိန့်ပေးထားခဲ့သည့်တိုင်အောင်တကယ့်လက်တွေ့တွင် အလောင်းများကို လုံးဝပြာကျသည်အထိ မီးသင်္ဂြိုဟ်ခြင်း မပြုနိုင်ခဲ့ကြောင်းများကို ဟိန်းလင့်ဂ်ျက အတိအလင်း ဝန်ခံထားသည်ကို တွေ့ကြရသည်။

သို့ဖြစ်ရာ 'ဟစ်တလာသေပြီ'ဟူသော အချက်ကို မည်သူမျှ စောဒကတက်၍ မဖြစ်နိုင်တော့သလို မည်သူမျှ အငြင်းပွား၍လည်း မဖြစ်နိုင်တော့ဟု ဆိုရမည်ဖြစ်သည်။

သို့သော် သည်ကြားထဲမှပင် ရှင်းစရာလင်းစရာ မေးစရာမြန်းစရာ အချက်တစ်ချက်ကျန်ရှိနေပြန်သေးသည်။

ယင်းအချက်မှာ ဟစ်တလာအလောင်း ဘယ်မှာလဲဟူသော မေးခွန်းပင်ဖြစ်သည်။

မှန်သည်၊ ဟိန်းလင့်ဂ်ျသည် ဟစ်တလာ၏အလောင်းကို ပူပူနွေးနွေးတွေ့ခဲ့မြင်ခဲ့ရသူဖြစ်သည်။ ဟစ်တလာ၏ အလောင်းကို စောင်ဖြင့်ပတ်၍ ကိုယ်တိုင်သယ်ယူခဲ့ရသူဖြစ်သည်၊ ဟစ်တလာနှင့် အီဗာတို့၏အလောင်းများကို ကိုယ်တိုင်ဓာတ်ဆီလောင်း၍ မီးရှို့ခဲ့ရသူဖြစ်သည်။





သို့သော် အဆိုပါအလောင်းများ မီးလောင်ကျွမ်းနေဆဲမှာပင် ဟိန်းလင့်ဂ်ျသည် ဟစ်တလာအမိန့်ပေးခဲ့သလို ပြာကျ၍ဘာမှမကျန်အောင် မီးရှို့ရန်မှာ မဖြစ်နိုင်ကြောင်း သိရသည့်ပြင်၊ ထိုအချိန်မှာပင် ဟစ်တလာ၏ ညာလက်ရုံးဖြစ်သော မာတင်ဘောမန်းကိုယ်တိုင် မီးသင်္ဂြိုဟ်သည့်ကိစ္စကို တာဝန်ယူလုပ်ကိုင်လာပြီဖြစ်သဖြင့် ဟစ်တလာ၏ ဒုတိယအမိန့်အတိုင်း ပုန်းကျင်းထဲသို့ပြန်ပြေးလာပြီး ဟစ်တလာ၏ အသုံးအဆောင်ပစ္စည်းမှန်သမျှကို သိမ်းကျုံးစုဆောင်းကာ ဖျောက်ဖျက်ပစ်ခဲ့ရသည်။

ဤတွင် သူ၏အဆိုအရ ထိုသို့ဟစ်တလာ၏ ပစ္စည်းများကို သိမ်းကြုံးဖျက်ဆီးခဲ့ပြီးနောက် ပုန်းကျင်းထဲမှ နောက်တစ်ကြိမ်ပြန်ထွက်ကြည့်သောအခါ အလောင်းများကို မတွေ့ရတော့ဘဲ တစ်နေရာတွင် မြေမြှုပ်ပစ်လိုက်ပြီဖြစ်ကြောင်းကိုသာ သိခဲ့ရသည်ဟုဆိုသည်။

သို့ဖြင့် မီးသင်္ဂြိုဟ်နေရာမှ ဟစ်တလာနှင့်အီဗာတို့၏ အလောင်းများထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ရာ ဤနေရာတွင် ဟိန်းလင့်ဂ်ျကိုယ်တိုင် မျက်ခြေပြတ်သွားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုသို့ရုတ်တရက် ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့သော ဟစ်တလာနှင့် အီဗာတို့၏ အလောင်းများကိုဆက်လက်ခြေရာခံနိုင်မှ အဖြေမှန်ရမည်ဖြစ်သည်။

မှန်သည်၊ ဤကွင်းဆက်သည် 'ဟစ်တလာ သေ-မသေ'ပြဿနာကို အဖြေရှာရာ၌ နောက်ဆုံးကွင်းဆက်ပင်ဖြစ်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## စကားပြောသော သွားများ

မှန်သည်၊ ဤကွင်းဆက်သည်'ဟစ်တလာ သေ-မသေ'ကို အဖြေရှာရာ၌ နောက်ဆုံးကွင်းဆက်ပင်ဖြစ်သည်။

ဤနောက်ဆုံးကွင်းဆက်ကို နောက်ဆုံးဆက်စပ်ပေးခဲ့သူမှာ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ရုရှားတပ်မှူးဟောင်း ဘီဇီမင်းစကီး ဆိုသူဖြစ်သည်။ တနည်းဆိုရလျှင် ဘီဇီမင်းစကီးသည် လပေါင်းများစွာ နှစ်ပေါင်းများစွာ ကမ္ဘာတစ်ဝှမ်းလုံး မရေမရာမသေမချာဖြင့် အဖြေရှာ၍မရအောင် ဖြစ်နေခဲ့ကြသော 'ဟစ်တလာ သေ-မသေ'လျှို့ဝှက်သည့် အရှုပ်တော်ပုံဇာတ်လမ်း၏ နောက်ဆုံးဇာတ်သိမ်းခန်းကို 'အထုပ်ဖြေ' လိုက်သူဖြစ်သည်။

'ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များ'စာအုပ်တွင် ဗြိတိသျှ သမိုင်းပညာရှင် ထရီဗာ - ရိုပါက 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ 'တကယ့်ဖြစ်ရပ်များကို အမှန်အတိုင်းသိ





နိုင်သည့်အကောင်းဆုံး အခြေအနေများကို ရရှိခဲ့ကြသော ရုရှားများသည် မရှင်းမရှင်း ဖြစ်နေမှုများကို ပို၍ ရှည်ကြာအောင် ပြုလုပ်ခဲ့ကြသည်'ဟူ၍ ၁၉၄၆ ခုနှစ်က စွပ်စွဲရေးသားခဲ့သည်။'

ထရီဗာ-ရိုပါ၏ အထက်ပါစွပ်စွဲချက်မှာ မှန်သည်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ်နီးပါးမျှ ကမ္ဘာတစ်ဝှမ်းလုံး အဖြေရှာနေခဲ့သော 'ဟစ်တလာသေ-မသေ' ပြဿနာကို သေသေချာချာ ရေရေရာရာဖြင့် ခိုင်ခိုင်လုံလုံ ပြည့်ပြည့်စုံစုံ သိရှိထားခဲ့ကြသော ရုရှားအာဏာပိုင်များသည် နှစ်ပေါင်း ၂၃-နှစ်ကြာခဲ့သည်အထိ 'မရှင်းမရှင်း' လုပ်နေခဲ့ကြပြီး ထိုစဉ်အခါ ၁၉၄၅-ခုနှစ်က သူတို့တစ်တွေ ရှာဖွေထောက်လှမ်းစုံစမ်းတွေ့ရှိခဲ့သမျှ တကယ့်အဖြစ်မှန်များကို ယခု ၁၉၆၈-ခုနှစ်တွင်မှ 'အထုပ်ဖြေပြ'ခဲ့ကြသောကြောင့် ပင်ဖြစ်သည်။

သူတို့ 'ဖြေပြ' လိုက်သော 'အထုပ်' ကား အခြားအဟုတ်၊ ဘီဇီမင်းစကီးရေးသားသည့် **'အဒေါ့ဖ်ဟစ်တလာသေဆုံးခြင်း'** အမည်ရှိ စာအုပ်ပင်ဖြစ်သည်။ ဤစာအုပ်သည် အမှန်တကယ်ပင် 'အထုပ်ဖြေ' ပြလိုက်သည့် စာအုပ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်ကို 'အဒေါ့ဖ်ဟစ်တလာသေဆုံးခြင်း' ဟူ၍ အမည်ပေးခဲ့ရုံမက*စာအုပ် မျက်နှာဖုံးတွင် **'ဆိုဗီယက်မော်ကွန်းတိုက်မှ လူမသိသေးသော သမိုင်းဝင် စာရွက်စာတမ်းများ'**ဟူ၍အတိအလင်းဖော်ပြထား သောကြောင့်ပင် ဖြစ်သည်။

မှန်သည်၊ ဘီဇီမင်းစကီးသည် အဆိုပါစာအုပ်တွင် ဟစ်တလာ အမှန်တကယ် သေဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် ထိုစဉ်က ဘာလင်မြို့ကြီးနှင့် တကွ ဟစ်တလာ၏စံအိမ်တော်နှင့် မြေအောက်ပုန်းကျင်းကိုပါ တိုက်ခိုက် သိမ်းပိုက်ခဲ့ကြပြီးနောက်၊ ရုရှားတပ်မှူးတပ်သားများသည် ဟစ်တလာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အီဗာဘရွန်၏ အလောင်းများကို မည်သို့တူးဖေါ်တွေ့ရှိခဲ့ပြီး မည်သို့စစ်ဆေးကြည့်ရှုခဲ့ကြပုံများကို 'သမိုင်းဝင် စာရွက်စာတမ်း' အထောက်အထားများဖြင့် သေချာရေရာစွာ ခိုင်လုံပြည့်စုံစွာ ရေးသားဖေါ်ပြထားခဲ့သည်။ အထူးသဖြင့် ထိုစဉ်က နာဇီဝါဒဖြန့်ချိရေးဝန်ကြီး ဒေါက်တာဂိုးဘဲလ်တို့မိသားစု၏ အလောင်းများနှင့်တကွ ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ အလောင်းများကိုပါ ဆေးဘက်ဆိုင်ရာ ပါရဂူကြီးများနှင့် ဆရာဝန်ကြီးများကိုယ်တိုင် မည်သို့မည်ပုံစစ်ဆေး၍ မည်သို့တွေ့ရှိခဲ့ရ ကြောင်းများကို 'ဆေးစာမှတ်တမ်း'များဖြင့်ဖေါ်ပြထားသည်မှာလွန်စွာပင်စိတ်ဝင်စားဘွယ်ကောင်းလှသည်။

စင်စစ် ဘီဇီမင်းစကီးကိုယ်နှိုက်ကလည်း ဤစာအုပ်ကို ရေးနိုင်ရန် အတွက် 'အကောင်းဆုံးအနေအထား' မျိုးကို ရရှိခဲ့သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ထိုစဉ်ထိုအခါ ၁၉၄၅-ခု၊ ဧပြီလအတွင်း ဘာလင်မြို့ကြီးကို တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်က ဆိုဗီယက် ဗိုလ်ချုပ်ကြီးမာရှယ်ဇူးကော့ဗ်၏ စစ်ဌာနချုပ်တွင် တပ်မှူးတစ်ယောက်အဖြစ်တာဝန်ထမ်းရွက်ခဲ့ရသောကြောင့်ဖြစ်သည်။

ဘီဇီမင်းစကီး၏ 'အဒေါ့ဖ်ဟစ်တလာသေဆုံးခြင်း' စာအုပ်တွင် ဆိုဗီယက်တပ်နီတော်က ဖမ်းဆီးရမိခဲ့သော ဂျာမန်စစ်ဗိုလ်စစ်သားသုံ့ပန်းများ၏ တရားဝင်အစစ်ခံချက်များကို အပြည့်အစုံဖေါ်ပြထားရာ ထိုအထဲတွင် ဟစ်တလာ၏ အစေခံ ဟိန်းလင့်ဂျ်နှင့် ဟစ်တလာ၏ကိုယ်ရံတော် အစောင့်တပ်မှူး ဂွမ်ခဲ့ျတို့၏ အစစ်ခံထွက်ဆိုချက်များလည်း ပါဝင်ခဲ့သည်။ သို့သော် ၎င်းတို့နှစ်ဦးထွက်ဆိုချက်များမှာ အထက်တွင် ထရီဗာရိုပါ ရေးသားခဲ့သော 'ဟစ်တလာ၏ နောက်ဆုံးနေ့ရက်များ' စာအုပ်မှကောက်နှုတ်ချက်များဖြင့်လည်းကောင်း၊ ဟိန်းလင့်ဂျ်ကိုယ်တိုင် ရေးသားခဲ့သည့် 'ဟစ်တလာ၏သီးသန့်ဘဝ' အမည်ရှိ ဆောင်းပါးမှ ကောက်နှုတ် ချက်များဖြင့်လည်းကောင်း၊ ကွဲပြားခြားနားခြင်းမရှိဘဲ ထပ်တူထပ်မျှပင်ဖြစ်နေသဖြင့် ဤနေရာတွင် ထပ်မံဖေါ်ပြရန် မလိုတော့ပေ။





ထို့ပြင် ဂွမ်ခဲ့ျနှင့် ဟိန်းလင့်ဂျ်တို့သည် ဟစ်တလာနှင့် အီဗာတို့၏ အလောင်းများ ဓါတ်ဆီလောင်း၍ မီးရှို့ ခံခြည်ကိုသာ တွေ့မြင်ခဲ့ရပြီး နောက်ဆုံး၌ ထိုအလောင်းများ ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သည်ကို တစ်စုံတစ်ရာ တပ်အပ်သေချာစွာ မပြောနိုင်ဘဲဖြစ်ခဲ့ကြရာ ဘီဇီမင်းစကီး၏စာအုပ်တွင် သူတို့နှစ်ယောက်၏ အစစ်ခံချက်သည် ပြောပလောက်အောင် အရေးမကြီးဟု ဆိုရမည်ဖြစ်သည်။

ထိုသို့ ဟစ်တလာနှင့် အီဗာတို့၏ အလောင်းများကို ဓါတ်ဆီလောင်း၍ မီးရှို့နေရာမှ ရုတ်တရက်အလောင်းများ ပျောက်ဆုံးသွားခဲ့ရာ ထိုအချိန်က အလောင်းများ ဘယ်ရောက်သွားခဲ့သည်ကို သေချာဂနစွာ ပြောဆိုနိုင်သူတစ်ဦးကို ဆိုဗီယက်တပ်မှူးများက တွေ့ရှိခဲ့ကြရသည်။ ထိုသူ၏ အမည်မှာ ဟာရီမင်ဂီဟောက်ဆင်ဆိုသူ နာဇီ လုံခြုံရေးတပ်သားတစ်ဦးဖြစ်သည်။

မင်ဂီဟောက်ဆင်သည် နောက်ဆုံးအချိန်၌ ဟစ်တလာ၏ သက်တော်စောင့် တပ်သားအဖြစ် တာဝန် ထမ်းရွက်နေရာမှ ဟစ်တလာ သေဆုံး၍ ဂျာမန်တို့ လက်နက်ချ အပြီးတွင် ရုရှားတပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်၊ ဤတွင် သုံ့ပန်းဖြစ်သူ မင်ဂီဟောက်ဆင်အား တပ်နီဘော်မှ ဒု-ဗိုလ်မှူးကြီး ကလီမင်ကိုက စစ်ဆေးမေးမြန်းခဲ့သည်၊ ထိုသို့ စစ်ဆေးမေးမြန်းရာ၌ အဓိကမေးခွန်းများမှာ 'ဟစ်တလာ ဘယ်လိုသေသွားခဲ့သလဲ' 'ဟစ်တလာအလောင်း ဘယ်မှာလဲ' ဟူ၍ပင် ဖြစ်သည်။

သို့ဖြင့် နောက်ဆုံး၌ သက်တော်စောင့် တပ်သား မင်ဂီဟောက်ဆင်သည် ဆိုဗီယက် တပ်မတော်မှ တပ်မှူးများအား ဟစ်တလာနှင့် အီဗာတို့၏ အလောင်းများ မြေမြှုပ်ထားရာသို့ ကိုယ်တိုင် လိုက်လံပြသခဲ့သည်ဟု ဆိုသည်။

အောက်ပါတို့မှာ မင်ဂီဟောက်ဆင်၏ ညွှန်ပြချက်အရ ထိုစဉ်က ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများတူးဖေါ် ရရှိခဲ့ပုံကို မှတ်တမ်းတင်ထားသည့် တရားဝင် မှတ်တမ်းဖြစ်သည်။

'သက်သေဖြစ်သူ မင်ဂီဟောက်ဆင်ကိုယ်တိုင် အပါ



www.burmeseclassic.com

www.burmeseclassic.com



အဝင် ကျွန်ုပ်တို့သည် ဂျာမန်နိုင်ငံတော်၏ အဓိပတိ အဒေါ့ဖ်ဟစ်တလာနှင့် သူ၏ဇနီး အီဗာဘရွန်းတို့၏ အလောင်းများ မြှုပ်နှံထားသောနေရာတို့ ယနေ့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြပါသည်။

'သက်သေဖြစ်သူ မင်ဂိုဟောက်ဆင်က သူသည် ဂျာမန်လုံခြုံရေးတပ်ဖွဲ့မှ တိုက်ခိုက်ရေး တပ်သားတစ်ဦး ဖြစ်ကြောင်း ဝန်ခံ၍ ဧပြီလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း အစိုးရဂေဟာ တစ်ဝိုက်ကို ခုခံကာကွယ်ခဲ့ရပုံများနှင့် အဒေါ့ဖ်ဟစ်တလာအား ပုဂ္ဂလ ဒိဋ္ဌာန်အားဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ရပုံများကို အသေးစိပ် အစစ်ခံ သွားခဲ့ပါသည်။

'ဧပြီလ ၃၀ ရက်နေ့ မွန်းတည့်ချိန်လောက်တွင် သူသည် အစိုးရဂေဟာသစ် အဆောက်အဦးအတွင်း၌ အစောင့်တာဝန် ကျခဲ့ပါသည်။ ထိုအချိန်က သူ့တာဝန်မှာ ဟစ်တလာ၏ စာကြည့်ခန်းနှင့် ထမင်းစားခန်းတို့အကြား ဖြတ်သန်း သွားလာကြသည့် ခန်းမဆောင်ကို စောင့်ကြပ်ရန်ပင် ဖြစ်ပါသည်။

'သူသည် အဆိုပါတာဝန် ထမ်းဆောင်ရန်အတွက် အထက်ဖေါ်ပြပါခန်းမဆောင်သို့အသွား ထမင်းစားခန်းထဲမှ ပြတင်းပေါက်အနီးတွင် ရတ်တရက်ရပ်၍ အပြင်သို့ကြည့် လိုက်မိပါသည်။ ထိုပြတင်းပေါက်မှာ ခန်းမဆောင်၏ အစွန်ဆုံး နေရာတွင် ရှိနေပြီး ပန်းခြံထဲသို့သွားရာ တံခါးပေါက်နှင့် အနီးဆုံး ဖြစ်ပါသည်။ သို့ဖြင့် သူသည် ထိုပြတင်းပေါက်မှ ရပ်၍ ပန်းခြံထဲမှ အဖြစ်အပျက်များကို အကဲခပ်ကာ စောင့်ကြည့် နေခဲ့ပါသည်။

'ထိုအခိုက်မှာပင် ဗိုလ်မှူးဂွမ်ခဲနှင့် လင့်ဂျ်တို့သည် ဟစ်တလာနှင့်သူ့ဇနီးအီဗာဘရွန်းတို့၏ရုပ်အလောင်းများကိုအရေးပေါ် ထွက်ပေါက်မှနေ၍အပြင်သို့သယ်ဆောင်လာကြပါသည်ဤမြင်ကွင်း ကြောင့် သူသည်စိတ်ဝင်စားလာပြီး နောက်ထပ်မည်သို့မည်ပုံ ဖြစ်ပျက်သည်ကို ဂရုတစိုက်ဖြင့် စောင့်ကြည့်နေခဲ့ပါသည်။

'ဟစ်တလာ၏ ကိုယ်ရံတော် တပ်မှူးဖြစ်သူ ဂွမ်ခဲ





သည် အလောင်းများပေါ်သို့ ဓါတ်ဆီများ လောင်းကာ မီးရှို့လိုက်ပါသည်။ နောက် နာရီဝက်ခန့် ကြာသောအခါ ဟစ်တလာနှင့် သူ့ဇနီးတို့၏ ရုပ်အလောင်းများမှာ မီးလောင်ကျွမ်းသွားခဲ့ပါသည်။ ထိုနောက်အဆိုပါ အရေးပေါ် ထွက်ပေါက်နှင့် တစ်မီတာခန့် အကွာမှ ချိုင့်ကျင်းကြီးတစ်ခု ရှိရာသို့ သယ်ယူသွားကြပြီး ထိုကျင်းကြီးထဲတွင် အလောင်းများ ကို မြှုပ်နှံခဲ့ကြပါသည်။

'ထိုသို့ ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်း များကို အပြင်သို့ ထုတ်လာကြပုံ မီးသဂြိုလ်ခဲ့ကြပုံနှင့် မြေမြှုပ် ခဲ့ကြပုံ . . . စသော အဖြစ်အပျက်အားလုံးတို့ကို မင်ဂိုဟောက်ဆင် ကိုယ်တိုင် ဂိုက် ၆၀ ခန့်အကွာမှ အစအဆုံး မြင်တွေ့ခဲ့ရပါသည်။

'မင်ဂိုဟောက်ဆင်က ဆက်လက်၍ ထိုနေ့ထိုရက် မတိုင်မီ ဧပြီလ ၂၉ ရက်နေ့ကလည်း ဟစ်တလာ၏ခွေးကြီးကို အလားတူ ကျင်းတူး၍ မြေမြှုပ်ပစ်ခဲ့ကြောင်းအစစ်ခံခဲ့ပါသည်။ ထိုခွေးကြီး၏ အမှတ်အသားများမှာ အယ်လ်ဇေးရှင်းအမျိုးအစား အရပ်မြင့်မြင့် နားရွက် ဖားဖားဖြင့် ကျောပြင်တွင် အနက်ရောင်ရှိပြီး တင်ပါးနှစ်ဖက်စလုံးမှာ အဖြူရောင်ဖြစ်ပါသည်။ ထိုခွေးကြီးကို တာဝန်ယူ စောင့်ရှောက်ခဲ့ရသော အမည်မမှတ်မိတော့သည့် တပ်သားတစ်ယောက်၏ ပြောပြချက်အရ ထိုခွေးကြီးမှာအဆိပ်ကျွေးအသတ်ခံခဲ့ရခြင်းဖြစ်ကြောင်းမင်းဂိုဟောက်ဆင် သိရှိခဲ့ရပါသည်။

'သို့ဖြင့် မင်းဂိုဟောက်ဆင် ညွှန်ပြသည့်နေရာများကို ရှာဖွေတူးဖေါ်ကြည့်သောအခါ သူ၏ထွက်ချက်များမှာ လုံးဝ မှန်ကန်ကြောင်းတွေ့ရှိရပါသည်. . . သက်သေဖြစ်သူမင်းဂိုဟောက်ဆင်၏ ထွက်ဆိုချက်မှာလွန်စွာပင်အဘိုးတန်လှသည်ဟု ဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူညွှန်ပြသည့် နေရာသို့ မေလ၄ရက်နေ့က သွားရောက်တူးဖေါ်ကြည့်သောအခါ မီးလောင်ကျွမ်းထားသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသော ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ ရုပ်အလောင်းများကို ဘွားကနဲတွေ့ခဲ့ကြရသောကြောင့်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြင်အဆိပ်မိ၍သေဆုံးနေသောခွေးနှစ်ကောင်ကိုလည်းတွေ့ရှိခဲ့ကြရပါသည်။ အခြားသက်သေများ၏ ဝန်ခံထွက်ဆိုချက်များအရ အဆိုပါ ခွေးနှစ်ကောင်မှာ ဟစ်တလာနှင့် အီဗာဘရွန်းတို့ပိုင်ဆိုင်သည့် ခွေးများဖြစ်ကြောင်း သိရှိရပါသည်။

'ဤအစစ်ခံချက်မှတ်တမ်းကို ဘာလင်မြို့ အစိုးရဂေဟာအတွင်း ရေးသားခဲ့ပါသည်။

| | |
|---|---|
| (ပုံ) စမော့ရှ်<br>တန်ပြန်ထောက်လှမ်းရေး<br>တာဝန်ခံ | (ပုံ) ကလီမင်ကို<br>ဒု-ဗိုလ်မှူးကြီး<br>အမှတ် ၇၉-သေနတ်ကိုင်<br>တပ်ရင်း |

(ပုံ) မင်ဂီဟောက်ဆင်
အသိသက်သေ

ဘီဇီမင်စကီး၏ စာအုပ်တွင် အတိအလင်းဖော်ပြပါရှိသည့် အထက်ပါတရားဝင်မှတ်တမ်းအရ၊ ရုရှားတို့သည် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများကို အမှန်တကယ်တွေ့ရှိခဲ့ကြကြောင်း ထင်ရှားနေပေပြီ၊ ဤသို့ဖြင့် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့သော နာဇီအာဏာရှင် ဟစ်တလာနှင့် သူ့ဇနီး အီဗာဘရွန်းတို့၏ အလောင်းများသည် 'လုံးဝ အစရှာမရအောင်' ပြာကျသွားခြင်း၊ ပျောက်ပျက်သွားခြင်း မဟုတ်ဘဲ မီးသဂြိုလ်ပြီး မြေမြှုပ်ပစ်ခဲ့ရာမှ ရုရှားတို့က တူးဖော်ရရှိသွားခဲ့ခြင်းဖြစ်ကြောင်း ယခုမှ တရားဝင်သိရှိခဲ့ကြရသည်။

သို့သော်အဆိုပါအလောင်းများသည် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများပါဟူ၍ မည်သည့်အထောက်အထားဖြင့် အတည်ပြုသတ်မှတ်ခဲ့ကြပါသနည်း။





ဤမေးခွန်းသည် လွန်စွာအရေးကြီးလှသည်နှင့်အမျှ အမှန်တကယ်မေးသင့်မေးထိုက်သည့်မေးခွန်းလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဓါတ်ဆီဂါလံ၃၀နီးပါးမျှလောင်း၍ မီးတင်ရှို့ခဲ့ကြသည့်အတွက် အလောင်းများမှာ ပြာကျမသွားခဲ့သော်လည်း ဘယ်သူဘယ်ဝါဟူ၍ လုံးဝမမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေခဲ့ပြီဖြစ်ရာ ရုရှားတို့သည် အဆိုပါမြေကြီးထဲမှ ပြန်လည်တူးဖော်ခဲ့ရသော အလောင်းများကို 'ဟစ်တလာနဲ့ အီဗာဘရွန်းတို့ရဲ့ အလောင်းတွေပါ'ဟူ၍ မည်သို့မည်ပုံခိုင်လုံစွာ သတ်မှတ်အတည်ပြုခဲ့ကြပါသနည်း။

ဤအချက်နှင့်စပ်လျဉ်း၍ ထိုစဉ်က ရုရှားတို့သည် ထိုအလောင်းများအတွက် မည်မျှအလုပ်ရှုပ်ခဲ့ကြသည်ကို ဘီဇီမင်စကီးက သူ၏စာအုပ်တွင် အောက်ပါအတိုင်း ဆက်လက်ဖော်ပြခဲ့သည်။

'မေလ ၅ရက်နေ့ နံနက်စောစောတွင် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများနှင့်တကွ ခွေးနှစ်ကောင်ကိုပါ စောင်များဖြင့်ပတ်ကာ အစိုးရဂေဟာ အပြင်သို့သယ်ဆောင်သွားခဲ့ကြပါသည်။ ထိုအလောင်းများကို ဘာလင်မြို့မြောက်ပိုင်းဘပ်ချ်အမည်ရှိ ဆင်ခြေဖုံးရပ်ကွက်မှ အမှတ် -၃၈ ဆိုဗီယက်မှန်တိုင်းတပ်ဖွဲ့၏ တန်ပြန်ထောက်လှမ်းရေးဌာနသို့ အရောက်သယ်သွားခဲ့ကြပါသည်။'

'ကလီမင်ကိုဦးစီးသော ရှာဖွေရေးတပ်စု၏ တာဝန်မှာ ကြေပွန်စွာ ပြီးဆုံးခဲ့ပြီဟု ဆိုရမည်ဖြစ်ပါသည်။ သို့သော် ပြဿနာ နှစ်ရပ်ဖြေရှင်းရန်ကျန်ရှိနေပါသေးသည်။ ပထမပြဿနာမှာ ယခုရှာဖွေတွေ့ရှိခဲ့ကြသောအလောင်းများသည် ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ အလောင်းများဟုတ်မဟုတ် မှန်မမှန်ဟူ၍ဖြစ်ပါသည်။ ဒုတိယပြဿနာမှာမူ သူတို့နှစ်ယောက် ဘယ်ပုံဘယ်နည်းသေဆုံးခဲ့ရသည်ဟူသော အချက်ကို အဖြေရှာရန်ပင်ဖြစ်ပါသည်။'

'ဤတွင်ပထမပြဿနာကို ဖြေရှင်းရာ၌ တန်ပြန်ထောက်လှမ်းရေးတပ်ဖွဲ့မှ ပုဂ္ဂိုလ်များ၊ မှုခင်းဘက်ဆိုင်ရာ ကျွမ်းကျင်သည့် ပါရဂူများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆရာဝန်များပူးပေါင်း၍ အဖြေရှာကြရန်ဖြစ်ပါသည်။ ဒုတိယပြဿနာ (ဘယ်ပုံဘယ်နည်းသေဆုံးခဲ့ကြသည်)ကိုမူ ဆရာဝန်များသာလျှင် စစ်ဆေးစမ်းသပ်၍ အဆုံးအဖြတ်ပေးကြရမည်ဖြစ်ပါသည်။’

ဤသို့ဖြင့် ဆိုဗီယက် ဆရာဝန်တစ်ဦးဖြစ်သော ဒေါက်တာဖောက်စ်ရှကရာဗာစကီးသည် ဟစ်တလာနှင့်အီဗာဘရွန်းတို့၏ အလောင်းများကို ခွဲစိပ်စမ်းသပ်စစ်ဆေးရာ၌ ပါဝင်ခဲ့ရသည်။

ဒေါက်တာ ရှကရာဗာစကီးသည် ယူကရိန်းနှင့်ပိုလန်ကပြား အမျိုးသားတစ်ဦးဖြစ်၍ ၁၉၂၅ခုနှစ်က ကီယက်ဖ်မြို့တော် ဆေးတက္ကသိုလ်မှ ဘွဲ့ရခဲ့သူဖြစ်သည်။ သူသည် ယူကရိန်းပြည်နယ်၏ ပထမဆုံး ဆိုဗီယက်ဆရာဝန်အဖြစ် အမှုထမ်းခဲ့ရသူများတွင် အပါအဝင်ဖြစ်၍ ဒေသန္တရဆရာဝန်အဖြစ် လုပ်ကိုင်နေရာမှ ၁၉၂၉ခုနှစ်တွင် လူသေခွဲစိပ်ခြင်းဆိုင်ရာ ဆေးပညာများကို ဆက်လက်လိုက်စားခဲ့သည်။

ထို့နောက်စစ်ကြီး မဖြစ်မီကလေးတွင် ဒေါက်တာ ရှကရာဗာစကီးသည် လီနင်ဂရက်မြို့တော် စစ်ဘက်ဆိုင်ရာ ဆေးသိပ္ပံဌာနသို့ ပြောင်းရွှေ့လာခဲ့ရပြီး စစ်ကြီးဖြစ်ပွား လာသောအခါ ကမ္ဘာကျော်စတာလင်ဂရက် တိုက်ပွဲနှင့် ကာ့စ်ခ်တိုက်ပွဲများတွင် စစ်မြေပြင်၌ အမှုထမ်းခဲ့ရသည်။ သို့ဖြင့်စစ်ကြီးပြီးဆုံးသောအခါ ဒေါက်တာရှကရာဗာစကီးသည် ဆေးဘက်ဆိုင်ရာ ပါရဂူဘွဲ့အပ်နှင်းခြင်းခံခဲ့ရသည်။ ထိုအချိန်တွင် သူသည်လူသေအလောင်းပေါင်း တစ်ထောင်ခန့်ကို ခွဲစိပ်လေ့လာခဲ့ပြီးဖြစ်၍ လူသေခွဲစိပ်မှုအတတ်ပညာတွင် ကျွမ်းကျင်ဝါရင့်သည့် ပါရဂူတစ်ဦး ဖြစ်နေခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဟစ်တလာ၏ အလောင်းကိုခွဲစိပ်လေ့လာ၍ ဟစ်တလာအစစ် ဟုတ်မဟုတ်အဆုံးအဖြတ် ပေးရန်အတွက် ဆိုဗီယက်တပ်နီတော်မှ အာဏာပိုင်များသည် ဒေါက်တာရှကရာဗာစကီးအား ချဉ်းကပ်ခဲ့ကြခြင်းဖြစ်သည်။

“၁၉၄၅ခုနှစ် မေလဆန်းလောက်မှာပဲ အမှတ်တစ်ဘိုင်လိုရပ်ရှင်ရွေ့တန်းစစ်မျက်နှာမှာရှိနေတဲ့ ဆေးဘက်ဆိုင်ရာ တာဝန်ခံတပ်မှူးကြီး





ကျုပ်ကိုဆင့်ခေါ်ပါတယ်၊ သူပြောပြလို့ ကျုပ်သိရတာကတော့ စစ်ကောင်စီအဖွဲ့ဝင်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး တယ်လီဂင်က အင်မတန်အရေးကြီးတဲ့ လူသေခွဲစိပ်မှု တစ်ခုအတွက် တာဝန်ယူပြီးဆောင်ရွက်ပေးဘို့ မေတ္တာရပ်ခံထားတယ်လို့ဆိုပါတယ်။ ဒါနဲ့ကျုပ်လဲသူပြောတဲ့အတိုင်း ဘာလင်မြို့ ဆင်ခြေဖုံးက ဘပ်ချ်ဆိုတဲ့ ဒေသမှာရှိနေတဲ့ အမှတ်၃ မှန်တိုင်းတပ်မတော်ဌာနချုပ်ကို ကားနဲ့ချက်ခြင်းဘဲ ထွက်လာခဲ့ပါတယ်”

ဒေါက်တာရှကရာဗာစကီးသည် အလွန်တရာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်နှင့်အမျှ အလွန်တရာ တုန်လှုပ်ချောက်ခြားဘွယ်ရာကောင်းလှသည့် ဟစ်တလာ၏အလောင်းကို ခွဲစိပ်လေ့လာရာ၌ တာဝန်ယူခဲ့ရသည်။

ဘီဇီမင်းစကီးသည် ဟစ်တလာ၏အလောင်းကို ခွဲစိပ်လေ့လာရာ၌ ဒေါက်တာရှကရာဗာစကီးကိုယ်တိုင် မည်သို့ပါဝင်ဆောင်ရွက်ခဲ့ရသည်ကို သူ၏စာအုပ်၌ အောက်ပါအတိုင်းဆက်လက်ဖော်ပြခဲ့သည်။

‘သို့ဖြင့် မေလ၅ရက်နေ့တွင် ဒေါက်တာရှကရာဗာစကီးသည် ဘာလင်မြို့ ဆင်ခြေဖုံးမှ ဘပ်ချ်ဒေသရှိ အိမ်ကလေးတစ်အိမ်သို့ ရောက်ရှိလာခဲ့ပါသည်။ သူသည် ထိုအိမ်ကလေးထဲတွင် အိမ်ထောင်ပရိဘောကပစ္စည်းများမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေသည့် အခန်းတစ်ခန်းထဲ၌ ရှေးဦးစွာ အလောင်းကိုးလောင်းတိတိ တွေ့ရှိခဲ့ပါသည်။ အဆိုပါအလောင်းများမှာ ဂိုးဘဲလ်တို့ လင်မယားနှင့် သူတို့၏ကလေးခြောက်ယောက်အပြင် ဗိုလ်ချုပ်ကရက်တို့၏ အလောင်းများပင်ဖြစ်ပါသည်။ အားလုံးမှာ မြေအောက်ပုန်းကျင်းထဲတွင် ကိုယ့်ကိုယ်ကို သတ်သေခဲ့ကြသူများပင်ဖြစ်ပါသည်။’

‘ထို့နောက် အခြားအလောင်းနှစ်လောင်း ထပ်မံရောက်ရှိလာပြန်ပါသည်။ ထိုအချိန်တွင် ဒေါက်တာရှကရာဗာစကီးအား အခြားဆရာဝန်များကလည်း ဝိုင်းဝန်းကူညီခဲ့ကြရာ၊ ဤအထဲတွင် ပရော်ဖက်ဆာကရာယက်ဗ်စကီးဆိုသူလည်း ပါဝင်ခဲ့ပါသည်။ ×××’

‘ကျွန်ုပ်တို့သည် ယခုအခါ အလွန်တရာအရေးကြီးလှသည့်



www.burmeseclassic.com

www.burmeseclassic.com



လူသေခွဲစိပ်မှုဆိုင်ရာ အစီရင်ခံစာများကို ဖော်ပြရန်ရှိနေပါသည်။ ပထမ အစီရင်ခံစာမှာ 'မီးလောင်ကျွမ်းထားသဖြင့် ရုပ်ဆင်းသဏ္ဌာန် ပျက်နေပြီ ဖြစ်သော ယောကျ်ားတစ်ယောက်၏ အလောင်းကို ခွဲစိပ်စစ်ဆေး မှတ်တမ်း'ပင်ဖြစ်ပါသည်။ ထိုအလောင်းမှာ ဟစ်တလာ၏အလောင်း ဖြစ်ပါသည်။ လူသေအလောင်း ခွဲစိပ်စစ်ဆေးသည့် ကော်မရှင်၏ အစီရင် ခံစာမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။'

၁။ အလောင်းတွင် တွေ့ရှိခဲ့ရသော ခန္ဓာဗေဒဆိုင်ရာ ထူးခြား ထင်ရှားသည့် အချက်များ။ ။ကိုယ်ခန္ဓာအစိတ်အပိုင်းများမှာ အပြင် အထန်မီးလောင်ခံထားရသဖြင့် မီးသွေးတုံးပမာ ကျွမ်းနေပြီဖြစ်ရာ သေသူ၏ ရုပ်လက္ခဏာ ပုံပန်းသဏ္ဌာန်ကို မဖော်ပြနိုင်လောက်အောင် ဖြစ်နေခဲ့သည်။ သို့သော် အောက်ပါတို့ကိုမူ စစ်ဆေးတွေ့ရှိခဲ့ရသည်။

(က) အရပ်အမောင်း ။ ။ ၁၆၅စင်တီမီတာခန့်ရှိသည်။ (၅ပေ ၂လက်မခွဲခန့်)။

(ခ) အသက် ။ ။ ငါးဆယ်နှင့်ခြောက်ဆယ်ကြား (ကိုယ်ခန္ဓာအနေအထား၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ အရွယ်၊ ရှေ့တည့်တည့်မှ အောက်သွားများနှင့် လက်ဝဲ ဘက်မှရှေ့အံသွားကိုအခြေခံ၍ လေ့လာသတ်မှတ်ထား ခြင်းဖြစ်သည်။)

(ဂ) လက်ဝဲဘက်မှ ဝှေးစေ့တစ်လုံးကို ရှာမတွေ့ဘဲဖြစ်နေသည်။ ကပ္ပာယ်အိတ်ထဲတွင်လည်းကောင်း၊သုတ်ကြိုးထဲတွင် လည်းကောင်း၊ ပေါင်ခြံစပ်တွင်လည်းကောင်း၊တင်ပါး အောက်ပိုင်းတွင်လည်းကောင်းဘယ်နေရာမှယင်းဝှေးစေ့ ရှာမတွေ့ရဘဲဖြစ်ခဲ့သည်။

(ဃ) သေသူ၏ ခန္ဓာဗေဒဆိုင်ရာ အနေအထားနှင့် အခြား အလက်များကို အရေးအကြီးဆုံး ဖော်ပြခဲ့သည့်အ များမှာ 'သွား'များပင်ဖြစ်သည်။ အဆိုပါ သွားများမှာ ဆက်ရာများအလွန်များပြားနေခြင်း၊ သွားတုများတွေ့





ရခြင်းနှင့် သွားထိပ်ပိုင်းများတွင် ဖာရာထေးရာများ ရှိနေ ခြင်းစသည်တို့ဖြစ်သည်။

၂။ သေဆုံးရခြင်းအကြောင်းရင်း။ ။မီးလောင်ကျွမ်းထား သဖြင့် အတော်ပင် ရုပ်ဆင်းသဏ္ဌာန်ပျက်စီးနေပြီဖြစ်သော ကိုယ်ခန္ဓာ ပေါ်တွင် တစ်စုံတစ်ရာသေလောက်သည့်ဒဏ်ရာများသော်လည်းကောင်း၊ မကျန်းမမာဖြစ်နေသည့် ရောဂါလက္ခဏာသော်လည်းကောင်း လုံးဝ မတွေ့ရဘဲရှိခဲ့သည်။

ပါးစပ်ဝ အာခေါင်တွင်း၌ ဖလ်ပြွန်ကွဲ အစအနများ တွေ့ရှိ ခဲ့ရခြင်းနှင့် အခြားသော အလောင်းများကို ခွဲစိပ်ကြည့်ခဲ့စဉ်က အာခေါင် တွင်း၌အလားတူဖလ်ကွဲအစကလေးများတွေ့ရှိခဲ့ရခြင်းကြောင့်လည်းကောင်း၊ အလောင်းများမှထွက်ပေါ်လာသည့် ခါးသက်စူးရှသည့် စိမ်းရွှေရွှေ အနံ့အသက်များကိုထောက်ရှု၍လည်းကောင်းခန္ဓာကိုယ်အတွင်းရှိအစိတ်အပိုင်း များကို ခွဲစိပ်စစ်ဆေးကြည့်ရှုခဲ့ရာ၌ အဆိပ်များပါဝင်နေသည်ကို တွေ့ရ ခြင်းကြောင့်လည်းကောင်း. . . ဤအလောင်းသည်အဆိပ်၏ဒဏ်ကြောင့် ယခုကဲ့သို့ လတ်တလောသေဆုံးခဲ့ရခြင်းဖြစ်သည်ဟူ၍ ကော်မရှင်က အဆုံးသတ် ကောက်ချက်ချရန်သာရှိသည်။

(ပုံ) ရှာကရာဗာစကီး၊

(ပုံ) ကရာယက်ဗ်စကီးနှင့် အခြားပုဂ္ဂိုလ်များ။

× × × × ×

အထက်ပါတို့မှာ ဒေါက်တာရှကရာဗာစကီးနှင့် ကရာယက်ဗ် စကီးတို့အပါအဝင် လူသေခွဲစိပ်မှုဆိုင်ရာ ပါရဂူကြီးများကိုယ်တိုင် ဟစ်တလာ၏ အလောင်းကိုခွဲစိပ်စစ်ဆေးကြည့်ရာမှ တရားဝင်မှတ်တမ်း တင်ခဲ့သော 'ဆေးမှတ်တမ်း'ပင်ဖြစ်သည်။

ဘီဇီမင်းစကီးသည် သူ၏စာအုပ်တွင် ဟစ်တလာ၏ အလောင်း နှင့်ပတ်သက်၍ တွေ့ရှိချက်များအပြင် အီဗာဘရွန်း၏အလောင်းကို ခွဲစိပ်ကြည့်ရာမှ တွေ့ရှိရသည့် အချက်များကိုလည်း တစ်ပါတည်း ဖော်ပြ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အီဗာဘရွန်း၏အလောင်းမှာလည်း ဟစ်တလာ၏အလောင်းကဲ့သို့ပင် လုံးဝမမှတ်မိနိုင်လောက်အောင် မီးများလောင်ကျွမ်းထားသဖြင့် သေဆုံးသူအမျိုးသမီး၏ရုပ်လက္ခဏာကို မဖော်ပြနိုင်ဘဲရှိခဲ့သည်။ သို့သော် အခြားသောကိုယ်အင်္ဂါ အစိတ်အပိုင်းများကို လေ့လာစစ်ဆေးကြည့်ခြင်းအားဖြင့် သေသူအမျိုးသမီးသည် အသက်၃၀နှစ် ၄၀အတွင်း အရပ်၅ပေခန့်ရှိ၍ အောက်မေးရိုးနှင့် ၎င်း၏စတုတ္ထမြောက် ရှေ့သွားတွင် ရွှေကွပ်ထားသည်ကို တွေ့ရှိမှတ်တမ်းတင်ခဲ့ကြသည်။

ထို့ပြင် အီဗာဘရွန်း၏အလောင်းကို ခွဲစိပ်စစ်ဆေးကြည့်ရှုရာတွင်လည်း ဟစ်တလာကဲ့သို့ပင် အာခေါင်ထဲ၌ ဖလ်ကွဲအစအနများတွေ့ရှိရပြီး ခါးသက်စူးရှလှသည့် အနံ့များပေါ်ထွက်နေခြင်းကြောင့် အဆိပ်သောက်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟူ၍ တညီတညာတည်း ကောက်ချက်ချခဲ့ကြသည်။

ဤနေရာတွင် ဆိုဗီယက်တပ်မတော်မှ အာဏာပိုင်များသည် သူတို့တူးဖော်တွေ့ရှိခဲ့၍ ဆေးဘက်ဆိုင်ရာပါရဂူကြီးများဖြင့် စစ်ဆေးကြည့်ရှုနေကြသော အလောင်းများသည် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများဟုတ်မဟုတ် မှန်မမှန်ဆုံးဖြတ်သတ်မှတ်ရန်အတွက် တစ်ခုတည်းသော အထောက်အထားကိုသာလျှင် အားကိုးစရာရှိခဲ့သည်။ ယင်းအထောက်အထားများမှာ အခြားမဟုတ်၊ အဆိုပါ အလောင်းများတွင် ပုံမပျက်ပန်းမပျက် ကျန်ရှိနေခဲ့သည့် 'သွားများ'ပင်ဖြစ်သည်။

မှန်သည် လူခန္ဓာကိုယ်၏ ၃၂ကောဋ္ဌာသရုပ်ဝတ္ထုအစုအဝေး အစိတ်အပိုင်းများတွင် အမာခံအကျဆုံးနှင့် မပြောင်းလဲမပျက်စီးဘဲအချိန်အကြာဆုံး တည်မြဲနေသည့် အရာဝတ္ထုမှာ 'သွားများ'ပင်ဖြစ်သည်။ အသွေးအသားများနှင့်တကွ အရိုးပါမကျန်မီးလောင်ပြာကျသွားသည့်တိုင်အောင် ၃၂ချောင်းသောသွားများမှာ ကျိုးပဲ့ပျက်စီးခြင်း၊ ကျေမွ ပျောက်ပျက်သွားခြင်းမရှိဘဲ ပကတိအသက်ထင်ရှားရှိနေသူများ၏ သွားများကဲ့သို့ပင် ပုံမပျက်ပန်းမပျက်ဘဲ မူလအတိုင်းကျန်နေတတ်သည်။

သို့ဖြစ်ရာ တစ်ကိုယ်လုံး မီးသွေးတုံးများပမာ ရုပ်ပျက်ဆင်းပျက်





မီးလောင်ထားသော အလောင်းများကို ဟစ်တလာနှင့် အီဗာဘရွန်းတို့ ဟုတ်မဟုတ် ခိုင်လုံစွာအဖြေထုတ်ရန်မှာ 'သွားများ'ကိုသာလျှင် စစ်ဆေးကြည့်ရန်သာရှိတော့သည်။

ဤတွင် ဘီဇီမင်းစကီးသည် ထိုစဉ်က ထိုအလောင်းများကို စစ်ဆေးကြည့်ရှုခဲ့ကြရသော ဆိုဗီယက်ဆရာဝန်ကြီးများနှင့် တပ်မှူးကြီးများသည် 'သွားများ'ကို ခြေရာခံ၍ ဟစ်တလာတို့ဇနီးမောင်နှံ၏ အလောင်းများဟုတ်မဟုတ် အသေးစိပ်ရှာဖွေထောက်လှမ်း စုံစမ်းခဲ့ကြရသည်များကို သူ၏စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပြန်သည်။

'ဆိုဗီယက်စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အမှတ်၃မုန့်တိုင်း တပ်မတော်မှ တန်ပြန်ထောက်လှမ်းရေးဌာနဆိုင်ရာ အကြီးအကဲဖြစ်သူ အဲန်ဒရေးဆီဗိုစတီယာနိုးဗစ်နှင့် သူ၏လက်ထောက်တာဝန်ခံ ဗာစီလီ အီဗန်နိုးဗစ်တို့အပြင် အသက်ကြီးနေပြီဖြစ်သည့် ဆိုဗီယက်အရပ်သား အဖိုးကြီးနှစ်ယောက်လည်း ပါဝင်ကြပါသည်။'

'ဗာစီလီက သူဆောင်ရွက်ခဲ့ရသမျှကို ဤသို့ပြန်ပြောခဲ့ပါသည်။'

"မေလ ၉ရက်နေ့မနက်က ကျွန်တော်ဟာ ဟစ်တလာရဲ့သွားစိုက်ဆရာဝန်ကို ရှာဖို့ထွက်ခဲ့ပါတယ်။ ပရော်ဖက်ဆာ ဘလက်ရှ်ကေးရဲ့ ဆေးခန်းကိုရောက်သွားတော့ ဒေါက်တာဘရုခ်ဆိုတဲ့ဆရာဝန်နဲ့ တွေ့ရပါတယ်။ ဒေါက်တာဘရုခ်ဟာ သူ့ရဲ့ဆရာဖြစ်တဲ့ ပရော်ဖက်ဆာ ဘလက်ရှ်ကေးကို ဆိုဗီယက်စစ်ဦးစီးဌာနချုပ်က အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့တွေ့ချင်တယ်ဆိုတာ သိရတော့ဒီအချိန်မှာ ပရော်ဖက်ဆာကြီးဟာ အိမ်မှာမရှိတဲ့အကြောင်း ကျွန်တော်တို့ကိုပြောပြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပရော်ဖက်ဆာ ဘလက်ရှ်ကေးရဲ့ လက်ထောက်ဖြစ်တဲ့ အမျိုးသမီးဆရာဝန် ကေသီဟူဆာမန်းကိုဘဲ တွေ့ခဲ့ကြရပါတယ်။"

"အဒေါ်ဖ်ဟစ်တလာရဲ့ သွားနဲ့ပတ်သက်တဲ့ ဆေးမှတ်တမ်းစာရွက်ဘယ်မှာရှိသလဲ"လို့ ကျွန်တော်က အဲဒီဆရာဝန်မကြီးကိုမေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့သူက "ဒီမှာပဲရှိပါတယ်၊ ဖိုင်တွဲထားပါတယ်"လို့ ပြောပြီး ချက်ခြင်းပဲ ဖိုင်တွေထည့်ထားတဲ့သေတ္တာထဲက ဆေးကဒ်ပြား တစ်ခုကို ဆွဲထုတ်ပေးပါတယ်။ ဒါနဲ့အဲဒီကဒ်ပြားကိုကြည့်လိုက်တော့ ဆေးစာမှတ်တမ်းအရ ဟစ်တလာရဲ့သွားတွေဟာ တော်တော်လေးချို့ယွင်း ပျက်စီးနေပြီး မကြာခဏဆရာဝန်နဲ့ ပြပြီးကုသခဲ့ရတဲ့အကြောင်း မှတ်တမ်း တင်ထားတာတွေ့ရပါတယ်'

'ကျွန်တော်တို့က ဟစ်တလာရဲ့ သွားတွေရိုက်ကူးထားတဲ့ ဓါတ်မှန်ဖလင်ကိုလဲကြည့်ချင်တဲ့အကြောင်းပြောပြပါတယ်။ အဲဒီဓါတ်မှန် တွေဘယ်မှာရှိမလဲလို့မေးကြည့်တော့ ဆရာဝန်မ ကေသီဟူဆာမန်းက အစိုးရဂေဟာမှာရှိတဲ့ ပရော်ဖက်ဆာ ဘလက်ရှ်ကေးရဲ့ ရုံးခန်းထဲမှာ ရှာရင်တွေ့ပါလိမ့်မယ်လို့ပြောပါတယ်'

'ဒါနဲ့ကျွန်တော်တို့လည်း အဲဒီဆေးတိုက်မှာ ကြာကြာအချိန် ဖြုန်းမနေတော့ဘဲ အစိုးရဂေဟာကို ကားနဲ့ချက်ခြင်းထွက်လာခဲ့ကြပါတယ်။ ကျွန်တော်တို့နဲ့အတူ ဆရာဝန်မကေသီဆူဟာမန်းကိုလဲ တစ်ပါတည်း ခေါ်လာခဲ့ကြပါတယ်။ အစိုးရဂေဟာကိုရောက်တော့ ပရော်ဖက်ဆာ ဘလက်ရှ်ကေးကို သူ့ရုံးခန်းထဲမှာပဲ တွေ့ကြရပါတယ်။ ကျွန်တော်တို့လဲ ပရော်ဖက်ဆာကိုအကျိုးအကြောင်းပြောပြပြီး ဆရာဝန်မကေသီဟူဆာမန်း ရဲ့ အကူအညီနဲ့ ရှာကြည့်ကြတော့ ကျွန်တော်တို့လိုချင်တဲ့ ဟစ်တလာရဲ့ သွားကိုရိုက်ကူးထားတဲ့ဓါတ်မှန်တွေကို တွေ့ရပါတယ်။ အဲဒီဓါတ်မှန်တွေ အပြင် ဟစ်တလာအတွက် သီးသန့်လုပ်ထားတဲ့ ရွှေသွားအတုတွေလဲ တွေ့ခဲ့ရပါတယ်'

'ကေသီဟူဆာမန်းရဲ့ ပြောပြချက်အရ ဒီရွှေသွားအတုနဲ့ သွားဆက်ဖို့လုပ်ထားတဲ့ ပစ္စည်းတွေဟာ ဟစ်တလာနဲ့ အီဗာဘရွန်းတို့ အတွက် ဖရစ်အက်ချ်မန်းဆိုတဲ့သွားစိုက် ဆရာတစ်ယောက်က အထူး သီးသန့်လုပ်ပေးခဲ့ရတယ်လို့သိရပါတယ်။ ဒါနဲ့ကျွန်တော်တို့လဲ ကေသီဟူ ဆာမန်းပေးတဲ့ လိပ်စာအတိုင်း အဲဒီသွားစိုက်ဆရာ အက်ချ်မန်းရဲ့အိမ်ကို လိုက်သွားကြတော့ သူ့ကိုအဆင်သင့်အိမ်မှာပဲ တွေ့ကြရပါတယ်။'





ဒီလိုနဲ့ ကျွန်တော်က ကျွန်တော်တို့လာရတဲ့ကိစ္စကို ပြောပြပြီး ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ဖို့ သူ့ကိုခေါ်ပါတယ်၊ သူကလဲ လိုလို လားလားနဲ့ပဲ ထလိုက်လာပါတယ်။

'အဲဒီနောက် ကေသီဟူဆာမန်းနဲ့ အက်ချ်မန်းတို့ကို တစ်ယောက် စီခွဲပြီး ကျွန်တော်ကိုယ်တိုင် စစ်ဆေးမေးမြန်းကြည့်ပါတယ်။ ကျွန်တော့ကို ဂျာမန်စကားတတ်တဲ့ ဗိုလ်မှူးဘိုင်စထရော့က စကားပြန်အဖြစ်နဲ့ ကူညီ ပါတယ်'

'ကျွန်တော်မေးတဲ့မေးခွန်းတွေနဲ့ပတ်သက်လို့ ကေသီဟူဆာမန်း နဲ့ အက်ချ်မန်းတို့နှစ်ယောက်စလုံးကပဲ ဟစ်တလာရဲ့သွားတွေအကြောင်း သူတို့မှတ်မိသမျှ သူတို့သိထားသမျှ အသေးစိပ်ပြောပြကြပါတယ်။ သူတို့ပြောပြချက်တွေဟာ ဟစ်တလာရဲ့သွားဘက်ဆိုင်ရာ ဆေးမှတ်တမ်း နဲ့ရော ဓါတ်မှန်မှာပါတဲ့ အချက်အလက်တွေနဲ့ပါ သွားဆက်ရာတွေ ဖာရာထေးရာတွေနဲ့ သွားထိပ်ပိုင်းတွေမှာ အားလုံးတစ်ခုမကျန် တူနေတာ တွေ့ရပါတယ်။'

'ဒါနဲ့နောက်ဆုံးကျတော့ ကျွန်တော်တို့ ခွဲစိပ်စစ်ဆေးခဲ့ကြတဲ့ ယောကျာ်း(ဟစ်တလာ)အလောင်းကရလာတဲ့ မေးရိုးခွံကိုပြပြီး မှတ်မိ သလားလို့မေးကြည့်ပါတယ်။ အဲဒီအခါကတော့ ကေသီဟူဆာမန်းကရော အက်ချ်မန်းကပါ ဒီမေးရိုးဟာ အဒေါ့ဖ်ဟစ်တလာရဲ့ မေးရိုးဖြစ်ကြောင်း ချက်ချင်းပဲ အခိုင်အမာပြောကြပါတယ်'

'အဲဒီနောက် ဒီနည်းအတိုင်းပဲ၊ အီဗာဘရွန်းရဲ့သွားနဲ့ ပတ်သတ် ပြီး သူတို့ကိုမေးကြည့်ပါတယ်။ ကျွန်တော်တို့ မေးသမျှကို သူတို့နှစ် ယောက်စလုံး စိတ်ပါလက်ပါနဲ့ အားပါးတရဖြေပြီးတဲ့နောက် ကျွန်တော်တို့ ခွဲစိပ်စစ်ဆေးလာခဲ့ကြတဲ့ အမျိုးသမီးအလောင်းရဲ့ ပါးစပ်ထဲကရလာတဲ့ ရွှေသွားအဆက်ကလေးကိုပြကြည့်ပါတယ်'

'ချက်ခြင်းဆိုသလိုပဲ ဖရစ်အက်ချ်မန်းနဲ့ ကေသီဟူဆာမန်းတို့ နှစ်ယောက်စလုံးက ဒီပစ္စည်းဟာ အီဗာဘရွန်းရဲ့ပစ္စည်းဖြစ်ကြောင်း မဆိုင်းမတွ ပြောလိုက်ကြပါတယ်။ အက်ချ်န်းက ဆိုလို့ရှိရင် ဒီရွှေသွား



www.burmeseclassic.com

www.burmeseclassic.com



အဆက်ကလေးဟာ သူကိုယ်တိုင် အိဗာဘရွန်းအတွက် သီးသန့် တီထွင်ပေးခဲ့ရပြီး၊ ယခုအချိန်အထိ ဒီလိုသွားဆက်တဲ့ နည်းမျိုးကိုဘယ်သူမှ မလုပ်ခဲ့ကြသေးဘူးလို့တောင် ပြောလိုက်ပါသေးတယ်။'

'အဲဒီနောက် ကျွန်တော်တို့ဆေးဘက်ဆိုင်ရာ ပါရဂူတွေ ထပ်ပြီး အစည်းအဝေးထိုင်ကြပြန်ပါတယ်။ အဲဒီမှာသွားနဲ့ပတ်သက်တဲ့ ဆေးစာမှတ်တမ်းတွေရော၊ ဓါတ်မှန်တွေရော မေလ၄ရက်နေ့က အစိုးရဂေဟာဝင်းထဲက ပန်းခြံထဲမှာ တွေ့ခဲ့ရတဲ့ ယောက်ကျားအလောင်းက မေးရိုးတွေကိုပါ အသေးစိပ် အပြန်ပြန်အလှန်လှန် စစ်ဆေးကြည့်ပြီးကြတဲ့နောက် ပါရဂူတွေအားလုံးကပဲ ဒီသွားတွေဟာ အဒေါ့ဖ်ဟစ်တလာရဲ့သွားတွေပဲဆိုတာ တညီတညွတ်တည်း အခိုင်အမာ သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါတယ်။

× × × × ×

ဤသို့ဖြင့် ဂျာမန်လုံခြုံရေးတပ်သား မင်ဂီဟောက်ဆင်၏ ညွှန်ပြချက်အရ ၁၉၄၅ခု၊ မေလ၄ရက်နေ့က ဘာလင်မြို့ အစိုးရဂေဟာဝင်းအတွင်းရှိ ပန်းခြံထဲမှာ တူးဖော်ရရှိခဲ့သော အလောင်းများမှာ နာဇီဂျာမနီ အာဏာရှင်ကြီး ဟစ်တလာနှင့်သူ့ဇနီး အိဗာဘရွန်းတို့၏ အလောင်းများဖြစ်ကြောင်း အငြင်းပွားစရာမလိုအောင် အထင်းသားပေါ်လွင်နေခဲ့ပြီဖြစ်သည်။

သို့သော် ဒေါက်တာရှကရာဗာစကီးခေါင်းဆောင်သော လူသေအလောင်းခွဲစိပ်လေ့လာရေးကော်မရှင်သည် ဤမျှဖြင့် မကျေနပ်သေးဘဲ မေလ ၁၀ရက်နေ့တွင် တဖန်ဟစ်တလာ၏သွားများကို အမြဲတမ်းကုသပေးခဲ့ရသည့် အထက်ပါဂျာမန်ဆရာဝန်မကြီး ဒေါက်တာကေသီဟူဆာမန်းအား ထပ်မံခေါ်ယူ၍ စစ်ဆေးမေးမြန်းခဲ့ပြန်သည်။

အောက်ပါတို့မှာ ထိုစဉ်က ဆိုဗီယက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ဗာစီလီအီဗန်နိုးဗစ်နှင့် ဒေါက်တာကေသီဟူဆာမန်းတို့ တွေ့ဆုံရာ၌ မေးမြန်းဖြေကြားခဲ့ကြသည့် အမေးအဖြေများပင်ဖြစ်သည်။

မေး ။ ။ ဒီသွားဆက်တွေဟာ ဟစ်တလာရဲ့ သွားဆက်တွေဖြစ်တဲ့အကြောင်း ခင်ဗျားသေချာပေါက် ပြောနိုင်ရဲ့လား?





ဖြေ ။ ။ ဟုတ်ကဲ့ သေချာပေါက်ပြောနိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သံသယဖြစ်စရာမရှိပါဘူး။

မေး ။ ။ ကျွန်တော်တို့ ခင်ဗျားကိုအပေါ်မေးရိုးနဲ့ အောက်မေးရိုးက သွားဆက်ရာတွေကို သွားတွေနဲ့အတူပြပြီးပါပြီ။ အဲဒီသွားတွေဟာ ဘယ်သူ့သွားတွေလဲဆိုတာ ခင်ဗျားသိရဲ့လား။

ဖြေ ။ ။ ဟုတ်ကဲ့ ကျွန်မသိပါတယ်။ ကျွန်မကိုပြခဲ့တဲ့ သွားတွေဟာ ဂျာမန်အဓိပတိ အဒေါ့ဖ်ဟစ်တလာရဲ့ သွားတွေပါပဲ၊ ဘာကြောင့်လဲဆိုတော့ အပေါ်မေးရိုးရဲ့ လက်ဝဲဘက်က စတုတ္ထသွားရဲ့ နောက်ဖက်မှာ ခြစ်ရာလေးတစ်ခုရှိပါတယ်။ အဲဒီခြစ်ရာကလေးဟာ ဆဋ္ဌမသွားကို နှုတ်တဲ့အချိန်တုန်းက ရွှေသွားအဆက်ကို သွားနှုတ်ကိရိယာနဲ့ ခြစ်မိသွားတဲ့အတွက် အရာထင်သွားခဲ့တာပါ။ အဲဒီဆဋ္ဌမသွားကို ဆောင်းဦးပေါက် အချိန်လောက်က ပရော်ဖက်ဆာ ဘလက်ရှ်ကေးကိုယ်တိုင် နှုတ်ပေးခဲ့ပြီး အဲဒီတုန်းကကျွန်မလည်း အကူအညီအဖြစ်နဲ့ ပါခဲ့ပါတယ်။ ကျွန်မကိုယ်တိုင် မှတ်မိသလောက် ဒီသွားဆက်ရာတွေနဲ့ပတ်သက်လို့ထင်ရှားတဲ့ အမှတ်အသားတွေ အားလုံးအရ ဒီသွားတွေဟာ ဟစ်တလာရဲ့ သွားတွေပဲဆိုတာ ကျွန်မပြောရဲပါတယ်။ ဒီအထဲက ချွင်းချက်အနေနဲ့တစ်ခုပဲရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ လက်ျာဘက်အောက်သွားတွေထဲက စတုတ္ထသွားပါပဲ၊ ကျွန်မနေနဲ့ အဲဒီသွားဟာ ကြွေသွားအတုပဲလို့ထင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုရှင်တို့ပြတဲ့ သွားကတော့ တကယ့်သွားအစစ်ဖြစ်နေပါတယ်။

မေး ။ ။ ခင်ဗျားကို ခုပြခဲ့တဲ့ သွားတွေဟာ အဒေါ့ဖ်ဟစ်တလာရဲ့ သွားတွေပါဆိုတာ ခင်ဗျားအခိုင်အမာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်ရဲ့လား . . . . ?

ဖြေ ။ ။ ဟုတ်ကဲ့ အခုကျွန်မကိုပြခဲ့တဲ့ သွားတွေဟာ အဒေါ့်ဖ်ဟစ်တလာရဲ့သွားတွေဆိုတာ ကျွန်မအခိုင်အမာ ပြောနိုင်ပါတယ်"

× × × × ×

ဤသို့ဖြင့် ဟစ်တလာအလောင်းကို ခွဲစိပ် လေ့လာရေး ကော်မရှင်၏ လုပ်ငန်းတာဝန်သည် ဤတွင်ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ဤကော်မရှင်၏ နောက်ဆုံးကောက်ချက်အရ မေလ၄ရက်နေ့က ဘာလင်မြို့ အစိုးရဂေဟာဝင်းအတွင်းရှိ ပန်းခြံထဲမှ တူးဖော်ရရှိခဲ့သည့် အလောင်းများသည် ဟစ်တလာ၏ အလောင်းနှင့်အီဗာဘရွန်းတို့၏ အလောင်းများဖြစ်ကြောင်း အခိုင်အမာတညီတညာတည်း သတ်မှတ် အတည်ပြုခဲ့ကြသည်။

နောက်ဆုံး၌ ကော်မရှင်၏အပြီးသတ် အစီရင်ခံစာသည် မော်စကိုမြို့တော်ရှိ ဆိုဗီယက် စစ်ဦးစီးဌာနချုပ်သို့ ရောက်ရှိသွားခဲ့သည်။ ၁၉၄၅ခုနှစ် မေလနောက်ဆုံးအပတ်တွင် ဆိုဗီယက်အစိုးရနှင့် ဆိုဗီယက် တပ်မတော် အမြင့်ဆုံး အာဏာပိုင်အဖွဲ့က ဟစ်တလာအလောင်းခွဲစိပ် လေ့လာခဲ့သည့် ကော်မရှင်၏ အစီရင်ခံစာကို နောက်ဆုံးအတည်ပြုချက် အဖြစ်လက်ခံခဲ့သည်။

ဤတွင်ကိစ္စအဝဝတို့သည် လုံးဝဥဿုံ အလုံးစုံပြီးစီးခဲ့ပြီဖြစ်ရာ ဘာလင်ရှိ ဆိုဗီယက်တပ်မတော်မှ တာဝန်ခံဗိုလ်ချုပ်ကြီးများသည် ဟစ်တလာနှင့် အီဗာဘရွန်းတို့၏ အလောင်းများကို လုံးဝပြာကျသည် အထိ မီးသင်္ဂြိုဟ်ကာ အပြီးအပိုင် ဖျောက်ဖျက်ပစ်ခဲ့ကြသည်ဟူ၍ ဘီဇီမင်းစကီးက ထုတ်ဖော်ရေးသားခဲ့သည်။

ဤသို့ဖြင့် ၎င်းအလောင်းကို ဘာတစ်ခုမှ အစအန မကျန်ရအောင် မီးရှို့ဖျက်ဆီးပစ်ကြ ဟူ၍ အလေးအနက်မှာကြားခဲ့သော ဟစ်တလာ၏ 'နောက်ဆုံးအမိန့်ကို သူ၏လက်အောက်ခံ ဗိုလ်ချုပ်ကြီးများနှင့် နောက်





လိုက် နောက်ပါတပည့်တပမ်းများက တာဝန်ကျေပြွန်စွာ မထမ်းဆောင်နိုင်ခဲ့ကြသော်လည်း ယင်းအမိန့်ကို ဆိုဗီယက်ရုရှားတို့က တိတိကျကျ လိုက်နာလုပ်ဆောင်ခဲ့ကြခြင်းဖြင့် ဟစ်တလာတည်းဟူသော ရုပ်ဆောင်နေသည့် အပုပ်ကောင်ကြီးသည် ဤကမ္ဘာမြေပေါ်မှ လုံးဝအပြီးအပိုင် ပျောက်ကွယ်သွားခဲ့ရပြီဖြစ်သည်။

သို့သော် ဟစ်တလာ၏သေ-မသေဟူသော ပြဿနာကို အရင်းအမြစ်မှစ၍ အခြေခံကာ အဖြေမှန်ကို ရှာဖွေဖော်ထုတ်လာခဲ့သော ဤစာအုပ်ကိုဖတ်ရှုလာခဲ့ကြသည့် စာဖတ်သူများအတွက် ဤအဆုံးသတ်နိဂုံးချုပ်တွင်မှ မရှင်းမရှင်းဖြင့် သို့လောသို့လော တွေးတောစရာ၊ စဉ်းစားစရာ၊ မေးမြန်းစရာ အချက်များကျန်ရှိနေလိမ့်ဦးမည်ကို သတိပြုမိသည်။

ယင်းသို့တွေးတောစရာ စဉ်းစားစရာ မေးမြန်းစရာ အချက်များမှာ အခြားမဟုတ်၊ ပထမအချက်အားဖြင့်ဟစ်တလာသည်သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ရာ၌ သေနတ်ဖြင့်ပစ်သတ်၍ သေဆုံးခဲ့သလော၊သို့မဟုတ် အဆိပ်သောက်၍သေဆုံးခဲ့သလောဟူသောအချက်ပင်ဖြစ်သည်။ ဒုတိယ အချက်မှာ ဤမျှလောက် အရေးကြီးသည့်ဟစ်တလာ အလောင်းကို တွေ့ရှိခဲ့ရခြင်းနှင့် ပတ်သက်၍ ဆိုဗီယက်အစိုးရနှင့်ဆိုဗီယက်တပ်မတော်မှ အာဏာပိုင်များသည်အဘယ့်ကြောင့်ရေငုံနှုတ်ပိတ်ကာဆိတ်ဆိတ်နေခဲ့ကြပါသနည်း။ ထို့မျှမက ဆိုဗီယက်ခေါင်းဆောင်ကြီးစတာလင်သည် ၁၉၄၅ခုနှစ် ဇူလိုင်လတွင် ပို့စ်ဒမ်ကွန်ဖရင့်၌ 'ဟစ်တလာမသေသေး' ဟူ၍ အဘယ့်ကြောင့် လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့ရပါသနည်း။

ဤအချက်အလက်များ ဤမေးခွန်းများနှင့်ပတ်သက်၍ဘီဇီမင်းစကီး၏စာအုပ်တွင်အောက်ပါအတိုင်းအဖြေထုတ်ထားသည်ကိုတွေ့ရသည်။

'၁၉၄၅ခုနှစ် မေလတွင် ဟစ်တလာ၊ အီဗာဘရွန်း၊ ဂိုးဘဲလ်၊ သူ့ ဇနီးနှင့် သူ့ကလေးများ သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ဆိုဗီယက် ဆေးပညာပါရဂူများသည် စေ့စေ့စပ်စပ် စစ်ဆေးလေ့လာပြီးခဲ့ကြပြီ ဖြစ်သည်။ ယင်းစစ်ဆေးတွေ့ရှိချက်များကို မော်စကိုသို့ အကြောင်းကြားခဲ့၏။ သို့သော် မော်စကိုမှ တစ်စုံတစ်ရာ ထုတ်ပြန်ကြေငြာခြင်းမပြုဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့လေသည်။ အဘယ်ကြောင့် ထိုသို့ကြေငြာချက် မထုတ်ဘဲ နေခဲ့ရပါသနည်း?

'ဤသည်မှာ ဆေးပညာ ပါရဂူများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် တစ်စုံတစ်ရာ သံသယရှိ၍ကားမဟုတ်ပေ၊ မေလကုန်လောက်တွင် ဆိုဗီယက် အစိုးရနှင့် ဆိုဗီယက်တပ်မတော်တို့၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့သို့ ဆေးပညာပါရဂူများ၏ အဆုံးအဖြတ်များကို ပေးပို့ခဲ့ရာ ယင်းအဖွဲ့က လက်ခံအတည်ပြုခဲ့လေသည်။ သို့ဖြင့် (ဟစ်တလာနှင့် အီဗာဘရွန်းတို့၏)အလောင်းများကို လုံးဝပြာကျသည်အထိ မီးသဂြိုဟ်ခဲ့ကြပြီးနောက် ပြာများကို လေထဲသို့ဖြန့်ကြဲပစ်ခဲ့ကြလေသည်။'

'စတာလင်သည် ဟစ်တလာ၏ ကံကြမ္မာနှင့် စပ်လျဉ်း၍ အတော်ပင်စိတ်ပါဝင်စားမှုရှိခဲ့သည်ဟူသော အချက်မှာ သံသယဖြစ်စရာမလိုပေ၊ × - သို့ဖြစ်လျှင် စတာလင်သည် ဟစ်တလာယခုကဲ့သို့ တရားဥပဒေ၏ အရေးယူအပြစ်ပေးခံရခြင်းမှ 'လွတ်မြောက်'* သွားသည်ဟူသော အချက်ကို သဘောမကျ မလိုလားနိုင်သောကြောင့် ဆေးပညာပါရဂူများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အယုံအကြည်မရှိလောက်အောင် ဖြစ်ခဲ့ပါသလော? ဤအချက်နှင့် စပ်လျဉ်း၍ အလောင်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်ခဲ့ကြသူများက သည့်ထက်သည်ပို၍ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဘွယ်ရာများရှိနေသည်ဟု ယူဆခဲ့ကြပေသည်။

ပထမအချက်အားဖြင့် အလောင်းများကို ခွဲစိပ်စစ်ဆေးရာမှ တွေ့ရှိချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာကို ယခုကဲ့သို့ ထုတ်ပြန်ကြေငြာခြင်းမပြုဘဲ 'တမင်ထိန်ချန်'ထားခဲ့ကြသည်မှာ တစ်စုံတစ်ယောက်က 'ခေါင်းဆောင်ကြီး ဟစ်တလာအား ဘုရားသခင်၏ အလိုတော်ကျ တံခိုးကြွပြီးပတ်ရှင်များက ထူးဆန်းစွာ ကယ်တင်သွားခဲ့သည်'ဟူ၍ ပြောကြား

* ဟစ်တလာသည် ဆိုဗီယက်တို့၏ ဖမ်းဆီး စစ်ဆေးခြင်း။နှင့် သေဒဏ်ပေးခြင်းကို မခံလိုသဖြင့် ကိုယ့်ကိုယ်ကို သတ်သေသွားခြင်းကို ဆိုလိုသည်။

စာရေးသူ





လာပါက အဖြစ်မှန်ကိုဖွင့်ချရန်ဖြစ်သည်ဟု သဘောရခဲ့ကြသည်။

ဒုတိယအချက်အားဖြင့်မူ တစ်စုံတစ်ရာ အမှားအယွင်းများနှင့် ဟာကွက်ပျော့ကွက်များ လုံးဝမပေါ်ပေါက်ရလေအောင် စုံစမ်းစစ်ဆေးရေးကို လိုအပ်ပါက ဆက်လက်ပြုလုပ်သွားနိုင်ရန်အတွက် ယခုကဲ့သို့ကြေငြာချက်ထုတ်ပြန်ခြင်းမပြုဘဲ ထားခဲ့သည်ဟုယူဆခဲ့ကြပေသည်။

× × × × ×

BURMESE CLASSIC .com

ဘီဇီမင်းစကီး၏စာအုပ်တွင် ဖော်ပြပါရှိသောအထက်ပါသုံးသပ်ချက်များအရ ရုရှားတို့သည် ဟစ်တလာ၏ အလောင်းကိုတွေ့ရှိစစ်ဆေးခဲ့ကြပြီး ဟစ်တလာအမှန်တကယ်သေဆုံးခဲ့ပြီကိုအခိုင်အမာသိထားပါလျက် ဤသတင်းကိုထုတ်ပြန်ကြေငြာခြင်းမပြုဘဲ'ချို'ထားခဲ့ကြသည်မှာဟစ်တလာနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြဿနာပေါ်လာပါက ဖွင့်ချနိုင်ရန် လက်ထဲတွင် 'ဖဲ'အဖြစ် ကိုင်ထားခဲ့ကြသည်ဟု ဆိုလိုသည်။

ဤသုံးသပ်ချက်သည် မည်မျှမှန်ကန်သည် မမှန်ကန်သည်ကို ကာယကံရှင် ဆိုဗီယက်ခေါင်းဆောင်များမှအပ မည်သူမျှ မသိနိုင်ကြပေ၊ တနည်းအားဖြင့် အရပ်စကားပြောရလျှင် ဤအကြောင်းကို 'ဘုရားသခင်သာလျှင် အမှန်အတိုင်း သိပေလိမ့်မည်' ဟူ၍ပင်တည်း။

တဖန်ဟစ်တလာသေဆုံးရပုံနှင့်ပတ်သက်၍သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်သတ်ခဲ့သလော သို့မဟုတ် အဆိပ်သောက်သေခဲ့သလော ဟူသော ပြဿနာပတ်သက်၍ ဘီဇီမင်းစကီးသည် သူ့စာအုပ်တွင် အောက်ပါအတိုင်းသုံးသပ်တင်ပြခဲ့သည်။

'ဟစ်တလာ သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ မဟုတ်အမှန်လုပ်ကြံသည့် ဒဏ္ဍာရီများမှာ နေရာအနှံ့ပြန့်နေခဲ့ပေသည်။'

'အကြီးမားဆုံးသော လိမ်လည်ချက်မှာ မေလ ၁ရက်နေ့က ထိုအချိန်တွင် ဂျာမန်ရိုက်ချ်နိုင်ငံတော်အတွင်း အသံလွှင့်နေကြဆဲဖြစ်သော အသံလွှင့်ဌာနမှ ထုတ်လွှင့်ကြေငြာချက်များပင်ဖြစ်ပေသည်။ ယင်းကြေငြာချက်တွင် 'ခေါင်းဆောင်ကြီး ဟစ်တလာသည် စစ်သားကောင်းတို့၏ သေခြင်းမျိုးဖြင့် အစိုးရဂေဟာအဆောက်အဦးရှိ သူ၏တပ်စခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသွားခဲ့သည်'ဟူ၍ ပါရှိခဲ့သည်။ (ထို့နေ့ ထိုရက်မှာပင် ညဥ္ဇ၁၀နာရီ ၂၀မိနစ်အချိန်တွင် ရိုက်ချ်နိုင်ငံတော်၏ သမ္မတ သစ်အဖြစ် ဒိုးနစ်သည် ဟမ်းဘာ့ဂ်ရေဒီယိုမှနေ၍ခေါင်းဆောင်ကြီးဟစ်တလာသည်'သူ့တပ်များ၏ တပ်ဦးတွင်'ခုခံတိုက်ခိုက်ရင်းကျဆုံးသွားခဲ့သည်ဟူ၍ကြေငြာခဲ့သေးသည်)

'သို့သော် ထိုလိမ်လည်ကြေငြာချက်ကို ယုံကြည်သူအလွန်နည်းပါးလှ၍ ဘာလင်ရှိ ဆိုဗီယက်တပ်သားများကမူ မည်သူတစ်ဦးတစ်ယောက်မှ ယုံကြည်ခြင်းမရှိခဲ့ကြပေ'

'ထို့နောက်တွင်မူ တဖြည်းဖြည်းဖြင့် ဟစ်တလာသည် သူ့ကိုယ်သူသေနတ်နှင့်ပစ်သတ်၍ အဆုံးစီရင်သွားခဲ့သည်ဟူ၍ ပြောလာကြလေသည်။ ဟစ်တလာသေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ဤပြောကြားချက်ကို မှတ်တမ်းအမျိုးမျိုးနှင့် မြောက်မြားလှစွာသော သမိုင်းဝင်ရေးသားချက်များတွင် တွေ့ခဲ့ကြရပေသည်။'

'ဤပြဿနာနှင့်စပ်လျဥ်း၍ ပထမဆုံးမေးခွန်းထုတ်ခဲ့သူမှာ ဂျာမန်သုတေသီတစ်ဦးဖြစ်သော အီးရစ်ကူဘီဆိုသူဖြစ်သည်။ '၁၉၄၅ခုနှစ်ကဘာလင်ရောတ်ရှရှားများဟူသောသူ၏စာအုပ် (၁၉၆၅ခုနှစ်ထုတ်) တွင် သူစုံစမ်း မေးမြန်း၍ ရရှိခဲ့သမျှ အချက်အလက်များကို အခြေခံကာရှုဒေါင့်အမျိုးမျိုးတို့မှ တင်ပြခဲ့လေသည်။'

'ထို့ပြင် ကူဘီသည် 'စပီးဂဲလ်'အမည်ရှိ ဂျာမနီမဂ္ဂဇင်းတွင်လည်း ဆောင်းပါးတစ်စောင် ရေးသား၍ ယင်းပြဿနာကိုတင်ပြခဲ့ရာသူ၏ တင်ပြချက်မှာ ပြဿနာ၏ အရင်းအမြစ်ကို အခြေခံကျကျ မျှမျှတတ ဖော်ထုတ်တင်ပြခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ သူက'ခေါင်းဆောင်ကြီး ဟစ်တလာ၏ နောက်လိုက်တပည့်တပမ်းများအတွက် သူတို့၏ ကိုးကွယ်ဆည်းကပ်ရာ တတိယနိုင်ငံတော်ကြီး၏ အရှင်သခင်ဖြစ်သော ဟစ်တလာသည် သတ္တိရှိရှိဖြင့် သူ့ကိုယ်သူသေနတ်ဖြင့်ပစ်ကာ အဆုံးစီရင်သွားခဲ့သည်ဟုဆိုမှသာလျှင် ကျေနပ်လက်ခံနိုင်ကြမည်ဖြစ်သည်'ဟု ရေးသားခဲ့လေသည်။ တဖန် သူကပင် ဆက်လက်၍'ဆိုဗီယက်တို့ဘက်မှနေ၍ ကြည့်လျှင်လည်း ဟစ်တလာသည် သတ္တိမရှိဘဲ သူရဲဘောနဲ့စွာဖြင့် အဆိပ်





သောက်၍ သူ့ကိုယ်သူအဆုံးစီရင်သွားခဲ့သည်ဟူ၍ ဆိုမှသာလျှင် သဘောကျ ကျေနပ်ကြမည်ဖြစ်ပေသည်။ ယင်းသို့အမှန်တရားကို ဖုံးကွယ်ရန်အတွက် နှစ်ဘက်စလုံးတွင် ခိုင်လုံလေးနက်သော အကြောင်းပြချက်များ အသီးသီးရှိနေကြသည်'ဟူ၍ ရေးသားခဲ့လေသည်။

'ကူဘီသည်အမှန်တရားကိုလိုလားဟန်ရှိသော်လည်းသူ တင်ပြချက်မှာ ယုတ္တိကင်းမဲ့နေပေသည်။ အကယ်၍ သူ၏တင်ပြချက်သာ မှန်ကန်မည်ဆိုပါက ဆိုဗီယက်တို့သည် ဟစ်တလာအဆိပ်သောက်၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားကြောင်းကို ကာလကြာမြင့်စွာကပင် ထုတ်ပြန်ကြေငြာခဲ့ကြမည်ဖြစ်ပေသည်။ ယခုသော်မူ ထိုသို့မလုပ်ခဲ့ကြပေ။ ထို့ပြင် တစ်စုံတစ်ခုသော အချိန်ကာလအထိ ဆိုဗီယက်စာနယ်ဇင်းများသည် ဟစ်တလာ သူ့ကိုယ်သူသေနတ်ဖြင့်ပစ်၍အဆုံးစီရင်သွားခဲ့ကြောင်း ဖော်ပြရေးသားခဲ့ကြသည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။xxx

'အခြားတစ်ဖက်မှနေ၍ ကြည့်လျှင်လည်း ကျွန်ုပ်တို့သည် 'အမှန်တရားကိုဖုံးကွယ်ထားခြင်း'ကို မည်သို့မှ မလိုလားခဲ့ပေ၊ အမှန်တရားကိုဖော်ထုတ်ရန်သာလိုလားခဲ့ကြပေသည်။

'သို့ဖြစ်ရာ ဟစ်တလာသည် အဆိပ်သောက်၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းကို မည်သို့သော အထောက်အထားဖြင့် အတည်ပြုပါမည်နည်း?'

'ပထမဆုံး အထောက်အထားမှာ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာမှတ်တမ်းပင်ဖြစ်၍ ဤအစီရင်ခံစာမှာ လုံးဝငြင်းချက်ထုတ်၍ မရအောင် တိကျမှန်ကန်လှ၏'

ဒုတိယအချက်အားဖြင့် ဤသည်မှာ လုပ်လေ့လုပ်ထရှိသည့် အစဉ်အလာတစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိကြရသောကြောင့်ဖြစ်၏။

'တတိယအချက်အားဖြင့် ကိုယ့်ကိုယ်ကို သတ်သေခဲ့သည့်အချိန်ကဖြစ်ပေါ်နေသော ပတ်ဝန်းကျင် အခြေအနေများကို ဆန်းစစ်ကြည့်ခြင်းအားဖြင့် ထင်ရှားနေသောကြောင့်ဖြစ်၏'

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာဘယ်ပုံဘယ်နည်း ကိုယ့်ကိုယ်ကို သတ်သေခဲ့ပုံများနှင့် ဟစ်တလာအမှန်တကယ် သေပြီဖြစ်ကြောင်း ဘာ့ကြောင့် ဆိုဗီယက်ရုရှားတို့က မကြေငြာဘဲ 'မြုံ'နေခဲ့သည်များကို ဘီဇီမင်းစကီးက သူ့စာအုပ်တွင် အထက်ပါအတိုင်း သုံးသပ်အဖြေပေးခဲ့သည်။

ဤတွင် သူ့အဖြေများသည် ယုတ္တိတန်ကောင်းမှတန်ပေမည်။ သဘာဝကျကောင်းမှကျပေမည်၊ ကမ္ဘာ့ပြည်သူများအတွက် လက်ခံနိုင်ကောင်းမှ လက်ခံနိုင်မည်ဖြစ်သည်။ သို့သော် ဟစ်တလာသည် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ရက်နေ့က သူ့ကိုယ်သူ သေနတ်နှင့်ပစ်၍ (သို့မဟုတ်) အဆိပ်သောက်၍ လူ့ဘဝကို အဆုံးစီရင်သွားခဲ့ပြီမှာ သေချာပြီဖြစ်သည်။

သို့ဖြစ်ရာ ယခုအခါ တစ်စုံတစ်ယောက်သောသူသည် 'ဟစ်တလာသေ-မသေ'ဟူသော ပြဿနာ၏တကယ့်အဖြေမှန်ကို ဇဝံကဲသိလိုပါက၊ ဘီဇီမင်းစကီး၏ စာအုပ်တွင် ဖော်ပြပါရှိခဲ့သည့် ဆိုဗီယက် မော်ကွန်းတိုက်မှ သမိုင်းဝင်အထောက်အထား စာရွက်စာတမ်းများ(ဝါ) ဟစ်တလာ၏ အလောင်းကိုခွဲစိပ်စစ်ဆေးခဲ့ကြသည့် ဆိုဗီယက်ဆေးပညာရှင် ပါရဂူကြီးများ၏ ဆေးစာမှတ်တမ်းများကို ဖတ်ရှုလေ့လာကြရန်သာရှိတော့သည်။ အဆိုပါ 'ဆေးစာမှတ်တမ်း' များတွင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အလောင်းများမှရရှိခဲ့သည့် သွားများကို အဓိကထား၍ အသေးစိပ်စစ်ဆေးခဲ့ကြခြင်းဖြင့် ထိုအလောင်းများသည် ဟစ်တလာနှင့်အီဗာဘရွန်းတို့၏အလောင်းများ ဖြစ်ကြောင်း ခိုင်လုံသေချာလှသည်ဟု ဆိုသည်။

မှန်သည်၊ ဤသွားများသည် စကားပြောသော'သွား'များ ပင်ဖြစ်သည်။

စကားပြောသောသွားများကြောင့်'ဟစ်တလာ သေ-မသေ' ပြဿနာသည် ဤတွင်နိဂုံးချုပ်ခဲ့ပြီဖြစ်သည်။

❄ ❄ ❄





## 'သေ - မသေ' ပြဿနာများ

BURMESE CLASSIC .com

စကားပြောသော သွားများကြောင့် 'ဟစ်တလာ သေ-မသေ' ပြဿာသည် ဤတွင်နိဂုံးချုပ်ခဲ့ပြီဖြစ်သည်။

ဤသို့နိဂုံးချုပ်ရာတွင်ပို၍ ပြီးပြည့်စုံစေရန် 'အနားသပ်' သည့်အနေဖြင့် ပုစ္ဆာလုပ်ကာ မေးခွန်းတစ်ခုထုတ်ရဦးမည်ဖြစ်သည်။ ယင်းမေးခွန်းမှာ အခြားမဟုတ်၊ 'ဟစ်တလာသေ-မသေ'ပြဿနာသည် အဘယ်ကြောင့် ဤမျှကြီးကျယ်စွာ ဂယက်ရိုက်ခဲ့ရသနည်း ဟူသော မေးခွန်းပုစ္ဆာပင်ဖြစ်သည်။

'နီရိုးဘုရင်ကြီး * နတ်ရွာစံ ကံတော်ကုန်ခဲ့သည်ကို လူအများမင်မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ကြ၏ သို့ပါလျက် ဘုရင်ကြီးနတ်ရွာစံပြီးနောက် တစ်နှစ်အတွင်းမှာပင် နီရိုးဘုရင်အတုများသည် ဟိုမှသည်မှ နေရာအနှံ့ အပြားတွင် ပေါ်ပေါက်လာခဲ့ရာ နီရိုးဘုရင်ကြီးသည် အမှန်တကယ် နတ်ရွာစံခဲ့သည်မဟုတ်ဘဲ သက်တော်ထင်ရှား ရှိနေသေးသည်ဟု ယုံသူများက ယုံခဲ့ကြပေသည်။'

---

* ရောမအင်ပါယာကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်ခဲ့သော နီရိုးဘုရင်ကြီး (အေဒီ ၅၄-၆၈)ကိုဆိုလိုသည်။ ။စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



'အလားတူပင် ကျွန်ုပ်တို့(ဗြိတိသျှ) ရာဇဝင်၌လည်း မင်းညီမင်းသား အမြောက်အများတို့သည် ရဲတိုက်ကြီးအတွင်း၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရ၏။ သို့ရာတွင် များမကြာမီ ထိုမင်းညီမင်းသားများသည် မသေဘဲ လွတ်မြောက်သွားခဲ့ကြသည်ဟူသောစကားများကို အလွယ်တကူပင် ကြားလာကြရပြန်ပေသည်။'

ဗြိတိသျှ သမိုင်းဆရာ ထရီဗာ-ရိုပါသည် 'ဟစ်တလာ၏ နောက်ဆုံး နေ့ရက်များ'စာအုပ်တွင် လူအများ၏ စိတ်ထဲ၌ 'ဟစ်တလာ မသေ'ဟူ၍ ဘာ့ကြောင့် အစွဲအလမ်းကြီးမားစွာ ဖြစ်ပေါ်ခဲ့ရသည်ကို အထက်ပါ ဥပမာများဖြင့် တင်စားကာ သုံးသပ်ပြခဲ့သည်။

မှန်သည်။ လူ့စိတ်သည် အင်မတန်ဆန်းကျယ်သည့်အရာဝတ္ထုဖြစ်သည်။ ဆန်းကျယ်သည့်စိတ်သည် ဆန်းကျယ်မှုကို စိတ်ဝင်စားတတ်သည့် သဘောရှိသည်။ ထူးခြားမှုကို နှစ်သက်တတ်သည့် သဘောရှိသည်။

ဟစ်တလာသည် ထူးခြားသည့်ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။ သာမညခြေသလုံးအိမ်တိုင်ဘဝ လမ်းပေါ်မှနေ၍ ဂျာမနီနိုင်ငံကြီး၏ အထွတ်အထိပ်သို့ ရောက်လာခဲ့သော သူ၏ဘဝသည် ထူးခြားလှသည်။ ထိုမှတဖန် ကြောက်စရာကောင်းလောက်အောင် ပြင်းထန်သည့် အမျိုးသားရေးစိတ်ဓာတ်ကြောင့် အိမ်နီးချင်းနိုင်ငံကလေးများနှင့်တကွ ဥရောပတစ်တိုက်လုံးကို ရက်ပိုင်းလပိုင်းအတွင်း ချီတက်သိမ်းပိုက်ခဲ့သည့် သူ၏ ကျူးကျော်မှုများမှာလည်း အံ့မခန်းထူးခြားလှသည်ဟု ဆိုရမည်ဖြစ်သည်။

ဤမျှထူးခြားသည့်အာဏာရှင်ကြီး ဟစ်တလာသည် နောက်ဆုံးအချိန်၌ စစ်ရှုံး၍ သူ့ကိုယ်သူ အဆုံးစီရင်သွားသည်ဟု ကြားသိရသောအခါ လူတိုင်းအဖို့ ဤအဖြစ်အပျက်သည် အဆန်းတကျယ် အံ့ဘွယ်ရာကောင်းနေခဲ့သည်။ ထိုမှတဖန် သူ့အလောင်းကို လုံးဝ အစအနရှာမရအောင်ဖြစ်ခဲ့သည်ဟု ဆိုပြန်သောအခါ ပို၍အဆန်းတကျယ် ဖြစ်လာခဲ့ရာမှ နောက်ဆုံး၌ ထူးခြားမှုနှင့် ဆန်းကျယ်မှုကို စိတ်ဝင်စားတတ်ကြသည့် လူအများ၏ စိတ်ထဲတွင် 'ဟစ်တလာမသေ'ဟူသော အယူအဆသည် အလိုအလျောက်ဝင်ရောက်လာကြတော့သည်။





ဗြိတိသျှသမိုင်းဆရာ ထရီဗာရိုပါ၏ ဥပမာများအရ လူအများ၏ မျက်စိအောက်တွင် နတ်ရွာစံသွားခဲ့သော နီရိုးဘုရင်ကြီးသည်လည်းကောင်း၊ လုပ်ကြံ သတ်ဖြတ်ခြင်းခံရသော ဗြိတိသျှမင်းညီမင်းသားများသည်လည်းကောင်း၊ အမှန် တကယ်အထင်အရှား သေဆုံးသွားခဲ့ပြီးဖြစ်ပါလျက်၊ ဤပုဂ္ဂိုလ် ထိုပုဂ္ဂိုလ် များသည် တကယ်မသေဘဲ အသက်ထင်ရှား ရှိနေသေးသည်ဟူ၍ ကောလဟာလသတင်းများ ပြန့်ပွားကာ ယုံသူများက အကြီးအကျယ် ယုံခဲ့ကြသည်။ သို့ဖြစ်ရာ မြေအောက်ပုန်းကျင်းထဲတွင် ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေသွားသည်ကို ဘယ်သူမှ အထင်အရှား မမြင်လိုက် ရရှိမှုမက၊ နောက်ဆုံး၌ အလောင်းပါ ရှာမတွေ့ဘဲဖြစ်ခဲ့ရသောအခါ 'ဟစ်တလာ မသေ'ဟူသော အယူအဆသည် တောမီးပမာ ပြန့်နှံ့သွား ခဲ့တော့သည်။

အကောင်းဘက်တွင်ဖြစ်စေ၊ အဆိုးဘက်တွင်ဖြစ်စေ၊ သာမန်လူများထက်ထူးခြား၍ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ ရုတ်တရက် (သွေးရိုးသားရိုးမဟုတ်ဘဲ) သေဆုံးသွားခဲ့ပါက အနည်းနှင့်အများ ကောလဟာလသတင်းများသည် ပြည်သူလူထုအတွင်း ပြန့်နှံ့သွားစမြဲပင်ဖြစ်သည်။

သို့ဖြစ်၍လည်း 'ရောမဘုရင်ကြီးနီရိုးမသေ'ဟူ၍လည်းကောင်း၊ အသတ်ခံရသော 'ဗြိတိသျှမင်းညီမင်းသားများမသေ'ဟူ၍လည်းကောင်း သတင်းစကား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စင်စစ် ဤအဖြစ်မျိုးသည်မဆန်း၊ ဤအဖြစ်မျိုးသည် နိုင်ငံအသီးသီးတွင် ရံဖန်ရံခါ မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုပင်ဖြစ်သည်။

အနီးစပ်ဆုံး ဥပမာပေးရလျှင် မြန်မာနိုင်ငံမှ သီပေါဘုရင်ကို အင်္ဂလိပ်တို့က အထင်အရှား ဖမ်းဆီးခေါ်ဆောင်သွားပါလျက် ထိုစဉ်က ပါတော်မူသွားသည်မှာ သီပေါအစစ်မဟုတ်ဘဲ သီပေါအတုဖြစ်သည်ဟူသော ကောလဟာလစကားမျိုးကဲ့သို့ဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ အကယ်၍ 'ဟစ်တလာ သေ-မသေ'ဟူသော ပြဿနာကို ရေးကြီးခွင်ကျယ်လုပ်ကာ စာတစ်အုပ်ပေတစ်အုပ် ရေးထုတ်ရလေသလောဟူ၍ အကြင်သူတစ်ဦးတစ်ယောက်က စာရေးသူအား ပြစ်တင်စကား ဆိုလာငြားအံ့၊ မြန်မာနိုင်ငံတွင် ဒဏ္ဍာရီယုံတမ်းစကား အဖြစ်လည်းကောင်း၊ သမိုင်းသုတေသနအဖြစ်လည်းကောင်း၊ အငြင်းပွားဖွယ် အချင်းများကာ တစ်ခါက ပေါ်ပေါက်ခဲ့ဖူးသော 'စကြာမင်း သေ-မသေ' 'ဦးပုည သေ-မသေ' ဟူသော ပြဿနာများနှင့်တကွ အခြားအခြားသော 'သေ-မသေ' ပြဿနာများနှင့် ဆက်စပ်နှိုင်းယှဉ်ကာ စာရေးသူအား ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်အပ်ပါသတည်း။

လင်းယုန်မောင်မောင်
၁၃-စက်တင်ဘာ၊ ၁၉၇၄

❉ ❉ ❉



BURMESE CLASSIC .com
www.burmeseclassic.com